ဘာသာရေးဝတ္ထုများ

မြောစရိယ ဦးစိုးမြင့်

J

ဘောင်ခြင်းရှစ်ပါး ဝတ္ထု
ဝိပါက်တော်-၁၂-ပါးဝတ္ထု
ငါးပါးသီလဝတ္ထု ပရိတ်ကြီး
ဝတ္ထုတို့ပါဝင်သည်

၁၃၂၃

ဗုဒ္ဓဘာသာဝင် သူတော်စင်များ

မှတ်သားဘွယ်, အတုယူဘွယ်, လိုက်နာကျင့်သုံးဘွယ်

ဘာသာရေးဝတ္ထုများ

* အောင်ခြင်းရှစ်ပါးဝတ္ထု
* ဂုဏ်တော်အကျိုးဝတ္ထု
* ငါးပါးသီလလွန်ကျူး၍ အပြစ်ရသောဝတ္ထုများ
* ငါးပါးသီလလုံခြုံ၍ အကျိုးရသောဝတ္ထုများ
* ဝိပါက်တော် ၁၂-ပါးဝတ္ထု
* ပရိတ်ကြီးဝတ္ထုတို့ ပါဝင်သည်။

ဓမ္မာစရိယ ဦးစိုးမြင့် ရေးသားပြုစုသည်

မူပိုင်ရှင်

(မောင်ညွှန့်ဝေ-မမြကြည်)

သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင်

အမှတ်၊ ၂-ရွှေတိုဂုံဘုရားဈေး၊ ရန်ကုန်မြို့။

သာသနာ-၂၅၂၁ ကောဇာ-၁၃၇၃-ခု၊

ပုံနှိပ်ခြင်း။

၁၉၇၇-ခု၊ သြဂုတ်လ

ပထမအကြိမ် အုပ်ရေ ၂၀၀၀

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ် (၉၇၉၉)

ပုံနှိပ်ထုတ်ဝေသူ။ ။ဒေါ်လှမြင့် (မြ-၀၂၀၉၀)ကာယသုခ ပုံနှိပ်တိုက်၊ အမှတ် ၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်၍။ ။ဒေါ်မြကြည် (မြ-၀၁၅၂၀) ခေတ်မီ တရားဒေသနာ စာပေ၊ အမှတ် ၆၇-ပိုက်လမ်း၊ ဗဟန်း ရန်ကုန်မြို့မှ ထုတ်ဝေသည်။ ။

အဖိုး ၁၂-ကျပ်။

နိဒါန်း

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မိမိတဦးတည်း နိဗ္ဗာန်ဆုကို ရအောင် ယူမည်ဆိုလျှင် ရနိုင်ခဲ့သော်လည်း လက်တော်သို့ ရောက်နေသော နိဗ္ဗာန်ဆုကို မယူသေးဘဲ ဘုရားဖြစ်ရန် ဆုပန်ခဲ့လေသည်၊ ယင်းသို့ ဘုရားဆု ပန်တောင်းမူခဲ့ခြင်း၏ ရည်ရွယ်ချက်ကား—

၁။ သံသရာရေယဉ်ကျောဌ် နစ်မြောနေသော သတ္တဝါတို့ကို သံသရာခရီးလမ်းမှ နိဗ္ဗာန်တည်း ဟူသော ကမ်းတဖက်သို့ လှမ်းတက်ကူးမြောက်စေလိုခြင်း။

၂။ သံယောဇဉ် အနှောင်အဖွဲ့တို့ဖြင့် နှောင်ဖွဲ့ခြင်း ခံရသော သတ္တဝါတို့ကို သံယောဇဉ် အနှောင်အဖွဲ့တို့မှ လွတ်မြောက်စေလိုခြင်း။

၃။ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားမြင်သိနိုင်သော သတ္တဝါတို့အား သစ္စာလေးအင်္ဂါကို ကုန်စင်အောင် သိမြင်စေလိုခြင်း—

ဟူသော သနားခြင်းကရုဏာတော်ဖြင့် ဘုရားဆုကို ပန်ဆင်တောင်းမူခဲ့ခြင်းဖြစ်ပေသည်။ ရှင်တော်မြတ်ဘုရားသည် မိမိရည်မှန်းချက်အတိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူလျက် သစ္စာလေးပါးမြတ်တရားတို့ကို ပိုင်းခြားထင်ထင်သိမြင်တော်

မူခဲ့လေသည်။ ယင်းသို့ သိမြင်တော်မူခဲ့သည့်အလျောက် လည်း နတ်,မာရ်နတ်,ဗြဟ္မာနှင့်တကွသော ဤလောကဌာန်း၊ ရဟန်း ပုဏ္ဏား မင်းများ လူများနှင့် တကွသော သတ္တဝါ အပေါင်းတို့ကိုရင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် အစ အလယ် အဆုံးကောင်းခြင်းသုံးပါး နှင့်ပြည့်စုံသော တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး တော်မူခဲ့လေသည်။

များပြားလှစွာ ဒေသနာ

ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရား ဖြစ်တော်မူသည်မှ စ၍ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ရှေဇာတ်တော် သိမ်းသည်အထိ ၄၅-ဝါ ကာလမျှ ထိုထိုအရပ်ဒေသတို့၌ ပုဂ္ဂိုလ် အသီးသီး တို့အား ဟောကြားဆုံးမတော်မူခဲ့သော ဒေသနာတို့ကား မရေမတွက်နိုင်အောင်များပြားလှပါသည်။ ၎င်းတို့ကား—

* မည်းညစ်သော အကုသိုလ်တရားတို့ကို မပြုလုပ်ရေး။
* ဖြူစင်သော ကောင်းမှုကုသိုလ်တို့ကိုပြုလုပ်ရေး။
* အလိုကြီးခြင်း,ဝန်တိုခြင်း,ငြူစူစောင်းမြောင်းခြင်း၊ မာန်ထောင်လွှားခြင်း, သူ့အသက်သတ်ခြင်းစသည် မှ ရှောင်ကြဉ်ရေး, ကိုယ်နှင့်ပမာနှိုင်း၍ သူတပါး အား သနားကြင်နာရေး, ကိုယ်ချင်း စာနာခြင်း, မေတ္တာပွားများခြင်း,ချမ်းသာသူတို့ကို တွေ့မြင်လျှင်

နိဒါန်း

မနာလိုဝန်တိုစိတ်မရှိဘဲ ဝမ်းမြောက်ခြင်း, ဆင်းရဲသူတို့ကို သနားညှာတာခြင်း, ကြီးသူတို့ကို ရိုသေလေးစားခြင်း, မိဘနှစ်ပါးအားကျွေးမွေးပြုစုခြင်း စသည်အားဖြင့် များပြားလှပါသည်။

ဗုဒ္ဓဘုရား ဟောကြား ညွှန်ပြသည့်အတိုင်း လိုက်နာကျင့်သုံးနေထိုင်သွားလျှင် လူ့လောက၌ အေးချမ်းသာယာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် မိမိတို့ အလိုရှိသော နိဗ္ဗာန်ချမ်းသာအထိ မုချရရှိနိုင်ပါသည်။ မြတ်စွာဘုရား ဟောကြားတော် မူချက်များသည် လူတော် လူကောင်းများဖြစ်ရန် ဆုံးမသွန်သင်ထားသော ဆုံးမသွန်သင်ချက်များသာ ဖြစ်သောကြောင့် များစွာလေးစားလိုက်နာ၍ ကျင့်ကြံထိုက်သောတရားတော်များ ဖြစ်ပါသည်။

မှတ်သားဘွယ်ရာ ဆုံးမစာ

ထိုတရားတော်များအနက်မှ အနည်းငယ်ကို ဖော်ပြရလျှင်—

“မိမိအား အမျက်ထွက်သူကို မိမိကအမျက်မထွက် စိတ်မဆိုးဘဲနေခြင်းဖြင့် အနိုင်ယူပါ။

မိမိအား ယုတ်မာစွာ နှိပ်စက်ပြုမူသူကို မိမိကမယုတ်မာဘဲ ကောင်းမွန်စွာပြုမူလျက် ပြန်လည်တုံ့ပြန်ခြင်းဖြင့် အနိုင်ယူပါ။

နိဒါန်း

မပေးရက်လို ဝန်တိုစေနဲ နှမြောနေသူအား မိမိကပေး ကမ်းခြင်းဖြင့် အနိုင်ယူပါ။

မဟုတ်မမှန် လိမ်ညာပြောဆိုနေသူအား မိမိကမှန်ကန်စွာ ပြောဆိုခြင်းဟူသော သစ္စာဖြင့် အနိုင်ယူပါ။ ဟူသော ဆုံးမညွှန်ကြားချက်သည်ဂုင်း။

မကောင်းမှုဟူသမျှကိုမပြုလုပ်ပါနှင့်၊ ကောင်းမှုဟူသမျှကို ပြုလုပ်ပါ၊ မိမိစိတ်ကို ဖြူစင်အောင်လုပ်ပါ။

ဟူသော ဘုရားရှင်၏ အဆုံးအမတော်များသည်ဂုင်း၊ အလွန်တရာကောင်းမွန်၍ လိုက်နာကျင့်သုံးလျှင် ဒိဋ္ဌဓမ္မ မျက်မှောက်အကျိုးများစွာ ရရှိနိုင်သော ဆုံးမချက်များ ဖြစ်ပါသည်။

မည်မျှအဖိုးထိုက်တန်သော ရတနာသိုက်ကြီးကို တွေ့ရှိ နေစေကာမူ မည်သို့ အသုံးချရမည်ကို မသိလျှင်ကား တန်ဘိုးများစွာထိုက်တန်သော ရတနာသိုက်ကြီးကို တွေ့ရ ခြင်းမှာ ဘာမျှအကျိုးဖြစ်ထွန်းမလာသကဲ့သို့ ထိုနည်းတူစွာ အဖိုးများစွာထိုက်တန်သော ဘုရားရှင်၏ ဆုံးမဟောကြား ချက် အမျိုးမျိုးတို့ ထင်ရှားရှိပါလျက် မိမိတို့ကိုယ်တိုင် မလိုက်နာ မကျင့်သုံးလျှင် ဘုရားသာသနာတော်နှင့် တွေ့ကြုံ ဆုံစည်းရခြင်းမှာ မိမိအတွက် ဘာမျှအကျိုးမရှိဖြစ်ပါတော့ မည်။ ဘုရားသာသနာတော်နှင့် တွေ့ကြုံဆုံစည်းဘို့ဆိုသည်မှာ လည်း အလွန်တရာခဲယဉ်းလှပါသည်။ ဟိုဘက်ကမ်း ဒီဘက်

နိဒါန်း

ကမ်းကို မမြင်ရသော ကျယ်လွန်းလှစွာ မြစ်ပင်လယ်ကြီး တခုဘွင် လိပ်ကန်း. တကောင်သည် ရောက်တတ်ရာရာသို့ သွားနေသည်။ ထိုပင်လယ်ကြီးဌ် မျောရှိနေသော အပေါက် နှစ်ပေါက်ရှိသည့် တပိုးတုံးကြီး တခုသည်လည်း ဟိုမျော သည်မျော, မျောနေပေသည်။ ရောက်တတ်ရာရာ သွားနေ သော လိပ်ကန်းသည်ဟိုမျော,သည်မျောမျောနေသော တံပိုး တုံးအပေါက်ဌ် ဆိုက်ဆိုက်မြိုက်မြိုက် ခေါ်းစွပ်မိသော် စွပ်မိ ရာ၏ ဘုရားသာသနာနှင့်ကြုံတွေ့ရန်ကား ထို့ထက်ပင် ခဲယဉ်း လှပါသည်။

ဤမျှ တွေ့ကြုံဆုံစည်းခဲ့သော ဘုရားသာသနာတော်ကြီး နှင့် တွေ့ကြုံရခိုက်တွင် မိမိတို့သည် ကံအားလျော်စွာ လူ့ အဖြစ်ကို ရရှိနေကြပေရာ ကောင်းသောအကျင့်အကြံများကို လေ့လာလိုက်စားဌ် မကောင်းသော အကျင့်အကြံများကို ဝေးစွာ ရှောင်ရှားကြမှ လူဖြစ်ရကျိုး နပ်ကြပါမည်။ ဗုဒ္ဓ ရှင်တော်ဘုရား၏ ဆုံးမသွန်သင်ချက်များကို လိုက်နာကျင့် သုံးလျှင် မိမိအတွက် လောကီကျိုး လောကုတ္တရာကျိုးများ ကို ရရှိခံစားရမည်မှာ မုချမသေ့ ဖြစ်ပါချေသည်။

တဖက်တလမ်း တာဝန်ထမ်းခဲ့

ယင်းသို့ စာရေးသူ၏ စေတနာမှာ ဗုဒ္ဓဘုရားရှင်၏ ဟော ကြားဆုံးမ သွန်သင်ချက် များကို လူငယ်လူရွယ်များ အထိ လေ့လာဖတ်ရှုနိုင်အောင် မိမိတတ်စွမ်း နိုင်သမျှ တာဝန်ထမ်း

နိဒါန်း

ဆောင်၍ ရေးသား ဖြန့်ဖြူးရန် စိတ်ဆန္ဒ ပြင်းပြခဲ့ပါသည်၊ သို့ဖြစ်သောကြောင့်—

၁။ အတုယူစရာ လိုက်နာ ကျင့်သုံးစရာ ကြည်ညိုစရာ ကောင်းသော အောင်ခြင်း ရှစ်ပါး ဆိုင်ရာ ဗုဒ္ဓ၏ ဖြစ်စဉ်များ။

၂။ မိမိက သူတပါး၏ အပေါ်စီးကနေ၍ အနိုင်ရခိုက်ဌ အနိုင်ကျင့် နှိပ်စက်ပြုမူခဲ့လျှင် တနေ့တွင် မိမိအား ဘန်ပြန်၍ မကောင်းကျိုး ခံရခြင်းဝဋ်လိုက်ခံရခြင်း တို့ကို ပြဆိုထားသော ဇာတ်တော် ၁၂-ပါး(ဝိပါက်တော် ၁၂-ပါး) ဆိုင်ရာဝတ္ထုများ။

၃။ သူတပါးအသက်သတ်ခြင်း စသည်တို့၏ အပြစ်များ နှင့် သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်လျှင် ရရှိမည့် အကျိုးများဆိုင်ရာ ငါးပါးသီလ အကျိုး အပြစ် ဝတ္ထုများ။

၄။ အများသုံးစွဲ ရွတ်ဖတ်နေသော ပရိတ်တော် ၁၁-သုတ်၏ အကြောင်းရင်း ဝတ္ထုများ။

ယင်းတို့ကို စုဆောင်ရှာဖွေ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များနှင့် လူငယ်လူရွယ် များအတွက် ရည်ရွယ်ကာ ရေးသားခြင်း ဖြစ်ပါသည်၊ မြတ်စွာဘုရား၏ ဒေသနာတော် အများအပြားမှ အရေးကြီး၍ အခြေခံကျသော

နိဒါန်း

လိုက်နာကြင့်သုံးဖွယ် အချက်များကို ဤကျမ်းစာ၌ ဖေါ်ပြ ထားပေရာ ဖတ်ရှုလေ့လာသူတို့သည် အတုယူသင့်သည်တို့ကို အတုယူလျက် ရှောင်ရှားသင့်သည်တို့ကို ရှောင်ရှားကြပြီး လျှင် လူတော်လူကောင်းများ ဖြစ်လာလိမ့်မည်ဟု မျှော်စွာ မြော်လင့်မိပါသည်။

ဖတ်ရှုလိုက်နာ ပြည်သာယာ

ဗုဒ္ဓဘာသာဝင် သူတော်စင်မိဘများသည် ကျမ်းစာပါ ဝတ္ထုများကို ဖတ်ရှုလေ့လာ၍ မိမိတို့၏ ရင်သွေးရင်နှစ် သားချစ် သမီးချစ်တို့အား ပြောဆိုဆုံးမ လိုက်နာစေလျက် သားသမီးတို့အားလည်း ကိုယ်တိုင်ဖတ်ရှု လေ့လာ လိုက်နာ စေကြလျှင် လိမ္မာယဉ်ကျေးသော တကယ့် ဗုဒ္ဓဘာသာ သားကောင်း သမီးကောင်းများ ဖြစ်လာမည်မှာ မလွဲပါ။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ဗုဒ္ဓ၏ ဆုံးမဟောကြားချက်များကို တတ်နိုင်သမျှ လေ့လာ မှတ်သား ကျင့်ကြံပွါးများ အားထုတ်နိုင်ကြပါစေဟု ထိုက်တန်း နှိုးဆော် လိုက်ပါသည်။ ။

ဦးစိုးမြင့်
အမှတ် ၇၄۷၊ လမ်း ၂၀၊
၄-ရပ်ကွက်၊ တောင်ဥက္ကလာပ၊
ရန်ကုန်တိုင်း။

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	အောင်ခြင်းရှစ်ပါး	
၁။	အောင်ခြင်းရှစ်ပါး ပါဠိ	၁
၂။	အောင်ခြင်းရှစ်ပါး အနက်	၃
၃။	အောင်ခြင်းရှစ်ပါး မြန်မာပြန်	၈
၄။	အောင်ခြင်းရှစ်ပါး ရှစ်လုံးဘွဲ့ ကဗျာမျှား	၁၁
၅။	အောင်ခြင်းရှစ်ပါး သီချင်း (အဆိုတော်-မေရှင်)	၁၃
၆။	အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး	၁၆
	အောင်ခြင်းရှစ်ပါး ဝတ္ထုများ	
၁။	မာရ်နတ်သားကို အောင်တော် မူခြင်းဝတ္ထု	၁၇
၂။	အာဠဝကဘီလူးကို အောင်တော်မူခြင်း ဝတ္ထု	၃၄
၃။	နာဠာဂိရိဆင်ကို ဆုံးမအောင်မြင်တော်မူခြင်း ဝတ္ထု	၅၃
၄။	စိဉ္စမာန မိန်းမယုတ်ကို အောင်တော်မူခြင်း ဝတ္ထု	၆၁

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၅။	အဂုံလိမာလ ခိုးသူကြီးကို အောင်မြင်တော်မူခြင်း ဝတ္ထု	၇၀
၆။	သစ္စက ပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း ဝတ္ထု	၉၀
၇။	ရှင်မောဂ္ဂလ္လာန်အား နည်းညွှန်ပေး၍ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမအောင်မြင်တော်မူခြင်း ဝတ္ထု	၁၀၆
၈။	ဗကဗြဟ္မာကို အောင်မြင်တော်မူခြင်း ဝတ္ထု	၁၁၂
	ဂုဏ်တော်အကျိုး ဝတ္ထုများ	
၁။	ဘုရား,တရား,သံဃာ ဂုဏ်တော်ကို ရွတ်ဆိုသဖြင့် အသက်မသေဘဲ ရွှေပန်းခိုင်ရသော အလမ္ပယ်သမားဝတ္ထု	၁၂၀
၂။	ရတနာသုံးပါးကို အောက်မေ့ဆင်ခြင်သဖြင့် ရေအယဉ်တွင် မြေပြင်ကဲ့သို့ သွားနိုင်သော ကပ္ပိန္နမင်းကြီးနှင့် အနော်ဇာမိဖုရားဝတ္ထု	၁၂၁
၃။	ငါးပါးသီလကို လုံခြုံသောကြောင့် ပတ္တမြားတို့ကိုရသော သုဇာတာဝတ္ထု	၁၂၅
	ငါးပါးသီလလွန်ကျူး၍ အပြစ်ရသော ဝတ္ထုများ	
၁။	သူ့အသက်သတ်သောကြောင့် ဆင်းရဲဒုက္ခ ရောက်ရသော ဝက်သတ်သမားစုန္ဒဝတ္ထု	၁၂၆

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၂။	သူ့အသက်သတ်၍ အသက်မွေးသော နွားသတသမားဝတ္ထု	၁၃၀
၃။	သူတပါးအသက်ကိုသတ်သဖြင့် အနာရောဂါ ထူပြောလှသော ပုတိဂတ္တတိဿ မထေရ်ဝတ္ထု	၁၃၄
၄။	သူတပါးဥစ္စာပစ္စည်းကို ခိုးသဖြင့် ဖမ်းဆီး တုတ်နှောင် ရိုက်နှက်ပုတ်ခတ်ခြင်းကို ခံရသော မဟာဓနသူဌေးသားဝတ္ထု	၁၃၉
၅။	သူတပါးအဝတ်ကို ခိုးယူမိသဖြင့်နတ်သမီး ဘဝမှာပင် အဂတ်မပါသော နတ်သမီး ဖြစ်ရသည့် ခလွှာတိယနတ်သမီးအကြောင်း	၁၄၇
၆။	သူတပါး ဥစ္စာကို ခိုးယူသဖြင့် ကားစင်တင် ခံရသော ကုန်သည်တဦး ဝတ္ထု	၁၅၄
၇။	သူတပါးသားမယားကို ပြစ်မှားကျူးလွန် မိသောကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးသို့ ရောက်ရသော ပဒုမမင်းသားဝတ္ထု	၁၆၅
၈။	သူတပါးမယားကို ပြစ်မှားခြင်းကြောင့် ဝေးစေ့အထုတ်ခံရသော ဣသိဒါသီဝတ္ထု	၁၇၃

မာတိကာ

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၉။ သူတပါးသားမယားကိုပြစ်မှားမိခဲ့၍ဆင်းရဲ
ဒုက္ခအမျိုးမျိုးတွေ့ကြုံခဲ့ရသော ရှင်အာနန္ဒာ
ဝတ္ထု ၁၇၈

၁၀။ · မဟုတ်မမှန် မုသားစကားဆိုသောကြောင့်
မြေမျိုခံရသော စေတိယမင်းဝတ္ထု ၁၈၁

၁၁။ အရက်သောက်၍ သေကြေပျက်စီးရသော
သုရာမုဆိုးနှင့် ဝရုဏ ရှင်ရသေ့ ဝတ္ထု ၁၈၆

၁၂။ အရက်သောက်သဖြင့် ဆင်းရဲသော
သူဌေးသား ဝတ္ထု ၁၈၈

၁၃။ အရက်မူးသဖြင့် သားကိုသတ်စားသော
ဗြဟ္မဒတ်မင်း ဝတ္ထု ၁၉၁

ငါးပါးသီလလုံခြုံ၍ အကျိုးရသော ဝတ္ထုများ

၁။ သူတပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့
သဖြင့် အသက်တရာ့နှစ်ဆယ် နေရသော
အာယုဝဍ္ဎန သတ္တိသား ဝတ္ထု ၁၉၃

၂။ သူတပါးဥစ္စာ ခိုးယူခြင်းမှ ကြဉ်ရှောင်ခဲ့ဘူး
သဖြင့် ပစ္စည်းဥစ္စာကို ရန်သူတို့ မဖျက်ဆီး
နိုင်သော သူကြွယ် ဝတ္ထု ၁၉၅

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၃။	မိမိလင်ယောကျ်ားမှတပါး အခြား ယောကျ်ားတို့၌ စိတ်ဖြင့်မျှ မပြစ်မှားသော ဘဒ္ဒါသူကြွယ်သမီး ဝတ္ထု	၂၀၀
၄။	မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်ဘူး၍ ခံတွင်းမှ ကြာညိုနံ့ မွှေးပြန့်သော မထေရ် ဝတ္ထု	၂၀၄
၅။	အရက်သေစာ သောက်ခြင်းမှ ကြဉ်ရှောင်ခဲ့ သောကြောင့် အခြံအရံ အကျော်အစောတို့ကို ရရှိသောယောသကဝတ္ထု	၂၀၇

ဝိပါက်တော် ၁၂-ပါး ဝတ္ထုများ

၁။	ပထမ ဝိပါက်တော်	၂၁၇
	ပထမဝိပါက်တော်ဝတ္ထု	၂၁၈
၂။	ဒုတိယ ဝိပါက်တော်	၂၂၀
	ဒုတိယ ဝိပါက်တော်ဝတ္ထု	၂၂၁
၃။	တတိယ ဝိပါက်တော်	၂၂၅
	တတိယ ဝိပါက်တော်ဝတ္ထု	၂၂၆
၄။	စတုတ္ထဝိပါက်တော်	၂၂၈
	စတုတ္ထဝိပါက်တော်ဝတ္ထု	၂၂၉

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၅။	ပဠုမဝိပါက်တော်	....	၂၃၃
	ပဠုမဝိပါက်တော်ဝတ္ထု	....	၂၃၄
၆။	ဆဋ္ဌမဝိပါက်တော်	....	၂၃၉
	ဆဋ္ဌမဝိပါက်တော်ဝတ္ထု	....	၂၄၀
၇။	သတ္တမဝိပါက်တော်	....	၂၄၁
	သတ္တမဝိပါက်တော်ဝတ္ထု	....	၂၄၂
၈။	အဋ္ဌမဝိပါက်တော်	....	၂၄၅
	အဋ္ဌမဝိပါက်တော်ဝတ္ထု	....	၂၄၆
၉။	နဝမဝိပါက်တော်	....	၂၄၇
	နဝမဝိပါက်တော်ဝတ္ထု	....	၂၄၈
၁၀။	ဒသမဝိပါက်တော်	....	၂၄၈
	ဒသမဝိပါက်တော်ဝတ္ထု	....	၂၄၉
၁၁။	ကောဒသမဝိပါက်တော်	....	၂၅၂
	ကောဒသမဝိပါက်တော်ဝတ္ထု	....	၂၅၃
၁၂။	ဒ္ဒါဒသမဝိပါက်တော်	....	၂၅၅
	ဒ္ဒါဒသမဝိပါက်တော်ဝတ္ထု	....	၂၅၆
၁၃။	အချုပ်အားဖြင့်ပြဆိုချက်	....	၂၅၈
၁၄။	တိုက်တွန်းချက်	....	၂၅၉
၁၅။	ဝိပါက်တော် ၁၂-ပါးအကျဉ်းချုပ်	....	၂၆၀

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ

ပရိတ်ကြီးဝတ္ထုများ

၁။	မင်္ဂလသုတ်ဝတ္ထု	၂၆၃
၂။	ရတနသုတ်ဝတ္ထု	၂၇၂
၃။	မေတ္တသုတ်ဝတ္ထု	၂၈၉
	မေတ္တာပဋ္ဌားများသူများအား နတ်တို့ချစ်ခင်ကြောင်း ဝိသာခဝတ္ထု	၂၉၈
၄။	ခန္ဓသုတ်ဝတ္ထု	၃၁၉
၅။	မောရသုတ်ဝတ္ထု	၃၂၁
၆။	ဝဋ္ဋသုတ်ဝတ္ထု	၃၂၉
၇။	ဓဇဂ္ဂသုတ်ဝတ္ထု	၃၃၆
၈။	အာဋာနာဋိယသုတ်ဝတ္ထု	၃၄၁
၉။	အင်္ဂုလိမာလသုတ်ဝတ္ထု	၃၄၄
၁၀။	ဗောဇ္ဈင်္ဂသုတ်ဝတ္ထု	၃၅၇
၁၁။	ပုဗ္ဗဏှသုတ်ဝတ္ထု	၃၅၉

မာတိကာ ပြီး၏။

အောင်ခြင်းရှစ်ပါး

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အောင်ခြင်းရှစ်ပါး ပါဠိ

၁။ ဗာဟုံသဟဿ မဘိနိမ္မိတ သာစုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရံ သသေန မာရံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၂။ မာရာ တဲရေက မဘိယုဇ္ဈိတာ သဗ္ဗ ရတ္တိံ၊
ဃောရံ ပနာဠဝက မက္ခမ ထဒ္ဓ ယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

ဘာသာရေးဝတ္ထုများ

၃။ နာဋ္ဌာဂိရံ ဂဇဝရံ အတိမဒ္ဒဘူတံ၊
ဒါယဂ္ဂိ စက္က မသနီဝ သုဒါရုဒန္တံ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မဘိဟတ္တ သုဒါရုဏန္တံ။
ဓာဝံ တိယောဇန ပထင်္ဂုလိမာလ ဝန္တံ။
ဣဒ္ဓိ ဘိသခ်တ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၅။ ကတ္ဒာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနိယံ၊
စိဉ္ဇာယ ဒုဋ္ဌ ဝစနံ ဇန ကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါ ဘိရောပိတ မနံ အတိအန္ဓဘူတံ။
ပညာ ပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၇။ နန္ဒောပနန္ဒ ဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊
ပုတ္တေန ထေရ ဘုဇဂေန ဓုနာပယန္တော။
ဣဒ္ဓူပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

၇။ ဒုဂ္ဂါဟ ဒိဋ္ဌိ သုဇဂေန သုဒဋ္ဌ ဟတ္တံ၊
ဗြဟ္မံ သုတံ ဇုတိ မဟိဒ္ဓိံ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလဂ္ဂံ။

အောင်ခြင်းရှစ်ပါးအနက်

၁။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရာ၊သည်။ ဂိရိ-မေခလံ၊ ဂိရိမေခလာ အမည်ရှိသော ဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတ သာဝုဓန္တံ၊ အလွန်ဖန်ဆင်းအပ်သော လက်နက်နှင့်တကွဖြစ်သော။ ဗာဟုံသဟဿံ၊ တထောင်သော လက်ရုံးရှိထသော။ ဃောရံ၊ ကြမ်းတမ်းစွာထသော။ သသေနမာရံ၊ စစ်သည်နှင့်တကွသော မာရ်နတ်သားကို။ ဒါနာဒိဓမ္မဝိဓိနာ၊ ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒော၊အကြင်မြတ်စွာဘုရားသည်။မာရာတိရေကံ၊ မာရ်နတ်သားထက်အလွန်။ သဗ္ဗရတ္တိံ၊ ညဉ့်သုံးယံ

ပတ်လုံး။ အဘိယုဇ္ဈိတံ၊ အလွန်စစ်ထိုးနိုင်ထသော။ ဃောရံ၊ ကြောက်မက်ဘွယ်ရှိထသော။ အကွမံ၊ သူတပါးတို့သည် သည်းခံနိုင်ခဲထသော။ ထဒ္ဓံ၊ ကြမ်းတမ်းခက်မာစွာထသော။ အာဋ္ဌဝကံ၊ အာဋ္ဌဝက အမည်ရှိသော။ ယက္ခံပန၊ ဘီလူးကို ကား။ ခန္တီသုဒန္တဝိဓိနာ၊ သည်းခံတော်မူခြင်း, ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်း တည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ အာဋ္ဌဝက ဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုး တော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယ မင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေ သတည်း။

၃။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဒါယဂ္ဂိ စက္ကမသ့နီဝ၊ တောမီး, မိုးကြိုးစက်ကဲ့သို့။ သုဒါရုဒန္တံ၊ အလွန်ကြမ်းကြုတ်စွာထသော။ အတိမဒ္ဒဘူတံ၊ အလွန်မုန် ယစ်စွာထသော။ နာဋ္ဌာဂိရိံ၊ နာဋ္ဌာဂိရိ အမည်ရှိသော။ ဂဇဝရံ၊ မြတ်သော မင်းစီးဆင်ကို။ မေတ္တမ္ဗုသေကဝိဓိနာ၊ မေတ္ထာတော်ရေကို သွန်းခြင်းတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ နာဋ္ဌာဂိရိ ဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုး တော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊မြတ်သော။ ဇယ မင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဥက္ခိတ္ထ ခဂ္ဂ မဘိဟတ္ထသုဒါရုဏန္တံ၊ ခါအပ်သော သံလျက်လက်ဌ ရှိသည်ဖြစ်၍ အလွန်ကြမ်းကြုတ်စွာထသော။ တိယောဇနပထံ၊ သုံးယူဇနာရှိသော ခရီးကို။ ဓာဝံ၊ တဟုန်တည်းပြေး စွမ်းနိုင်ထသော။ အင်္ဂုလိမာလဝန္တံ၊ လက်ညိုးတည်းဟူသော ပန်းရှိသော ခိုးသူကို။ ဣဒ္ဓိဘိသင်္ခတမနော၊ တန်ခိုးတော်အားဖြင့် ဖန်ဆင်းအပ်သော နှလုံးတော် ရှိသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ အင်္ဂုလိမာလ အမည်ရှိသော ခိုးသူကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။အဂ္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၅။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ကဋ္ဌ၊ သစ်သားကို။ ဂမ္ဘီနိယံ၊ ကိုယ်ဝန်ဆောင်သော။ ဥဒရံဂ္ဂဝ၊ ဝမ်းကဲ့သို့။ ကတ္ဝာန၊ ပြုလတ်၍။ ဇနကာယယမဇ္ဈေ၊ တရားနာ ပရိသတ်ဖြစ်သော လူရဟန်းအပေါင်းတို့အလယ်ဌ။ စိဉ္စာယာ၊ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမည၏။ ဒုဋ္ဌဝစနံ၊ စွပ်စွဲသောအားဖြင့် ဖျက်ဆီးသော စကားကို။ သဇ္ဇေန၊ ငြိမ်သက်စွာသော။သောမဝိဓိနာ၊ ဖြူစင်စွာသောအစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ စိဉ္စမာဏ ဝိကာ အမည်ရှိသော မိန်းမည၏ စွပ်စွဲသော အားဖြင့်

ဖျက်ဆီးသော စကားကို၊ အောင်တော်မူသော ထိုမြတ်စွာ ဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၆။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ ဝိဟာယ၊ စွန့်၍။ အတိသစ္စကဝါဒကေ တုံ၊ မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော. ဝါဒတည်းဟူ သော မှန်ကင်းရှိထသော။ ဝါဒါဘိရောပိတမနံ၊ မိမိဝါဒဖြင့် သူတပါးတို့အား နှိမ်နင်းလိုသော စိတ်ရှိထသော။ အတိအန္ဓ ဘူတံ၊ အလွန် မိုက်လှစွာသော ကုဋ္ဌဒန္တာ အမည်ရှိသော သစ္စကပရိဗိုဇ်ကို။ ပညာပဒီပ ဇလိတော၊ ပညာတော်တည်း ဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်းတော် မူသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ ကုဋ္ဌဒန္တာ အမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၇။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဝိဝိဓံ၊ အထူးထူး အပြားပြား ရှိသော။ မဟိဒ္ဓိံ၊ ကြီးသောတန်ခိုး ရှိသော။ နန္ဒောပနန္ဒဘုဇကံ၊ နန္ဒောပနန္ဒ အမည်ရှိသော

နဂါးမင်းကို။ ထေရဘုဇဂေန၊ ကြီးမြတ်သောနဂါးမင်းဖြစ်တော်မူသော။ ပုတ္တေန၊ သားတော် အရှင်မောဂ္ဂလာန်ကို။ ဓုနာပယန္တော၊ အခိုးအလျံကို ထွက်စေလျက်။ ဣဒ္ဓူပဒေသ ဝိဓိနာ၊ တန်ခိုးတော် ဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေကို ပေးသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို အောင်တော် မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ မေ၊အကျွန်ုပ်အား။ အဂ္ဂံ၊မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၈။ ယောမုနိန္ဒော၊အကြင်မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒဝ္ဌဘုဇဂေန၊ မကောင်းသော အယူမစ္ဆာဒဝ္ဌတည်းဟူသော မြွေသည်။ သုဒဋ္ဌဟတ္ထံ၊ ပြင်းစွာကိုက်အပ်သော လက်ရှိထသော။ သုတံ၊ ကျော်စောစွာထသော။ ဇုတိမဟိဒ္ဓိ၊ဘောက်ပသော ကြီးသောတန်ခိုးရှိထသော။ ဗကာဘိဓာနံ၊ ဗက အမည်ရှိသော။ ဗြဟ္မံ၊ ဗြဟ္မာမင်းကို။ ဉာဏာဂဒေန၊ ဉာဏ်တော်တည်းဟူသော အဆိပ်ကိုဖျောက်တတ်သော ဆေးဟု ဆိုအပ်သော။ ဝိဓိနာ၊ အစီရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ ဗကအမည်ရှိသော ဗြဟ္မာမင်းကို အောင်တော် မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ မေ၊အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

အောင်ခြင်းရှစ်ပါး မြန်မာပြန်

၁။ ဂိုရိမေခလာဆင်ကို တက်စီးပြီး ဖန်ဆင်းထားသော လက်နက်များနှင့်တကွ လက်ရုံးတထောင်ရှိသော ကြမ်းတမ်းလှသည့် စစ်သည်ဗိုလ်ပါများနှင့်အတူ ချီတက်လာသော မာရ်နတ်သားကို ဒါန စသောအစီအရင်ဖြင့် မြတ်စွာဘုရားသည် အောင်မြင်တော်မူခဲ့လေပြီ။ မာရ်နတ်သားကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

၂။ မာရ်နဲတ်သားထက်ပိုမို၍ ညဉ့်သုံးယာမ်ပတ်လုံး စစ်ထိုးနိုင်သော ကြောက်မက်ဖွယ်ရှိ၍ သူတပါးတို့ သည်းမခံနိုင်လောက်အောင် ကြမ်းတမ်းသော အာဠဝကဘီလူးကို သည်းခံတော်မူခြင်း ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်းဟူသော အစီအရင်ဖြင့် မြတ်စွာဘုရားသည် အောင်တော်မူလေပြီ၊ အာဠဝကဘီလူးကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

၃။ တောမီးကဲ့သို့ရင်း၊ မိုးကြိုးစက်ကဲ့သို့ရင်း အလွန်ကြမ်းကြုတ်သော မုန်ယစ်နေသည့် နာဠဂိရိ အမည်ရှိသော မင်းစီးဆင်ကို မေတ္တာတော်ရေကို သွန်းလောင်းခြင်းဟူသော

အစီအရင်ဖြင့် မြတ်စွာဘုရားသည် အောင်မြင်တော်မူခဲ့လေပြီ၊ နာဌာဂိရိမည်သောဆင်ကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

၄။ သန်လျက်စွဲကိုင်ပြီး အလွန်ကြမ်းကြုတ်သော သုံးယူဇနာရှိသည့်ခရီးကို တဟုန်တည်း ပြေးစွမ်းနိုင်သော ဖြတ်ယူထားသော လက်ညှိုးများကို ပန်းကုံးသဖွယ် ပြုလုပ်ထားသော အင်္ဂုလိမာလ ခိုးသူကို တန်ခိုးတော်အားဖြင့် ဖန်ဆင်းထားသော စိတ်နှလုံးတော်ဖြင့် မြတ်စွာဘုရားသည် အောင်မြင်တော်မူခဲ့လေပြီ၊ အင်္ဂုလိမာလခိုးသူကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

၅။ သစ်သားကို ကိုယ်ဝန်ဆောင်သောဝမ်းဗိုက်ကဲ့သို့ပြု၍ တရားနာပရိသတ်ဖြစ်သော ရှင်လူရဟန်းတို့အလယ်၌ မြတ်စွာဘုရားအား စွပ်စွဲဖျက်ဆီးသော စိဉ္ဇမာန မိန်းမယုတ်၏စကားကို ငြိမ်သက်ဖြူစင်သော အစီအရင်ဖြင့် မြတ်စွာဘုရားသည် အောင်မြင်တော်မူခဲ့လေပြီ၊ စိဉ္ဇမာန မိန်းမယုတ်၏ စွပ်စွဲဖျက်ဆီးသော စကားကို အောင်မြင်တော်မူသည် မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

၆။ မှန်သောစကားကိုပယ်စွန့်၍ မမှန်သည်ကို မှန်သည်ဟု ယူဆသော ဝါဒကို လက်ကိုင်ထားပြီး မိမိဝါဒဖြင့် သူတပါးတို့အား နှိပ်နင်းလိုသော စိတ်ရှိသော ဝါဒအရာတွင် မာနတံခွန်ထူသော ကူဋဒန္တအမည်ရှိသည့် သစ္စကပရိဗိုဇ်ကို ပညာအရောင် ဆီမီးတန်ဆောင်ဖြင့် မြတ်စွာဘုရား သည် အောင်မြင်တော်မူခဲ့လေပြီ၊ ကူဋဒန္တ အမည်ရသော သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

၇။ အထူးထူးအပြားပြား ကြီးမားသော တန်ခိုးရှိသည့် နန္ဒောပနန္ဒ နဂါးမင်းကို ကြီးမြတ်သော နဂါးမင်းဖြစ်သည့် သားတော် ရှင်မောဂ္ဂလာန်ကို အခိုးအလျံကို ထွက်စေလျက် တန်ခိုးဖန်ဆင်းခြင်း နည်းဥပဒေကိုပေးသော အစီအရင်ဖြင့် မြတ်စွာဘုရားသည် အောင်မြင်တော်မူခဲ့လေပြီ၊ နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

၈။ မကောင်းသော မိစ္ဆာအယူတည်းဟူသော မြွေကိုက်အပ်သော လက်ရှိသည့် ကျော်စောထင်ရှား တန်ခိုးကြီးမားသော ဗကဗြဟ္မာကို ဉာဏ်တော်တည်းဟူသော အဆိပ်

ကို ဖျောက်တတ်သည့် ဆေးဟူသော အစီအရင်ဖြင့် မြတ်စွာဘုရားသည် အောင်မြင်တော်မူခဲ့လေပြီ၊ ဗကဗြဟ္မာမင်းကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ပါစေသတည်း။

အောင်ခြင်းရှစ်ပါး ရှစ်လုံးဘွဲ့ကဗျာများ

၁။ ဘုရားကိုလျက် မာန်မျက်ငြူစူ၊
ပလွင်ပေါ်မှ နှင်ချကြိမ်းဆူ၊
ဗိုလ်ပါကိုးလို့ စစ်ထိုးလာသူ၊
မာရ်နတ်သား ဘုရားအောင်တော်မူ။

၂။ အာဌာဝက ယက္ခဆိုသူ၊
ညဉ့်သုံးယံလုံး ရိုက်ချုန်းဝှန်းဆူ၊
လက်နက်အားကိုး ညစ်ဆိုးရန်မူ၊
မေတ္တာပွား ဘုရားအောင်တော်မူ။

၃။ နာဠာဂိရိ မည်ရှိခေါ်ယူ၊
တိုက်ဆင်ပြောင်ကြီး လောင်မီးအတူ၊
ဘုရားရှင်မြတ် ထိုးသတ်ဟန်ပြူ၊
မေတ္တာထား ဘုရားအောင်တော်မူ။

ဘာသာရေးဝတ္ထုများ

၄။ လူတွေ့ရာဖမ်း တောလမ်းမြိုင်ငူ၊
တထောင်လက်ညှိုး ဖြတ်ချိုးသယ်ယူ၊
ဘုရားကိုလျက် လက်ဖြတ်လိုသူ၊
အဂုလ် မုနိအောင်တော်မူ။

၅။ စိဉ္စမာဏ မိန်းမကျော့မူ၊
ကိုယ်ဝန်တုလုပ် သမုတ်လာသူ၊
သမာဓိဖြင့် သာညှိမိန့်ကြူ၊
နတ်လူကြား ဘုရားအောင်တော်မူ။

၆။ သစ္စကမိုက် ပရဗိုဇ်ညစ်ထူ၊
တထောင်ဝါဒ နှုတ်ကဆောင်သူ၊
ဘုရားကိုနှိပ် ကြိတ်အံ့လာသူ၊
ပြိုင်သော်ငြား ဘုရားအောင်တော်မူ။

၇။ မြင့်မိုရ်တောင်လုံး ပတ်ဖုံးခွေယူ၊
ကြောက်ဖွယ်ကြီးမား နဂါးရန်သူ၊
တပည့်ရင်းဖြင့် ဖိညှဉ်းကလူ၊
ထိုနဂါး ဘုရားအောင်တော်မူ။

၈။ ကောင်းကင်လုံးစိုး တန်ခိုးလူလူ၊
ဗြဟ္မာဗက နာမခေါ်ယူ၊
အယူလွဲမှိုး အမြဲထင်သူ၊
ဆုံးမကြား ဘုရားအောင်တော်မူ။

အောင်ခြင်းရှစ်ပါးသီချင်း
(အဆိုတော်မေရှင်)

ခြေဆင်း။ ။အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ စီးပွားဥစ္စာ အဟုတ်မကြာအောင်မှာ၊ ကျန်းမာချမ်းသာ ပါလို့ ဘေးရန်မဝိုင်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မှာ၊ ခုနစ်ရက်သားသမီးများနဲ့ နတ်လူပြဟ္မာ။

၁။ သက္ကရာဇ်ကောဇာ တရာ့သုံးခုမှာ လပြည့်နေ့ကဆုန် ရှေဘုန်းတော် ခြောက်ဖြာ တောက်ကာ မဟာ ဗေဒီ ညောင်ပင်အောက်မှာ ဘုရားအဖြစ် တရား အစစ်နဲ့ ရှေပလွင်ထက်မှာ စပါယ်ချိန်ခါ ပြောင်မာ တင် မေခလာ ဆင်ရတနာစီးလို့ မာရ်နတ်မင်းရယ် အားမာန် တင်းကာ ဝသဝတ္တီ နတ်ပြည်ကလာ စစ်ချီကာ ရန်တွေ့မှုလို့ ဘုရားကိုယှဉ်တဲ့ ပလွင်လှ ပြန်တာ သည်းခံပါ၍ အမျက်မထား ပါရမီဆယ် ပါးနဲ့ မာရ်နတ်ရန် နှိမ်နင်းပေရှာ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းပထမပါ။

၂။ အာဠဝီပြည်အနီး ညောင်ပင်ကြီးမှာ တဦးတည်း ဘီလူးကြီးအာဠာဝကစံရာ တနေ့သော် မြတ်စွာ ဘဂဝါ သူ့စံနန်း မြန်းတော်မူလာ ဘီလူးကြီး အာဠာဝက ယမ်းပုံမီးကျ တားမရ ဆီးမနိုင် ဒေါသ

လို့ပြောကာ ဘုရားကိုပြုပြီးဆိုင် မနှိုင်ငြား ရန်စွယ်များလဲ ကျုရရှာ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ဒုတိယပါ။

၃။ အခါတပါး မြတ်စွာဘုရား ရာဇဂြိုဟ် ပြည်လမ်းမှာ ဆွမ်းခံကြွလာခိုက် သတ်လိုက်မယ်တဲ့ ဒေဝဒတ် မိုက်ရယ် ကြံစည်ပြန်တာ နာဠာဂီရိ အမည်ရှိတဲ့ ဆင်ကို အရက်အမျိုးမျိုးတွေ အတင်းတိုက်လို့သာ ဘုရားမြတ်စွာကိုပင် အနင်းခိုင်းလိုက်တာ သို့ပါ သော်လဲ ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ မေတ္တာ ဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း တတိယပါ။

၄။ ရှေးသရောအခါ သာဝတ္ထိပြည်ဌာနမှာ လူဆိုးဗိုလ် အင်္ဂုလိမာလဟာ သန်လျက်ဓါးကို သူ့လက်ဖျားက မချပါ ၂)ခေါင်းပြကြီးလုပ်လို့ ဆိုးယုတ်ပုံမှာ လက်ညှိုး တွေ ဖြတ်လို့သာ ထိုအခါ ဘုရားကြွလာ မမှားရဘို့ တရားပြတော်မူရှာ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းစတုတ္ထပါ။

၅။ မြတ်တရားတော် မြှက်ရှာပါလို့ သိကြားဗြဟ္မာ များသတ္တဝါ ဗိုလ်ပုံပရိသတ်စုံတဲ့မင်္ဂလာပွဲမှာ စိဠုမာန မိန်းမယုတ်ဟာ သူ့ဗိုက်ကို ပျဉ်ချပ်ဖုံးကာ ရဟန်း ဂေါတမနဲ့ ကမ္မဋ္ဌာန်းဇောကျကာ ငိုကြွေးရှက်မှန်

ကိုယ်လေးလက်ဝန် ရှိတဲ့ပုံဟန်ဆောင်လို့ သူ့စပ်စဲ့ကာ အပြစ်တော်မယူဘဲ လူပုံထဲမှာ မေတ္တာခတ်နဲ့ ဗုဒ္ဓ မြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းပဋ္ဌမပါ။

၆။ သုံးလူ့ထွတ်ထား မြတ်ဘုရားဒေသနာ မှတ်သား ဘွယ် ဝေနေယျာ အနိစ္စရယ် ဒုက္ခရယ် အနတ္တ တရားကို မှားတယ်ဆိုရှု မကြည်ညိုပြန်တာ အယူလွဲ တဲ့ ငရဲမီစ္ဆာ သစ္စက ပရိဗိုဇ်မလိမ္မာ ဒေသနာတော် အနန္တကို မြတ်ဘုရားက နောင်မမှားအောင် သစ္စက ကို တရားပြရှာ မေတ္တာခတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင် နှင်းခဲ့ အောင်ခြင်းဆဋ္ဌမပါ။

၇။ ဇမ္ဗူကျွန်း မြင်းမိုရှေတောင်ခါးပန်းမှာ ကြမ်းတမ်း တဲ့ နတ်နဂါးပါ မှတ်သားလောက်စရာ နန္ဒောပနန္ဒ လျှပ်တပြက် အသက်ရာကုဋေ ချေခွင်း မြေမင်းရာဇာ မြတ်ဘုရားရဲ့သားတော် ရှင်မောဂ္ဂလာန် နှိမ်နင်းဘို့ လွှတ်လို့လာ စိတ်နှလုံးသိမ်မွေ့ကာ နဂါးကြီး ခေါင်းငုံက် ဦးစိုက်ပါလို့ခစားဘို့ရောက်လာ မေတ္တာ ခတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း သတ္တမပါ။

၈။ ဗြဟ္မာ့ဘုံမှာ တန်ခိုးဂုဏ်မာန်သတင်း နေဆယ်စင်း သို့ ပုံပမာ ဗကဗြဟ္မာကြီးဟာ အမှားကြီးမှားလို့ အယူသီးနေရှာ ငါသာမြဲတယ် စိတ်မှာစဲ့ကာ ဘုရား ကိုပင် ကန့်လန့်တိုက်လို့ မိုက်နေပုံကို ဆိုးနေပုံကို

ဘဂဝါဘုရားကသာ ဒေသနာတရားပြကာ အဲဒီတော့ ဗကဗြဟ္မာ မာန်စွယ်ချလို့ ရှိခိုးရတာ မေတ္တာ ဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း အဋ္ဌမပါ။

အောင်ခြင်းရှစ်ပါး ဘုရားရှိခိုး

မာရာ ဌာဝက နာဌာဂြိုံ၊ အဂ်ုလိုံ စိဉ္ဇ သစ္စကံ။ နာဂံ ဗကံ ဇယံ ပတ္တော၊ သော နော ဒေတု ဇယံ ဇိနော။

[နာဌာဂြိုံကို နာဌာဂိရိုံဟု ဖတ်ပါ]

မာရံ၊ မာရ်နတ်သားကိုဌင်း။ အာဌာဝကံ၊ အာဌာဝက ဘီလူးကိုဌင်း။ နာဌာဂြိုံ၊ နာဌာဂိရိဆင်ကိုဌင်း။ အဂ်ုလိုံ၊ အဂ်ုလိမာလ ခိုးသူကိုဌင်း။ စိဉ္ဇံ၊ စိဉ္ဇမာန နာမမည်ထုတ် မိန်းမယုတ်ကိုဌင်း။ သစ္စကံ၊ သစ္စကပရိဗိုဇ်ကိုဌင်း။ နာဂံ၊ နန္ဒောပနန္ဒ နာမတွင်လျှင်း နဂါးမင်းကိုဌင်း။ ဗကံ၊ ဗကမည်ပြီး နတ်ယူသီးကိုဌင်း။ ဇယံ၊ အောင်ခြင်းသို့။ ပတ္တော၊ ရောက်တော်မူလေပြီ။ သောဇိနော၊ ထိုမြတ်စွာ ဘုရားသည်။ နော၊ အကျွန်ုပ်တို့အား။ (ဝေါ၊ သင်တို့အား။ မေ၊ အကျွန်ုပ်အား။ လျော်သလိုဆိုပါ) ဇယံ၊ အောင်ခြင်းကို။ ဒေတု၊ ပေးတော်မူစေသတည်း။

(ဆီးပန်းနီဆရာတော်ရေး ကဝိမဏ္ဍမေဒနီကျမ်း ၂၀၃။)

အောင်ခြင်းရှစ်ပါးဝတ္ထုများ

၁။ မာရ်နတ်သားကို အောင်တော်မူခြင်းဝတ္ထု

မြတ်စွာဘုရား အလောင်းတော်သည် မဟာဗောဓိပင်ရင်း အပရာဇိတ ပလ္လင်တော်၌ သဗ္ဗညုတညာဏ်ကို ရယူရန် ထိုင်နေတော်မူသည်ရှိသော် သိကြားမင်းသည် ဝိဇယုတ္တရခရုသင်းကိုမှုတ်၍ ပူဇော်ရပ်တည်လာ၍။ ပဉ္စသိခနတ်သားသည် ဗေလုဝစောင်းကိုတီးလျက် ပူဇော်ရပ်တည် လာ၏။ သုယာမ နတ်မင်းသည် သားမြီးရပ်ကိုခပ်လျက်, သန္တုသိတ နတ်မင်းသည် ပတ္တမြားယပ်ဝန်းကိုခပ်လျက်, သဟမ္ပတိဗြဟ္မာမင်းသည် သုံးယူဇနာရှိသောထီးဖြူကိုဆောင်းမိုးလျက်ပူဇော်ရပ်တည်လာ၏။ ကာဠနဂါးမင်းသည် နဂါးမ ကခြေသည်ပေါင်း ရှစ်သောင်း ခြုံရုံလျက် ချီးကျူးထောမနာ ဂါထာရာပေါင်း မျှားစွာ ရွတ်ဆိုလျက် အလောင်းတော်မြတ်ကို ရှိခိုးပူဇော်ရပ်တည်လာ၏။ စကြဝဠာတိုက်တသောင်းရှိ နတ်ဗြဟ္မာအပေါင်းတို့သည် အလွန် မြေ့ကြိုင်သော ပန်းဆိုင်းနုံသာ,နုံသာမှုန့် အထုံအခိုး အမြေ့တိုင်စသည်တို့ဖြင့် ပူဇော်ကြကာ ကောင်းချီးမျှားစွာ ဖြစ်စေလျက် ပူဇော်ရပ်တည်လာကြကုန်၏။

ထိုအခါ ဝသဝတ္တီနတ်ပြည်သား မာရ်နတ်သည် မိမိ၏ နတ်စည်းစိမ်ကို စွန့်ပယ်ကာ အလောင်းတော်သူမြတ် ဒုက္ခရစရိယာ ကျင့်သုံးနေသည့် ခြောက်နှစ်ကြာ ကာလပတ်လုံး အလောင်းတော်နောက်မှ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါပြီးလျှင် အလောင်းတော် သူမြတ်၏ ကာမဝိတက် (ကာမအကြံအစည်) အစရှိသော မိစ္ဆာဝိတက် (မကောင်းသောအကြံအစည်)တို့ကို ကြံစည်သည့်စိတ် ဖြစ်ပေါ်သည် အချိန်ကို ငုံမြော်စုံစမ်းပါသော်လည်း တစိုးတစိမ့ (အနည်းငယ်မျှ) အလောင်းတော်သူမြတ်၏ ခွဲတ်ချော်တိမ်းပါးမှု (မိစ္ဆာဝိတက်ကြံစည်မှု)ကို မတွေ့မမြင်ဘဲ ရှိရာမှ "ယခုမူကား သိဒ္ဓတ်မင်းသားသည် ဘုရားဖြစ်ဖို့ရန် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်နေလေပြီ၊ ယခုအခါ ဤသိဒ္ဓတ်မင်းသားသည် ငါ၏နယ်ပယ်ကို လွတ်မြောက်ရန် ကြိုးပမ်း အားထုတ်နေလေပြီ၊ ငါသည် ယခုပင်လျှင် ထို သိဒ္ဓတ် မင်းသားအား ဘုံသုံးပါးတည်းဟူသော ငါ၏နယ်ပယ်မှ လွတ်မြောက်ရန် အခွင့်အရေး ဘယ်နည်းနှင့်မှ မပေးနိုင်"ဟု ကြံစည်ကာ ဝသဝတ္တီနတ်ပြည်သို့သွား၍ မိမိ၏မာရ်စစ်သည် ဗိုလ်ပါတို့ကို စည်းဝေးခေါ်ပြီးလျှင်-

"အချင်းတို့ အထူးထူး အထွေထွေ ကြောက်မက်ဖွယ်ကောင်းသော အဆင်းကို ဖန်ဆင်းကြပြီးလျှင် တဦးတဦးလျှင် လက်နက် တမျိုးစီ တမျိုးစီ

ကိုင်ဆောင်ကြလျက် ရေအယဉ်ကြီး ဖိစီးလွှမ်းမိုး လာသည့်ပမာ သိဒ္ဓတ်မင်းသား ရှိရာသို့ အလျင် အမြန်သွားကြကုန်"

ဟု စေခိုင်း အမိန့်ပေးပြီးနောက် မိမိကိုယ်တိုင်လည်း ယူဇနာ တရာ့ငါးဆယ်ရှိတော ဂိရိမေခလာဆင်ကို စီး၍ လက်ရုံးပေါင်း တထောင်ဖန်ဆင်းကာ လက်ရုံးတခုလျှင် လက်နက်တမျိုးစီအားဖြင့် လက်နက်အမျိုးပေါင်းတထောင်ကို ကိုင်ဆောင်ကာ လိုက်ပါလာခဲ့လေသည်။

အလောင်းတော်ထံမှောက်သို့ ချီတက်လာသော မာရ်နတ်၏စစ်တပ်ကြီးကား မာရ်နတ်၏ရှေ့မှာ ၂-ယူဇနာ၊လက်ျာဘက်မှ ၁၂ ယူဇနာ၊ လက်ဝဲဘက်မှ ၁၂-ယူဇနာ၊ အထက်၌ ၉-ယူဇနာ အမြင့်အစောက် ထုထယ်ရှိ၍ နောက်မျက်နှာကမူ စကြဝဋ္ဌာတိုက်အဆုံး အစွန်းတိုင်အောင် များပြားလှလေသည်။ ယင်းမာရ်နတ်စစ်တပ်ကြီး၏ ကြိမ်းမောင်းဟစ်အော် ကြွေးကြော်သောအသံကို ယူဇနာတထောင်ဝေးကွာသော အရပ်မှစ၍ မြေပြိုသောအသံကဲ့သို့ ကြောက်မက်ဖွယ်ရာ ကြားရလေသည်။ မာရ်နတ်သည် မိမိကိုယ်တိုင်က လက်ရုံးတထောင်ဖန်ဆင်း၍ လက်နက်မျိုးတထောင်ကို ကိုင်ဆောင်လျက်ရင်း၊ ထိုမျှများပြားသော မာရ်နတ်၏စစ်သား

တို့သည်လည်း တဦးလျှင် လက်နက်တမျိုးစီ ကိုင်ဆောင်ကာ ကြောက်မက်ဖွယ်ရာ အဆင်းသဏ္ဌာန် မျက်နှာအမျိုးမျိုးကို ဖန်ဆင်းကြလျက်၎င်း၊ ဘုရားအလောင်းတော်ကို လွှမ်းမိုးနှိပ်စက်တိုက်ဖျက်ရန်အတွက် ချီတက်၍လာကြကုန်၏။

ဤကဲ့သို့ မာရ်နတ်၏ စစ်တပ်ကြီး ဗောဓိမဏ္ဍိုင်သို့ ရှေးရှုချီတက်၍ လာသောအခါ စောစောက အလောင်းတော်အား ပူဇော်လျက်ရှိနှင့်ကြသော သိကြား, နတ်မင်းစသည်တို့အနက် တဦးတယောက်မျှ ကြံ့ကြံ့ရပ်တည်မနေနိုင်ကြပေ၊ ဦးတည်ရာ မျက်နှာမူရာ အရပ်သို့ပင် ပြေးလွှားကြကုန်၏။ သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကြီးကို ကျောဌ်ပိုး၍ ပြေးလွှားကာ စကြဝဋ္ဌာ တိုက်အနားရေး၌ ရပ်နေလေ၏။ မဟာဗြဟ္မာမင်းသည်လည်း ထီးဖြူကို စကြဝဋ္ဌာတိုက်အစွန်း၌ စွန့်ပစ်ချထားခဲ့ကာ ဗြဟ္မာ့ပြည်သို့သာ သွားလေတော့၏၊ ကာဋ္ဌနဂါးမင်းသည်လည်း နဂါးကခြေသည် အပေါင်းကို စွန့်ပစ်ပြီး မြေ၌ငုပ်လျှိုးပြီးလျှင် နဂါးဘုံဗိမာန်သို့ သွားရောက်လျက် လက်ဖြင့် မျက်နှာကိုပိတ်၍ အိပ်နေလေ၏။ တဦးသော နတ်,ဗြဟ္မာမျှလည်း မြတ်စွာဘုရားအလောင်းတော်နှင့် မဟာဗောဓိပင်၏ အနီးအပါး၌ ရပ်တည်နေဝံ့သောသူ မည်သည်မရှိတော့ပြီ၊ ထိုအချိန်၌ အလောင်းတော်သူမြတ်သည် တပါးတည်းသာလျှင် ထိုင်နေတော်မူ၏။

ကြိုတင်ဖြစ်ပေါ်လာသော နိမိတ်ဆိုးများ

မာရ်နတ်သား လာရောက်မည် ဆိုလျှင် နိမိတ်ဆိုး ကြီးများ ကြိုတင်၍ ဖြစ်ပေါ် လာကုန်၏၊ ထို နိမိတ်ဆိုး ကြီးများမှာ အလွန်တရာ ကြမ်းတမ်း ကြောက်မက်ဖွယ် ကောင်းသော အထောင် မကသော ဥက္ကာများ ကျခြင်း, အခိုးများ ထလျက် မှောင် အတိကျခြင်း, သမုဒ္ဒရာနှင့် တကွ မဟာ ပထဝီ·မြေကြီး အပြင်းအထန် တုန်လှုပ်ခြင်း, သမုဒ္ဒရာ အခိုးထခြင်း, မြစ်အများ ရေဆန်သို့ ပြန်၍စီးခြင်း, တောင် ထွတ်များ ပြိုရ မြေသို့ ကျခြင်း, သစ်ပင်များ လဲ၍ မြေသို့ ကျခြင်း, လေပြင်း မုန်တိုင်း တိုက်ခတ်ခြင်း, ထိုသို့ လေမုန်တိုင်း တိုက်ခတ်သဖြင့် ကြောက်မက်ဖွယ်ရာ အသံကြီးများ ဖြစ်ပေါ်ခြင်း, နေမင်းသည် မှောင်အတွင်းသို့ ဝင်ရောက်ခြင်း, ကောင်းကင်၌ ခေါင်းပြတ်ကိုယ်များ ထိုမှ ဤမှ သွားလာ လှည့်လည်ခြင်း ဤ နိမိတ်ဆိုးကြီးများတည်း၊ ထိုနိမိတ်ဆိုး ကြီးများ ထင်ရှား ပေါ်ပေါက်ကာ မာရ်နတ်သား လာရောက်သည့် အချိန်၌ ဘုရားအလောင်းတော် သည် ကြောက်ရွံ့ခြင်း အလျင်းမရှိဘဲ ရဲရင့်စွာ ထိုင်နေတော် မူ၏။

ဗောဓိပင်ရင်း မချဉ်းကပ်ဝံ့

ယင်းသို့ နိမိတ်ဆိုးကြီးများ ထင်ရှား ဖြစ်ပေါ်စဉ် မှာပင် မာရ်နတ်သားသည် လာရောက်၍ မဟာဗောဓိမဏ္ဍိုင် အဝန်း

သို့ ဝင်ရောက်ခြင်းငှါ မစ္စမ်းနိုင်ဘဲ ရပ်၍ နေလေသည်၊ မာရ်စစ်တပ်ကြီး သည်လည်း အနီးသို့ မကပ်ဝံ့ဘဲ အလောင်းတော်သူမြတ်ကို ထက်ဝန်းကျင်မှ ဝိုင်းရံလျက် ထားကြ ကုန်၏၊ မာရ်နတ်သည် မိမိ၏ စစ်တပ်ကို ကြည့်ရှုကာ "လာကြကုန်လော့၊ ဖမ်းကြကုန်လော့"အစရှိသည့် အမိန့်စကားကို ပြောရုံသာ ပြောကြားနိုင်ပြီး ရဲရဲပူသော သံတော့ခဲသို့ ယင်ကောင်မကပ်နိုင်သည့် ပမာ မဟာဗောဓိပင် အနီးသို့ ချဉ်းနင်းဝင်ရောက်စေခြင်းငှါ မတတ်နိုင်ဘဲ မိမိ၏စစ်တပ်ကို တဖန်ထပ်၍-

"အ ချင်း တို့ သုဒ္ဓေါဒန မင်းကြီး၏ သား ဤသိဒ္ဓတ်မင်းနှင့် တူသောသူ တလူမျှ မရှိချေ၊ ငါတို့သည် မျက်နှာရင်ဆိုင် စစ်ပြိုင်ခြင်းငှါ မတတ်နိုင်ကြကုန်၊ ထိုသိဒ္ဓတ် မင်းသားအား နောက်ဘက်(ကျောဘက်)မှ နေ၍ စစ်ထိုးကြ ကုန်အံ့"ဟု ပြောကြားလေသည်။

ပါရမီဆယ်ပါး စဉ်းစားဆင်ခြင်

သိဒ္ဓတ္ထ မင်းသားသည် ရှေ့နှင့် ဝဲယာ သုံးမျက်နှာ တို့ကို ကြည့်ရှုတော် မူသည်တွင် အားလုံးသော နတ်ဗြဟ္မာတို့ ဝေးရာရှောင်ရှား ပြေးသွားကြပြီ ဖြစ်ရကား တစုံတရာကိုမျှ မတွေ့ရ ဖြစ်လေ၏၊ တဖန် မြောက် အရပ် နံပါးဖြင့် မာရ်စစ်သည် ဗိုလ်ပါများ ချီတက်လှမ်းမိုး၍ လာသည်ကို မြင်၍-

"ဤမျှ မျှားပြားသော မာရ်နတ်၏ စစ်သား တို့သည် ငါတဦးတည်းကို ရည်စူးကာ ကြိုးစွာသော လုံ့လ ပြုလာကြ၏၊ ဤ အရပ်၌ ငါ၏ အမိသော် ၎င်း, အဖသော်၎င်း ညီအကို သော်၎င်း အခြား တဦး တယောက်သော ဆွေမျိုးသော်၎င်း မရှိချေ၊ ငါ ဆည်းပူး ခဲ့သော ပါရမီ ဆယ်ပါး တရားတို့ သည် သာလျှင် ရှည်ကြာလေးမြင့် ငါ မွေးမြူ အပ် သော ငါ့ပရိသတ် အခြံအရံနှင့် တူကုန်၏၊ သို့ဖြစ် ၍ ပါရမီဆယ်ပါး ငါ၏ ရဲမက်မျှား ကိုသာ အမှီ ပြုကာ ဤ ပါရမီ လက်နက်ဖြင့်ပင် ထိုးခုတ် ပုတ် ခတ်၍ ဤမာရ်နတ်၏ စစ်သည်ဗိုလ်ပါတို့ကို ငါဖျက် ဆီးမှ သင့်လျော်ချေမည်"ဟု နှလုံးသွင်း၍ ပါရမီ ဆယ်ပါး ကုသိုလ်တရား တို့ကိုသာ စဉ်းစား၍ ဆင်ခြင်၍ နေတော် မူလေ၏။

မာရ်မင်း၏ လက်နက်ကြီး ၉-ပါး

အလောင်းတော်သူမြတ်သည် ပါရမီကုသိုလ်တို့ကို စဉ်း စားဆင်ခြင်၍ နေတော်မူသောအခါ မာရ်နတ်သားသည် ဤသိဒ္ဓတ်မင်းသားကို လက်နက်ကြီး ၉-ပါးဖြင့် ပစ်လွှင့် ကာ ပြေးစေမည်"ဟု ကြံစည်စဉ်းစား၍-

၁။ ရှေးဦးစွာ လေပွေမုန်တိုင်းကို တိုက်ခတ်ဖြစ်ပေါ်စေ၏။ ထိုခဏဉ်ပင် အရှေ့,အနောက်,တောင်,မြောက်တို့မှ လေတို့သည် ဖြစ်ပေါ်ထကြွကြ၍ ယူဇနာဝက်, တယူဇနာ, နှစ်ယူဇနာ, သုံးယူဇနာခန့် ပမာဏရှိသော တောင်ထွတ်ကြီးများကို ဖြိုခွဲဖေါက်ထွင်းကာ တောခြုံသစ်ပင် စသည်တို့ကို အမြစ်မိုးထောင်ဖြစ်အောင် တိုက်ခတ်လျက် ထက်ဝန်းကျင်မှ ရွာနိဂုံးတို့ကို မုန့်မုန့်ညက်ညက်ဖြစ်အောင် ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါသော်လည်း ဘုရားအလောင်း၏ ကောင်းမှုရှိန်စော် ဘုန်းတေဇော်ကြောင့် တန်ခိုးအာနုဘော် ကင်းပျောက်လျက် အလောင်းတော်မြတ်၏ အနီးသို့ရောက်သောအခါ သက်နှ်းအနားကိုမျှ တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ကြပါကုန်။

၂။ ထိုအခါ မာရ်နတ်သည် "ရဟန်းဂေါတမကား ငါပစ်လွှင့်လိုက်သော မုန်တိုင်းလက်နက်ဖြင့် စကြဝဋ္ဌာတောင်၌ တိုက်မိ ခိုက်မိကာ မုန့်မုန့်ညက်ညက်ပျက်စီးလောက်ပြီ" ဟု ကြံစည်ကြည့်ရှုသောအခါ အလောင်းတော်သူမြတ်ကို ကြံ့ကြံ့ခိုင်ခိုင် စိုက်ထူအပ်သော တံခါးတိုင်ပမာ မတုန်မလှုပ် ထိုင်မြဲထိုင်နေသည်ကို မြင်၍ နှလုံးမသာမယာဖြစ်ကာ "ကြီးစွာသော ရေအယဉ်၌ နှစ်မြှုပ်ကာ ငါသတ်မည်"

ဟု ကြံစည်စဉ်းစား၍ မိုးတိမ်တိုက်များကို တခဏအတွင်း တက်စေလျက် မိုးကြီးသည်းစွာ ရွာသွန်းစေလေသည်။ ထိုသို့ မာရ်နတ်ရွာသွန်းစေသော မိုးရေအဟုန်ကြောင့် ဤ မြေ ကြီး သည် အပေါက်အခေါင်းကြီး ဖြစ်သွားလေသည်။ ထိုရေအယဉ်သည် တောဖျား တောင်ဖျား သစ်ပင်ဖျားတို့ကို တိုက်စားလွှမ်းမိုးစီးဆင်းကာလာလတ်၍ အလောင်းတော်၏ အနီးသို့ရောက်သောအခါ သက်နီးတော်ချည်တမျှင်ကိုမျှ စိုစွတ်အောင် မတတ်နိုင်ဘဲ ကိုယ်တော်မြတ်ကို မထိမူ၍သာ ဝေးရာရှောင်ရှားစီးသွားလေ၏။

၃။ ထိုအခြင်းအရာကိုမြင်၍ မာရ်နတ်သားသည် "ဤသိဒ္ဓတ်မင်းသားကို ကျောက်ခဲဖြင့် မုန့်မုန့်ညက်ညက်ဖြစ်အောင်ပြုလုပ်မည်"ဟု ကြံစည်ပြီးလျှင် ကျောက်ခဲမိုးကို ရွာစေပြန်လေသည်၊ ကြီးစွာ ကြီးစွာသော ကျောက်ခဲကြီးများသည် တောင်ထွတ်ကြီးများပမာ အခိုးအလျှံလွှတ်ကာ ကောင်းကင်ခရီးဖြင့် လိမ့်လာကြ၍ ဘုရားလောင်း အနီးသို့ ရောက်သောအခါ နတ်ဥာ်ဖြစ်သော ပန်းကုံးပန်းလုံးကြီးများ အဖြစ်သို့သာ ရောက်ကြလေကုန်၏။

၄။ ထို့နောက်မှ "ဤသိဒ္ဓတ်မင်းသားကို နုတ်နုတ်စဉ်း၍ သေစေမည် သတ်ဖြတ်မည်"ဟု ကြံစည်စဉ်းစား

ပြီးလျှင် လက်နက်မိုးကို ရွာသွန်း စေပြန်သည်။ တဖက်အသွားရှိ နှစ်ဖက် အသွားရှိသည့် လှံ, ဓါး စသည့် လက်နက် အမျိုးမျိုးတို့သည် အခိုး အလျံ လွှတ်ကာ ကောင်းကင်မှလာပြီးလျှင် ဘုရားလောင်း အနီးသို့ ရောက်သောအခါ မြတ်လေးပန်း စသည် အဖြစ်သို့ ရောက်ရှိကာ ကျရောက်လာကြကုန်၏။

၅။ ထို့နောက် မာရ်နတ်သားသည် တဖန် မီးကျီးစိုင် မိုးကို ရွာသွန်းစေပြန်သည်၊ ထိုမီးကျီးစိုင်များသည် လည်း အခိုးအလျံလွှတ်ကာ အလောင်းတော်၏ အနီးသို့ ရောက်သောအခါ မြတ်လေးပန်း စသည် အဖြစ်သို့သာ ရောက်ကြလေကုန်၏။

၆။ ထိုနောက်တဖန် ပြာပူမိုးကိုရွာသွန်းစေပြန်လေသည်၊ မီး၏ အဆင်း အလွန်ပူပြင်းသော ပြာအစုသည် ကောင်းကင်က လာရောက်ကာ အလောင်းတော်၏ ခြေရင်းသို့ရောက်သောအခါ နတ်ဌဖြစ်သော စန္ဒကူး မှုန့်များဖြစ်၍ ကျရောက်လာလေ၏။

၇။ ထို့နောင် သဲပူမိုးကို ရွာသွန်းစေပြန်သည်။

၈။ ထို့နောင် ညွှန်ပူမိုးကို ရွာသွန်းစေပြန်သည်။

၉။ ထို့နောင်မှ "ဤသိဒ္ဓတ်မင်းသားကို အမိုက်မှောင် ဖြင့်ချောက်လှန့်၍ ပြေးစေအံ့" ဟု ကြံစည်ကာအမိုက်

> မှောင်ကြီးကို ဖြစ်စေပြန်လေသည်။ ထိုအမိုက်မှောင်သည် လက္ခယ်, မိုးမှောင်, သန်ကောင် တောလယ်လေးသွယ်သော အင်္ဂါ ရှိသည့် အမိုက်မှောင်ကြီးကဲ့သို့ဖြစ်၍ ဘုရားအလောင်း ထံမှောက် ရောက်သောအခါ နေ့ရောင်လာသည့်အခါ အမိုက်မှောင်ပျောက်သကဲ့သို့ ကွယ်ပျောက်လေ၏။

မာရ်နတ်သားသည် အဆိုပါလက်နက်ကြီး ၉-ပါးတို့ဖြင့် ပစ်လွှတ်၍ တိုက်ဖျက်ပါသော်လည်း အရာမထင် မအောင်မြင်ရကား နောက်ထပ်တဖန်ဆက်လက်ပြန်၍ ဥက္ကာကျအောင်ပြုလေသည်၊ ယင်းသို့ ဥက္ကာကျရောက်ခြင်းကြောင့် စကြဝဠာတခုလုံး အခိုးတွေ့ဖုံး၍ နေလေသည်၊ ကောင်းကင်တခုလုံး မိုးတိမ်မရှိဘဲ ထစ်ချုန်းနေ၏၊မိုးကြိုးပေါင်း ထောင်သောင်းများစွာ ကြောက်မက်ဖွယ် ကျရောက်၏။ ဤမျှဖြင့်လည်း ဘုရားလောင်းအား တစုံတခုဘေးဥပဒ် အန္တရာယ်ကို မပြုနိုင်ရကား "အချင်းသိဒ္ဓတ္ထ သင်၏ဦးခေါင်းကို ထောင်းထောင်းပြတ်ကြွ မြေသို့ခစေမည်"ဟု ကြုံစည်စဉ်းစား၍ စက်လက်နက်ကို တဖန်လွှတ်ပြန်သည်၊ ယင်းစက်လက်နက်၏ အစွမ်းသတ္တိကား မြေဌပစ်လွှင့်လျှင် ၁၂-နှစ်ကြာအောင် မြက်ပင်မပေါက်နိုင်၊ ကောင်းကင်ဌ ပစ်လွှင့်လျှင် ၁၂-နှစ်ကြာအောင် မိုးရေတပေါက်မျှ မကျနိုင်အောင် မိုးခေါင်၏၊ မြင်းမိုရ်တောင်ထိပ်ဌ ပစ်လွှင့် လိုက်လျှင် မြင်းမိုရ်တောင်ကို

၂-ခြမ်းကွဲ၍ အောက်သို့ လျှောကျနိုင်၏၊ ဤမျှလောက် အစွမ်းထက်၏၊ ယင်းသို့ မာရ်နတ်သား ပစ်လွှင့်လိုက်သော စက်လက်နက်သည် ကောင်းကင်မှ မိုးကြိုးထစ်ချုန်းသကဲ့သို့ လာရောက်ပြီးလျင် မာရ်နတ်သား၏ မာန်မာနကို နှိမ့်ချိုး ခြင်းအမှုကိုပြုလျက် ဘုရားအလောင်း၏ခြေရင်းဌ ခြေသုတ် ကြိုးဝန်းပမာ ခွဲလျက်သား ကျရောက်လာ၏။

မာရ်နတ်သားသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ အလွန်အမျက်ထွက်ပြီးလျှင် "အဘယ့်ကြောင့်ရပ်၍ နေကြ သနည်း၊ ဤသိဒ္ဓတ်မင်းသားကို သူမြော်ကိုးသည့် ဘုရား ဖြစ်ခြင်းအကျိုး မပြီးအောင် ပျက်စီးအောင် ပြုကြကုန် လော့, ဖမ်းကြလော့၊ သတ်ကြလော့ မလွှတ်စေကြကုန်လင့်" ဤသို့စသည်ဖြင့် စေခိုင်းလေ၏။ မိမိကိုယ်တိုင်လည်း ဂိရိ မေခလာဆင်၏ ကျောက်ကုန်းထက်ဌိုင်လျက် လက်တဖက် ဖြင့် မြားကိုဝင့်ကာ ဘုရားလောင်းအနီးသို့ ကပ်ရောက်ပြီး လျှင် "အို-သိဒ္ဓတ်မင်းသား ယခုမျက်ခြင်း ရတနာပလ္လင်မှ ထသွားလော့" ဟု ပြောဆိုလေ၏။ ထိုအခါ မာရ်နတ်သား၏ စစ်သည် ပရိသတ်သည်သည်း မျှားစွာသော ကြောက်မက် ဖွယ်တို့ကို ပြဆောင်ပြုလုပ်ကြ ကုန်၏၊ ဘုရားအလောင်း တော်သည် မာရ်နတ်နှင့်တကွ မာရ်စစ်သည်တို့ ပြုလုပ်သမျှ သော ဖောက်ပြန်ပြစ်မှားမှု, စစ်ဆင်မှုအမျိုးမျိုးကို မေတ္တာ အစွမ်းဖြင့် ပယ်ရှားဟန့်တားတော်မူ၏။

သနားကရုဏာ ပြင်းပြသော မွေးသဖခင် ကျေးဇူးရှင်သည် မိမိခြေရင်း၌ ကစား၍နေသော သားငယ်ကို လက်ခြေတို့ဖြင့် ပုတ်ခတ်စေကာမူ အမျက်ထွက်ရန်ဝေးစွ၊ သားဟူသော ချစ်ခြင်းဖြင့် နှစ်သက်ကြည်ဖြူစွာ သားကိုလည်းဖက်၍ မိမိရင်ခွင်ထက်၌ အိပ်စေလျက် တစုံတရာ ရန်ငြိုးဖွဲ့ခြင်း လုံးဝမရှိသကဲ့သို့ ထိုနည်းတူစွာ ဘုရားအလောင်း သူမြတ်သည်လည်း ယုတ်မာလှသော ထိုမာရ်နတ်ပြုသမျှ ပြစ်မှားသမျှ ဥဿုံအလုံးစုံကို သည်းခံတော်မူလျက် အနည်းငယ်မျှ နှလုံးမသာယာမှု ပြုတော်မမူဘဲ ကြောက်ရှံ့ခြင်းကင်းမဲ့ကာ မေတ္တာကရုဏာမိုး စွေဖြိုးလျက် မာရ်နတ်သားကို ကြည့်တော်မူယင်း ဤသို့ မိန့်ဆိုတော်မူလေသည်။

ဟယ်မာရ်နတ်- ငါသည် ထက်ဝန်းကျင်မှ အလံတလူလူလွှင့်ထူချီတက်လာသည့် သင်၏စစ်တပ်ကြီးကိုငှင်း၊ ဂိရိမေခလာဆင်နှင့်တကွသော သင့်ကိုငှင်း မြင်ရသည့်အတွက် ရဲရဲကြီး စစ်ဖက်ပြိုင်အံ့သေဝငှါ ပညာဖြင့် ရှေးရှုလျက် သင့်ဘက်သို့ မျက်နှာမူကာ ငါကား ချီတက်ခဲ့၏။ (ပညာဖြင့် ချီတက်သည်ကို ဆိုလို၏) သင်သည် ငါ့ကို ဤအပရာဇိတပလွင်တော်မှဘယ်နည်းနှင့်မျှထစေနိုင်,ရွှေ့စေနိုင်မည်မဟုတ်၊ မရွှေ့စေနိုင်အောင် ငါကား ပြုလုပ်မည်။

ဟယ်မာရ်နတ်- ငါကား အလိုရှိလျှင် သေးငယ်လိုလျှင် မုန်ညင်းစေ့အတွင်း၌ လူးလာတုံ့ခေါက် စက်ြံလျှောက်နိုင်

၏။ ကြီးစေလိုလျှင် လောကဝတ် စကြဝဠာတိုက်ကြီးတခုလုံးကိုသော်လည်း မိမိ၏ကိုယ်ခန္ဓာ အတ္တဘောဖြင့် ဖုံးအုပ်၍ ထားနိုင်၏။

ဟယ်မာရ်နတ်- သင်နှင့်တကွ သင့်စစ်သည်ဗိုလ်ပါ အားလုံးတို့ကို ဖမ်းယူပြီးလျှင် လက်ဖျောက်တီးလိုက်ရုံဖြင့် မုန့်မုန့်ညက်ညက်ကျေအောင် ပြုလုပ်နိုင်သော အစွမ်းသတ္တိ ငါ၌ရှိ၏။ သို့စေကာမူ ငါသည် သူ့အသက်ကို သတ်ဖြတ်ခြင်းဟူသော မကောင်းမှုကိုအကျုံးမြှုမျှလောက်မနှစ်သက်အပ်ပေ။

ဘုရားလောင်းက- အထက်ပါ စကားများကို မဆိုမီ မာရ်နတ်သားက ဆိုသည်မှာ- အိုသိဒ္ဓတ်မင်းသား သင်သည် ငါ၏ဥစ္စာ ဤအပရာဇိတပလ္လင်တော်၌ အဘယ့်ကြောင့် နေထိုင်ဘိသနည်းဟု ပြောဆိုသောအခါ သိဒ္ဓတ်မင်းသားက ပလ္လင်တော်သည် သင်၏ဥစ္စာဖြစ်ကြောင်း သက်သေကား အဘယ်သူနည်းဟု မေးတော်မူ၏။ ထိုအခါ မာရ်နတ်သားက တပါးသောသူတို့ကို သက်သေဆောင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤယခု သင်၏မျက်မှောက်တွင် တွေ့မြင်ရသော မာရ်စစ်သည်ဗိုလ်ပါ အပေါင်းသည် ငါ၏ သက်သေတည်းဟု ပြောဆိုလျက် လက် ကို ဆန့် တန်း လိုက် ရာ မာရ်နတ်၏ ပရိသတ်သည် တပြိုင်နက်တည်း "ငါသည် သက်သေ ငါသည်သက်သေ"ဟု ပြောဆိုကြကာကုဋေသိန်းပေါင်း

များစွာ ထွက်ပေါ်လာကြသည်။ မြေပြိုသော အခါကဲ့သို့ ဆူညံလျက် ရှိလေ၏၊ ထိုအခါ ဘုရား အလောင်း သူမြတ်က-

ဟယ်မာရ်နတ်- ငါသည် ဤအပရာဇိတကို လိုလား တောင့်တသဖြင့် ဘဝများစွာ ကမ္ဘာအဆက်ဆက်၌ မလှူ ခဲ့ဘူးသော အလှူဒါနဟူ၍ မရှိ၊ မစောင့်ထိန်းဘူးသောသီလ ဟူ၍ မရှိ၊ မကျင့်ခဲ့ဘူးသော ဒုက္ကရ (ခဲယဉ်းသောအကျင့်) အကျင့်ဟူ၍ မရှိ၊ ဟယ်မာရ်နတ်၊ ယခုအခါ ဤအပရာဇိတ ပလွင်၌ လောကအားလုံးကို အောင်မြင်နိုင်ရန်အတွက် ငါ ထိုင်နေစဉ် သင်၏မာရ်စစ်တပ်ကြီး ချီတက် စစ်ထိုးလာသော အခါ ဤမဟာပထဝီမြေကြီးသည် အဘယ်ကြောင့် မတုန် မလှုပ် ဆိတ်ဆိတ်ဖြစ်၍နေဘိသနည်း၊ ဟယ်-မာရ်နတ် သင် ကား သင့်ပရိသတ်ကို မတရားသက်သေခံစေခဲ့လေပြီ၊ ဤမြေ ကြီးကား သင့်အားရင်း, ငါ့အားရင်း သမာသမတ် ညီမျှ သော မြေကြီးဖြစ်ချေသည်။ စေတနာလည်းမရှိ ထိုသို့ သင် နှင့် ငါတို့အဖို့ သမာသမတ်ညီမျှ၍ လုံးဝစေတနာမရှိသော မဟာပထဝီမြေကြီးသည် ယခုပင် ငါ၏သက်သေ ဖြစ်ပေ လတ္တံ့ဟု မိန့်ဆိုတော်မူကာ ဘုရားအလောင်းသည် လက်ျာ လက်တော်ကို သက်နှိုးတွင်းမှထုတ်ကာ မဟာပထဝီမြေကြီးကို ရှေးရှု ညွှန်ပြတော်မူလေ၏။

ထိုခဏမှာပင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာမြည်ဟည်းလေ၏၊ မြေကြီး၏ အသံဖြင့် ကောင်းကင်တခွင်လုံးသည် မိုးချုန်းသံကဲ့သို့ သည်းစွာသောအသံကိုမြည်စေလေ၏၊ မြင်းမိုရ်တောင်ကို ရံလျက်တည်ကုန်သော တောင်စဉ် ခုနစ်ထပ်နှင့်တကွ ဟိမဝန္တာတောင် အစရှိသည်တို့သည် သည်းထန်စွာမြည်ဟည်းကြကုန်၏။ စကြဝဠာတတိုက်လုံးသည် မီးလောင်သော ဝါးတောပမာ တဖြောင်းဖြောင်း တဖြန်းဖြန်း ကြောက်လန့်ဘနန်းကြမ်းတမ်းသောအသံကို မြည်ဟည်းလေ၏၊ လေလေပူသော အိုးကင်းထဲ၌ ပေါက်ပေါက်စပါးတို့ တဖြောင်းဖြောင်းပေါက်၍ နေကြသကဲ့သို့ ကောင်းကင်တခုလုံး၌ မိုးတိမ်ရှိဘဲ ကြောက်မက်ဖွယ် ထစ်ချုန်း၍ နေသည့်ပြင် ရဲရဲဘောက်သော မီးကျီးမိုးပမာ မီးပေါက် မီးပွားတို့ တဖွားဖွားပြန့်လျက် မိုးကြိုးတို့သည်လည်း တဖြုန်းဖြုန်း ကျလာကုန်၏၊ တအုန်းအုန်း ဆူညံပြီး မြည်သံ မစဲသည့် မြေကြီးနှင့် ကောင်းကင်တို့၏အကြားသို့ ရောက်ရှိနေသော မာရ်နတ်သားသည် အားထားကိုးကွယ်ရာ မရှိပဲ အလွန်အမင်းကြောက်လန့်ရကား စစ်အလံကြီးကိုလွှဲကာ ထိုနေရာမှာပင် လက်နက်တထောင်ကိုလည်း စွန့်ပစ်ခဲ့၍ ဂိုရိမေခလာ ဆင်ကြီးကိုလည်း ပြန်စောင်းမျှ မကြည့်နိုင်ပဲ ဦးတည့်ရာသို့ ရှေးရှုတအားကုန် ပြေးလေတော့၏။ မာရ်နတ်မင်းပြေးလျှင် မာရ်စစ်တပ်ကြီးလည်း ဖရိုဖရဲ ပြိုကွဲပျက်စီးကာ လေမှုန်တိုင်း

တိုက်ခတ်အပ်သော ပြာမှုန့်များကဲ့သို့ မျက်နှာရှေးရှုမှုမိုရာ အရုပ်ဖြင့် ပြေးလွှားကြ၍ ဝသဝတ္တီနတ်ပြည်သို့သွားပြန်သွား ကြလေကုန်၏။ ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော် သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင် မီပင် မာရ်နတ်ကိုအောင်မြင်တော်မူ၍ သတ္တလောကတခုလုံး ကို အောင်မြင်ခြင်းသို့ ရောက်တော်မူရကား ဘေးမရှိ ရန်မရှိ ရှုံ့ရှာခြင်းမရှိသော အဖြစ်သို့ရောက်တော်မူလေသည်။ ထိုခဏ မှာပင် မာရ်နတ်လာစဉ်က ကြောက်ရွံ့သဖြင့် ပြေးသွား ကြသော နတ်ဗြဟ္မာတို့သည် "မည်သူနိုင်၍ မည်သူရှုံးမည် နည်း"ဟု ကြည့်ရှုနေကြရာမှ မာရ်နတ်၏ ပရိသတ်ဖြစ်သော စင်တပ်ကြီး ဖရိုဖရဲ ပြိုကွဲပျက်စီးသွားသည်ကို တွေ့မြင်ကြ သဖြင့် "မာရ်နတ်သားကား ရှုံးလေပြီ၊သိဒ္ဓတ်မင်းသားကား အောင်လေပြီ၊ အောင်ပွဲ ပူဇော်မှုကို ငါတို့ပြုကုန်အံ့"ဟု နဂါး-နဂါးချင်း, ဂဠုန်-ဂဠုန်ချင်း,နတ်-နတ်ချင်း,ဗြဟ္မာ-ဗြဟ္မာချင်း ကောင်းသတင်း ကြွေးကြော်ကာ ဘုရားရှိရာ ဗောဓိပင်သို့ တည်တည့်တ်တည်း စည်းဝေး လာရောက်ကြ ကုန်သတည်း။ ဤကား မာရ်နတ်သားကို အောင်မြင်တော် မူခြင်းတည်း။

မာရ်နတ်ဟူသည်အဘယ်လိုပုဂ္ဂိုလ်နည်း

မာရ်နတ်သား ဟူသည် ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်ကို တရားဝင်အစိုးရသော နတ်မင်းကြီးမဟုတ်၊ ထိုနတ်ပြည်ကို

တရားဝင်အစိုးရသော ဝသဝတ္တီနတ်မင်းကြီးကား အသီး အခြားရှိသည်။ မာရ်နတ်သားကား လူ့ပြည်လောကဝယ် အခြံအရံပရိသတ်များစွာဖြင့် တိုင်းပြည်ကို လုယက်တိုက်ဖျက် ပုန်ကန်ဆိုးသွမ်းနေသော သူပုန်ခေါင်းဆောင်ကဲ့သို့ နတ်မိုက် အသင်းအပင်းများစွာ ခြံရံလျက် လူနတ်ဗြဟ္မာတို့၏ ကုသိုလ် ကောင်းမှု အရေးအရာများကို အကြီးအကျယ် အနှောင့် အယှက်ပေးသော ထိုပရနိမ္မိတဝသဝတ္တီနတ်ပြည်သား နတ်သူ ပုန်ခေါင်းဆောင်တဦးဖြစ်သည်။

၂-အာဋ္ဌဝက ဘီလူးကို အောင်တော်မူခြင်းဝတ္ထု

အာဋ္ဌဝီပြည့်ရှင် ဘုရင်အာဋ္ဌဝကမင်းသည် များစွာသော မင်းမောင်းမ ကခြေသည် အပေါင်းတို့နှင့်တကွ ရွှေနန်း တော်ဝယ်ခံစားသုံးဆောင်ဖွယ်အဝဝကိုစွန့်ပယ်တော်မူ၍ခိုးသူ ဘေး, သူပုန်ဘေးကို တားမြစ်ရန်, ထီးပြိုင်နန်းပြိုင် မင်းတ ပါးတို့၏ ထိပါးတိုက်ခိုက်မှုကို ဟန့်တားရန်နှင့် အခုန်အလွှား မင်းမာန်ပွား၍ ကြိုးစားအားထုတ်ရန် အတွက် ခုနစ်ရက် တကြိမ် ခုနစ်ရက်တကြိမ် သမင်တောသို့ အပျော်အပါး တောကစား ထွက်လေ့ရှိသည် တနေ့သ၌ အာဋ္ဌဝကမင်း သည် တောကစား ထွက်အံ့ဆဲဆဲအချိန်တွင် "အကြင်သူ၏ အနီးအပါး တာငန်းမှ သမင်လွတ်ထွက်အံ့ ထိုသမင်သည်

ထိုသူ၏ဘာဝန်သာ ဖြစ်စေရမည် ဟု ရဲမက်ဗိုလ်ပါ တို့နှင့် ကတိကဝတ်ပြုလုပ်ပြီး သမင်တောသို့ ထွက်ခဲ့ရာ မင်းကြီး၏ အနီးအပါး တာဝန်းမှပင် သမင်သည် ထွက်ရှင်းပြီးလေ၏။

မင်းကြီးသည် လျင်မြန်ခြင်း အရှိန်အဟုန် အားအင် ၅လနှင့် ပြည့်ဝသူ ဖြစ်သောကြောင့် လေးကိုကိုင်စွဲကာ သုံးယူဇနာ တိုင်တိုင် ခရီးကို ခြေလျင်လျှောက်ကာ သမင်နောက်သို့ မရပ်မနား လိုက်သွားလေ၏။ မောပန်းရှိ ရေအိုင်အတွင်း သက်ဆင်းတည်ရှိနေသော သမင်ကို လေးဖြင့် ပစ်သတ် နှစ်ပိုင်ပြတ်ပြီးလျှင် အသားကိုပင် အလိုမရှိငြား သော်လည်း "သမင်ကို အမိဖမ်းရန် မစွမ်းနိုင်" ဟု ရဲမက် ဗိုလ်ပါတို့၏ ကဲ့ရဲ့စကား စွပ်စွဲပြောကြားခြင်းမှ လွတ်မြောက် စေရန်အတွက် ထမ်းပိုးဖြင့် ထမ်းပိုးကာ မင်းကြီးသည် ပြန်လာပြီးလျှင် အရိပ်ကောင်းသည့် ပညောင်ပင်ရင်းသို့ ဝင်ရောက်ခိုနားလေ၏။

ထိုပညောင်ပင်၌လည်း အဌဝကဘီလူးသည် ဝေဿဂဏ် နတ်မင်းကြီး အထံမှ ဆုလာဘ်ရသဖြင့် ညောင်ပင်အတွင်း သက်ဆင်း ဝင်ရောက်လာသမျှ သတ္တဝါတို့ကို စားလျက် အုပ်စိုးနေထိုင်လေ၏။ ထိုအခါ အာဌဝက ဘီလူးသည် မိမိ၏ ညောင်ပင်အောက်သို့ ဝင်ရောက်လာသော မင်းကြီးကို မြင်လျှင် စားဖို့ရန် ကိုယ်ထင်ပြလျက် အနီးသို့ ချဉ်းကပ်

သွားလေ၏။ ထိုအခါ မင်းကြီးသည် "ငါ့ကိုလွှတ်လော့၊ ငါသည် သင့်အား နေ့တိုင်း လူတယောက်နှင့် ထမင်းတအိုးကို ပို့ဆက်ပါမည်"ဟု ကတိကဝတ်စကား ပြောကြားလေသော်- အာဌဝက ဘီလူးသည် "သင်မင်းကြီးကား မင်းစည်းစိမ်ဖြင့် ယစ်မူးကာ မေ့လျော့နေနိုင်၏။ ငါသည်ကား မိမိ ညောင်ပင်ရင်းသို့ မကပ်ရောက် လာသူကိုရင်း ကျေနပ်စွာ ခွင့်မပြုအပ်သူကိုရင်း စားခွင့်မရချေ။ အကျွန်ုပ်သည် သင်မင်းကြီးကို လွှတ်လိုက်ပါက အဘယ်သို့ အဘက်ရှင်နိုင် ပါအုံ့နည်း"ဟု ပြောဆိုကာ မင်းကြီးကို မလွှတ်ခြေ၊ မပို့ဆက်သောနှင့် ငါ့ကိုဖမ်း၍ စားလော့"ဟု မင်းကြီးသည် မိမိကို ကျေနပ်စွာ ခွင့်ပြုစကား ပြောကြားပြီးလျှင် ဘီလူးလက်မှ လွှတ်မြောက်ကာ အာဌဝီပြည်သို့ သွားလေ၏။

မင်းကြီးသည် မိမိအား စောင့်မျှော်နေကြသော ရဲမက်ဗိုလ်ပါအပေါင်းအား ယင်းအကြောင်းကို မပြောကြားဘဲ မြို့သို့ရောက်၍ နံနက်စာ စားပြီးလတ်သော် မြို့တော်ဝန်ကို ခေါ်၍ ဘီလူးနှင့် ကတိကဝတ်ထားခဲ့ရသော အကြောင်းကို လျှို့ဝှက်စွာ ပြောကြားလေ၏၊ မြို့တော်ဝန်က "အရှင်မင်းကြီး အသို့နည်း အချိန်အပိုင်းအခြားကို ပြုအပ်ခဲ့ပါ၏လောဟု မေးလျှင် မင်းကြီးသည် မပြုခဲ့မိပါ မြို့တော်ဝန်"ဟု ပြောဆိုလေ၏၊ ထိုအခါ မြို့တော်ဝန်သည် "အရှင်

မင်းကြီး အလုပ်ဖြင့်မှားခဲ့ပြီ ဘီလူးတို့သည် ပိုင်းခြားအပ်သမျှကိုသာ ရနိုင်ကုန်၏ ယခုလို အချိန်အပိုင်းအခြား မထားခဲ့လျှင်-တိုင်းပြည်တခုလုံး၏ အန္တရာယ် ဖြစ်ချေတော့မည်၊ ရှိပါစေတော့ အရှင်မင်းကြီး၊ မင်းကြီးသည် ဤကဲ့သို့ ပြုမှားခဲ့သော်လည်း ကြောင့်ကြမဲ့သာနေပါ၊ ကျွန်ုပ်သည် ပြုလုပ်ဆောင်ရွက်ဖွယ် ရှိသမျှကို ပြုလုပ်ဆောင်ရွက်ပါမည်"ဟု လျှောက်ထားပြီးလျှင် မြို့တော်ဝန်သည် စောစောထ၍ ထောင်သို့သွား၍ အသတ်ခံရမည့် ရာဇဝတ်သားတို့ကို ရည်ရွယ်ကာ အသက်ရှင်လိုသူသည် ထွက်ခဲ့လော့ဟု ဆိုလေ၏။

ရှေးဦးစွာ ထွက်လာသော ရာဇဝတ်သားကို အိမ်သို့ခေါ်ဆောင်သွားပြီး ရေမိုးချိုးပေး ထမင်းကျွေးပြီးနောက် "ဤယမင်းအိုးကို ဘီလူးအား သွားပေးလော့"ဟု ပြောဆိုစေလွှတ်လိုက်လေ၏၊ ထိုရာဇဝတ်သားကို ညောင်ပင်ရိပ်အတွင်း ဝင်မိလျှင် ဝင်မိချင်းပင် ဘီလူးသည် ကြောက်မက်ဖွယ်သောကိုယ်ကို ဖန်ဆင်းကာ ကြာစွယ်ကြာရင်းပမာ ကျွတ်ကျွက်ဝါးရှိစားလေတော့၏။ (ဘီလူးတို့၏ တန်ခိုးကြောင့် လူတို့၏ ဆံပင်စသည်တို့ကို အစပြုကာ တကိုယ်လုံးသည် ထောပတ်ဆီဥကဲ့သို့ ဖြစ်သတဲ့) ဘီလူးအတွက် အစာကို ယူစေ၍ လိုက်ပါသွားကြရသော အစောင့်ယောကျ်ားတို့သည် ထိုကဲ့သို့ ဘီလူးက ရာဇဝတ်သားကို

ကျွတ်ကျွတ်ဝါးရှိ စားသည်ကို မြင်ကြသောအခါ လွန်စွာ ကြောက်လန့်ကြပြီး အဆောင်ပန်း ချစ်ကျမ်းဝင်သူတို့အား ထိုအကြောင်းကို ပြောကြားကြကုန်၏၊ ထိုအချိန်မှစ၍ "မင်းကြီးသည် ခိုးသူများကို ဖမ်းပြီးလျှင် ဘီလူးအား ပေးသတဲ့"ဟု သတင်းပြန့်နှံ့ကာ လူအပေါင်းတို့သည် ခိုးမှုမှ ရှောင်ကြဉ်ကြကုန်၏။

ထိုမှနောက်တွင်ကား ခိုးသူအသစ်တို့ မရှိခြင်းကြောင့်ရင်း ခိုးသူအဟောင်းတို့ ကုန်ခြင်းကြောင့်ရင်း ထောင်အိမ်များတွင် ခိုးသူတို့မရှိသဖြင့် မြို့တော်ဝန်သည် မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားလေ၏၊ မင်းကြီးသည် တစုံတယောက်သောသူသည် လိုချင်သဖြင့် ကောက်ယူလေရာ၏ ဟု ကြုံစည်ကာ မိမိ၏ ရှေ့ဌေးစာကို မြို့တော်လမ်းမတို့၌ ချထားစေ၏၊ ထိုရှေ့ဌေးစာတို့ကို ခြေဖြင့်သော်လည်း တဦးတယောက်မျှ မတို့မထိခဲ့။

အာဌဝကမင်းသည် ဤနည်းဖြင့်လည်း ခိုးသူတို့ကို မရှိနိုင်သောကြောင့် အမတ်အားလုံး တို့အား ထိုအကြောင်းကို ဖွင့်ဟ တိုင်ပင်လေ၏။ ထိုအခါ အမတ်တို့က "လူအို တယောက် တယောက်ကို ပို့စေကြ ကုန်အုံ့၊ ထိုလူအိုသည် ပကတိ သဘောအား ဖြင့်လည်း သေမင်း၏ ခံတွင်းဝသို့ ရောက်နေသူ ဖြစ်သည်"ဟု အကြံပေး စကား ပြောကြား ကြသော အခါ မင်းကြီးက "မှူးမတ်များတို့ ထိုသို့ ပြုလျှင်

လူအပေါင်း တို့က "ငါတို့၏ အဖကို ဘီလူးထံ ပို့ရက်ပေသည်၊ ငါတို့၏ အဖိုးကို ဘီလူးထံ ပို့ရက်ပေသည်" ဟု တုန်လှုပ် ချောက်ချား ကဲ့ရဲ့စကား ပြောကြား ပေလိမ့်မည်၊ သင်တို့သည် ထိုကဲ့သို့ လူအိုများကို ဘီလူးစာ ကျွေးသော အမှုကို မနှစ်သက်ကြ ပါကုန်လင့်ဟု မိန့်ကြားကာ ထိုအဆိုကို တားမြစ်လေသည်။

ထိုအခါ အမတ်များက တနည်းပြောင်း၍ "အရှင်မင်းကြီး သို့ဖြစ်လျှင် ပုခက်အတွင်း ပက်လက်အိပ်သော အရွယ်ကလေးသူငယ် များကို တနေ့လျှင် တယောက်ကျ ပို့စေကြကုန်အုံ့" ဟု အကြံပေးစကား လျှောက်ထားကြ လေသော် မင်းကြီးသည် သဘောတူ ခွင့်ပြုလေ၏၊ မှူးမတ် တို့သည် ထိုအတိုင်း စီမံပြုလုပ်ကြ၏၊ မြို့အတွင်း၌ ကလေး မိခင်များသည် မိမိတို့ ကလေးများကို ယူဆောင်၍ဝင်း, ကိုယ်ဝန်ဆောင် မိန်းမများသည် ထွက်ပြေး တိမ်းရှောင်၍ဝင်း, အခြား တနိုင်ငံ၌ သားသမီး များကို ကြီးထွားစေ၍ လူလားမြောက်မှ တဖန် အာဌဝိပြည်သို့ ခေါ်ကာ ပြန်လာကြကုန်၏။ ဤသို့ အာဌဝိပြည်၌ နေ့စဉ် ဘီလူးစာ ကျွေး၍ နေရသည်မှာ အချိန် အားဖြင့် ၁၂-နှစ်တိုင် ကြာခဲ့ လေပြီ၊ တနေ့သ၌ တမြို့လုံးကို ရှာဖွေသော်လည်း ကလေး သူငယ် တယောက်ကိုမျှ မရရှိသောကြောင့် "အရှင် မင်းကြီး နန်းတော်ထဲမှာ မင်းကြီး၏ သား အာဌဝက မင်းသားမှ တပါး

အခြား ကလေးသူငယ် ဟူ၍ မရှိတော့ပါ ဟု လျှောက်ကြလျှင် အမောင်တို့ သွားကြလော့၊ ငါ၏ သားတော် အာဋ္ဌဝက မင်းသားကိုလည်း ဘီလူးအား ပေး၍ ငါ့ အသက်ကို စောင့်ရှောက်ကြလော့ ဟု မိန့်ဆိုလေ၏။

ထို အချိန်၌ အာဋ္ဌဝက မင်းသားကလေး၏ မယ်တော် မိဖုရားကြီးသည် မိမိ၏ သားကို ရေမိုးချိုးပြီး ဝတ်စားတန်းဆာ ဆင်ယင်ပြီး မိမိရင်ခွင် ထက်၌ သိပ်၍ ထိုင်နေဆဲ ဖြစ်၏၊ မင်းချင်း ယောကျ်ားများသည် မင်းကြီး၏ အမိန့်ဖြင့် မိဖုရားကြီးထံသွားပြီး မိဖုရားကြီးနှင့် မောင်းမ အပေါင်းတို့ ငိုကြွေးမြည်တမ်းစဉ် မှာပင် မင်းသားကလေးကို ယူဆောင်၍ "နက်ဖြန် ဤ မင်းသား ကလေးသည် ဘီလူးအစာ ဖြစ်ရပေတော့မည်ဟု ပြောဆိုကာ ဖဲသွား ကြလေ၏။

ထိုနေ့၌ မြတ်စွာဘုရားသည် နံနက်စောစောထ၍ ဂန္ဓကုဋ္ဌိ ကျောင်းတော်အတွင်း၌ မဟာကရုဏာသမာပတ်ကို ဝင်စာတော်မူပြီးနောက် သတ္တလောကကို ကြည့်ရှုတော်မူလတ်သော်—

၁။ အာဋ္ဌဝက မင်းသားလေ းအနာဂါမ်အဖြစ် ရောက်မည့်အခြေအနေကိုဌင်း၊

၂။ အာဋ္ဌဝကဘီလူး၏ သောတာပန် အဖြစ်ရောက်ရှိမည့် ရှေးကောင်းမှု ရှိပုံကိုဌင်း၊

၃။ တရားဒေသနာအဆုံး- သတ္တဝါပေါင်း- ၈၄၀၀၀ (ရှစ်သောင်း လေးထောင်)တို့ ကျွတ်တန်းဝင်မည့် အခြေအနေကိုရင်း—

မြင်တော်မူသဖြင့် လက္ခယ်နေ့နေဝင်ချိန်၌ အဖေါ်မပါ တပါးတည်း သပိတ်သက်နန်းကို ယူဆောင်ကာ သာဝတ္ထိ ပြည်မှ ယူဇနာ ၃၀-ခရီးကို ကြွတော်မူပြီး အာဠဝကဘီလူး၏ ဘုံဗိမာန်အတွင်းသို့ ဝင်တော်မူလေ၏။ (ဘီလူးတို့သည်မိမိ၏ ဘုံဗိမာန်ကို မြင်ကွန်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် လည်း မြင်တော်မူ၏။ သို့ဖြစ်၍မြတ်စွာဘုရားသည် အာဠဝကဘီလူး၏ ဗိမာန်သို့ကြွပြီးလျှင် ဗိမာန် တံခါးဝ၌ ရပ်တည် တော်မူလေ၏။)

ထိုအချိန်၌ အာဠဝကဘီလူးသည် ဟိမဝန္တာတောင်၌ ဘီလူးတို့၏ အစည်းအဝေးသို့ သွားရောက်နေလေပြီ၊ ထို့ကြောင့် အာဠဝကဘီလူး၏ တံခါးစောင့်ဖြစ်သော ဂဒြဘ မည်သောဘီလူးသည် မြတ်စွာဘုရားထံ သွားရောက်ပြီး ဂဒြဘနှင့် မြတ်စွာဘုရားတို့ အချိအချ စကားပြောကြ သည်မှာ....

(ဂဒြဘ) "မြတ်စွာဘုရား အရှင်ဘုရားသည် နေဝင် ခါမှ ကြွလာတော် မူပါသလော"။

(မြတ်စွာဘုရား) "ဂဒြဘ- ငါသည် နေဝင်သော အခါမှာ ကြွလာသည်"။

အကယ်၍ သင့်မှာ ဝန်မလေး ပါက ငါဘုရားသည် အာဌဝက ဘီလူး၏ ဗိမာန်၌ ယနေ့ တည်ဉ့်မျှ နေလိုသည်။

(ဂဒြဘ) "ဘုန်းတော် ကြီးသော မြတ်စွာ ဘုရား အကျွန်ုပ်၏ အဖိုမှာ ဝန်မလေးပါ၊ သို့သော် လည်း ထို အာဌဝက ဘီလူးသည် ခက်ထန်ကြမ်းတမ်း လှပါ၏၊ မိဖတို့အား သော်မှ ရှိခိုးမှု စသည်ကို မပြုပါ၊ သို့ဖြစ်၍ မြတ်စွာဘုရားသည် အာဌဝက ဘီလူး၏ ဗိမာန်၌ နေထိုင် ခြင်းကို နှစ်သက်တော် မမူပါလင့် ဘုရား"။

(မြတ်စွာဘုရား) "ဂဒြဘ ငါဘုရားသည် အာဌဝက ဘီလူး၏ ခက်ထန်ကြမ်းတမ်းမှုကို သိပါ၏၊ ငါဘုရား မှာ အန္တရာယ် တစုံတရာ ရှိလိမ့်မည် မဟုတ်ပါ၊ အကယ်၍ သင့်မှာ ဝန်မလေး ပါက ငါဘုရားသည် အာဌဝက ဘီလူး၏ ဗိမာန်၌ ယနေ့ တည်ဉ့်မျှ နေလိုပါသည်"။

(ဂဒြဘ) "မြတ်စွာဘုရား အာဌဝက ဘီလူးသည် ပြောင်ပြောင်ရဲရဲ မီးလောင်စွဲသော သံအိုး ကင်းနှင့် တူသူ ဖြစ်ပါသည် သူကား အမိ အဖ ဟူ၍၎င်း, ရဟန်း ပုဏ္ဏားတို့ ဟူ၍၎င်း

လုံးဝ နားမလည်သူ ဖြစ်ပါသည်၊ ဤ ဘုံ ဗိမာန်သို့ရောက်ရှိလာသူတို့အား စိတ်ပျံ့လွင့် ရူးသွပ် သွား အောင် လည်း ပြုတတ်ပါ သည်၊ နှလုံးသားကို သော်လည်း ဖောက်ခွဲ ပစ်တတ်ပါသည်၊ ခြေနှစ်ချောင်းတို့ကို ကိုင် ၍ သမုဒ္ဒရာ တဖက်ကမ်းသို့ သော်ငှင်း, စကြ ဝဋ္ဌာ တဖက်ကမ်းသို့ သော်ငှင်း ပစ်လွှတ် တတ်သူ ဖြစ်ပါသည်"။

(မြတ်စွာဘုရား) "ဤ အကြောင်း များကို ငါဘုရား သိပါ သည်၊ အကယ်၍ သင့်မှာ ဝန်မလေးပါက ငါသည် အာဋ္ဌဝက ဘီလူး၏ ဗိမာန်၌ ယနေ့ တည်ခဲ့မျှ နေလိုပါသည်"။

(ဂဒြဘ) "မြတ်စွာဘုရား အကျွန်ုပ်၏ အဖို့မှာ ဝန် မလေးပါ၊ သို့သော်လည်း ထိုအာဋ္ဌဝက ဘီလူးသည် မိမိအား မပြောကြားဘဲ ခွင့်ပြု သော အကျွန်ုပ်ကို သတ်မူလည်း သတ်ရာ ပါ၏၊ သို့ဖြစ်၍ အကျွန်ုပ်သည် အာဋ္ဌဝက ဘီလူး အား သွား ရောက် ပြော ကြား ပါရစေ"။

(မြတ်စွာဘုရား) "ကောင်းပါပြီ ဂဒြဘ သင် စိတ်ချမ်းသာ သလိုသာ ပြုပါ"။

(ဂဒြဘ) "မြတ်စွာဘုရား သို့ဖြစ်လျှင် မြတ်စွာဘုရား သည် နေသင့် မနေသင့် စဉ်းစား ဆင်ခြင်တော်မူပါ"။

ဂဒြဘသည် ဤသို့ပြောကြားပြီးလျှင် မြတ်စွာဘုရားအား ရှိခိုးပြီးနောက် အာဋ္ဌဝကဘီလူး အစည်း အဝေး ပြုရာ ဟိမဝန္တာသို့ ရှေ့ရှုထွက်ခွါသွားလေ၏၊ အာဋ္ဌဝကဘီလူး၏ ဗိမာန်တံခါးသည်လည်း မည်သူမျှမဖွင့်ရဘဲ သူ့အလိုလိုပင် ပွင့်၍လာလေ၏၊ မြတ်စွာဘုရားသည် ဗိမာန်တွင်းသို့ဝင်၍ အာဋ္ဌဝကဘီလူး နေ ထိုင် သော ရ တ နာ ပလ္လင် ထက် ၌ ထိုင်တော်မူ၍ ရှေရောင်အဆင်း ဝါဝင်းသော ပီတရောင်ခြည်ကို လွှတ်တော်မူ၏။

ထိုပီတရောင်ခြည်တော်ကိုဖူးမြင်ရ၍ ဘီလူး၏ မောင်းမမိဿံ အခြွေအရံဘီလူးမများသည် စုရုံး လာရောက်ကြကာ မြတ်စွာဘုရားကိုရှိခိုးကြပြီး ဝန်းဝိုင်းခြံရံလျက် နေကြကုန်၏၊ မြတ်စွာဘုရားက "အို ဘီလူးမအပေါင်းတို့.... သင်တို့သည် ရှေးဘဝက အလှူဒါနပြုခဲ့ကြ၍ အကျင့်သီလ စောင့်ထိန်းခဲ့ကြ၍ ပူဇော်ထိုက်သူတို့ကို ပူဇော်ခဲ့ကြ၍ ဤနတ်စည်းစိမ်ကို ရောက်ရှိခံစံကြရသည်၊ ယခုအခါ၌လည်း ရှေးနည်းအတိုင်း တယောက်သည် တယောက်ကို မနာလိုခြင်း(ဣဿာ)ဝန်တိုခြင်း (မစ္ဆရိယ)တရားများ လွှမ်းမိုးနှိပ်စက်ကာ မနေကြ

ကုန်လင့်"စသည်ဖြင့် ဘီလူးမတို့အား တရားဟောပြတော်မူ၏။ ဂဒြဘာဘီလူးသည်လည်း ဟိမဝန္တာသို့ရောက်၍ "အို.... အာဠဝကဘီလူးမင်း အရှင်ဘီလူးမင်း၏ဗိမာန်၌ မြတ်ဘုရားသည် ကြွရောက်ကာထိုင်နေတော်မူပါ၏ဟု အာဠဝကဘီလူးအား ရိုသေစွာပြောဆိုသောအခါ အာဠဝကဘီလူးက သင်အသာနေ ယခုပင်ငါပြန်၍လုပ်သင့်သည်ကို လုပ်မည်ဟု ပြောလိုက်၏။

ထိုအခါ သာတာဂိရ နတ်ဘီလူးမင်းနှင့် ဟေမဝတနတ်ဘီလူးမင်းတို့ သူဌေယ်ချင်း (နတ်အရိယာ) နှစ်ဦးတို့သည် "ဘုရားရှင်အား ငါတို့သည် ဇေတဝန်ကျောင်း၌ဖူးမြော်ရှိခိုးပြီးမှ နတ်ဘီလူးအစည်းအဝေးသို့သွားကြကုန်အံ့"ဟု တိုင်ပင်ညီညွတ်ကာ အခြံအရံ နတ်စစ်သည်တို့နှင့်တကွ ယာဉ်အမျိုးမျိုးကိုစီးလျက် ကောင်းကင်ခရီးဖြင့်သွားကြလေ၏။ နတ်သူဌေယ်ချင်း နှစ်ဦးတို့သည် ကောင်းကင်ခရီးဖြင့် ဘုရားဖူးရန်လာကြလေရာ ထို(အာဠဝကဗိမာန်၏ အထက်ကောင်းကင်ခရီး)အရပ်သို့ ရောက်သောအခါ မသွားနိုင်ဘဲ ရှိလေ၏။ (မြတ်စွာဘုရားထိုင်နေရာအရပ်၏ အထက်အဖို့ ကောင်းကင်မှ မည်သူမျှဖြတ်ကျော်၍မသွားနိုင်ချေ)၊ သူဌေယ်ချင်းနတ်မင်း နှစ်ဦးတို့သည် "ထိုသို့မသွားနိုင်ဘဲဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်း"ဟု ဆင်ခြင်စဉ်းစား၍ မြေပြင်သို့ဆင်းကာ ဘုရားရှင်ကိုဖူးမြင်ကြရ၍ ဘုရားရှင်အား ရှိခိုးကြပြီးနောက်

တရားနာပြီးလျှင် နတ်ဘီလူး အစည်းအဝေး ကျင်းပရာ ဟိမဝန္တာသို့ ဆက်လက်ထွက်ခွါသွားကြလေ၏။ အာဠဝကဘီလူးသည် ထိုသူငယ်ချင်းနတ်မင်းနှစ်ဦးကို မြင်သောအခါ ဤနေရာ၌ထိုင်ပါဟု ဖိတ်မန္တကပြု၍ နေရာဖယ်ပေးလေ၏။

ထိုသူငယ်ချင်းနတ်မင်း နှစ်ဦးတို့သည် အမောင်အာဠဝက အမောင်၏ဘုံဗိမာန်၌ မြတ်စွာဘုရားရှင် ကြွရောက်နေထိုင်တော်မူဆဲရှိ၏၊ အမောင်သည် အရတော်လေစု၊ အမောင်အာဠဝက သွားလော့ မြတ်စွာဘုရားအား ဆည်းကပ်ပါလော့ဟု အာဠဝကဘီလူးအား ပြောကြား၏။ ထိုသူငယ်ချင်းနတ်မင်းနှစ်ဦးတို့ ပြောဆိုအပ်သည့် သဒ္ဓါတရား ဖြစ်ပွားဘွယ်ရာ မြတ်စွာဘုရား၏ အကြောင်းနှင့် စပ်သော စကားများသည် သဒ္ဓါတရားမရှိ ကြမ်းကြုတ် ခက်ထန်လှသော အာဠဝကဘီလူးအဖို့ နားကြားပြင်းကပ်ဖွယ်သာ ဖြစ်ရကား "ငါ့ဗိမာန်အတွင်းသို့ ဝင်ရောက် နေထိုင်သည့် မြတ်စွာဘုရားဆိုသူကား ဘယ်လိုလူစားမျိုးနည်း" ဟုအမျက်ထွက်စကားပြောကြားလေ၏။ ထိုအခါနတ်မင်းနှစ်ဦးတို့က "အမောင်အာဠဝက အမောင်သည် ငါတို့ဆရာမြတ်စွာဘုရားကို မသိဘူးလော၊ အလွန်ထင်ရှားမြင့်မြတ်သည့်ပုဂ္ဂိုလ်တဆူ ဖြစ်သည်" စသည်ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ပုဒ်များကို ချီးကျူးပြောကြားကြသော်လည်း အာဠဝက ဘီလူးကား ဘာမျှမသိဘဲ အမျက်ထွက်၍သာနေလေသည်။

ထိုအခါ နတ်မင်းနှစ်ဦးတို့မှာ မခံချိ မခံသာ ဖြစ်လာရကား အမောင်အာဋ္ဌဝက မြတ်စွာဘုရားကို သင်သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ငါတို့ဆရာမြတ်စွာဘုရားက အသင်ကဘာလုပ် နိုင်မှာတုန်း ငါတို့ဆရာ မြတ်စွာဘုရားနှင့် နှိုင်းခာလျှင်အမောင်သည် ၁။ နွားလားဥသဘကြီး၏အင်း၌ ယနေ့ဖွားစ နွားသူငယ်ကဲ့သို့ရင်း, ဆင်ပြောင်ကြီး၏ အနီး၌ ယနေ့ဖွားစ ဆင်ငယ်လေး ကဲ့သို့ရင်း, ကေသရာဇာ ခြသေ့်မင်းကြီး၏ အနီး၌ ကျက်သရေယွင်းယို မြေခွေးအိုကဲ့သို့ရင်း ဂဋ္ဌုန်မင်းကြီး၏ အနီး၌ အတောင်ကြိုးပျက် ကျီးကန်းငှက်ကဲ့သို့ရင်း ရှိပါချေသည်။ သွားလော့ သင်ပြုလိုရာပြုလော့ ဟု နတ်မင်းနှစ်ပါးက ပြောဆိုသောအခါ အာဋ္ဌဝက ဘီလူးသည် ဒေါသအမျက် ချောင်းချောင်းထွက်ကာ သင်တို့ဆရာ ဘုရားကပင် တန်ခိုးကြီးသလော၊ ငါကပင် တန်ခိုးကြီးသလော၊ ယခုပင်ကြည့်ကြလော ဟု ညာခြေဖြင့် ယူဇနာ ၆၀- ရှိသော ကေလာသတောင်ကို ဆောင့်၍နင်းလေ၏၊ ထိုအခါ ကေလာသ တောင်ထွတ်သည် ကျောက်လွှာ ကျောက်ထပ်တို့ အထပ်ထပ်ကွာ၍ ထွက်၏၊ အာဋ္ဌဝကဘီလူးသည် ကေလာသ တောင်ထိပ်မှရပ်ကာ "အာဋ္ဌဝကတဲ့ဟေ့ အာဋ္ဌဝကဆိုဒါ ငါကွ" ဟု အသံကျယ်စွာ ကြွေးကြော်ဟစ်အော်လေ၏၊ ထိုအသံသည် ဇမ္ဗူဒိပ် တကျွန်းလုံးကို ပျံ့နှံ့ လွှမ်းမိုး၍သွားလေ၏။ အာဋ္ဌဝကဘီလူး၏ တန်ခိုးအာနုဘော်ကြောင့် ယူဇနာ ၃၀၀၀- သုံးထောင်ကြယ်သော

ဟိမဝန္တာ တောင်ကြီးသည်လည်း သိမ့်သိမ့်ခါ တုန်လှုပ်လေ၏ ထို့နောက် အာဌဝကဘီလူးသည် လက်နက်ကြီး ၉ မျိုး တို့ဖြင့် ဘုရားရှင်အား နှောင့်ယှက်တိုက်ခိုက် တော့၏။ (မာရ်နတ်သားက ဘုရားရှင်အား တိုက်ခိုက်သောနည်း အတိုင်း အစွမ်းကုန် တိုက်ခိုက်ခြင်းဖြစ်၏)

ထိုသို့ လက်နက်ကြီး ၉ မျိုးတို့ဖြင့် တိုက်ခိုက်ပါသော်လည်း မြတ်စွာဘုရားကို အရပ်တပါးသို့ ထွက်ခွါပြေးသွားစေခြင်းငှါ မစွမ်းနိုင်သဖြင့် လက်နက်အမျိုးမျိုး စွဲကိုင်ထားသော ရုပ်အဆင်း အမျိုးမျိုးရှိသည့် ဘုတ်ပြိတ္တာ အမျိုးမျိုးတို့ဖြင့် ရောယှက်သော ကြောက်မက်ဖွယ် ဆင်မြင်းရထား ဈေးခြေလျှင်အားဖြင့် အင်္ဂါလေးပါရှိသော စစ်တပ်ကြီးကို ကွပ်ကဲဦးစီးကာ မြတ်စွာဘုရားအား ချီတက်တိုက်ခိုက်လေ၏၊ သို့သော်လည်း မြတ်စွာဘုရား အနီးသို့ ယင်းစစ်တပ်ကြီးသည် မကပ်ဝံ့ဘဲရှိ၏၊ ဤသို့မကပ်ဝံ့သော်သည်း ဗောဓိပင်၌ မာရ်နတ်သားသည် မာရ်စစ်တပ်ကြီးနှင့် ကျော်ကြားပြီး မကြာမီပင် စစ်ရှုံး၍ တပ်ဆုတ်ရသကဲ့သို့ အချိန်အနည်းငယ်ဖြင့် တပ်ဆုတ်ခြင်းကို မပြုဘဲ ညဉ့်ထက်ဝက်ကြာ ကာလအထိ နှောင့်ယှက် တိုက်ခိုက်လေ၏။ ဤသို့လျှင် လက်နက်အမျိုးမျိုး ကြောက်မက်ဖွယ် အမျိုးမျိုးတို့ဖြင့် တိုက်ခိုက်ပါသော်လည်း ဘုရားရှင်အား တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ရကား "ငါသည် မည်သူတဦးတယောက်မျ

မအောင်နိုင်သည့် ဘွဲ့ဖြူနတ်ပုဆိုး လက်နက်ကို ပြစ်လွှတ်ရမှု ကောင်းလေစ့" ဟုကြုံစည်လေ၏။

အာဌဝကဘီလူးသည် ယင်းသို့ ကြုံစည်ပြီးနောက် ကန်ခိုးအာနုဘော် ကြီးလှသည့် အပေါ်ခုံ စုလျားတဘက် ဘွဲ့ဖြူနတ်ပုဆိုး လက်နက်ကို ချွတ်ပြီးလျှင် ငါပစ်လွှတ် တော့မည်ဟု ကိုင်လျက် ရပ်တည်လေ၏။

ထိုအချိန်၌ စကြဝဠာ တိုက်တဆောင်း၌ နေကြသော များစွာသော နတ်အပေါင်းတို့သည် "ယနေ့မြတ်စွာဘုရား သည် အာဌာဝကဘီလူးကြမ်းကို ဆုံးမတော် မူလိမ့်မည်" ထိုဆုံးမနာ၌ ငါတို့သည် တရားနာကုန်အံ့ ဟု ကြုံစည်ကာ အလျင်အမြန် စည်းဝေးကြကုန်၏။ တရားနာလိုသည့် နတ် များသာမက- စစ်ကိုက်ပွဲကို ကြည့်လိုကြသော နတ်တို့ သည်လည်း စုဝေးရောက်လာကြကုန်၏။ သို့ဖြစ်၍ ကောင်း ကင်တခုလုံးသည် နတ်တို့ဖြင့်ပြည့်နှက်လျက် ရှိနေလေ၏။

ထိုအခါ အာဌဝက ဘီလူးသည် မြတ်စွာဘုရား၏ အနီးပါးဝယ် အဆက် အထက်သို့ တက်ကာ တက်ကာ လှည့်ပတ် သွားလာပြီးလျှင် အပေါ်ရုံ စုလျားတဘက် ဘွဲ့ဖြူနတ်ပုဆိုး လက်နက်ကို မြတ်စွာဘုရားရှိရာသို့ ပစ်လွှတ် လိုက်လေ၏။ အာဌာဝက ဘီလူး ပစ်လွှတ် လိုက်သော

ဘွဲ့ဖြူနတ်ပုဆိုးလက်နက်သည် မိုးကြိုးချုံးသကဲ့သို့ ကောင်းကင်၌ ကြောက်မက်ဖွယ် အသံကို ပြုလျက် အခိုးတထောင်းထောင်းထ၍ အလျှံတပြောင်ပြောင် တောက်လောင်ပြီး ဘုရားရှင်၏အနီးသို့ ရောက်သောအခါ ဘီလူး၏ မာန်စွယ်ကျိုးစိမ့်သောငှါ ခြေသုတ်ပုဆိုးဖြစ်၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ကျရောက်လေ၏။

ဘီလူးကြီးသည် ထိုအခြင်းအရာကို မြင်၍ ဦးချိုကျိုးသောနွား ကဲ့သို့ရင်း အစွယ်ကိုထုတ်နုတ်ထားသော မြွေဆိုးမြွေဟောက်ကဲ့သို့ရင်း တန်ခိုးကင်းပ မာန်မာနကျကာ-ဤဘွဲ့ဖြူလက်နက်သည်လည်း ရဟန်းဂေါတမကို မလွှမ်းမိုးမနှိပ်စက်နိုင် အကြောင်းအသို့နည်းဟု စဉ်းစားသောအခါ ရဟန်းဂေါတမသည် မေတ္တာဖြင့် နေသူဖြစ်၏။ ယခုငါသည် ရဟန်းဂေါတမကို အမျက်ထွက်အောင် ပြောကြားပြီးမေတ္တာနှင့် ကင်းကွာအောင်ပြုအံ့ ဟု ကြံစည်ပြီး ဘုရားရှင်ကြားလောက်ရာသို့ချည်းကပ်ပြီး—

အို ရဟန်းဂေါတမ အကျွန်ုပ် ခွင့်ပြုချက်မရဘဲ အဘယ့်ကြောင့်- ဘုံဗိမာန်အတွင်းသို့ ဝင်ရောက်ကာ အိမ်ရှင်ယောကျ်ားကဲ့သို့ မောင်းမမိသံ ဘီလူးမ အပေါင်းတို့၏ အလယ်၌ ထိုင်နေဘိသနည်း၊ အရှင်မပေးအပ်သောသူ့ ပစ္စည်းကို သုံးဆောင်ခြင်းသည်

ရင်း, မိန်းမတို့နှင့် ရောထွေးယှက်တင်နေထိုင်ခြင်း သည်ရင်း၊ ရဟန်းဖြစ်သူအားမသင့်မြတ်သည်မဟုတ် ပါလော၊ သို့ဖြစ်၍ သင်ရဟန်း ဂေါတမသည်ရဟန်း တရားဌ် တည်သူဖြစ်ပါလျင်ယခုပင် ကျွန်ုပ်၏ဗိမာန် မှ ထွက်ပါလော့"

ဟု ပြောကြားလေ၏၊ ထိုအခါ ဘုရားရှင်သည် "ဒကာ အာဌဝက ဘီလူး ကောင်းပါပြီ" ဟု ချစ်ဖွယ်သောစကား ကိုဆိုကာ ဗိမာန်အပြင်ဘက်သို့ ထွက်ကြွတော်မူလေ၏။ နောက်တဖန် "အို-ရဟန်း ဂေါတမ ဝင်လိုက်ပါဦး" ဟု ပြောပြန်သောအခါ "ဒကာအာဌဝကဘီလူး ကောင်းပါ ပြီ"ဟုချစ်စဖွယ်စကားပြောကာဘုရားရှင်သည်ဗိမာန်တွင်းသို့ ဝင်ပြန်၏။ အာဌဝကသည် နှစ်ကြိမ်, သုံးကြိမ်မျှ ထွက်လိုက် ဦး ဝင်လိုက်ဦးဟု ပြောဆိုရာ မြတ်စွာဘုရားလည်း အာဌ ဝကဘီလူး ပြောသည့်အတိုင်းပင် လိုက်နာ ပြုလုပ်လေ၏။ ထိုအဖြစ်ကိုမြင်သောအခါ ဘီလူး၏စိတ်သည် ခက်ထန်ကြမ်း တမ်းခြင်းများပျောက်လျက် နူးညံ့သိမ်မွေ့ လာလေသည်။

ဤသို့ စိတ်နှလုံး နူးညံ့သိမ်မွေ့လာသော အာဌာဝက ဘီလူးအား မြတ်စွာဘုရားသည် တရားဟောပြော ဆုံးမလေ ရာ နောက်ဆုံး၌ အာဌဝကဘီလူးသည် သောတာပန်အဖြစ် သို့ ရောက်သွားလေသတည်း။

အာဌဝကမင်းသားလေးကို ဘီလူးထံပို့ဆောင်ရန် လာကြသော မင်းချင်းယောကျ်ားတို့သည် အာဌဝက၏ ဘုံဗိမာန်မှ သာဓုခေါ်သံကြားရသဖြင့် ဤအသံသည် မြတ်စွာဘုရားကိုထား၍ အာခြားသူတို့အား မဖြစ်နိုင်၊ ကောင်းမှုချမြတ်စွာဘုရား ကြွတော်မူခြင်းဖြစ်မည်ဟု စဉ်းစားကြကာ ရှေးကဲ့သို့ အပြင်ပတ္တင် မနေတော့ဘဲ ဗိမာန်အတွင်းသို့ ဝင်ကြသော အခါ မြတ်စွာဘုရားကိုရှင်း၊ လက်အုပ်ချီ၍ ရပ်နေသော အာဌဝက ဘီလူးကိုရှင်း၊ ပက်ပင်းပါ တွေ့မြင်ကြကုန်၏။ ထိုအခါ မင်းချင်း ယောကျ်ားတို့က "အို-ဘီလူးကြီး ဤအာဌဝကမင်းသားလေးကို သင့်အတွက် ဗလိနတ်စာပူဇော်ရန် ယူဆောင်ခဲ့ပါသည်၊ ယခုပင်ခဲမှုလည်းခဲ စားမှုလည်း စားပါလော့"ဟု ပြောဆိုကာ မင်းသားလေးကို ဘီလူးလက်သို့ ပေးအပ်ကြလေ၏။ ထိုအချိန်တွင် အာဌဝက ဘီလူးသည် သောတာပန် ဖြစ်ပြီးသောကြောင့်ရင်း၊ ဘုရားရှေမှောက်ဖြစ်သောကြောင့်ရင်း၊ အာဌဝကသည် မျှားစွာ ရှက်လေ၏။

အာဌဝကဘီလူးသည် မိမိအား ပို့ဆက်လာသော ဤအာဌဝက မင်းသားလေးကို ဘုရားရှင်အား ဆက်ကပ်၏၊ မြတ်စွာဘုရားသည် "ဤမင်းသားငယ်ကို ကြီးပြင်းအောင် ကျွေးမွေးကြပြီး ငါဘုရားအားပင်လျှင် တဖန်ပြန်၍ ပေးကြရမည်"ဟု မိန့်တော်မူကာ မင်းချင်း ယောကျ်ားတို့အား

ပြန်ပေးလေ၏၊ အရွယ်ရောက်သောအခါ ဘုရားရှင်ထံပို့အပ်ပြီး နောက် မြတ်စွာဘုရား၏ တရားကိုနာရသဖြင့် အာဌဝက မင်းသားသည် အနာဂါမ်ဖြစ်သွားလေ၏။ မြတ်စွာဘုရား သည် အာဌဝကဘီလူးအားဟောသော တရားဟောပြော ပဲ့၌ သတ္တဝါအပေါင်း ရှစ်သောင်း လေးထောင် တို့သည် အကျွတ်တရားရကြလေကုန်သတည်း။

၃။ နာဌာဂိရိဆင်ကို ဆုံးမအောင်မြင်တော်မူခြင်းဝတ္ထု

မြတ်စွာဘုရားသည် ဆရာဇီဝက ဆေးကုသပေးသဖြင့် ပကတိကျန်းမာတော်မူကာ ရှေးအတိုင်း ရဟန်းအပေါင်း ခြံရံလျက် လှည့်လည်ခံတော်မူ၏၊ ထိုအခါ မြတ်စွာဘုရား ကို မြင်ရ၍ ဒေဝဒတ်သည် "ရဟန်းဂေါတမ၏ ရုပ်ရေအဆင်း တင့်တယ်လှပခြင်းကို မြင်ရလျှင် မည်သည့်လူသားမျှ ဖျက် ဆီး သတ်ဖြတ်လိုစိတ် ရှိမည်မဟုတ်၊ အဇာတသတ်မင်း၏ နာဌာဂိရိဆင်သည်ကား ရုန့်ရင်း ကြမ်းတမ်း၍ လူကိုသတ်၏ ဘုရားတရားသံဃာ၏ ကျေးဇူးကို မသိတတ်၊ ထိုနာဌာဂိရိ ဆင်ကြမ်းမှသာ ရဟန်း ဂေါတမကို သတ်နိုင်လိမ့်မည်ဟု ကြံစည်၍ အဇာတသတ်မင်းထံသွားရောက်ပြီး ထိုအကြောင်း ကို အဇာတသတ်မင်းအား ပြောကြားလေ၏။

အဇာတသတ်မင်းသည် သဘောတူလက်ခံပြီး ဆင်ဆရာကို ခေါ်စေပြီး "အမောင်သင်သည် နက်ဖြန်ခါ နာဌာဂိရိ ဆင်ကြမ်းကို မူးယစ်အောင်ပြု၍ နံနက်စောစော၌ ရဟန်းဂေါတမကြွလာသော ခရီးတွင် လွှတ်ရမည်ဟု အမိန့်ထုတ်လေ၏။ ဒေဝဒတ်ကလည်း ဆင်ဆရာကိုခေါ်၍ "အခြားနေ့မျှားဌ် နာဌာဂိရိဆင်သည် အရက်မည်မျှသောက်သနည်းဟု မေး၍ "ဆင်ဆရာက ရှစ်အိုးသောက်ပါသည်ဘုရားဟု ပြောဆိုလျှင်" သင်သည် နက်ဖြန်ခါ နာဌာဂိရိဆင်ကို အရက် ၁၆-အိုးတိုက်၍ ရဟန်းဂေါတမကြွလာသောခရီးဌ် မျက်နှာချင်းဆိုင်လွှတ်လိုက်လော့ဟု ထပ်၍ပြောလေ၏။ ဆင်ဆရာသည်လည်း ကောင်းပါပြီဟု ဝန်ခံလေ၏။

အဇာတသတ်မင်းသည် "နက်ဖြန်ခါ နာဌာဂိရိဆင်ကို မူးယစ်အောင်ပြုပြီး မြို့တွင်းဌ် လွှတ်လိမ့်မည်။ မြို့သူမြို့သားလူအများသည် စောစောကပင် ပြုဘွယ်ကိစ္စအဝဝကို ပြုလုပ်ကြပြီး မြို့တွင်းလမ်းသို့ အသွားအလာ မရှိစေရဟု မြို့အတွင်းဌ် မောင်းကြေးနင်းခတ်၍ ကြေးကြော်စေလေ၏။ ရှင်ဒေဝဒတ်သည်လည်း နန်းတော်မှ ဆင်းသက်ခဲ့ပြီး ဆင်တင်းကုတ်သို့ သွားရောက်ပြီး ဆင်ထိန်းတို့ကို ခေါ်ယူလျက် "အမောင်တို့ ငါတို့ကား ရာထူးနိမ့်သူကို ရာထူးကြီးမြင့်အောင်ရင်း၊ ရာထူးကြီးမြင့်သူကို ရာထူးနိမ့်အောင်ရင်း ပြုလုပ်နိုင်သည့် မင်းဆရာတို့ဖြစ်သည်။ အမောင်တို့သည် ရာထူး

ဌာနန္တရ တိုးတက်လိုကြလျှင် နက်ဖြန်ခါစောစော နာဌာဂိရိ ဆင်ကို အလွန်ထက်သော အရက် ၁၆ အိုးတိုက်ပြီး ရဟန်း ဂေါတမ မြို့တွင်းဝင်သောအချိန်၌ ဆင်ကို အမျက်ထွက် အောင်ပြုလုပ်၍ ရဟန်းဂေါတမကြွလာသောခရီး၌ မျက်နှာ ချင်းဆိုင် လွှတ်၍ ရဟန်းဂေါတမကို သတ်ကြကုန်လော့ဟု ပြောဆိုလေ၏။ ဆင်ထိန်းတို့ကလည်း ကောင်းပြီဟု ဝန်ခံ ကြလေသည်။

ထိုသတင်းသည် တမြို့လုံးပြန့်နှံ့၍သွား၏။ ရတနာသုံးပါး ကို ကြည်ညိုသော ဗုဒ္ဓဘာသာ ဒါယကာ ဒါယိကာမများ တို့သည် ထိုသတင်းကိုကြား၍ မြတ်စွာဘုရားထံသို့ ဆည်း ကပ်ကြပြီး "မြတ်စွာဘုရား-ရှင်ဒေဝဒတ်သည် အဇာတသတ် မင်းနှင့် တစိတ်တည်း, တသဘောတည်းဖြစ်ကာ နက်ဖြန်ခါ အရှင်ဘုရားတို့ကြွလာမည့်လမ်း၌ နာဌာဂိရိဆင်ကြမ်းကိုလွှတ် ပါလိမ့်မည်၊ နက်ဖြန်ခါ မြို့တွင်းသို့ဆွမ်းခံမကြွဘဲ ဤဝေဠုဝန် ကျောင်းတိုက်မှာဘဲ သီတင်းသုံးနေတော် မူစေချင်ပါသည်၊ တပည့်တော်တို့သည် ကျောင်းတိုက်အတွင်းမှာဘဲ ဘုရားနှင့် တကွ ရဟန်းသံဃာတို့အား ဆွမ်းလှူကြပါကုန်အုံ" ဟု လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည်လည်း နက်ဖြန်ဆွမ်းခံမဝင်ဘူးဟု မိန့် ကြားတော်မမူဘဲ "ငါဘုရားသည် နက်ဖြန်ခါ နာဌာဂိရိဆင်

ကြမ်းကို ဆုံးမ၍ တိတ္ထိတို့ကို နှိမ်နင်းပြီး ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံမလှည့်လည်ဘဲ ရဟန်းအပေါင်းခြံရုံလျက် မြို့မှထွက်၍ ဝေဠုဝန်ကျောင်းသို့ပင် ပြန်လာအုံ့၊ ထိုအခါ ရာဇဂြိုဟ်ပြည်သား ဒကာဒကာမများလည်း ဆွမ်းအုပ်ဆွမ်းအိုးများကို ယူဆောင်၍ ဝေဠုဝန်ကျောင်းတိုက်သို့ လာကြလိမ့်မည်၊ နက်ဖြန် ကျောင်းတိုက်၌ပင် ဆွမ်းစားရခြင်း ဖြစ်ပေလိမ့်မည်”ဟု ဆင်ခြင်သိရှိတော်မူပြီး ဒါယကာ ဒါယိကာမများ၏ ပင့်လျှောက်ဖိတ်မန်ချက်ကို လက်ခံတော်မူလေ၏။ ထိုဥပါသကာ ဒါယကာတို့သည် မြတ်စွာဘုရား လက်ခံတော်မူကြောင်း သိကြ၍ နက်ဖြန် ဆွမ်းအိုးဆွမ်းအုပ်များကို ယူဆောင်ကြ၍ ကျောင်းတိုက်၌ပင် ငါတို့သည် ဆွမ်းအလှကို လှူကြကုန်အုံ့ဟု ပြောဆိုတိုင်ပင်ကြကာ ဖယ်ရှားကြကုန်၏။

မြတ်စွာဘုရားသည် ညဉ့်ဦးယံ၌ ရဟန်းတို့အား တရားဟောတော်မူ၍ သန်းခေါင်ယံအချိန်၌ နတ်ဗြဟ္မာတို့ မေးလျှောက်သည့် ပြဿနာတို့ကို ဖြေဆိုတော်မူပြီးနောက် မိုးသောက်ယံအချိန်ကို သုံးပုံသုံးစုပြု၍ ပထမအစု အချိန်၌ လျှောင်းစက်တော်မူ၍ ဒုတိယအစုအချိန်၌ အရဟတ္တဖလသမာပတ်ကို ဝင်စားတော်မူပြီး တတိယအစုအချိန်၌ မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၏။ သမာပတ်မှ ထတော်မူပြီးနောက် ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်တော်မူလျှင် နာဌာဂိရိဆင်ကိုဆုံးမရာ၌ သတ္တဝါပေါင်း ရှစ်သောင်း

လေးထောင်တို့ သစ္စာလေးပါးတရား သိမြင်၍ ကျွတ်တမ်းဝင်ကြမည့် အရေးကို သိမြင်တော်မူ၏။ ထို့နောက် ရှင်အာနန္ဒာကိုခေါ်၍ "ချစ်သားအာနန္ဒာ-ယနေ့ရာဇဂြိုဟ်ပြည် ပတ်ဝန်းကျင်ရှိ ကျောင်းတိုက်ကြီး (၁၈) တဆယ့်ရှစ်တိုက်တို့၌ နေထိုင်ကြသည့် ရဟန်းအားလုံးတို့အား ငါဘုရားနှင့်အတူ ရာဇဂြိုဟ်ပြည်တွင်းသို့ ဝင်ရောက်ကြရန် ပြောကြားလော့" ဟု၍ မိန့်တော်မူလေ၏။

ရှင်အာနန္ဒာ မထေရ်သည်လည်း မြတ်စွာဘုရားမိန့်တော်မတိုင်း ပြုလုပ်ရှက်ဆောင်တော်မူသည်။ ရဟန်းအားလုံးတို့သည် ဝေဠုဝန်ကျောင်းတိုက်၌ စည်းဝေးကြသည်။ မြတ်စွာဘုရားသည် ရဟန်းများစွာ ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူ၏။ ထိုအခါ ဆင်ထိန်းတို့သည် အဇာတသတ်မင်းနှင့် ရှင်ဒေဝဒတ်တို့ ပြောကြားထားသည့်အတိုင်း စီမံကြလေသည်။ အလွန်များပြားသော လူထုအစည်းအဝေးကြီးဖြစ်သည်။ ထိုအစည်းအဝေး၌ သဒ္ဓါတရားရှိကြသူ လူတို့သည် "ယနေ့ ဘုရား တည်းဟူသော ဆင်ပြောင်ကြီးနှင့် နာဠာဂိရိတည်းဟူသော တိရစ္ဆာန်ဆင်ပြောင်ကြီးတို့ စစ်ထိုးခြင်းပြုကြမည်၊ ငါတို့သည် ဗုဒ္ဓဆင်ပြောင်ကြီး၏ နာဠာဂိရိ တိရစ္ဆာန်ဆင်ပြောင်အား ဆုံးမတော်မူပုံကို လှလှကြီးတွေ့ရတော့မည်" ဟု ပြောဆိုကြကာ အထွတ်တပ်သောပြာသာဒ်, အထွတ်မတပ်သောပြာသာဒ် အိမ်ခေါင်မိုးတို့သို့ တက်ရောက်

ကြ၍ အသင့်စောင့်ဆိုင်းနေကြလေ၏။ သဒ္ဓါတရားမရှိသော မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့ကား- "ဤနာဠာဂိရိဆင်သည် အလွန်ကြမ်းတမ်း၍ လူကိုသတ်၏။ ဘုရား,တရား,သံဃာ၏ ကျေးဇူးဂုဏ်ကို မသိ၊ ထိုနာဠာဂိရိဆင်သည် ယနေ့ ရဟန်းဂေါတမ၏ ရှေရောင်အဆင်း ဝါဝင်းသောခန္ဓာကိုယ်ကို ဖျက်ဆီး၍ အသက်ဆုံးစေတော့မည်၊ ယနေ့ ရန်သူ၏ ကျောက်ကုန်းကို ကောင်းကောင်းကြီး တွေ့ကြရတော့မည်ဟု ပြောဆိုကြကာ အိမ်ခေါင်မိုးပြာသာဒ်ထိပ်ဖျားတို့မှ အသင့်စောင့်ဆိုင်းနေကြ၏။

နာဠာဂိရိ ဆင်ပြောင်သည်လည်း မြတ်စွာဘုရားရှင် ကွဝင်လာသည်ကို မြင်လျှင် လူများကို ထိတ်လန့်စေလျက် အိမ်များကို ချိုးဖဲ့ ဖျက်ဆီးလျက် လှည်းများကို မှုန့်မှုန့် ညက်ညက် နင်းဖျက်လျက် နှာမောင်းကို မြှောက်ချီကာ နားရွက်ဆောင်လျက် တောင်ကြီးကဲ့သို့ လှမ်းမိုး ချီတက်ကာမြတ်စွာဘုရား ရှိရာသို့ ရှေးရှု ပြေးသွားလေ၏၊ နာဠာဂိရိဆင် ပြေးလာသည်ကို မြင်ကြ၍ ရဟန်းတို့သည် မြတ်စွာဘုရားကို "ဘုန်းတော် ကြီးသော မြတ်စွာဘုရား နာဠာဂိရိ ဆင်ကြီးသည် ဤ ခရီးသို့ လာနေပါသည်၊ ဤ ဆင်သည် ဘုရား တရား သံဃာ၏ ဂုဏ်ကျေးဇူးကို မသိတတ်ပါ၊ မြတ်စွာဘုရားသည် ဖယ်ရှား စေချင်ပါသည်"ဟု လျှောက်ထားကြကုန်၏ ရဟန်းတို့ ပရောက်ကြ ကုန်လင့်၊ ငါဘုရားသည် နာဠာဂိရိ ဆင်ကို ဆုံးမနိုင်စွမ်း ရှိပါ၏ဟု မိန့်တော်မူ၏။

ထိုအခါရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော် ကြီးသော မြတ်စွာဘုရား ဖခင်အား ဖြစ်ပေါ်သော ကိစ္စသည် သားကြီး၏ တာဝန် ဖြစ်ပါသည်၊ အကျွန်ုပ်သည် နာဠာဂိရိ ဆင်ကို ဆုံးမ ပါရစေ ဟု တောင်းပန် လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားက "သင် ချစ်သားသည် အသာနေလော့" ဟု မိန့်ကာ တားမြစ်၏၊ ထို့နောက် မဟာသာဝကကြီး ရှစ်ကျိပ်တို့သည် တောင်းပန်ကြ ကုန်၏၊ ဘုရားရှင်သည် အားလုံးကိုပင် အခွင့်မပြု တားမြစ်တော် မူ၏၊ ထိုခဏ၌ သားသည်မိခင် မိန်းမတယောက်သည် နာဠာဂိရိ ဆင်ကို မြင်ရ၍ သေဘေးမှ ကြောက်လန့်ကာ ပြေးသွားလေသော် ရှင်ခွင်ဖြင့် ပိုက်လာသော သားငယ်ကို နာဠာဂိရိဆင်နှင့် ဘုရားရှင်၏ အကြားခံ စွန့်ပစ်ချထား၍ ပြေးသွား၏၊ နာဠာဂိရိ ဆင်သည် ထိုမိန်းမကို လိုက်၍ မမှီသည့် အဆုံးခံ ပြန်ဆုတ်လာပြီး သူငယ်၏ အနီးသို့ သွားပြန်လေ၏၊ ထိုအခါ သူငယ်သည် ပြင်းထန်စွာ ဟစ်အော် ငိုကြွေးလေ၏၊ ဘုရားရှင်သည် နာဠာဂိရိ ဆင်ကို ရည်မှန်းလျက် မေတ္တာတော်ဖြင့် ဖြန့်၍ ဗြဟ္မာမင်း၏ အသံတော်ဖြင့် "အို နာဠာဂိရိ သင့်ကို အရက် ၁၆-တဆယ့်ခြောက်အိုး တိုက်၍ မူးယစ်အောင် ပြုကြသည်မှာ အခြားသူကို ဖမ်းယူဘို့ရန် ပြုလုပ်ကြသည်မဟုတ်၊ စင်စစ်သော်ကား ငါဘုရားကို ဖမ်းယူသတ်ဖြတ်ရန် ပြုလုပ်ကြသည်၊ အကြောင်းမဲ့သက်သက် ခရီးသွား

များကို မနှိပ်စက်ပါလင့် ငါဘုရား ရှိရာသို့သာ ဖြောင့်ဖြောင့် လာပါလော့"ဟု ဖိတ်ခေါ်တော် မူလိုက်၏။

နာဋ္ဌာဂိရိ ဆင်ကြမ်းကြီးသည် မြတ်စွာဘုရား၏ ချိုမြိန်လှစွာသော စကားတော်ကို ကြားရလျှင် မျက်စိဖွင့်၍ ကျက်သရေ ရှိလှသော မြတ်စွာဘုရား၏ ရုပ်ပုံတော်ကို ဖူးမြော်ရသဖြင့် ထိတ်လန့် သံဝေဂ ရရှိကာ ဘုရား၏ တန်ခိုးတော်ကြောင့် အရက်မူး ကင်းပျောက်ပြီး နှာမောင်းကို အောက်သို့ တွဲရွဲချလျက် နား ၂-ဖက်ကို တဖျတ်ဖျတ် လှုပ်ရှားကာ မြတ်စွာဘုရားထံ လာရောက်၍ ခြေတော်ရင်း၌ ဝပ်စင်းခစားလေတော့၏။

ထိုအခါ မြတ်စွာဘုရားသည် နာဋ္ဌာဂိရိ ဆင်ကို "နာဋ္ဌာဂိရိ သင်သည် တိရစ္ဆာန်ဆင် ဖြစ်သည်၊ ငါကား ဘုရားတည်းဟူသော ဆင်မင်း ဖြစ်သည် ဤ အချိန်မှ စ၍ ရန့်ရင်းကြမ်းတမ်းသူ လူသတ်သူ မဖြစ်ပါလင့်၊ သတ္တဝါ အားလုံးတို့အပေါ်၌ မေတ္တာနှင့် ယှဉ်သောစိတ်ကို ရအောင် အားထုတ်လော့"ဟု မိန့်တော်မူပြီး လက်ယာ လက်တော်ကို ဆန့်တန်းလျက် ဆင်၏ဦးကင်း၌ ကိုင်တွယ်ကာ တရားဟော လေ၏၊ အကယ်၍များ တိရစ္ဆာန် မဟုတ်ခဲ့လျှင် ထိုနေရာမှာပင် သောတာပန် တည်လေရာ၏။

လူ အပေါင်းတို့သည် ထို အခြင်းအရာကို မြင်၍ ပဲ့တင်ထပ်မျှ ကောင်းချီး ပေးကြကုန်၏၊ ဘုရားရှင်သည် ဆင်မင်း

ကို ငါးပါးသီလ၌ တည်စေ၏၊ ဆင်မင်းသည် အရိုအသေပြု ပုဆစ်တုပ်လျက် နောက်သို့ဆုတ်ကာ တဖြည်းဖြည်းမိမိ ဆင်တင်းကုတ်သို့ ဝင်လေ၏၊ ထိုအခါမှစ၍အလွန်ယဉ်ကျေးသော ဆင်သူတော်ကောင်းကြီး ဖြစ်ကာ တသက်ပတ်လုံး မည်သူ တဦးတယောက်ကိုမျှ ညှဉ်းဆဲမှု မပြုတော့ချေ။ ဤသို့လျှင် ဘုရားရှင်သည် တိရစ္ဆာန်ဖြစ်သော နာဋ္ဌာဂီရိ ဆင်ကြီးကို ဆုံးမ အောင်မြင်တော် မူလေသည်။

၄-စိဥ္ဇမာနမိန်းမယုတ်ကို အောင်တော်မူခြင်းဝတ္ထု

မြတ်စွာဘုရားသည် သက်ဿမြို့တံခါးအရပ်၌ များစွာသော တရားဒေသနာတို့ကို ဟောကြားတော်မူ၍ ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ၅၀၀-နှင့်တကွ ကုဋ္ဌေသုံးဆယ်သော နတ်လူတို့အား သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်စေပြီးနောက် သက်ဿမြို့မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူလျှက် ဝေနေယျသတ္တပါတို့အား တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူလေသည်။

ထိုသို့ နေတော်မူသောအခါ စိဥ္ဇမာန အမည်ရှိသော မိန်းမယုတ်၏ မြတ်စွာဘုရားအပေါ်၌ မလျော်မလျောက်ပတ်သော စွပ်စွဲမှုကြီး ဖြစ်ပေါ်လာလေသည်။ ဖြစ်လာပုံကား....

> မြတ်စွာဘုရား ဝါတော်နှစ်ဆယ်အတွင်း၌ ဘုရားရှင်၏ တပည့်သာဝကများ တနေ့တခြား တိုးပွားဖြစ်ထွန်းရှိလာလေသည်၊ တိုးပွားဖြစ်ထွန်းလာသည့် အလျောက် မြောက်မြားစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်ကြသည်၊ ဘုရားရှင်၏ တပည့်သား ရဟန်း သံဃာများမှာ ပူဇော်သက္ကာ လာဘ်လာဘတို့ များစွာ ဖြစ်ထွန်းနေပြီး တိတ္ထိတို့သည်ကား တနေ့တခြားရေနည်းငါးပမာ တန်ခိုးအရှိန်အဝါ လာဘ်ပူဇော်သက္ကာများ တနေ့တခြား ခေါင်းပါး-ခေါင်းပါး၍ လာကြ၏။

ထိုတိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာများ ဖြစ်ပွားစေရန် ရည်ရွယ်၍ လမ်းခရီးအကြား၌ရပ်တည်၍ လူအပေါင်းကို—

> ဒကာတို့ ရဟန်း ဂေါတမသာ ဘုရားစင်စစ်ဖြစ်သလော၊ ငါတို့လည်း ဘုရားစင်စစ်ဖြစ်ကုန်၏၊ ရဟန်းဂေါတမအား လူအပ်သော အလူသည်သာ အကျိုး ကြီးသလော၊ ငါတို့အား လူအပ်သော အလူသည်လည်း အကျိုးကြီးပါ၏။ တို့ကြောင့် ငါတို့အားလည်းလူဒါန်းကြလော့....

ဟူ၍ တောင်းခံစကား ပြောကြားကြသော်လည်း ပစ္စည်းလေးဖြာ လာဘ်ပူဇော် သက္ကာကို မရရှိကြကုန် သဖြင့်

ဆိတ်ကွယ်ရာ အရပ်၌ စည်းဝေးကြပြီးလျှင် ငါတို့သည် အဘယ်သို့သော နည်းလမ်းဖြင့် လူတို့၏အတွင်း၌ ရဟန်းဂေါတမ၏ လာဘ်ပူဇော်သက္ကာကို ပျက်ပြားစေကြရပါမည် နည်း"ဟူ၍ တိုင်ပင်ဆွေးနွေးကြသည်။

ထိုအခါ၌ သာဝတ္ထိပြည်ဝယ် စိဉ္စမာနဝိကာအမည်ရှိသော ပရိဗိုဇ်မတယောက်ရှိလေသည်။ စိဉ္စမာနသည် နတ်သမီးတမျှ လှပသောအဆင်းကိုဆောင်ကာ တင့်တယ်ခြင်း ကျက်သရေ မင်္ဂလာနှင့်ပြည့်စုံ၍ ထိုသူမ၏ကိုယ်မှအရောင်များတဖြတ်ဖြတ် ထွက်ပေါ်လျက်ရှိ၏။ ထိုသို့ တိတ္ထိများ ဆွေးနွေးတိုင်ပင်ကြသောအခါ၌ ရက်စက်ညစ်ညမ်းကြမ်းကြုတ်သော အကြံအစည်ရှိသည့်၊ တိတ္ထိတဦးက—

> "စိဉ္စမာနပရိဗိုဇ်မကို အစဲပြု၍ ရဟန်း ဂေါတမ၏ မကောင်းသတင်းကို ဖြစ်ပေါ်စေပြီးလျှင် ထိုရဟန်း ဂေါတမ၏ လာဘ်ပူဇော်သက္ကာရကိုပျက်ပြားစေကြကုန်စို့"

ဟူ၍ အကြံပေးတိုင်ပင်စကား ပြောကြားသောအခါ ကျန်တိတ္ထိအားလုံးတို့က "ဤနည်းလမ်းကား ရဟန်းဂေါတမ၏ လာဘ်လာဘ ပျက်ပြားကြောင်း နည်းလမ်းကောင်းဖြစ်သည်"ဟု တညီတညွတ်တည်း သဘောတူ လက်ခံကြလေသည်။

ထိုနောက် စိဥ္ဇမာနပရိဗိုဇ်မသည် တိတ္တိတ္ဂို၏အာရာမ်သို့ သွားရောက်လျက် ရှိခိုးဝတ်ပြုရပ်တည်သော်လည်း တိတ္တိတ္ဂိုက စကားမပြောဘဲ နေကြကုန်သည်၊ စိဥ္ဇမာနသည် ငါ့မှာ ဘယ်လိုအပြစ်များရှိပါလိမ့်"ဟု စဉ်းစားကာ—

"အရှင်ဘုရားတို့ တပည့်တော်မမှာ မည်သို့သော အပြစ်ရှိပါသနည်း၊ အဘယ့်ကြောင့် အရှင်ဘုရားများသည် တပည့်တော်မနှင့် စကားမပြောဘဲနေကြပါသနည်း"ဟု—

တိုက်ရိုက်ပင်မေးမြန်းလေ၏။ တိတ္တိတ္ဂိုက—

"နှမစိဥ္ဇမာန ငါတို့ကို ရဟန်းဂေါတမကနှိပ်စက်ညှဉ်းပန်းကာ လာဘ်လာဘ ခေါင်းပါးအောင် ပြုလုပ်ပြီး လှည့်လည် ကျက်စား သွားလာနေသည် ကိုသင်မသိသလော"ဟု အပြစ်တင်စကားပြောကြားသောအခါ"

အရှင်ကောင်းတို့ ထိုအကြောင်းကိုတပည့်တော်မ မသိရပါ၊ ဤကိစ္စမှာ တပည့်တော်မသည် အဘယ်သို့သော အမှုကိစ္စအဝဝကို ပြုလုပ်ဆောင်ရွက်ရမည်နည်း"ဟု မေးမြန်းလေ၏။

ထိုအခါ တိတ္တိတ္ဂိုက "နှမစိဥ္ဇမာနသင်သည် ငါတို့၏ ချမ်းသာရေးကိုအလိုရှိပါလျှင် မိမိကိုယ်ကိုအစွဲပြု၍ ရဟန်း

ဂေါတမ၏ မကောင်းသတင်းကို ဖြစ်စေပြီး ချင်း၏ လာဘ်ပူဇော်သက္ကာကိုပျက်ပြားစေလော့'' ဟု ပြောဆိုကာ တာဝန်ပေးကြ၏။

စိဉ္ဇမာနသည် ''ကောင်းပါပြီ အရှင်ကောင်းတို့ ဤကိစ္စအဘွက် တပည့်တော်မ၏ တာဝန်ထားလိုက်ပါ၊ အရှင်ကောင်းတို့သည် ထွေရာလေးပါး အကြံများ၍ မနေကြပါကုန်လင့်'' ဟု ရဲရဲတောက် တာဝန်ယူစကား ပြောကြားပြီးလျှင် တိတ္ထိတို့အရာမ်မှ ထွက်ခွါလာခဲ့လေသည်။ စိဉ္ဇမာနသည် မိန်းမမာယာတို့၌ လိမ္မာပါးနပ်သူ ဖြစ်သောကြောင့် ထိုအခါမှစ၍ သာဝတ္ထိပြည်သူ လူအပေါင်းတို့ တရားနာပြီး၍ ဇေတဝန်ကျောင်းတိုက်မှ ထွက်ကြသောအချိန်၌ နီမြန်းသောအဝတ်ကို ဝတ်လျက် နံ့သာပန်း စသည်ကို လက်စွဲကာ ဇေတဝန်ကျောင်းတော်သို့ သွားလေရာ လမ်း၌တွေ့သူ လူအများက-

''အို စိဉ္ဇမာန သင်သည် ယခုမိုးချုပ်ခါနီးမှ ဘယ်အရပ်သို့ သွားမည်နည်း'' ဟု မေးကြလေလျှင် စိဉ္ဇမာနသည်....

''အကျွန်ုပ် သွားမည့် အရပ်ကို သိသဖြင့် သင်တို့မှာ အဘယ်အကျိုး ရှိအံ့နည်း'' ဟု

ထင်မှားဘွယ်ရာ စကားကို ပြောကြား၍ ဇေတဝန်ကျောင်းတိုက်၏အနီး တိတ္ထိတို့ ကျောင်းအရာမ်၌ ညဉ်

အိပ်နေပြီးလျှင် စောစောစီးစီး မြတ်စွာဘုရားကို အလျှင်ဦးအောင် ဖူးမြော်ကုန်အုံ့,ဟု သာဝတ္ထိမြို့မှ ဥပါသကာ ဒါယကာတို့ ထွက်သောအချိန်၌ ဇေတဝန်ကျောင်းဝယ် ညဉ့်အိပ်နေခဲ့သည့် ပုံသဏ္ဌာန်ပြု၍ သာဝတ္ထိမြို့တွင်းသို့ ဝင်လေ၏။ လမ်း၌ တွေ့သူ လူအများက....

"အို.... စိဉ္စမာန သင်သည် အဘယ်အရပ်၌ ညဉ့်အိပ်ခဲ့သနည်း"ဟု မေးကြသောအခါ....

"ကျွန်တော်မ အိပ်ခဲ့သည့် နေရာကို သိသဖြင့် သင်တို့အား အဘယ်အကျိုး ရှိမည်နည်း၊ ကျွန်မ အိပ်ခဲ့သည့် နေရာကို သိသော်လည်း သင်တို့မှာ ဘာအကျိုးမှ မရှိပါဘူး၊ မသိချင်ကြပါနှင့်"

ဟူ၍ ယုံမှားဖွယ်ရာ စကားကို ပြောကြားလေသည်။

ဤနည်းအတိုင်း နေ့စဉ်သွားလာ ပြောဆို၍ တလခန့် ကြာသောအခါ လမ်း၌ တွေ့သူများက် ရှေးနည်းအတူ မေးကြသောအခါ စိဉ္စမာနသည်....

"ကျွန်တော်မသည် ဇေတဝန် ကျောင်းတိုက်အတွင်းမှာ ဂန္ဓကုဋီကျောင်းတခုထည်း၌ ရဟန်းဂဝါတမနှင့် အတူအိပ်ခဲ့ပါသည်"

ဟု စုပ်စဲ့စကား ပြောကြားစ ပြုလာ၏။ ထိုစကားကို ကြားရသူ လူသာမန်တို့၏ စိတ်ဌာ ဤအကြောင်းသည် မှန်မျှား မှန်လေသလော၊ မမှန်ဘဲမျှား ရှိလေသလော,ဟု သို့လော သို့လော တွေးတော ယုံမှားခြင်းကို ဖြစ်စေ၍ သုံးလေးလ လွန်သောအခါ၌ကား.... ပုဆိုးကြမ်း အနှီးစ တို့ဖြင့် ရင်ကို ရစ်ပတ်ကာ 'မိမိကိုယ်ကို ကိုယ်ဝန်ဆောင် မိန်းမအသွင် ပြု၍ အပေါ်က နီမြန်းသော အဝတ်ကို ဝတ်ရုံလျက် "ရဟန်းဂေါတမကို အစဲ့ပြု၍ ကျွန်တော်မသည် ကိုယ်ဝန်ကို ရခဲ့ပါသည်"ဟု ဉာဏ်ပညာမဲ့သူ လူအပေါင်း ရှေ့တွင် ဘုရားရှင်အား စုပ်စဲ့စကား ပြောကြားခဲ့လေသည်။

ဤနည်းဖြင့် ရှစ်လ,ကိုးလ လွန်သောအခါ၌ စိဉ္ဇမာနသည် ဘကယ်ကိုယ်ဝန် အရင့်အမာပုံဟန် ဘဲဥထက်ခြမ်းပုံ သစ်သားဝန်း(ပျဉ်ချပ်)ကို ရင်၌ ဖွဲ့ချည်ပြီးလျှင် ထိုအထက်၌ နီမြန်းသော အဝတ်ကို ဝတ်ရုံကာ လက်ဖမိုး,ခြေဖမိုးတို့ကို နှားမေးရိုးဖြင့် ထုနှက်၍ ခြေလက်များ အမ်းနေသည့် အဟန် ဘုစ္စာ ဖန်ပြီး မျက်စိ,နား,နှာ ဦးခြေများ ပင်ပန်းနွမ်းနယ် နေသည့် အဟန်ဖြင့် ညနေချမ်း အခါဝယ် - မြတ်စွာဘုရားရှင် ပလွင်တော်၌ ထိုင်လျက် ပရိသတ် လေးပါးအား တရားသဘင် ဆင်ယင် ကျင်းပရာ နေရာသို့ သွားရောက်ပြီးလျှင် မြတ်စွာ ဘုရား၏ ရှေတည့်တည့်မှ ရပ်၍ စိဉ္ဇမာနသည်....

ရဟန်းကြီး သင်သည် လူအများတို့အား တရားဟောကာ နေဘိ၏၊ သင်၏နှုတ်ခမ်းများကားစေ့စပ်လှဘိ၏၊ကျွန်တော်

မမှာတော့ သင်ရဟန်းကြီးကိုစဲ့ချ ကိုယ်ဝန်ရရှိကာ ယခု အခါ ရင့်ကျက်သော ကိုယ်ဝန်ရှိသူဖြစ်ရလေပြီ၊ သင်ရဟန်း ကြီးသည် ကျွန်တော်မအတွက် သားဖွားရန် အိမ်ကိုလည်း မစည်းစား၊ ထောပတဆစ်သည်ကိုလည်း မစည်းစားနေအား ဘိ၏။ ထိုကိစ္စများကို ကိုယ်တိုင်မပြုလျှင်လည်း မိမိ၏အလုပ် အကျွေး ဒါယကာ-ဒါယကာမများ အနက် ကောသုလ မင်းကြီးကိုဖြစ်စေ, အနာထပိဏ်သူဌေးကိုဖြစ်စေ, ဝိသာခါ ကျောင်းအမကိုဖြစ်စေ တဦးဦးကို ဤစိဉ္စာမာနအတွက် ပြုလုပ် သင့်သည်ကို ပြုလုပ် စောင့်ရှောက်လိုက်ပါ"ဟု အပ်နှင်း ပြောဆိုသင့်၏။ ထိုသို့လည်း မပြောကြားခဲ့၊ သင်ရဟန်း ကြီးကား မွေ့လျော်ပျော်ပါးဖို့ရန်သာ စဉ်းစား၍ ကိုယ်ဝန် သားကို စောင့်ရှောက်ရန်ကိုကား မစဉ်းစားသူဖြစ်၏ဟူ၍ မြတ်စွာဘုရားရှင်ကို ပရိသတ်လေးပါး အလယ်၌ အကြီး အကျယ် စွပ်စွဲဆဲရေးစကား ပြောကြား လေတော့သည်။ မြတ်စွာဘုရားရှင်သည် ဟောနေရင်းစွဲတရားစကားကို ခေတ္တ ရပ်နား၍ ခြသေ့မင်းကဲ့သို့ရဲတင်းသောအသံကိုဖြစ်စေလျက်-

နှမစိဉ္စာမာန သင်ယခု ပြောကြားအပ်သော စကား၏ မှန်သောအဖြစ် မမှန်သောအဖြစ်ကို သင်နှင့် ငါတို့သာ သိကြ ကုန်၏"ဟုမိန့်ဆိုတော်မူလေ၏။စိဉ္စာမာနသည်လည်း အလျှော့ မပေးဘဲ "ဟုတ်ပါ!သည်ရဟန်းကြီး သင်နှင့်ငါတို့ ၂-ဦးသာ သိကြသောကြောင့် ယခုလို ကိုယ်ဝန်ရင့်မာမှုဖြစ်ရလေသည်" ဟု တဖန်ထပ်၍ စွပ်စွဲပြန်လေသည်။

သိကြားမင်း မနေသာ

ထိုခဏ၌ သိကြားမင်း၏နေရာ ပဏ္ဍုကမ္မလာ မြကျောက်ဖျာသည် ပူနွေးသောအုံ့ခြင်းအရာကို ပြလေ၏။ သိကြားမင်းသည် အကြောင်းကိုဆင်ခြင်လတ်သော် "စိဠမာနမိန်းမယုတ်သည် ဘုရားရှင်အား မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲဆဲရေးဘိ၏"ဟုသိ၍ ဤအကြောင်းဝတ္ထုကို လူထုပရိသတ်အလယ်၌ စင်ကြယ်အောင် ငါဖြေရှင်းမည်"ဟု ကြံစည်ဆင်ခြင်ကာ နတ်သား ၄-ယောက်တို့နှင့်အတူတကွ မြတ်စွာဘုရားရှင်တရားဟောရာဌာနသို့ လာရောက်လေ၏၊ နတ်သား ၄-ယောက်တို့သည် ကြွက်ငယ်အရောင်ဆောင်ကြ၍ စိဠမာနဖွဲ့ချည်ထားသော သစ်သားဝန်း (သစ်သား ပျဉ်ချပ်)၏ ကြိုးများကိုတပြိုင်နက် ကိုက်ဖြတ်ကြကုန်၏၊ စိဠမာနဝတ်ရုံထားသောအဝတ်ကိုလည်း လေသည် အထက်သို့ တိုက်လွှင့်လေ၏၊ သစ်သားဝန်း-သစ်သားပျဉ်ချပ် ဖွဲ့စည်းထားသော ကြိုးများ ပြုတ်၍ကျသောအခါ စိဠမာန၏ ခြေဖမိုးထက်၌ ကျသဖြင့် ခြေဖျား ၂-ဖက်တို့ကျိုးကုန်၏။

တရားနာသူလူအပေါင်းတို့သည် "ဟယ်...အယုတ်တမာမနင်ကား မြတ်စွာဘုရားကို စွပ်စွဲ ဆဲရေးဘိ၏"ဟု ပြောဆိုကြကာ ဝိုင်း၍ ဦးခေါင်း၌ တံတွေးထွေးကြပြီး ခဲဒုတ်လှင်ကန် စသည်လက်ဆဲလျက် စိဠမာနကို ဇေတဝန်ကျောင်း

တိုက်အတွင်းမှ ဆွဲထုတ်ကြကုန်၏။ ထိုအခါ စိဠုမာနအား မြတ်စွာဘုရား မြင်လောက်သောအရပ်ကိုလွန်လျှင်ပင် မဟာ ပထဝီမြေကြီးကား ကွဲ၍ အပေါက်ကို ပေးလေသည်။ ထိုအပေါက်ထဲမှ အဝီစိငရဲမီးလျှံကြီး တက်၍လာလေသည်။ စိဠုမာနသည် ကြောက်မက်ဖွယ်ကောင်းသည့်အဝီစိမီးလျှံဖြင့် ဝန်းရံဖုံးလွှမ်းကာ ထိုအပေါက်မှသွား၍ မဟာအဝီစိငရဲ ကြီးဌာဖြစ်လေတော့၏။ ထိုအခါမှစ၍ တိတ္ထိတို့၏ ယုတ်မာ ကြောင်းကို လူများအပေါင်း သိရှိကြသဖြင့် တိတ္ထိတို့အား လာဘ်ပူဇော်သက္ကာရသည် ရှေးကထက်တိုး၍ လျော့ပါး ဆုတ်ယုတ်လေ၏။ မြတ်စွာဘုရားရှင်ကား လာဘ်ပူဇော် သက္ကာရသည် ရှေးကထက်တိုး၍ အတိုင်းမသိ မျှားပြားလေ တော့၏။

၅-အင်္ဂုလိမာလ ခိုးသူကြီးကို အောင်မြင်တော်မူခြင်း ဝတ္ထု

မြတ်စွာဘုရားသည် အင်္ဂုလိမာလ အမည်ရှိသော ခိုးသူ ကြီးကို ဆုံးမ အောင်မြင်တော် မူသော အကြောင်းကား အောက်ပါ အတိုင်း ဖြစ်သည်။

ကောသလတိုင်း သာဝတ္ထိ ပြည်၌ ပသေနဒီ ကောသလ မင်းကြီး၏ ပုရောဟိတ် ဖြစ်သော အန္ဓက ပုဏ္ဏားသည် ရှိ၏။

ထိုပုဏ္ဏား၏ မယားကား မန္တာနီ မည်သော ပုဏ္ဏေးမတည်း၊ တရံသော အခါ ထိုမန္တာနီ ပုဏ္ဏေးမ၏ ဝမ်းဝယ် ပဋိသန္ဓေ ကိုယ်ဝန် ငြိတွယ်၍ ဆယ်လစေ့သော အခါ အဆင်းအင်္ဂါနှင့် ပြည့်စုံသော သား ယောကျ်ားကို ညဉ့်အခါ၌ ဖွါး၏၊ ထို သား ဖွါးသည်နှင့် တပြိုင်နက် တိုင်းသူပြည်သား တို့၏ သုံး ဆောင်ရာ လက်နက် ကိရိယာတို့သည် အလျှံအဝါ တောက်ပ ကုန်၏၊ မင်း၏ နန်းတော်၌ ထားအပ်ကုန်သော ဓား လှံ သန် လျက် စသော လက်နက်တို့၏ အရောင်အဝါ သည်လည်း တပြောင်ပြောင် တောက်ပကုန်၏၊ ပုရောဟိတ် ပုဏ္ဏားသည် သားဖွါးသော ခဏ၌ထွက်၍ နက္ခတ်ကို ကြည့်ရှုသော် စောရ (သူခိုး) နက္ခတ်နှင့် ယှဉ်သည်ကို မြင်၍ ငါ့အိမ်၌ မွေးဖွါး သော သားသည် ခိုးသူကြီး ဖြစ်လတ့ံဟု သိ၍ မိမိအန္တရာယ် မရှိခြင်းကို ပြုလိုသောကြောင့် နံနက်စောစော ကောသလ မင်းကြီးထံ ဝင်၍—

"အရှင်မင်းမြတ် ယနေ့ည ချမ်းသာစွာ အိပ်တော်မူရ ပါ၏ လော" စသည်ဖြင့် မေးလျှောက်၏၊ မင်းကြီး လည်း—

"ဆရာ ချမ်းသာစွာကား အိပ်ရပါ၏၊ သို့ရာတွင် နန်းတော် ပတ်ဝန်းကျင်၌ ထားသော ဓား လှံ သန်လျက် လက်နက် အပေါင်းတို့သည် အလျှံအဝါ

တောက်ပ ကုန်၏၊ အကြောင်း အသို့ရှိ အံ့နည်း၊ အသက် အန္တရာယ်လော၊ တိုင်းပြည်၏ အန္တရာယ်လော ဟု မေး၏၊

ပုဏ္ဏားကလည်း "အရှင်မင်းကြီး စိုးရိမ်တော် မမူလင့်၊ မင်း၏ အန္တရာယ်လည်း မဟုတ် ပြည်၏ အန္တရာယ်လည်း မဟုတ်၊ အကျွန်ုပ်၏ အိမ်၌ ယနေ့ညဉ့် သူငယ်ကို ဖွား၏၊ ထိုသူငယ်သည်ခိုးသူဖြစ်လတံ့သောပုဗ္ဗနိမိတ်တည်း။ နန်းတော်တွင်း၌ ရှိသော လက်နက် ကိရိယာ တို့သာ အရောင်အဝါ တောက်ပသည် မဟုတ်၊ တပြည်လုံး၌ ရှိသော လက်နက်ဝေးလုံတို့ပင် အရောင်အဝါ တောက်ပ၏" ဟု ပြောပေသော်—

"အချင်း ပုရောဟိတ် ထို သူငယ်သည် တယောက်တည်းသော ခိုးသား ဖြစ်အံ့လော၊ ခြေရံအများနှင့် တိုင်းကားနိုင်ငံကို ပုန်ကန်သော ခိုးသား ဖြစ်အံ့လော" ဟု မေးပြန်၏။

"အရှင်မင်းကြီး တယောက်တည်းသော ခိုးသား ဖြစ်လတံ့" ဟု ဆိုပြီးလျင်—

"အရှင်မင်းမြတ် နောင်သော အခါ အကျွန်ုပ် တို့အား အပြစ်ဆိုတော် မမူရအောင် ယခုကပင် ဤ ခိုးသားသူငယ်ကို ပယ်တော် မူလော့ဟု" လျှောက်၏။

မင်းကြီးကလည်း တယောက်တည်းသော ခိုးသားဖြစ်မူ အဘယ်မှု၍ ဂရုပြုတော့ အံ့နည်း စပါးတသိန်း ထုတ်သော

လယ်၏ အတွင်း၌ တနှံတည်းသာ သီးသကဲ့သို့သာ ဖြစ်ရာသည် မဟုတ်ပါလော၊ ကောင်းမွန်စွာ ကျွေးမွေး စောင့်ရှောက် ပါလော့ဟု ဆို၏၊ ထိုအခါမှ စ၍ ပုဏ္ဏားလည်း ကြောင့်ကြမဲ့ မွေးမြူ၏။

အမည်ကို မှည့်သောအခါဝယ် ဤသူငယ်သည် ငါတို့အမျိုးအနွယ်ကို မညှဉ်းဆဲလတံ့ ဟူသော အတိတ်နိမိတ်ကို ယူ၍ "အဟိံသက" (မညှဉ်းဆဲသူ)ဟူသော အမည်ကို မှည့်၏။ ထိုသူငယ် အရွယ်ရောက်သောအခါ အတတ်ပညာကို မိမိပင် သင်ပြနိုင်သော်လည်း အဝေးမြို့ရွာ၌ ထားခြင်းသည် ဇာတိမာန်ကျခြင်း, ပညာကို လုံ့လပြု၍ သင်ခြင်း, မိတ်ဆွေခင်ပွန်းများနှင့် လိုက်လျောတတ်ခြင်း, အရပ်ဒေသကို ကျွမ်းကျင်ခြင်း စသော အကျိုးများကြောင့် အမျိုးကောင်းသားတို့သည် မိဘနှင့်ငေးခြားရာ၌သာ ပညာသင်စေမြဲဖြစ်ရကား တက္ကသိုလ်ပြည်သို့သွား၍ ဒိသာပါမောက္ခ ဆရာကြီးထံ၌ ဓမ္မန္တေဝါသိက တပည့်ပြု၍ အတတ်သင်ချေဟု စေလိုက်၏။

အဟိံသက သတို့သားသည်လည်း မိဘတို့စေလိုက်တိုင်းသွား၍ ဒိသာပါမောက္ခ ဆရာ့ထံသို့ ရောက်လျှင် ဆည်းကပ်၍ အတတ်ပညာကို သင်ယူ၏။ ဆရာ့အစီးအပွားဖြစ်သော ဝတ်ကြီးဝတ်ငယ်တို့ကိုလည်း အလွန်ဆောင်ရွက်၏။

ဆရာ နှစ်သက်ဖွယ်သော စကားကိုသာဆိုလျက် အရာ့အလို သို့လိုက်သော အနီးနေတပည့်ပြုလျက် တ နေ့ တ ရက် မျှ မပြတ်မလပ်အောင် မှတ်နာသင်ယူ၏။ ထိုသူရောက်သည့် အခါမှစ၍ အခြားတပည်တို့သည် ဆရာ့ကိစ္စကို ဆောင်ရွက် ခွင့်မရ, ပြင်ပ ဗာဟိရသာ ဖြစ်ကုန်၏။ ဒိသာပါမောက္ခ ဆရာလည်း အဟိ သကအား ရင်ဝယ်သားကဲ့သို့ သနား လေးမြတ်သည်ဖြစ်၍ အတတ်အမျိုးမျိုးတို့ကိုပင် သင်စေရ ကား သူတပါးထက် ကဲလွန်၍ တတ်၏။

ထိုအခါ ရှေးဦးစွာ နေလင့်သော တပည့်တို့သည် ဤ သို့ တိုင်ပင်ကုန်၏။ ဤအဟိ သက ရောက်သည်မှစ၍ ဆရာ သည် ငါတို့အား သတိမရသကဲ့သို့ဖြစ်၏။ ဤသူ့ကို ဆရာနှင့် ကင်းကွာအောင် ငါတို့အဘယ်သို့ပြုရအံ့နည်း။ အားလုံးသော တပည့်တို့ထက် ထက်သောဉာဏ်ပညာရှိရကား ပညာမဲ့ဟု ဆိုခြင်းငှါလည်း မတတ်ကောင်း၊ ဆရာ့ဝတ်ဌ အလွန်ပြုစု လိမ်မာသူဖြစ်ရကား ဝတ်နှင့်မပြည့်စုံဟု ဆိုငြားကလည်း မတတ်ကောင်း၊ အမျိုးမြင့်မြတ်သူဖြစ်ရကား အမျိုးညံ့ဟူ၍ လည်းဆိုခြင်းငှါ မတတ်ကောင်းချေ။ ဤသူ မနေရအောင် ဆရာ၏မယားနှင့်စပ်စဲ့၍ ပြောဆိုမှုသာ သင့်ချေမည်ဟု တိုင် ပင်ကြပြီးလျင် လူကိုသုံးစုခဲ့၍ တစုသောသူတို့သည် ဆိတ်ငြိမ် သောအခါ ဆရာ့ထံသို့ကပ်၍ ရှိခိုးလျက် ရပ်ကုန်၏။ ဆရာက "တပည့်တို့ အဘယ့်ကြောင့် လာကြသနည်း"ဟု မေးသော်

ကျွန်ုပ်တို့သည် တခုသောစကားကို လျှောက်ကြားခြင်းငှါ လာပါသည်ဟု ဆို၏။

အဘယ်ကို ကြားလိုသနည်းဟုမေးလျှင် ဆရာချစ်သော အဟိ သကသည် ဆရာ့မိန်းမနှင့် ချစ်ကျမ်းဝင်၍ ဆရာကိုပင် ပြစ်မှားအံ့ကြံသည်ဟု ကျွန်ုပ်တို့ထင်ပါသည်ဟူ၍ လျှောက်၏။ ဒီသာပါမောက္ခဆရာလည်း မယုံကြည်ဘဲ ဒေါသအမျက် ချောင်းချောင်းထွက်လျက် ဟယ်သူယုတ်တို့ ငါ့သားကိုငါနှင့် ကွဲပြားအောင် အဘယ့်ကြောင့်ကုန်းတိုက်ကြသနည်းဟု ဆို၍ တံတွေးဖြင့်ထွေးလိုက်၏။ ထို့နောက် တသင်းသောတပည့်တို့လည်း ထိုနည်းတူပင် ပြောဆိုကြ၏။ တတိယ အသင်းလည်း ထိုနည်းတူပင် ပြောဆိုကြ၏၊ ပြောဖန်များသောအခါ ဆရာလည်း အဟိ သက၏အမှုအရာကိုကြည့်ကာ ဆင်ခြင်စဉ်းစား၏၊ ထိုအဟိ သက ကိုကား ဆရာသာလျှင် ချစ်ခင်သည်မဟုတ် ဆရာ့မယား, သမီးသားနှင့် အားလုံးတို့ကပင် ချစ်ခင်ကြရကား ကျမ်းဝင် ရောပြွမ်းသည်သာ ဖြစ်၏။ ဆရာလည်း ရောရောနှောနှောနေကြသော အမှုအရာကိုမြင်လျှင် ဟုတ်နိုးအံ့ထင်၍ သတ်ချင်သောစိတ်သည် ဖြစ်ပေါ်လာ၏။ အကယ်၍ ငါသည် ဤအိမ်တွင် အဟိ သကကို သတ်သည်ဖြစ်အံ့၊ ဒီသာပါမောက္ခဆရာသည် မိမိထံမှာ အတတ်ပညာသင်လာသော တပည့်ကိုပင် သတ်သည်ဟု အရပ်ရပ်နေပြည်တော် ကြား၍မျှမလျော်ဖြစ်ပြီး ငါ၏ထံသို့တပည့်တို့မရောက်လာလတံ့။

ဤသို့မရောက်သော် ငါ့အား လာဘ်ပူဇော်သက္ကာသည် ဆုတ်ယုတ်လတံ့။ တစုံတခုသော ပရိယာယ်ဖြင့် ဤသူငယ် ငါ့ထံမှခွာသွားရ၍ သူတပါး သတ်လွယ်အောင် ပြုတော့အုံဟု ကြံ၍ ဘရုံရောအခါ အဟိ သကကိုခေါ်ပြီးလျှင်

"ချစ်သား အဟိ သက သင်ကဲ့သို့ အမျိုးလည်း မြတ်၊ ဝတ္တရားလည်းကျေ၊ ပညာလည်း တော်ပြီး လိမ္မာလှသော တပည့်ကောင်းကို အလွန်တရာရခဲ၏! ထို့ကြောင့် သင့်အား ပညာကိုချန်မထားဘဲ ငါ တတ်သမျှအတတ်ကို သင်အုံ၊ သို့ရာတွင် ပူဇော်ဘွယ် အထူးဖြင့် လွန်စွာပူဇော်မှ ငါအကုန်သင်ထိုက်သည်၊ သင်ပူဇော်နိုင်အုံလောဟု ဆို၏။

ထိုအခါ အဟိ သကလည်း ဆရာအဘယ်သို့ ပြုရမည်ကို သာ ပြောပါလော့၊ ကျွန်ုပ်ပူဇော်ပါအုံဟု ဝန်ခံလျှင်-

"သင်ချစ်သားသည် ငါအား လူ၏လက်ညှိုး တထောင်ဖြင့် ပူဇော်မှ သင်ရလိမ့်မည်"ဟု ဆို၏။

ထိုစကားကိုကြားလျှင် အဟိ သကလည်း ဆရာမစိုးရိမ်လင့် အမြန်ပင် ပြည့်စုံစေအုံဟု ဆို၍ ဆရာကို ရှိခိုးပြီးသော် ကြီးစွာသော သန်လျက်,လှံ,ဓါး,လေးမြားမီးပေါက်ဟူသော

လက်နက်ငါးပါးကို စွဲလျက် မြို့မှထွက်ခဲ့၍ တခုသောတော အုပ်ဌာနေပြီးလျှင် ခရီးသွားကုန်သော မိန်းမ,ယောကျ်ားတို့ အား ဖမ်းကာ ဖမ်းကာလုတ်လျက် လက်ညှိုးနှစ်ချောင်းကို သာယူ၏။ မူလပင်ကိုယ်က အလွန် ပညာရှိသောသူ ဖြစ်သော်လည်း သူ့အသက်သတ်ခြင်းဌာ မျှားစွာ အလေ့အလာ ပြုလျက်ရှိသောကြောင့် စိတ်မျှားမတည်မငြိမ် ပျံ့လွင့်လျက် ရှိရကား ရလာသော လက်ချောင်းကိုပင် မရေ မတွက်ဘဲ သစ်ခက် သစ်ခက်စသည်တို့ဌာသာစုထား၍ ကျီးငှက်စသည်တို့ စားသဖြင့် ထားတိုင်း ထားတိုင်း ပျောက်သည်သာ ဖြစ်လေသော် ဤသို့ထားသဖြင့် မသင့်သေး၊ ရသမျှလက်ညှိုးကို ကြိုးဖြင့်သီ၍ ပန်းကုံးကဲ့သို့ လည်တွင်ဆွဲထားမှ ငါ့အားပြည့် စုံလွယ်လိမ့်မည်ဟု ကြံလျက် တဖန်သတ်၍ရသမျှလက်ချောင်း ကို ကောင်းစွာသီ၍ လည်ဌာဆွဲထား၏၊ ထိုအခါမှစ၍ အင်္ဂုလိ မာလဟူသော အမည်ကို လူတို့ခေါ်ကြကုန်၏။ ထိုတောအုပ် သို့ ထင်းခုတ် ဟင်းရွက်ခူးမျှသာ ဝုံသောသူမည်သည် တစုံ တယောက်မျှမရှိ၊ တောအုပ်သည် တိတ်ဆိတ်ငြိမ်သက်ခြင်းသို့ ရောက်၏။

အင်္ဂုလိမာလခိုးသားသည်လည်း ခရီးသွားလူသူ မရှိလျှင် ညအခါ၌ ရွာတွင်းသို့ဝင်၍ အိမ်ကွင်ပိတ်ထားသော ဆူးတပ် တံခါးကိုခွန်လွှားဖျက်ဖေါက်၍ ယောကျ်ားမိန်းမ ဖမ်းဆီး မိသမျှသောသူကိုသတ်၍ လက်ညှိုးနှစ်ခုကိုယူ၏။ လူတို့စုရုံး၍

လိုက်သောအခါ လျင်စွာသော အဟုန်ဖြင့်ပြေး၍ မိမိတော အုပ်သို့ဝင်နေ၏၊ သုံးယူဇနာရှိသော ခရီးကို တဟုန်တည်း ပြေးနိုင်သော စွမ်းပကားသတ္တိရှိရကား မည်သူမျှ လိုက်လံ ဖမ်းဆီးခြင်းငှါမစွမ်းနိုင်၊ ဘစုံတယောက်သောသူကိုမြင်လျှင် လက်တွင် စဲမြဲသော ဓားသန်လျက်ကို စက်ရဟတ်ကဲ့သို့ ပတ်ပတ်ခြာခြာလည်စေလျက် ကြွက်ကိုလိုက်သောကြောင့်, သားကောင်ကိုလိုက်သော ကျားကဲ့သို့ ကွန့်လှား ခုန်ပျံ၍ နံဘေးတင်သားကို လက်ဝါးဖြင့်ပုတ်လျက် တခဏချင်း ပြေးလာ၍ ဦးခေါင်းကိုသာဖြတ်လေ၏။ ဤနည်းဖြင့် ညဉ့်ဦး ရင်း, နေ့ဦးရင်း နေ့တိုင်းနေ့တိုင်း ယူလေသောကြောင့် ကျေးရွာငယ်အများပျက်စီး၍ ရွာကြီးများတွင်ပေါင်းရုံး၍ နေကြကုန်၏၊ ရွာကြီးတို့၌ ထို့အတူ ဝင်၍ယူပြန်လျှင် လူအများတို့သည် သားငယ်မြေးတဲ့ပြေးဆဲ့ကြ၍သာဝတ္ထိမြို့၏ အနီး၌သာ ဆူးတပ်လုံစွာဖြင့် ကာရံ၍နေကြ၏။ ထိုသို့ နေပြီးသော် မင်းကြီးထံသို့သွား၍—

> "အရှင်မင်းကြီး အဂုံလိမာလမည်သောခိုးသားသည် မြင်မြင်သမျှသော မိန်းမ ယောကျ်ားတို့ကိုသတ်၍ အရပ်ရပ်ကျေးရွာတို့ များစွာပျက်စီးကုန်ပြီ၊ ဤခိုးသူ ကို ဖမ်းယူ ပယ်ရှားတော်မူပါဟု လျှောက်ထား ကြ၏။

ကောသလမင်းကြီးလည်း သတင်းကြားသည်နှင့် အလွန်ထိတ်လန့်ရကား မဖမ်းဝံ့ငြားသော်လည်း တိုင်းသူပြည်သားလူအများတို့စိတ်သက်သာရာ ရစေရန်အတွက် "သင်တို့ မဝိုးရိမ်ကြလင့်၊ငါသည် နက်ဖြန်မြင်းစီးသူရဲငါးရာနှင့် အဂိုလိမာလကိုဖမ်းယူစေအံ့" ဟုဆိုလိုက်၏။ ထိုစကားကို ပုရောဟိတ်ပုဏ္ဏားကြားသောအခါ အိမ်သို့ ပြန်လာ၍ မန္တာနီပုဏ္ဏေးမအားဤသို့ပြောလေ၏။

"ရှင်မ ယခု လူတို့ကိုသတ်၍ လက်ညှိုးကို ဖြတ်ယူသော ခိုးသူ အဂိုလိမာလဟူသည်ကား အခြားသူမဟုတ် ရှင်မ၏သားပင်တည်း၊ ထိုခိုးသူကို နက်ဖြန်ငါတို့မင်းကြီးသည် မြင်းငါးရာဖြင့်သွား၍ ဖမ်းယူလတ္တံ့" ဟုပြော၏။

ထိုစကားကိုကြားလျှင် ပုဏ္ဏေးမက "အမောင် ထိုသို့ဖြစ်လျှင် အမောင့်သားကို သွား၍ခေါ်ပါချေ" ဟု ဆို၏။ ပုဏ္ဏားက "ငါမသွားဝံ့" ဟုဆိုလျှင် အရှင် မသွားဝံ့သော်ကျွန်ုပ်ပင်သွား၍ခေါ်ပါအံ့ဟု ဆို၏ ပုဏ္ဏားကလည်း—

"ရှင်မ သူမိုက် တို့အားရင်း ခိုးသူ တို့အားရင်း ငါ့သား ငါ့တူ တော်သည်ဟူ၍ အကျွမ်းမဝင်ရာ၊ မင်းညီ မင်းသား တို့ကိုလည်း ငါ့အားချစ်ခင်သည်ဟူ၍ အကျွမ်းမဝင်ရာ၊ မိန်းမတို့ကိုလည်း ငါ့အလိုသို့လိုက်လှသည်ဟူ၍ ချစ်ကျွမ်းမဝင်ရာ"

ဟု ရှေးပညာရှိတို့ ဆိုကြကုန်သည်။ သင့်သားယုတ်သည် ကြမ်းကြုတ်ကျူးလွန်သော သဘောရှိ၏ ထို့ကြောင့် ငါ မသွားစေချင်" ဟု ဆို၏ မိခင်တို့၏ သဘောသည်လည်း သားသမီးတို့ကို အလွန် ချစ်ခင်စုံမက် နှစ်သက်ခြင်းရှိရကား "အကျွန်ုပ်အား သတ်လိုလည်း သတ်ပစေ သား၏သေခြင်းကို မမြင်လိုပါဟု ဆိုလျက် နံနက်အခါ လျင်စွာ ထမင်းစားသောက်ပြီးလျှင် သား အဂုံလိမာလရှိရာ တောအုပ်သို့ သွားလေ၏။

အဂုံလိမာလ ခိုးသားလည်း မကောင်းသော စားခြင်းမပျော်သော အိပ်ခြင်းဖြင့် ဆင်းရဲစွာ နေရသည်မှာ အချိန်ကြာမြင့် လာပြီဖြစ်၍ ငြီးငွေ့လာပြီဖြစ်ရကား မိမိရရှိသော လက်ညှိုးတို့ကို ရေတွက်၍ ကြည့်သော် တထောင် ပြည့်မည်မှာ တယောက်သာ လိုတော့သည်ဟု သိ၍ ယနေ့ငါသည် ရှေဦးစွာ မြင်သောသူ တယောက်ယောက်ကို သတ်၍ လက်ညှိုး တထောင် ပြည့်စေသဖြင့် ဆရာအား ပူဇော်ပြီးလျှင် ကြီးမြတ်ကောင်းမွန်သော အတတ်ကို အလျှင်အမြန်သင်၍ မိခင်ဖခင်တို့ထံ ပြန်တော့အံ့ဟု ကြံလျက် တောအုပ်အလယ်မှ ထွက်ခဲ့၍ ကွယ်ဝှက် လောက်ရုံသော တော၏အဝ တခုသော ဌာနဌေနေ၏ မိခင်ဖြစ်သော မန္တာနီ ပုဏ္ဏားမလည်း တောအနီးသို့ ရောက်သောအခါ—

ချစ်သား အဟိ သက ကောသလမင်းကြီးသည် ယနေ့ သင့်ကို ဖမ်းယူခြင်းငှါ မြင်း ၅၀၀ ဖြင့် ထွက်လာလတံ့၊ လောလောလတ်လတ် ခုတ်ဖျက် သတ်ညှစ်ခြင်းကို သင်ခံရတော့မည် မိခင်ထံသို့ အမြန်လာခဲ့ပါ၊ လော။

ဟု ဟစ်အော်၍ သွားဏ် ခိုးသား အင်္ဂုလိမာလလည်း အဝေးက လာသည်ကိုမြင်လျှင် ဤမိန်းမကိုပင် သတ်၍ လက်ညှိုးကို ဖြတ်ယူအံ့ဟု ကြံလျက်နေ၏။

ဘုရားသခင်လည်း ထိုနေ့ နံနက်ထ၍ လောကကို ရှုတော်မူလျှင် အင်္ဂုလိမာလ၏ အကျွတ်တရားရမည့် အဖြစ်ကို မြင်တော်မူသဖြင့် ယနေ့ငါသွား၍ တရားဟောရမူ အင်္ဂုလိ-မာလသည် သစ္စာလေးဝကို သိမြင်သဖြင့် ရဟန်းအဖြစ်သို့ ရောက်လတံ့၊ အကယ်၍ ငါမသွားလျှင် မိခင်ကိုသတ်သဖြင့် ကြီးလေးသော အနန္တရိယကံကိုရ၍ အဝီစိငရဲ၌ ကြာမြင့်စွာ ခံရလတံ့၊ ဟု မြင်တော်မူသဖြင့် ဂန္ဓကုဋီကျောင်းတော်မှ ထွက်၍ သပိတ်အက်နှီးကို ပြင်ပြီးလျှင် သာဝတ္ထိမြို့သို့ ဆွမ်းခံ ဝင်တော်မူ၏ ဆွမ်းခံရာမှ ဖဲခွါခဲ့ပြီးသော် တကိုယ်တော် တည်းသာလျှင် အင်္ဂုလိမာလရှိရာ တောအုပ်သို့ ရှေးရှု ကြွတော်မူ၏ လမ်းခရီး၌ လူအများသည် မြတ်စွာဘုရားအား မြင်သောအခါ—

"အရှင်ဘုရား ဤခရီးကိုသွားတော်မမူပါလင့်၊ တောအုပ်ဦးရှိသော အင်္ဂုလိမာလ ခိုးသားသည် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကိုလည်း မသိ၊ တွေ့တွေ့သမျှသော လူ, ရဟန်း တို့ကိုသတ်၍ လက်ညှိုးကို ဖြတ်ယူပါသည်"ဟု-

လျှောက်ကြ၏၊ ဘုရားသခင်ကလည်း "အင်္ဂုလိမာလကို ငါဆုံးမတော်မူမည်၊ သင်တို့ မကြောက်ကြလင့်"

ဟု ဆိုရှိသာ သွားသဖြင့် တော၏အနီးသို့ ရောက်သောအခါ သားထံသို့ ရှေးရှုလာသော မန္တာနီပုဏ္ဏားနှင့် အင်္ဂုလိမာလတို့ အကြားသို့ စကြံ ကြွသွားတော်မူ၏။ အင်္ဂုလိမာလသည်လည်း မထင်ရှားသော အသွင်ဖြင့် ဖြတ်လာသော မြတ်စွာဘုရားကိုမြင်လျှင် ဤရဟန်းကိုပင် သတ်တော့အုံဟု ကြံလျှက် ပုန်းဝှက်ရာမှ လျှင်စွာထ၍ ပြေးလာ၏ မြတ်စွာဘုရားသည်လည်း ခိုးသားမမှီနိုင်စိမ့်သောငှာ တန်ခိုးဖြင့်စီရင်၍ ပတ်ဝန်းကျင်ရှိ မြေသည် ရေ၌ လှိုင်းတပိုးထသကဲ့သို့ မောက်တုံ နိမ့်တုံရှိသဖြင့် အင်္ဂုလိမာလသည် ခြေမျှမလှမ်းနိုင်အောင် ရှိလေ၏၊ ဘုရားကိုယ်တော်မြတ်သည်ကား စည်မျက်နှာအလားကဲ့သို့ ညီညွတ်သော မြေပြင်အလယ်၌ သပွါယ်စွာကြွတော်မူ၏၊ အင်္ဂုလိမာလကို မြေညီရာအစသို့ ရောက်စေ၍လည်း ကိုယ်တော်သည် အလယ်ဌာနဖြင့် ကြွ

တော်မူ၏၊ ယင်းသို့ မြေညီအစသို့ရောက်လျှင် အဂုံလိမာလ လည်း ကြုံးဝါး၍ "ငါကဲ့သို့သောသူကို အဘယ်သူ ခံနိုင် အုံနည်း! ဤမြေညီဝယ် အမှိုလိုက်ပြီးလျှင် ရဟန်းကြီး၏ လက်ညှိုးကို ဖြတ်အုံ့ဟု လက်ခမောင်းခတ်ပြီးသော် တောမီး လောင်သကဲ့သို့ အာခေါင် အာရင်းသံကိုဟစ်လျက် အားကုန် သွန်၍ တဟုန်တည်းပြေး၍ လိုက်ပါသော်လည်း မြတ်စွာ ဘုရားသည် အလယ်သားဌာနမှ ဖြည်းဖြည်းသာသာ ကြွ သည်ကို မမှီနိုင်၊ အနည်းငယ် နီး၍လာလျှင်လည်း ကြီးစွာ သော ချောင်းမြောင်းခြားသကဲ့သို့ အနီးအပါးသို့မကပ်နိုင် ဖြစ်၏၊ ဤနည်းဖြင့် လိုက်လာ၍ သုံးယူဇနာ ခန့်လောက် ခရီးရှည်လျှင် အဂုံလိမာလသည် အလွန်ပင်ပန်းရကား ခံတွင်း မှုတ်တွေးတို့သည် ချောက်ခန်း၍ ချွေးသီး ချွေးပေါက်တို့ သည် တကိုယ်လုံးမှ ယိုစီးထွက်ကျကုန်၏။

ထိုအခါ အဂုံလိမာလလည်း ဤသို့ကြံ၏-

"ရှေးအခါက ငါလိုက်ရမူ လျင်မြန်လှသော သမင်, ဒရယ်, ချေငယ် ယုန်,ကြောင်တို့မှလည်း ငါ့ လက်က မလွတ်နိုင်၊ ယခုမှာမူ လျင်မြန်သောအဟုန် ဖြင့်ပြေးခုန်၍လိုက်ပါငြားသော်လည်းဖြေးဖြေးသာ သွားသော ဤရဟန်းကို ငါမမှီနိုင်ချေ၊အုံ့ဘွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်လေစွတကား"

ဟုကြံ၍ အနည်းငယ်ရပ်ပြီးလျှင်-

"အရှင်ရဟန်း ရပ်ဦးလော့။ ရပ်ဦးလော့" ဟု ဆို၏၊ ထိုအခါ မြတ်စွာဘုရားကလည်း။ "ငါကားရပ်၏၊ သင်သာမရပ်သည်" ဟုဆိုလျှင်

"အရှင်ရဟန်း သင်သည် မတန့်မနား သွားလျက်ကိုပင် ငါရပ်၏၊ အကျွန်ုပ်ရပ်နေသည်ကို သင်ကားမရပ်"ဟုအဘယ့်ကြောင့်ဆို ပါသနည်း၊ မဟုတ်မမှန် ပြောဆိုခြင်းသည် ရဟန်းတို့၏ အလေ့အထ ဖြစ်သလောဟု ဆိုပြန်၏။ ဘုရားသခင်ကလည်း-

"အချင်း အင်္ဂုလိမာလ ငါသည် သူ့အသက် သတ်ခြင်းစသော မကောင်းမှုတို့၌ မလိုက်မစား ကြည်ရှောင်ရှားသည် ဖြစ်၍ အပါယ်လားခြင်း မရှိ၊ သုဂတိ၏ အထွတ်အထိပ် ဖြစ်သော နိဗ္ဗာန်လမ်းဝ၌သာ တည်ရကား ရပ်သောသူ မည်၏၊ သင်သည်ကား မကောင်းမှု အကုသိုလ် ဒုစရိုက် တရားတို့ကို မျှားစွာ ပြုလေ့ရှိသည်၊ သတ္တဝါ အားလုံး တို့အား သနားကြင်နာခြင်း ကင်းမဲ့သည်၊ ကောင်းသော အကျင့် စာရိတ္တ မရှိသည် ဖြစ်၍ သေသောအခါ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဟူသော အပါယ်လေးခွင်သို့ စင်စစ် သွားရမည်သူ ဖြစ်သောကြောင့် ရပ်နားသည် မမည်၊ သွားသည်ပင် မည်၏ ထို့ကြောင့် ငါကား ရပ်၏၊ သင်ကား မရပ် ဟူ၍ ငါဆို သတည်းဟု မိန့်တော်မူ၏။

ထိုစကားကို ကြားလျှင် အဂ်ုလိမာလလည်း အနှစ်သာရ ရှိပေလှ၍ အသက်တည်သမျှ အောက်မေ့ မှတ်သားထိုက်သော ဤကဲ့သို့သော စကားကို ဆိုတတ်ပေသော သူကား လူသာမန် မဟုတ်တန်ပေရာ၊ သုဒ္ဓေါဒန မင်းကြီး ညာထား သီရိမဟာမာယာ မိဖုရား၏ ရွှေရင်တော်နှစ် သားတော်ချစ် ဖြစ်သော သိဒ္ဓတ်မင်းသား ဘုရား ဆိုသောပုဂ္ဂိုလ်သည် ဤ ကိုယ်တော်ပင် ပြစ်ရာပေသည်၊ အချိန်ကြာစွာ ငါမကောင်းမှု အကုသိုလ် တရားကို ကျင့်မှား နေဘိ၍ မကောင်းသော ဆင်းရဲသည့် ဘဝသို့ လာအံ့သော အရာကို မြတ်စွာဘုရား သနားတော် မူလှ၍ ဤတောကြီး မြို့ဝသို့ ကြွလာတော် မူပေသည်ဟု မှတ်ယူလျက် အလွန်ကြည်ညွှတ်သောစိတ် ရှိရကား နှစ်သက် ဝမ်းမြောက်သော စိတ်နှလုံး ရှိသည့်ကိုယ်ဖြင့် ရိုသေကျိုးနွံစွာ မြတ်စွာဘုရား၏ ရှေတော်၌ ဝပ်လျက်—

> "အရှင်မြတ်သည် အကျွန်ုပ်အား သနားချီး မြောက်တော် မူပါ၊ ယုတ်မာသော အကျင့်ဟူသမျှ ကို စွန့်ပယ် ပါတော့မည်"

ဟု လျှောက်ကြား၍ လည်၌ ဆွဲထားသော လက်ညှိုး တထောင် တို့ကိုငှင်း, လက်နက် ၅-ပါး တို့ကိုငှင်း တဆုသော ရေအိုင်ကြီး၌ ပစ်စွန့်လေ၏၊ ဘုရားသခင်လည်း အဂ်ုလိမာလအား အထူးထူးသော တရားတို့ကို ဟောကြား ပြသ

တော် မူလျက် မဂ်အား လျော်သော ဉာဏ် ဖြစ်ပေါ်လာ သည်ကို မြင်တော်မူသော်—

"ရဟန်း လာလော့ ဆင်းရဲ၏ အဆုံးကို ပြုခြင်း ၄၂ မြတ်သော အကျင့်ကို ကျင့်လော့"

ဟု သုံးကြိမ် ခေါ်တော် မူသဖြင့် လူဝတ် လူစား ဆံ မုတ် ဆိတ် တို့သည် အကုန်ကွယ်ပ၍ သပိတ် သင်္ကန်း ပရိက္ခရာအစုံ အလင်နှင့် တကွ ရဟန္တာ အဖြစ်သို့ ရောက်လေ၏။

ဘုရားသခင်လည်း အရှင်အင်္ဂုလိမာလအား ကိုယ်တော်၏ သပိတ် ပရိက္ခရာ များကို လွယ်စေလျက် နောက်တော်မှ လိုက်စေရန် ခေါ်၍ ကျောင်းတော်သို့ လာခဲ့၏၊ မန္တာနီ ပုဏ္ဏေးမလည်း မိမိ၏သား ရဟန်း ဖြစ်သည်ကို မြင်လျင် ရှင်လန်းဝမ်းသာစွာ မနီးမဝေး နောက်တော်မှ လိုက်၍-

"ချစ်သား အဟိံသက- မိခင်နှင့် ကွဲကွာနေရ သည်ကား နှစ်လရှည်ကြာခဲ့လေပြီ၊ အဘယ်မှာ ချစ် သား နေသနည်း၊ အဘယ်သို့ စားရပါသနည်း၊ အဘယ်သို့ အိပ်ရပါသနည်း၊ အဘယ့်ကြောင့် ကြမ်း ကြုတ်ခက်ထန်သော အမှုကို သင်ချစ်သား ပြုဘိ သနည်း၊ ယခု မိခင်အိမ်သို့ မဝင်ပြီလော" ဟု စသည် ဖြင့် အဖန်တလဲလဲ မေးမြန်း၍ လာ၏။ အရှင် အင်္ဂုလိမာလလည်း ဖြစ်သမျှသော အကြောင်းကို ပြန်ကြား၍-

"ယခု ငါ့အား ဘုရားသခင်သာလျှင် မျက်မြင်ဘဝ၌ရင်း၊ နောက်တမလွန်ဘဝ၌ရင်း သုခချမ်းသာကြီး ရောက်အောင် ချီးမြှောက်တော်မူပေသည်။ ဘုရားနောက်တော်သို့သာ လိုက်တော့အုံဟု ဆို၏။

ဘုရားကိုယ်တော်မြတ်လည်း သာဝတ္ထိပြည်သူပြည်သားတို့ အားထင်ရှားသိစေခြင်းငှါ မြို့၏အနီးဖြစ်သော ခရီးလမ်းဖြင့် လာ၍ ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူ၏။ ကောသလမင်းလည်းထိုသတင်းကိုကြား၍ဘုရားသခင်အထံသို့ အခြံအရံ မျှားစွာနှင့် လာပြီးသော် ရှင်တော်ဘုရားအား အကြောင်းအကျိုးကို မေးမြန်းလျှောက်ထား၍ နေ၏။ ထိုသို့နေစဉ် အရှင်အဂ္ဂုလိမာလသည် ဘုရားရှင်အား ဝတ်ပြုခြင်းငှါ ထွက်၍လာသော် မျှားစွာသော မှုးမတ်မင်းချင်း အပေါင်းတို့သည် သောင်းသောင်းရုတ်ရုတ် အုတ် အုတ် ကျက် ကျက် ပြောကြားလျက် ထ၍ပြေးပုန်း ရှောင်ရှားကြကုန်၏။ ကောသလမင်းကြီးကလည်း-

"အရှင်ဘုရား- လူတထောင်မျှကို သတ်ခဲ့သော ခိုးသူအား ရဟန်းပြုသဖြင့် မသင့်လျော်ပါ၊အကျွန်ုပ် စီရင်ပါမည်ဟု လျှောက်ထား၏။

ဘုရားသခင်ကလည်း သင်မင်းကြီး မစီရင်ထိုက်ပြီ၊ ဤသူ၏ ကံရင်းသည် အကြင်းမဲ့ပြတ်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီ ရဟန္တာဖြစ်ပြီ"

ဟု မိန့်တော်မူပြီးမှ အထူးထူးအပြားပြား များစွာသော တရားအရသာကို တိုက်ကျွေးတော်မူ၏။ ကောသလမင်းကြီးလည်း ချီးမွမ်းအံ့သြ ပြန်ခဲ့၏။

နောက်နောက်သောနေ့တို့၌ အရှင်အဂ်ုလိမာလ မြို့တွင်းသို့ ဆွမ်းခံဝင်လျှင် မြင်သမျှသော လူတို့သည် "ဤသူပင် ငါတို့အဘကို သတ်၏၊ ငါတို့သားကို သတ်၏" စသည်ဖြင့် ပြောပြလျက် အချို့တို့သည် အိမ်တံခါးဝကို ပိတ်ကုန်၏။ အချို့လည်း ရှောင်ရှား ပြေးသွားကုန်၏။ အချို့လည်း အုတ်ခဲလုံတန်တို့ဖြင့် ပစ်ကုန်၏။ တစုံတခုသောဆွမ်း တဇွန်းသော ယဲ့ဂုကိုမျှ မလောင်းကြကုန်၊ ကျောင်းသို့ ရောက်သောအခါ သံဃာတော်တို့သာ မျှတကာ သုံးဆောင်ရကုန်၏၊ ထိုအကြောင်းကို ဘုရားသိတော်မူသော် အဂ်ုလိမာလကို ခေါ်တော်မူ၍ ချစ်သားအဂ်ုလိမာလ၊ သင့်ကို ပြည်သူပြည်သားတို့သည် အံသွားတခဲခဲဖြင့် ပြေးလွှဲရှောင်ရှားကြခြင်းသည် တစုံတခုယာဂုဆွမ်းကိုမျှ မလှူဒါန်းခြင်း ဟူသော အကျိုးသည် ယခုဘဝ၌ တထောင်မျှသော လူတို့ကို သင် သတ်ခဲ့သော သူ့အသက်သတ်ခြင်း၊ (ပါဏာတိပါတ) ဟူသောကံ၏ ဒိဋ္ဌဓမ္မအကျိုးဆက်ပင်ဖြစ်သည်။ သင်၏အကုသိုလ်ကံ စေတနာတို့သည် အကျိုးမပေးတော့ပြီ၊ အဟောသိကံသာ ဖြစ်လေကုန်ပြီ၊ ဤသို့စသည်ဖြင့် တရားဓမ္မကို ပြတော်မူ၍ အသက်မွေးရခြင်း လွယ်စိမ့်သောဌာ-

အင်္ဂုလိမာလ ပရိတ်

"ယတော ဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော နာဘိ ဇာနာမိ သဉ္ဇိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ" ဟူသော ပရိတ်တော်ကို သင်တော်မူ၏။

အရှင်အင်္ဂုလိမာလလည်း ထိုပရိတ်တော် တည်းဟူသော ဆေးဖြင့်သာလျှင် ချမ်းသာစွာ ကိုယ်ဝန်မှ မီးမဖွားနိုင်သူတို့အား ပရိတ်တရားကို ဟောချီ ချမ်းသာစွာ မီးဖွားစေ၏။ ထိုအခါမှ စချီ ဒါယိကာမများလည်း အရှင်အင်္ဂုလိမာလသည် ဘုန်းတန်းခိုးကြီးပေစ,ဟု ကြည်ညိုသဒ္ဓါဖြစ်ကြပြီးလျှင် လှူဒါန်း ပူဇော်ကြကုန်သတည်း။

(ဤပရိတ်ကို မီးမဖွားနိုင်သော အမျိုးသမီးတို့အားရေကို ရွတ်ဖတ် မန်းမှုတ်ချီ တိုက်လျှင် ချောမွေ့စွာ မီးဖွားနိုင်သည်,ဟု ရှေးဆရာများ အယူရှိကြသည့်အတိုင်း ပြုလုပ်ခဲ့ကြကုန်၏။ ထို့ကြောင့် ဤပရိတ်ပါဠိကို အဓိပ္ပါယ်သိအောင် အနက်မြန်မာ ပြန်ခဲ့အုံ။)

အင်္ဂုလိမာလ ပရိတ် အနက်

ဘဂိနိ၊ နှုမ။ အဟံ၊ ငါသည်။ ယတော၊ အကြင် အခါမှ။ ပဋ္ဌာယ၊ စချီ။ အရိယာယ၊ မြတ်သော။ ဇာတိယာ၊

ဇာတ်အားဖြင့်။ ဇာတော၊ ဖြစ်၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ သဉ္ဇိစ္စ၊ သေစေလိုသော စေတနာဖြင့် အားထုတ်၍။ ပါဏံ၊ သူတပါး အသက်ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒေမှ။ ဝေါရောပေတာ၊ ချဘူးသည်ဟူ၍။ နာဘိ ဇာနာမိ၊ မသိ။ တေန သစ္စေန၊ ထိုသို့ မှန်ကန်သော သစ္စာ စကားကြောင့်။ တေ၊ သင့်အား။ သောတ္ထိ၊ ချမ်းသာခြင်း သည်။ ဟောတု၊ ဖြစ်စေသတည်း။ ဂဗ္ဘဿ၊ ဝမ်း၌ တည်သော သူငယ်အားလည်း။ သောတ္ထိ၊ ချမ်းသာခြင်း သည်။ ဟောတု၊ ဖြစ်စေသတည်း။

ဤသို့လျှင် ဘုရားရှင်သည် အဂ်ုလိမာလ ခိုးသူအား မေတ္တာဓာတ်ဖြင့် အောင်မြင်တော်မူခဲ့လေသတည်း။

၆-သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်းဝတ္ထု

မြတ်စွာဘုရားသည် ဝေသာလီပြည်မဟာဝုန်တော ကူဋ္ဌာ ဂါရသာလာကျောင်းတိုက် အာရာမ်၌ သီတင်းသုံး နေထိုင် တော်မူစဉ် သစ္စကပရိဗိုဇ်ကိုဆုံးမ နှိမ်နင်းတော်မူ၍အောင်ပွဲ သဘင်ခံယူတော်မူလေသည်။

ရှေးအခါဝယ် ဝေသာလီပြည်၌ (၇၇၀၇)ခုနစ်ထောင် ခုနစ်ရာ ခုနစ်ယောက်ကုန်သော လိစ္ဆစီမင်းတို့သည် အလှည့်

ကျ မင်းလုပ်၍နေထိုင်ကြကုန်၏။ ထိုလိစ္ဆဝီမင်း အားလုံး တို့သည်ပင် ဝါဒအထူးအဆန်းကို မေးမြန်း စိစစ်လိုစိတ် ပြင်းထန်သူတို့ဖြစ်ကြသည်။ ထိုအခါ အယူဝါဒငါးရာတို့၌ လိမ္မာကျွမ်းကျင်သော ပရိဗိုဇ်တက္ကတွန်း တယောက်သည် ဝေသာလီပြည်သို့ ရောက်ရှိလာသည်၊ လိစ္ဆဝီမင်းတို့သည် ထိုပရိဗိုဇ် တက္ကတွန်းအား ချီးမြောက်၍ ထားကြသည်။ ထို့အတူ အယူဝါဒငါးရာတို့၌ လိမ္မာ ကျွမ်းကျင်သော ပရဗိုဇ်မ တက္ကတွန်းမတယောက်သည်လည်း ဝေသာလီပြည်သို့ ရောက်ရှိလာသည်။

လိစ္ဆဝီမင်းတို့သည် ထိုသူနှစ်ဦးတို့ကို ဝါဒအခြေအတင် ပြောဆိုပွဲပြုလုပ်ကျင်းပ၍ပေးကြကုန်၏။ နှစ်ဦးလုံးပင် ပညာစွမ်းချင်း တူမျှကြသဖြင့်မည်သူကမျှမည်သူ့ကိုမအောင်နိုင်ဘဲ သရေပွဲ ဖြစ်နေလေသည်။ ထိုအခါ လိစ္ဆဝီမင်းတို့၏စိတ် သန္တာန်ဝယ် "ဤသူနှစ်ယောက်ကိုစွဲမှီ၍ ဖြစ်သောသားသည် ဝါဒအရာ၌လိမ္မာကျွမ်းကျင်သူ ဖြစ်ပေလိမ့်မည်"ဟု အကြံ ဖြစ်ကြလေသည်။ ထို့နောက် "သင်တို့နှစ်ဦးသည်ဝါဒအရာ၌ ထပ်တူညီမျှဖြစ်ကြသည်၊ ထိုထိုမြို့ရွာဒေသသို့ လှည့်လည်၍ သွားလာနေကြသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဤငါတို့ နေရာ ဝေသာလီပြည်၌ပင် နေကြကုန်လော့ဟုဆိုကာ ထိုသူ နှစ်ဦးတို့အား ထိမ်းမြားလက်ထပ်ပေးလိုက်ကြပြီးလျှင်နေအိမ် ကိုပါပေး၍ ပူဇော်ချီးမြောက်ထားကြကုန်၏။

ထိုပရိဗိုဇ်နှင့် ပရိဗိုဇ်မတို့ အတူ ပေါင်းဖော်ကြသဖြင့် သို့မဟုတ် ၄-ယောက်နှင့် သားတယောက်တို့ ဖွားမြောက်ခဲ့၏။ သို့မဟုတ် ၄-ယောက်ကား ၁-သစ္စာ၊ ၂-လောလာ၊ ၃-အဝစာရိကာ၊ ၄-ပဋ္ဌိစ္ဆာဒါတို့ဖြစ်ကြ၍ သားအငယ်ကိုကား သစ္စကဟု မှည့်ခေါ်ကြ၏။အမမျှားနှင့်မောင် ၅-ဦးတို့သည် အရွယ်ရောက်လတ်သော် အမိဘက်မှ ဝါဒ ၅၀၀ အဖဘက်မှ ဝါဒ ၅၀၀ အားဖြင့် အယူဝါဒတထောင်တို့ကို သင်ကြားတတ်မြောက်ကြ ကုန်၏။ မိဘနှစ်ဦးတို့သည် သို့မဟုတ် ၄-ယောက်တို့အား "ချစ်သမီးတို့ လူ့ရွာလောကဌ အကြင်သူသည် သင်ချစ်သမီးတို့၏အယူဝါဒကို ပြေလည်အောင် ဖြေဆိုလျက် ချေဖျက်နိုင်ငြားအုံ၊ ထိုသူ၏အထံ၌ မိမိကိုယ်ကို ဆောင်နှင်းလျက် ခြေရင်းအလုပ်အကျွေးမယားပြု၍နေကြကုန်၊ ရဟန်းဖြစ်သူသည် သင်ချစ်သမီးတို့၏ အယူဝါဒကို ပြေလည်အောင် ဖြေဆိုလျက် ချေဖျက်နိုင်လျှင် ထိုရဟန်း၏အထံ၌ ရှင်ရဟန်းပြုကြကုန်ဟု ဆုံးမစကားပြောကြားလေသည်။

နောက်တချိန်၌ မိဘ၂-ပါး ကွယ်လွန်သောအခါ မောင်ငယ်သစ္စကသည် အမကြီး ၄ ယောက်တို့ထက် ဉာဏ်ပညာသာလွန်ရကား မိဘတို့၏အထံမှ အယူဝါဒ တထောင်ကိုရင်း၊ ထို့ထက်ပို၍ မျှားစွာသော သာသနာပြင်ပ ဝါဒမျှားကိုရင်း သင်ယူပြီးလျှင် အရပ်တပါးမသွားဘဲ မင်းသားငယ်

များအား အတတ်ပညာသင်ပြလျက် ဝေသာလီပြည်၌ပင် နေလေသည်။ "ပညာဖြင့် မဆံ့နိုင်လောက်အောင် အလွန်ပြည့်နေသောကြောင့် ငါ့ဝမ်းဗိုက်သည် ကဲ့ပေါက်လေရာ၏ ၏ ဟုတွေးတောကြောက်ရွံ့ကာ သံပြားဖြင့် ဝမ်းဗိုက်ကို ရစ်ပတ်၍ လှည့်လည်နေထိုင်လေ၏။ အမကြီး ၄ ယောက်တို့ကား ဤဇမ္ဗူဒီပ်ကျွန်းကား ဇမ္ဗူ့သပြေပင်ဖြင့် ထင်ရှားသောကျွန်းဖြစ်သည်ဟု သပြေခက်ကို ကိုယ်စီကိုယ်ငှကိုင်ယူကြလျက် ဝါဒယှဉ်ပြိုင်ရန်အလို့ငှါ တမြို့မှတမြို့ တနယ်မှတနယ် တရွာမှ တရွာသို့ လှည့်လည်ကာ ရောက်လေရာရာ မြို့ရွာတံခါးဦး သဲပုံ၌ဖြစ်စေ, မြေပုံ၌ဖြစ်စေ သပြေခက်ကို စိုက်ထူကြလျက် "အကြင်သူသည် ငါတို့၏ အယူဝါဒအပေါ်မှာ အပြစ်တင်ခြင်းငှါ စွမ်းနိုင်၏၊ ထိုသူသည် ဤသပြေခက်ကို နင်းနယ်ချေဖျက်လော့"ဟု ပြောဆို မှာကြား၍ မြို့တွင်းရွာတွင်းသို့ ဝင်သွားလေရှိကြ၏၊ ဤသို့ တရွာမှတရွာ,တမြို့မှ တမြို့သို့ လှည့်လည်ကြသောအခါ သာဝတ္ထိမြို့သို့ ရောက်၍မြို့တံခါးဝ၌ သပြေခက်ကို စိုက်ထူပြီး "လူဖြစ်စေ၊ ရဟန်းဖြစ်စေ ငါတို့၏ အယူဝါဒအပေါ်မှာ အပြစ်တင်ပြနိုင်စွမ်းရှိသောသူသည် ဤသဲပုံ မြေပုံကို ခြေဖြင့် ကန်ကြောက်ပြန့်ကြဲအောင်ပြု၍ ခြေဖြင့်ပင် သပြေခက်ကို နင်းနယ် ဖြေဖျောက်စေသတည်း"ဟု အနီးအနားသို့ ရောက်လာသော ကလေးသူငယ်တို့အား မှာကြားပြောဆိုခဲ့ပြီးလျှင် · သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်သွားကြလေ၏။

ထိုအခါ မြတ်စွာဘုရား၏ လက်ျာရံတပည့်ကြီး အရှင်သာရိပုတ္တရာသည် သာဝတ္ထိမြို့တွင်းသို ဆွမ်းခံဝင်ရန် ကြွလာတော်မူသော် မြို့တံခါးဝ၌ စိုက်ထားသော ထိုသပြေခက်ကို မြင်တော်မူ၍ ကလေးသူငယ်များအား ထိုသပြေခတ်အကြောင်းကို မေးမြန်းတော် မူလေ၏။ ကလေးသူငယ်တို့ကလည်း ထိုအကြောင်းကို အပြည့်အစုံ ပြန်ကြားလျှောက်ထားကြကုန်၏။ ထိုအခါ ရှင်သာရိပုတ္တရာက ကလေးသူငယ်တို့အား "သူငယ်တို့ ထိုသို့ဖြစ်လျှင် ထိုသပြေခက်ကို နင်းနယ်ချေဖျက်ကြကုန်လော့" ဟု မိန့်တော်မူ၏။ ကလေးသူငယ်များက မနင်းနယ် မချေဖျက်ဝံ့ကြကြောင်း လျှောက်ထားသောအခါ "အမောင်တို့ မကြောက်ကြကုန်လင့်၊ အဘယ်သူက ငါတို့၏သပြေခက်ကို ချေဖျက်စေခိုင်းသနည်း" ဟု မေးလျှင် မြတ်စွာဘုရား၏ တပည့်ကြီး ရှင်သာရိပုတ္တရာက နင်းနယ်ချေဖျက်စေခိုင်းသည်၊ အကယ်၍ ဝါဒယှဉ်ပြိုင်လိုပါက ဇေတဝန်ကျောင်းတော်၌နေသော ရှင်သာရိပုတ္တရာ၏အထံသို့သွားကြလော့ဟု ရဲရဲဝံ့ဝံ့သာ အမောင်တို့ ပြောလိုက်ကြလော့ဟု မိန့်ဆိုတော်မူလတ်သော် သူငယ်တို့လည်း မထေရ်၏စကားအတိုင်း အားတက်သရောဖြစ်ကာ သပြေခက်ကို နင်းနယ်ချေဖျက်၍ စွန့်ပစ်လိုက်ကြကုန်၏။ ရှင်သာရိပုတ္တရာသည် ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။ ပရိဗိုဇ်မ ၄ ယောက်တို့လည်း မြို့မှထွက်ခဲ့ကြ၍ ၎င်းတို့၏ သပြေခက်များကို ဖျက်ဆီးနေ

သော သူငယ်များကို မြင်သဖြင့် "အမောင်တို့ကို အဘယ်သူက ငါတို့၏သပြေခက်များကို ချေဖျက်စေအပ်ပါသနည်း ဟု မေးသောအခါ သူငယ်တို့လည်း ထိုအကြောင်းကို အလုံးစုံ ပြန်ကြားပြောဆိုကြကုန်၏။

ပရိဗိုဇ်မ ၄-ဦးတို့သည် မြို့တွင်းသို့ တဖန်ဝင်သွားကြပြီး ဘယောက်လျှင် တလမ်းကျစီ တာဝန်ယူကြပြီး "မြက်စွာဘုရား၏တပည့် သာရိပုတ္တရာ မည်သောသူသည် ငါတို့နှင့် ဝါဒယှဉ်ပြိုင်မှုကို ပြုမယ်တဲ့၊ နားထောင်လိုသူ မြို့သူ မြို့သားတို့ ထွက်ကြကုန်လော့ဟု ကြေးကြော် ပြောကြား ကြကုန်၏။ မြို့နေလူအပေါင်းတို့သည် အုတ်အုတ်ကျက်ကျက်ထွက်ခဲ့ကြ၏ ထိုလူအပေါင်းနှင့်တကွ ပရိဗိုဇ်မ ၄-ဦးတို့သည် ဇေတဝန်ကျောင်းတိုက်သို့ သွားကြလေ၏။ ရှင်သာရိပုတ္တရာလည်း အသင့်နေထိုင်တော်မူလင့်၏၊ ပရိဗိုဇ်မတို့သည်ရှင်သာရိပုတ္တရာ ထံသွားရောက်၍ "သင်တို့သည် ငါတို့၏သပြေခက်ကို ချေဖျက်စေအပ်သလော" ဟု မေးကြ၏။ "အေး-ငါသည် ချေဖျက်စေအပ်သည်" ဟု ရှင်သာရိပုတ္တရာက မိန့်ကြားသောအခါ ပရိဗိုဇ်မတို့က ငါတို့သည် သင်တို့နှင့် ဝါဒယှဉ်ပြိုင်မှုကို ပြုကုန်အုံ့ဟု ပြောဆိုကြကုန်၏။

ထိုအခါ သာရိပုတ္တရာမထေရ်မြတ်က သင်တို့ကား မာတုဂါမများဖြစ်ကြသည်၊ ရှေးဦးစွာသင်တို့က မေးကြလော့ဟု

ဆိုး၏၊ ပရိဗိုဇ်မ ၄-ဦးတို့သည် မိဘတို့၏ အထံမှ သင်ကြားခဲ့သော ဝါဒတထောင်ကို မေးကြကုန်၏၊ မထေရ်မြတ်သည် သန်လျက်ဖြင့် ကြာရိုးကို တိကန့်ပြတ်အောင် ဖြတ်သကဲ့သို့ မေးတိုင်းမေးတိုင်းကို အဖုအထစ်မရှိအောင် ဖြေတော်မူ၏၊ ထိုသို့ဖြေကြားပြီးလျင် နောက်တဖန် ထပ်၍မေးကြဦးလော့ဟု ဖိတ်မန္တကပြုသောအခါ ပရိဗိုဇ်မ ၄-ဦးတို့သည် မာန်မာနမျှားကျကာ "အရှင်ဘုရား တပည့်တော်တို့သည် ဤမျှလောက်ကိုသာ တတ်သိပါသည်၊ ထို့ထက်ပို၍ မတတ်တော့ပါဟု လျှောက်သဖြင့် ရှင်သာရိပုတ္တရာက သင်တို့မေးမြန်းအပ်သော ဝါဒတထောင်ကို ငါဖြေဆိုပြီးခဲ့ပြီ၊ ငါကား သင်တို့ကို ပြဿနာတခုကိုသာ မေးအံ့ဟု ဖြေဆိုပြီးလျင် "တခုသော တရားမည်သည် အဘယ်တရား ဖြစ်သနည်း" ဟု မေးလိုက်၏၊ ထိုအခါ ပရိဗိုဇ်မ ၄-ဦးတို့သည် မဖြေနိုင်ကြသဖြင့် "တပည့်တော်မတို့သည် အဖြေကို တစ္ဆန်းတစမျှ မသိကြပါကုန်" ဟုလျှောက်လေသော် ရှင်သာရိပုတ္တရာက "သင်တို့မေးသော ဝါဒတထောင်ကို ငါဖြေဆိုခဲ့ပြီ၊ ငါမေးသော ပြဿနာတခုကို သင်တို့မဖြေနိုင်ကြ၊ သို့ဖြစ်လျင် အဘယ်သူကနိုင်၍ အဘယ်သူက ရှုံးသနည်းဟု မေးတော်မူ၏၊ အရှင်ဘုရားတို့က အောင်နိုင်၍ တပည့်တော်မတို့က ရှုံးနိမ့်ပါသည်ဟု ပရိဗိုဇ်မတို့က လျှောက်သောအခါ ဒီလိုဆိုလျင် သင်တို့သည် အဘယ်သို့ ပြုကြကုန်မည်နည်းဟု မထေရ်က မေး၏၊ ထိုအခါ ပရိဗိုဇ်မ ၄-ဦးတို့သည် ၎င်းတို့၏ မိဘမျှားက မှာ

ထားသော စကားအတိုင်း လျှောက်ထားပြီး တပည့်တော်မတို့သည် အရှင်မြတ်တို့၏ အထံ၌ ရှင်ရဟန်းမ ပြုကြပါကုန်အုံ့ဟု လျှောက်ထားကြ၏၊ ထိုအခါ ရှင်သာရိပုတ္တရာကသင်တို့သည် ဘိက္ခုနီမ ကျောင်းတိုက်သို့ သွား၍ ရှင်ရဟန်းပြုကြလေဟု အမိန့်ရှိလိုက်သည့်အတိုင်း ရှင်ရဟန်းမ ပြုကြပြီးနောက် ရဟန်းတရားပွားများ အားထုတ်ကြရာ မကြာမီ အရဟတ္တဖိုလ် (ရဟန္တာ) ဆိုက်ရောက်ကြလေ၏။

သစ္စကပရိဗိုဇ်

မောင်အင်ယ်ဖြစ်သော သစ္စကပရိဗိုဇ်ကား ဝေသာလီပြည်၌ မင်းညီမင်းသားတို့ကို အတတ်ပညာ သင်ကြား ပြသလျက် မင်းဆရာတဦးအနေဖြင့် ဝေသာလီပြည်၌ နေထိုင်၏၊ ထိုအချိန်တွင် ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်ဘောကူဋဌာဂါရကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူ၏၊ ထိုအခါ "ဝါဒလမ်းစဉ်ဖြင့် ငါအပြစ်တင်ဆိုလျှင် မတုန်မလှုပ် မယိမ်းမယိုင် ခံနိုင်ရည်ရှိမည့် ဂိုဏ်းဆရာ သမဏဗြာဟ္မဏဟု ဝန်ခံသူကိုရင်း၊ ဘုရားဟု ဝန်ခံသူကိုရင်း ငါမတွေ့ မမြင်ချေ။ စိတ်စေတနာ မရှိသော ဘုံးတိုင်ကိုသော်လည်း ဝါဒလမ်းစဉ်ဖြင့် ငါအပြင် တင်ဆိုလျှင် ထိုဘုံးဘိုင်သော်မှလည်း တုန်လှုပ်ယိမ်းယိုင်လေရာ၏။ လူဖြစ်သောသူမှာ အဘယ်ဆိုဘွယ်ရာရှိအုံ့နည်းဟု ကြုံးဝါးစကား

ပြောကြားလေသည်။ သစ္စကကား ငါသည် ရဟန်းဂေါတမ၏ အယူဝါဒကို အပြစ်တင်ဆိုမည်ဟု ကြံစည်ကာ လှည့်လည်သွားလာနေသူ တယောက် ဖြစ်လေသည်။ ထိုအခါ ရှင်အာသဇီမထေရ်မြတ်သည် ဝေသာလီပြည်တွင်းသို့ဆွမ်းခံကြွလာတော် မူသည်ကို သစ္စက ပရိဗိုဇ်သည် အဝေးကပင် မြင်၍-

ငါသည် ရဟန်းဂေါတမ၏အယူဝါဒအပေါ်ဝယ် အပြစ်တင်ဆိုမည်ဟု ကြံစည်ကာ လှည့်လည်နေသူ တယောက်ဖြစ်သည်။ သို့သော် ရဟန်းဂေါတမ၏ အယူဝါဒကို ငါမသိရသေးဟု စဉ်းစားမိကာ ငါယခုမြင်ရသော ဤသူကား ရဟန်းဂေါတမ၏ တပည့်ဖြစ်သူ အာသဇီဟု ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်သည့်အပြင် မိမိဆရာ ရဟန်းဂေါတမ၏ အယူဝါဒ လမ်းစဉ်၌ လိမ္မာသူတယောက်ဖြစ်လေသည်။ ငါသည် အာသဇီမထေရ်ကို မေးမြန်း၍ ၎င်းတို့၏ အယူဝါဒစကားကို ခိုင်မြဲစွာ ဟည်စေပြီးမှ ရဟန်းဂေါတမ၏အပေါ်၌ အယူဝါဒနှင့်ဆပ်၍ အပြစ်တင်စကား ပြောကြားအံ့ဟု ကြံစည်ပြီးလျှင် ရှင်အာသဇီထံ ချဉ်းကပ်ပြီးနောက် ဝမ်းမြောက် ဝမ်းသာစကား ပြောကြားပြီး သင့်တင့်လျောက်ပတ်သော နေရာ၌ ရပ်လျက်-

အို-အာသဇီ ရဟန်းဂေါတမသည် တပည့်သာဝကတို့ကို အာဘယ်သို့ဆုံးမပါသနည်း၊ ရဟန်းဂေါတမ၏ အယူဝါဒ

ကား အဘုယ်သို့ပါနည်းဟု မေး၏။ ထိုအခါ အဿဇိက-အိုသစ္စက ငါတို့မြတ်စွာဘုရားသည် တပည့်သာဝကတို့အား ဤသို့ဆိုးမ၏။ "ရဟန်းတို့။ ရူပ်သည် အမြဲမရှိ၊ ဝေဒနာသည် အမြဲမရှိ၊ သညာသည် အမြဲမရှိ၊ သင်္ခါရ, ဝိညာဉ်တို့သည် အမြဲမရှိ၊ ရူပ်သည် အတ္တမဟုတ်၊ မိမိအလိုသို့မလိုက်၍ အစိုးမရ, အနတ္တတည်း၊ ဝေဒနာ, သညာ, သင်္ခါရ ဝိညာဉ်တို့သည် အတ္တမဟုတ်,မိမိအလိုသို့မလိုက် အစိုးမရ၊အနတ္တတို့သာတည်း၊ အို-သစ္စက မြတ်စွာဘုရားသည် သာဝကတို့အား ဤသို့ ဆိုးမတော်မူ၏ဟု ဖြေကြားတော်မူ၏။ ထိုအခါ သစ္စကပရိဗိုဇ်က "အို-အဿဇိ ငါတို့သည် ရဟန်းဂေါတမကို ဤသို့ဟော ပြောလေ့ရှိသည်ဟု ကြားရကုန်၏။ ငါတို့သည် တချိန်ချိန်၌ ထိုအရှင်ဂေါတမနှင့် ဝါဒရေးရာနှင့် ပတ်သက်၍ စကား အခြေအတင် ပြောဆိုခြင်း ဖြစ်ကောင်းဖြစ်တန်ရာ၏။ ထိုအခါတွင် ရဟန်းဂေါတမအား ထိုယုတ်ညံ့သော မှားယွင်းသော မိစ္ဆာအယူမှ စွန့်လွှတ်အောင် ပြုလုပ်နိုင်ကောင်းရာပါ၏ဟု တင်စီးစကား ပြောကြားထွက်ခွါသွားလေ၏။

ထိုအချိန်တွင် လိစ္ဆဝီမင်း ၅၁၀-တို့သည် လွှတ်ရုံးသာဘင်၌ ကိစ္စတခုဖြင့် စည်းဝေးနေကြဆဲဖြစ်၏။ ထိုအခါ သစ္စကက "ငါသည် ရှေးကရဟန်းဂေါတမ၏ အယူဝါဒကို မသိသည့်အတွက် ရဟန်းဂေါတမအပေါ်၌ အယူဝါဒနှင့်စပ်၍ အပြစ်တင်စကား မပြောကြားခဲ့ချေ။ယခုမူ သူ၏တပည့် ရှင်အဿဇိ

ဂ ပြောကြားသည့်အတွက် သူ၏ အယူဝါဒကို ကောင်းစွာ သိရပြီ၊ ငါ၏ တပည့် လိစ္ဆဝီ ၅၀၀,တို့လည်း ဤလွတ်သဘင်၌ စည်းဝေးနေကြသည်။ ထိုင၊်တပည့် လိစ္ဆဝီ-၅၀၀,တို့နှင့် အတူ သွားရောက်၍ ရဟန်းဂေါတမ အပေါ်၌ အယူဝါဒနှင့် စပ်၍ အပြစ်တင်စကား ပြောကြားပေအုံ့,ဟု ကြံစည်ကာ လိစ္ဆဝီ ၅၀၀,တို့ စည်းဝေးရာ လွတ်ရုံးသို့ သွားရောက်ပြီးလျှင် "အို.... လိစ္ဆဝီမင်းတို့ ထွက်ကြကုန်လော့၊ ယနေ့ ရဟန်းဂေါတမနှင့် ငါ၏ ဝါဒစကား အချေအတင် ပြောကြားခြင်း ပွဲကြီးပွဲကောင်း ဖြစ်လိမ့်မည်၊ ပဋ္ဌဝဂ္ဂီ ၅-ဦး အနက် တပါး အပါအဝင်ဖြစ်သော ရှင်အဿဇိ,ရဟန်းက ငါ့အား (အနိစ္စ, ဒုက္ခ,အနတ္တ-ဟု) ဝန်ခံသည့်အတိုင်း ရဟန်းဂေါတမသည် ငါ့အား (အနိစ္စ,ဒုက္ခ,အနတ္တ-ဟု) ဝန်ခံလျှင် ရဟန်း ဂေါတမကို ဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆိုပြီး တုန်လှုပ် ချောက်ချားစေမည်။ အို.... လိစ္ဆဝီမင်းတို့ ထွက်ကြ ကုန်လော့၊ ယနေ့ ရဟန်းဂေါတမနှင့် ငါတို့၏ ဝါဒပြိုင်ပွဲ ပွဲကြီးပွဲကောင်း ဖြစ်လိမ့်မည်,ဟု၍ ခေါ်ငင်လေ၏။

ထိုနောက် သစ္စက,ပရိဗိုဇ်သည် လိစ္ဆဝီ-၅၀၀,တို့ ခြံရုံလျက် မဟာဝုန်တောအတွင်း ကူဋဂါရကျောင်းတိုက် ရှိရာသို့ သွားရောက်လေ၏။ ထိုအချိန်သည် ရဟန်းတော်များ နေ့ဆွမ်းစားပြီး၍ ရဟန်းတရား နှလုံးသွင်းကာ စင်္ကြံ လျှောက်ကြသော အချိန်ဖြစ်၏။ ထိုအခါ သစ္စကသည်

ထိုရဟန်းတို့ ရှိရာသို့ သွားခဲ့ရောတ်ပြီး.... အရှင်တို့ ယခုအခါ ရဟန်းဂေါတမသည် အဘယ်အရပ်၌ နေသနည်း၊ ငါတို့သည် ရဟန်းဂေါတမကို တွေ့မြင်လိုကြပါသည်,ဟု ရဟန်းတို့ကို မေးမြန်းလေသည်။ ထိုအချိန်တွင် ဘုရားရှင်သည် သစ္စကလာမည်ကို ကြိုတင်သိရှိသဖြင့် ငါဘုရားသည် ပရိသတ်အများစား နေထိုင်ရန် ချမ်းသာမည့် အရပ်၌ ယနေ့ နေအံ့,ဟု ကြံတော်မူ၍ ဂန္ဓကုဋီတိုက်သို့ မဝင်ဘဲ မဟာဝုန်တောအတွင်း အရိပ်ကောင်းသော သစ်ပင်ရင်း တခု၌ နေ့သန့် နေထိုင်တော်မူသည်။ ယခု သစ္စက,ပရိဗိုဇ် အမေးခံရသော ရဟန်းတို့ကား မြတ်စွာဘုရားအား ဝတ်ပြု၍ ပြန်ရောက်ခါစ ရှိသေးသည်။ ထို့ကြောင့် သစ္စက,က မေးလိုက်လျှင်ပင် ဘုရားရှိရာသို့ လက်အုပ်ချီ ညွှန်ပြလျက် "အို.... သစ္စက မြတ်ဘုရားသည် တခုသော သစ်ပင်ရင်း၌ နေ့သန့် နေထိုင်တော်မူသည်"ဟု ပြန်ကြား ပြောဆိုကြ၏။

ထိုအခါ သစ္စက,ပရိဗိုဇ်သည် မျှားစွာသော လိစ္ဆဝီမင်း ပရိသတ် ဝေသာလီပြည်သူ လူပရိသတ်တို့နှင့် တကွ မဟာဝုန်တောအတွင်းသို့ ဝင်ပြီးသော် မြတ်စွာဘုရား သီတင်းသုံးရာ သစ်ပင်အနီးသို့ သွားရောက်၍ ဝမ်မြောက်ဝမ်းသာ ကားပြောကြားပြီး သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်နေလေ၏။ သစ္စကသည် သင့်တင့်လျောက်ပတ်သော နေရာ၌ ထိုင်လျက် "အကယ်၍ ရှင်ဂေါတမက အကျွန်ုပ်အား

ပြဿနာကို မေးမြန်းရန် အခွင့်ပြုပါမူ အကျွန်ုပ်သည် ရှင်ဂေါတမကို တစုံတခုသော အကြောင်းကို မေးလိုပါ၏''ဟု မြတ်စွာဘုရာအား လျှောက်ထား၏။ မြတ်စွာဘုရားသည် ''အို.... သစ္စက သင်အလိုရှိရာကို မေးပါလော့''ဟု ခွင့်ပြု တော်မူလေ၏။ ထိုအခါ သစ္စကသည် ''အို ... အရှင်ဂေါတမ အရှင်ဂေါတမသည် တပည့်သာဝကတို့ကို အဘယ်သို့ ဆုံးမ ပါသနည်း''ဟု မေးလေ၏။ ထိုအခါ မြတ်စွာဘုရားသည် သစ္စက,ပရိဗိုဇ်ကို ''အို... သစ္စက တပည့်သာဝကတို့အား အောက်ပါအတိုင်း ဆုံးမ၏''။

''ရဟန်းတို့ ရူပ်သည် အမြဲမရှိ ဝေဒနာသည် အမြဲမရှိ၊ သညာ သင်္ခါရ ဝိညာဉ်တို့သည် အမြဲမရှိ၊ ရဟန်းတို့ ရူပ်သည် အတ္တမဟုတ်၊ အလိုသို့မလိုက် အစိုးမရ အနတ္တတည်း။ဝေဒနာ သညာ,သင်္ခါရ, ဝိညာဉ်တို့သည် အတ္တမဟုတ် အလိုသို့မလိုက် အစိုးမရ အနတ္တတည်း''ဟု ဆုံးမ၏။ (မြတ်စွာဘုရား၏ ဝါဒကား အနတ္တဝါဒ ဖြစ်၏)။

ထိုအခါ သစ္စကသည် ''အိုအရှင်ဂေါတမ ကျွန်ုပ်၏ဉာဏ်ဌာ ဉပမာတခုထင်လာပါ၏၊ ဉပမာအားဖြင့် မျိုးစေ့ သစ်ပင် အပေါင်းတို့သည် ကြီးပွားစည်ပင်ပြန့်ပြောခြင်းဘုံရောက်ကြ မည်ဆိုလျှင် မြေကြီးကိုမှီ၍ မြေကြီးဌာသာတည်၍ ကြီးပွား စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြကုန်သကဲ့သို့ ထို့အတူ

ရူပ်တည်းဟူသော အတ္တရှိသော (ရူပ်ကို အတ္တဟူ၍စွဲယူသော) သတ္တဝါပုဂ္ဂိုလ်သည် ရူပ်၌တည်၍ ကုသိုလ် -အကုသိုလ်တို့ကို ဖြစ်ပွားစေ၏။ ထို့အတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့၌တည်၍ ကုသိုလ်အကုသိုလ်များကိုဖြစ်ပွားစေ၏။ ဆိုလို သည်ကား ဤခန္ဓာငါးပါး တို့သည် သတ္တဝါတို့အတွက် မြေကြီးကဲ့သို့တည်ရာဖြစ်ကုန်၏။ သတ္တဝါတို့သည်ခန္ဓာ ၅ ပါး တို့၌တည်၍ ကုသိုလ်-အကုသိုလ်တို့ကိုပြုကြကုန်၏။ ဤသို့ သောလောကမျက်မြင် အထင်အရှားရှိပါလျက် ရှင်ဂေါတမ သည် အတ္တကိုပယ်ဖြတ်ကာ အနတ္တဟု ပြောဟောဘိ၏ဟု ဥပမာနှင့်တကွမိမိ၏ အတ္တဝါဒကို တင်ပြလေ၏။ ထိုအခါ မြတ်စွာဘုရားက—

သစ္စကပရိဗိုဇ်၊ ခန္ဓာငါးပါးကို အတ္တဟု သင်ဆိုသော ကြောင့် ဤနေရာ၌ သင့်ကိုပင်ပြန်၍မေးမည်၊ ယခုငါမေး မည့်အချက်ကို သင်ဘယ်သို့ မှတ်ထင် သဘောကျသနည်း၊ ပသေနဒိကောသလမင်းကဲ့သို့, အဇာတသတ်မင်းကဲ့သို့ အဘိ သိက်ခံပြီးသောမင်း၏အဖိုရာ. မိမိနိုင်ငံ၌ သတ်ဖြတ် ညှဉ်းဆဲ ထိုက်သူကို သတ်ဖြတ်ညှဉ်းဆဲစေရန်၎င်း၊ ဥစ္စာဆုံးရှုံးစေထိုက် သူကို ဥစ္စာဆုံးရှုံးစေရန်၎င်း၊ တိုင်းပြည်မှနှင်ထုတ်ထိုက်သူကို တိုင်းပြည်မှ နှင်ထုတ်ရန်၎င်း အာဏာဖြစ်နိုင်ပါသလောဟု မေးရာ အရှင်ဘုရား အာဏာဖြစ်နိုင်ပါ၏ဟု လျှောက်သော အခါ သို့ဖြင့်လျှင် သစ္စက အကြင်ရူပ်ကို "ရူပ်သည် ငါ၏

ကိုယ်အတ္တတည်း"ဟု သင်ဆို၏။ ထိုရုပ်၌ ငါ၏ရုပ်သည် ဤသို့ဖြစ်စေလော့၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်ဟု သင်၏အဖိုရာ အာဏာထားနိုင်ပါသလော-ဟု ဘုရားရှင်က မေးရာ သစ္စကမှာ မဖြေနိုင်ဘဲဆိတ်ဆိတ်သာနေရတော့၏။ ၂-ကြိမ် ၃-ကြိမ်တိုင် ဘုရားရှင်က ဆက်၍မေးသော်လည်း သစ္စကသည် မဖြေနိုင်ဘဲ ဆိတ်ဆိတ်သာလျှင် နေတော့ရာ သစ္စက-သင်သည် ယခုပင်ဖြေကြားလော့၊ မြတ်စွာဘုရားက ၃-ကြိမ်တိုင်အောင် မေးပါလျက် မဖြေဆိုဘဲ ဆိတ်ဆိတ်နေလျှင် ထိုသူ၏ဦးခေါင်းသည် ဤနေရာ၌ပင် ခုနစ်စိတ်ကွဲနိုင်၏ဟု မြတ်စွာဘုရားက မိန့်တော်မူလေ၏။

ထိုစဉ်အခါ သိကြားမင်းသည် ဘီလူးအသွင်ဖြင့်ဝဇီရစိန်လက်နက်ကိုစွဲကိုင်၍ "ဤသစ္စကသည် ၃-ကြိမ် တိုင်အောင် ဘုရားရှင်မေးသည်ကို မဖြေဘဲနေက ယင်း၏ ဦးခေါင်းခုနစ်စိတ်ကွဲအုံ-ဟု ခြိမ်းချောက်သည့်ပမာ ကောင်းကင်၌ရပ်တည်လျက် နေ၏။ ဘီလူးအသွင်ဖြင့် ကောင်းကင်၌ရပ်တည်သောသိကြားမင်းကို မြတ်စွာဘုရားနှင့်သစ္စကတို့သာ မြင်ရ၏ အခြားပရိသတ် တဦးတယောက်မျှ မမြင်ရချေ။

ထိုအဖြစ်ကို သစ္စကသိသောအခါ မြတ်စွာဘုရားမေးမြန်းလျှင် ဖြေဆို၍ မြတ်စွာဘုရားက ခန္ဓာငါးပါး၏ အနိစ္စ,ဒုက္ခ, အနတ္တဖြစ်ပုံကို အကျယ်ဟောပြလေရာ သစ္စကပရိဗိုဇ်သည်

ဘုရားရှင်အား "အို အရှင်ဂေါတမ အကျွန်ုပ်တို့သည် အရှင်ဂေါတမကိုဝါဒလမ်းစဉ်ဖြင့် အပြစ်တင်ဆို ပုတ်ခတ်ပြီး အနိုင်ယူမည်ဟုထင်မှားခဲ့ပါ၏"ဟု လျှောက်ကာ ရဟန်းသံဃာတော်များနှင့်အတူ နက်ဖြန်ဆွမ်းစားကြွရန် ဘုရားရှင်အား ပင့်ဖိတ်ဆွမ်းကျေးပြီး မြတ်စွာဘုရားက သစ္စကအားဟောရိုးရေအေးအမြိုက်ဆေးကိုတိုက်ကျေးတော်မူသတည်း။သစ္စက၏ဝါဒကား အတ္တဝါဒဖြစ်၍ မြတ်စွာဘုရားကား အနတ္တဝါဒဖြစ်၏။ သစ္စကသည် ဘုရားရှင်၏တရားတော်ကို နာရဇသော်လည်း မဂ်ဖိုလ်သို့မရောက်၊ ရဟန်းလည်းမပြု၊ အယုတ်သဖြင့် သရဏဂုံသော်မှမတည်ချေ၊ သို့သော် နောင်ဘဝအဆက်ဆက်တွင် ဝါသနာအထုံပါပြီး ပါရမီကားရသွားလေ၏။

ဤသို့လျှင် မိမိကိုယ်ကို အထင်ကြီးကာ ဝါဒရေးရာအားဖြင့် ဘုရားရှင်အားအနိုင်တိုက်မည်ဟုရင်ဆိုင်၍ ယှဉ်ပြိုင်လာသော သစ္စကအား ဘုရားရှင်သည် မေတ္တာဓာတ်ဖြင့် တရားအမြိုက်ဆေးကို တိုက်ကျေးပြီး အနိုင်ရတော်မူလေသတည်း။

၇-ရှင်မောဂ္ဂလာန်အား နည်းညွှန်ပေးခြင်း
နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမအောင်မြင်တော်မူခြင်း ဝတ္ထု

အခါတပါးဌာ အနာထပိဏ် သူဌေးသည် မြတ်စွာဘုရား၏ တရားကို နာယူပြီးလျှင် နက်ဖြန် ရဟန်း ၀ါးရာနှင့် အတူ ၎င်း၏အိမ်ဌာ ဆွမ်း အလှူခံ ကြွတော်မူရန် ပင့်ဖိတ်၍ အိမ်သို့ ပြန်လာခဲ့၏၊ ဘုရားရှင်သည် အနာထပိဏ် သူဌေး၏ ပင့်ဖိတ်ချက်ကို လက်ခံပြီးနောက် နေ့ပိုင်း ညပိုင်းကို လွန်လာခဲ့ပြီး နံနက်မိုးသောက် လင်းအားကြီးသော အချိန် ရောက်သောအခါ စကြဝဠာ တိုက်တသောင်းကို ဉာဏ်မျက်စိဖြင့် ကြည့်ရှုတော် မူသည် ရှိသော် နန္ဒောပနန္ဒ နတ်နဂါးမင်းသည် ကိုယ်တော်မြတ်၏ ဉာဏ်တော် အဝဌာ ထင်လာ၏၊ "ဤ နဂါးမင်းသည် ၀ါဘုရား၏ ဉာဏ်တော်ဝဌာ ထင်လာ၏၊ ထို နဂါးမင်း၏ ရှေးကောင်းမှုရှိမရှိ ကြည့်ရှုသောအခါ ဤနဂါးကား ရတနာသုံးပါးဌာ မကြည်ညိုသော မိစ္ဆာအယူရှိသူ ဖြစ်၏ဟု မြင်ပြီးလျှင် တဖန် ဆက်၍ ဆင်ခြင် ပြန်သော အခါ ရှင်မောဂ္ဂလာန်သည် နဂါးမင်းအား ဆုံးမသဖြင့် နဂါးမင်းသည် မိစ္ဆာအယူကို စွန့်လွှတ်ရပုံများကိုပါ မြင်တော်မူလေသည်။

ထိုနောက် မိုးလင်းသော အခါ ရှင်အာနန္ဒာကို ခေါ်၍ "အာနန္ဒာ မြတ်စွာဘုရားသည် တာ၀တိံသာ နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူမည်ဟု ရဟန်း ၅၀၀ တို့အား ပြော

ကြားလော့ဟု စေခိုင်းတော်မူ၏၊ အထူးအားဖြင့် ထိုနေ့၌ နတ်နဂါးတို့သည် နန္ဒောပနန္ဒ နဂါးမင်းအတွက် စားသောက်ပျော်ရွှင် သေရည်ပွဲ သဘင်ကို စီရင်ပြုပြင် နေကြကုန်၏၊ နန္ဒောပနန္ဒ နဂါးမင်းသည် နတ်၌ဖြစ်သော ရတနာပလ္လင်ထက်၌ နတ်ထီးဖြူ ဆောင်းမိုးလျက် နတ်နဂါး ကခြေသည် အပေါင်း တို့ဖြင့် ခြံရံလျက် နတ်ထမင်း နတ်အဖျော် စသည်တို့ကို ကြည့်ရှုလျက် ထိုင်နေဆဲ ဖြစ်၏၊ ထိုအခါ မြတ်စွာဘုရားသည် နဂါးမင်း မြင်နိုင်အောင် ပြုလျက် နဂါးမင်း၏ ဘုံဗိမာန် အထက်က ရဟန်း ၅၀၀ တို့နှင့် အတူ တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၏။

ထိုစဉ် အခါ၌ နန္ဒောပနန္ဒ နဂါးမင်း၏ စိတ် သန္တာန်တွင် "ဤ ဦးပြည်း ရဟန်းယုတ် တို့သည် ငါတို့၏ အထက်အထက် ဘုံဗိမာန်-များက သွားကြကာ တာဝတိံသာ နတ်ပြည်သို့ ဝင်လည်း ဝင်ကြကုန်၏၊ ထွက်လည်း ထွက်ကြကုန်၏၊ ယခုအခါ ဤ အချိန်မှ စ၍ ငါတို့ အပေါ်၌ ခြေမှုန့်ကို ကြဲဖျန်းကာ သွားကြသော ဦးခေါင်း ဦးပြည်း ရဟန်းယုတ် တို့အား သွားခွင့်ကို ငါမပေးတော့အံ့ဟု ဤကဲ့သို့ မိစ္ဆာအယူ ဖြစ်ပွါးလေ၏၊ ထိုသို့ မကောင်းသော အကြံအစည် ဖြစ်ပွါးပြီးနောက် နဂါးမင်းသည် ရတနာပလ္လင်မှ ထခဲ့၍ မြင့်မိုရ်တောင် ခြေသို့ သွားပြီးလျှင် မိမိ၏ မူလကိုယ် အဖြစ်ကို စွန့်လွှတ်ပြီး မြင့်မိုရ်တောင်ကို အခွေများဖြင့် ခုနစ်ပတ် ရစ်ပတ်ပြီးနောက်

ထိုအထက်၌ ပါးပျဉ်းထောင်ကာ တာဝတိံသာ နတ်ပြည်သို့ မှောက်ခုံ ဖြစ်သော မိမိပါးပျဉ်းဖြင့် ငုံယူကာ ကွယ်ပျောက်သွားလေ၏။

ထိုအခါ ဘုရား၏တပည့် ရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားကို ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရှေးအခါများကဆိုလျှင် ဤနေရာ၌ ရပ်တည်လျက် မြင်းမိုရ်တောင်ကို မြင်ရပါ၏၊ တောင်ရံခုနစ်လုံး, တာဝတိံသာနတ်ပြည်, ဝေဇယန္တာပြာသာဒ်နှင့်ငင်းအထက်၌ စိုက်ထူထားသောသိကြားမင်း၏ အလံတို့ကို မြင်ရပါ၏ ယခုအခါ တပည့်တော်များသည် မြင်းမိုရ်တောင်, တောင်ရံခုနစ်လုံး တာဝတိံသာနတ်ဝေဇယန္တာပြာသာဒ်နှင့် သိကြားမင်း၏ အလံတော်များကို မမြင်ရခြင်း၏ အကြောင်းကား အဘယ်ပါနည်းဟု မေးလျှောက်၏၊ ထိုအခါ မြတ်စွာဘုရားက "ချစ်သားရှဋ္ဌပါလ နန္ဒောပနန္ဒ အမည်ရသော နဂါးမင်းသည် သင်ချစ်သားတို့အား အမျက်ထွက်သဖြင့် မြင်းမိုရ်တောင်ကို အခွေများဖြင့် ခုနစ်ပတ်ရစ်ပတ်ပြီးလျှင် ထိုအထက်က ပါးပျဉ်းဖြင့်ဖုံးအုပ်၍ အမိုက်မှောင်ကို ပြုလုပ်ဖန်ဆင်းကာ နေလေ၏ဟု မိန့်တော်မူသောအခါ ရှင်ရဋ္ဌပါလမထေရ်က ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထိုနဂါးမင်းကို တပည့်တော် ဆုံးမပါရစေဟု လျှောက်ထား တောင်းပန်လေ၏၊ မြတ်စွာဘုရားသည် ခွင့်ပြုတော်မမူချေ။ ထိုနောက် ရှင်ဘဒ္ဒိယ, ရှင်ရာဟုလာ စသော

တပည့်များက ထကာထကာ ရှင်ရဋ္ဌပါလ လျှောက်ထားသည့် အတိုင်း လျှောက်ထားကြသော်လည်း ဘုရားရှင်သည် ခွင့်ပြုတော် မမူချေ။

နောက်ဆုံး၌ ရှင်မောဂ္ဂလာန် မထေရ်မြတ်က ဘုန်းတော်ကြီးသော မြတ်စွာဘုရား ထိုနဂါးမင်းကို အကျွန်ုပ် ဆုံးမပါရစေဟု လျှောက်ထားသောအခါ "ဆုံးမလော့ ချစ်သား မောဂ္ဂလာန်"ဟု မြတ်စွာဘုရားသည် ခွင့်ပြုတော်မူလေ၏။ ထိုအခါ ရှင်မောဂ္ဂလာန်သည် မိမိ၏ မူလကိုယ်ခန္ဓာ အတွေ့ဟောကို ပယ်စွန့်၍ ကြီးစွာသော နဂါးမင်းအသွင် ဖန်ဆင်းပြီး နန္ဒောပနန္ဒ နဂါးမင်းကို မိမိအခွေများဖြင့် တဆဲ့လေးပတ်ရစ်ပတ်၍ နဂါးမင်း၏ ပါးပျဉ်းအထက်၌ မိမိ၏ ပါးပျဉ်းကို အုပ်မိုးထားကာ နန္ဒောပနန္ဒ နဂါးမင်းကို မြင်းမိုရ်တောင်ကြီးနှင့် ဖိညှပ်ကြိတ်၍ ထားလေ၏၊ နန္ဒောပနန္ဒ နဂါးမင်းသည် အခိုးအငွေ့ကို လွှတ်လေ၏၊ မထေရ်မြတ်သည်လည်း "သင်၏ ကိုယ်၌သာလျှင် အခိုးအငွေ့ ရှိသည်မဟုတ် ငါ့မှာလည်းရှိ၏" ဟု ပြောဆိုကာ ထိုထက်သာလွန်သောအခိုးအငွေ့ကို လွှတ်လေ၏၊ နဂါးမင်း၏ အခိုးအငွေ့က မထေရ်မြတ်ကို မနှိပ်စက်နိုင်၊ မထေရ်မြတ်၏ အခိုးအငွေ့ကား နဂါးမင်းကို နှိပ်စက်နိုင်၏၊ ထိပါးနိုင်၏။

ထို့နောက် နန္ဒောပနန္ဒနဂါးမင်းသည် မီးအလျှံတဟုန်းဟုန်းလွှတ်လေ၏၊ မထေရ်မြတ်ကလည်း ထိုထက်သာလွန်

သော မီးအလုံ့များကို တဟုန်းဟုန်း လွှတ်တော်မူလေ၏။ နန္ဒောပနန္ဒနဂါးမင်းသည် ဤသူကား ငါ့ကို မြင့်မိုရ်တောင်ကြီးနှင့် ဖိညှပ်ကြိတ်ချေ၍ အခိုးအငွေ့ကိုလည်း လွှတ်၏၊ မီးအလုံ့ကိုလည်း တဟုန်းဟုန်း လွှတ်၏ဟု ကြုံပြီးလျှင် "အို အရှင် သင်သည် အဘယ်သူ ဖြစ်သနည်း"ဟု မထေရ်မြတ်ကို မေးသောအခါ "နန္ဒ ငါကား ရှင်မောဂ္ဂလာန် မထေရ်တည်း"ဟု မိန့်တော်မူ၏၊သို့ဖြစ်လျှင် မိမိ၏ရဟန်းအသွင်ဖြင့် တည်တော်မူပါဟု နဂါးမင်းက လျှောက်သောအခါ မထေရ်မြတ်သည် ဖန်ဆင်းထားသော နဂါးကိုယ်အတ္တဘောကို စွန့်ပယ်ပြီ၊ ပကတိ မိမိ၏ ရဟန်းအသွင်ဖြင့် နန္ဒောပနန္ဒ နဂါးမင်း၏ လက်ယာနားမှဝင်၍ လက်ဝဲနားမှ ထွက်တော်မူ၏၊ တဖန် လက်ဝဲနားမှဝင်၍ လက်ယာနားမှ ထွက်၏၊ ထို့နည်းတူ လက်ယာ နှာခေါင်းပေါက်မှဝင်၍ လက်ဝဲ နှာခေါင်းပေါက်မှ ထွက်၏၊ လက်ဝဲနှာခေါင်းပေါက်မှ ဝင်၍ လက်ယာ နှာခေါင်းပေါက်မှ ထွက်၏၊ ထိုနောက် နန္ဒောပနန္ဒ နဂါးမင်းသည် ခံတွင်းကို ဖွင့်ဟပေးလေသည်၊ မထေရ်မြတ်သည် ခံတွင်းမှ ဝင်၍ ဝမ်းတွင်းဌ အရှေ့အနောက် လူးလာ တုံ့ခေါက် စင်္ကြံလျှောက်လေ၏၊ နန္ဒောပနန္ဒ နဂါးမင်းသည် ငါသည် မထေရ်မြတ်ခံတွင်းမှ ဝင်သွားသည်ကို ရှိစေဦး၊ ယခုထွက်လာသောအခါ မထေရ်ကို အစုယ်ကြားဌ ထည့်ထားပြီး ကျွတ်ကျွထ်ဝါး၍ စားအုံ့ဟု ကြံ၍ "အရှင်ဘုရား အပြင်သို့ ထွက်ပါလော့၊ ဝမ်းတွင်းဌနေကာ လူးလာ

တုန့်ခေါက် စက်ြံလျှောက်လျက် အကျွန်ုပ်ကို မနှိပ်စက်ပါ လင့်ဟု လျှောက်ထားဏ်၊ မထေရ်သည် ထွက်၍ အပ၌ ရပ်တော်မူဏ်၊ နဂါးမင်းသည် ဤသူကား ရှင်မောဂ္ဂလာန်တည်းဟု မြင်လျှင်မြင်ခြင်း ပြင်းစွာသော နှာခေါင်းလေကို မှုတ်လွှတ်၏၊ မထေရ်သည် ထိုလေကိုကာကွယ်လိုက်၏၊ နဂါးမင်းလွှတ်သော နှာခေါင်းလေသည် မထေရ်မြတ်၏ မွေးညှင်းတွင်းကိုမျှလည်း မတုန်လှုပ်စေနိုင်။

ထိုအခါ နန္ဒောပနန္ဒ နဂါးမင်းသည် "ငါသည် ဤနှာခေါင်း လေဖြင့် ဤရဟန်း၏ မွေးညှင်းတွင်းကလေး တတွင်းကိုသော်မှ တုန်လှုပ်စေခြင်းငှါ မတတ်နိုင်၊ ဤရဟန်းကား အလွန် တန်ခိုးကြီးသူဖြစ်သည်ဟု ကြံစည် စဉ်းစားမိလေ၏၊ မထေရ်မြတ်သည် ပကတိကိုယ်ကိုစွန့်၍ ဂဋ္ဌုန်ငှက် အသွင်ဖန်ဆင်းပြီးလျှင် ဂဋ္ဌုန်ငှက်၏ လေအဟုန်ကို ဖော်ပြလျက် နဂါးမင်းကို လိုက်လေ၏၊ နန္ဒောပနန္ဒနဂါးမင်းသည် ပြေး၍မလွတ်နိုင်သည့်အဆုံး၌ မိမိ၏ နဂါးခန္ဓာကိုယ်ကို စွန့်၍ လုလင်ငယ်အသွင် ဖန်ဆင်းပြီးလျှင် "အရှင်ဘုရား၊ အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဟုပြောလျက် မထေရ်မြတ်၏ ခြေတော်အစုံကို ရိုသေစွာရှိခိုးလေ၏။

အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် "နန္ဒ မြတ်စွာဘုရားကြွတော်မူလာပြီ၊ လာလော့ ဘုရားထံသို့ သွားကြစို့" ဟု

မိန့်ဆိုကာ နဂါးမင်းကို ဆုံးမ၍ မာန်မာန အဆိပ်အတောက်ကင်းပျောက်အောင်ပြုပြီးမှ နဂါးမင်းကို ခေါ်ဆောင်၍ ဘုရားရှင်အထံသို့ သွားလေ၏၊ နဂါးမင်းသည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုး၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏" ဟု လျှောက်ထားကာ သရဏဂုံခံယူလေ၏၊ မြတ်စွာဘုရားသည် "နဂါးမင်း သင်သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံသူဖြစ်စေသတည်း" ဟု မိန့်တော်မူပြီးလျှင် အနာထပိဏ်သူဌေးအိမ်သို့ ကြွတော်မူသတည်း။ ဤသို့လျှင် ဘုရားရှင်သည် ရှင်မောဂ္ဂလာန်အား နည်းညွှန်ပေး၍ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမတော်မူလေသည်။

၈-ဗကဗြဟ္မာကိုအောင်တော်မူခြင်းဝတ္ထု

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ရဟန်းတို့ကိုခေါ်၍ မိန့်သည်မှာ "ရဟန်းတို့ ငါဘုရားသည် အခါတပါး၌ ဥက္ကဋ္ဌမြို့သုဘဂတောအုပ်အတွင်း အင်ကြင်းပင် အရင်း၌ နေ၏၊ ထိုအခါ ဗကဗြဟ္မာ၏စိတ်သန္တာန်၌ "ဤကိုယ်နှင့်တကွသော ဗြဟ္မာလောကသည် မြဲ၏၊ ခိုင်ခံ့၏၊ တည်တံ့၏၊ သီးသန့်ဖြစ်၏၊ ရွှေလျောခြင်း သဘောမရှိ ဤဗြဟ္မာလောက၌ ပဋိသန္ဓေ

နေသူ,အိုသူ, သေသူ,ရွေ့လျောသူ ရွေ့လျောပြီးနောက် တဖန် ပဋိသန္ဓေ တည်နေသော အားဖြင့် ကပ်ရောက်သော သူဟူ၍မရှိ၊ ဤကိုယ်နှင့် တကွသော ဗြဟ္မာလောကမှတပါး အခြား လွန်မြောက်သော ထွက်မြောက်ရာလည်း မရှိ"ဟု ဤသို့ သဘောရှိသော အလွန်အားကောင်းသည့် သဿတ မိစ္ဆာဒိဋ္ဌိ (မြဲ၏ဟု ယူသောအယူ) အယူဖြစ်ပေါ်နေပေ၏။ ရဟန်းတို့ ထိုအခါ ငါဘုရားသည် ဗကဗြဟ္မာ၏ စိတ်အကြံကို သိတော်မူ၍ ဥက္ကဋ္ဌမြို့ သုဘဂတောအုပ် အင်းကြင်းပင်အရင်းမှ ကွယ်ခဲ့၍ ဗြဟ္မာပြည်၌ ထင်ရှားဖြစ်လေ၏။ ရဟန်းတို့ ဗကဗြဟ္မာသည် ငါဘုရား လာလတ်သည်ကို အဝေးမှပင်မြင်၍ "အရှင်မြတ် လာပါလော့၊ အရှင်မြတ် ဤကိုယ်နှင့် တကွသော ဗြဟ္မာလောကသည် မြဲ၏၊ခိုင်ခံ့၏၊ တည်တံ့၏၊ သီးသန့် ဖြစ်၏၊ ရွေ့လျောခြင်း သဘောမရှိ၊ ဤဗြဟ္မာလောကဌ် ပဋိသန္ဓေနေသူ အိုသူ, သေသူ, ရွေ့လျောသူ, ရွေ့လျောပြီးနောက် တဖန် ပဋိသန္ဓေတည်နေသောအားဖြင့် ကပ်ရောက်သောသူဟူ၍မရှိ၊ ဤကိုယ်နှင့် တကွသော ဗြဟ္မာလောကမှ တပါး အခြား လွန်မြတ်သော ထွက်မြောက်ရာလည်း မရှိ"ဟူ၍ ပြောဆိုလေသည်။

ရဟန်းတို့ ဤသို့ဆိုလေသော် ငါဘုရားသည် ဗကဗြဟ္မာကို "အချင်းတို့ ဗကဗြဟ္မာသည် မိုက်မဲလေစွ တကား၊ ဗကဗြဟ္မာသည် မမြဲသည်သာလျှင် ဖြစ်သောတရားကို မြဲ၏

ဟု ဆိုတုံဘိ၏၊ မခိုင်ခံ့, မတည်တံ့, သီးသန့်မဟုက်, ရွှေလျောခြင်းသဘောရှိသည်သာလျှင် ဖြစ်သောတရားကို ခိုင်ခံ့၏၊ သီးသန့်ဖြစ်၏၊ ရွှေလျောခြင်းသဘောမရှိဟု ဆိုတုံဘိ၏၊ အကြင်ဗြဟ္မာ့ဘုံ၌ ပဋိသန္ဓေနေသူ အိုသူ, သေသူ, ရွှေလျောသူ တဖန် ကပ်ရောက်သောသူ ရှိပါလျက် ထိုဗြဟ္မာ့ဘုံကို ဤဗြဟ္မာလောက၌ ပဋိသန္ဓေနေသူ, အိုသူ, သေသူ, ရွှေလျောသူ, တဖန်ကပ်ရောက်သော သူဟူ၍မရှိ''ဟု ပြောဆိုတုံဘိ၏၊ ဤကိုယ်နှင့် တကွသော ဗြဟ္မာလောကမှ တပါးအခြားလွှန်မြတ်သော ထွက်မြောက်ရာလည်း မရှိဟု ဆိုတုံဘိ၏၊ ဟူ၍မိန့်ဆို၏။

ရဟန်းတို့ ထိုအခါကမာရ်နတ်ယုတ်သည် အလုပ်အကျွေးဗြဟ္မာငယ်တဦးကို ပူးဝင်ပြီးသော် ငါဘုရားကို ဤသို့ထိပါးပြောဆို လာလေသည်။ ရဟန်းရဟန်း ဤဗက ဗြဟ္မာကို မထိခိုက်လင့်၊ ဤဗကဗြဟ္မာသည် ဗြဟ္မာကြီးလည်းဖြစ်သည်၊ လွှမ်းမိုးနိုင်သူလည်း ဖြစ်သည်၊ မည်သူကမျှ သူ့ကိုမလွှမ်းမိုးနိုင်သူလည်း ဖြစ်သည်၊ အလုံးစုံကို မြင်တတ်သူလည်းဖြစ်သည်၊ သတ္တဝါအားလုံးကို မိမိအလိုသို့ လိုက်ပါစေနိုင်သူလည်းဖြစ်သည်။ လောက၌ အစိုးရသူလည်း ဖြစ်သည်။ လောကကို ပြုလုပ်ဖန်ဆင်းတတ်သူလည်း ဖြစ်သည် သင်သည်မင်းဖြစ်ရမည်၊ ကုန်သည် လယ်လုပ် ဖြစ်ရမည်၊ သူဆင်းရဲဖြစ်ရမည်၊ သင်သည် လူဖြစ်ရမည်၊ ရဟန်းဖြစ်ရမည် အယုတ်

အားဖြင့် သင်သည် နွားဖြစ်ရမည်၊ ခွေးဖြစ်ရမည်ဟု သတ္တဝါတို့ကို စီမံတတ်သူလည်း ဖြစ်သည်၊ ဖြစ်ပြီးသော သတ္တဝါ ဖြစ်ဆဲသော သတ္တဝါတို့၏ အဖလည်း ဖြစ်သည်၊ ရဟန်း ထို့ကြောင့် သင့်ကို ငါဤသို့ ဆို၏၊ "အချင်း သင့်ကို ငါတိုက်တွန်း လိုသည်မှာဗြဟ္မာ ပြောဆိုသော စကားကိုသာ သင်လိုက်နာလော့ သင်သည် ဗြဟ္မာ၏ စကားကို မလွန်ဆန်လင့်၊ သင်သည်အကယ်၍ဗြဟ္မာ၏စကားကိုလွန်ဆန်မူ မိမိထံမှောက်ရောက်လာသော ကျက်သရေ မင်္ဂလာကို တုတ်ရှေရှေဖြင့် ရိုက်နှက် ထိုးပုတ် မောင်းနှင်ထုတ် သကဲ့သို့ ဖြစ်လိမ့်မည်၊ ထို့ကြောင့် သင့်ကို တိုက်တွန်း လိုသည်မှာ ဗြဟ္မာပြောသော စကားကိုသာ သင်လိုက်နာလော့၊ သင်သည် ဗြဟ္မာ၏ စကားကို မလွန်ဆန်လင့်ဟု ထိပါးပြောဆို လာလေသည်၊ ရဟန်းတို့ ဤသို့လျှင် မာရ်နတ်ယုတ်သည် ဘုရား၏ ဗြဟ္မာ၏ ပရိသတ်ဖြစ်အောင် ဆွဲဆောင်လာ၏။

ရဟန်းတို့ မာရ်နတ်ယုတ်က ဤသို့ ပူးဝင်ပြောဆို အပ်သော် ဘုရားသည် မာရ်နတ်ယုတ်ကို "ဟယ် မာရ်နတ်ယုတ် သင့်ကို ဘုရားသိ၏၊ ငါ့ကို ရဟန်း ဂေါတမသည် မသိဟူ၍မျှား သင် အထင် မမှားလင့်၊ ဟယ် မာရ်ယုတ် သင်ကား မာရ်နတ် ဖြစ်၏၊ မဟာဗြဟ္မာ ကြီးသည်ရင်း ဗြဟ္မာ ပရိသတ် သည်ရင်း အလုပ်အကျွေး ဗြဟ္မာ အပေါင်းသည်ရင်း အားလုံးသော သူတို့ပင် သင့်လက်တွင်းသို့ သက်ဆင်း

ကျရောက်ရ ကုန်၏၊ ဟယ် မာရ်ယုတ် သင်၏ စိတ် သန္ဓာန်ဌ "ဤရဟန်းသည်လည်း ငါ့လက်တွင်းသို့ သက်ဆင်းကျရောက်သူ ဖြစ်လေရာ၏ဟု အကြံမှား အစည်မှား ဖြစ်ဘိ၏၊ ဟယ် မာရ်ယုတ် စင်စစ်ကား ငါဘုရားသည် သင့်လက်တွင်းသို့ သက်ဆင်း ကျရောက်သူလည်း မဟုတ်၊ သင့်အလိုသို့ လိုက်ပါ ရသူလည်း မဟုတ်ချေ ဟု ပြန်လည်ချေပ ပြောဆိုခဲ့လေပြီ။

ရဟန်းတို့ ဤသို့ ငါဘုရားက မာရ်နတ်ယုတ်ကို ပြောဆိုပြီးလတ်သော် ဗကဗြဟ္မာကြီးက ငါဘုရားကို ဤသို့ ပြောဆို၏၊ ပြောဆိုပုံမှာ "အရှင်မြတ် ငါသည် မြဲသောတရားကို သာလျှင် မြဲ၏ဟု ဆို၏၊ ခိုင်ခံ့သောတရား, တည်တံ့သော တရား, သီးသန့်ဖြစ်သော တရား, ရွှေ့လျောခြင်း သဘော မရှိသော တရားကို သာလျှင် ခိုင်ခံ့၏၊ တည်တံ့၏၊ သီးသန့် ဖြစ်၏၊ ရွှေ့လျောခြင်း သဘောမရှိဟု ဆို၏၊ ဤ ကိုယ်နှင့် တကွသော ဗြဟ္မာ့လောကမှ တပါး အခြား လွန်မြတ်သော ထွက်မြောက်ရာ တရား မရှိသည်ကိုပင် ထွက်မြောက်ရာ တရားလည်းမရှိဟု ငါဆို၏ ဟု ဤကဲ့သို့ ပြောဆို၏။ ဤသို့ အပြန် အလှန် ပြောဆိုကြ ပြီးနောက် ဘုရားရှင်သည် မိမိ၏ ဝါဒကို ကြံ့ကြံ့ခိုင် တည်မြဲစေတော် မူ၏။

ထို့နောက်မှ ဗကဗြဟ္မာသည် မိမိ အယူအဆဖြစ်သော မိမိ ပြောတိုင်းပြောတိုင်းသော "ဤကိုယ်နှင့် တကွသော ဗြဟ္မာ့ဘုံဌာနသည်မြဲ၏ ခိုင်ခံ့၏ တည်တံ့၏ အစရှိသောယူဆ ချက်အားလုံးကို မြတ်စွာဘုရားက အပြစ်ပြကာ နှိပ်ကွပ်စေ

အပ် စွန့်ပယ်စေအပ်ရကား အခြားတစုံတရာ ယူဆပြောဆို ယုံကြည်ကိုးစားရာကို မတွေ့ရသောကြောင့် မိမိ၏အရှုံးကို ဖုံးလွှမ်းခြင်းငှါ ဝါဒစကားယှဉ်ပြိုင် ပြောကြားခြင်းကို ပယ်ရှားမှ ပုန်းကွယ်ပျောက်လျှိုး တန်ခိုးပြိုင်ဆိုင် လိုသဖြင့် "အရှင်မြတ် သို့ဖြစ်လျှင် ငါသည် သင်၏မျက်မှောက်၌ ယခုပင် ကွယ်လိုက်မည်၊ သင် ငါ့ကို မမြင်နိုင်သည့် တန်ခိုးပြာဋိဟာကို ငါပြုမည်၊ သင်သည့် ရှုလော့" ဟု ဆိုလေ၏၊ ထိုအခါ မြတ်စွာဘုရားက ဗကပြဟ္မာကို "ဗကပြဟ္မာ၊ သင်စွမ်းနိုင်ပါက သင်သည် ငါ၏မျက်မှောက်၌ ယခုပင် ကွယ်လိုက်လော့" ဟု ခွင့်ပြုစကား မိန့်ကြားလေ၏၊ ထိုအချိန်တွင် ဘုရားရှင်က "ဤဗကပြဟ္မာသည် သိမ်မွေ့သော ပကတိ အတ္တဘောဖြင့် မတည်ပဲ ယခုလက်ရှိ ပြုပြင်ဖန်ဆင်းထားသော ရုပ်ရင်းကြမ်းတမ်းသည့် အတ္တဘောဖြင့်သာ တည်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူ၏၊ ထို့ကြောင့် ဗကပြဟ္မာကြီးသည် ပကတိ အတ္တဘောသို့လည်း မပြောင်းနိုင်ပဲ ရှိလေသည်၊ သို့ဖြစ်၍ သူ၏ကိုယ်ကာယကား မပျောက်ကွယ်ပဲ ရှိလေသည်။

တဖန် ဗကပြဟ္မာကြီးသည် ပကတိ အတ္တဘောသို့ မပြောင်းနိုင်သဖြင့် လက်ရှိ အတ္တဘောကို ဖုံးလွှမ်းမည့်အမှိုက်မှောင်ကြီးကို ဖန်ဆင်းရန် အားထုတ်ပြန်လေသည်၊ မြတ်စွာဘုရားကလည်း ကိုယ်တော်မြတ်၏တန်ခိုးတော်ဖြင့် ဗကပြဟ္မာကြီး ဖန်ဆင်းသည့် အမှိုက်မှောင်ကို ပယ်ဖျောက် ပစ်လိုက်ပြန်လေသည်၊ ထို့ကြောင့် ပုန်းကွယ်ခြင်းငှါ မတတ်နိုင်ပဲ

ရှိပြန်လေသည်။ ဗကဗြဟ္မာကြီးသည် ပကတိ အတ္တဘောသို့လည်း မပြောင်းနိုင်၊ အမိုက်မမှာင်ကိုလည်း မဖန်ဆင်းနိုင်သဖြင့် ပုန်းကွယ်ခြင်းငှါ မတတ်နိုင်ရကား ပြုမိပြုရာ ပြုလုပ်သောအားဖြင့် ဘုံဗိမာန်အတွင်းသို့ဝင်၍ ပုန်းပြန်၏၊ ပဒေသာပင်၌ ပုန်းပြန်၏၊ ဆောင့်ကြောင့် ကုပ်ကုပ်ကလေး ထိုင်နေ၏။ "အို ဗကဗြဟ္မာ သင်သည် ငါပုန်းလျှိုးကွယ်ပျောက်နေ၏" ဟူသော အမှတ်သညာကို ဖြစ်မှဖြစ်ရက်ပလေဟု ဗြဟ္မာအပေါင်းက ပြက်ရယ်ပြောင်လှောင်မှုကို ပြုကြကုန်၏၊ ဗကဗြဟ္မာကြီးသည် ဗြဟ္မာအပေါင်းက ပြက်ရယ်ပြောင်လှောင်သောကြောင့် မျက်နှာမသာမယာဖြစ်လေ၏။

ထိုအခါ ဗကဗြဟ္မာသည် ရဟန်းဂေါတမ၏ မျက်မှောက်၌ ငါကွယ်လိုက်မည်ဟု ဆိုသော်လည်း မြတ်စွာဘုရား၏ မျက်မှောက်၌ ကွယ်ပျောက်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ဘုရားရှင်က သို့ဖြစ်လျှင် သင် ဗက၏ မျက်မှောက် ငါကွယ်ပျောက်ပြမည်ဟု မိန့်ဆိုလိုက်သည်နှင့်တပြိုင်နက် ကိုယ်တော်မြတ်၏ ရူပကာယကြီးသည် ပျောက်ကွယ်သွားလေဘော့၏၊ တဦးတယောက်သောဗြဟ္မာမျှ မမြင်ရချေ၊ ထိုအခါ မြတ်စွာဘုရားသည် ပျောက်ကွယ်တော်မူရင်းကပင် ကိုယ်တော်မြတ်ဤနေရာ၌ ရှိသည်ကိုသိစေရန်—

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္ဇ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဥ္စိ၊ နန္ဒိဥ္ဇ နဥပါဒိယိံ။
ဟူသော ဂါထာကို ရွတ်ဆိုဟောကြားလေ၏။

အနက်ကား။ ။(ဘော့ဘန္တေါ၊စည်းဝေးညီညာရောက်လာ ကြပြား အိုဖြဟ္မာများတို့)

အဟံ၊ ငါဘုရားသည်။ ဘဝေ၊ ဘဝသုံးပါးဝဋ္ဋရထားဌ။ ဘယဠ္ဠ၊ ပဋ္ဌိသန္ဓေ အိုနာသေရေးကြောက်စရာဘေးကိုဌင်း။ ဝိဘဝေသိနံ၊ ဘဝကင်းရာနိဗ္ဗုတာကို ဖွေရှာလမ်းမှား (ဗက ဖြဟ္မာကဲ့သို့သော) သတ္တဝါအများတို့၏။ ဘဝဠ္ဠ၊ ဘဝသုံးထပ် ဘုံသုံးရပ်၌ မရပ်မနား ဖြစ်ပွားခြင်းကိုဌင်း။ ဒိသ္ဝာ ဧဝ၊ ဉာဏ်မျက်စိဖြင့် တိကျထင်ထင် တွေ့မြင်ရသောကြောင့်သာ လျှင်။ ကိဉ္စိ ဘဝံ၊ တစုံတခုသောဘဝကိုမျှ။ နာဘိ ဝဒိ ံ၊ အံ့ထင်မမှားတော့ပြီ။ နန္ဒိဠ္ဠ၊ နှစ်သက်ခြင်း ဘဝတဏှာ ကိုလည်း။ နဠ ဥပါဒိယိ ံ၊ လေးမင်လျှံရှိန် ဉာဏ်ပုဆိန်ဖြင့် လေးကြိမ်ဖြတ်တောက် အမြစ်ပါပျောက်သဖြင့် မကပ်ရောက် မစဲ့ယူတော့ပြီ။

ဤသို့လျှင် မြတ်စွာဘုရားသည် တရားဒေသနာဖြင့်တမျိုး တန်ခိုးပြ၍တဖုံ မာန်စွယ်ကျစေကာဆုံးမတော်မူလေရာ စည်း ဝေးရောက်လာကြသော ဗြဟ္မာအပေါင်းတို့မှာ အချို့ကား သောတာပန်, အချို့ကား သကဒါဂါမ်, အချို့ကား အနာဂါမ်ဖြစ်ကြပြီး အချို့မှာ ရဟန္တာ ဖြစ်သွားကြလေ သတည်း။ ဤသို့ မြတ်စွာဘုရားသည် ဗကဗြဟ္မာကြီးကို အောင်မြင်တော်မူပါသည်။

ဂုဏ်တော်အကျိုးဝတ္ထုများ

၁-ဘုရား တရား သံဃာဂုဏ်ကိုရှတ်ဆိုသဖြင့် အသက်မသေဘဲ ရှေပန်းခိုင်ရသောအလမ္ပယ်သမားဝတ္ထု

ကဿပမြတ်စွာဘုရား၏ သာသနာတော်တွင်း ကာလ၌ ကံ-ကံ၏အကျိုး ဘုရား,တရား,သံဃာရတနာသုံးပါး ဂုဏ်ကို မယုံကြည်သော မိစ္ဆာအယူရှိသည့် အလမ္ပာယ် မြို့သမား တယောက်သည် မိမိ၏ အပေါင်းအဖော်များ ဘုရားဖူးသွားသောအခါ ဘုရားကိုကြည့်ညိုမဟုတ်ဘဲ ပျော်ရုံပါးရုံ အတွက် ဘုရားဖူးလိုက်သွားလေရာ ဘုရားကျောင်းဘော်အနီး တောင်ပိုတခု၌ နဂါးတကောင်ကို တွေ့မြင်လေ၏။ ထိုမိစ္ဆာဒိဋ္ဌိအလမ္ပာယ်သမားသည် သာမန်မြို့မျိုးမှတ်ထင်ပြီး လျှင်ဖမ်းယူရန် မြေနိုင်သောမန္တန်ကို ရှတ်ဆိုလေ၏။ ထိုအခါ နဂါးသည် အမျက် ထွက်ပြီးလျှင် ထိုအလမ္ပာယ်သမားကို ပေါက်သတ်ရန်လိုက်လေသော် အားကုန်ထုတ်၍ ပြေးလေ၏။ ထိုသို့ပြေးသောအခါ လမ်းတွင် ခလုတ်တိုက်မိ၍ ခြေချော်ကာအလဲတွင် သေရမည်ကို ကြောက်သောကြောင့် မိမိ၏ အပေါင်းအဖော် မိတ်ဆွေများ ရှတ်ဆိုလေ့ရှိသော "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟူသောစကားကို ရှတ်ဆိုလိုက်၏။ နဂါးသည် "မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်သူ ဖြစ်ပေသည်" ဟု

စိတ်ဆိုးပြေပြီးလျှင် အလမ္ပာယ်အား ကောင်းစွာ အသက်မွေးနိုင်ရန်အတွက် အဖိုးများစွာထိုက်တန်သော ရွှေပန်းသုံးခိုင်ကိုပေးလိုက်လေသည်။ ထိုယောကျ်ားလည်း ရွှေပန်းခိုင်သုံးခိုင်ရသွားသောကြောင့် မြွေမဖမ်းတော့ဘဲ ယင်းရွှေများကို ရောင်းစား၍အသက်မွေးလေတော့၏။

၂-ရတနာသုံးပါးကို အောက်မေ့ဆင်ခြင်သဖြင့် ရေအယဉ်တွင်မြေပြင်ကဲ့သို့သွားနိုင်သော ကပ္ပိန္နမင်းကြီးနှင့် အနော်ဇာမိဖုံရားဝတ္တု

မြတ်စွာဘုရား ရွှေလက်ထက်တော်အခါက ကက္ကုဝတီပြည်ကိုအစိုးရသော ကပ္ပိန္နမင်းကြီးသည် အမတ်တထောင်ခြံရံလျက် ဥယျာဉ်သို့ ထွက်လေသော် သာဝတ္ထိပြည်မှလာသော ကုန်သည်ငါးရာနှင့်တွေ့၍ သာဝတ္ထိပြည်၏ သတင်းစကားကိုမေးလတ်သော် ကုန်သည်အမှူးက အရှင်မင်းကြီးအကျွန်ုပ်တို့ပြည်၌ ဘုရားရတနာ ဖြစ်ပေါ် ပါသည်ဟုလျှောက်၏၊ မင်းကြီးလည်း ဘုရားရတနာဖြစ်ပေါ်ကြောင်းကြားသိလျှင် အလွန်ကြည်ညိုခြင်းဖြစ်၍ ထိုသူအား အသပြာတသိန်းဆုပေးပြီးသော် သည်မှတပါး ရှိသေးသလော-ဟုမေးပြန်သော် အရှင်မင်းကြီးတရားရတနာဖြစ်ပေါ်ပါသည်ဟုလျှောက်၏၊ မင်းကြီးလည်း ကြည်ညိုခြင်း ပီတိဖြစ်၍

အသပြာတသိန်း ဆုပေးပြန်ပြီးလျှင် သည်မှတပါး ရှိသေး သလောဟုမေးပြန်၏၊ အရှင်မင်းကြီး သံဃာရတနာလည်း ဖြစ်ပေါ်ပါသည်ဟုလျှောက်၏၊ မင်းကြီးလည်း ရှေးနည်း အတိုင်း အသပြာတသိန်းဆုပေးပြီးလျှင် အမတ်တို့အား ငါဆည်း တိုင်းပြည်သို့မပြန်တော့ပြီ ဘုရား, တရား, သံဃာ ရတနာသုံးပါးရှိရာသို့သွား၍ ရဟန်းပြုအံ့ဟုဆို၏၊ အမတ်တို့ ကလည်း မိမိတို့ပါ ရဟန်းပြုလိုကြောင်း လျှောက်ကြလျှင် မင်းကြီးသည် မိဖုရားကြီးထံသို့မိမိနှင့်တကွ အမတ်တထောင် ပါ မြတ်စွာဘုရားထံသွား၍ ရဟန်းပြုကြမည့်အကြောင်း ထို ကုန်သည်အား အသပြာသုံးသိန်း ပူဇော်သည်ဖြစ်၍ ပေးလိုက် ရန်အကြောင်း ရှေပေတွင်စာရေး၍ပေးလိုက်၏။

ထို့နောက် ကပ္ပိန္နမင်းကြီးသည် အမတ်တထောင်နှင့်တကွ မြင်းစီး၍ မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည်သို့ သွားကြလတ် သော် အပရစ္ဆမြစ်ကို တွေ့ရာတွင် ကူးစရာ လေ့မရှိသဖြင့် "ငါတို့သည် ဘုရားသခင်ကို ရည်မှန်း၍ လာခဲ့သည် သို့ဖြစ်၍ ဤရေအယာဉ်သည် ငါတို့အား မြေအပြင်ကဲ့သို့ ဖြစ်ပါစေ သတည်း" ဟု သစ္စာဓိဋ္ဌာန်ပြုလျက် မြင်းစီး၍ကူးကြလတ်သော် မြင်းခွါဖျားမျှသာ ရေစွပ်လေ၏ ထိုနောက် ခရီးဆက်လက် သွားကြရာ နိလဝါဟာန မြစ်သို့ရောက်ကြသော် လေ့ တက် မရှိသည်ဖြစ်၍ တရားတော်၏ ဂုဏ်တော်ကို အောက်မေ့လျက် ရှေးနည်းအတူ သစ္စာပြု၍ ကူးလေရာ မြင်းခွါဖျားမျှသာ

ရေစွပ်လေ၏ ထိုနောက် ခရီးဆက်လက် ထွက်ခွါလာရာ စန္ဒဘာဂမြစ်သို့ရောက်၍ လေ့ တက် မရှိသောကြောင့် သံဃ ဂုဏ်တော်ကို အောက်မေ့လျက် ရှေးနည်းတူ သစ္စာပြု၍ ကူးကြရာ မြင်းခွာဖျားမျှသာ ရေစွပ်လေ၏ မြတ်စွာဘုရား သည် ကပ္ပိန္နမင်းကြီးတို့ လာကြောင်းကို ရှေညာဏ်တော်ဖြင့် ကြိုတင်သိမြင်တော်မူသဖြင့် ထိုစန္ဒဘာဂမြစ်အနီး ညောင်ပင် ကြီး အောက်၌ ရောင်ခြည်တော် ခြောက်သွယ်ကိုလွှတ်လျက် ကြိုလင့်လေ၏ မင်းကြီးနှင့် အမတ်တို့သည် ရောင်ခြည်တော် ကို မြင်ကြလျှင် မြင်းထက်မှ ဆင်းသက်၍ ရောင်ခြည်တော် ထွက်သော မြတ်စွာဘုရားထံ ချဉ်းကပ်လျက် တရားတော်ကို နာကြလေသော် သောတာပန်တည်ကြလေကုန်၏၊ ထိုနောက် ရဟန်းပြုလိုကြောင်း လျှောက်ထားကြရာ မြတ်စွာဘုရားက "ဧဟိဘိက္ခု" ရဟန်းလာလော့ဟု ခေါ်တော်မူလျှင် အား လုံးပင် ရဟန်းဖြစ်ကြလေကုန်၏။

ကုန်သည်တို့သည် ကပ္ပိန္န မင်းကြီး၏ မိဘုရားကြီးထံ သွားရောက်၍ ရှေပေစာကို ဆက်သလျှင် အနော်ဇာ မိဘု ရားကြီးက "မင်းကြီးသည် အမောင်တို့ကို အဘယ်ကြောင့် အသပြာ သုံးသိန်းပေးပါသနည်း" ဟု မေးတော်မူ၏ ကုန် သည်မှူးကလည်း အကြောင်းစုံကို တင်လျှောက်လျှင် မိဘုရား ကြီးသည် ရတနာတပါးလျှင် အသပြာ နှစ်သိန်းကျ ထား၍ အသပြာ ခြောက်သိန်း ဆုပေးလေ၏၊ ဤသို့ဖြင့် စုစုပေါင်း

အသပြာ ကိုးသိန်းပေးရ၍ ကုန်သည်တို့ကို လှတ်လိုက်၏၊ ထိုနောက် အမတ်တထောင်၏ မယားတို့ကိုခေါ်၍ ရှင်မတို့ မင်းကြီးနှင့် အမတ် တထောင် တို့သည် မြတ်စွာဘုရားထံ ရဟန်းပြု သွားကြလေပြီ၊ ငါသည်လည်း ဘုရားသခင်ထံ သွား၍ ရဟန်းပြုတော့အုံ့ ဟု ဆို၏ အမတ်မယားတို့ကလည်း ထိုသို့ဖြစ်လျှင် အကျွန်ုပ်တို့လည်း အတူလိုက်၍ ရဟန်းပြု ပါကုန်အုံ့ ဟု ဆိုကုန်၏၊ အနော်ဇာမိဘုရားကြီးသည် အမတ် မယားတထောင်နှင့်တကွ ရာသားစီး၍ သွားလေသော် ဆိုခဲ့ ပြီးသော မြစ်သုံးတန်ကို တွေ့၍ ကပ္ပိန္နမင်းကြီးနည်းတူ ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော်တို့ကို အောက်မေ့ဆင်ခြင်လျက် မြစ်သုံးတန်ကို ကူးကြရာ ရထား ဘီးမျှသာ ရေစွပ်လေ၏၊ မြတ်စွာဘုရားလည် ဆိုခဲ့ပြီးသော ညောင်ပင် အောက်၌ စောင့်လင့်၍ နေတော်မူသည်နှင့် ရထားထက်မှ ဆင်းသက်ကြပြီးလျှင် မြတ်စွာဘုရားထံ ချဉ်း ကပ်၍ ဟရားဘော်ကို နာကြသောအခါ သောတာပန် ဖြစ်ကြကုန်၏၊ ထိုနောက် ရဟန်းအဖြစ်ကို တောင်းပန်ကြ သော် မြတ်စွာဘုရားသည် ဥပပွလဝဏ်ထေရ်ယောက်စေ သတည်း ဟု အောက်မေ့ တမ်းတတော် မူလျှင် ဥပပွလဝဏ် ထေရ်မ ရောက်လာ၍ အနော်ဇာမိဘုရားကြီးနှင့် အမတ်၏ မယားတို့ကို ရဟန်းပြုစေရာ ရဟန္တာမချည်း ဖြစ်ကြလေ ကုန်၏။

၃-ငါးပါးသီလကို လုံခြုံသောကြောင့် ပတ္တမြားတို့ကိုရသော သုဇာတာဝတ္ထု

လွန်လေပြီးသော အခါ သိကြားမင်းသည် ပတ္တမြားညို့များကို သခွါးသီးယောင် ဖန်ဆင်းလျက် မိမိကိုတိုင်လည်းလူယောင့် ဖန်ဆင်း၍ ရာဇဂြိုဟ် ပြည်တွင်း၌ သခွါးသီ ယူကြမလား ဝယ်ကြမလားဟု လှည့်လည် ရောင်းချ လေ၏။ ရာဇဂြိုဟ် ပြည်သားတို့က သခွါးသီး၏ အဖိုးကို မေးသော အခါ အဖိုးအခကို မမေးပါနှင့်ဦး၊ သင်တို့သည် ငါးပါးသီလနှင့် ပြည့်စုံပါ၏လော ငါးပါးသီလ လုံခြုံမှ ငါ့သခွါးသီးကို ရောင်းမည်ဟု ဆိုလေသော် ငါးပါးသီလ မလုံခြုံသောကြောင့် တယောက်မျှ မဝယ်ဝံ့ကြကုန်၊ ထိုအချိန်၌ အနောက်တံခါး အနီးတွင် နေသောအိုးသည်မ၏သမီး တဆဲ့ခြောက်နှစ် အရွယ်ရှိ သုဇာတာသည် ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်း၏၊ ထိုအရပ်သို့ သခွါးသီးသည် ရောက်လျှင် မြို့သူမြို့သား တို့က သုဇာတာကို ခေါ်၍ပြ၏၊ သခွါးသီးသည် သိကြားမင်းက "အသင်၌ ငါးပါးသီလ ရှိပါသလော ငါးပါးသီလ လုံခြုံပါသလောဟု မေးသောအခါ သုဇာတာက အကျွန်ုပ်၌ ငါးပါးသီလ ရှိပါ၏ လုံခြုံပါ၏ ဟု ဝန်ခံလေ၏၊ ထိုအခါ သခွါးသီးသည် သိကြားမင်းက လှည်းတစီးတိုက် ပါလာသော သခွါးသီးတို့ကို အဖိုးအခ မယူဘဲ သုဇာတာအား ပေးခဲ့၏၊ ထို သခွါးသီးသည် သည် မကြာခင် ထွက်ခွါ

ကွယ်ပျောက် သွားလေလျှင် သခ္ဓါးသီး တို့သည် ပတ္တမြား များ ဖြစ်ကုန်၏၊ လှည်းတစီးတိုက် ပတ္တမြားတို့ကား များ ပြား လှစ္စာ၏၊ သုဇာတာသည် လွန်စွာ ဝမ်းမြောက်လျက် ထို ပတ္တမြားတို့ကို ရောင်းချ၍ အလှူအတန်းများ ပေးလှူ လျက် ချမ်းသာစွာ အသက်မွေးလေ၏၊ သုဇာတာသည် ကွယ်လွန်သော အခါ အသုဘုရာမင်း၏ သမီး ဖြစ်လေ၏၊ ပန်း ကုံးစွပ်ပွဲ၌ သုဇာတာသည် အသုဘုရာ နတ်အိုယောင် ဖန်ဆင်း သော သိကြားမင်းကို ပန်းကုံးစွပ်မိ သဖြင့် သိကြားမင်း မိဖုရား ဖြစ်လေ၏။

ငါးပါးသီလ လွန်ကျူးမှု အပြစ် ရသော ဝတ္ထုများ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-သူ့အသက် သတ်သောကြောင့် ဆင်းရဲဒုက္ခ ရောက်ရသော ဝက်အတ်သမားစုန္ဒ ဝတ္ထု

မြတ်စွာဘုရားသည် ရာဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းဌာ သီတင်းသုံး နေတော်မူစဉ် ရာဇဂြိုဟ်ပြည်သား စုန္ဒမည်သော ဝက်သတ် သမားသည် ငါးဆယ့် ငါးနှစ်ပတ်လုံး ဝက်တို့ကို

သတ်လျက် မိမိလည်းစား သူဘပါးတို့အားလည်း ရောင်းချကာ အသက်မွေးမှု ပြုလေ၏၊ စုန္ဒဝက်သတ်သမား ဝက်သတ်ပုံကား ရှားပါးသော အချိန်၌ လှည်းဖြင့် စပါးကို တင်၍ ရွာရိုးကို လှည့်ပတ်လည်လျက် စပ်ါးတပြည် နှစ်ပြည်မျှ ဖြင့် ဝက်ငယ်တို့ကို ဝယ်ယူ၍ လှည်းပြည့်က ပြန်လာပြီးလျှင် အိမ်နောက်ဖေး၌ နွားခြံသဖွယ် နေရာတခုကို ကာရံ၍ ထိုနေရာ၌ ဝက်ငယ်တို့ကို နေစေပြီး နောက် ထိုဝက်တို့အား ဆန်ကျိုး ဆန်ကဲ့ ဖဲ့နှ မစင် အညစ် အကြေး စသော အစားအစာတို့ကို ကျွေးမွေးလေ၏၊ ယင်းသို့ ကျွေးမွေး၍ အသွေးအသား တိုးပွါးကြီးပြင်း လတ်သော် သတ်လိုသော အခါ၌ သတ်လိုသော ဝက်ကို နေရာတွင် မလှုပ်နိုင်အောင် ချည်နှောင်၍ ကိုယ် အသား၏ တိုးပွါး စေရန်ရင်း အရေ အခေါက်၏ ထူထဲ စေရန်ရင်း၊ လေးထောင် တုဘက်ဖြင့် အကြိမ်ကြိမ် ရိုက်နှက်ထုထောင်းကာ အသားပွါးများ ထူထဲ လာပြီဟု သိလျှင် ငက် ပါးစပ်ကို ဖွင့်၍ အာခေါင်၌ တုတ် ထောက်လျက် သံခွက်ဖြင့် ကျိုက်ကျိုက်ဆူသော ရေနွေးကို ပါးစပ်တွင်းသို့ လောင်းထည့် လေ၏၊ ထို ရေနွေးပူပူသည် ခံတွင်းသို့ ဝင်ပြီးလျှင် ကျင်ကြီးကို တိုက်မျှော ယူဆောင်လျက် အောက်သို့ ထွက်လေ၏၊ အညစ်အကြေး မကုန်သေးလျှင် နောက်ကျုလျှံက် ထွက်၏၊ စင်ကြယ်လျှင် ကြည်လင်သန့်ရှင်းစွာ ထွက်လာ၏၊ ထို အခါ စုန္ဒသည် ကျန်သော ရေနွေးကို ဝက် ကျောက်ကုန်း၌ လောင်း၏၊ ရေနွေးသည်

မည်းသော ငက်မရကို ကျွတ်စေ၏၊ ထို့နောက်မှ အမွေး အမျှင် တို့ကို မီးမြှိုက်၍ ဓားထက်ထက်ဖြင့် ဦးခေါင်းကို ဖြတ်လိုက်၏၊ စီးကျလာသော သွေးကို ခွက်ဖြင့်ခံ၍ အသား ကို သွေးဖြင့်နယ်ကာ ချက်ပြုတ်၍ သားမယားတို့ အလယ်၌ တင့်တယ်စွာ နေထိုင် စားသောက်၍ ကျန်သမျှကို ရောင်းချ လေ၏၊ ဤ နည်းအားဖြင့် စုန္ဒသည် ငါးဆဲ့ငါးနှစ် ပတ်လုံး အသက်မွေး နေထိုင် လေ၏။

မြတ်စွာဘုရားသည် မြို့ဦး မြို့ထိပ်ဖြစ်သော ဝေဋ္ဌုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည်ကို ဆီမီးတတိုင် ပန်းတပွင့် ဆွမ်းတယောက်မမျှ မလှူဒါန်း မပူဇော်ခဲ့ဘူးပေ။ ထိုသို့ ဝက်ကို သတ်လျက် အသက်မွေးမြူသော စုန္ဒ၏ ကိုယ်၌ အနာဖြစ်လာ၏။ အသက်ထင်ရှာ ရှိစဉ်ပင် အဝီစိငရဲ မီးပူသည် ထလေ၏။ အဝီစိငရဲ မီးမည်သည် ယူဇနာတရာ အရပ်၌ ရပ်နေသော သူ၏ မျက်စိတို့ကို ဖောက်ခွဲနိုင်အောင် ပူလောင်၏။ ထိုစုန္ဒ ဝက်သတ်သမားအား ငရဲမီး ထသည် ရှိသော် မိမိပြုခဲ့သည်နှင့် တူစွာ ဖြစ်လေ၏။ အိမ်အလည်၌ ဝက်မြည်သကဲ့သို့ မြည်ကာ လေးဘက်ထောက်လျက် အရှေ့ နံရံမှ အနောက်နံရံသို့ လူးလားတုံ့ခေါက် ပြေးနေရ၏။ ထိုအခါ အိမ်သူ အိမ်သားများက စုန္ဒကို ဖမ်းချုပ်၍ ပါးစပ်ကို ပိတ်ကုန်၏။ သို့သော် မရချေ။ ကံအကျိုးပေး မည်သည်ကို မည်သူမျှ တားမြစ်ရန် မတတ်နိုင်ချေ။

စုန္ဒသည် ဝက်မြည်သကဲ့သို့ မြည်ကာ ထိုမှ ဤမှ ပြေး၍ နေသဖြင့် အနီးပတ်ဝန်းကျင် ခုနစ်အိမ် တိုင်အောင်သော လူတို့သည် အိပ်၍ မရအောင် ဆူညံအော်ဟစ် နေလေ၏။ သေဘေးဖြင့် ချောက်လှန့်ခြင်း ခံနေသော ထိုစုန္ဒကို အိမ်သူ အိမ်သားတို့သည် အိမ်အပြင်သို့ ထွက်မသွားနိုင်အောင် အိမ်တံခါး ဟူသမျှတို့ကို ပိတ်၍ အိမ်တွင်းဌာသာ ထားလျက် အပြင်မှ ဝန်းရံ၍ စောင့်နေကြရကုန်၏။ စုန္ဒသည်ကား အိမ်ဘွင်းဌာသာ ငရဲမီးပူကြောင့် ပြင်းထန်စွာ မြည်တမ်း ခံစားလျက် ထိုမှ ဤမှ ပြေးနေရလေ၏။ ဤသို့ ခုနစ်ရက် တိုင်အောင် ပြေးလွှားနေရလျက် ရှစ်ရက်မြောက်ဌ သေလွန်ကာ အဝီစိငရဲ၌ ဖြစ်ရလေ၏။ ရဟန်းတို့သည် စုန္ဒ၏ အိမ်တံခါးအနီးမှ ကြွသွားကြကုန်သောအခါ ဝက် အော်သံကဲ့သို့ အော်ဟစ်မြည်တမ်းနေသော စုန္ဒ၏ အသံကို ကြား၍ ဝက်သံ,ဟု ထင်မှတ်လျက် ကျောင်းသို့ ရောက်လတ်သော် မြတ်စွာဘုရားအထံ၌ နေထိုင်ကြကုန်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား စုန္ဒ ဝက်သတ်သမား၏ အိမ်တံခါးကို ပိတ်၍ ဝက်တို့ကို သတ်နေသည်မှာ ယနေ့ ခုနစ်ရက်ပင် ရှိပါပြီ၊ အိမ်၌ တစုံတခု မဂ်လာကိစ္စ ပြုလုပ် လိမ့်မည် ထင်ပါ၏။ ဤမျှလောက် ဝက်တို့ကို သတ်ဖြတ် နေသော စုန္ဒအား ကိုယ်ချင်းစာနာစိတ် သနားကရုဏာစိတ် အနည်းငယ်မျှ မရှိ၊ ဤမျှ ယုတ်ရင်း ကြမ်းတမ်းသော သဘာဝကို မတွေ့ဘူးပါဘုရား..." ဟု လျှောက်ထားကြ

ကုန်၏။ မြတ်စွာဘုရားသည် "ရဟန်းတို့.... စုန္ဒသည် ဤခုနစ်ရက်တွင် ဝက်တို့ကို သတ်နေသည် မဟုတ်၊ ဝက်တို့ကို သတ်ခဲ့သော သူပြုခဲ့သလော ကံနှင့် တူစွာ အကျိုးပေးနေခြင်းသာ ဖြစ်၏။ သူအသက်ရှင်စဉ်မှာပင် အဝီစိငရဲ မီးပူဧ၍ ထိုငရဲမီးပူကြောင့် ခုနစ်ရက်လုံးလုံး ဝက်မြည်သကဲ့သို့ မြည်လျက် အိမ်တွင်း၌ မချိမဆန့် လူးလာ ပြေးသွားကာ ယနေ့သေလွန်၍ အဝီစိ၌ ဖြစ်လေ၏"ဟု ဟောတော်မူလေ၏။ ဤသို့လျှင် စုန္ဒ ဝက်သတ်သမားသည် သူတပါး အသက်ကို ရက်စက်စွာ သတ်ဖြတ်ခဲ့သောကြောင့် ဤဘဝ၌ပင် အနာများဖြစ်လျက် ပြင်းပြစွာ ပူလောင်ခြင်းကို ခံရကာ အသက်သေခဲ့ရ၏။ သို့ဖြစ်၍ ကိုယ်ချင်းစာနာစိတ် သနားကြင်နာစိတ်,မြတ်နိုးခင်မင်စိတ် ရှိသူတိုင်းသည် သူတပါးအား အနာတရ ဖြစ်အောင် ပြုလုပ်ခြင်း, သူတပါး အသက်သတ်ခြင်းတို့မှ ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာ၏။

၂။ သူ့အသက်သတ်၍ အသက်မွေးသော နွားသတ်သမားဝတ္ထု။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် သာဝတ္ထိပြည်သား နွားသတ်သမားတယောက်သည် နွားတို့ကိုသတ်လျက် ကောင်းမွန်

သောအသားတို့ကို စားသောက်၍ သားမယားတို့နှင့်အတူ နေကာ အသားကိုလည်း စားသောက်၏၊ အဖိုး အခဖြင့် လည်း ရောင်းချ၍ အသက်မွေး၏၊ ထိုနွားသတ်သမားသည် ငါးဆဲ့ငါးနှစ်တိုင်တိုင် နွားသတ်ခြင်းအမှုကို ပြုလျက် မြို့ဦး မြို့ထိပ်၌ တပည့်သံဃာတော်အပေါင်းနှင့် ရွှေကျောင်းဗိမာန့် တွင်းဝယ် သီတင်းသုံး နေတော်မူသော မြတ်စွာဘုရားအား ၎င်း၊ ဘုရားရှင်၏ တပည့်သားသံဃာတော်တို့အား၎င်း၊ယာဂု ဘဇွန်း ဆွမ်းတယောက်မမျှ လှူဒါန်းခဲ့ဘူးခြင်း မရှိချေ၊ သစ်သီးတလုံး ပန်းတပွင့်ဖြင့်သော်လည်း ပူဇော်ခဲ့ဘူးခြင်း မရှိပေ၊ ထိုနွားသတ်ယောက်ျားသည် အမဲသားနှင့်ကင်း၍ ဆမင်း မစားနိုင်ချေ၊ တနေ့သ၌ ထိုနွားသတ်သမားသည် နေ့အဖို့တွင် အမဲသားကိုရောင်း၍ မိမိအတွက်ချက်ရန်အသား တုံးတတုံးကို မယားအားပေးခဲ့လျက်ရေချိုးရန်သွားလေ၏၊ ထိုအခါ နွားသတ်သမား၏ မိတ်ဆွေတယောက်သည် အိမ်သို့ လာ၍ နွားသတ်သမား၏မယားကို "ငါ့အားရောင်းချမည့် အမဲသားအနည်းငယ်ကိုပေးပါလော့၊ငါ၏ဧည့်သည်သည်အိမ် သို့ရောက်လာပါ၏"ဟု ပြောဆိုလေ၏၊ ရောင်းချစရာ အမဲ သားမရှိပါ၊ သင့်မိတ်ဆွေသည် အမဲသားကိုရောင်းပြီး၍ ယခု ပင်ရေချိုးရန် သွားပါသည်"ဟု နွားသတ်သမား၏မယားက ပြောဆိုသောအခါ "ဤသို့မပြုလုပ်ပါလင့်၊ အမဲသားတုံး ရှိသေးလျှင် ငါ့အား ပေးပါလော့"ဟု ထပ်၍ ဆိုပြန်လျှင် သင့်မိတ်ဆွေအတွက် ချန်ထားသော အမဲသားတုံးမှ တပါး

အခြားအမဲသားမရှိတော့ပါဟု ဆိုလေ၏၊ ထိုမိတ်ဆွေသည် "ငါ့မိတ်ဆွေ့ဘိုးထားသော အမဲသားမှတပါး အခြားအမဲသားမရှိပြီ၊ ငါ့အဆွေသည်လည်း အမဲသားနှင့် ကင်းရှိ ထမင်းမစားရကား မယားဖြစ်သူသည် ငါ့အား အမဲမရောင်း ရုပဟုသိ၍ အဖိုးအခပေးပြီးလျှင် အကျမ်းတဝင် ကိုယ်တိုင် သာလျှင် ထိုအမဲသားကိုယူ၍ သွားလေ၏။

နွားသတ်သမားသည်လည်း ရေချိုးပြီး၍ ပြန်လာသော အခါ ထိုမယားသည် အမဲသားကားမပါ ဟင်းရွက်ကိုသာ ချက်ပြုတ်၍ ထမင်းဟင်းများခူးခပ်ယူလာလေသော် "အမဲ သား အဘယ်မှာနည်း"ဟု မေးလေ၏၊ စားရန် အမဲသား မရှိပါဟု မယားကဆိုလေလျှင် ငါသည် ချက်ရန်အတွက် အမဲသားကို ပေးရှိသွားသည် မဟုတ်ပါလော့ဟု ဆိုသော အခါ "သင့်မိတ်ဆွေလာ၍ ငါ့အိမ်မှာ ညှဉ့်သည်ရောက် လာ၏၊ ရောင်းမည့်အမဲသားကိုပေးလော့ဟု ဆို၍ ကျွန်မက သင့်မိတ်ဆွေ အတွက်ထားသော အသားမှတပါး အခြား အသားမရှိပါ၊ ထိုသင့်မိတ်ဆွေလည်း အသားနှင့် ကင်းရှိ မစားနိုင်ပါဟု ပြောဆိုပါသော်လည်း အတင်းပင်ထိုအသား ကို ကိုယ်တိုင်ယူ၍ သွားပါ၏ဟု ပြောလေ၏၊ ထိုနွားသတ် သမားသည် "ငါ့အမဲသားနှင့် ကင်းရှိ ထမင်း မစားနိုင် ထိုအမဲသားကို ပြန်ယူခဲ့လော့ဟု ဆိုလျှင် ပြန်ယူရန်အသို့ တတ်နိုင်ပါမည်နည်း၊ အရှင် ဤထမင်းကိုသာ စားပါလော့

ဟု ဆိုဇ၊ ထိုနွားသတ်သမားသည် ငါမစားဟုဆိုကာ ထိုထမင်းပွဲကို ဖယ်ရှားစေပြီးလျှင် ခါးကိုယူ၍ အိမ်နောက်ဦးသားသော နွားရိုရာသို့သွားလျက် နွားခံတွင်းဌ လက်ကိုသွင်း၍ လျှာကိုဆွဲထုတ်ကာ ခါးဖြင့် လျှာရင်းဌ ဖြတ်လိုးယူလာပြီး မီးကျီးတိုဌကင်၍ ထမင်းထက်ဌထားလျက် ထိုဇနေ၍ ထမင်းတဆုပ်ကိုစားပြီးမှ အမဲသားတတုံးကို ခံတွင်းဌ ထား၏၊ ထိုခဏဌပင် ထိုနွားသတ်သမား၏ လျှာသည် ပြတ်၍ ထမင်းခွက်ထဲသို့ကျလေ၏၊ ထိုခဏဌပင်လျှင် မိမိပြုလုပ်ခဲ့သော ကံနှင့်တူစွာသောအကျိုးကို ရလေ၏၊ ထိုနွားသတ်သမားသည်လည်း လျှာဖြတ်ခံရသော နွားကဲ့သို့ ခံတွင်းမှ သွေးဖြိုင်း ဖြိုင်းယိုထွက်လျက် အိမ်တွင်းသို့ငင်ပြီးလျှင် ပဆစ်ဒူးတို့ဖြင့် လေးဖက်ထောက်လှည့်လည်လျက် အော်ဟစ်မြည်တမ်းလေ၏။

ထိုအခါဌ နွားသတ်သမား၏သားသည် ဖခင်နွားသတ်သမားကို ကြည့်လျက် အနီးဌနေလေ၏။ ထိုအခါ အမိဖြစ်သူက "ငါ့သား-သင့်ဖခင် နွားသတ်သမားသည် နွားကဲ့သို့ အိမ်အလယ်ဌ ပဆစ်ဒူးတို့ဖြင့် လေးဖက်ထောက် လှည့်လည် အော်ဟစ်နေရသည်ကို ကြည့်လော့၊ ဤဆင်းရဲဒုက္ခသည် သင့်ခေါင်းပေါ်သို့ ကျလတံ့၊ ငါ့ကိုသော်လည်း မင့်ဘဲ အရပ်တပါးသို့ ရှောင်ရှားထွက်ပြေးလေလော့ဟု ဆိုလေ၏။ ထိုနွားသတ်သမားသားသည် သေဘေးမှ ကြောက်ရွံ့၍ အမိ

ကိုရှိခိုးပြီးလျှင် ထွက်ပြေးလေ၏။ ယင်းသို့ ထွက်ပြေးသော အခါ တက္ကသိုလ်ပြည်သို့ ရောက်သွားလေ၏။ နွားသတ် ယောကျ်ားသည်လည်း နွားလို အော်ဟစ် မြည်တမ်းလျက် အိမ်အလယ်ဝယ် တုံ့လှယ်လူးလာ လှည့်လည်ရှာလျက်ပင် သေ၍ အဝီစိငရဲမီးဌ ကြီးစွာသော ငရဲကို ခံရလေ၏။ ဤ သည်ကား သူတပါးအသက်ကို သတ်သဖြင့် မိမိကိုယ်တိုင် လည်း မချိမဆန့်ခံရလျက် သေရပုံကိုပြသော ဝတ္ထုဖြစ်သည်။ ဤဝတ္ထုလာ နွားသတ်သမား၏ အပြစ်ကို ဆင်ခြင်စဉ်းစား ကြလျက် သူတပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြကုန် ရာ၏။

၃-သူတပါးအသက်ကို သတ်သဖြင့် အနာရောဂါ ထူပြောလှသော ပူတိဂတ္တတိဿ မထေရ်ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန် ဋ္ဌေ ကျောင်းဌ ကိန်းအောင်းမြဲ့လျော် နေတော်မူစဉ် သာ ဝတ္ထိပြည်သား အမျိုးသားတဦးသည် မြတ်စွာဘုရားအထံ တော်မှ တရားတော်ကိုကြားနာရ၍ သာသနာ့ဘောင်ဌ ဝင် ရောက် ရဟန်းပြုခဲ့လေ၏။ ထိုအမျိုးသားသည် ရဟန်းအဖြစ် ကို ရသောအခါ တိဿမထေရ်ဟု အမည်တွင်လေ၏။ အချိန်

ကာလ ကြာမြင့်လတ်သော် တိသရဟန်း၏ ခန္ဓာကိုယ်၌ အနာရောဂါ ဖြစ်လေ၏။ မုန်ညင်းစေ့လောက် အဖုငယ်တို့အည် ပေါက်ကုန်၍ ထိုအဖုတို့သည် အစဉ်အတိုင်း ပဲနောက်စေ့, ပဲစဉ်းငုံစေ့, ကလေသီး သျှိသျှားသီး, ဥသျှစ်သီးမျှဖြစ်လာပြီးလျှင် ပေါက်ကွဲကုန်၏။ တ ကိုယ် လုံး အပေါက် အပေါက်တို့သည် ဖြစ်ကုန်၏။ တကိုယ်လုံး အပေါက်ငယ် အပေါက်ကြီးတို့ဖြင့် ပေါက်ကွဲသည်ဖြစ်၍ ပုပ်ညှီသောခန္ဓာကိုယ်ရှိသောကြောင့် ပူတိဂတ္တ (ပုပ်သောကိုယ်) ဟူသော အမည်ကို သွင်း၍ ပူတိဂတ္တတိဿ ကိုယ်ပုပ်တိဿဟု ခေါ်ဝေါ်ကြကုန်၏။ ထိုနောက် မထေရ်အား နောင်အခါ၌ အနာတို့သည် တိုးပွားများပြားသောကြောင့် အရိုးတို့သည် ကျိုးကုန်၏။ အဝတ်အရုံတို့သည် ပြည်သွေးတို့ဖြင့်အလိမ်းလိမ်းကပ်ကုန်သဖြင့် သူတပါးတို့သည်ရင်း၊ မိမိသည်ရင်း ကိုယ်ကို မသုတ်သင်နိုင်အောင်ရှိလေ၏။ အတူနေတပည့် စသည်တို့သည် ပြုစုသုတ်သင်ရန် မတတ်နိုင်ကုန်သောကြောင့် စွန့်ပစ်ကာ သွားကြကုန်၏။ ပူတိဂတ္တမထေရ်သည် ကိုးကွယ်အားထားရာမဲ့ဖြစ်၍ တယောက်အထည်းထည်း အိပ်၍သာနေရလေ၏။

မြတ်စွာဘုရားတို့ မည်သည်ကား တနေ့နှစ်ကြိမ် လောကကို ကြည့်ရှုမြဲဖြစ်၏။ နံနက်ပိုင်း၌ လောကကိုကြည့်သောအခါ စကြဝဠာအနားရေးမှစ၍ ဂန္ဓကုဋီတိုက်တော်သို့အထိ ရှေ့ရှုညာဏ်တော်ကိုပြု၍ ကြည့်ရှုတော်မူ၏။ ညချမ်းအခါ၌ ကြည့်

ရှုတော်မူသောအခါ ဂန္ဓကုဋီတိုက်တော်မှစ၍ အပသို့ရှေ့ရှု ဉာဏ်တော်ကိုပြု၍ ကြည့်ရှုတော်မူမြဲဖြစ်၏။ ထိုအခါ၌ကား မြတ်စွာဘုရား၏ ဉာဏ်တော်ကွန်ရက်အတွင်း၌ ပူတိဂတ္တတိဿ မထေရ်သည် ထင်လာလေ၏။ မြတ်စွာဘုရားသည် ထိုရဟန်း၏ အကျွတ်တရားရ၍ ရဟန္တာဖြစ်မည့်အကြောင်းကို မြင်တော်မူ၍ "ဤရဟန်းကို အတူနေတပည့်တို့သည် စွန့်အပ်ကုန်ပြီ၊ ယခုအခါ၌ ထိုရဟန်းအား ငါဘုရားမှတပါး အားထားကိုးကွယ်ရာ မရှိတော့ပေဟု ဂန္ဓကုဋီကျောင်းတော်မှ ထွက်တော်မူကာ ကျောင်းစဉ်လှည့်လည်ခြင်းကို လှည့်လည်တော်မူသကဲ့သို့ မီးတင်းကုပ် (မီးဖိုဆောင်)သို့ ကြွတော်မူ၍ အိုးကို ဆေးကြောတော်မူပြီးလျှင် ရေထည့်လျက် မီးဖိုခုံလောက်ပေါ်သို့ တင်တော်မူပြီးနောက် ရေဆူလောက်ရုံ ဆိုင်းငံ့တော်မူရင်း မီးတင်းကုပ် (မီးဖို)၌သာ ရပ်တော်မူ၏။ ရေဆူသည်ကို သိတော်မူလျှင် ကြွတော်မူ၍ ထိုပူတိဂတ္တရဟန်း အိပ်နေသော ညောင်စောင်း (ခတင်)စွန်းကို ကိုင်တော်မူ၏။ ထိုအခါ ရဟန်းတို့သည် "မြတ်စွာဘုရား ဖဲတော်မူပါ၊ တပည့်တော်တို့ ယူပါကုန်အံ့" ဟု ညောင်စောင်း (ခတင်)ကို မ,ယူ၍ မီးဖိုသို့ဆောင်ယူကုန်၏။ မြတ်စွာဘုရားသည် ချိုးရေအိုး (အင်တုံ)ကိုယူစေ၍ ရေနွေးကိုလောင်းထည့်ပြီးလျှင် ထိုရဟန်းတို့အား ပူတိဂတ္တမထေရ်၏ ကိုယ်ရုံသက်နှိးကို ခွါယူစေလျက် ရေနွေး၌ နယ်စေပြီးလျှင် နေပူ၌ လှန်းစေ၏။ထို့နောက် အနီး၌ရပ်တော်မူကာ မထေရ်၏ကိုယ်

ကို ရေနွေးဖြင့်ဆွတ်ဖျန်းပွတ်သပ်၍ ရေချိုးပေးတော်မူ၏။ ရေချိုး၍ပြီးချိန်တွင် ကိုယ်ရုံသက်နီး ချောက်သဖြင့် မထေရ်အား ကိုယ်ရုံသက်နီးကို ရုံစေ၍ ဝတ်ထားသော သင်းပိုင်သက်နီးကို ရေ၌ နယ်စေလျက် နေပူ၌ လှန်းစေ၏။ ထိုနောက် မတော်ရ်၏ကိုယ်၌ ရေခြောက်သွေ့လျှင်ပင် သင်းပိုင်လည်း ခြောက်လေ၏၊ မထေရ်သည် တထည်ကိုရုံ တထည်ကိုဝတ်လျက် ကိုယ်ခန္ဓာ ပေါ့ပါးသဖြင့် စိတ်တည်ကြည်စွာဖြင့် ခုတင်ညောင်စောင်း၌ အိပ်လေ၏၊ ဘုရားရှင်သည် မထေရ်၏ဦးခေါင်းရင်း၌ ရပ်လျက် "ရဟန်း ဤသင်၏ ကိုယ်သည် ဝတ်ကြောင်ကင်းလတသော အသုံးမကျသော ထင်းတုံးကဲ့သို့ မြေ၌ အိပ်ရလတံ့"စသည်ဖြင့် တရားဟောတော်မူလေ၏။ မထေရ်သည် အကျယ်တရားရလျက် ရဟန္တာဖြစ်သွားလေ၏၊ ထိုနောက် မထေရ်သည် ပရိနိဗ္ဗာန်ပြုသွားလေ၏၊ မြတ်စွာဘုရားသည် ထိုမထေရ်အား လင်္ဂါဟ်၍ ဓာတ်တော်တို့ကို ယူဆောင်လျက် စေတီတည်လေ၏၊ ရဟန်းတို့သည် မြတ်စွာဘုရားအား "အရှင်ဘုရား ပူတိဂတ္တမထေရ်သည် အဘယ်၌ ဖြစ်ပါသနည်းဟုမေးလျှောက်ကြကုန်သော် ရဟန်းတို့ ပူတိဂတ္တသည် ပရိနိဗ္ဗာန်ပြုလေပြီဟု မိန့်တော်မူ၏။ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား အရှင်ဘုရား ပူတိဂတ္တသည် ရဟန္တာဖြစ်ရန်ပါရမီရှိသူဖြစ်ပါလျက် အဘယ့်ကြောင့် ခန္ဓာကိုယ် ပုပ်ရပါသနည်း၊ အဘယ့်ကြောင့် အရိုးတို့သည် ကျိုးရပါသနည်းဟု မေးလျှောက်ကြသောအခါ ရဟန်းတို့

ဤအလုံးစုံသည် ထိုရဟန်းပြုခဲ့သောကံကြောင့် ဖြစ်ကုန်၏ဟု မိန့်တော်မူကာ ပူတိဂတ္တ၏ ရှေးအတိတ် အကြောင်းကို မိန့်ကြားတော်မူလေ၏။

ဤရဟန်းသည် ကဿပမြတ်စွာဘုရား ပွင့်တော်မူစဉ်က ငှက်သတ်မုဆိုးဖြစ်၍ ငှက်များစွာတို့ကို သတ်လျက် ဘုရင်မင်းမြတ်အား ခစားလုပ်ကျွေးခဲ့၏၊ မင်းအား ဆက်သပြီး ကြွင်းကျန်သောငှက်တို့ကို ရောင်း၏၊ ရောင်း၍ကျန်သောငှက်တို့ကို သတ်၍ထားလျှင် ပုပ်ကုန်လတံ့ဟုမပျံနိုင်ရုံမျှ ထိုငှက်တို့၏ဒူးရိုး-တောင်ပံရိုးတို့ကို ချိုး၍စုပုံထားကာ နောက်တနေ့တွင်ရောင်းချ၏။ ငှက်အများအပြား ဖမ်းဆီးရမိသောအခါ မိမိအတွက်ချက်၏၊ တနေ့သောအခါ ထိုမုဆိုးသည် အရသာနှင့်ပြည့်စုံသော ဘောဇဉ်ကိုချက်စဉ် ရဟန္တာမထေရ်တပါး ဆွမ်းခံကြွ၍အိမ်တံခါးဝ၌ ရပ်လာ၏၊ မုဆိုးသည်မထေရ်ကို မြင်လျှင်ကြည်ညိုသဖြင့် ငါသည် အသက်ပေါင်းများစွာကို သတ်၍စားနေ၏၊ဤအရှင်သည်လည်းငါ၏ အိမ်တံခါးဝ၌ရပ်လာ၏၊ အိမ်တွင်း၌လည်း အရသာရှိသော ဘောဇဉ်သည် ပြည့်ပြည့်စုံစုံရှိ၏၊ ထိုမထေရ်အား ဆွမ်းကိုလှူပေအံ့ဟု ရဟန္တာမထေရ်၏သပိတ်ကိုယူ၍အရသာရှိသောဆွမ်းကိုသပိတ်အပြည့် ပေးလှူလျက်မထေရ်အားရှိခိုးကာ "အရှင်ဘုရား-အရှင်ဘုရား တို့သိအပ်သော တရားအထူးကို ရ,ရပါလို၏ဟု ဆုတောင်းလေ၏။ မထေရ်သည် "သင့်ဆုတောင်းသည့်အတိုင်း ပြည့်စုံ

ပါစေ"ဟုအနုမောဒနာပြု ဆုပေးတော်မူလေ၏၊ ရဟန်းတို့ ထိုအခါ၌ တိဿမထေရ်အား ငှက်များကိုသတ်ခဲ့သောကံ၏ အစွမ်းဖြင့် ထိုမကောင်းမှုသည်ဖြစ်၏၊ ငှက်တို့၏ အရိုးတောင်ပံ တို့ကို ချိုးခဲ့သောကြောင့် တိဿမထေရ်အား ကိုယ်သည်ပုပ်၍ အရိုးတို့သည်ကျိုးကုန်၏၊ အရသာရှိသော ဆွမ်းကို လှုဒါန်းသော အကျိုးဆက်ကြောင့် ရဟန္တာဖြစ်ရလေ၏ဟု ဟောတော်မူ၏။ ဤဝတ္ထု၌တိဿမထေရ်သည်ရှေးက ငှက်များကိုသတ်ခဲ့သဖြင့် ရဟန္တာဖြစ်မည့်ဘဝမှာပင် ဤသို့သော အနာရောဂါဝေဒနာတို့ကို ခံစားရ၏၊ ထို့ကြောင့် အမျိုးကောင်း သားသမီးတို့သည် သူတပါးအသက်ကိုသတ်ခြင်းမှ ဝေးစွာရှောင်ကြဉ်ကြကုန်ရာ၏။

၄။ သူ့တပါးဥစ္စာပစ္စည်းကိုခိုးသဖြင့် ဖမ်းဆီးတုတ်နှောင်ရိုက်နှက် ပုတ်ခတ်ခြင်းကို ခံရသော မဟာဓနသူဌေးသားဝတ္ထု။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဌုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ရာဇဂြိုဟ်ပြည်တွင် သူဌေးတယောက်သည် ဥစ္စာပစ္စည်း အလွန်ပေါများသောကြောင့် မဟာဓနသူဌေးဟူသောအမည်ဖြင့် ထင်ရှားလေ၏၊ ထိုမဟာဓနသူဌေးအား လွန်စွာချစ်ခင် နှစ်သက်အပ်သော

တယောက်တည်းသော သားသည် ရှိလေ၏၊ ထိုသားသည် အရှယ်ရောက်လတ်သော် မိဘနှစ်ပါးတို့သည် ဤသို့ကြံစည် စိတ်ကူးကြကုန်၏၊ ငါတို့သား တနေ့ တထောင် တထောင် ကုန်အောင် စားသုံးစေကာမူ အနှစ်တရာပင် ကုန်လွန်သော် လည်း ဤပစ္စည်းဥစ္စာတို့သည် ကုန်ခန်းခြင်းသို့ မရောက်နိုင်ရာ ဤငါတို့သားအား အတတ်ပညာသင်လျှင် ပင်ပန်းရုံသာရှိ မည် ဘာမျှအကျိုးရှိမည်မဟုတ်ပေ၊ စည်းစိမ်ချမ်းသာတို့ကို အလိုရှိတိုင်း ခံစားသုံးဆောင်ပါစေဟု ကြံစည် စိတ်ကူး ကုန်လျက် အတတ်ပညာကို မသင်စေကြကုန်၊ အရှယ်ရောက် သောအခါ အမျိုးအဆင်း ဥစ္စာတူညီသော သူဌေးသမီး တဦးနှင့် လက်ထပ်ထိမ်းမြားပေးကြကုန်၏။

ထိုသူဌေးသားသည် သူဌေးသမီးနှင့် ပျော်ပါးလျက် ရဟန်းပုဏ္ဏား အသက်အရှယ်ကြီးသူ ရှိသည်လေးစားထိုက်သူ တို့၌ ရှိသည်လေးစားခြင်းမရှိဘဲ လောင်းကစားခြင်း,အရက် သေစာသောက်စားမူးယစ်ခြင်း, မိန်းမလိုက်စားခြင်း,လူမိုက် လူသွမ်း,လူသရမ်းတို့နှင့် ပေါင်းသင်းခြင်းတို့ဖြင့်သာ အချိန် ကို ကုန်လွန်စေခဲ့၏၊ မိဘနှစ်ပါးတို့ ကွယ်လွန်သောအခါ ကချေသည်,ပြည်တန်ဆာ စသည်တို့အား ဥစ္စာပစ္စည်းတို့ကို မျှားစွာပေးကမ်းသဖြင့် မကြာမြင့်မီ၌ပင် ဥစ္စာပစ္စည်းတို့သည် ကုန်ခန်း လေတော့၏၊ ထိုအခါ၌ သူဌေးသားသည် သူတပါးတို့အထံမှ ကြွေးမြီများချေးယူ၍ပင် အသက်မွေး

ရ၏၊ နောင်အခါတွင်ကား ကြေးမြီ ချေးယူ၍လည်းမရ၊ ကြေးရှင်တို့ကလည်း ကြေးမြီများကို အဖန်ဖန်တောင်းကြ သောကြောင့် ရှိသမျှလယ်ယာ အိမ်,ခြံ, စသည်တို့ကို အားလုံးပေးဆပ်ရပြီးလျှင် ဇနီးမောင်နှံ နှစ်ဦးတို့သည် ခွက်လက်ဆဲ့ကာ တောင်းစားရလျက် ဇရပ်ပျက်တခုတွင် နေ့ရလေ၏။ ထိုအခါ ခိုးသူတို့သည် ထိုဇနီးမောင်နှံတို့ရှိရာ ဇရပ်ပျက်သို့ လာရောက်ကြပြီးလျှင်-

"အဆွေယောကျား သင့်အားဤကဲ့သို့ ဆင်းရဲဒြိုင်ပင်ပန်းစွာ အသက်မွေး၍ အသက်ရှင်နေခြင်းဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ သင်သည် ခြေလက်ပြည့်စုံ၍ ခွန်အားဗလရှိသူဖြစ်ပါလျက် လက်ခြေကျိုးသောသူတို့ကဲ့သို့ အဘယ်ကြောင့် တောင်းရမ်း စားသောက်၍ နေရပါသနည်း၊ လာလော့-ငါတို့နှင့်အတူ သူတပါးပစ္စည်းကိုခိုးယူ၍ အသက်မွေးလော့ဟု ဆိုကြကုန်၏၊ ထိုသူဌေးသားလည်း—

"အဆွေတို့ ငါကား ခိုးပုံ ခိုးနည်းတို့ကိုမတတ်ပါ မိဘပစ္စည်းကို ထိုင်၍သုံးဖြုန်း စားသောက် နေခဲ့သည်၊ ငါ့မှာ အဘယ်သို့လျှင် ခိုးပုံခိုးနည်းတို့ကို တတ်ပါမည်နည်းဟု ပြောဆိုလေ၏၊ ထိုအခါ ခိုးသူတို့သည် သူဌေးသားကို—

"သင့်အား ခိုးခြင်းအတတ်ကို ငါတို့သင်ပေးမည် ငါတို့စကားကိုနားထောင်၍ ငါတို့လုပ်ခိုင်းသလိုသာ လုပ်ပါ"ဟု ပြောဆိုကြသောအခါ သူဌေးသားလည်း ကောင်းပြီဟု

ဝန်ခံလျက် ခိုးသူတို့နှင့်အတူဘက္ခ လိုက်လေ၏။ ထိုအခါ ခိုးသူတို့သည် ထိုသူတို့အား ပုဆိန်တခုကို ပေးအပ်ပြီးလျှင် ခြံစပ်ကိုဖျက်၍ ဤအရပ်သို့ တစုံတယောက် လာရောက်လျှင် ဤပုဆိန်ဖြင့် ဂုတ်ဆက်ကိုပြုတ်ထွက်အောင့် ရိုက်သတ်လော့ဟု ဆိုကာ ခိုးသူတို့သည် အိမ်တအိမ်သို့ဝင်ရောက် ခိုးယူကြကုန်၏။ပညာမဲ့သော သူဌေးသားငမိုက်သည်လည်း ဤအိမ်၌ စီးပွားရှိ မရှိမသိဘဲ သူတပါးတို့လာမည့် ခရီးလမ်းကိုသာ မျှော်လျက် ရပ်နေလေ၏၊ ခိုးသူတို့သည် အိမ်တွင်းသို့ဝင်၍ လိုချင်သည့်ဥစ္စာတို့ကို ရှာဖွေယူကြလေသော် အိမ်ရှင်မျှားနှိုးသဖြင့် ထိုမှဤမှ ထွက်ပြေးကြရကုန်၏၊ အိမ်ရှင်တို့လည်းထ၍ လိုက်လံဖမ်းဆီးသောအခါ ခြံဝ၌ရပ်နေသော သူဌေးသားငမိုက်ကိုမြင်လေလျှင် "သင်သည် သူခိုးပင်ဖြစ်သည်"ဟုဆိုကာ ဖမ်းဆီးချုပ်နှောင်လျက် ရိုက်နှက်ပုတ်ခတ်ကြပြီးလျှင် ဘုရင်မင်းမြတ်ထံ ပို့ဆောင်ကြလေ၏။

ဘုရင်မင်းမြတ်လည်း မင်းချင်းယောကျ်ား အာဏာသားဘို့ကိုခေါ်၍ ဤသူခိုးကို မြို့ပြင်ထုတ်၍ ဦးခေါင်းကိုဖြတ်လျက် သုတ်သင်စေဟုအမိန့်ပေးလေ၏။ မင်းခယောကျ်ားအာဏာသားတို့လည်း ခိုးသူကို လက်ပြန်ကြိုး တုတ်နှောင်လျက် နီသောဇလပ်ပန်းကိုလည်၌ပန်ဆဲ့စေ၍ ခရီးလမ်းဆုံတိုင်း၌ရပ်ကာ ရိုက်နှက်ပုတ်ခတ်လျက် သင်းချိုင်းသို့ခေါ်ဆောင်ကြကုန်၏။

ဤတိုင်းပြည်၌ လှည့်လည်၍ ခိုးဆိုးလုယက် တိုက်ဖျက်နေသောခိုးသူကို အရှင်လတ်လတ်ဖမ်းဆီးရမိပြီ”ဟုဟစ်အော်ကြွေးကြော်လျက်သွားကြကုန်၏၊ ထိုအချိန်၌ ရာဇဝင်ပြည်တွင် သုလသာအမည်ရှိသော ပြည်တန်ဆာမသည် မိမိ၏ပြာသာဒ်ထက်၌ရပ်လျက် လေသာပြူတင်းကိုဖွင့်၍ ကြည့်ရှုသောအခါ ထိုသို့သောအခြင်းအရာဖြင့် ဆောင်ယူလာသောခိုးသူကိုမြင်လေလျှင် ရှေးက မိမိနှင့် မျှားစွာ ချစ်ကျွမ်းဝင်ခဲ့သဖြင့် “ဤသူသည် ရှေးအခါက မျှားစွာသော စည်းစိမ်ချမ်းသာတို့ကိုခံစားခဲ့ပြီးနောက် ယခုအခါ ဤကဲ့သို့ ဆင်းရဲဒုက္ခရောက်ရချေသည်”ဟု မျှားစွာ သနား ကြင်နာလှသဖြင့် ကတွတ်မုံ့ခြောက်လေးခုကို သောက်ရေနှင့်တကွ ပေးလာပြီးလျှင် ဤမုံ့နှင့်ဤရေကို စားသောက်ပြီးရုံမျှ ဆိုင်းတွဲ့လင့်ကြပါဟု အာဏာသားတို့ အားလည်း တောင်းပန်စကားပြောကြားလေ၏။

ယင်းသို့ ဝံ့လင့်ဆိုင်းတွ၍ နေချိန်ဂွင် ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးသည် ဒီဗွစက္ခုအဘိညာဉ်ဖြင့် ကြည့်တော်မူလတ်သော် ထိုသူ၌ရှေးသား၏ အကြောင်းကို မြင်တော်မူရကား သနားတော်မူသဖြင့် “ဤယောကျ်ားကားမကောင်းမှုကုသိုလ်တို့ကို မျှားစွာပြုလုပ်ခဲ့၍ ကောင်းမှု ကုသိုလ်ကို အနည်းငယ်မျှ မပြုလုပ်ခဲ့သောကြောင့် သေသောအခါ ငရဲ၌ကျရောက်လတံ့၊ ငါသည် သွားရောက် ကယ်တင်ရမှု

ထိုသူသည် ငါ့အား ကတ္တတ်မုံ့နှင့်သောက်ရေတို့ကို လှူသဖြင့် သေသောအခါ ဘုမ္မစိုးနတ်၌ဖြစ်လတံ့၊ ငါသည် ထိုသူ၏မှီရာ ဖြစ်ရမူကား ကောင်းလေစွဟု အကြံ ဖြစ်တော်မူကာ ထိုယောကျ်ား၏ရှေ့၌ သွားရောက်၍ ရပ်တန့်တော်မူလေ၏။

ထိုသူဌေးသား ငမိုက်ယောကျ်ားလည်း ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကိုမြင်လျှင် ကြည်ညိုသောစိတ်ရှိရကား "ယခု ပင်သေလတံ့သောငါ့အား ဤမုံ့နှင့် သောက်ရေတို့ကိုစား သောက်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ဤမုံ့နှင့်သောက်ရေ သည် တမလွန်ဘဝသို့ သွားရောက်သောငါ့အား စားနပ် ရိက္ခာသဖွယ်ကောင်းကျိုးကိုပေးလတံ့ဟုကြံ၍ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ် ကြီးအား ကတ္တတ်မုံ့နှင့် သောက်ရေကို လှူဒါန်းလေ၏၊ ရှင်မောဂ္ဂလာန်ထေရ်သည်လည်း ထိုသူ၏ သဒ္ဓါတရား ပွားစေရန်အတွက် ထိုသူ ကြည့်ရှုနေစဉ်ပင် သင့်လျော်ရာအရပ်၌ ထိုင်ပြီးသော် မုံ့တို့ကို ဘုဉ်းပေးတော် မူပြီးမှ ရေတို့ကိုသောက်ပြီးလျှင် နေရာမှထ၍ ကြွတော်မူ၏။

ထိုယောကျ်ားသည် ရှင်မောဂ္ဂလာန်မထေရ်အား လှူဒါန်း သော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ထိုက်သော်လည်း သုလသာပြည့်တန်ဆာကိုစွဲ၍ ငါသည် ဤလှူဘွယ်ဝတ္ထုတို့ကို ရပေ၏ဟု သုလသာပြည့်တန်းဆာမ အပေါ်၌ စွဲမက်သော ချင်ခြင်းကြောင့် သေခါနီး ကာလ၌ စိတ်ညစ်နွမ်းခဲ့၏၊

ထို့ကြောင့် ယုတ်သောဘုမ္မစိုးနတ်အမျိုးဌ် ပဋ္ဌိသန္ဓေနေ၍ တောရိပ်တောင်ရိပ်ကို မှီသော အေးချမ်းသောအရိပ်ရှိသည့် ပညောင်ပင်ဌ် ရုက္ခစိုးနတ်ဖြစ်လေ၏။

ထိုသူဌေးသားသည် ပဌမအရှယ်ဌ်ရောင်းဝယ်ဖေါက်ကား ကုန်သွယ်ခြင်းအမှုကို ပြုပြားအံ့၊ ပဌမအရှယ်ဌ်ပင် သူဌေးဖြစ်ရာ၏။ မဇ္ဈိမအရှယ် ပစ္ဆိမအရှယ်တို့ဌ် ထိုသို့ ရောင်းဝယ်ဖေါက်ကားပြုလျှင်လည်း အလယ်အလတ်စားအတော်အဘန် ချမ်းသာသောသူဌေးဖြစ်နိုင်၏။ထိုသို့မဟုတ်ဘဲ ပဌမအရှယ်ဌ် လူ့ဘောင်ခွါရှောင်လျက် ရဟန်းဘောင်သို့ဝင်ကာ တရားအားထုတ်ပါ၊လျှင် ရဟန္တာဖြစ်နိုင်၍ ဒုတိယအရှယ်ဌ်ရဟန်းဖြစ်လျှင် အနာဂါမ်ဖြစ်နိုင်လျက် တတိယအရှယ်ကျမှ ရဟန်းပြုလျှင်လည်း သောတာပန်ဖြစ်နိုင်၏၊ သို့သော် သူဌေးသားကား အရှယ်သုံးပါးလုံးဌ်ပင် မေ့လျော့ ပေါ့ဆစွာနေခဲ့မိလေ၏။

တနေ့သော အခါ ထိုဘုမ္မစိုး နတ်သည် ဥယျာဉ်သို့ အပျော် သွားသော သုလသာ ပြည့်တန်းဆာမကို မြင်လေလျှင် သုလသာအား စဲ့လမ်း ချစ်ခင်သော စိတ်ရှိရကား အမိုက်မှောင် ဖန်ဆင်းပြီးလျှင် သုလသာကို မိမိ၏ ဗိမာန်နေရာသို့ ခေါ်ဆောင်လျက် သုလသာနှင့် ခုနှစ်ရက်မျှပေါင်းဖက်လေ၏၊ မိမိ၏ အကြောင်းကိုလည်း သုလသာအား

ပြောကြား၏၊ ထိုအခါ သုလသာ၏ မိခင်သည် သမီးကို မမြင်ရ သဖြင့် ထိုမှဤမှ ငိုကြွေး မြည်တမ်းလျက် စူးစမ်း ရှာဖွေလေ၏၊ ယင်းသို့ ရှာဖွေသည်ကို လူအပေါင်းတို့ သိမြင်သော အခါ "ရှင်မောဂ္ဂလာန် မထေရ်သည် ဘုန်းတန်ခိုး အာနုဘော် ရှိ၏၊ သုလသာ အကြောင်းကို ရှင်မောဂ္ဂလာန်သာ သိနိုင်ရာ၏၊ ရှင်မောဂ္ဂလာန် ကိုသာ မေးလျှောက်ကြကုန်လော့ ဟု ဆိုကြကုန်၏၊ သုလသာ၏ မိခင်သည်လည်း လူအများ ပြောဆိုသည့် အတိုင်း ရှင်မောဂ္ဂလာန်ထံ ချဉ်းကပ်၍ မေးလျှောက်၏၊ ရှင်မောဂ္ဂလာန် မထေရ်က—

"ဤနေ့မှ ခုနစ်ရက် လွန်လတ်သော် ငေဋ္ဌုဝန်ကျောင်း၌ မြတ်စွာဘုရား တရားဟောတော်မူသော အခါ ပရိဿတ်၏ အစွန်တွင် သုလသာအား မြင်ရလတံ့ ဟု မိန့်တော် မူလေ၏။

ထိုအရိန်၌ သုလသာ သည်လည်း ဘုမ္မစိုး နတ်မင်းအား "အရှင်နတ်မင်း လူဖြစ်သော အကျွန်ုပ်သည် နတ်ဖြစ်သော သင်၏ ဗိမာန်တွင် နေခြင်းငှါ မတတ်ကောင်းပါ၊ သင်၏ ဗိမာန်တွင် ကျွန်ုပ် နေလာသည်မှာ ယနေ့ ခုနစ်ရက် ရှိလေမြို့ ခုနစ်ရက် ပတ်လုံး ကျွန်ုပ်ကို မတွေ့မြင်ရသော မိခင်သည် စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်း နေပါလတံ့၊ သို့ပြစ်၍ ကျွန်ုပ်အား လူ့ထံသို့ ပြန်ပို့ပါ ဟု ဆိုလေ၏၊ ဘုမ္မစိုးနတ်

သည်လည်း ရှင်မောဂ္ဂလာန် မိန့်ဆိုသည့် အတိုင်း မြတ်စွာ ဘုရားသခင် တရားဟောရာ ပရိသတ် အစွန်ဌ သုလသာကို ထားရှိ မထင်ရှားသော အသွင်ဖြင့် ရပ်နေလေ၏။

ထိုအခါ လူအပေါင်းတို့သည် သုလသာကို မြင်၍ မေး ကြကုန်၏၊ သုလသာ ကလည်း ထိုအကြောင်းကို လူအပေါင်း အားပြောကြားလေ၏၊ လူအပေါင်းတို့သည် "ဤယောကျ်ား ကား ခိုးမှုကို ပြုလုပ်သောကြောင့် ဥပစ္ဆေဒက ကံဖြင့် ဥက္ခောင်းပြတ်၍ သေရပါလျက် အဘယ်သို့လျှင် နတ်ဖြစ်ပါ အုံးနည်း ဟု ပြောဆိုကြလေသော် သုလသာက ကျွန်တော်မ ပေးသော ကတ္တတ်မုံ့နှင့် သောက်ရေကို ရှင်မောဂ္ဂလာန် အား လှူသော ကောင်းမှုကြောင့် နတ်ဖြစ်သတည်း ဟု ပြော ဆိုလေ၏၊ ဤဝတ္ထုလာ အကြောင်းအရာ တို့ကို ထောက် ထား ဆင်ခြင်လျက် သူတပါးပစ္စည်းကို ခိုးယူခြင်းကို မပြု ကြဘဲ တဆုတ်တခဲ နည်းများမဆို အလှူဒါနကို မိမိတို့ တတ် အားသမျှ ပြုလုပ်ကြရန် တိုက်တွန်းအပ် ပါသည်။

၃-သူတပါးအဝတ်ကို ခိုးယူမိသဖြင့် နတ်သမီးဘဝမှ ပင် အဝတ်မပါသော နတ်သမီး ဖြစ်ရသည့် ခလွှာတိယနတ်သမီး အကြောင်း

မြတ်စွာဘုရားသည် သာဝတ္ထိ ပြည်မှန် ဇေတဝန် ရွှေ ကျောင်း၌ ကိန်းအောင်းမြဲလျော် နေဘော်မူစဉ် ခလွှာတိယ

မည်သော နတ်သမီးကို အကြောင်း ပြု၍ ဟောတော် မူ၏။ လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ မထင် မရှား အသက်မွေး ရသော မိန်းမ တယောက်ရှိ၏ လှပတင့်တယ် ရှုချင်ဘွယ်သော ကိုယ်ရေအဆင်းနှင့် ပြည့်စုံ၏၊ ထိုမိန်းမ၏ ဆံပင်တို့သည် အလွန် မည်းနက် ကုန်၏၊ အလွန် ရှည်သွယ် ကုန်၏၊ အလွန် သိမ်မွေ့နူးညံ့လျက် ကောဇောသော အဖျားရှိ၏၊ ထုံးပြီးသော ဆံပင်တို့သည် ခါး တင်ပါး တိုင်အောင် တွဲ လျားကျ ကုန်၏၊ ဖြေ၍ ချသည် ရှိသော် ခြေဖနောင့်နား သို့ ရောက်မှ အဖျားကော့၍ တက်ကုန်၏၊ ထိုမိန်းမ၏ ဆံပင် ၏ တင့်တယ် ခြင်းကို မြင်ရလျင် များသော အားဖြင့် ယောကျ်ား တို့သည် ထိုမိန်းမအား ကြိုက်ချစ် စဲ့လမ်းကြ ကုန်၏၊ ထိုမိန်းမအား ယောကျ်ား အမျိုးတို့ နှစ်သက် စုံ မက် မြတ်နိုးသည်ကို မနာလို ငြူစူကြသော မိန်းမတို့သည် တိုင်ပင်ကြ ကုန်လျက် ထိုမိန်းမ၏ အလုပ်အကျွေး ကျွန်မိန်းမ ကို ပစ္စည်းဥစ္စာများ ပေးကမ်းဖျားယောင်း၍ သခင်မအား ဆံပင်ကျွတ်ဆေးကို ပေးစေကြ ကုန်၏။

ထိုကျွန်မသည်လည်း ဆံပင်ကျွတ်ဆေးကို ဆပ်ပြာမှုန့် ခေါင်းလျှော်ရေတို့၌ ထည့်၍ပေးလေ၏။ သခင်မသည် ဂင်္ဂါ မြစ်ရေ၌ ရေချိုးသောအခါ ဆံပင်ရင်းတို့၌ ပွတ်နယ်ပြီး လျှင် ရေဝယ်ငုပ်လေ၏။ငုပ်ခါမျှ၌ပင် ဆံပင်တို့သည် အရင်း မှကျွတ်၍ ကျကုန်၏။ ထိုမိန်းမ၏ ဦးခေါင်းသည် ဆံပင်မရှိ

ရကား ဗုဒ္ဓခါးသီးနှင့်တူလေ၏။ ထိုနောက် ပေါက်ရောက်သောဆံပင်တို့သည် အမွေးအတောင်ကို နုတ် ထား သော ကျီးမကဲ့သို့ ဖြစ်နေသဖြင့် အဆင်းမလှရကား မြို့တွင်းသို့ သွားရန် ရှက်လှသောကြောင့် အဝတ်ဖြင့် ခေါင်းကိုရစ်ပတ်ပြီးမှ မြို့ဖြင်တွင် မထင်မရှားသော နေရာ၌ နေလျက် နှစ်ရက်သုံးရက်လွန်မှ အရှက်ပြယ်လေ၏။ ယင်းသို့ အရှက်ပြယ်ကင်း၍ မြို့တွင်းသို့ ဝင်သောအခါ အဆင်းကိုမှီ၍ အသက်မွေးစရာမရှိရကား ဆိတ်ကြီတ်၍ ဆိကုန်သွယ်ခြင်း အရက်ချက်၍ အရက်ရောင်းခြင်းကို ပြုလျက် အသက်မွေးလေ၏။

တနေ့သ၌ နှစ်ယောကသုံးယောကသော သေရည်သောက်ကြား အရက်မှူးသမားတို့၏ အဝတ်ပုဆိုးကို ခိုးယူလေ၏။ တနေ့သောအခါ ထိုမိန်းမသည် ရဟန္တာတပါး ဆွမ်းရပ်လာသည်ကို မြင်လျင် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ မိမိအိမ်ပေါ်သို့ ပင့်ဖိတ်ပြီးလျင် နေရာထိုင်ခင်းများ ခင်းပေးပြီးနောက် ဆီနှင့်ရောသော ဆီထွေးနှမ်းပတ်ကို လှူလေ၏။ ရဟန္တာအရှင်မြတ်လည်း ထိုမိန်းမအား သနားသဖြင့် ထိုဆီထွေးနှမ်းပတ်ကို ခံယူလျက် မြိန်ရှက်စွာ ဘုဉ်းပေးတော်မူ၏။ ထိုမိန်းမသည် ရဟန္တာမထေရ်မြတ်၌ လွန်စွာကြည်ညိုရကား မထေရ်အား ထီးဆောင်းပေးလျက် ရပ်တည်လေ၏။ ရဟန္တာအရှင်မြတ်သည် ထိုမိန်းမ၏ သဒ္ဓါတရား ရှင်လန်းထက်သန်စေလိုရကား အနုမောဒနာတရား ဟောကြားလေ၏။

ထိုမိန်းမသည် "ငါ၏ဆံပင်တို့သည် မည်းနက်ရှည်သွယ်နူးညံ့သိမ်မွေ့လျက် အဖျားတက်၍ ကောပါစေ့သတည်း" ဟု ဆုတောင်းလေ၏။ ရဟန္တာအရှင်မြတ်အား ရှင်လန်းစ္စာလှူဒါန်းသောအလှူ၏ အကျိုးကို တောင်းဆိုလျှင် လိုချင်သော လောကီလောကုတ္တရာ အကျိုးများကို ရနိုင်ပါလျက် အလိမ္မာနည်းသောကြောင့် ဆံပင်ကောင်းရုံမျှ ဆုတောင်းခဲ့လေ၏။

ထိုမိန်းမသည် ကွယ်လွန်သောအခါ အလှူ၏ အကျိုးကြောင့် သမုဒ္ဒရာအလယ် ရွှေဗိမာန်၌ တယောက်ထီးတည်းဖြစ်ရလေ၏။ ထိုမိန်းမ၏ ဆံပင်တို့သည်ကား ဆုတောင်းသည့်အတိုင်း ပြည့်စုံကုန်၏။ သေသောက်ကြူး အရက်မူးသမားတို့၏ပုဆိုးကို ခိုးမိသောကြောင့် ကိုယ်၌ကား အဝတ်မရှိ ဗလာကိုယ်ထီး အချည်းစည်ဖြစ်လေ၏။

ထိုမိန်းမသည် ယင်းရွှေဗိမာန်၌ အဖန်ဖန် အထပ်ထပ်ဖြစ်၍ အဝတ်မပါ ဗလာကိုယ်ထီး အချည်းစည်းဖြင့် ကဿပဘုရားနှင့် ငါတို့ ဂေါတမဘုရား နှစ်ဆူတို့အကြား ကာလတိုင်အောင် ဖြစ်လေ၏။ ထိုနောက် ဂေါတမမြတ်စွာဘုရား ပဋ္ဌာန်တော်မူသောအခါ သာဝတ္ထိပြည်သား ခုနစ်ရာသောကုန်သည်တို့သည် သုဝဏ္ဏဘူမိသို့ ကုန်ကူးသန်းရန် လှေသင်္ဘောဖြင့် သမုဒ္ဒရာကို ကူး၍ သွားကြကုန်၏။ သမုဒ္ဒရာ

အလယ်သို့ ရောက်သောအခါ ခေါ်ပြင်းမုန်တိုင်း တိုက်ခတ်သောကြောင့် ထိုထို ဤဤ ရွှေရှားလျက် ထိုနတ်သမီးနေရာသို့ ရောက်လေ၏။ ထိုအခါ နတ်သမီးသည်လည်း ဗိမာန်နှင့်တကွ မိမိကိုယ်ကို ထိုကုန်သည်တို့အား ပြခဲ့လေ၏။ နတ်သမီးကို မြင်သောအခါ ကုန်သည်တို့သည် "ဗိမာန်တွင်းဝယ် အဘယ်သူနည်း လူလော,နတ်လော ထွက်ခဲ့ပါလော့၊ ငါတို့သည် သင့်အား ကြည့်ရှုလိုပါကုန်၏"ဟု ပြောဆိုကြကုန်၏။ နတ်သမီးသည်လည်း အဝတ်မရှိ၍ ပြင်ပသို့ ထွက်ခြင်းငှါ မဝံ့ရဲပါ၊ ရှက်လှပါသည်,ဟု ဆိုလေ၏။

ထိုအခါ ကုန်သည်တို့က "ဤအဝတ်ကို ဝတ်၍ ပြင်ပသို့ ထွက်ခဲ့ပါလော့"ဟု အဝတ်ပုဆိုးတို့ကို နတ်သမီးအား ပေးကုန်၏။ နတ်သမီးလည်း "သင်တို့လက်ဖြင့် ငါ၏လက်သို့ ပေး၍ ငါမ်ရပါ၊ စင်စစ်အားဖြင့်ကား သင်တို့ အထဲတွင် ရတနာသုံးပါး ကံ,ကံ၏ အကျိုးကို ယုံကြည်သော လူဥပါသကာသည် ပါလာ၏၊ ထိုသီလရှိသော လူအား အဝတ်ပုဆိုးကို ပေးလှူ၍ ငါ့အား အလှူ၏ အဘိုဘာဂကို အမျှအတန်း ဝေ ပါလော့၊ ထိုအခါ ငါသည် သာဓုအနုမောဒနာ ခေါ်လျှင် အဝတ်,ပုဆိုးသည် ငါ့အား ရပါလိမ့်မည်"ဟု ဆိုလေ၏။

ထိုစကားကို ကြား၍ သဘော်သားတို့သည်လည်း သရဏဂုံသုံးပါးတည်၍ ငါးပါးသီလ လုံခြုံသော ထိုဥပါသကာကို

ရေ,မိုး ချိုးစေပြီးသော် မွန်မြတ်သော ခဲဘွယ်,ဘောဇဉ် တို့ဖြင့် ကျွေးမွေးပြီးနောက် ပုဆိုးအစုံတို့ကို လှူဒါန်းပြီးလျှင် နတ်သမီးအား အမျှပေးဝေလေ၏။ နတ်သမီးသည်လည်း ဝမ်းမြောက်ဝမ်းသာ သာခုံခေါ်လေ၏။ ထိုသို့ သာခုံ ခေါ်သော ခဏ၌ပင်လျှင် နတ်သမီးအား မျှားစွဲသော ခဲဘွယ်,ဘောဇဉ် အဝတ်,ပုဆိုးတို့သည် ပြည့်စုံကုန်သဖြင့် နတ်အဝတ်အစားများကို ဝတ်ဆင်လျှက် နတ်ဗိမာန်မှ ထွက်လာလေ၏။

ထိုသင်္ဘောသားတို့သည် နတ်သမီး၏ ကောင်းမှုပြုခဲ့ပုံ မကောင်းမှုပြုခဲ့ပုံတို့ကို မေးမြန်းကြလေရာ နတ်သမီး သည်လည်း "ငါကား ရဟန်းအား ဆီထွေးနှင့် နှမ်းပတ် လှူခြင်း တည်းဟူသော ကောင်းမှု အနည်းငယ်ကိုသာ ပြုမိသည်၊ ထိုကောင်းမှု၏ အကျိုးဆက်ကြောင့် နတ်ဗိမာန်၌ ခံစားရလေသည်။ သူများ ပုဆိုးကို ခိုးယူခြင်း မကောင်းမှုကို အကြိမ်ကြိမ်ပြုခဲ့သောကြောင့် ယခုအခါ နတ်ဖြစ်သော်လည်း အဝတ်မပါ ဗလာကိုယ်ထည်း ဖြစ်ရပြီး၊ သေသော အခါ၌လည်း ငရဲ၌ ဖြစ်ရပါလတံ့"ဟု ပြောပြလေ၏။

ထိုအခါဥပါသကာလည်း ထိုနတ်သမီး၏စကားကို ကြား သောအခါ သနားသောကြောင့် "အို နတ်သမီး ငါတ ယောက်အား ပေးလှူကာမျှဖြင့် ယခုကဲ့သို့ အလိုခပ်သိမ်းနှင့်

ပြည့်စုံသေး၏ သရဏဂုံသီလ၌ တည်ကုန်သော အလုံးစုံသော သင်္ဘောသားတို့အား ပေးလှူ၍ ရတနာသုံးပါး၏ ဂုဏ်ကို အောက်မေ့ ဆင်ခြင်လျှင် ငရဲမှ လွတ်မြောက်ပါလတံ့ ဟု ပြောဆိုညွှန်ကြားလေ၏၊ နတ်သမီးလည်း ဝမ်းမြောက်ဝမ်းသာ ကောင်းပါပြီဟု ဝန်ခံကာ ထိုသင်္ဘောသားတို့အား နတ်ဌာဖြစ်သော ထမင်းအဖျော် အဝတ်ပုဆိုးတို့ဖြင့် လူတန်းရောင့်ရဲစေပြီးလျှင် မြတ်စွာဘုရားကို ရည်စူး၍ ပုဆိုးတစုံကို သင်္ဘောသားတို့ လက်သို့အပ်ပြီးနောက် "အရှင်ဘုရား အဝတ်မရှိသော နတ်သမီးတယောက်သည် အရှင်ဘုရား၏ ခြေတော်အစုံကို ခိုလှုံဝတ်တွား ရှိခိုးဦးချလိုက်ပါ၏ ဘုရား" ဟု သာဝတ္ထိပြည်သို့ သွားရောက်၍ မြတ်စွာဘုရားအား လျှောက်ထားပါလေဟု မှာလိုက်၏။

ထိုသင်္ဘောကိုလည်း မိမိ၏ တန်ခိုး အာနုဘော်ဖြင့် လိုရာအရပ်သို့ ရောက်အောင် ပို့ဆောင်ပေးလေ၏၊ ထိုသင်္ဘောသားတို့လည်း သာဝတ္ထိပြည်သို့ ရောက်လျှင်ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားအား ပုဆိုးတစုံကို လှူပြီးလျှင် နတ်သမီး မှာလိုက်သည့်အတိုင်း လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် ထိုစကားကို အကြောင်းပြု၍ ပရိသတ်တို့အား တရားဟောလေ၏၊ လူနတ်များစွာတို့သည် အကျွတ်တရားရကြကုန်၏၊ သင်္ဘောသားတို့သည် နှစ်ရက်သုံးရက်မြောက်သောအခါ ဘုရားအမှုးရှိသော သံဃာတော်တို့အား

အလှူကြီးကို ပေး၍ နတ်သမီးအား အမျှပေးဝေကြကုန်၏။ နတ်သမီးသည်လည်း ဝေမာနိက နတ်ပြိတ္တာဘဝမှ လွှတ်မြောက်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရလေသတည်း။

ဤဇတ္ထုဉ် ထိုမိန်းမသည် သူတပါး၏ အဝတ်ပုဆိုးကို ခိုးယူခြင်းကြောင့် နတ်ဖြစ်သော်လည်း အဝတ်မပါသော နတ်ပြိတ္တာဖြစ်ရ၏။ ထိုမကောင်းမှုကြောင့် ငရဲသို့ကျရောက်နိုင်သော်လည်း သူတော်ကောင်းတို့နှင့် ပေါင်းဖော်မိ၍ ငရဲဘေးမှ ကင်းဝေးလျက် နတ်ပြည်၌ ဖြစ်ရ၏။ ဤဝတ္ထုဉ် ပါသော ရှောင်ကြဉ်စရာ တို့ကို လိုက်နာမှတ်သား ကျင့်ကြံနိုင်ကြပါစေသတည်း။

သူတပါး ဥစ္စာကိုခိုးယူသဖြင့် ကားစင်တင်ခံရသော ကုန်သည်တဦး ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ကံ ကံ၏ အကျိုး လုံးဝမရှိဟုယူသော အပ္ပသက္ကာရမည်သော လိစ္ဆဝီမင်းသည် ဝေသာလီပြည်၌ မင်းပြု၏။ ထိုအခါ ဝေသာလီပြည်၌ ကုန်သည်တယောက်၏ အိမ်အနီးတွင် ရှုံ့ညွှန်အိုင် တခုရှိ၏။ ထိုအိုင်၌ ခုန်လွှား၍ သွား

ရကုန်သော သူတို့သည် ပင်ပန်းဆင်းရဲကုန်၏။ မခုန်လွှားဘဲ ဆင်း၍သွားကုန်သော သူတို့သည် ရှုံညွှန်လူးကုန်၏။ ထိုအကြောင်းကို ကုန်သည်သည် မြင်လတ်သော် လူတို့ မပင်ပန်းစေခြင်း ရှုံမလူးစေခြင်းငှါ မကောင်းသော အနှံ့မှကင်း၍ ခရသင်းနှင့်တူသော နွားခေါင်းရိုးကို တံတားပြု၍ ခင်း၏။ ထိုကုန်သည်ကား သီလနှင့် ပြည့်စုံ၏ အမျက် ဒေါသနည်း၏ သိမ်မွေ့နူးညှံ့သော စကားရှိ၏ သူတပါး ကျေးဇူးကို ဟုတ်မှန်တိုင်း ပြောကြားတတ်၏။

တနေ့သ၌ ထိုကုန်သည်သည် ရေချိုးသော မိမိအဆွေခင်ပွန်း၏ မေ့လျော့၍မမြင်စဉ် ကြည်စယ်လိုသောသဘောဖြင့် အဝတ်ပုဆိုးကို ခိုးဝှက်ထား၍ များစွာစိတ်ဆင်းရဲစေပြီးမှ ပြန်ပေးလေ၏။ ထိုကုန်သည်၏တူသည်ကား သူတပါး တို့အိမ်မှ ဥစ္စာပစ္စည်းများကို ခိုးယူလာပြီးလျှင် ဦးရီး၏အိမ်စျေး၌ ချထားလေ၏။ ဥစ္စာရှင်တို့သည် မိမိတို့ဥစ္စာပစ္စည်းကို စူးစမ်းရှာဖွေသောအခါ ဥစ္စာထုပ်နှင့်တကွ ကုန်သည်တူဝရီးနှစ်ယောက်တို့ကို ဖမ်းဆီး၍ မင်းထံသို့ ခေါ်ဆောင်သွားကြကုန်၏။ ဘုရင်မင်းမြတ်လည်း ခိုးမှုကိုကျူးလွန်သော တူဝရီးနှစ်ယောက်တွင် ဦးရီးကို ခေါင်းဖြတ်သတ်စေ, တူကို မူကား အရှင်လတ်လတ် ကားစင်တင်၍ စူးတံကျင်ဖြင့်ထိုးစေဟု အမိန့်ပေးလေ၏။ မင်းချင်းယောက်ျား အာဏာသားတို့လည်း မင်းကြီးအမိန့်အတိုင်း ပြုကြကုန်၏။

တူဝရီးနှစ်ယောက်တို့တွင် ဦးရီးသည် သေ၍ဘုမ္မစိုးနတ်ဖြစ်လေသော် နွားခေါင်းရိုးဖြင့် တံတားခင်းခဲ့ဘူးသော ကောင်းမှုကြောင့် ကိုယ်လုံးဖြူသော အာဇာနည်နတ်မြင်းကို ရ၏။ နှုးညှံ့သိမ်မွေ့သော စကားရှိလျက် အမျက်ဒေါသနည်းသောကြောင့် ကိုယ်ရေအဆင်း အလှန်လှပတင့်တယ်၏။ သူတပါးတို့၏ ကျေးဇူးစကားကို ဟုတ်တိုင်းမှန်စွာဆိုသောကြောင့် ကိုယ်မှ နတ်၏ရနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင်၏။ အဆွေခင်ပွန်း၏ပုဆိုးကိုဝတ်၍ ကစားမိသောကြောင့် ကိုယ်၌ကား အဝတ်မရှိပေ။ ထိုဘုမ္မစိုးနတ်သည် ကားစင်၌ သံတံကျင် (သံစူး)၌ တင်ထားသော မိမိတူကိုမြင်၍ သနားရကား သိန္နောမြင်းကိုစီး၍ ညဉ့်သန်းခေါင်အခါ သံတံကျင်လျှိုရာအရပ်သို့ လာပြီးလျင် မနီးမဝေးသော အရပ်၌ ရပ်လျက်-

> "အချင်းယောက်ျား- သင်သည် အသက်ရှင်ပါလော့၊ သေရခြင်းထက် အသက်ရှင်ရခြင်းသည် သင့်အား မြတ်ပါ၏"

ဟု နေ့တိုင်းနေ့တိုင်းလာ၍ဆို၏။ ထိုအခါ အပ္ပသက္ကာရမိစ္ဆာဒိဋ္ဌိ လိစ္ဆဝီမင်းသည် ဆင်ကျောက်ကုန်းထက်၌စီးလျက် မြို့ကို လှည့်လည်လာသောအခါ လေသာပြူတင်းကို ဖွင့်၍ မင်း၏တင့်တယ်ခြင်းကို ကြည့်ရှုသော မိန်းမတယောက်၌ တပ်နှစ်သက်သောကြောင့် မိမိနောက်နား၌ ခစားနေသော

မင်းချင်းယောကျ်ားကိုခေါ်၍ ထိုမိန်းမ၏ လင်ရှိလင်မဲ့အဖြစ်ကို သွားရောက်စုံစမ်းခိုင်းသဖြင့် မင်းချင်းယောကျ်ားလည်း သွားရောက်စုံစမ်းလေရာ လင်ရှိသည်၏အဖြစ်ကို သိလေ၏။ ဘုရင် မင်း မြတ်လည်း လင်ရှိမယားကို သိမ်းယူလိုသောကြောင့် လင်ကိုခေါ်ပြီးလျှင် ငါ့အား ခစားလော့ဟုဆို၏။ ထိုယောကျ်ားသည် မင်းအား ခစားရန်အလိုမရှိသော်လည်း မင်း၏အာဏာကို မလွန်ဆန်ဝံ့သောကြောင့် ကြောက်လန့်လျက်ပင် ခစားရလေ၏။ မင်းသည်ကား ထိုယောကျ်ားအား တစုံတခုမှားယွင်းလျှင် ရာဇဝတ်ပြစ်ဒဏ်ပေး၍ သတ်ပြီးလျှင် မယားကို ယူမည်ဟူသောအကြံဖြင့် ခစားစေခြင်းဖြစ်၏။

ထိုယောကျ်ားသည်လည်း မင်း၏အကြံကိုသိသောကြောင့် မမေ့မလျော့မပေါ့မဆဘဲ သတိဝီရိယကြီးစွာ ထား၍ မင်းအား ခစားလေ၏။ ယင်းသို့ ခစားသောကြောင့် အပြစ်တစုံတရာ ရှာမရသော် ထိုယောကျ်ားကို ခေါ်၍- "အမောင်ယောကျ်ား ဤမည်သောအရပ်၌ ရောက်ရှိ၏။ ထိုရောက်သို့သွားပြီးလျှင် လှပသောမြည်ဂ်, ကြာနီကြာဖူ စသည်တို့ကို ဆောင်ယူခဲ့ပါလော့၊ အကယ်၍ ယနေ့ မလာရောက်ငြားအုံ့သင်၏ အသက်ကို သတ်မည်ဟု ဆိုလေ၏။ ယင်းသို့ အမိန့်ပေးသဖြင့် ထိုယောကျ်ား သွားလေသော် တံခါးစောင့်တို့ကိုခေါ်၍ "ယနေ့ နေမဝင်မီ တံခါးအားလုံးတို့ကို ပိတ်

ထားရမည်ဟု ဆင့်ဆိုလေ၏။ ရေကန်ကား ဝေသာလီပြည်မှ သုံးယူဇနာကွာဝေး၏။ (တယူဇနာလျှင် ၇-မိုင်ခန့်ရှိ၏) ထိုယောကျ်ားသည် သေအံ့သည်မှ ကြောက်လန့်ရကားလျင်မြန်စွာသွားလျက် မွန်းမတည့်မီ ရေကန်သို့ရောက်၍ နတ်တို့အား ပဲသပြီးလျှင် ထမင်းစား၍ ကြွင်းသောထမင်းတို့ကို ရေကန်တွင်းမှ ငါးလိပ်တို့အား ကျွေးမွေး၍ အလှူဒါနကို အမျှပေးဝေ၏၊ ထိုရေကန်ကား ရေစောင့်ဘီလူးစောင့်သောရေကန်တည်း။ ရေကန်စောင့် ဘီလူးလည်း ထိုယောကျ်ားအား သနားကြင်နာသောကြောင့် လူ့အသွင်ဖန်ဆင်းလျက်-

"အဆွေယောကျ်ား၊ အဘယ် အကျိုးငှါ လာပါသနည်း"ဟု မေး၍ ထိုအကြောင်းကို ကြားသိရလေသော် အလိုရှိတိုင်း ယူ၍သွားပါလော့ဟု ဆို၍ နတ်၏ အသွင်ကို ပြလျက် ကွယ်ပျောက်လေ၏။

ထိုယောကျ်ားလည်း မြေညက်, ကြာဖြူကြာနီ စသည်တို့ကို ယူ၍ နေမဝင်မီ မြို့တံခါးသို့ ရောက်လာ၏၊တံခါးစောင့်လည်း ထိုယောကျ်ားကိုမြင်လျှင် ရုတ်တရက်ထ၍ မြို့တံခါးကို ပိတ်လေ၏၊ ထိုယောကျ်ားသည်လည်း တံခါးပိတ်နေ၍ ဝင်ခွင့်မရသောကြောင့် တံခါး၏အနီး၌ တံကျင် အလျှိခံနေရသော သူ၏အထံသို့ သွား၍-

"ငါ့အားအပြစ်မရှိ၊ နေမဝင်မီ ရောက်လာသည်အဖြစ်ကို သင်သည် အသိသက်သေခံပါ"ဟုဆို၏။

တံကျင်အလျှိုခံရသော ယောကျားကလည်း ထိုစကားကို ကြားသောအခါ-

"ငါကား တံကျင်အလျှိုခံထားရသူဖြစ်၍ သေအံ့ဆဲဆဲ ဖြစ်နေပါလျက် သင့်အတွက် အဘယ်မှာ သက်သေခံနိုင်ဖို အံ့နည်း၊ ဤအရပ်ဝှိ နတ်ကြီးတယောက် လာပါလတံ့၊ ထိုနတ်ကြီးကို သက်သေအရာ တည်ထားပါဟု ပြောဆိုသော ကြောင့် ထိုနတ်ကြီးအလာကို စောင့်ဆိုင်း၍ နတ်ကြီးအား သက်သေအရာ တည်ထားလေ၏။

နံနက်မိုးသောက် အလင်းရောက်လတ်သော် မင်းက "ဤသူကား ငါ၏အာဏာကို လွန်ဆန်သောသူ ဖြစ်သည်၊ ရာဇဒဏ်ခတ်၍ မင်းပြစ်ဒဏ် သင့်စေအံ့ဟု ဆိုလျှင် ထို ယောကျားက အရှင်မင်းကြီး ကျွန်ုပ်ကား အာဏာတော်ကို မလွန်ဆန်ပါ။ နေမဝင်မီ ရောက်လာပါ၏ဟု ဆိုသော ကြောင့် ထိုအရာဝယ် ယုံကြည်ဘွယ်သက်သေပြပါဟု မင်းက ဆိုလျှင် ထိုယောကျားလည်း တံကျင်လျှိုသောယောကျား၏ အထံသို့လာသော နတ်ကြီးပင်ဖြစ်ပါ၏ ဟုဆိုလေ၏။

ထိုအခါ ဘုရင်မင်းမြတ်က ထိုအရာဝယ် ငါတို့အဘယ် သို့ ယုံကြည်ရမည်နည်းဟု ဆိုလေသော် "ယုံကြည်လောက် သော မင်း၏လူယုံတော်တယောက်ကို အကျွန်ုပ်တို့နှင့် အတူ ဘက္ခ ညဉ့်သန်းခေါင်အခါ၌ စေလွှတ်တော်မူပါ၊ ပြပါမည်

ဟုဆိုလျှင် ငါပင်လိုက်မည်ဟု ကိုယ်တိုင်ပင်လိုက်၍ ထိုသူနှင့် တကွကြည့်ကြ၏၊နတ်ကြီးလည်း လာပြီးလျှင် "အိုယောကျား အသက်ရှင်ပါလော့၊ သေရခြင်းတက် အသက်ရှင်ခြင်းကား သင့်အား မြတ်ပါ၏" ဟုဆို၏၊ ထိုအခါ ကံကံ၏အကျိုးကို မယုံကြည်သော လိစ္ဆဝီမင်းလည်း အဘယ်ကြောင့် ဤသို့ ဆိုလာပါသနည်းဟု နတ်ကြီးအားမေးလေ၏။

နတ်ကြီးကလည်း "ဤသူကား ရှေးရှေးဘဝက ငါ၏တူ ဖြစ်ခဲ့၏၊ ဤသူသည် ခိုးယူခြင်းဟူသော မကောင်းမှုကိုပြု သောကြောင့် ဤဘဝမှစုတေလျှင် ငရဲ၌ဖြစ်ရလိမ့်မည်၊ ငရဲ၌ ဖြစ်ရခြင်းထက် ဤတံကျင်အလျှိုခံရလျက် အသက်ရှင်ရခြင်း သည် အလွန် မြတ်သောကြောင့် ဤသို့ငါဆို၏" ဟု ပြော လေ၏။

မိစ္ဆာဒိဋ္ဌိ လိစ္ဆဝီမင်းလည်း "ဤမှတပါး အခြားပြဿနာ တို့ကို မေးပါရစေဦး စိတ်မဆိုးပါလင့်ဟု ခွင့်တောင်း၏။

ဘုမ္မစိုးနတ်လည်း မေးပါဟုခွင့်ပြု၏၊ သင်နတ်မင်သည် အဘယ်ကြောင့် သိန္ဓောမြင်းကိုရပါသနည်းဟု မေး၏။

ဝေသာလီပြည်တွင်းဝယ် တံတားခင်းဘုံသောကြောင့် ရပါ၏ဟု နတ်ကဖြေ၏။

အဘယ့်ကြောင့် ကိုယ်အဆင်းလှပါသနည်းဟု မင်းကြီး ကမေး၏။

ငါသည် နှုးညံ့သိမ်မွေ့သော စကားရှိလျက် အမျက်ဒေါသနည်းသောကြောင့် အဆင်းလှသည်ဟု နတ်ကြီးကဖြေ၏။

အဘယ့်ကြောင့် ကိုယ်မှုနတ်၏အနှံ့ သင်းပျံ့မွေးကြိုင်ပါသနည်းဟု မင်းကြီးက မေးပြန်ရာ-

ငါသည် သူတပါးတို့၏ ကျေးဇူးဂုဏ်ကို ဟုတ်မှန်သည့်အတိုင်း ပြောဆိုသောကြောင့် ကိုယ်မှ နတ်၏အနှံ့ သင်းပျံ့မွေးကြိုင်ပါ၏ဟု နတ်ကြီးကဖြေ၏။

အဘယ့်ကြောင့် ကိုယ်ဌ အဝတ်မပါ ဗလာကိုယ်ထီးအချည်းနှီးဖြစ်ပါသနည်းဟု မင်းကြီးကမေးပြန်၏။

ရေဆိပ်ဌ ရေချိုးသော အဆွေခင်ပွန်းတို့၏ ပုဆိုးများကို ကြည်စားလိုသောစိတ်ဖြင့်ခိုးဝှက်၍ထားသောကြောင့်ကိုယ်ဌ အဝတ်မရှိဖြစ်ပါသည်ဟု နတ်ကြီးကဖြေ၏။

ကြည်စားလိုသောစိတ်ဖြင့် ပြုကာမျှဖြစ်သော မကောင်းမှု၏အကျိုးသည်ပင် ဤမျှလောက်ခံရလျှင် ခိုးလိုသောစိတ်ဖြင့် ခိုးဝှက်သော မကောင်းမှု၏ အကျိုးကား အဘယ်မှာဆိုဘွယ်ရာ ရှိပါတော့အုံ့နည်း! အရှင်မင်းကြီးသည် ကျွန်ုပ်ပြုကျင့်သောအမှုကို ရှုကြည့်တော်မူပါ။

အရှင်မင်းကြီး ကိုယ်နှုတ်နှလုံးသုံးပါးဖြင့် မကောင်းမှုကိုပြုသူသည် အပါယ်ငရဲ၌ ခံစားရ၍ ကောင်းမှုကိုပြုသောသူတို့သည် နတ်ပြည်တို့၌ ခံဝံ့ရပါ၏ နတ်ကြီးက ဆိုလေ၏။

မင်းသည် မိစ္ဆာအယူ ရှိသည်ဖြစ်၍ မယုံကြည်ရကား "အဘယ်ပညာရှိသည် ကံ ကံ၏ အကျိုးရှိသည်ဟု ငါ့အား ယုံကြည်စေနိုင်ပါအုံးနည်းဟု ဆိုသောအခါ-

အရှင်မင်းကြီး သတ္တဝါတို့၏ ကောင်းသော ဘဝ, မကောင်းသော ဘဝတို့၌ ဖြစ်ကြသည်ကို မြင်၍သော်၎င်း၊ ကြား၍သော်၎င်း၊ ယုံကြည်ပါ၊ ကံ ကံ၏အကျိုးကို မယုံကြည်သူတို့သည် ငရဲ၌ခံရပါကုန်၏ဟု ဆိုသော်-

သင်နတ်မင်းသည် ကံ ကံ၏အကျိုးကို ယုံကြည်ပါလျက် အဘယ်ကြောင့် အဝတ်မရှာ ဆင်းရဲ ခံနေရပါသနည်းဟု မေးပြန်၏။

အရှင်မင်းကြီး ငါ၌ပြုအပ်သော ကောင်းမှုမရှိခဲ့ချေ၊ ရဟန်းပုဏ္ဏားတို့အား အလှူပေး၍ ငါ့အားအမျှဝေသူလည်း တဦးတယောက်မျှမရှိချေ၊ ထို့ကြောင့် အဝတ်မရှာ ဆင်းရဲ ခံနေရပါသည်ဟု နတ်ကြီးက ဖြေ၏။

မင်းကြီးလည်း ထိုနတ်၏စကားကို ကြားသောအခါ နတ်ကြီးအား ပုဆိုးရနိုင်သော နည်းလမ်းကို ကျွန်ုပ်အား ညွှန်ကြားပါဟု ဆို၏။

မင်းကြီး ဤဝေသာလီပြည်တွင် ရှင်ကပ်ပိတမထေရ်သည် နေ၏၊ ထိုမထေရ်အား ပုဆိုးတစုံကိုလှူ၍ ကျွန်ုပ်အား အမျှဝေပါ၊ ကျွန်ုပ်ရပါလိမ့်မည်ဟု နတ်ကြီးကပြော၏။

မင်းလည်း ကောင်းပြီ မထေရ်အားလည်း ပုဆိုးလှူပါ မည်၊ သင်နတ်မင်းကိုလည်း မြင်ပါရစေဟုဆို၍ ပုဆိုး ရှစ်စုံကို ယူပြီးလျှင် "ဤ ပုဆိုးတို့ကို အလှူခံတော်မူပါ"ဟု လျှောက်၏။

မထေရ်လည်း ကံကံ၏အကျိုးကို မယုံကြည်သော မိစ္ဆာ အယူရှိသည့်မင်းက ဤသို့လှူသည်ကို သိလိုသဖြင့် "မင်းကြီး သင်သည် ရှေးအခါက ရဟန်း ပုဏ္ဏားတို့အား မလှူပါဘဲ လျက် ယခုမှ အဘယ့်ကြောင့် လှူလိုပါသနည်း" ဟု မေး တော်မူ၏။

မင်းသည်လည်း ဘုမ္မစိုးနတ်နှင့် မိမိတို့ ပြောဆိုကြသော အကြောင်းကို မထေရ်အားလျှောက်ကြားပြီးနောက် အရှင် ဘုရား ဤပုဆိုးတို့ကို အလှူခံတော်မူပါဟု လှူပြီးလျှင် အလှူ ကောင်းမှု၏အဖိုဘာဝကိုလည်း ဘုမ္မစိုးနတ်အား အမျှပေး ဝေလေ၏၊ ဘုမ္မစိုးနတ်လည်း သာဓုအနုမောဒနာ ခေါ်သော ကြောင့် ထိုခဏ၌ပင် နတ်ပုဆိုးကိုရ၍ ဝတ်ပြီးလျှင် မင်းနှင့် မထေရ်အား ထင်ရှားပြလေ၏။

မိစ္ဆာဒိဋ္ဌိမင်းလည်း ဝမ်းမြောက်ဝမ်းသာဖြစ်လျက် "ငါ သည် ကံကံ၏အကျိုးကို မျက်မှောင်ထင်ထင် မြင်ရပါလျက် အဘယ့်ကြောင့် ကောင်းမှုကို မပြုဘဲရှိအံ့နည်း၊ယခု ငါသည် ကောင်းမှုကိုသာ ပြုတော့အံ့ဟု နံတ်ကြီးအား သက်သေ ထား၍ ပြောဆို၏။

နတ်ကြီးသည်လည်း "သင်မင်းကြီးသည် ဤအခါမှစ၍ မတရားမှုတို့ကို ရှောင်ရှားလျက် တရားသော အမှုကိုသာ ကျင့်ကြံပါလော့၊ ငါသက်သေခံပါအုံ့၊ သင်မင်းကြီးထံသို့ လည်း မကြာမကြာ ကျွန်ုပ်လာပါအုံ့၊ တံကျင်လျှိုသော ယောကျ်ားကိုလည်း တံကျင်လျှိုထားခြင်းမှ လွှတ်ပါလော့၊ ထိုသူသည် အသက်ချမ်းသာသည် ရှိသော် ဝဋ်ဆင်းရဲမှ လွှတ်ပါလတံ့၊ သင့်မင်းကြီးသည် ရှင်ကပ်ပိတ မထေရ်အား အမြဲမပြတ် ဆည်းကပ်လျက် တရားကိုနာ၍ ကုသိုလ်ကောင်းမှုကို ပြုပါလော့ဟု ဆို၍ သွားလေ၏။

လိစ္ဆဝီမင်းလည်း မထေရ်ကို ရှိခိုး၍ မြို့တွင်းသို့ဝင်ပြီး လျှင် လိစ္ဆဝီပရိသတ်ကို လျင်မြန်စွာ စည်းဝေးစေ၍ တံကျင် လျှိုသော ယောကျ်ားကိုလွှတ်၍ အနာမရှိအောင် ဆေးကု ကြကုန်လော့ဟု ဆေးသမားတို့ကို အမိန့်ပေး၏။ မထေရ် လည်း မင်းကြီးအား သရဏဂုံ-သီလတို့ဌ် တည်စေ၏၊ မင်း ကြီးသည်လည်း မထေရ်၏ အဆုံးအမ၌ တည်လျက် သော တာဝန်ဖြစ်လေ၏။ တံကျင်လျှိုခံရသော ယောကျ်ားသည် လည်း အနာပျောက်သောအခါ သတိတရားရလျက် ရဟန်း ဟောင်ဝင်၍ ရဟန်းပြုလတ်သော် မကြာမီရဟန္တာ ဖြစ်သွား လေသတည်း။

၇-သူတပါးသားမယားကို ပြစ်မှားကျူးလွန်ခဲ့သောကြောင့် ဆင်းရဲဒုက္ခအမျိုးမျိုးသို့ရောက်ရသောပဒုမမင်းသားဝတ္ထု

လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရားလက်ထက်၌ ရဟန်းတပါးသည်ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ပါသော်လည်း ပါရမီကံမရင့်သန်သဖြင့် မဂ်ဖိုလ်ကိုမရဘဲ ပုထုဇဉ်အဖြစ်ဖြင့်သာ သေလွန်၍ ဗာရာဏသီပြည့်ဝယ် ကြွယ်ဝချမ်းသာသောသူဌေးမျိုး၌ဖြစ်လေ၏၊ နှစ်ပေါင်းများစွာ သီလနှင့်ပြည့်စုံလျက် အသက်ရှင်ခဲ့သောကြောင့် အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာ အလွန်တင့်တယ်လေ၏၊ ထိုသူဌေးသားသည် ရုပ်ချော ဥစ္စာပေါသည်ကို အခြေခံလျက် သူတပါးတို့၏ သားမယားတို့ကိုပါမရှောင်ဘဲ ကာမဂုဏ်လိုက်စား၍ နေပြီးနောက် သေလွန်သောအခါ ထိုကံကြောင့် ငရဲ၌ဖြစ်လေ၏၊ ငရဲကတဖန်စုတေပြန်သော် လူ့ပြည်၌သူဌေးမျိုးဝယ် မိန်းမဖြစ်လေ၏။

ထိုသူဌေးသမီးသည် သူတပါးသားမယားတို့ကို ပြစ်မှားခဲ့သောကံကြောင့် (ပရဒါရကံ) မွေးဖွားချိန်မှစ၍ မိဘဆွေမျိုးတို့သည် သူဌေးသမီးအားလွန်စွာမုန်းတီးကြကုန်၏၊ အရွယ်ရောက်လတ်သော် အကြင်အမျိုး၌ပေးအပ်၏၊ ထိုအမျိုး၌လည်း လင်ယောကျ်ား, ယောက္ခမတို့မှစ၍ လူအားလုံးတို့သည် ချစ်ခင် တွယ်တာခြင်းမရှိဘဲ အလွန်မုန်းတီးကြကုန်၏။

တနေ့သောအခါ နက္ခတ်ပွဲလမ်းသဘင်ရှိလေရာ သူဌေးသားသည် ထိုသူဌေးသမီးနှင့် ပျော်ပျော်ပါးပါးမသွားလိုဘဲ ပြည့်တန်ဆာမကို ခေါ်ဆောင်၍ သွားလတ်ဟု ကျွန်အမှုလုပ်သူကို တီးတိုးစကား ပြောဆိုကြသည်ကို ထိုသူဌေးသမီးကြားလတ်သော် သူဌေးသားသို့ချဉ်းကပ်လျက် "အရှင်သားမိန်းမမည်သည်ကား မင်းဆယ်ယောက်တို့၏ နှစ်မပင်ဖြစ်စေ, စကြဝဠာတေးမင်း၏သမီးပင်ဖြစ်စေ လင်ကကြင်နာမှု စိတ်ချမ်းသာပါသည်။ လင်သည် စကားမဆိုဘဲ မှုန်ဆန်နေလျှင် သံစူးနှင့်အထိုးခံရခြင်းထက် အခံရခက် ဆင်းရဲလှပါသည်။ အကယ်၍ ကျွန်ုပ်သည် ချီးမြှောက်ထိုက်ပါလျှင် ချီးမြှောက်ပါ၊ အကယ်၍ မချီးမြှောက်ထိုက်ပါလျှင် ပြတ်ပြတ်စဲစဲ ရှင်းရှင်းလင်းလင်းကွာရှင်းပါ၊ ကျွန်ုပ်မိဘ ဆွေမျိုးများထံ ပြန်ပါမည်ဟုဆို၏။

သူဌေးသားလည်း "ချစ်စွာသောနှမကောင်းပါပြီ၊ သင်သည် စားဘွယ်သောက်ဖွယ်တို့ကိုသာစီရင်ပါလော့၊ သင်နှင့် အတူတကွနက္ခတ်ပွဲသဘင် ပျော်ရွှင်စွာဆင်နွဲပါအုံ့ဟု ဆိုလေ၏။ သူဌေးသမီးလည်း ထိုသို့ပြောသောသူဌေးသား၏စကားကိုယုံကြည်သဖြင့် နက်ဖြန်နက္ခတ်ပွဲသဘင်ဆင်နွဲအုံ့ဟု မမောနိုင် မပမ်းနိုင်ဘဲ စားဘွယ်သောက်ဖွယ်တို့ကို ချက်ပြုတ်စီစဉ်လေ၏။ သူဌေးသားကား ဝမ်းတွင်းမှ အကောက်ဉာဏ်ဖြင့် သူဌေးသမီးအား မပြောကြားဘဲ ပွဲလမ်းသဘင်သို့သွားလေ၏။

သူဌေးသမီးလည်း ယခုပင်ခေါ်လာနိုးဖြင့် စောင့်ဆိုင်းလျက်နေရာ နေမြင့်သည်တိုင်အောင် မလာတော့မှအခြားလူများကို မေးမြန်း စုံစမ်းသောအခါ အခြားသူများက သူဌေးသားကားပွဲလမ်းသဘင်သို့ သွားလေပြီဟု ပြောဆိုကြကုန်၏။ ထိုအခါ သူဌေးသမီးသည် ချက်ပြုတ်ထားသော ခဲဘွယ်ဘောဇဉ်တို့ကိုဆောင်ယူပြီးလျှင် ယာဉ်ကိုစီး၍ဥယျာဉ်သို့သွားရန် အားထုတ်လေ၏။

ထိုအချိန်၌ နန္ဒမူလိုဏ်ဂူဝ၌ ပစ္စေကဗုဒ္ဓါ ထပါးသည် နိရောဓသမာပတ်ဝင်စားရာမှထလျက် ယနေ့ အဘယ်အရပ်၌ ဝါသည် ဆွမ်းရှာရပါအံ့နည်းဟု ဆင်ခြင်လတ်သော် သူဌေးသမီးကိုမြင်၍ ဤသူဌေးသမီးသည် ငါ့အား ရှိခိုးပူဇော်သဖြင့် သူ၏မကောင်းမှုကံအဟုန်သည် ယနေ့ကုန်ခြင်းသို့ရောက်လတ္တံ့ဟု သိမြင်တော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင် ထိုသူဌေးသမီး၏ မရီးရင်ဆိုင်၌ ဆင်းသက်ပြီးလျှင် ဗာရာဏသီပြည်သို့ ရှေးရှုကြွလာတော်မူလေ၏။

သူဌေးသမီးသည်ရှင်ပစ္စေကဗုဒ္ဓါကိုမြင်သောအခါ ယာဉ်ရထားမှဆင်းသက်၍ ရိုသေစွာရှိခိုးပြီးလျှင် ရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ကို ဆွမ်းခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြည့်စေ၍ အထက်၌ ပဒုမာကြာပန်းဖြင့် ဖုံးလွှမ်းပြီး အောက်၌လည်း ပဒုမာကြာပန်းတို့ကိုခံလျက် ပန်းစည်းကိုလက်ဖြင့် ကိုင်မ၍ ပစ္စေက

ဗုဒ္ဓါအား ဆက်ကပ်လျှတ် သပိတ်ကိုပေးအပ်ပြီးလျှင် ရှိသေစွာရှိခိုးရှိ ပန်းစည်းကို ကိုင်လျက် ဆုတောင်း၏၊ အရှင်ဘုရား ဤပန်းကို လူအပေါင်းတို့ ချစ်ခင် မြတ်နိုးသကဲ့သို့ ထို့အတူ ဖြစ်လေရာဘဝတိုင်းဌ လူအပေါင်းတို့သည် တပည့်တော်မအား ချစ်ခင်နှစ်သက် ကြပါစေကုန်သတည်းဟု ပထမဆုကိုတောင်း၏။

ထိုနောက် "အရှင်ဘုရား အမိဝမ်းဌ ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲသောကြောင့် အမိဝမ်းဌ ပဋိသန္ဓေမနေရဘဲ ကြာတိုက်ဌသာ ပဋိသန္ဓေ နေရပါလို၏ဟု ဒုတိယဆုကို တောင်း၏။

ထိုနောက် အရှင်ဘုရား မိန်းမဘဝဖြစ်ရခြင်းသည် ယုတ်ညံ့ပါ၏၊ စကြဝတေးမင်း၏ သမီးပင်ဖြစ်သော်လည်း သူတပါး၏အလိုသို့သာ လိုက်ရပါ၏၊ သို့ဖြစ်၍ တပည့်တော်မသည် နောင်ဖြစ်လေရာဘဝဌ ယောကျ်ား ဖြစ်ရပါလို၏ဟု တတိယဆုကိုတောင်း၏။

ထို့နောက် အရှင်ဘုရား အဆုံးစွန်သောဘဝဌ နိဗ္ဗာန်ကို ရောက်ရပါလို၏ဟု စတုတ္ထဆုကိုတောင်း၏။

အရှင်ဘုရား တပည့်တော်မ၏ အနှံ့အဆင်းသည် ဤပဒုမာကြာပန်းကဲ့သို့ ပျံ့သင်းပါစေဟု ပဉ္စမဆုကိုတောင်းလေ၏။

ဘာသာရေးဝတ္ထုများ

ထိုအခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်သပိတ်နှင့်ပန်းစည်း ကိုယူပြီးလျှင် ကောင်းကင်၌ရပ်လျက် တောင်းသောဆုနှင့် ပြည့်စုံစေဟု ဆုပေးတော်မူ၍ သူဌေးသမီးသည် ကောင်းကင် ဖြင့်သွားသော ငါ့အားမြင်စေသတည်းဟု အဓိဌာန်လျက် နန္ဒမူလိုဏ်ဂူသို့ ကြွတော်မူလေ၏။

ယင်းသို့ မြင်ရသောအခါ သူဌေးသမီးသည် အလွန်ဝမ်း မြောက်ရကား သူဌေးသမီး၌ ကပ်ရောက်ခဲ့သော ပရဒါရကံ သည် ထိုခဏ၌ ကုန်ခြင်းသို့ ရောက်လေ၏၊ ထိုအခါမှစ၍ သူဌေးသမီးအား လင်၏အမျိုး မိမိအမျိုးရှိသမျှ လူအား လုံးတို့သည် နှစ်သက်ကြ ကုန်သဖြင့် ချစ်ဖွယ်စကား လက် ဆောင်ပဏ္ဏာတို့ကို ပေးပို့လာကြကုန်၏။

သူဌေးသားသည်လည်း ငါသည် မေ့လျော၍တယောက် တည်းလာခဲ့သည် လျင်မြန်စွာ သူဌေးသမီးကို ခေါ်ဆောင် ကြလော့ဟု လူတို့ကို စေခိုင်း၏။

သူဌေးသမီးသည် အသက်ထက်ဆုံး စည်းစိမ်ချမ်းသာကို ခံစား၍ နတ်ပြည်၌ ယောက်ျား အဖြစ်ဖြင့် ပဒုမာကြာ တိုက်၌ ဖြစ်လေ၏၊ထိုအချိန်၌ ဗာရာဏသီမင်း၏ နှစ်သောင်း သော မိဖုရားတို့၌ သားတယောက်မျှ မထွန်းကားသော ကြောင့် မှူးမတ်အပေါင်းတို့က သားဆုတောင်းရန် မင်း အားပြောဆိုသောအခါ ထိုမင်းသည် မိဖုရားကြီးတယောက် မှတပါး ကြွင်းသောမောင်းမ အပေါင်းအား သားဆုကို

တောင်းစေသော်လည်း မရသောကြောင့် မိဖုရားကြီးကိုပင် သားဆုတောင်းစေ၏၊ ထိုမိဖုရားကြီးလည်း သစ္စာသီလနှင့် ပြည့်စုံသော မိန်းမအားသာ သားရတနာရရာ၏၊ သစ္စာသီလ ကင်းလျက် အရှက်အကြောက်မရှိသော မိန်းမတို့အား သား ကောင်းရတနာ အဘယ်မှာ ရနိုင်အံ့နည်းဟု နှလုံးပိုက်၍ ငါးပါးသီလကို စောင့်ထိန်းပြီးမှ သားဆုကိုတောင်း၏။

ထိုအကြောင်းကို သိကြားမင်းသိလေလျှင် ကောင်းကင် ခရီးဖြင့် ကြွလာ၍ မိဖုရားကြီးရှေ့၌ရပ်လျက် မိဖုရားအဘယ် အရာကို တောင်းပါသနည်းဟု မေး၍ သားဆုကိုတောင်း ကြောင်းကိုဆိုလျှင် မိဖုရားကြီး မစိုးရိမ်လင့် သင့်အားငါ သည် သားဆုပေးမည်ဟု ဆိုခဲ့ပြီးသော် နတ်ပြည်သို့ပြန် လာ၍ မဟာပဒုမနတ်သားကို ချစ်သား သင်သည် လူ့ ပြည်၌ဖြစ်ပါလော့ဟု ဆို၏၊ နတ်သားလည်း အရှင်သိကြား မင်း လူ့ပြည်ကား စက်ဆုပ်ဖွယ်ကောင်းလှပါ၏ဟု ဆိုသော် ချစ်သား သင်သည် လူ့ပြည်၌ ကုသိုလ်ကောင်းမှုကို ပြု လုပ်ခဲ့သောကြောင့် ဤနတ်ပြည်သို့ ရောက်လာသည်မဟုတ် လော သွား၍ ပါရမီဖြည့်ပါလော့ဟု ဆိုလျှင်—

အရှင်သိကြားမင်း အမိုဝမ်းတွင်း၌ ပဋ္ဌိသန္ဓေ မနေနိုင် ဟု ဆိုသောကြောင့် ချစ်သား သွားလေ ကြာတိုက်ဝယ် ပဋ္ဌိသန္ဓေ နေပါလော ဟု ဆိုမှ ဝန်ခံလေ၏၊ ယင်းသို့ ဝန်ခံ

ပြီးလျှင် နတ်ပြည်မှ စုတေ၍ ဗာရာဏသီ မင်းညျှာဉ်တွင်း ရေကန်၌ ပဒုမာကြာတိုက်ဝယ် ပဋိသန္ဓေ နေလေ၏၊ သိကြားမင်းသည် "မိဖုရားအား မိုးသောက်ထ အခါ၌ ညျှာဉ်သို့ သွား၍ ရေကန်၌ ပဒုမာကြာတိုက်ဝယ် သား ရှိသည်ဟု အိပ်မက်ပေး၏၊ မိဖုရားလည်း အိပ်မက်သည့် အတိုင်း သွား၍ မတိမ်လွန်း မနက်လွန်းသော ရေအရပ်၌ ပဒုမာကြာကို မြင်လျှင် မြင်သည်နှင့် တက္ခ သား၏ ချစ်ခြင်း ဖြစ်၍ ဆင်းပြီးလျှင် ကိုယ်တိုင်ပင် ပန်းကို ဆွတ်၏၊ ဆွတ်ကာမျှ၌ပင် ကြာချပ်တို့သည် ကားကားပွင့်လျက် သတ္တိသား ကို မြင်လေ၏၊ ယင်းသို့ မြင်သောအခါ ငါ သားရပြီဟု နှစ်သက်ဝမ်းမြောက်စွာ ပြောဆိုလေ၏။

ထိုမင်းသားသည် အလွန် ဘုန်းကြီးရကား ဗာရာဏသီ တပြည်လုံး တုန်လှုပ်၏၊ လူအပေါင်းတို့သည် မင်းသားအား လက်ဆောင်ပဏ္ဏာ ပေးဆက်ကြကုန်၏၊ တနေ့တွင် မင်းသားသည် ဂုံညင်းကစားနေစဉ် ပစ္စေကဗုဒ္ဓါ တဦးသည် မိဂဒါဝုန်တောင်၌ နေတော်မူလျက် ယနေ့ ဘယ်အရပ်၌ ဆွမ်းခံကြွရအုံ့နည်းဟု ဆင်ခြင်သော် ဤ မင်းသားသည် ရှေးအခါက ငါကဲ့သို့သော ပစ္စေကဗုဒ္ဓါ တဦးထံ၌ ဆုငါးပါးကို တောင်းသည်၊ ဆု လေးပါးကား ပြည့်စုံလေပြီ ဆု တခုသာ ကျန်တော့သည်ဟု အာရုံပြု၍ မင်းသား အထံသို့ ဆွမ်းခံ ကြွလာ၏၊ မင်းသားလည်း မြင်လျှင် ရှင်ရဟန်း ဤအရပ်သို့

မကြွလာ ပါလင့် ဤအရပ်သို့ ကြွလာလျှင် ရှင်ရဟန်းအား လည်း ဤခဲ့ဘွယ်ကို ခဲ့ပါ ဤစားဘွယ်ကို စားပါဟု ပြော ဆိုကြ ပါလိမ့်မည်ဟု ဆိုသော် ပစ္စေကဗုဒ္ဓါလည်း တခွန်း တည်းသော စကားဖြင့် ကျောင်းသို့ သွားလေ၏။

မင်းသားလည်း ဤရဟန်းသည် ငါ့အား အမျက်ထွက် သွားလေပြီဟု ထင်မှတ်လျက် မိဘများအား ပန်ကြားပြီး လျှင် သွားရောက် ကန်တော့အံ့ဟု ဆင်စီးပြီးလျှင် မိဂဒါဝုန် တောသို့ သွားလေသော် လမ်းခရီး၌ သမင်တို့ကို မြင်သော် ငါသည် ဤသမင်တို့ ကဲ့သို့ လွတ်လပ်စွာ အဘယ်အခါ နေရ ပါမည် နည်းဟု စိတ်ကူးမိ လေ၏၊ ပစ္စေကဗုဒ္ဓါလည်း မင်း သား လာသည်ကို သိလျှင် ကျောင်းတလင်း လမ်းခရီးတို့ကို တံမြက်လှည်း၍ နှစ်ကြိမ်သုံးကြိမ် စင်္ကြံသွားပြီးလျှင် ထွက် သော ခြေရာကိုမမြင် ဝင်ခြေရာကိုသာ ပြ၍ အရပ်တပါးသို့ ကြွသွားတော် မူ၏၊ မင်းသာလည်း ပစ္စေကဗုဒ္ဓါအား မမြင် လျှင် အဆွေတို့ နံနက်အခါကလည်း ရဟန်းသည် ငါ့အား အမျက် ထွက်ခဲ့ပြီ ယခုလည်း ဆင်မြင်းတို့နှင့် ဝင်လျှင် လွန်စွာ အမျက် ထွက်ရာ၏ဟု ဆင်ပေါ်မှ ဆင်း၍ ကျောင်းတွင်းသို့ ဝင်သော အခါ ပစ္စေကဗုဒ္ဓါ၏ နေရာကို မြင်လျှင် ကြည် လင်သော သမာဓိ တရားဖြင့် တည်ကြည်သောစိတ် ရှိသော ကြောင့် ပစ္စေကဗောဓိဉာဏ်ကို ရလေ၏။

၈-သူတပါးသားမယားကို ပြစ်မှားခြင်းကြောင့် ဝေးစေ့အထုတ်ခံရသော ဣသိဒါသီဝတ္ထု

မြတ်စွာဘုရား လက်ထက်တွင် ဣသိဒါသီ မည်သော ရဟန္တာ ထေရီမသည် ရဟန္တာမဖြစ်မီ လွန်ခဲ့သော ခုနှစ်ဘဝက ယုတ်မာသော အဆွေခင်ပွန်းတို့နှင့် ပေါင်းဖော်မိသဖြင့် သူတပါးမယားတို့၌ ပြစ်မှား ကျူးလွန်ခဲ့သောကြောင့် ငရဲ၌ ဖြစ်ခဲ့ရပြီးလျှင် ငရဲမှ စုတေလာသောအခါ သုံးဘဝတို့၌ တိရစ္ဆာန်ဖြစ်၍ တိရစ္ဆာန်ဘဝမှ စုတေပြန်သော် ကျွန်မ၏ဝမ်း၌ မိန်းမ မဟုတ် ယောကျ်ားမဟုတ် နပုံးပဏ္ဍုက်ဖြစ်ပြီးလျှင် ထိုဘဝမှ စုတေပြန်သော် ဆင်းရဲသား လှည်းသမားတဦး၏သမီးဖြစ်လေ၏။ ထိုသတို့သမီးကို လှည်းကုန်သည်သားတယောက်သည် မယားကြီးရှိလျက်ယူ၍ မယားငယ်အရာ၌ ထားလေ၏။ ထိုမယားငယ်သည် လင်နှင့်မယားကြီးတို့အကြားတွင် ကုံးတိုက်ချောပစ် အချစ်ကင်းမဲ့အောင် ပြုလုပ်လေ၏။

ထိုမယားငယ်မိန်းမသည် ထိုဘဝမှ စုတေသော် ဂေါတမမြတ်စွာဘုရားပွင့်တော်မူသောအခါ၌ အဝန္တီတိုင်း ဥဇ္ဇေနီပြည်ဝယ် အကျင့်သီလနှင့်ပြည့်စုံသော သူဌေးသမီး ဖြစ်၍ ဣသိဒါသီဟူသော အမည်ဖြင့် ထင်ရှား၏။ ဣသိဒါသီသည် လင်ရပြီးနောက် လင်သုံးယောက်တို့က မကြိုက်မနှစ်သက်၍

စွန့်လွှတ်သောကြောင့် တရားသံဝေဂရသဖြင့် မိဘများထံ ခွင့်တောင်းပြီးလျှင် ဇီနဒတ္တ မည်သော ရဟန္တာထေရိမ၏ အထံ၌ ရဟန်းပြု၍ မကြာမီ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

တနေ့သောအခါ ပါဠိလိပုတ်ပြည်တွင် ဆွမ်းခံရာမှ ပြန်လာလတ်သော် မိမိ၏ အဆွေဖြစ်သော ဗောဓိထေရိမက မေးမြန်းသောကြောင့် ဣသိဒါသိထေရိမက မိမိအကြောင်းကို ဤသို့ ပြောပြ လေ၏။ ဗောဓိထေရိမက မေးသည်မှာကား—

"ရှင်မ ဣသိဒါသိ သင်သည် အဆင်းလည်းလှ၏၊ အရှယ်လည်း ငယ်ရွယ်သူဖြစ်ပါလျက် အဘယ့်ကြောင့် ရဟန်းပြုပါသနည်း"ဟု မေး၏။

ထိုအခါ ဣသိဒါသီက-

"ရှင်မဗောဓိ နားထောင်ပါလော့၊ ငါသည် အဝန္တိတိုင်းဥဇေနီပြည်၌ သူဌေးသမီးဖြစ်၍ သာကေတပြည်သား သူဌေးသားနှင့် ထိမ်းမြားပေး၏၊ ယင်းသို့ ထိမ်းမြား ပေးလျှင် ငါသည် လင်နှင့် ယောကျ်မတို့အား ဝတ္တရားမပျက်ရှိသော်လည်း ကျေးပြုစုပါ၏၊ လင်၏ ညီအကို နှမတို့၌လည်း ကောင်းမွန်စွာ ပြုစုလုပ်ကျေးပါ၏၊ ယင်းသို့ လုပ်ကျေးပြုပါလျက် လင်သည် သဘောမကျ မနှစ်သက်သဖြင့် ဣသိဒါသီနှင့်

အတူတကွမနေနိုင်၊ ဣသိဒါသီနှင့် အတူတကွနေရမှု မိဘတို့ကိုပါ စွန့်ပစ်၍ အရပ်တပါးသို့ သွားပါတော့အုံ'' ဟု ဆိုလေ၏။

လင်၏မိဘများက "ချစ်သား ဤသို့မပြောဆိုပါလင့်၊ ဣသိဒါသီကား အကျင့်သီလနှင့် ပြည့်စုံပါ၏၊ ဣသိဒါသီသည် သင့်အား နှစ်သက်ဘွယ်မရှိအောင် အဘယ်အမှုကို ပြုလုပ်ပါသနည်း''ဟု မေးမြန်းပြောဆိုကြသော-

ကျွန်ုပ် မနှစ်သက်စရာအလုပ်ကို မလုပ်ပါ၊ သို့မပြုသော်လည်း ကျွန်ုပ်သည် ဣသိဒါသီကို မုန်းတီးလှပါ၏ ဟု ဆိုလျှင်-

လင်၏ မိဘများက သားအလိုကိုလိုက်၍ ငါ့အား မိဘများထံပြန်၍ အပ်လိုက်ပါ၏၊ ထိုနောက်တဖန် ငါ၏ မိဘများက ကြွယ်ဝချမ်းသာသော အမျိုးသားတယောက်နှင့် လက်ထပ်ပေးပြန်ပါ၏၊ ထိုယောကျ်ားလည်း ငါနှင့် ပေါင်းမိ၍ တလလောက်ကြာသောအခါ ငါ့ကို နှင်ထုတ်ပါ၏၊ ထိုနောက်တဖန် ငါ၏ မိဖများက သူတောင်းစားတယောက်ကို ခေါ်၍ တောင်းစားသော ခွက်နှင့် ပုဆိုး, အင်္ကျီအဟောင်း,အနွမ်းများကို ဖယ်ရှားစေပြီး ဝတ်ကောင်းစားလှများ ဆင်ယင်လျက် ငါ့သမက် ပြုလော့''ဟု ဆိုကာ

ငါနှင့် ပေးစားပြန်ပါ၏။ ထိုသူတောင်းစားလည်း ငါနှင့် ပေါင်းမိ၍ လ,ဝက်လောက်ရှိလျှင် ငါ့အား မုန်းတီးသည်,ဟု ဆိုကာ ငါ့ကို ကွာရှင်းလျက် ခွက်လက်စွဲကာ တောင်းစားမြဲ တောင်းစား နေပါ၏။

ထိုအခါ ငါ၏ မကောင်းမှုကြောင့် လင်,ဟူသမျှတို့သည် ငါ့ကို စွန့်ပစ်ကြလေလျှင် ငါသည်လည်း သတိတရားရှိ၍ ဇိနဒတ္တာ,ရဟန္တာဝထေရီမ၏ အထံ၌ ဝင်ရောက် ရဟန်းပြုသဖြင့် ရဟန္တာဖြစ်ရပါ၏။ ငါသည် ဤဘဝမှ လွန်ခဲ့သော ခုနစ်ဘဝက ရေကကစ္ဆပြည်၌ ရှေပန်းထိမ်သည်၏ သားဖြစ်၍ ပစ္စည်း,ဥစ္စာ အဆင်း,အရှယ်တို့နှင့် ပြည့်စုံသဖြင့် ကာမဂုဏ်တို့၌ လိုက်စားလျက် သူတပါးတို့ မယားကို မှီဝဲ လွန်ကျူးခဲ့၏။ ထိုဘဝမှ စုတေသောအခါ ငရဲ၌ ဖြစ်ရပါ၏။ ငရဲမှ လွတ်လာသောအခါ တခုသော တောထဲ၌ မျောက်ဖြစ်ပါ၏။ ဖွားရှိ ခုနစ်ရက်မြောက်တွင် မျောက်ကြီး တကောင်သည် ငါ၏ ဝေးစေ့ကို ကိုက်ဖြတ်၍ သတ်ပါ၏။ မျောက်ဘဝမှ စုတေပြန်သော် သီဒိုဝါဝရတိုင်း၌ ကန်းလည်းကန်း ခွင်လည်းခွင်သော ဆိတ်မ၏ ဝမ်း၌ ဖြစ်၍ မွေးဖွားပြီး အရွယ်ရောက်လျှင် ဝေးစေ့ကို ထုတ်ပစ်ခံရပါ၏။ ဆိတ်ဘဝမှ စုတေပြန်သော် နွားဖြစ်၍ ဝေးစေ့ကို ထုတ်ပစ်ခြင်း ခံရပြန်ပါ၏။ နွားဘဝမှ စုတေပြန်သော် ကျွန်မတယောက်၏ ဝမ်း၌ ဖြစ်၍ ယောကျ်ားမဟုတ်,မိန်းမမဟုတ် နပုံးပဏ္ဍုက် ဖြစ်ရပြန်ပါ၏။

ထိုဘဝမှ စုတေပြန်သော် သိန္ဓိဝါဝရတိုင်းဌ ကြွေးမြီ များစွာ တင်ရှိသော အလွန်ဆင်းရဲသည့် လှည်းသမား တဦး၏ သမီးဖြစ်ရပြန်ပါ၏။ ဖခင်လှည်းသမားသည် ကြွေးမြီ များကို မဆပ်နိုင်သဖြင့် ငါ့ကို ဂိုရိဒါသ,မည်သော ကြွေး ရှင်၏ သားအား ပေးအပ်လိုက်ရပါ၏။ ထိုကုန်သည် သားလည်း မယားကြီးရှိလျက် ငါ့အား မယားငယ်အဖြစ် ထားလေ၏။ မယားကြီးသည် အကျင့်သီလနှင့် ပြည့်စုံသူ ဖြစ်ပါ၏။ မယားငယ်သည် "လင်သည် မယားကြီးအား မုန်းတီးအောင် ချောပစ်ကုံးတိုက်ခဲ့ပါ၏။ ယင်းသို့ အကျင့် သီလနှင့် ပြည့်စုံသော မိန်းမအား လင်မုန်းအောင်ကုံးတိုက် ခဲ့သောကြောင့်ရင်း၊ သူတပါး မယားကို သွားလာခြင်း ပရဒါရကံကြောင့်ရင်း၊ မိမိလင်သားအား ကျွန်ကဲ့သို့ ပြုစု ပါဝေသော်လည်း လင်သား၏ စွန့်ပစ်ခြင်းကို ခံရပါ၏"ဟု ပြောပြလေသည်။ ဤသည်တို့ကား သူတပါး သားမယားကို ပြစ်မှားခြင်းကြောင့် ရရှိသော အကျိုးတရားတို့ ပေတည်း။ ကြောက်စရာ ကောင်းလှပါ၏။ ဝေးစွာ ရှောင်ကြပါ ကုန်လော့။

ဂါထာ 12

၉-သူတပါးမယားကို ပြစ်မှားမိခဲ့၍ ဆင်းရဲဒုက္ခ အမျိုးမျိုး တွေ့ကြုံခဲ့ရသော ရှင်အာနန္ဒာ ဝတ္ထု

မြတ်စွာဘုရား၏ အလုပ်အကျွေး ညီတော်,အာနန္ဒာသည် ကမ္ဘာတသိန်း ကာလပတ်လုံး ပဒုမုတ္တရာ ဘုရားထံ၌ ဆုပန်၍ ပါရမီဖြည့်လေသော် ရင့်မာသော ပါရမီရှိပြီး ဖြစ်သော်လည်း တခုသော ဘဝ၌ မာဂဓတိုင်း ရာဇဂြိုဟ်ပြည်တွင် ရှေ့ပန်းထိမ်သည် သားဖြစ်၍ အဆင်း,ညစ္စာ,အမျိုး,အရွယ်တို့နှင့် ပြည့်စုံသောကြောင့် မကောင်းသော မိတ်ဆွေများနှင့် ပေါင်းဖော်မိသဖြင့် ကာမဂုဏ်တို့ကို ပျော်ပါး လိုက်စား ရာတွင် သူတပါး သားမယားတို့၌ လွန်ကျူးပြစ်မှားမိ လေ၏။ ထိုကံသည် အကျိုးပေးခွင့် မရသေးဘဲ ထိုဘဝမှ စုတေသောအခါ ဝံသတိုင်း ကောသမ္မီပြည်၌ ကုဋေရှစ်ဆယ် ကြွယ်သော သူဌေး၏ တဦးတည်းသော သားဖြစ်လေ၏။ ထိုသူဌေးသား ဘဝတွင် အ.ဆွေ,ခင်ပွန်းကောင်းမှုများနှင့် ပေါင်းဖော်မိသောကြောင့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ် လေ၏။

ထိုသူဌေးသားဘဝမှ စုတေသောအခါ ရှေးကပြုခဲ့သော မကောင်းမှုကံကြောင့် မဟာရောရုဝင်ရဲကြီး၌ ဖြစ်လေ၏။ မဟာရောရုဝင်ရဲကြီးမှ စုတေပြန်သော် ဘိန္နာဂတတိုင်း၌ ဆိတ်မ၏ဝမ်း၌ ပဋိသန္ဓေနေလေ၏၊ဆိတ်ဘဝတွင်ယာဉ်ရထား

ဆဲရခြင်း, ကျေးဇူးအစီးခံရခြင်း, ဝေးစေ့ ထုတ်ခြင်းတို့ကိုခံရ ရှာ၏။ ထိုမှစုတေသော် မျောက်ဘဝ၌ဖြစ်၍ မျောက်ကြီး တကောင်ကဝေးစေ့ကိုကိုက်ဖြတ်၍သတ်ခြင်းကိုခံရ၏။ ထိုဘဝ မှ စုတေသော် ဒဿနတိုင်းဝယ် နွားဖြစ်ရပြန်၏။ ထိုဘဝတွင် လည်းဝေးစေ့ကိုအထုတ်ခံရ၏။ ထိုဘဝမှစုတေပြန်သော် ဝဇ္ဇီ တိုင်း၌ ယောကျ်ားမဟုတ် မိန်းမဟုတ် ပဏ္ဍုက်ဖြစ်ရပြန်၏။ ထိုဘဝမှ စုတေပြန်သော် သီကြားမင်း၏ နတ်မိဖုရားဖြစ်ရ၏။ ယင်းသို့ဖြစ်ရခြင်းသည်လည်း သူတပါးမယားကိုပြစ်မှားကျူး လွန်ခဲ့သောကြောင့်ဖြစ်၏။ ထို နတ်မိဖုရားအဖြစ်၌တည်လျက် ရှေးအတိတ်ခုနစ်ဘဝ နောက်အနာဂတ် ခုနစ်ဘဝတို့ကိုသိမြင် နိုင်လေ၏။

ထိုနတ်မိဖုရားသည် ငါကား အဘယ်ဘဝမှလာ၍ နတ် မိဖုရားဖြစ်ရပါသနည်းဟု ဆင်ခြင်လတ်သော် ဝဇ္ဇီတိုင်း၌ ယောကျ်ားမဟုတ် မိန်းမမဟုတ် ပဏ္ဍုက်ဘဝမှ လာသည်ကို သိရှိရလေ၏။ အဘယ်ကောင်းမှုကြောင့် ဤကဲ့သို့နတ်စည်း စိမ်ကိုရပါသနည်းဟု ဆင်ခြင်သော် ကောသမ္မီပြည်၌ သူဌေး သားဖြစ်စဉ်က မိတ်ကောင်းဆွေကောင်းများနှင့်ပေါင်းဖော် ခဲ့ရသဖြင့် အလှူကောင်းမှုတို့ကို ပြုလုပ်ခဲ့သောကြောင့် နတ် ပြည်၌ နတ်စည်းစိမ်ကိုရ၏ဟုသိလေ၏။ အဘယ်ဘဝမှလာ၍ ဝဇ္ဇီတိုင်း၌ နပုန်းပဏ္ဍုက်ဖြစ်ရပါသနဲ့သည်းဟု ဆင်ခြင်ပြန်သော် ဒဿနတိုင်း၌ နွားဘဝ၊ ဘိန္နာဂတတိုင်း၌ဆိတ်ဈာဝ, မဟာ

ရောရုဝငရဲ၌ခံရခြင်းတို့ကိုသိရပြန်၏။ ယင်းသို့ခံနေရခြင်းမှာ အဘယ်ကြောင့်နည်းဟု ထပ်မံဆင်ခြင်ပြန်သော် ရာဇဂြိုဟ်ပြည်တွင် ရှေပန်းထိမ်သည်၏သား ဖြစ်စဉ်က သူတပါးသားမယားတို့ကို ပြစ်မှား ကျူးလွန်ခြင်းကြောင့် ယခုကဲ့သို့ငရဲကျရခြင်း, ဝှေးစေ့ထုတ်ခံရခြင်းတို့ကို သိရှိလေ၏။

ထိုနောက်တဖန် အနာဂတ်ကာလ၌ အဘယ်သို့ဖြစ်ဦးမည်နည်းဟု ဆင်ခြင်ပြန်လျှင် ငါသည် ဤဘဝမှ စုတေသော် ၄-ကြိမ်အထိ သိကြားမင်း၏ နတ်မိဖုရားဖြစ်လတံ့၊ ငါးဘဝမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဇဝန နတ်သား၏ နတ်မိဖုရားဖြစ်လတံ့၊ ခြောက်ကြိမ်မြောက်ဘဝတွင် မိထိလာပြည်၌ အင်္ဂတိမင်းကြီး၏ ရုစာမည်သောသမီး ဖြစ်လတံ့၊ ခုနစ်ကြိမ်မြောက်၌ကား တာဝတိံသာ နတ်ပြည်၌ တန်ခိုးကြီးသောနတ်သား ဖြစ်လတံ့၊ ထိုအခါကျမှ မိန်းမအဖြစ်မှ ကျွတ်လွတ်လတံ့ဟုသိ၍ လွန်စွာဝမ်းမြောက်လေသတည်း။

ပန်းထိမ်ခေါ်ရေး၊ သူငှေးသားနောက်၊ ရောရုရောက်၍၊ ဆိတ်မျောက်နွားစစ်၊ နပုံးဖြစ်လတ်၊ နတ်မိဖုရား၊ငါးကြိမ်ဖြစ်ကာ၊ ရုစာနတ်သား၊ဆဲ့လေးပါးသည်၊ ညီထွားအာနန် ဖြစ်ရချက်ဟု ရှေးဆရာတော်ကြီးများ မှတ်တမ်းတင်ကြသည်။

၁၀-မဟုတ်မမှန် မုသားစကား ဆိုသောကြောင့် မြေမျိုခံရသော စေတိယမင်း ဝတ္ထု

ဤဘဒ္ဒကပ် ကမ္ဘာ၌ မဟာသမ္မတ မင်းမှ တဆယ့်ခြောက် ယောက်မြောက် စေတိယမင်းသည် စေတိယတိုင်း ၏သာတို့ ယ ပြည်၌ မင်းပြု၏၊ မင်းတို့၏ တန်ခိုးနှင့် ပြည့်စုံ၏၊ ကောင်းကင်သို့ ပျံသွားနိုင်၏၊ နတ်သား လေးယောက်တို့က အရပ်လေးမျက်နှာ တို့မှ သန်လျက် စွဲကိုင်၍ စောင့်ရှောက် ရ၏၊ ကိုယ်မှ စန္ဒကူးအနုံ့၊ အာခံတွင်းမှ ကြာညိုအနုံ့ ပျံ့သင်းမွှေးကြိုင်၏၊ ပုရောဟိတ်ကား ကပိလမည်သော ပုဏ္ဏားဖြစ်၏၊ ကပိလ၏ ညီ ကောရကလမ္ဘသည် စေတိယမင်းနှင့် အတတ်ပညာ သင်ဖေါ်သင်ဖက် မိတ်ဆွေ ဖြင့်၏၊ ငါ့မင်း ဖြစ်လျှင် သင့်အား ပုရောဟိတ် ပညာရှိအရာ ပေးမည်ဟု ဝန်ခံစကား ပြောကြားခဲ့ ဘူး၏၊ ယခုအခါ စေတိယသည် မင်းဖြစ် သော်လည်း ဘခင် လက်ထက်က ပုရောဟိတ် ဖြစ်လာခဲ့သော ကပိလကို အရာမှ မချနိုင်ဘဲ ရှိလေ၏၊ အခါတပါးဌ ကပိလသည် မိမိ၏ ပုရောဟိတ် ရာထူးကို သားအားလွှဲအပ်ပြီးလျှင် ရဟန်းပြု၍ မင်း၏ ဥယျာဉ်၌ နေလေ၏။

တနေ့သ၌ စေတိယ မင်းသည် ကောရကလမ္ဘ အား သင်အဘယ့်ကြောင့် ပုရောဟိတ် မလုပ်သနည်းဟု မေး၏၊ ကောရကလမ္ဘကလည်း အကျွန်ုပ်၏ နောင်တော် ကပိလသည် သား

အား ရာထူးကို လွဲအပ်ခဲ့သောကြောင့် မလုပ်ရပါဟု ဆို၏။ စေတိယမင်းကလည်း သင်ပင်လုပ်ပါလော့ဟု တိုက်တွန်း၏။ အရှင်မင်းကြီး အဖမရှိလျှင် အကို၊ အကို မရှိလျှင် အကို၏ သားကြီး ဤသို့ အကြီးတို့သာ ဆက်ခံရာ ဖြစ်သော ရာထူးကို အကျွန်ုပ် မလုပ်နိုင်ပါ ဟု ဆိုလေသော် သင့်ကို သားကြီးကပိလကို သားငယ်ဟု မဟုတ်မမှန် မုသားဆို၍ ရာထူးကို ငါပေးအံ့ ဟု ဆို၏။ အရှင်မင်းကြီး ကျွန်ုပ်၏ နောင်တော်ကား ဝိဇ္ဇာဝိုရ်ကဲ့သို့ တန်ခိုး ဣဒ္ဓိပါဒိန္နင့် ပြည့်စုံ၏။ အရှင်မင်းကြီးအား စောင့်ရှောက်သော နတ်သားလေးယောက်ကွယ်ပျောက်စေရန်, ကိုယ်ခံတွင်း တို့မှ အပုပ်နံ့ လှိုင်စေရန် ကောင်းကင်မှ လျှောချ၍ မြေ၌ တည်စေရန် သင်မင်းကြီးအား လှည့်ပတ်နိုင်စွမ်း ရှိပါ၏။ ထိုအခါ သင်မင်းကြီးသည် စကားအတိုင်း ဖြစ်စေရန် မတတ်စွမ်းနိုင်ပါ လတံ့ဟု ဆိုလျှင် စေတိယမင်းသည် "သင်သည် ငါ့ကို ဤသို့ မမှတ်လင့် ငါကားစွမ်းနိုင်ပါ၏။ ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ ငါဆိုမည်ဟု မိန့်တော်မူ၏။

မင်းသည် မုသားစကား ဆိုလတံ့ဟူသော သတင်းစကားသည် ပုံ့နှံ့ကုန် ရကား ၇-ရက် မြောက်သောနေ့၌ မုသားဝါဒ ဟူသည် အဖြူလော အမဲလော အဘယ်သို့ သဘောရှိသနည်းဟု လူတို့သည် သိလိုလှသဖြင့် မင်းယင်ပြင်၌ စုဝေးရောက်လာကြ ကုန်၏။ စေတိယမင်းသည် ထွက်လာ၍ လူတို့

အလယ် ကောင်းကင်၌ ရပ်တည်၏၊ ပုရောဟိတ်ဟောင်း ကပိုလ ရသေ့သည်လည်း စျာန်ဖြင့် ကြွလာ၍ ကောင်းကင်၌ သားရေနယ် ပိုင်းကို ခင်းလျက် ထက်ဝယ်ဖွဲ့ခွေ နေပြီးမှ "အရှင်မင်းကြီး မုသာဝါဒ ဟူသည် ဝန်လေးလှ၏၊ ကျေးဇူး ဂုဏ်ကို ဖျက်ဆီးတတ်၏၊အပါယ်လေးပါးတို့၌ဖြစ်စေတတ်၏။ မင်းဖြစ်ပါလျက် မုသားစကား ဆိုပါမူကား တရားကိုသတ် သည် မည်၏၊ တရားကို သတ်က မိမိကိုယ် ကိုလည်း သတ် သည် မည်ပါ၏၊ မင်းကြီး သင်သည် အကယ်၍ မုသားစကား ဆိုအံ့ ထိုအခါ၌ သင်မင်းကြီး၏ တန်ခိုးများ ပျောက်ကွယ် ခြင်း, ကိုယ်ခံတွင်းမှ အပုပ်နံ့ လှိုင်ခြင်း ကောင်းကင်မှ စျာန် လျှောကျခြင်း မြေမျိုခြင်း စသည်တို့ ဖြစ်ပါလတံ့ ဟု ဆို၏၊ စေတိယမင်းသည် ကပိလ ရသေ့စကားကို မနာယူဘဲ—

"ရှင်ရသေ့ သင်ကား သားငယ် ကောရကလမ္ဗ ကား သားကြီးဟု ဆို၏၊ ထိုသို့ ဆိုသော ခဏ၌ မင်း၏ တန်ခိုးတို့သည် ကွယ်ပျောက်ကုန်၏၊ အစောင့် အရှောက် နတ်သား လေးယောက် တို့သည် မုသား ဆိုသော မင်းကို စောင့်ရှောက်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း။

ဟု သံလျက်ကိုပစ်ချလျက်ကွယ်ပျောက်ကုန်၏။ကိုယ်ခံတွင်း တို့မှ အပုပ်နံ့လှိုင်ကုန်၏၊ ကောင်းကင်မှ စျာန်လျှောကျလျက်

မြေ၌တည်လေ၏၊ ထိုအခါ ကပိလရသေ့က "အရှင်မင်းကြီး မုသာဝါဒ၏အပြစ်ကို ရှုပါလော့၊ ဤမျှလောက်ဖြင့် မင်း၏ တန်ခိုးတို့ ကွယ်လေကုန်ပြီ ရှေးအတိုင်း ရှိစေလိုပါမူ အမှန်ကိုသာ ဆိုတော်မူပါဟု ဆုံးမသော်လည်း စေတိယမင်းသည် မနာယူပေ၊ "ကပိလ ရသေ့သည် ငါ့အား လှည့်ပတ်ခြင်း မျှသာ ဖြစ်သည်"ဟု နှလုံးသွင်းမ၍ "သင်ကား သားငယ်၊ ကောရကလမ္ဘ ကား သားကြီး"ဟု နှစ်ကြိမ်မြောက် ဆိုပြန်လျှင် စေတိယမင်းသည် ခြေဖျက် တိုင်အောင် မြေထဲသို့ ဝင်လေ၏။

ကပိလရသေ့လည်း "အရှင်မင်းကြီး မုသားဆိုသော မင်း၏နှုတ်ကံတွင် အခါမဟုတ်သည်၌ မိုးရွာ၏ အခါဟုတ်သော်လည်း မိုးမရွာဖြစ်ပါ၏၊ ရှေးအတိုင်းရှိစေလိုလျှင် အမှန်ကိုသာဆိုပါဟု"ဆိုသော်လည်း "ရသေ့လှည့်ပတ်ခြင်းသာ ဖြစ်သည်"ဟုထင်မှတ်၍ ထိုမုသားစကားကို သုံးကြိမ်မြောက် ဆိုလေသော် ဒူးဆစ်တိုင်အောင် မြေထဲသို့ဝင်လေ၏။

ကပိလရသေ့လည်း မင်းကြီးဤမျှဖြင့် မှတ်သားတော်မူပါ မုသားဆိုသောသူသည် မြေကဲ့သို့ လျှာနှစ်ခွနှင့်ဖြစ်တတ်သည် ရှေးအတိုင်း ရှိစေလိုလျှင် အမှန်ကိုသာဆိုပါဟု ဆိုသော်သည်း ရသေ့လှည့်စားသည်ဟူသော အမှတ်ဖြင့် ထိုမုသားစကားကို လေးကြိမ်မြောက် ဆိုလေ၏၊ ထိုအခါ ခါးတိုင်အောင် မြေထဲသို့ ဝင်လေ၏။

ကပိလရသေ့လည်း ဤမျှဖြင့် မှတ်တော်မူလော့ မုသားဆိုသော သူသည် လျှာမရှိသော ငါးကဲ့သို့ စကားမပြီဖြစ်တတ်သည်၊ ရှေးအတိုင်းရှိစေလိုလျှင် အမှန်ကိုသာဆိုပါလော့ ဟု ဆုံးမပါသော်လည်း ရသေ့လှည့်စားသည်ဟူသော အမှတ်ဖြင့် ထိုမုသားစကားကို ၅- ကြိမ်မြောက် ဆိုလေ၏၊ထိုအခါ ချက်တိုင်အောင် မြေထဲသို့ဝင်လေ၏။

ကပိလရသေ့လည်း ဤမျှဖြင့် မှတ်တော်မူပါ မုသားဆိုသောသူသည် သားယောကျ်ားမရ သမီးမိန်းမသာရတတ်သည် ရှေးအတိုင်းရှိစေလိုပါလျှင် အမှန်ကိုသာ ဆိုပါဟု ဆိုငြားသော်လည်း ရသေ့လှည့်စားသည်ဟူသော အမှတ်ဖြင့်သာ ထိုမုသားစကားကို ခြောက်ကြိမ်မြောက် ဆိုလေ၏၊ ထိုအခါ သားမြတ်(နို့) တိုင်အောင် မြေထဲသို့ ဝင်လေ၏။

ကပိလရသေ့လည်း ဤမျှဖြင့် မှတ်တော်မူပါ မုသားဆိုသော သူသည် သားယောကျ်ားပင် ရသော်လည်း ထိုသားသည် မိဘတို့အား မလုပ်ကျွေးမပြုစုတတ်ပေ ရှေးအတိုင်းရှိစေလိုမူ အမှန်ကိုသာ ဆိုပါဟု ဆုံးမသော်လည်း နားမထောင်ဘဲ ထိုမုသားစကားကို ခုနစ်ကြိမ်မြောက် ဆိုလျှင် မြေကြီးသည် ဟင်းလင်းပေါက်လျက် မီးလျှံထပြီးလျှင် စေတိယမင်းအား အဝီစိငရဲသို့ ယူဆောင်သွားလေ၏။

၁၁-အရက်သောက်၍ သေကြေပျက်စီးရသော သုရာမုဆိုးနှင့် ဝရုဏရှင်ရသေ့ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏၊ ထိုအခါ ကာသိတိုင်းသား မုဆိုးတယောက်သည် တောဌ်ကျင်လည်ရာတွင် သစ်ပင်ကြီးတပင်၏ သုံးခွဆုံက အရည်ကို ကျေးငှက်မျါး သောက်နေကြရာ အောက်သို့ ထိုးကျ၍ တုံးလုံးပက်လက် ရှိကြပြီးနောက် မသေဘဲ ထ၍ ပျံသွားကြသည်ကို တွေ့မြင်သောအခါ—

ဤအရည်ကား သေစေတတ်သော အဆိပ်ရည် မဟုတ်တန်ရာ”

ဟုစုံစမ်းလို၍ အနးည်ငယ် သောက်ကြည့်လေရာ အရသာ ချိုမြ၏၊ စိတ်ရွှင်ပျလျက် စားချင်ခြင်း ဖြစ်ပေါ်လာလျှင် ထိုတုံးလုံး ပက်လက်ကျနေသော ကျေးငှက်တို့ကို ဖုတ်ကင်၍ စားလေသော် အရသာ ပိုထူး၍ရှိသည်ဟု ထင်ရလေ၏၊ ထိုအရည်ကို ခပ်များများသောက်သော် ရီတီတီ ယိုင်တိုင်တိုင် ဖြစ်လျက် စိတ်မြူးတူး တက်ကြွ လာသည်ကို တွေ့ရ၏၊ ထိုမုဆိုးသည် ထိုသစ်ခွရည်ကို ဝါးကျည်တောက်များဖြင့် ထည့်ပြီးလျှင် အဆွေဖြစ်သော ဝရုဏ ရှင်ရသေ့ထံ ယူသွား၍ အမဲကင်နှင့် သောက်ကြရာ ရသေ့လည်း ထိုအရည်ကို နှစ်ခြိုက်လေ၏။

သူရာမှုဆိုးနှင့် ဝရုဏရသေ့ နှစ်ဦးသားတို့သည် မိမိတို့ နှစ်ခြိုက်သော အရသာကို သူတပါးတို့ကိုလည်း သုံးဆောင်စေချင်သောဆန္ဒရှိရကား ထိုသစ်ခွရည်ကို ဝါးကျည်တောက်ဖြင့်ထည့်၍ မြို့ရွာများသို့ သွားရောက်ရောင်းချရာ သောက်သုံးသူတို့ နှစ်ခြိုက်ကြသောကြောင့် သစ်ခွရည်မျှားကုန်လျှင် ထိုသူနှစ်ဦးသည် ထိုသစ်ခွ၌ တွေ့ရသော ရှိရှား သဖန်းသလေးမယော စသော အသီးအရက် အခေါက်တို့ကို ဖော်စပ်၍ ကြာရှည်စွာ စိမ်ထားလျှင် ထိုသစ်ခွရည်ကဲ့သို့ဖြစ်လေ၏။ ထိုစိမ်ရည်အဖျော်ကို ဝါးကျည်တောက် တို့ဖြင့် ယူဆောင်၍ မြို့ကြီးရွာကြီးကအစ ဗာရာဏသီမြို့၌ပါ ရောင်းချကြကုန်၏။ ထိုဖျော်ရည်သည် အရက်သည် နှစ်ဦးတို့သည် ဗာရာဏသီ ပြည်၌ အနှံ့အပြား ရောင်းချ ပြီးနောက် သာကေတမြို့၌ ရောင်းချကုန်၏။

ထိုနောက် သာဝတ္ထိပြည်သို့သွား၍ သဗ္ဗမိတ္တ မင်းကြီး အား အဖျော်မျိုးဖြစ်သော သေရည်အရက်ကို လုပ်တတ်ကြောင်းကို လျှောက်ထားကြလေလျှင် မင်းက ချီးမြှင့်ပေးကမ်းသဖြင့် အရက်အိုးကြီးများကို တည်ထားကြကုန်၏။ ကြက်များမလာအောင် ကြောင်တို့ကို အရက်အိုးတလုံးစီ၏ အနီး၌ ချည်ထား၏။သေအရက်အိုးမှ လျှံကျသော အရက်တို့ကို ထိုကြောင်တို့ သောက်ကြလျှင် မူးယစ်မေ့လျော့၍ အသေကဲ့သို့ ဖြစ်ကုန်၏။ ထိုအကြောင်းကို မင်းကြီးအား

လျှောက်ထားလျှင် အဆိပ်ရေများပြုလုပ်သူတို့ ဖြစ်သည်ဟု ဆိုကာ သုရာမုဆိုးနှင့် ဝရုဏရသေ့တို့ကို သတ်လေ၏။

ထို့နောက်မှ ထိုမှီးယစ်သော ကြောင်တို့သည် မသေကြဘဲ ထ၍ မြူးတူးပျော်ပါး ကစားကြသည်ကို မြင်လျှင် အဆိပ်မဟုတ်ကြောင်းသိရ၍ ပြည်သူပြည်သား မှူးမတ်များ ခြံရုံလျက် သေအရက်သောက်ရန် မဏ္ဍပ်ကြီးကိုပြုလုပ်စိမ်လေ၏။ထိုအခါ၌ သိကြားမင်းသည် ပုဏ္ဏားယောင် ဆောင်၍ အရက်သေရည်သောက်ခြင်း၏အပြစ်တို့ကို မင်းကြီးအား ဟောပြောသောအခါ မင်းကြီးသည် သေအရက်အိုးတို့ကို ရိုက်ခဲ့ ဖျက်ဆီးစေလေ၏။

၁၂-အရက်သောက်သဖြင့် ဆင်းရဲသောသူဌေးသားဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုလတ်သော် ဘုရားလောင်းသည် သူဌေးမျိုး၌ဖြစ်လေ၏။မြို့၌ မြုပ်ထားသော ပစ္စည်းဥစ္စာပင်လျှင် ကုဋေ လေးဆယ်မျှရှိ၏။ ထိုသူဌေး၌ သားတယောက်တည်းသာ ရှိ၍ ချစ်လှစွာ၏။ သူဌေးကြီးသည် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသည်ကိုပြု၍ သေလွန်သောအခါ တာဝတိံသာ

နတ်ပြည်၌ သိကြားမင်း ဖြစ်လေ၏။ သူ့ဌေးသားသည် ဖခင်၏ အမွေအနှစ်တို့ကို ရသောကြောင့် သူ့ဌေးဖြစ်ခဲလေ၏။

ထိုသူ့ဌေးသည် ဇရပ် မဏ္ဍပ်များဆောက်လုပ်၍ အပေါင်း အဖော် အခြံအရံများနှင့်အတူ အရက်သောက်၏။ အရက်မူးလျှင် ကခြေသည်၊ ဂျမ်းသမား စသည်တို့အား တထောင် တထောင်မျှသော ဥစ္စာတို့ကို ဆုချ၏၊ မိန်းမ လိုက်စား၏၊ လောင်းကစားခြင်း၌ ဝါသနာပါ၏၊ ပဲ့လမ်းသဘင်နှစ်သက်၏။ ယင်းသို့သုံးဖြုန်းသောကြောင့် ပြင်ပ၌ရှိသော ပစ္စည်း ဥစ္စာတို့ ကုန်လေလျှင် မြေ၌ မြှုပ်ထားသော ကုဋေ လေးဆယ်သော ဥစ္စာပစ္စည်းတို့ကို တူးဖော်၍ သုံးဖြုန်းပြန်၏။ ပစ္စည်းဥစ္စာများ ကုန်ခန်းလေသော် ခွက်လက်စဲ့၍ တောင်းစားရ၏။

ထိုအခါ သိကြားမင်းသည် လူ့ပြည်၌ရှိသော သား၏ အကြောင်းကို ဆင်ခြင်လတ်သော် ဆင်းရဲငြိုငြင်စွာ အသက်မွေးနေရသည်ကို သိ၍ သား၌ ချစ်ခြင်းပြင်းစွာ ရှိရကား အလိုခပ် သိမ်းကို ပေးစွမ်းနိုင်သော အိုးတလုံးကို ယူခဲ့၍-

"ချစ်သား၊ ဤအိုးကို ကောင်းစွာ သိမ်းထားပါလော့၊ သင် ချစ်သားအား အလိုရှိသမျှသော ဥစ္စာပစ္စည်းတို့ကို ပေးစွမ်းနိုင်ပါ၏"

ဟုမှာသား၍ နတ်ပြည်သို့ ပြန်ကြွလေ၏။ ထိုအရက်သမား လည်း ထိုအိုးကိုရသည့်နေ့မှစ၍ အရက်ကိုလှည့်လည်သောက် စားနေလေ၏၊ တနေ့သ၌ အရက်ကိုများစွာသောက်သဖြင့် အလွန်အကျံ့မူးနေသောကြောင့် အလိုရှိသမျှသောဥစ္စာတို့ကို ပေးစွမ်းနိုင်သောအိုးကို မြောက်၍ကစားရာ ဖိအောင်မဖမ်း နိုင်သဖြင့် မြေသို့ကျကာ ကွဲလေ၏။ အရက်သမားလည်း ခွက်လက်စွဲလျက် တောင်းမြဲ တောင်းစားရ၏၊ သူတပါးနံရံ ကိုမှီ၍သေရ၏။

ထိုသူ၏အဖသိကြားမင်းသည် ဂေါတမဘုရား ဖြစ်လာ သောအခါ ထိုအရက်သမားသည် အနာထပိဏ်သူဌေး၏တူ ကုဋ္ဌေလေးဆယ် ကြွယ်ဝသော သူဌေးဖြစ်လာ၏။ အရက် သောက်သဖြင့် ကုဋ္ဌေလေးဆယ်သော ဥစ္စာ ပစ္စည်းများ ကုန်ခန်းလေလျှင် အနာထပိဏ်သူဌေးထံ ဥစ္စာပစ္စည်းများ လာရောက်တောင်း၏။ အနာထပိဏ်သူဌေးလည်း သုံးကြိမ် တိုင်အောင်ပေးလေ၏၊ လေးကြိမ်မြောက်၌ကား ဥစ္စာမပေး ဘဲ နှင်ထုတ်လိုက်၏၊ ထိုအရက်သမားသည် ကိုးကွယ်အား ထားရာမရှိရကား ခွက်လက်စွဲကာတောင်းစားရ၏။ အငတ် ငတ် အမွတ်မွတ်ဖြင့် လမ်းခွဆုံခြုံရိပ်၌သေလျှင်ခြေနှစ်ချောင်း ကို ကြိုးဖြင့်ချည်နှောင်ဆွဲ၍ ခွေးများကဲ့သို့ သုသာန်၌စွန့်ပစ် ကြကုန်၏။

၁၃=အရက်မူးသဖြင့်သားကိုသတ်စားသော ပြဟ္မဒတ်မင်းဝတ္ထု

လွန်လေပြီးသောအခါ ကာသီတိုင်း ဗာရာဏသီပြည်၌ ပြဟ္မဒတ်မင်းသည် မင်းပြု၏၊ ထိုမင်းသည် အရက်အလွန်သောက်၏၊ အသားဟင်းမပါဘဲလည်း မည်သည့် အခါမျှ မစား၊ အသားစားကြူး၏၊ တနေ့သောအခါ စားတော်ချက်သည် အမဲမပေါ်သော ဥပုသ်နေ့အတွက် ကြိုတင်ဝယ်ထားသော အသားများကို ကောင်းစွာ ပိတ်ဖုံးမထားသဖြင့် ခွေးစားလေလျှင် မြို့တွင်း၌အမဲသားများကိုလိုက်လံရှာဖွေရာ မရသဖြင့် ထိုအကြောင်းကို မိဖုရားကြီးအား လျှောက်ထားလေ၏။ မိဖုရားကြီးက--

"အမောင်စားတော်ချက်-ငါ၏သားကို မင်းကြီးသည် အလွန်တရာ ချစ်ခင် မြတ်နိုးလှ၏။ ငါသည် သားတော်ကို မင်း၏ပေါင်ပေါ်၌ထားအုံ၊ မင်းကြီးသည် သားတော်နှင့် မွေ့လျော် ပျော်မြူးနေချိန်တွင် စားရန်ပဲ့တော်အုပ်ကိုယူလာလော့"

ဟုမှာထား၍ သားတော်ကိုမင်း၏ပေါင်ပေါ်၌ထားလေ၏။ မင်းကြီးသည် သားတော်နှင့် မွေ့လျော် ရှင်ပျော်နေစဉ်တွင် စားတော်ချက်သည် စားတော်တည်လာ၏၊ ဘုရင်စားရန်

ထမင်းပွဲယူလာ၏၊ မင်းသည် အရက်မူးနေသဖြင့် အမဲဟင်း လျှာမပါပါလားဟုဆိုလျှင် စားတော်ချက်သည်—

"အရှင်မင်းမြတ် ဥပုသ်နေ့၌ အသက်မသတ်စေလင့်"ဟု မောင်းကြေးနင်း ခတ်ထားသောကြောင့် 'ယနေ့ဥပုသ်နေ့ဖြစ်ရကား အမဲသားမျှား မရပါဟု လျှောက်သော်"

အရက်မူးနေသောမင်းသည်—

"ငါ့ဘို့အမဲသားမည်သည်ရခဲသလော"

ဟု ဆိုလျက် ပေါင်ပေါ်၌ရှိသော သားငယ်ကို လည်လိမ်၍ သတ်ပြီးလျှင် စားတော်ချက်ရှေ့သို့ပစ်လိုက်၍-

"လျှင်မြန်စွာချက်ပြီး ဆောင်ယူလော့"

ဟုဆို၏။ စားတော်ချက်လည်း မင်းအမိန့်ရှိသည့် အတိုင်း ပြုလုပ်လေ၏။ မင်းသည် သားတော်၏ အသားဖြင့်စား သောက်ပြီးလျှင် အိပ်ပျော်သွားလေ၏။ နံနက်မိုးသောက် အလင်းရောက်သော် ငါ၏သားတော်ကို ခေါ်ခဲ့ကြလော့ဟု ဆို၏၊ ထိုအခါမှမိဖုရားကြီးသည်။

"အရှင်မင်းမြတ် ယမန်နေ့က အရှင်မင်းမြတ်သည် အရက်မူးသည်ဖြစ်၍ သားတော်ကိုသတ်ပြီးလျှင် သား၏အသားဖြင့် စားသောက်ခဲ့လေပြီ"ဟု လျှောက်ထားလေ၏။

မှင်းကြီးသည် စိုးရိမ်ခြင်းပြင်းစွာ ဖြစ်သောကြောင့် ငါ့အားဖြစ်သောဤဆင်းရဲသည် သေအရက် သောက်သောကြောင့် ဖြစ်ရသည်ဟုသံဝေဂရလျက် ယနေ့မှစ၍ အရက်မသောက်တော့ပြီဟု ခိုင်မြဲသောအဓိဋ္ဌာန်ကို ချမှတ်လေတော့၏။

ငါးပါးသီလလုံခြုံ၍ အကျိုးရသောဝတ္ထုများ

၁-သူတပါးအသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ခဲ့သဖြင့် အသက်တရာ့နှစ်ဆယ်နေရသော အာယုဝစုနသတ္ဂိုသားဝတ္ထု

အရှင်ဂေါတမ မြတ်စွာဘုရားသည် ဒီဃလဃိကပြည် တောကျောင်း၌နေတော်မူစဉ် ပုဏ္ဏားတယောက်သည် မိမိ၏အဆွေခင်ပွန်း ဖြစ်ဘူးသော သာသနာပ ရဟန်းတပါးက မိမိသားငယ်အား ခုနှစ်ရက်သာ အသက်ရှင်မည်ဟုဟောသောကြောင့် မြတ်စွာဘုရားထံလာ၍ မိမိ၏သား အသက်ရှည်ကြောင်းကို မေးလျှောက်လေ၏။ မြတ်စွာဘုရားသည် အိမ်ရှေ့၌မဏ္ဍပ်ဆောက်စေ၍ သူငယ်ကို အလည်၌ ထားစေပြီးလျှင် တပည့်သံဃာတော်ရှစ်ပါးကိုဝန်းရံစေလျက် ခုနှစ်

နေ့ ခုနစ်ညဥ့်ပတ်လုံး အသံအကြား မပြတ်လပ်စေဘဲ ·အသံ မစဲ ပရိတ်တော်ကို ရွတ်စေတုန်း၏၊ ခုနစ်ရက်မြောက်သော နေ့ဌာကား ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်၍ ပရိတ်ရွတ် တော်မူ၏။

ထိုအခါ စကြဝဠာအားလုံးဌ ရှိကြကုန်သောနတ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန်လာရောက်ကြလေရာ ထိုသူငယ် ကို ခုနစ်ရက်မြောက်သောနေ့ဌမမ်းစားရန်ဝေသဝဏ်နတ်မင်း ကြီးထံမှ အခွင့်ရသော အဝရုဒ္ဓကဘီလူးသည် နောက်သို့ ဆုတ်၍ဆုတ်၍ တန်ခိုးကြီးသော နတ်တို့အား နေရာပေးရ သောကြောင့် တဆယ့်နှစ်ယူဇနာမျှ ဝေးကွာသော အရပ်သို့ ရောက်သွားလေ၍ ထိုသူငယ်ကိုဖမ်းဆီး သတ်ဖြတ်ရန်အမိန့် ရသောနေ့ရက်အတွင်းတွင် မဖမ်းယူနိုင်သောကြောင့် ထိုသူ ငယ်သည် အသက်ချမ်းသာရာရလေ၏။ ရှစ်ရက်မြောက်သော နေ့ဌ မိဘနှစ်ပါးတို့သည် ထိုသူငယ်ကိုခေါ်၍ ·မြတ်စွာ ဘုရားအား ရှိခိုးစေသော် အသက်ရှည်စေသတည်း၊ ဘုရား ရှင်ကဆုပေးချီးမြှင့်တော်မူ၏၊ မိဘနှစ်ပါးတို့က—

"အသက်မည်မျှရှည်ပါမည်နည်း"

ဟု လျှောက်ထားကြလေလျှင်—

"အသက်တရာ့နှစ်ဆယ်ရှည်လတံ့"

ဟု မြတ်စွာဘုရားမိန့်ကြားတော်မူလေ၏။ ယင်းအမိန့်တော် မြတ်ကိုအစဲ့ပြု၍ထိုသူငယ်သည် အာယုဝဍ္ဎန မောင်သက်ရှည်

ဟု အမည်မှည့်ကြကုန်၏။ ဤဝတ္ထုဌ် အာယုဝစုနသတ္ဂိသား သည် ဖွား၍ ခုနစ်ရက်မြောက်သောနေ့၌ သေဘေးဒဏ် ကျရောက်ပါလျက် လွန်လေပြီးသော ဘဝတ္ဂိက သူတပါး အသက်သတ်ခြင်းမှ ကြဉ်ရှောင်ခဲ့ဘူးသောကုသိုလ်ကံကြောင့် သူတပါးလုံ့လပယောဂဖြင့်မသေရဘဲ အသက်တရာ့နှစ်ဆယ် နေရလေသည်။

၂-သူတပါးဥစ္စာကို ခိုးယူခြင်းမှ ကြဉ်ရှောင်ခဲ့ဘူးသဖြင့် ပစ္စည်းဥစ္စာကို ရန်သူတို့မဖျက်ဆီးနိုင်သောသူကြွယ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုလတ်သော် ဘုရားအလောင်းသည် သူကြွယ်အမျိုး၌ ဖြစ်လေ၏၊ အရွယ်ရောက်လတ်သော် ဥစ္စာပစ္စည်းတို့ကို ရှာဖွေ ဆည်းပူး၍နေ၏၊ ဘုရားလောင်းအား နောက်မှ ဖွားသော ညီတယောက်လည်းရှိ၏၊ ထိုညီအစ်ကို နှစ်ယောက် တို့အား နောက်အခါ၌ မိဘတို့ကွယ်လွန်ကုန်၏။ယင်းသို့သေလွန်သော အခါ တနေ့သ၌ မိဘတို့၏ဥစ္စာဖြင့် ရောင်းဝယ်ဖေါက်ကား ကုန်သွယ်ခြင်းကိုပြုအံ့ဟု ရွာတရွာသို့သွားကြကုန်လတ်သော် တထောင်သောဥစ္စာကို ရသဖြင့် ထိုတထောင်သော ဥစ္စာကို ယူဆောင်လျက် ညီအစ်ကိုနှစ်ယောက်တို့သည် ပြန်လာကြ ကုန်၏။ ယင်းသို့ပြန်လာကြသောအခါ မြစ်ဆိပ်တွင် ကူးတို့

လေ့ကို ဝံ့လင့်စောင့်ဆိုင်းရှိထမင်းစားကြကုန်၏၊ အကိုကြီးသည် ထမင်းစားပြီးရှိ ကြွင်းကျန်သောထမင်းတို့ကို ဂင်္ဂါမြစ်တွင်းဌ် နေကုန်သော ငါးလိပ်တို့အား ပေးလှူပြီးနောက် မြစ်စောင့်နတ်မှစ၍ အလုံးစုံသော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့အား အမျှပေးဝေ၏၊ နတ်အပေါင်းတို့ကလည်း ဝမ်းမြောက်နှမော် သာဓုခေါ်ကြ ခြင်းကြောင့် နတ်ဌပြစ်သော ဥယျာဉ်ရေကန် ဘုံဗိမာန်နှင့် အရောင်အဝါခဲဘွယ်ဘောဇဉ် လာဘ်သပ်ပကာတို့သည် တိုးပွားကုန်ရကား ဘုရားလောင်းအား လွန်စွာကျေးဇူးတင်ကြကုန်၏။ ဘုရားလောင်းလည်း ဂင်္ဂါမြစ်နား သဲစုအထက်ဌ ကိုယ်ဝတ်ကို ခင်းလျက် အိပ်စက်ခြင်းသို့ရောက်လေ၏။

ညီငယ်ကား သဘောအားဖြင့် အနည်းငယ်ခိုးတတ်သော သဘောရှိ၏၊ ညီငယ်သည် အသပြာတထောင်ကို အကိုအား မပေးဘဲ မိမိချည်းသာယူလိုသောကြောင့် အသပြာကိုဌင်း၊ ကျောက်စရစ်ခဲကိုဌင်း၊ တူအောင်အထုပ်ပြုပြီးလျှင် အသပြာထုပ်နှင့် ကျောက်စရစ်ခဲထုပ်ကို အတူတကွ ထားလေ၏။ ညီနောင်နှစ်ယောက်တို့သည် အိပ်ရာမှထ၍လှေစီးကြပြီးလျှင် မြစ်ကိုကူးသွားကြလေသော် မြစ်၏အလယ်ဌ ညီငယ်သည် လှေကိုလှုပ်၍ ကျောက်စရစ်ထုပ်ကို ချအံ့ဟု နှလုံးပြုလျက်လက်ဖြင့် အကိုင်လွဲလျက် အသပြာထုပ်ကို ရေထဲသို့ချလိုက်လေ၏။ ယင်းသို့ချပြီးလျှင် "နောင်တော် အသပြာထုပ်ကား

ရေဝယ်ကျသွားလေပြီ၊ အဘယ်သို့ပြုအံ့နည်းဟုဆို၏၊ အကို သည်လည်း သဘောရိုးဖြင့် "ရေဝယ်ကျသည်ကို အဘယ်သို့ ပြုနိုင်ပါအံ့နည်း၊ ဤမျှသော ဥစ္စာကို မစိုးရိမ်ပါလင့်ဟု ဆိုလေ၏။

ဂင်္ဂါမြစ်ကိုစောင့်သောနတ်သည် "ဤယောကျ်ားအမျှ ဝေအပ်သော ကောင်းမှုအဖို့ကို ဝမ်းမြောက် ဝမ်းသာဖြစ်၍ ငါ့အား နတ်ဌာဖြစ်သောစည်းစိမ်ချမ်းသာ အခြံအရံအကျော် အစောများစွာရပေသည်။ ထိုယောကျ်ား၏ဥစ္စာကို ငါသည် စောင့်ရှောက်အံ့ဟုနှလုံးပြု၍ မိမိ၏တန်ခိုးအာနုဘော်ဖြင့် ထို အသပြာထုပ်ကို ငါးကြီးတကောင်ကိုမျိုစေ၍ မိမိသည်စောင့် ရှောက်၍နေလေ၏။ ညီငယ်ယောကျ်ား မောင်ခိုးသားကား အိမ်သို့သွားပြီးသော် ငါသည်အကိုကြီးအား လှည့်စားအပ် လေပြီဟုနှလုံးပြု၍ ဝမ်းမြောက်ဝမ်းသာဥစ္စာထုပ်ကိုဖြေကြည့် သောအခါ ကျောက်စရစ်တို့ကိုမြင်ရ၍ ပူပင်သောစိတ်နှလုံး ရှိရကား ညောင်စောင်း ခတင်အပေါင်ကို (ခတင်ဘောင်) ဖက်၍အိပ်လေ၏၊ ထိုအခါ တံငါအမျှားတို့သည် ငါးဖမ်း ခြင်းငှါ ဂင်္ဂါမြစ်ဌပိုက်ကွန်တို့ကိုချကြကုန်၏။ အသပြာထုပ်ကို မျိုသောငါးသည် နတ်၏ တန်းခိုးအာနုဘော် အားဖြင့် ပိုက်ကွန်တွင်းသို့ဝင်လေ၏။

တံငါတို့လည်း ငါးကို ယူပြီးသော် ရောင်းချခြင်းငှါ မြို့တွင်းသို့ ဝင်လာကုန်လျှင် လူအပေါင်းတို့က, ငါးကြီးကို မြင်၍ လိုချင်ကြသောကြောင့် ငါး၏ အဖိုးကို မေးမြန်း

စူးစမ်းကြကုန်၏။ တံငါတို့လည်း "အသပြာ တထောင်ထက် ငွေအသပြာ ခုနစ်ပဲ ပိုပေးမှ ရောင်းမည်"ဟု ဆိုလေ၏။ လူတို့သည်လည်း ခုနစ်ပဲမှာ ရှိပါပေတော့ "တထောင် ထိုက်သော ငါးကို ငါတို့ ကြားတောင် မကြားဘူးပါ"ဟု ပြက်ရယ် ပြောင်လှောင်ကြကုန်၏။ တံငါတို့လည်း ငါးကို ယူပြီးလျှင် ဘုရားလောင်း၏ အိမ်တံခါးသို့ သွား၍ ဤငါးကို ဝယ်ပါ,ဟု ဆိုကုန်၏။ အကိုတို့ ငါးကား အဖိုးမည်မျှ ထိုက်ပါသနည်း,ဟု ဘုရားလောင်းက မေးသောအခါ ငွေခုနစ်ပဲသာ ပေးပါဒလော့,ဟု ဆိုလေ၏။ သူတပါးတို့အား အဘယ်မျှဖြင့် ရောင်းပါသနည်း,ဟု မေး၍ သူတပါးအား အသပြာ တထောင်ထက် သုံးမူးတဖဲ ပိုကဲပေးမှ ရောင်းမည် ဆိုပါသည်။ အမောင့်ကိုမူကား သုံးမူးတပဲနှင့်သာ ရောင်း ပါမည်၊ သုံးမူးတပဲ ပေး၍သာ ဝယ်ယူပါလော့,ဟု တံငါ တို့က ဆိုကုန်၏။ သို့ဖြစ်လျှင် ကောင်းပါပြီ,ဟု ငွေခုနစ်ပဲ (သုံးမူးတပဲ) ပေး၍ ဝယ်ပြီးလျှင် အိမ်ရှင်မယားအား ငါးကို ခွဲစိတ်အုံသောငှါ ပေးအပ်လေ၏။ မယားသည် ငါး၏ ဝမ်းကို ခွဲလတ်သော် ဝမ်းထဲတွင် အသပြာ တထောင်ထုပ်ကို မြင်၍ လင်ဘုရားလောင်းအား ပြောကြားလေ၏။ ဘုရား လောင်းလည်း အသပြာထုပ်ကို ကြည့်၍ မိမိဥစ္စာ၏ အဖြစ်ကို သိလျှင် ယခုအခါ ဤတံငါတို့သည် သူတပါးတို့အား ရောင်းစားကုန်သည်ရှိသော် တထောင်ခုနစ်ပဲတို့ဖြင့် ရောင်း စားကုန်၏။ ငါတို့ကိုမူကား တထောင်သော အသပြာသည်

ငါတို့ ဥစ္စာဖြစ်သောကြောင့် ခုနစ်ပဲဖြင့်သာ ရောင်းရှာကုန်၏။ အဘယ်ကြောင့် ဆုံးလေပြီးသော ဤအသပြာကို ငါသည် ရအပ်လေသနည်း,ဟု ဆင်ခြင်သောအခါ—

မြစ်စောင့်နတ်သည် ကောင်းကင်၌ ကိုယ်ထင်ပြလျက် "ငါကား ဂင်္ဂါမြစ်ကို စောင့်သော နတ်တည်း၊ သင်သည် ဂင်္ဂါမြစ်၌ ငါးတို့အား ထမင်းကျန်များကို ပေးလှူ၍ ငါတို့အား အမျှပေးဝေခဲ့၏။ ထို့ကြောင့် သင်၏ ဥစ္စာကို ငါသည် စောင့်ရှောက်ပါသည်"ဟု ဆို၏။ ထိုနောက် "သင့်ညီသည် သင့်အား လှည့်စားလိုသောကြောင့် ထိုအမှုကို ပြုလေသည်၊ သင်သည် ငါ့အား ကျေးဇူးရှိသောကြောင့် ငါသည်လည်း သင့်ဥစ္စာကို မပျောက်မပျက်ရအောင် ဆောင်ယူ၍ ပေးခြင်းဖြစ်သည်။ သင့်ညီယမ်းကား သူခိုးတည်း၊ သူခိုးအား ဤဥစ္စာကို မပေးပါလင့်"ဟု ဆို၏။ အကိုဘုရားလောင်းကား သနားကြင်နာသော သဘောရှိသောကြောင့် တဝက် (ငါးရာ)ကိုပင် ခွဲစေ၍ ပေးလေ၏။ ဤဝတ္ထုဌ၌ အကိုဘုရားလောင်းသည် ရှေးဘဝများက သူများပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့သော ကုသိုလ်အကျိုးကြောင့် ညီယမ်သည် သူခိုးပြု၍ ခိုးယူပါလျက် ခိုးသူတည်း ဟူသော ရန်သူကြောင့်ရင်း၊ ရေသို့ ကျလျက် ရေ,ဟူသော ရန်သူကြောင့်ရင်း၊ အသပြာတထောင်သည် မဆုံးရှုံးဘဲ လက်ထဲသို့ တဖန် ရောက်လာပြန်လေ၏။

၃။ မိမိလင်ယောကျားမှတပါး အခြားယောကျားတို့၌ စိတ်ပြင့်မျှ မပြစ်မှားသော ဘဒ္ဒါ သူကြွယ်သမီး ဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဆီတင်းသုံး နေတော်မူစဉ် ကိမိလပြည်၌ ရောဟက,မည်သော သူကြွယ်သားသည် ရတနာသုံးပါးကို ကြည်ညိုး၏။ သီလနှင့် ပြည့်စုံ၏။ ထိုကိမိလပြည်၌ပင် အခြားချမ်းသာကြွယ်ဝသော အမျိုး၌ သတ္တိသမီးတယောက်သည် သဒ္ဓါတရားနှင့် ပြည့်စုံ၍ ရတနာသုံးပါးကို ယုံကြည်၏။သဘောကောင်းသောကြောင့် "ဘဒ္ဒါ"ဟု အမည်တွင်၏။ အရွယ်ရောက်သောအခါ ရောဟက၏ မိဘတို့သည် ဘဒ္ဒါ,သတ္တိသမီးနှင့် တောင်းရမ်းလက်ထပ်ပေးလေ၏။ ရောဟကနှင့် ဘဒ္ဒါ,ဇနီးမောင်နှံ နှစ်ဦးတို့သည် အညီအညွတ်နေကြရာ ဘဒ္ဒါသည် အကျင့်သီလနှင့် ပြည့်စုံသောကြောင့် မိန်းမကောင်း မိန်းမမြတ်,ဟု ကိမိလပြည်တွင် ထင်ရှားကျော်စောလေ၏။

ထိုအခါ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့သည် တပည့်သား ၈ါးရာစီ ခြံရံလျက် မြို့,ရွာ ဇနပုဒ်များသို့ လှည့်လည်တော်မူရာ ကိမိလပြည်သို့ ရောက်လာကြကုန်၏။ ရောဟကသည် မထေရ်နှစ်ပါး တပည့်သားများနှင့် အတူ ကြွရောက်လာသည်ကို သိ၍ တပည့်အခြေအရံများနှင့် တကွ မထေရ် နှစ်ပါးအား ဆွမ်းပင့်ဖိတ် ကျွေးမွေး လှူဒါန်း

ပြီးနောက် မယားနှင့်တကွ တရားတော်ကို နာပြုံးမှ သရဏဂုံ တို့ကို ခံယူကြ၏။ ငါးပါးသီလတို့ကိုလည်း ဆောက်တည်ကြ၏။ မယား,ဘဒ္ဒါကား ရှစ်ရက်, တဆယ့်လေးရက်, တဆယ့်ငါးရက် ဥပုသ်နေ့တို့၌ ဥပုသ်သီလ စောင့်သုံး၏။ ယင်းသို့ အကျင့်သီလနှင့် ပြည့်စုံသောကြောင့် နတ်အုပေါင်းတို့သည်လည်း အထူးချစ်ခင်၏။ မိမိ၏ လင်သားမှတပါး အခြားယောကျ်ားတို့အား ပြစ်မှား ကျူးလွန်ခြင်း ကင်း၍ သီလစင်ကြယ်ရကား အလွန်ပင် ပျံ့နှံ့သော ကျော်စောသံ ရှိလေ၏။ အဘယ်သို့ ကျော်စောပါသနည်း ဟူမူ—

ထိုဘဒ္ဒါသည် မိမိကား ကိမိလပြည်၌နေလျက် လင်ရောဟကသည် ရောင်းဝယ်ဖေါက်ကား ကိစ္စဖြင့် တက္ကသိုလ်ပြည်၌ နေစဉ် ပွဲလမ်းသဘင်တခု၌ အပေါင်းအဖေါ်တို့သည် တိုက်တွန်းသဖြင့် နက္ခတ်ပွဲလမ်းသဘင် ကစားလိုစိတ် ဖြစ်လတ်သော် အိမ်စောင့်နတ်သည် မိမိ၏ တန်ခိုးအာနုဘော်ဖြင့် ဘဒ္ဒါကို တက္ကသိုလ်ပြည်သို့ ဆောင်ယူ၍ မိမိ၏ လင်ဖြစ်သော ရောဟကနှင့်တကွ ပေါင်းဖက်စေလေ၏၊ ယင်းသို့ ပေါင်းဖက်စေ၍ ပဋ္ဌိသန္ဓေ ကိုယ်ဝန်ဟည်သော အခါကျမှ ဘဒ္ဒါကို အိမ်စောင့်နတ်သည် ကိမိလပြည်သို့ တဖန်ဆောင်ယူလာခဲ့၏၊ ပဋ္ဌိသန္ဓေ ကိုယ်ဝန်သည် အစဉ်အားဖြင့် ကြီးပွါး၍ ထင်ရှားဖြစ်လတ်သော် လင်၏မိဘဆွေမျိုးတို့သည် ထိုအကြောင်းကို မသိရကား ယုံမှား သံသယရှိကြကုန်၏၊ ဤဘဒ္ဒါသည် လင်

သည် ရောင်းဝယ်ဖေါက်ကားရန် အရပ်တပါးသို့ သွားခိုက်တွင် မိမိကြိုက်သော ယောကျ်ားနှင့် ပြစ်မှားကျူးလွန်သည်ဟု စွပ်စွဲပြောဆိုကြကုန်၏။

ဘဒ္ဒါကလည်း ငါသည် ငါ့လင်ဖြစ်သော ရောဟကမှတပါး အခြားယောကျ်ားကို စိတ်ဖြင့်သော်လည်းမလွန်ကျူးကိုယ်ဖြင့်ကား အဘယ်ဆိုဘုယ်ရာရှိအံ့နည်း ဟုဆို၏ ယင်းသို့ဆိုသော်လည်း ထိုစကားကို အများကပင် မယုံကြည်ကြပေ၊ ယင်းသို့ မယုံကြည်ကြသည်နှင့် ထိုအခါ ဂင်္ဂါမြစ်ရေသည် ကိမိလတပြည်လုံးကို လွှမ်မိုး၍ တက်လာလတ်သော် ဘဒ္ဒါသတို့သမီးက ကိမိလပြည်သားအပေါင်းတို့ကို ငါ၏ သစ္စာတန်ခိုးအာနုဘော်ဖြင့် ချမ်းသာစေအံ့ဟု နှလုံးပိုက်၍ အကယ်၍ ငါသည် ငါ့လင်မှတပါး အခြားသူနှင့် လွန်ကျူးဖေါက်ပြန်မှုကို ပြုသည်မှန်ပါက ငါ့အား အကျော်အစောမဲ့သည် လွှမ်းမိုးသကဲ့သို့ ဤဂင်္ဂါမြစ်ရေသည် ကိမိလ တပြည်လုံးကို လွှမ်းမိုးပါစေသား၊ လွန်ကျူးဖေါက်ပြန်မှုကိုမပြုရိုးမှန်ပါက ငါ့အား မဟုတ်မမှန်သော အကျော်အစောမဲ့သည် လျှောကျ ပျောက်ပျက်သကဲ့သို့ ဤဂင်္ဂါမြစ်ရေသည် လျှောကျ ပျောက်ပျက်ပါစေသား ဟု သစ္စာအဓိဋ္ဌာန်ပြုလေ၏၊ ယင်းသို့ သစ္စာပြုသည်နှင့် တပြိုင်နက် ဂင်္ဂါမြစ်ရေသည်လည်း လျှောကျပျောက်ပျက် လေ၏၊ ဘဒ္ဒါအား ကျော်စော မဲ့သော သတင်းသည်လည်း ပျောက်ပျက်လေ၏။

ထိုအခါမှစ၍ ကိမိလ မြို့သူမြို့သားများနှင့်တကွ လင်၏ မိဘဆွေမျိုး မိတ်သင်္ဂဟတို့သည် ယုံကြည်ကြသဖြင့် ဘဒ္ဒါကို သီလနှင့် ပြည့်စုံသော မိန်းမဟု အလွန်တရာ ချစ်မြတ်နိုးကြကုန်၏၊ နောက်အခါ လင်နှင့်တကွ ပေါင်းမိပြန်သည့် အခါ လင်သည်လည်း မိဘဆွေမျိုးများကဲ့သို့ ယုံမှားသံသယ ရှိသဖြင့် "သင်သည် တက္ကသိုလ်ပြည်တွင် နက္ခတ်ပွဲသဘင် ကစားသည့်ကာလ သင်ကငါ့အား ပေးသည့် လက်စွပ်တည်း ဟု လက်စွပ်ကို ပြလေလျှင် လင်လည်း ယုံကြည်သွားရကား အလွန်တရာ ချစ်မြတ်နိုးလေ၏၊ ဘဒ္ဒါသည် ကွယ်လွန်သော အခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်ရလေ၏။

ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ တာဝတိံ-သာ နတ်ပြည်သို့ကြွ၍ ပင်လယ်ကသစ်ပင်ရင်း၌ နေတော်မူစဉ် ဘဒ္ဒါသည် လာ၍ ရှိခိုး၏၊ ထိုအခါ မြတ်စွာဘုရားက အရောင်အဝါတင့်တယ်စွာနှင့်လာ၍ရှိခိုးသော နတ်သမီးကား အသူနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား တပည့်တော်မကား ကိမိလပြည်ဝယ် ဘဒ္ဒါအမည် ရှိသော ဒါယိကာမ ဖြစ်ပါသည်ဘုရားဟု လျှောက်၏၊ အာဘယ်ကောင်းမှုကြောင့် သင်သည် ဤနတ်ပြည်သို့ ရောက် လာသနည်းဟု မေးတော်မူ၏၊ ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား တပည့်တော်မသည် မြတ်စွာဘုရား၏ အဆုံးအမကို ခံယူ၍ ကိမိလပြည်ဝယ် မကျိုးမပေါက်အောင် သီလကို

စောင့်ထိန်းခဲ့သော ကောင်းမှုကြောင့် ဤနတ်ပြည်သို့ရောက်လာပါသည်ဟု လျှောက်၏။ မြတ်စွာဘုရား သည်သည်း ကောင်းပေ၏ဟု မိန့်တော်မူ၏။

၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ကြဉ်ရှောင်ခဲ့ဘူး၍ ခံတွင်းမှ ကြာညိုနံ့မွှေးပျံ့သော မထေရ်ဝတ္ထု။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် သာဝတ္ထိပြည်၌ အမျိုးသမီး တယောက်၏ လင်ယောကျ်ားသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရသဖြင့် ငါသည် ဤတရားကိုလူအဖြစ်ဖြင့် အသက်ထက်ဆုံး ကျင့်ခြင်းငှာ မတတ်နိုင်ရာ ရဟန်းပြု၍ ကျင့်ပေအံ့ဟု ကြံစည်စိတ်ကူး၍ မယားကို ပန်ကြားလျက် မထေရ်ရဟန်း တပါးအထံ၌ ရဟန်းပြုလေ၏။ ယင်းသို့ လင်ယောကျ်ား ရဟန်းပြုလေလျှင် ထိုအရှင်၏မယားဟောင်းကို ဤမိန်းမကား လင်မရှိ လင်မဲ့မိန်းမတည်းဟု သိ၍ ပသေနဒိကောသလမင်းသည် နန်းတော်သို့ခေါ်၍ မောင်းမ အခြေအရံအဖြစ် ထားလေ၏။ တနေ့သ၌ မင်းခယောကျ်ားတို့သည် မင်း၏ မင်္ဂလာရေကန်မှ ကြာညိုပန်းစည်းတို့ကို မင်းအားယူ ဆောင်ဆက်သကြကုန်၏။ ကောသလမင်းသည် မျှားစွာသော ကြာညိုပန်းစည်းတို့ကို မင်းမောင်းမတို့အား ခွဲဝေပေး

သောအခါ နှစ်စည်းသော ကြာညိုပန်းတို့သည် ထိုရဟန်း၏ မယ်ဘားဟောင်းသို့ ရောက်ရှိလေ၏၊ ထိုမိန်းမလည်း နှစ်စည်းသော ကြာညိုပန်းတို့ကို ရသည်ဟု ဝမ်းမြောက်သဖြင့် ရယ်မောပြီးနောက် ကြာညိုပန်းကို နမ်း၍ လင်ရဟန်းကိုအောက်မေ့ရကား ငိုလေ၏။

ထိုအခြင်းအရာကို ကောသလမင်းမြင်သောအခါ "သင်သည် ယခုပင် ရယ်မောပြီးမှ နောက်တဖန် ငိုပြန်သည် အကြောင်းအသို့ ရှိပါသနည်းဟု" မေးတော်မူ၏။ အရှင်မင်းကြီး ကျွန်ုပ်သည် အခြားမောင်းမများကဲ့သို့ ပန်းစည်းကိုရသောကြောင့် ဝမ်းမြောက်ရယ်မောပါသည်၊ ထိုနောက် ကြာညိုပန်းကို နမ်းရှူသောအခါ မိမိလင်ယောကျ်ား၏ ခံတွင်းအနံ့နှင့် တူသောကြောင့် အောက်မေ့ သတိရသဖြင့် ငိုပါသည်"ဟု လျှောက်၏။

ကောသလမင်းလည်း ထိုစကားကို မယုံသောကြောင့် သုံးကြိမ်တိုင်အောင် ခြိမ်းခြောက်၍ မေးတော်မူ၏၊ ထိုမိန်းမလည်း မိမိဆိုတိုင်းမှန်သောကြောင့် မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ပင် ဤအတိုင်း လျှောက်လေ၏။ ယင်းသို့ သုံးကြိမ်တိုင်အောင် လျှောက်ထားသော်လည်း ကောသလမင်းသည် မယုံကြည်သောကြောင့် ဘုရား အမှူးရှိသော သံဃာတော်တို့အား နန်းတော်သို့ပင့်ဖိတ် ဆွမ်းကျွေး၍ ဆွမ်းစားအပြီးတွင် ထို

မိန်းမကို "သင်၏ လင်ဟောင်းဖြစ်သော မထေရ်ကား အဘယ်မထေရ်နည်းဟု မေး၏၊ ထိုမိန်းမက ပြသောအခါ ကောသလမင်းသည် ဘုရားရှင်အား ရှိခိုးလျက် "အရှင်ဘုရား အရှင်ဘုရားနှင့်တကွ သံဃာတော်များသည် ကျောင်းတော်သို့ကြွတော်မူပါ၊ ထိုအရှင်သည် ဆွမ်းအနုမောဒနာ တရားဟောကြားပါလိမ့်မည်"ဟု လျှောက်၏။

မြတ်စွာဘုရားလည်း ထိုရဟန်းကိုထားခဲ့ပြီးလျှင် သံဃာတော်အပေါင်းနှင့်တကွ ကျောင်းသို့ ပြန်ကြွတော်မူ၏၊ ထိုမထေရ်သည် ဆွမ်းတရားဟောရန် နှုတ်ခံတွင်းကို ဖွင့်ဟကာမျှဋ္ဌ နန်းတော်တခုလုံးသည် နံ့သာကြုံတ် ကဲ့သို့ဖြစ်၍ အလွန်မြေးကြိုင် ရနံ့လှိုင်၏၊ ထိုအခါမှ ကောသလမင်းသည် ဤမိန်းမသည် မှန်သောစကားကို ဆိုပေသည်ဟု မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားသောအခါ မင်းကြီး ဤရဟန်းသည် ရှေးအခါက တရားနာသောအခါ သာဓု-သာဓုဟု အရိုအသေပြု၍ ကြားနာခြင်း၊ မဟုတ်မမှန်မုသားစကားကိုမဆိုခြင်းကြောင့် ဤသို့ခံတွင်း အနံ့မြေးပျံ့ကြိုင်ခြင်းအကျိုးကို ရရှိပေသည်ဟု မိန့်တော်မူလေ၏။

၅-အရက်သေစာ သောက်စားခြင်းမှ ကြဉ်ရှောင်ခဲ့ သောကြောင့် အခြံအရံ အကျော်အစောတို့ကို ရရှိသော ဃောသက ဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ် ဝေဋ္ဌဝန် ကျောင်းဌ်နေ တော်မူစဉ် ရာဇဂြိုဟ်ပြည်ဝယ် သူဌေးအိမ်ဌ် ယင်ကိုစွဲ၍ဖြစ်သော ပလိပ်ရောဂါကဲ့သို့သော ရောဂါတမျိုး ဖြစ်လေ၏။ ထိုရောဂါ ဖြစ်လတ်သော် ယင်ကောင်မှအစ နွား စသော တိရစ္ဆာန်တို့သည် ရှေးဦးစွာ သေကုန်၏။ ထို့နောက်မှ အိမ်ရှင်လူများ သေကုန်၏။ ထို့ကြောင့် ထိုရောဂါသည် အိမ်ရှင်သူဌေးလင်မယားအား နှိပ်စက်ဖိစီးလေ၏။ ထိုလင်သူဌေးမယားတို့သည် သားကိုခေါ်၍ ချစ်သား ဤအိမ်ဌ် အနာဖြစ်လတ်သော် အိမ်နံရံကို ဖေါက်ဖျက်၍ ပြေးသော သူတို့သာ အသက်ရှင်ကြပါ၏။သို့ဖြစ်၍ သင်သည် ငါတို့ကိုမငဲ့ဘဲ ထွက်ပြေးပါလော့၊ တဖန် ပြန်လာပြီးမှ ဤမည်သောအရပ်ဝယ် ကုဋ္ဌေလေးဆယ်သော ဥစ္စာကို ငါတို့ မြှုပ်ထားအပ်၏။ ထိုဥစ္စာကို ဖော်ထုတ်လျက် အသက်မွေးပါလော့'' ဟု ဆို၏။

သားလည်း မိဘတို့စကားကိုကြားလျှင် ငိုယိုလျက် မိဘနှစ်ပါးအား ရှိခိုးကန်တော့၍ အိမ်မှထွက်ခွာပြီးလျှင် တောတောင်သို့သွား၍ တဆဲ့နှစ်နှစ်ပတ်လုံး နေပြီးမှ ထိုအရပ်သို့ ပြန်လာ၏။ ငယ်ရွယ်စဉ်က သွား၍ ကြီးမှ ပြန်လာသော

ကြောင့် ထိုသူ့ဌေးသားအား မည်သူမျှ မမှတ်မိကြပေ။ ထိုသူ့ဌေးသားသည် မိဘတို့ ပြောထားသော အမှတ်အသားအတိုင်း ရွှေအိုးမြုပ်ထားသောနေရာကို သွားရောက်ကြည့်သောအခါ ခြေရာလက်ရာမပျက် ရှိသည်ကို တွေ့ရ၍ ဤသို့ကြုံစည်၏။ "ငါ့ကို မည်သူမျှမသိ၊ ယင်းသို့ မသိဘဲလျက် ငါသည် ဤဥစ္စာတို့ကို ဖော်ထုတ်၍ သုံးဆောင်ငြားအုံ၊ လူဆင်းရဲတယောက်သည် ငွေအိုးကိုခိုး၍ ဖော်သည်ဟု ငါ့ကို ညှဉ်းဆဲကုန်ရာ၏။ အကယ်၍ ငါသည် သူတပါးထံ၌အခစား ပြု၍ အသက်မွေးရသော် ကောင်း၏ဟုကြုံစည်၏။

ထိုနောက် ပုဆိုးကြမ်းအစုတ်ကို ဝတ်လျက် အခစားအလုပ်ဖြင့် အလိုရှိသူတို့အား လိုက်လံစုံစမ်းသောအခါ "သင်သည် ငါတို့အလုပ်ကို လုပ်ပေးနိုင်ပါအုံ၊ သင့်အား ထမင်းရိက္ခာပေးပါမည်ဟု ဆိုကြလတ်သော် အဘယ်အလုပ်မျိုးနည်းဟု မေး၍ "စောစောနိုးအောင် နှိုးသောအမှု"ဟု ဆို၍ "သင်သည် အကယ်၍ တတ်နိုင်ငြားအုံ၊ နံနက်စောစောထ၍ "အမောင်တို့ ထကြကုန်လော့၊ လှည်းများ ထွန်များ နွားများ တပ်ဆင်ကြကုန်လော့၊ တိုက်ချိန် ထွန်ချိန် တန်ပြီ၊ နွားစာ မြင်းစာ မြက်ရိတ်အတွက်သွားရန် အချိန်တန်ပြီ ချက်ကြ ကုန်လော့ဟု လှည့်လည် ကြွေးကြော်လော့" ဟု ဆို၏။ ထိုသူလည်း ကောင်းပါပြီဟု ဝန်ခံသော် ထိုသူအား နေရာအိမ်တခုကို ပေးကုန်၏။ ထိုသူလည်း နေ့တိုင်း ထိုအလုပ်ကို လုပ်လေ၏။

ထိုအခါ တနေ့သ၌ ဗိမ္မိသာရမင်းသည် ထိုသူ၏ အသံကို ကြား၏၊ ထိုမင်းသည် သတ္တဝါတို့၏ အသံ အဆိုးအကောင်းကို သိ၏၊ ထို့ကြောင့် ဤအသံသည် လူဆင်းရဲ၏ အသံ မဟုတ် ဥစ္စာရှိသောသူ၏ အသံတည်းဟု ဆို၏၊ ထိုအခါ ကိုယ်လုပ်တော် (မင်းမောင်းမ) တယောက်သည် "ငါ့တို့မင်းကြီးသည် အကြောင်းမဲ့ ဆိုသည်မဟုတ်၊ ငါသည် ဤအကြောင်းကို သိအောင် စုံစမ်းဦး မည်ဟု စုံစမ်းပြီးသော် အရှင်မင်းကြီး ဤသူကား အခစားလုပ်သူ သူဆင်းရဲတည်းဟု လျှောက်၏၊ သို့သော် မင်းကြီးကား ဆိတ်ဆိတ်ပင်နေ၏၊ နောက်ထပ် နှစ်ကြိမ်သုံးကြိမ်လည်း ဤသို့ပင် ပြောလေ၏၊ ထိုအခါ ကိုယ်လုပ်တော်က အရှင်မင်းကြီး ကျွန်ုပ်အား တထောင်မျှလောက်သော ဥစ္စာကို ရပါလျှင် သမီးတော်ကို ခေါ်၍ သွားပြီးမှ ထိုသူ၏ ဥစ္စာဟူသမျှကို မင်းနန်းတော်သို့ ယူဆောင်ပါအုံ့ဟု လျှောက်၏၊ ဗိမ္မိသာရမင်းလည်း ကောင်းပြီဟု တထောင်သော ဥစ္စာကို ကိုယ်လုပ်တော်အား ပေးလေ၏။

ကိုယ်လုပ်တော်သည် တထောင်သော ဥစ္စာထုပ်ကို ယူပြီးလျှင် သမီးအား အဝတ် အဟောင်း အနွမ်းကို ဝတ်စေ၍ ခရီးသွားဟန် ဆောင်လျက် အခစားယောကျ်ားရှိရာ လမ်းသို့ သွားပြီးလျှင် အိမ်တအိမ်သို့ ဝင်၍ "အို အိမ်ရှင်တို့ကျွန်ုပ်တို့ကား ခရီးသွားများ ဖြစ်ပါသည်၊ တရက် နှစ်ရက် ဤအိမ်

တွင် တည်းခို အပန်းဖြေပြီးမှ သွားပါကုန်အုံ့ဟု ဆိုလေ၏ ရှင်မတို့ ဤအိမ်၌ အိမ်သူအိမ်သား မျှားလှပါ၏၊ နေရာမဆံ့ ပါ၊ ကုမ္ဘဏောသက၏ အိမ်သည် လူတယောက် တည်းသာ ရှိပါ၍ ကျယ်ဝန်းပါ၏၊ ထိုအိမ်သို့သာ သွားပါလော့ဟု ဆိုကုန်၏၊ ထိုကိုယ်လုပ်တော်လည်း သမီးနှင့်တကွ အခစား ယောကျား ကုမ္ဘဏောသက အိမ်သို့ သွား၍ "အမောင် အိမ်ရှင် ငါတို့ကား ခရီးသည်များ ဖြစ်ကြပါသည်၊ အမောင် အိမ်တွင် တရက် နှစ်ရက်မျှ အပန်းဖြေ တည်းခို ပါရစေဟု ဆိုလျှင် ကုမ္ဘဏောသက သည် ခွင့်မပြုလို၍ အတန်တန် ငြင်းဆို သော်လည်း ယနေ့ တရက်မျှသာ နေပါရစေဟု ဆို ကာ မသွားဘဲ ဇွတ်တရွတ် ပေ၍ နေကြ ကုန်၏၊ ယင်းသို့ နေပြီးသည့်နောက် မိုးလင်းသောအခါ ကုမ္ဘဏောသကသည် တောသို့ သွားသော အခါ "သင့်အတွက် ချက်ပြုတ်ထားရန် စားနပ်ရိက္ခာများ ပေးခဲ့ပါဟု ဆို၏ သို့ဆိုသော်လည်း ကုမ္ဘ ဏောသကသည် အလိုမရှိရကား ငါ့အတွက် စားဘွယ်ကို ငါကိုယ်တိုင် ချက်ပြုတ်၍ စားပါမည်ဟု ဆိုသော်လည်း ကိုယ်လုပ်တော်က ထပ်ကာထပ်ကာ ပြောသောကြောင့်ရိက္ခာ များ ပေး၍ တောသို့ သွားလေ၏။

ကိုယ်လုပ်တော်လည်း ကုမ္ဘဏောသက ပေးသော ရိက္ခာ များကို ထား၍ ဈေးမှ သလေးဆန် စသည်တို့ကို ဝယ်၍ မင်းနန်းတော်၌ ချက်ပြုတ်သော နည်းအတိုင်း ကောင်းမွန်

စွာ ချက်ပြုတ်၍ ဟင်းလျာ နှစ်ခွက် သုံးခွက်ကို ကုမ္ဘဏ္ဍသာ ကတော်မှ ပြန်လာသော အခါ ပေးလေ၏။ ယောသက သည် ထမင်းဟင်းများကို စား၍ စိတ်ထားနှုးညံ့ အကျမ်းဝင်လာ၏။ ထိုအခါ အိမ်ရှင် အမောင် ငါတို့ကား ပင်ပန်းအားကြီးလှသည် နှစ်ရက် သုံးရက်မျှ နေပရစေဦးဟု ဆိုသော် ယောသကလည်း ကောင်းပါပြီဟု ခွင့်ပြုလေ၏။ ကိုယ်လုပ်တော်လည်း နံနက်နှင့်ည ဤနည်းတူ ချက်ပြုတ်ကျွေးမွေးလေ၏။ သို့ဖြင့် အနည်းငယ် ရင်းနှီး ချစ်ကျွမ်းဝင် လာသော အခါ ကိုယ်လုပ်တော်သည် ယောသကတော်သို့ သွားခိုက်တွင် ယောသက အိပ်သော ခုတင် ညောင်စောင်း တို့ကို ချိုးဖဲ့ ဖျက်ဆီး ထားလေ၏။

ယောသကတောမှပြန်လာ၍ မေးလောအခါ အမောင်သူငယ်တို့သည် ထိုထိုအိမ်မှ များစွာလာ၍ ကစ်ားကြပါသည်၊ တားမြစ်သော်လည်း မရပါဟုဆို၏။ သို့ဖြင့် ညဘက်တွင် ယောသကအိပ်ရန် ခုတင်မရှိသဖြင့် ကိုယ်လုပ်တော်သည် သမီးအား "သမီး သင့်မောင်၏အိပ်ရာကို ပြုပြင်ပါလော့" ဟုဆိုသော် ထိုသမီးသည်လည်း နံပါးတဖက်၌ အိပ်ရာခင်းပြီးလျှင် "လာပါတော့သခင်၊ ဤနေရာတွင်အိပ်ပါလော့" ဟုဆို၏။ ကိုယ်လုပ်တော်လည်း ချစ်သား သွားချေ၊ မင်းနှမနှင့်အတူတကွ အိပ်ပါလော့ဟု ဆို၏။ ယောသကလည်း ထ၍ သွားပြီးမှ သမီးနှင့်အတူတကွ အိပ်လေလျှင် ထိုနေ့တွင်ပင်

ပေါင်းဖော်ကြလေ၏။ သမီးလည်း ပေါင်းဖေါ် ပြီးလျှင် ထ၍ ငိုလေ၏။ ထိုအခါ မိခင်ကိုယ်လုပ်တော်က ချစ်သမီး အသို့ဖြစ်ပါသနည်းဟု မေးသော် ဤမည်သောအမှုသည် ဖြစ်ခဲ့၏ဟု ဆို၏။ ထိုအခါ ကိုယ်လုပ်တော်လည်း ရှိပစေ တော့သမီးဟုဆိုကာ ကုမ္ဘဃောသကကို သမက်ဖမ်းလေ၏။ ဤသို့ဖြင့် ထိုသမီးယောက္ခမသုံးဦးသားတို့သည် အတူတက္ခ နေကြကုန်၏။

ထိုနောက် နှစ်ရက်သုံးရက် လွန်လတ်သော် ကိုယ်လုပ် တော်သည် ဗိမ္မိသာရမင်းအား ထိုသတင်းစကားကို လျှောက် ကြား၏။ "အရှင်မင်းကြီး ထို သူခစား ဃောသက၏လမ်း တွင် ပွဲလမ်းသဘင် ပြုပါစေ၊ အကြင်သူ၏အိမ်တွင် ပွဲလမ်း သဘင် မပြုလုပ်၊ ထိုသူအား ဤမည်သောဒဏ်ထားမည်ဟု စေတော်မူပါဟု လျှောက်၏။ မင်းကြီးလည်း ကိုယ်လုပ် တော်လျှောက်ထားသည့်အတိုင်းပြုစေ၏။ ထိုအခါ ယောက္ခမ တိုယ်လုပ်တော်က သမက်ကို "ချစ်သား ဤလမ်းတွင်ပွဲလမ်း ခံရမည်ဟု မင်းကြီးအာဏာဖြင့် စေခိုင်းလာပါသည်၊ အဘယ် သို့ ပြုမည်နည်းဟု မေး၏။ မိခင် ကျွန်ုပ်ကား အခစားဖြင့် အသက်မွေးရပါသည်၊ ပွဲလမ်းသဘင်ခံခြင်းငှါ အဘယ်မှာ တတ်နိုင်ပါမည်နည်းဟုဆိုသော် ကိုယ်လုပ်တော် ယောက္ခမ က-ချစ်သား အိမ်ရာထောင်သောသူသည် ကြွေးမြီကိုသော် လည်း ချေးယူရာ၏၊ မင်းအာဏာကို ဖီဆန်၍ မဖြစ်ပေ၊

တကျပ် နှစ်ကျပ်သော အသပြာကို သွားရှိရအောင် ရှာပါ လေ့ဟုဆို၏၊ သမက်လည်း မြှုပ်ထားရာ ကုဋေလေးဆယ်မှ တကျပ်မျှကိုသာ ဆောင်ခဲ့၏။

ကိုယ်လုပ်တော်လည်း ထိုတကျပ်ကို မင်းအား ဆက်သ ပြီးလျှင် မိမိ၌တကျပ်ဖြင့် သဘင်ခံ၍ နှစ်ရက် သုံးရက် လွန်လျှင် ဤနည်းဘုပင် မင်းအား လျှောက်ပြန်၏။ မင်း လည်း ရှေးနည်းတူပင် ခိုင်းစေပြန်၏။ တဖန် ယောကျ္ဃမက သမက်ကို ဆိုပြန်သော် သမက်လည်း သွား၍ နှစ်ကျပ် သုံးကျပ်သောငွေကို ဆောင်ယူလေ၏။ ယောကျ္ဃမကလည်း နှစ်ကျပ်သုံးကျပ်သောငွေကို မင်းအား ဆက်ပြီးလျှင် သဘင် ခံ၍ နှစ်ရက်သုံးရက် လွန်လတ်သော် "ယခုအခါ မင်းချင်း ယောကျ်ားတို့ကိုစေ၍ ခေါ်ယူပါဟုလျှောက်၏။ မင်းကြီး လည်း ကိုယ်လုပ်တော်လျှောက်ထားသည့်အတိုင်း ခေါ်စေ၏၊ မင်းချင်းယောကျ်ားတို့သည် သူခစားယောကျ်ားနေရာ လမ်းသို့သွား၍ "ကုမ္ဘယောသကဟူသည် အဘယ်သူနည်း" ဟု ရှာဖွေကုန်လျှင် ထို သူခစားယောကျ်ားကို မြင်၍ "လာလော့ မင်းကြီးသည် သင့်အား ခေါ်သည်"ဟု ဆို ကုန်၏။

ယောသကလည်း "မင်းကြီးသည် ငါ့ကို မသိ၊ တစုံ တယောက်သည် လျှပ်ပေါ်လော်လည်ခြင်း ဖြစ်မည်" ဟု လိုက်လိုသော ဆန္ဒ မရှိသဖြင့် ငြင်းပယ်၏။ ထိုနောက်မှ

ယောကၠမကပြောသဖြင့် လိုက်ပါလာ၏၊ ယောကၠမသည် သမီးကိုခေါ်၍ ရှေကသွားနှင့်ပြီး အဝတ်တန်ဆာများ ဝတ်စား ပြင်ဆင်ပြီးလျှင် သင့်လျော်ရာ၌ နေလေ၏။ ထိုနောက် ရှင်ဘုရင်က "ကၠမ္ဘယောသက ဟူသည် သင်ပင်လော" ဟု မေး၏။ ဟုတ်မှန်ပါကြောင်းလျှောက်ထားလျှင် "အဘယ်ကြောင့် ဥစ္စာအများကို ဝှက်ထားပြီး မစားမသောက်ဘဲ နေပါသနည်းဟု မေးတော်မူလေ၏။ အရှင်မင်းကြီး ကျွန်ုပ်မှာ ဥစ္စာများစွာမရှိပါ၊ သူတပါးအိမ်၌ အခစားလုပ်ရပါသည်ဟု လျှောက်၏။ အမောင် ဤသို့ မဆိုလင့် ငါ့ကို အဘယ်ကြောင့် လှည့်စားလိမ်လည်ပါသနည်းဟု မေးတော်မူ၏။အရှင်မင်းကြီး မလှည့်စားပါ၊ ဥစ္စာမရှိ၍သာ လျှောက်ပါသည်ဟု ဆို၏။

ထိုအခါ မင်းက ကိုယ်လုပ်တော် ဆက်သထားသော အသပြာတို့ကိုပြ၍ ဤအသပြာတို့ကား အဘယ်သူ၏ ဥစ္စာတို့နည်းဟု မေးတော်မူ၏၊ ဃောသကလည်း မိမိအသပြာမှန်းသိ၍ ငါ့အကြံပျက်စီးပြီ အဘယ်နည်းဖြင့် ဤအသပြာများ မင်းကြီးထံရောက်လာပါသနည်းဟု ထိုထိုဤဤ ကြည့်ရှုလတ်သော် ကိုယ်လုပ်တော် သားအမိတို့ကိုမြင်လေလျှင် ဤကိစ္စကို ဖုံးအုပ်ထား၍မဖြစ် ဤသားအမိသည် မင်းကြီးထံလျှောက်ထားနှင့်ကြရမည်ပြီဟု ကြံစည်မိလေ၏၊ ထိုအခါ မင်းကြီးက အမောင် ဃောသက အမှန်ကိုဆိုလော့ အဘယ့်ကြောင့်

ဤသို့ပြုပါသနည်းဟု မေးတော်မူ၏၊ အရှင်မင်းကြီး မှန်ပါ၏။ ကျွန်ုပ်၌ ကုဋေလေးဆယ်ရှိပါ၏ဟု လျှောက်၏၊ အဘယ်ကိုရခြင်းငှာ အလိုရှိပါသနည်းဟု မေးတော်မူသော် လှည်းတို့ကိုရခြင်းငှာ အလိုရှိပါ၏ဟု လျှောက်၏၊ မင်းကြီးလည်း မျှားစ္ဓာသောလှည်းတို့ကိုပေး၍ ကုဋေလေးဆယ်သော ဥစ္စာတို့ကို ဆောင်ယူစေပြီးလျှင် မင်းနန်းတော် ယင်ပြင်၌ စုပုံစေပြီးမှ ရာဇဂြိုဟ်ပြည်သားတို့ကို ခေါ်၍ "ဤရာဇဂြိုဟ်ပြည်၌ အဘယ်သူအား ဤမျှလောက် ဥစ္စာမျှားပြားပါသနည်းဟု မေးတော်မူလျှင် အရှင်မင်းကြီး မည်သူတွင်မှ မရှိပါဟု လျှောက်ကြပြန်သော် ဤသူအား အဘယ်သို့ပြုခြင်းငှာ သင့်ပါသနည်းဟု မေးတော်မူလျှင် ပူဇော် ချီးမြှောက်ထိုက်ပါ၏ဟု လျှောက်ကြပြန်၏။

မင်းကြီးလည်း မျှားစ္ဓာပူဇော်ခြင်းဖြင့် ပူဇော်ပြီးလျှင် ယောသံကကို သူဌေးအရာ၌ ခန့်ထားပြီးလျှင် သမီးတော်ကိုလည်း ယောသကအားပင် ပေးတော်မူ၏၊ ထိုနောက် မင်းကြီးသည် ယောသကနှင့်တကွ ဘုရားရှင်ထံသွားပြီးလျှင် အရှင်ဘုရား ရှုတော်မူပါ၊ ဤယောကျ်ားကဲ့သို့ တည်ကြည်သော စိတ်ရှိသောသူသည် လောကတွင် ရှားပါ၏၊ ကုဋေလေးဆယ်ကြွယ်ဝပါလျက် ပေါ်လွင်ခြင်းမရှိ၊ ငါဟူသော မာနမထား၊ အထီးကျန်သောသူကဲ့သို့ ပုဆိုးစုတ်ကိုဝတ်လျက် အခစားပြုလုပ်၍ အသက်မွေးပါ၏၊ နောက်မှ ဥစ္စာရှိသော

အဖြစ်ကို သိရပါ၍ သူ့ဌေးရာထူး အပ်နှင်းပြီးလျှင် သမီးကို လည်း ထိုသူအားပင် ပေးအပ်ပါ၏ဟု လျှောက်၏။

ထိုစကားကို ကြားတော်မူသော် မြတ်စွာဘုရားသည် "မင်းကြီး ဤသို့အသက်မွေးသောသူ၏ အသက်ရှင်ခြင်းကား တရားနှင့် လျော်သော အသက်ရှင်ခြင်း မည်၏၊ ခိုးခြင်း အရက်သေစာ သောက်စား မူးယစ်ခြင်းတို့သည်ကား မိမိ ကိုယ်ကိုရင်း၊ သူတပါးကိုရင်း၊ နှိပ်စက်ညှဉ်းပန်းသည်မည်၏၊ ဤသို့သဘောရှိသော ထက္ကလုံ့လ ဝီရိယနှင့် ပြည့်စုံသော သူအား စည်းစိမ် ဥစ္စာအခြံအရံတို့သည် တိုးပွားမျှားပြား ကုန်၏" ဟု မိန့်တော်မူ၏၊ ထိုနောက် ဃောသကသည် သော တာပန်ဖြစ်လေ၏၊ ဤဝတ္ထုဌ် ရှေးဘဝမျှားက မေ့လျော့ ယစ်မူးကြောင်းဖြစ်သော အရက်သောက်စားခြင်းမှ ရှောင်ခဲ့ သောကြောင့် ဤကဲ့သို့သော အခြံအရံ စည်းစိမ်အကျော် အစောတို့ကိုရခြင်းဖြစ်ပေ၏။

ဝိပါက်တော် ၁၂-ပါး ဝတ္ထုများ

(ဝဋ်တော် ၁၂-ပါး)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

၁-ပဌမဝိပါက်တော်

မေး။ ဥရုဝေဋ္ဌ၊ တောရမြိုင်ခွင်။
ခြောက်နှစ်ပတ်လုံး၊ ကျင့်သုံးအရှင်။
အားကုန်ခန်းလို၊ ညှိုးနွမ်းငြိုငြင်။
ပင်ပန်းရေး၊ ဝဋ်ကြွေး ဘယ်ကြောင့်တင်။

ဖြေ။ ကဿပဖျား၊ ထင်ရှားပွင့်သော်။
ဇောတိပါလ၊ နာမအကျော်။
ပုဏ္ဏားမာန်တက်၊ နှုတ်မြွက်အာဘော်။
ဝစီပြင်း၊ ရှေးရင်းဝိပါက်တော်။

မေး။ ဥရုဝေဋ္ဌတော၌ မြတ်စွာဘုရားသည် ပင်ပန်း ဆင်းရဲစွာ ၆-နှစ် တိုင်အောင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်ရသည်မှာ အဘယ် ဝဋ်ကြွေး ကြောင့်ပါနည်း။

ဖြေ။ ကဿပဘုရား ထင်ရှား ပွင့်တော်မူစဉ်အခါတွင် ငါတို့ မြတ်စွာဘုရား အလောင်းတော်သည်

ဇောတိပါလ အမည်ဖြင့် ပုဏ္ဏားမျိုးဌ ဖြစ်၍ ကာယပမြတ်စွာဘုရားအား နှုတ်မြွက်၍ ပြစ်မှားခဲ့မိသောကြောင့် ဘုရားဖြစ်တော်မူသည့် ဘဝဌ ခြောက်နှစ်တိုင်အောင် ဒုက္ခရစရိယာကို ဆင်းရဲပင်ပန်းစွာ ကျင့်ခဲ့ရခြင်းဖြစ်ပါသည်။

ပဌမဝိပါက်တော်ဝတ္ထု

ကာယပမြတ်စွာဘုရား ပွင့်တော်မူသော အခါ ဂေါတမဘုရားအလောင်းတော်သည် ဇောတိပါလ အမည်ရှိသော ပုဏ္ဏားဖြစ်ခဲ့သည်၊ အမျိုးကလည်းကောင်း ပညာကလည်း ခွန်၊ ဥစ္စာပစ္စည်းကလည်းအလွန်ပေါများသဖြင့် လောကတွင် ငါလိုလူ ဇမ္ဗူမှာရှိသေးသလား ဟူသည့်သဘောဖြင့် မာနတက်မ်းခွန် အလွန်မြင့်မောက်နေသူဖြစ်သည်။ ကာယပ ဘုရားရှင်သည် ခြောက်ရက်မျှ ဒုက္ခရစရိယာအကျင့်ကို ကျင့်တော်မူပြီး သဗ္ဗညုတညာဏ်ကိုရ၍ ဘုရား ဖြစ်တော်မူလာသောကြောင့် လူရှင်အပေါင်းတို့က သောင်းသောင်းဖျဖျ ကာယပဘုရား၏ဂုဏ်တော်ကို ချီးမွမ်းပြောဆိုနေကြ၏။ ထိုသို့ကာယပဘုရားရှင်အား ရဟန်းရှင်လူတို့က ချီးမွမ်းအံ့သြပြောဆိုသံကို ကြားသောအခါ အလောင်းတော်ဇောတိပါလက "သည်ရဟန်း ဦးပြည်းဟာ ခြောက်ရက်မျှဒုက္ခရစရိယာအကျင့်ကို ကျင့်ရုံနှင့်အဘယ်မှာ ဘုရားဖြစ်နိုင်ပါအံ့နည်း၊ ဘုရားဖြစ်ဘို့အကျင့်ကိုလွယ်သည်ဟုမထင်ကြနှင့် အကယ်၍သာ ဌါသာ

ဘုရားဖြစ်ခဲ့ပါလျှင် ခြောက်ရက်မက ခြောက်နှစ် တိုင်တိုင် ကျင့်နိုင်ပါတယ်'' ဟုကဲ့ရဲ့လိုသည့်သဘောဖြင့်နှုတ်မြွက်ပြောဆို ကဲ့ရဲ့ခဲ့လေသည်။

ထိုသို့ ကဲ့ရဲ့ခဲ့သော အကုသိုလ်ကံ အပြစ်ကြောင့် ယခု ဘုရား ဖြစ်တော် မူသော ဘဝတွင် တောထွက်တော် မူပြီး ဥရုဝေလတော၌ ကျင့်ကြံ အားထုတ်ရာ တနေ့လုံးကို ဆွမ်း တလုတ်ဖြင့်သာဂင်း သစ်သီး တလုံးဖြင့်သာဂင်း နှမ်းတစေ့ ဆန်တစေ့ဖြင့် သာဂင်း နောက်ဆုံး အာဟာရကို အယျဉ်း မမှီဝဲ မသုံးဆောင်ဘဲ ဖြတ်ခြင်းစသည်ကို ပြု၍ဂင်း ကျင့် တော်မူသဖြင့် ခန္ဓာကိုယ်သည် အလွန်ကြုံလှီရကား လက္ခဏာ တော်ကြီး လက္ခဏာတော်ငယ်များ ကွယ်ပျောက်ခဲ့၏။

အာဟာရကို မှီဝဲခြင်း နည်းပါးသောကြောင့် အာနာ ပါန စျာန်ကိုပင် မဝင်စားနိုင်ဘဲ စင်္ကြံဦး၌ လဲ၍ပင် နေခဲ့ သည်၊ ထိုနောက်မှ ငါသည် အာဟာရကို မျှစေလျက် ခွန် အားဗလကို ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ,ဝီရိယနှင့် သမာဓိကို မျှတစွာ ရှိစေအံ့ဟု ကြံပြီး ထိုထိုမြို့ရွာသို့ ချဉ်းကပ်လျက် ဆွမ်းဘုဉ်းပေးတော် မူလျက် အားထုတ်တော်မူမှ သဗ္ဗညုတ ဉာဏ်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော် မူခဲ့သည်၊ ဤသို့ လျှင် အလောင်းတော် ဘဝက နှုတ်မြွက်၍ ကဲ့ရဲ့ခဲ့သော ကြောင့် ယခု ဘုရားဖြစ်တော်မူသော ဘဝ၌ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော် မူရသည်။

၂-ဒုတိယ ဝိပါက်တော်

မေး။ စိဉ္ဇမာဏ၊ မိန်းမစေကျွန်။
ကိုယ်ဝန်ရှိသော၊ ဆိုပြောအလွန်။
လက်သယ်ထားလို၊ ဘုရားကိုညွှန်။
စွပ်စွဲခဲ့၊ အဘယ့်ဝိပါက်ဝန်။ ။

ဖြေ။ သောက်စားလွန်ကြူး၊ ယစ်မူးပျော်ရွှင်။
သေသောက်သမား၊ ဖြစ်ငြားယခင်။
ရဟန္တာမြတ်၊ ဆွမ်းရပ်သည်မြင်။
အကျင့်ယုတ်၊ ဖွင့်ထုတ်စွပ်စွဲအင်။ ။

မေး။ မြတ်စွာဘုရားသည် ပရိသတ်တို့အား တရားဟောနေစဉ် စိဉ္ဇမာန မိန်းမယုတ်သည် ကိုယ်ဝန် အရင့်အမာရှိဟန် ဆောင်လျက် မြတ်စွာဘုရားနှင့် ကျူးလွန်ပြစ်မှား၍ ကိုယ်ဝန် ရသည်ဟု လူပုံအလယ်တွင် စွပ်စွဲခံရ သည်မှာ အဘယ်ဝဋ္ဌကြွေးကြောင့် ပါနည်း။

ဖြေ။ ဘုရားအလောင်းသည် သေရည်သေရက်သောက်စားလွန်ကြူးသော အရက်သမားဘဝဖြစ်စဉ်တွင် ဆွမ်းခံကြွလာသော ရဟန္တာမြတ် တပါးအား စွပ်စွဲ ကဲ့ရဲ့ခဲ့သောကြောင့် ဘုရား ဖြစ်တော်မူသည့် အခါတွင် စိဉ္ဇမာန မိန်းမယုတ်၏ စွပ်စွဲခြင်းကို ခံရခြင်း ဖြစ်ပါသည်။

ဒုတိယ ဝိပါက်တော် ဝတ္ထု

ရှေးအခါက ဘုရားလောင်းသည် မကောင်းသော ကံကြောင့် ဆင်းရဲနွမ်းပါးသော သူဆင်းရဲ အမျိုးဌာ ဖြစ်ခဲ့၏၊ အတတ်ပညာလည်း မရှိ အပေါင်းအသင်းလည်း မကောင်းသဖြင့် လူကောင်းသူကောင်း လက္ခဏာ လုံးဝမရှိဘဲ လယ်ပတ် သောက်စား ပျော်ပါး လေလွင့်ပြီး သေသောက်ကြူးသော အရက်သမား ဖြစ်ခဲ့သည်၊ အရက်သမား ဖြစ်သောကြောင့် ပြောချင်သော စကားကို အဆီးအတား မရှိ အရမ်းမဲ့ ပြောတတ်သော အကျင့်ရှိလေရာ တနေ့တွင် နန္ဒ အမည်ရှိသော ရဟန္တာမြတ် တပါးသည် ဆွမ်းခံ ကြွတော် မူလာသည်ကို ဘုရားလောင်း အရက်သမား မြင်သော အခါ လွန်စွာ မူးယစ် နေသောအခိုက် မိုက်စိတ်တွေ့ လွှမ်းမိုးနေသဖြင့် "သည် ရဟန်းကြီးမှာ သီလသီက္ခာ မရှိဘူး၊ အယုတ်တမာကြီး ဒုဿီလ ပုဂ္ဂိုလ်ကြီး လူမျှားကဲ့သို့ ကာမဂုဏ်ကို ခံစားနေသော သူယုတ်မာကြီး" စသည်ဖြင့် နက်နက်နဲနဲ စွပ်စွဲပြောဆိုလေသည်။

ယင်းသို့ နက်နဲက်နဲနဲ စွပ်စွဲပြောဆိုခဲ့သော အကုသိုလ်ကြောင့် အပါယ်ဝရဲမှာ ကြာရှည်စွာ ကျရောက်ခဲ့ပြီးနောက် ဝရဲကလွတ်၍ လူ့ပြည်ရောက်၍ လူဖြစ်လာသော အခါ သူတပါး၏ စွပ်စွဲခြင်းကို ကြိမ်ဖန်များစွာ ခံစားခဲ့ရ၏။

နောက်ဆုံး ဂေါတမမြတ်စွာဘုရား ဖြစ်တော်မူ လာသော အခါ စိဠုမာဏဗိန်းမယုတ်၏ ပရိသတ်အလယ်မှာ ရှက်ကြောက်စဘွယ် အကြီးအကျယ် စွပ်စွဲခြင်းကို ခံရသည်။ စွပ်စွဲပုံမှာကား မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန်ဇေတဝန် ဥယျာဉ်ကျောင်းဌာ ကိန်းအောင်း မြေလျှောနေတော်မူသောအခါ ဘုန်းလာဘ်သပ်ပကာ လွန်စွာကြီးမား၍ တိတ္ထိတို့မှာ ဘုန်းကံ နည်းပါး ကြည်ညိုသူနည်းပါးလှသဖြင့် စားရမဲ့ သောက်ရမဲ့ဖြစ်ကာ အကြပ်အတည်းဖြင့် ရင်ဆိုင်နေကြရ၏။ မြို့သူမြို့သား လူအများတို့သည်လည်း ရှေးကကဲ့သို့ တိတ္ထိဂိုဏ်းသားတို့အား ကြည်ညိုကိုးကွယ်ခြင်း မရှိကြတော့ပေ။ ထိုအခါ တိတ္ထိဂိုဏ်းဆရာကြီးတို့သည် ဤသို့ စည်းဝေးတိုင်ပင်ညှိနှိုင်းကြကုန်၏။

"ဂေါတမဘုရား ပွင့်တော်မူလာချိန်မှစပြီး ငါတို့မှာ လာဘ်လာဘများ ချောက်ခန်းပြီး ပင်ပန်း ဆင်းရဲကြရကုန်သည်၊ ငါတို့၏တပည့် တကာတကာမတို့ သည်လည်း ရှင်ဂေါတမ၏ဂိုဏ်းထဲဝင်ကုန်ကြပြီ၊ ရှင်ဂေါတမကို သ်ိလေ့ကျင့်အပြစ်မျိုး လူအများထင်အောင် ကြံဆောင်၍ ဟော်ပြနိုင်လျင်ဖြင့် ငါတို့ဂိုဏ်းကို ရှေးကကဲ့သို့ ကြည်ညိုသူ ပေါများပြီး အစားအသောက် ချောင်လယ်လာတို့ ရှိချေသည်၊ ငါတို့၏အကြံ အောင်ရေးအတွက် ကြံဆောင်နိုင်သူကား ငါတို့ရဲ့တပည့်မ စိဠုမာဏဝိကာ ဖြစ်သည်၊သူမကား ချော

မော လှပသူဖြစ်သည်၊ မနှီးကျည်းပင်မှ သံသေဒဇအားဖြင့် ဖြစ်ပွားလာသောကြောင့် သူမ၏ ဂုဏ်သတင်းဟာ သာဝတ္ထိ မြို့အတွင်းမှာ တသင်းသင်းပျံ့နှံ့၍ ထင်ပေါ်ကျော်ကြား လှုသိမျှားသူလေးလဲဖြစ်သည်။

ငါတို့ရဲ့တပည့်မ အရင်းအချာဖြစ်သောကြောင့် ငါတို့ စေခိုင်းလျှင် မဆိုင်းမတွ လိုက်နာဆောင်ရွက် ငါတို့အတွက် အသက်ပေးလုပ်ကိုင်မည့်သူကလေးလဲဖြစ်သည်၊ ထို့ကြောင့် စိဥ္စမာဏကို ဂေါတမဘုရားနှင့် ယုတ်ပတ်၍ အဟုတ် အဟတ်အမျှားထင်အောင် ကိုယ်ဝန်ဆောင်တဲ့အသွင် ဝမ်း ဗိုက်ကို ပြုပြင်ပြီး ပရိသတ်အလယ်၌ မည်သူ့မျက်နှာကိုမှ မထောက်ဘဲ ဝုံဝုံရဲရဲအစွပ်စွဲခိုင်းရလျှင် ဂေါတမ ဘုရားရှင် သည် လူပုံအလယ်တွင် အရှက်တကဲ့အကျိုးနဲ့ဖြစ်ပြီး ဗိုင်းဗိုင်း လဲမှာ သေချာသည်။ ထိုအခါတွင် ဂေါတမ၏ ဂုဏ်အသရေ များ ညှိုးနွမ်းပြီး ငါတို့အား လူတွေ့ကြည်ညိုအားကိုးလာ သဖြင့် လာဘ်မိုးကြီးရွာလာမည် အမှန်ဖြစ်သည်” ဟု ကိုင် ပင်ကြသည်ကို တိတ္ထိအားလုံးသဘောတူကြသဖြင့် စိဥ္စမာဏ ကို ခေါ်ပြီးလျှင် သွန်သင်နည်းပေးလျက် သစ်ခုံးကြီးတချပ် ကို ဗိုက်မှာကပ်စေပြီး အပြင်က ဝတ်စားတန်ဆာ ဆင်ပြီး လျှင် ဂေါတမဘုရား ပရိသတ်လေးပါးအလယ်တွင် တရား ဟောနေခိုက် အမိုက်မဂလေး စိဥ္စမာဏကို လှတ်လိုက်ကြ ကုန်၏။

စိဠုမာဏသည်လည်း သွန်သင်အားပေး စေခိုင်းလိုက်သည့်အတိုင်း မိုက်မိုက်ရိုင်းရိုင်းဖြင့် ပရိသတ်အတွင်းသို့ ဝင်လာလျက် "ရှင်ဂေါတမ၊ ရှင့်မှာဖြင့် တရားဟောလို့ကောင်းနေသပေါ့၊ ကျွန်မမှာတော့ ရှင့် ကိုယ်ဝန်ကြီးက မွေးဖွားကာနီးနေပြီမို့ မီးနေအိမ်ရဘို့အရေးကြီးတယ်၊ရှင့်ကို ကြည်ညိုသူတွေကလဲ ပေါမျှဝေးပါရဲ့၊ ကောသလမင်းကြီးတို့၊ အနာထပိဏ်တို့၊ ဝိသာခါတို့မှစ၍ မင်းစိုးရာဇာ တကယ် လူချမ်းသာတွေပါဘဲ၊ ကျွန်မအရေးကိုလဲ တဆိတ်ကလေးလောက် ကြောင့်ကြစိုက်ပါအုံး" ဟု၍ ရက်ရက်စက်စက် မိုက်တွင်းနက်စွာ စွပ်စွဲပါတော့သည်။ ထိုအချိန်တွင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြသဖြင့် သိကြားမင်းသည် လူ့ပြည်ကို ဆင်ခြင်ကြည့်ရှုသတိပြုတော်မူလတ်သော် ထိုအကြောင်းကိုသိသဖြင့် နတ်သား ၂ယောက်တို့ကိုစေခိုင်း၏။ "သင်နတ်သား ၂ ယောက်တို့ အနက် တယောက်က ကြွက်ယောင် ဖန်ဆင်း၍ စိဠုမာဏ မိန်းမယုတ်၏ မဟုတ်မဟတ် လုပ်ဇာတ်ဖြစ်သော ဗိုက်ကပျဉ်ချပ်ကို ကိုက်ဖြတ်လော့၊ တယောက်က လေပွေမှုတ်လျက် အပေါ်ရုံအဝတ်တို့ကို တိုက်လှဉ့်ပစ်လော့" ဟု စေခိုင်းလိုက်သည့်အတိုင်း နတ်သားများပြုလုပ်သောအခါ ဗိုက်မှာကပ်ထားသော ပျဉ်ချပ်ပြား ကျွတ်ကျပြီး ခြေပေါ်သို့ကျလျက် အပေါ်က ဝတ်ဆင်ထားသော အဝတ်များလည်း လေလွှင့် ကွာကျလေ၏။

ထိုအခါ တရားနာပရိသတ်ထဲမှ ပုထုဇဉ်ပရိသတ်များက ဟယ် အယုတ်တမာမ၊ သင်သည် ဘုရားရှင်ကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲဘိ၏ဟု ရိုက်ပုတ်ကြလျက် တရားဟောသဘင်မှ ဆွဲထုတ်ကြကုန်၏။ ထို့နောက် မကြာခင် လူတို့မြင်ရာအရပ် ကျော်လွန်သောအခါ စိဉ္ဇမာဏမိန်းမယုတ်အား မြေမျိုသွားလေတော့သည်။ ထိုအခါန်မှစ၍ တိတ္ထိတို့မှာ သာ၍ပင် ဂုဏ်သတင်းညှိုးပြီး တန်ခိုးမဲ့ကာ လာဘ်သပ်ပကာ ခြောက်ခန်း ပင်ပန်းဆင်းရဲကြလေတော့သည်။

၃-တတိယဝိပါက်တော်

မေး။ တိတ္ထိစေခိုင်း မိုက်ရိုင်းဒုဿီ
ထင်ယောင်ထင်မှား ပြုငြားသုန္ဒရီ။
လူရှင်အပေါင်း ယုံကြောင်းပွေလီ၊
ရှင်တော်ထွတ် ဘယ်ဝဋ္ဌရှေးကမှီ။

ဖြေ။ မုနာဋ္ဌိဟု မည်ရှိလောင်းတော်၊
မောက်ကြွားမှောက်မှား၊သောက်စားအပျော်။
ရှင်ပစ္စေက ဗုဒ္ဓမြင်သော်
ဒုဿီဘဲ စွပ်စွဲ ဝဋ္ဌကြွေးပေါ်။

မေး။ တိတ္ထိများ၏ ခိုင်းစေချက်အရ သုန္ဒရီ ပရိဗိုဇ်မသည် ဘုရားရှင်အား မဟုတ်မထရား စွပ်စွဲ

ပြောကြားခြင်းကို မြတ်စွာဘုရား ခံတော်မူရ
သည်မှာ အဘယ်ဝဋ္ဌကြေးကြောင့်ပါနည်း။
ဖြေ။ ဘုရားလောင်းသည် မုနာဠိမည်သော အရက်
သမားဖြစ်စဉ်က ပစ္စေကဗုဒ္ဓါ တပါးကို စွပ်စဲ
ပြောဆိုခဲ့သောကြောင့် ယခု ဘုရားဖြစ်တော်မူ
သောအခါ၌ သုန္ဒရီ ပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို
ခံရခြင်း ဖြစ်ပါသည်။

တတိယဝိပါက်တော်ဝတ္ထု

ရှေးအခါက ဘုရားအလောင်းသည် မကောင်းသောကံ
ပိစီးသဖြင့် ဗာရာဏသီပြည်ကြီးမှာ ပစ္စည်းမဲ့မဲ့ မုနာဠိမည်
သော သူဆင်းရဲဖြစ်ပြီးလျှင် သေရေသောက်စား အရက်
သမားဖြစ်လေသည်၊ ပစ္စည်းနှင့်ပညာ အလိမ္မာကို ရှာမှီးခြင်း
မပြုဘဲ အချိန်ရှိသမျှ မူးယစ်လျက် ပျော်မြူး လွှင့်ပါးခဲ့သော
အချိန်ဖြုန်းလျက်ရှိ၏၊ ဝန်ဆောင်သောအခါ သုရာဘိမည်သော
ရှင်ပစ္စေကဗုဒ္ဓါ တပါး ဆွမ်းခံကြွလာသည်ကို မြင်ပေသော
သရေခံပြောင်လျောင်လျက် "ဘုန်း—မိတ်ဆွေအပေါင်းတို့ ဘုန်း
နှားကြီးလက်ဆဲလျက် ဦးပြည်းရဟန်းလာတယ်၊ မိမိကိုယ်တိုင်
လုပ်ကိုင်ရှာဖွေမစားဘဲ သူတပါးချက်ပြုတ်ပြီးသားကိုအခြိမ်း
စား အသာကလေး အညှဉ်းခံပြီး စားသောက်တယ်၊ တရား
မရှိတဲ့ သီလမဲ့ကြီးဖြစ်တယ်၊ လူမမြင်ကွယ်ရာမှာ ကာမဂုဏ်

ကို တိတ်တိတ်ပုန်း ခံစားပျော်ပါးပြီး လူရှေ့မှာ သူတပါးတို့လှူချင်အောင် ဣန္ဒြေကြီးတခဲ့သားနှင့် ဟန်ဆောင်လာတယ်" ဟူ၍ နှုတ်မြွက်ကာ အရက်သမားပီပီ ဘရမ်းဘတာ စွပ်စွဲခဲ့လေ၏၊ ဤသို့စွပ်စွဲသော ဝစီကံ အတွက်ကြောင့် အနှစ်ဘထောင်တိုင်အောင် ငရဲ၌ခံရပြီး ငရဲမှလွတ်၍ ဇူဖြစ်လာပါသော်လည်း သူတပါးတို့၏ စွပ်စွဲခြင်းကို အကြိမ်ကြိမ်ခံရလေသည်။ နောက်ဆုံး ဘုရားဖြစ်တော် မူသောအခါတွင် ပင်လျှင် သုန္ဒရီပရိဗိုဇ်မ၏ ထင်ယောင် ထင်မှားဖြစ်အောင် စွပ်စွဲခြင်းကို ခံတော်မူရပြန်လေသည်။

စွပ်စွဲခံရပုံမှာကား— မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်မှန် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူသောအခါ တိတ္ထိတို့မှာ လာဘ်ပူဇော် သက္ကာရများ ပါးရှားလျက် တန်ခိုးမှိန်လျက်ရှိရကား- တနေ့တွင် တိတ္ထိများစုရုံးပြီး စည်းဝေးတိုင်ပင်ကြသည်၊ "ဂေါတမဘုရားပေါ်လာတဲ့အတွက် ငါတို့မှာ အခက်ကျွေရပြီး ဂေါတမဘုရားဂုဏ်သတင်းပျက်အောင် တနည်းနည်းဖြင့် ဖျက်ဆီးမှဖြစ်တော့မည်၊ ငါတို့တပည့်မ သုန္ဒရီ ပရိဗိုဇ်မလေးဟာ အချောအလှမှာ ပြောစရာမရှိအောင် လှပချောမောသူလေးဖြစ်သည်၊ သုန္ဒရီမလေးကို ရှင်ဂေါတမနှင့် တင်ယောင်တင်မှားဖြစ်အောင် ကြံဆောင်ရလျှင်ဖြင့် ဂေါတမ၏ဂုဏ်တန်ခိုးဟာ ညှိုးနွမ်းသွားမည် အမှန်ဖြစ်သည်။ ထို့ကြောင့် သုန္ဒရီ

မကို မိန်းမပရိယာယ်ဖြင့် လည်ဆယ် ဥာဏ်အဆင်ခိုင်းရလျှင် သင့်မည်''ဟု စည်းဝေးတိုင်ပင်ကြကာ တိတ္ထိဆရာကြီးများ သည် သုန္ဒရီမလေးကိုခေါ်ကာ ယုတ်မာတဲ့နည်းကို သွန်သင်ပြသပေးကြကုန်၏။

ထိုအခါ သုန္ဒရီမလေးကလည်း တိတ္ထိကြီးများ၏ ခိုင်းစေချက်အတိုင်း ပြုလုပ်ရန်ဝန်ခံလျက် နေဝင်ရီတရောမမှောင့်တမှောင်တွင် ဇေတဝန်ကျောင်းတော်သို့ သွား၍ ညဉ့်အခါ သင့်လျော်ရာမှာ အိပ်ပြီး နံနက်စောစော ထ၍ ဇေတဝန်ကျောင်းတော်အနီးက ပြန်လာသည်၊ ဤသို့ ဆဲလေးငါးရက်ခန့် လှုံ့ဆော်ပြု၍နေသည်ကို လူအများကမြင်၍မေးသောအခါ ''သုန္ဒရီအမိုက်မက ရှင်ဂေါတမ၏စံရာ မဟာဂန္ဓကုဋီတိုက်တော်သို့ဝင်ပြီး တညည့်လုံး ပျော်ပျော် အိပ်အောင်မောင်တော်ဘုရားကို ဖြေဖျော်လို သိပ်ရပါတယ်''ဟု၍ မိုက်မိုက်ရိုင်းရိုင်း စွပ်စွဲစကား ပြောကြားလေသည်၊ မြတ်စွာဘုရားသည်ဤသို့သောစွပ်စွဲခြင်းကို ခံတော်မူရရှာသည်။

၄။ စတုတ္ထဝိပါက်တော်

မေး။ သုန္ဒရီမိုက် သတ်လိုက်လေရာ၊
တိတ္ထိအသင်း သတင်းလွှင့်ကာ
တပည့်များနှင့် ဘုရားကိုသာ၊
လူအများ ယုံမှားဘယ်တွက်တာ

ဖြေ။ လောင်းတော်ရသေ့၊ ပျော်မွေ့စံရာ။
ရသေ့တဦး၊ စျာန်မြူးကွန့်လာ။
ငြူစူစိတ်ဇော၊ မနောဣသာ။
ကျင့်ယုတ်ကြီး၊ နှုတ်သီးချွန်သည့်တာ။ ။

မေး။ သုန္ဒရီ ပရိဗိုဇ်မလေး အသတ်ခံရရာတွင်•ဘုရားနှင့် ဘုရား၏တပည့်များ သတ်သည်ဟု စွပ်စွဲခံရသည်မှာ အဘယ်ဝဋ္ဌကြွေးကြောင့် ပါနည်း။

ဖြေ။ ရှေးအခါက ဘုရားအလောင်းသည် ရသေ့ ဘဝဖြစ်စဉ် အခြားစျာန် အဘိညာဉ်ရ ရသေ့တဦး ကြွလာသည်ကို ငြူစူစိတ်ထားဖြင့် ပြစ်မှားပြောဆိုခဲ့ မိသောကြောင့် ယခုဘဝတွင် သုန္ဒရီမလေး အသတ် ခံရခြင်း၌ မဟုတ်မမှန် လုပ်ကြံ စွပ်စွဲခြင်းကို ခံရပါသည်။

စတုတ္ထဝိပါက်တော် ဝတ္ထု

ရှေးအခါက ဘုရားအလောင်းသည် ပစ္စည်းဥစ္စာ ပညာ လောက်လုံ လောကီဂုဏ် အများနှင့် ထင်ရှားကျော်ကြား၍ လူအများ၏ ပူဇော်ခြင်းကို ခံရသော ပုဏ္ဏားတဦး ဖြစ်လေသည်၊ တနေ့သော အခါ သံဝေဂ ရသဖြင့် တောထွက်ပြီး စျာန်သမာပတ် တို့ကို အားထုတ်လေရာ ထင်တိုင်း မပေါက်သောကြောင့် မြို့အနီးသို့ ပြန်လာလျက် မဟာဝုန် တောအုပ်

ဘုင် ပညာသင်ကျောင်းကြီး တည်ထောင်၍ တပည့်ပေါင်း ငါးရာ တို့ကို ပညာ အမျိုးမျိုးကို သင်ကြား ပေးနေ၏၊ ထိုအခါတွင် ဟိမဝန္တာတောမှ စျာန် အဘိညာဉ်ရ ရသေ့ တပါးသည် ထိုမြို့သို့ ရောက်လာလေရာ မြို့သူမြို့သားအပေါင်း တို့က လှဘုယ်ဝတ္ထု အမျိုးမျိုးဖြင့် လှူဒါန်း ပူဇော်ကြကာ မျှားစွာ ကြည်ညိုကြ ကုန်၏၊ အလောင်းတော် ရသေ့မှာ ငြူစူဣဿာ မံနာလို ဝန်တိုဖြစ်ပြီး ထိုရသေ့ကို လူမျှား အကြည်ညိုပျက်အောင် မိမိတပည့်မလေး တယောက်ကို ချီး မြှောက် သင်ကြား၍ စျာန်ရသော ရသေ့နားသို့ ထွက်ဝင် သွားလာစေလျက် ရသေ့ကြီးနှင့် ပျော်ပါး လေဟန် စွပ်စဲ့ ခိုင်း၏။

မိမိကိုယ်တိုင်စျာန်ရရသေ့ကြီး၏ မကောင်းသော သတင်း မျှားကို လွှင့်လျက် သီလမရှိသော ဒုဿီလ ပုဂ္ဂိုလ်ကြီးဟု စွပ်စဲ့ရုံသာမက မိမိတပည့်မျှားကိုပါ မကောင်းသတင်းလွှင့် အောင် သည်ပေးပြီး စေခိုင်းတိုက်တွန်း ခဲ့သည်၊ ယင်းသို့ စွပ်စဲ့ခဲ့သော အကုသိုလ်ကြောင့် အပါယ်ငရဲ၌ နှစ်ပေါင်း တထောင် တိုင်အောင် ခံစားရပြီး နောက် ငရဲမှလွတ်၍ လူ ဖြစ်ပြန်သော အခါတွင်လည်း သူတပါးတို့၏ စွပ်စဲ့ခြင်းကို အကြိမ်ကြိမ် ခံခဲ့ရလေသည်၊ နောက်ဆုံး ဘုရားဖြစ်သော အခါတွင် သုန္ဒရီမလေး အတွက် တပည့်ရဟန်းတော် ငါးရာ နှင့်အတူ စွပ်စဲ့ခြင်းကို ခံတော် မူရလေသည်။

စွပ်စွဲခံရပုံကား တိတ္ထိဂိုဏ်းသားများသည် ဘုရားရှင်ကို သတင်းပုပ်အောင် သုန္ဒရီ မိန်းမယုတ်ကို ညတိုင်း ညတိုင်း ဘုရားရှင်နှင့် ထင်ယောင်ထင်မှား ဖြစ်အောင် စေလွှတ်ပြီး နောက် သေသောက်ကြူး အရက်သမား များကို ရွှေ ငွေ ဘဏ္ဍာများစွာ ပေးလျက် သုန္ဒရီမကို အသတ်ခိုင်း ကြကုန်၏၊ အရက်သမား များကလည်း ရွှေ ငွေ ဘဏ္ဍာ များစွာ ရသဖြင့် သုန္ဒရီမကို သတ်ကြကုန်၏၊ သုန္ဒရီမ အလောင်းကို ဇေတဝန် ကျောင်း၏ အနီးအပါး ပန်းချုံ ကြားတွင် သိုဝှက်၍ ထား ကြပြီး တိတ္ထိများသည် သုန္ဒရီ သေကြောင်း အလောင်းကိုပင် ရှာ၍ မတွေ့ကြောင်း ကောသလ မင်းကြီးထံ တိုင်တမ်းကြ ကုန်၏၊ တိတ္ထိဂိုဏ်းကို ကြည်ညိုသော တိုင်းသူပြည်သား တို့ကလည်း ဆူဆူပူပူ လုပ်ကြပြီး "အလောင်းကို တွေ့အောင် ရှာ၍ လက်သယ် တရားခံ ပေါ်အောင် စစ်ဆေးပါ" ဟု မင်းကြီးကို လျှောက်ထားကြ ကုန်၏။

ကောသလမင်းကြီးသည်လည်း သုန္ဒရီ သေတဲ့အတွက် တိုင်းပြည်ပျက်တော့မတတ် ဆူဆူပူပူ ဖြစ်လာသောကြောင့် အရေးယူပြီး လူပေါင်းများစွာကို စေလွှတ်၍ရှာဖွေစေသော အခါ ဇေတဝန် ကျောင်းတော်အနီး ပန်းချုံအတွင်း စင်းစင်း ကြီးသေနေသော သုန္ဒရီ၏ အလောင်းကိုတွေ့လေသည်၊ မတွေ့ တွေ့အောင်တိတ္ထိကြီးများက ရှေ့ဆောင်လုပ်ပြီးရှာသဖြင့်တွေ့ ခြင်းဖြစ် သည် ထိုအခါတိတ္ထိများသည် အခွင့်ကောင်းယူလျက်

"သုန္ဒရီ အချော်အလှနှင့် ဂေါတမသည် ပျော်ချင်တိုင်း ပျော်ပါးပြီအမှုသွား ထင်ရှားမှာကြောက်လို့တပည့်သံဃာများနှင့် တိုင်ပင်၍ လူမသိအောင် တိတ်တိတ် သတ်ပစ်ခြင်းဖြစ်သည်" ဟု တိတ္ထိများက သတင်းလွှင့်ကြကုန်၏၊ အချို့ ပုထုဇဉ်များက ဘုရားရှင်နှင့် သံဃာများအပေါ် ယုံမှားသံသယ ဖြစ်ကြကုန်၏။

ကောသလမင်းကြီးသည် လူသတ်တရားခံ ပေါ်အောင် စုံထောက် သူလျှို အမျိုးမျိုး လွှတ်၍ စုံစမ်းသော အခါ လူသတ်သမား လူဆိုး အရက်သမားများကိုပင် ဖမ်းဆီးရမိလေသည်။ သုန္ဒရီကို သတ်ပြီးနောက် တိတ္ထိဆရာကြီးများ ပေးသောငွေများကို ခွဲဝေကြရာတွင် အဝေမတွဲကြသဖြင့် အချင်းချင်း ရိုက်နှက် သတ်ပုတ်ကြသည်ကို စုံထောက်များ သိရှိ၍ ဖမ်းဆီးရမိခြင်း ဖြစ်လေသည်၊ ထိုအခါ လူသတ်တရားခံ အရက်သမားများကို ကောသလမင်းထံ ဖမ်းဆီးခေါ်ဆောင်၍ စစ်ဆေးလေရာ တိတ္ထိဆရာကြီးများက ငွေပေး အသတ်ခိုင်း၍ သတ်ခြင်းဖြစ်ကြောင်း လူသတ်သမားများက ဖြောင့်ဆို ဝန်ခံကြကုန်၏။

အရက်သမားများက အမှုကို ဖေါ်လိုက်သောအခါ ကောသလမင်းကြီးက "ယုတ်မာတဲ့ တိတ္ထိဆရာကြီးများကို တပည့်လက်သားများနှင့်တကွ ဖမ်းစေ"ဟု အမိန့်ထုတ်ပြီး

လျှင် "မြတ်စွာဘုရား တန်ခိုးမိုန်အောင် ငါတို့ကိုယ်တိုင် သုန္ဒရီကိုသတ်၍ ထင်ယောင်ထင်မှား ဖြစ်စေရန် လုပ်ခြင်း ဖြစ်သည်။ ဘုရားနှင့် တပည့်သားများမှာ အပြစ်မရှိ" ဟု တိတ္ထိများကိုယ်တိုင် ကြွေးကြော်ရန် အမိန့်ထုတ်သည့်အတိုင်း တမြို့လုံးကို မောင်းကြေးနင်း ခတ်၍ ကြွေးကြော်မှု မြို့သူ မြို့သားအားလုံး ယုံမှားသံသယ ကင်းရှင်းသွားကြကုန်၏၊ ကောသလမင်းကြီးသည် တိတ္ထိဆရာကြီးများနှင့် လူသတ်တရားခံ အရက်သမားတို့ကို သတ်မိန့်ပေးလိုက်လေသတည်း။ ဤသို့လျှင် ဘုရားရှင်သည် အလောင်းတော်ဘဝက ရင်သွေ့တပါးအား စွပ်စွဲခဲ့ဘူးသောကြောင့် ယခုဘဝတွင် ဤကဲ့သို့ စွပ်စွဲခြင်းကို ခံရခြင်းဖြစ်သည်။

၅-ပဉ္စမ ဝိပါက်တော်

မေး။ ဝေဘာတောင်စောင်း ကျောက်မောင်းဆင်ကာ
ဒေဝဒတ်ယုတ်၊ ခလုတ်အသာ။
သူဖြုတ်ချလို့၊ ဗုဒ္ဓခြေမှာ။
ကျောက်လွှာငြိ၊ ဒဏ်ထိဘယ်ဝဋ်ပါ။ ။

ဖြေ။ သူကြွယ်မျိုးဇာတ်၊ ဖြစ်လတ်တုံချေ။
ညီကိုလှည့်ဖြား၊ ခေါ်သွားသလေ။
ကျောက်နှင့်ဖိညှပ်၊ ထုသတ်ကြိတ်ချေ။
ကျောက်ဝိပါက်၊ အဆက်ပါခဲ့ပေ။ ။

မေး။ ဒေဝဒတ်သည် ဘုရားရှင်အား ဝေဟာရတောင်စောင်းမှာ ကျောက်မောင်းဆင်ကာ ဖြုတ်ချသောအခါ မြတ်စွာဘုရား၏ ခြေမတော်ကို ကျောက်လွှာထိမှန်သဖြင့် နာကျင်စွာ ခံခဲ့ရခြင်းမှာ အဘယ်ဝဋ္ဌကြေးကြောင့်ပါနည်း။

ဖြေ။ ဘုရားလောင်းသည် သူကြွယ်မျိုးဌာဖြစ်စဉ်ကာလ မိမိ၏အဖေတူအမေကဲ့သို့ ညီအရင်းကို တောထဲသို့ခေါ်၍ ကျောက်တုံးနှင့် ထုနှက် ကြိတ်ချေသတ်ပုတ်လေခဲ့သောကြောင့် ယခု ဘုရားဖြစ်သောအခါတွင် ဝဋ္ဌခံရခြင်းဖြစ်ပါသည်။

ပဉ္စမဝိပါက်တော်ဝတ္ထု

ရှေးအခါက ဘုရားလောင်းသည် သူကြွယ်မျိုးဌာဖြစ်သောအခါ အဖေတူအမေကဲ့သို့တယောက်ရှိလေသည်၊ မိဘ ၂-ပါး ကွယ်လွန်သောအခါ ဥစ္စာပစ္စည်း၊ ကျွန်အလုပ်များ ခွဲဝေခြင်းနှင့်ပတ်သက်၍ အမေ့ခွဲဝေရန်ရှိရာ ညီငယ်အား လုံးဝခွဲဝေပေးလိုခြင်းမရှိဘဲ မိမိတဦးတည်း သိမ်းပိုက် ယူငင်လိုသောကြောင့် တနေ့တွင် ညီငယ်ကိုတောထဲသို့ ဖျားယောင်းခေါ်ငင်ပြီး ညီငယ်အား ကျောက်တုံးကြီးနှင့် ဖိညှပ်ကြိတ်ချေ၍ မသေမချင်း သတ်ပစ်ခဲ့လေ၏။ ဤ မကောင်းမှု

ကံကြောင့် သေပြီးသည့်နောက် ငရဲ၌ ကြာရှည်စွာခံရပြီး လျှင် ဘုရားလောင်းတော်သည် ယခုဘဝ၌ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့၏။

ဘုရားအဖြစ်သို့မရောက်မီ သေရိဝရွဲကုန်သည်ဘဝ့ကလည်း ဒေဝဒတ်သည် ဘုရားလောင်း၌ရန်ငြိုးဖွဲ့ခဲ့၏၊ ရှေးအခါက ဘုရားလောင်းသည် သေရိဝ ရွဲကုန်သည်ဖြစ်၍ လျှပ်ပေါ် လော်လည်သော ဒေဝဒတ်လောင်းရွဲကုန်သည်နှင့်အတူ အရိဋ္ဌ ပူရမည်သောမြို့သို့ဝင်၍ ရွဲများရောင်းကြရာ ဤမည်သောလမ်း ဤမည်သော အရပ်တို့သည် သင်၏လမ်းခရီး၊ ဤမည်သော လမ်း ဤမည်သောအရပ်တို့သည် ငါ၏လမ်းခရီးဟု ခွဲဝေ၍ ရွဲများကိုလှည့်လည်ရောင်းချသောအခါ အရိဋ္ဌပူရမြို့၌ သူဌေး အမျိုးတယောက်သည် ပျက်စီး၍ ဥစ္စာပစ္စည်းများနှင့် တက္ခ အားလုံးသော သား,မောင်,အမ စသူတို့ သေကြေပျက်ပြား သဖြင့် အဖွားနှင့်အတူ သမီးငယ်တယောက်သာ ကြွင်းကျန် ရစ်၏။

ထိုမြေးအဖွားနှစ်ယောက်တို့သည် သူတပါးတို့၏အခစား အငှါးလုပ်၍ အသက်မွေးရ၏။ ထိုအိမ်၌ သူဌေးကြီးသုံး ဆောင်ဘူးသော ရွှေခွက်သည် ရေအိုးကြား၌ ဝားသော် ကာလရှည်မြင့်ရကား ကြေးညှိများကပ်ငြီနေသဖြင့် ထိုမြေး အဖွားတို့သည် ရွှေခွက်ဟုမသိကြကုန်။

ထိုအခါ လျှပ်ပေါ်လော်လည်သော ရဲကုန်သည်သည် ရဲဝယ်ကြမလား၊ ရဲဝယ်ကြမလားဟု လှည့်လည် ဟစ်အော်လျက် ထိုအိမ်တံခါးသို့ရောက်သောအခါ ထိုသတို့သမီးငယ်သည် ရဲရောင်းသမားကိုမြင်လျှင် ဖွားအေအား ဤသို့ဆို၏၊ အို-အဖွား ကျွမအတွက် ရဲပုတီးတယဉ် ဝယ်ပေးပါဟုဆို၏၊ ဖွားအေလည်း ငါ့မြေး ငါတို့သည် ဆင်းရဲနွမ်းပါးကုန်သည်၊ အဘယ်ပစ္စည်းဖြင့်ငယ်မည်နည်းဆိုသော် သတို့သမီးငယ်သည် အို-အဖွား ကျန်မတို့အား ဤခွက်သည်ကျေးဇူးမျှား အသုံးမပြုတော့ပါ၊ ဤခွက်ဖြင့် ဝယ်ပါအုံ့ဟုဆို၍ ထိုခွက်ကို ရဲသမားအားပေး၍ "အမောင် ရဲကုန်သည် ဤခွက်ကိုယူ၍ သင့်နှမအားအနည်းငယ်သော ရဲပုတီးကိုပေးပါ" ဟု ဖွားအေ ဖြစ်သူကဆိုသော် ရဲကုန်သည်လည်း ရွှေခွက် ဖြစ်ရာသည်ဟု အပ်ဖြင့် ရေးခြစ်ကြည့်သောအခါ ရွှေခွက်ဖြစ်မှန်း သိသော အခါ ဤမြေးအဖွားတို့အား အနည်းငယ်ကိုမျှ မပေးဘဲ ဤရွှေခွက်ကို ငါဆောင်ယူအုံ့ဟု ကြံလျက် ဤခွက်သည် ပဲဝက် (၂-ပြားမှ)မျှ မတန်ဟုဆိုကာ မြေဌပစ်ချလျက် ထွက်သွားလေ၏။

ဘုရားအလောင်း ရဲကုန်သည်သည် ဤနည်းအတူ ရဲလည်ရောင်းလျက် ထိုအိမ်တခါးသို့ ရောက်သောအခါ သတို့သမီးငယ်သည် ရှေးအတူ ဖွားအေအား ဆိုပြန်ရကား ငါ၏ချစ်မြေး ယခင်ရှေးကလာသော ရဲသမားသည် ၂-ပြားမှမတန်ဟု

ဆိုကာ မြေဌပစ်ချထားပြီး ထွက်သွားလေသည် စသည်ဖြင့် ပြောဆိုလေလျှင် ယခင်သူကားကြမ်းတမ်းသည်၊ ဤသူကား ချစ်ဖွယ်သော အမြင်ရှိသည်၊ စကားလည်း နူးညံ့ချိုသာ၏၊ စင်စစ် ဤခွက်ကိုယူပါလိမ့်မည်ဟု သတ္တိသမီးငယ်ကဆိုသော ကြောင့် ရှေးကအတိုင်း ခွက်ကိုပေး၍ ရွဲပုတီးများကို ဝယ်သောအခါ ဘုရားလောင်းသည် ရွှေခွက်အဖြစ်ကို သိသဖြင့် အို-မိခင် ဤခွက်ကား အဖိုးတသိန်း ထိုက်ပါသည်၊ ကျွန်ုပ် လက်ဌ ထိုရွှေခွက်နှင့် ထိုက်တန်သောဥစ္စာ ရွဲပုတီးမရှိပါဟု ဆိုလေလျှင် ယခင်လာသော ရွဲကုန်သည်သည် ခွက်ကို ၂-ပြား မှုမတန်ဟုဆိုကာ မြေဌပစ်၍ စွန့်ခွာသွားသည် အမောင်၏ ဘုန်းကံကြောင့် ရွှေခွက်ဖြစ်ပေသည်၊ အမောင်သာထိုက်ပေ သည်၊ ငါတို့အား အနည်းငယ်သော ရွဲပုတီးကိုပေး၍ ဤရွှေ ခွက်ကို အမောင်ယူဆောင်သွားပါလေ ပေးကြကုန်၏။

ထိုအခါ ဘုရားလောင်းရွဲကုန်သည်သည်၊ မိမိရောင်းချ၍ ရထားသော အသပြာငွေ ငါးရာနှင့်တကွ အသပြာငွေငါးရာ ထိုက်တန်သော ရွဲပုတီးတို့ကိုပေး၍ ကျွန်ုပ်အား ဤအိတ်နှင့် အတူ ရှစ်အသပြာကိုသာ ပေးပါဟုတောင်း၍ မြစ်ဆိပ်သို့ သွားပြီးလျှင် ကူးတို့သူကြီးအား ရှစ်အသပြာကိုပေး၍ လှေ သို့တက်စီးလေ၏၊ ရွဲကုန်သည်မိုက်သည် တဖန်ပြန်လာ၍ သင် တို့ခွက်ကိုဆောင်ယူခဲ့၊ သင်တို့အား အနည်းငယ်သော ရွဲပုတီး ကို ငါပေးအံ့ဟု ဆိုသောအခါ ထိုမိန်းမသည် ဆဲရေးလျက်

"နင်သည် ငါတို့၏ အဖိုးတသိန်း ထိုက်သော ရွှေခွက်ကို ၂-ပြားမှမတန်ဟု ဆိုဘိ၏၊ ယခုသင်၏ သခင်နှင့်တူသော တရားစောင့်သောကုန်သည်သည် ငါတို့အား တထောင်သော ဥစ္စာကိုပေး၍ ထိုရွှေခွက်ကို ဆောင်ယူ ပြန်သွားလေပြီဟု ဆိုလေ၏။

ယင်းစကားကိုကြား၍ အဖိုးတသိန်းထိုက်သော ရွှေခွက်ကို လက်လွှတ်လိုက်ရသောကြောင့် ဤသူသည် ငါ့အားအရှုံးကြီးရှုံးသည်ကို ပြုဘိ၏တကားဟု စိုးရိမ် ကြောင့်ကြခြင်းပြင်းစွာ ဖြစ်ရကား- လက်သို့ရောက်ပြီးသော အသပြာတို့ကို ၎င်း၊ ရွှံ့ပုတီးတို့ကို၎င်း၊ ထိုအိမ်တံခါးဌ ပစ်စွန့်ကျဲခဲ့ပြီးလျှင် ဝတ်ရုံသောပုဆိုးကိုပါ စွန့်၍ ဘုရားလောင်းခြေရာကိုခံလျက် သွားလတ်သော် မြစ်ဆိပ်သို့ရောက်၍ ကူးသွားသောဘုရားလောင်းကိုမြင်လျှင် ငါ့ရွှေခွက်ပေး၊ ငါ့ရွှေခွက်ပေးဟု ဟစ်အော်လျက် ကူးတို့သူကြီးအား ပြန်ခဲ့ပါဦးဟု ဟစ်ခေါ်ငင်လေ၏။ ဘုရားလောင်းလည်း ကူးတို့သူကြီးအား အချင်းကူးတို့သူကြီး မပြန်လင့်ဟု တားမြစ်လေ၏၊ ထိုကုန်သည် မှိုက်သည် ကြီးစွာသော ဝိုးရိမ်ပူပန်ခြင်းဖြင့် စိတ်နှလုံးပျက်ပြင်းလျက် "ရပ်လော့-မပြေးနှင့် ရပ်လော့ မပြေးလင့်"ဟု ဆိုကာ ဖြစ်လေရာရာ၌ ဤသူကိုဖျက်စီးခြင်းငှာ စွမ်းနိုင်သူ ဖြစ်ရပါလို၏ဟု ဆုတောင်းလျက် နှလုံးကွဲကာ အသက်သေခြင်းသို့ ရောက်လေ၏။

ဒေဝဒတ်သည် ဤသို့ ဘုရားလောင်း အပေါ်၌ ရန်ပြိုး ထားခဲ့ရာ ဖြစ်လေရာရာ ဘဝတိုင်းတို့၌လည်း ဘုရားလောင်းအား အမျိုးမျိုး လိုက်လံနှောက်ရှက် ညှဉ်းဆဲခဲ့ပြီးနောက် ယခုနောက်ဆုံး ဘုရားဖြစ်တော်မူသော ဘဝ၌ မြတ်စွာဘုရားအပေါ်တွင် ရန်ပြိုးကြီးလှသဖြင့် တနေ့နေ့တွင် အသေသတ်၍ သူကိုယ်တိုင် ဘုရားလုပ်ရန် အမြဲကြံစည်နေခဲ့၏။ တနေ့သောအခါ မြတ်စွာဘုရားသည် ဝေဘာရတောင်စောင်း၌ ကိန်းအောင်းမြဲလျှော် နေတော်မူစဉ် ဒေဝဒတ်သည် အခွင့်ရပြီ ဟူသော သဘောဖြင့် ဝေဘာရတောင်ထိပ်တွင် ကျောက်မောင်း တပ်ဆင်လျက် မြတ်စွာဘုရား အပေါ်တည့်တည့် ကျအောင် ခလုပ်ကို ဖြုတ်ချလိုက်လေသည်။ မြတ်စွာဘုရား၏ ဘုန်းတော်ကြောင့် အဟုန်ပြင်းစွာ ကျလာသော ကျောက်ကြီးကို လမ်းခုလပ်မှ ကျောက်တုံးကြီး တတုံးက ဖြုံးကနဲ ထွက်၍ ခံလိုက်ရာ ကျောက်ချင်း ထိခတ်သဖြင့် ကျောက်လွှာ ကျောက်သားကလေး တချပ်ကွာပြီး ဘုရားရှင်၏ ခြေမတော်ကို လာမှန်သဖြင့် နာကျင်စွာ ဆင်းရဲဝေဒနာကို ခံရပါသည်။ ဤသည် မှာကား ဘုရားရှင်အား ဝဋ်လိုက်ခြင်း ဖြစ်သည်။

ဖြ-ဆဌမ ဝိပါက်တော်

မေး။ ကျောက်လွှာထိပါး၊ မြတ်ဖျားတွတ်ဟင်။
တည်နေဝပ်ကိန်း၊ သွေးစိမ်းအရှင်။

ခြေမတော်ထဲ၊ ကိုက်ခဲနာကျင်။
ဝိပါက်ရင်း၊ အလင်းပြစေချင်။

ဖြေ။ သူငယ်ဖြစ်ခိုက်၊ လမ်းဌ ပျော်ရှင်။
ရှင်ပစ္စေက၊ ဝေးမှ အမြင်။
ခဲနှင့် ပစ်လိုက်၊ ထိခိုက်ခြေတွင်။
သွေးယိုဆင်း၊ ရှေးရင်း ဝိပါက်ပင်။

မေး။ မြတ်စွာဘုရား၏ ခြေမတော်ကို ကျောက်လွှာ ထိ၍ သွေးစိမ်း တည်ရခြင်းမှာ အဘယ်ဝဋ်ကြွေးကြောင့်ပါနည်း။

ဖြေ။ ဘုရားလောင်းသည် ရှေးအခါက မထင်ရှားသော အမျိုးဌ ဖြစ်စဉ် ကလေးဘဝတွင် လမ်းဌ ကစားနေရာ ရှင်ပစ္စေကဗုဒ္ဓါ,တပါး ဆွမ်းခံကြွလာတော်မူသောအခါ "ခဲနှင့် ပစ်သဖြင့် ရှင်ပစ္စေကဗုဒ္ဓါ၏ ခြေမတော်ကို ထိမှန်ခဲ့သော ဝဋ်ကြွေးကြောင့် ယခုဘဝ ခြေမတော်ကို ကျောက်လွှာ ထိမှန်ခြင်း ဖြစ်ပါသည်။

ဆဌမ ဝိပါက်တော် ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဘုရားလောင်းသည် မထင်ရှားသော အမျိုးတမျိုးဌ ဖြစ်တော်မူရာ သူငယ်ဘဝတွင် ကလေးတို့ ဓမ္မတာအတိုင်း လမ်းတခွင်မှာ ပျော်ရှင်ပြေးလွှား

ကစားနေတုန်း ရှင်ပဇေကဗုဒ္ဓါ,ဟပါး ဆွမ်းခံကြွလာသည်ကို မြင်၍ ရယ်ရှင် မြူးတူးလိုသော ဝိဘ်ထားမြင့် ကျောက်ခဲတလုံးကို ဖောက်၍ ပစ်လိုက်ရာ ရှင်ပဇေကဗုဒ္ဓါ၏ ခြေမကို တဲ့တဲ့ ထိမှန်ပြီး အတွင်းကြွေ ကြွေကာ သွေးများ ယိုဖင်းခဲ့ရသည်။ ဤမဇောင်းမှ အကုသိုလ်ကံကြောင့် ဘာပေါင်းများစွာ ရေ၌ကျရပြီးနောက် ယခုနောက်ဆုံးဘုရားဖြစ်တော်မူသောကာလ ဒေဝဒတ်မှက်၏ ကျောက်မောင်းဆင်၍ ခလုတ်ဖြုတ်ချရာတွင် ခြေမတော်ကို ကျောက်လွှာ ထိမှန်သဖြင့် သွေးစိမ်းတည်ခဲ့ခြင်းဝဋ္ဋဒဏ်ကို ဝံရခြင်းဖြစ်ပါသည်။

၇-သတ္တမဝိပါက်တော်

မေး။ ဆွမ်းခံကြွမြန်း ထိပ်ပန်းဘုန်းကြယ်
မုန်ကျဆင်ကြီး ခရီးအကျယ်
ဒေဝဒတ်မှက် လွှတ်လိုက်ပြန်တယ်
ရင်ဆိုင်လွှဲ ဆင်ဝေ့ဘယ်ဝဋ္ဌနွယ်။

ဖြေ။ ဆင်ထိန်းဆင်ကျောင်း အလောင်းဖြစ်တုံ
ရှင်ပဇေက လမ်းမအဆုံ
ဒေါသထားလို့ ပြင်မှားသုန်မှုန်
ဆင်နှင့်တိုက် ဝင်လိုက်ဝေတိုက်ကုံ။

ဒေး။ မြတ်စွာဘုရားဆွမ်းခံကြွခဲတော်မူသောတုဒေဒတ်သည် ဆင်ကို အရက်များကိုတိုက်ကာ မြတ်စွာ

ဘုရားထံ လွတ်လိုက် ဆင်နှင့်တိုက်ခြင်းကို ခံရ
ခြင်းမှာ အဘယ်ဝဋ္ဌကြေးကြောင့်ပါနည်း။

ဖြေ။ ဘုရားလောင်းသည် ဆင်ထိန်း ဆင်ကျောင်း
ဘဝဖြစ်စဉ်က လမ်းတွင်ဆုံသော ရှင်ပစ္စေက
ဗုဒ္ဓါတပါးအား ဆင်နှင့်တိုက်သော ပဋ္ဌကြေး
ကြောင့် ယခုဘဝ ဒေဝဒတ်မှိုက်၏ ဆင်နှင့်တိုက်
ခြင်းဝဋ္ဌကို ခံရပါသည်။

သတ္တမဝိပါက်တော်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်း
သည် ဆင်ထိန်းဆင်ကျောင်းအမျိုး၌ ဖြစ်တော်မူ၍ ပြည့်ရှင်
မင်း၏ ဆင်များကို ထိန်းသိမ်းအုပ်ချုပ်ရလေ၏။ တနေ့သော
အခါ ဆင်ကိုစီး၍ မြို့တွင်းသို့ လှည့်လည်ရာ ရှင်ပစ္စေကဗုဒ္ဓါ
တပါး ဆွမ်းခံ ကြွလာသည်နှင့် ပက်ပင်းပါ ရင်ဆိုင်တိုး
လေ၏။

ထိုအခါ ဘုရားအလောင်း ဆင်ထိန်းက ကြိမ်းဝါး
မောင်းမဲလျက် "ဦးပြည်းရဟန်း ရှောင်လော့ မရှောင်လျှင်
ဆင်နှင့်တိုက်မည်" ဟု ပြောဆိုရာ ရှင်ပစ္စေက ဗုဒ္ဓါလည်း
ရဟန်းတို့ ဣန္ဒြေမပျက်စေဘဲ မလှုပ်မရှား ဖြေးဖြေးသာ ကြွ
တော်မူလေ၏။ ထိုအခါ ဆင်ထိန်းက "သည်ရဟန်းသည်

မထီလေးစားပြုသည်ဟုဆိုကာ ဆင်နှင့် တိုက်ပါတော့သည်။ ဆင်နှင့်တိုက်သောအခါ ရှင်ပစ္စေကဗုဒ္ဓါသည် လျင်မြန်စွာ စျာန်ယာဉ်စီးလျက် ကောင်းကင်ခရီးဖြင့် ပျံတက်သဖြင့် ဆင်ဘေးမှ လွတ်မြောက်သွားလေ၏။ ရုတ်တရက် ကောင်းကင်ပျံတက်ရသောကြောင့် ကျွတ်ကျနေသော သက်နီးများကို ဆင်ကြီးက အတင်းနင်းပြီး ချေမှ ဖျက်ဆီးပစ်လိုက်လေ၏။ ဤဝဋ္ဋကြွေးကြောင့် ဘုရားဖြစ်လာသော အခါတွင် နာဌာဂိရိဆင်နှင့်တိုက်၍ ဝဋ္ဋလိုက်ခြင်း ဖြစ်လေသည်။

ဆင်နှင့်တိုက်ပုံမှာကား- ဒေဝဒတ်သည် အဇာတသတ် မင်းနှင့်ပေါင်းလျက် "မင်းမြတ် သင်သည် ဘခင်ကိုသတ်၍ မင်းပြုလော့၊ ငါသည် ဘုရားကိုသတ်၍ ဘုရားပြုလုပ်အံ့"ဟု ဆိုကာ တနေ့သ၌ အဇာတသတ်၏ ခွင့်ပြုချက်ဖြင့် ဆင်တင်းကုပ်သို့သွားပြီး ဆင်ထိန်းတို့အား "သင်တို့သည် နက်ဖြန် နာဌာဂိရိဆင်ကို အရက် ၁၆ အိုးမျှ တိုက်၍ မြတ်စွာဘုရား ဆွမ်းခံကြွလာချိန်၌ လွှတ်ကြလော့"ဟု ဆင်ထိန်း တို့အား စေခိုင်းလေ၏။ တမြို့လုံး၌ အုတ်အုတ်ကျက်ကျက် ကောလာဟလ ဖြစ်နေ၏။ ဘုရားတည်းဟူသော ဆင်နှင့် နာဌာဂိရိဆင်တို့၏ စစ်ထိုးပွဲကို ကြည့်ကြကုန်အံ့ဟု လမ်းအသီးသီး၌ လူတို့သည် စောင့်ကြည့်နေကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံကြွတော်မူလာ၏။ ထိုခဏ၌ နာဌာဂိရိဆင်ကို အရက်တိုက်၍

လွှတ်လိုက်ကြ၏။ နာဋ္ဌာဂိရိဆင်သည် လမ်းမှာ တွေ့သမျှ တို့ကို ချိုးဖဲ့ ဖျက်ဆီးလျက်လာ၏။ ထိုအခါ မိန်းမ တယောက်သည် ကလေးချီလျက် လမ်း၌သွားသည်ကို နာဋ္ဌာဂိရိဆင်က လိုက်သောအခါ ဘုရားရှင်က နာဋ္ဌာဂိရိ သင့်ကို ဤမိန်းမအားသတ်ရန် လွှတ်လိုက်သည်မဟုတ်၊ ဤအရပ်ကို လာလော့ဟု ဆိုလိုက်၏။ ဘုရားရှင်၏ ထိုအသံကိုကြားသော အခါ နာဋ္ဌာဂိရိဆင်သည် ဘုရားရှင်ထံ ရှေ့ရှု ပြေးလာ၏။ မြတ်စွာဘုရားသည် စကြဝဋ္ဌာအနန္တ၌ ရှိရှိသမျှ သတ္တဝါတို့ အပေါ်မှ ပျံ့နှံ့လျက်ရှိသော မေတ္တာကို နာဋ္ဌာဂိရိအပေါ်၌ ပျံ့နှံ့စေ၏။

ထိုအခါ အရက်မူး၍ အရူးအမိုက်ဖြစ်နေသော ဆင်မိုက်ကြီးသည် မြတ်စွာဘုရား၏ခြေတော်ကို ဝပ်လျှိုး၍ ဦးတိုက်လာ၏။ မြတ်စွာဘုရားသည် ဆင်ဦးထိပ်၌ လက်တော်ကို ထားတော်မူ၏။ ထိုအခါ နတ်ဗြဟ္မာ အပေါင်းတို့သည် အံ့သြကြကုန်လျက် ပန်းများဖြင့် ပူဇော်ကြလျက် ငွေများကို ပေးကြကုန်၏။ တမြို့လုံး၌ ဒူးဆစ်မျှ ဥစ္စာပစ္စည်း အစုအပုံကြီးဖြစ်လေ၏။ ထိုအခါ အနောက်တံခါး၌ စုပုံသော ဥစ္စာပစ္စည်းတို့သည် ပြည်သူပြည်သားတို့အတွက် ဖြစ်စေ, အရှေ့တံခါး၌ စုပုံသော ဥစ္စာပစ္စည်းတို့သည် မင်းဘဏ္ဍာ ဖြစ်စေဟု ရှင်ဘုရင်က မောင်းကြေးနင်းခတ်ကာ ကြေငြာ စေသည့်အတိုင်း ပြုလုပ်ကြကုန်၏။

ဤသို့လျှင် အလောင်းတော်ဘဝက ရှင်ပစ္စေကဗုဒ္ဓါအား ဆင်နှင့်တိုက်ခဲ့သော အကုသိုလ်ကြောင့် ဘဝများစွာ ငရဲခံ ခံရပြီးလျှင် နောက်ဆုံး ဘုရားဖြစ်သောအခါ ဒေဝဒတ်၏ ရန်ပြိုးကြောင့် နာဠာဂိရိဆင်ဖြင့် တိုက်သတ်ခြင်းဝဋ်ကို ဘုရားရှင် ခံတော်မူရပါသည်။

၈-အဌမဝိပါက်တော်

မေး။ ကျောက်လှာခတ်လို့ သွေးမောတ်ဆူဆူ
ခြေမတော်ဦး ထွတ်ဖူးတဆူ
သွေးညိုကိန်းလို့ ကျိန်းဝပ်တော်မူ
ဇီဝက ခဲ့ရဘယ်ဝဋ်ဟူ။

ဖြေ။ ပဒေသရာဇာ မင်းဖြစ်စဉ်ဝယ်
မူးယစ်သောက်စား ဖေါက်ပြားမဘွယ်
လူရှင်လတ်လတ် ထိုးသတ်ပြန်တယ်
ဓားဝိပါက် အဆက်သူကဒ္ဌယ်။

မေး။ ဘုရားရှင်သည် ခြေမတော်၌ ကျောက်လှာ ခတ်မိ စူးဝင်သဖြင့် သွေးညိုများ တည်ရကား ဆရာဇီဝက၏ ဖေါက်ခဲ့ခြင်းကို ခံရသည်မှာ အဘယ်ဝဋ်ကြွေးကြောင့်ပါနည်း။

ဖြေ။ ဘုရားအလောင်းသည် ပဒေသရာဇ်မင်း ဖြစ်စဉ် အခါ သေရည်သေရက် မူးယစ်သောက်စားပြီး လူအရှင်လတ်လတ်ကို ဝေးဖြင့် ထိုးသတ်ခဲ့သော အကုသိုလ် ဝဋ်ကြွေးကြောင့် ယခု ဘုရားဖြစ်တော်မူသောကာလ ခြေမတော်၌ စူးဝင်သော ကျောက်လွှာကို ဆရာဇီဝက၏ ခွဲစိပ်ခြင်း ဝဋ်ကြွေးကို ခံတော်မူရသည်။

အဌမ ဝိပါက်တော်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဘုရားလောင်းသည် ပဒေသရာဇ်မင်းမြတ် ဖြစ်တော်မူသည်၊ထိုအခါ ယုတ်မာသူများနှင့် ပေါင်းသင်းမိသဖြင့် သေရည်သေရက် သောက်စားမူးယစ်ပြီး နေလေ့ရှိခဲ့သည်၊ တနေ့သောအခါ ပဒေသရာဇ်မင်းသည် အရက်သောက်၍ အလွန်မူးနေလေရာ အပြစ်မရှိသော လူတယောက်ကို သံလျက်ဝေးဖြင့် ရက်စက်စွာ သတ်ဖြတ်၍ ငါးမှမ်းသလိုမှမ်းလေ၏၊ ထိုအကုသိုလ်ကံကြောင့် ဘဝများ-စွာ ငရဲ၌ ခံရပြီးနောက် ဘုရားဖြစ်တော်မူသောကာလ ဒေဝဒတ်၏ ကျောက်မောင်းဆင်၍ သတ်သောအခါတွင် ကျောက်လွှာတော် ခြေမကို ထိမှန်သဖြင့် ခြေမတော်မှာ တည်ရှိသော သွေးစိမ်းများကို ဆရာဇီဝကအား ခွဲစိပ်ကုသ စေခဲ့ရ၏၊ ဤသည်မှာ အလောင်းတော်ဘဝက ပြုခဲ့သော

အကုသိုလ်ကံများ အကျိုးပေးကာ ဝဋ္ဋလိုက်ခြင်း ဖြစ်လေသည်။

၉-နဝမဝိပါက်တော်

မေး။ သုံးလူ့ထွတ်ဖူး၊ မြိုက်မူးသျှောင်ကေ
ရုံဘန်ခါလဲ၊ ခေါင်းခဲပလေ
ဝေဒနာဝဋ္ဋ၊ မလွတ်တုံချေ
ဘယ်ဝိပါက်၊ အဆက်ပါခဲ့ပေ။

ဖြေ။ ရှေးခါကပ်ဟောင်း၊ မကောင်းကံဆော်
တံငါမျိုးဇာတ်၊ ဖြစ်လတ်သရော်
ငါးတို့ဦးခေါင်း၊ ထုထောင်းမြင်သော်
ဝမ်းမြောက်မိ၊ လိုက်ဘိဝိပါက်တော်။

မေး။ မြတ်စွာဘုရားသခင်သည် တခါတရံ ခေါင်းခဲ၍ ခံစားရသည်မှာ အဘယ် ဝဋ္ဋကြွေးကြောင့် ပါနည်း။

ဖြေ။ ဘုရားလောင်းသည် တံငါမျိုးဌ ဖြစ်စဉ်က တံငါများ ငါးကို မိသဖြင့် ထောင်းထု ရိုက်နှက်သည်၊ ဘုရားလောင်းသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိခဲ့သောကြောင့် ယခုဘဝ ဘုရားဖြစ်စဉ်အခါတွင် ခေါင်းခဲ့ဝေဒနာ စံကပ်ပြီး တခါတရံ ခေါင်းခဲခြင်း ဖြစ်ရပါသည်။

နဝမဝိပါက်တော်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ တံငါရွာတခုဉ်တံငါ အမျိုးဉ် ဖြစ်ခဲ့သည်၊ဘုရားလောင်းတံငါသည်သည် တံငါသည်များနှင့် အတူ ငါးများကို ဖမ်းဆီး ရိုက်နှက် သတ်ပုတ် နေသည်ကို မြင်သောအခါ ဝမ်းသာအားရစွာနှင့် နှစ်သက်ဝမ်းမြောက်ခဲ့သည်၊ ကိုယ်တိုင်သတ်ခြင်း, ဘုတပါးကို သတ်ရန်တိုက်တွန်းခြင်း, သူတပါး သတ်သည်ကို မြင်သောအခါ ကြားသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်း, သူတပါးသတ်သည်ကို မိမိက သဘောတူခြင်း,ဟူဘော အပြစ်များသည် အကုသိုလ်အပြစ်, မကောင်းမှုများသာ ဖြစ်ခြင်းကြောင့် ဘုရားလောင်းတံငါသည်ဘဝက အခြားတံငါသည်တို့ ငါးများကို ထုနှက်ရိုက်ပုတ်သတ်ဖြတ်သည်ကို ဝမ်းသာခဲ့သဖြင့် ယင်းအကုသိုလ်ကြောင့် အပါယ်ငရဲ၌ ဘဝများစွာ ခံစားခဲ့ရပြီးနောက် ယခု ဘုရားဖြစ်သောဘဝ၌ ခေါင်းခဲဝေဒနာကို ခံစားရခြင်းဖြစ်ပါသည်။

၁၀-ဒသမ ဝိပါက်တော်

မေး။ ဝါတော်ကပ်တော့၊ မာရ်နတ်နှိုးဆော်။
ဝေရဥာတိုင်း၊ သမိုင်းအကျော်။
မုယောဆွမ်းမို့၊ ကြမ်းကြမ်းထော်ထော်။
ဘုဉ်းပေးရ၊ ရှေးကဘယ်ဝဋ်နော်။ ။

ဖြေ။ မထင်မရှား၊ မျိုးသားဖြစ်တုံ။
ရဟန်းတော်များ၊ ဆွမ်းစားခိုက်ကြုံ။
ဆွမ်းကြမ်းစားဟု၊ ပြစ်မှားဆိုပုံ။
ဝစီထက်၊ ဝိပါက်တော်တဲ့ယုံ။ ။

မေး။ မြတ်စွာဘုရားသည် ဝေရဥာတိုင်းဌ်ဝါကပ်တော်မူစဉ်အခါ မာရ်နတ် နှောင့်ယှက်သဖြင့် ကြမ်းတမ်းသော မုယောဆွမ်း တို့ကို ဘုဉ်းပေးတော်မူရသည်မှာ အဘယ်ဝဋ်ကြွေးကြောင့် ပါနည်း။

ဖြေ။ ဘုရားလောင်းသည် မထင်ရှားသော အမျိုးဌ်ဖြစ်စဉ် ရဟန်းဟော်များ ဆွမ်းစားနေခိုက် ကြုံသောအခါ ရဟန်းတော်များသည် ကောင်းမွန်သောသလေးဆွမ်းမျါးနှင့်မထိုက်တန်ကြမ်းတမ်းသော မုယောဆွမ်း များနှင့်သာ ထိုက်တန်သည်ဟု ပြောဆို ခဲ့သော ဝစီကံ ဝဋ်ကြွေးကြောင့် ဘုရားဖြစ်တော်မူသော အခါ ဝေရဥာ ပြည်ဌ်မုယော ဆွမ်းကြမ်းများ ကိုသာ ဘုဉ်းပေးတော်မူရခြင်း ဖြစ်ပါသည်။

ဒသမဝိပါက်တော် ဝတ္ထု

ဖုဿမြတ်စွာဘုရား ထင်ရှားပွင့်တော်မူစဉ်အခါက ဘုရားအလောင်းသည် သဒ္ဓါတရား နည်းပါး၍ ဝန်တိုမစ္ဆေရ များ

သော အမျိုးဌ ဖြစ်ခဲ့သည်၊ တနေ့သော အခါ တိုင်းသူပြည်သား လူအများတို့သည် ဖုဿမြတ်စွာဘုရားနှင့် တကွ သံဃာတော် အရှင်မြတ် များကို ပင့်ဖိတ်၍ မွန်မြတ်သော သလေးဆွမ်း များကို လှူဒါန်း ကျွေးမွေးသည်ကို ဘုရားလောင်း မြင်သောအခါ "သင် ဦးပြည်းရဟန်း များသည် ဘာအလုပ်ကိုမှ မလုပ်ဘဲ ပျင်းပျင်းရိရိ နေထိုင်ကြပြီး လူအများ လှူဒါန်းသော စားကောင်း သောက်ဖွယ် တို့ကို စားလျက် အားတိုင်းအိပ်၍ နေကြသည်၊ သည်ရဟန်းများအား ကောင်းမွန်သော သလေးဆွမ်း များကို လှူဒါန်းကျွေးမွေးသဖြင့် ဘာအကျိုး ရှိအံ့နည်း ကြမ်းတမ်းသော မုယောဆွမ်းကိုသာ စားဘို့ ကောင်းတယ်" ဟု၍ ဝန်တိုမစ္ဆရ စိတ်ထားဖြင့် နှုတ်မှက်ပြောကြား ခဲ့လေသည်၊ ယင်း အကုသိုလ်ကြောင့် ဘဝများစွာ အပါယ်ငရဲ၌ ဆင်းရဲကို ခံစားရပြီး နောက် နောက်ဆုံး ဘုရားဖြစ်သောအခါ မုယောဆွမ်းကြမ်းကို ဘုဉ်းပေးတော် မူခဲ့ရသည်။

ကြမ်းတမ်းသော မုယောဆွမ်းကို ဘုဉ်းပေးရပုံကား-
မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် လူနတ်ဗြဟ္မာ သတ္တဝါတို့အား ချီးမြှောက်တော်မူရန် အတွက် ရှာနိုဂုံး မင်းနေပြည်တော် တို့၌ လှည့်လည် ကြွတော်မူ၍ တနေ့သောအခါ ဝေရဉ္ဇာ ပုဏ္ဏားရွာ အနီး၌ အခက်အရှက်နှင့် ပြည့်စုံသော တမာပင် အရင်းသို့ ရောက်တော်မူ၏။

ထိုအခါ ဝေရဠာ ပုဏ္ဏားသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ များစွာသော အကြောင်းတို့ဖြင့် ဘုရားရှင်ကို အောင်မြင်ခြင်းငှါ မစွမ်းနိုင်ရကား သောတာပန် ပုဂ္ဂိုလ်ဖြစ်သောကြောင့် "ဤအရပ်၌ပင် ဝါဆိုတော်မူရန်" လျှောက်ထားလေ၏၊ ဘုရားရှင်သည် တုဏှီဘာဝေ ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူ၏၊ ထိုအခါ နောက်တနေ့မှ စ၍ မာရ်နတ်ယုတ်သည် ဝေဝရဠာ ပုဏ္ဏားရှာ တခုလုံးကို မာရ်နတ် လှည့်ပတ်ထား၏၊ မာရ်နတ် လှည့်ပတ်ထားသောကြောင့် ဆွမ်းခံကြွတော်မူသော ဘုရားရှင်အား တဇွန်း တယောက်မမျှသော ဆွမ်းကိုမျှ လူသည် မရှိ သပိတ်ချည်းသာ ပြန်ခဲ့ရ၏၊ ဘုရားရှင်နှင့် တကွ သံဃာတော်များ ဆွမ်းမရဘဲ သပိတ်ချည်းသာ ပြန်ကြရသဖြင့် ထိုမြို့၌ ရှိကြသော မြင်းကုန်သည် ငါးရာတို့က ထိုနေ့တွင် အလှူပေး၍ ရဟန်းငါးရာနှင့် အတူ ဘုရားရှင်အား ပင့်ဖိတ်လျက် မြင်းကျွေးရန် ပါလာသော မုယောစပါးတို့ကို ထောင်းထုလျက် ရဟန်းများ၏ သပိတ်တို့၌ ထည့်ပေးကုန်၏။

စကြဝဠာ အားလုံး၌ ရှိကြသော နတ်တို့က သုဇာတာ နှိုးယနာဆွမ်း လှူစဉ်က နတ်သြဇာများ ထည့်ပေးသကဲ့သို့ ကြမ်းတမ်းသော မုယောဆွမ်း၌ နတ်သြဇာတို့ကို ထည့်ပေးကြသည်ကို မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူ၏၊ ဤသို့ သုံးလပတ်လုံး မုယောဆွမ်းကြမ်းကို ဘုဉ်းပေးတော်မူရ၏၊

၃-လ လွန်မြောက်သော အခါကျမှ မာရ်နတ်လှည့်ပတ်ခြင်း ကင်းလွတ် သွားပြီး ပဝါရဏာ ပြုသောနေ့၌ ဝေရဉ္ဇာ ပုဏ္ဏားသည် သတိရကာ ကြီးစွာ သံဝေဂ ရလျက် ဘုရား အမှုးရှိသော သံဃာတို့အား အလှူကြီးကို ပေး၍ ဘုရားရှင် အား ရှိခိုးကာ ခွင့်လွှတ် သည်းခံစေ လေ၏၊ ဤသို့လျှင် ဘုရားရှင်သည် အလောင်းတော် ဘဝက ပြောဆိုခဲ့မိသော နှုတ်ဝစီကံကြောင့် ဘုရားဖြစ်သော ကာလတွင် ကြမ်းတမ်း သော မုယောဆွမ်းကို ဘုဉ်းပေးတော် မူခြင်းဖြင့် ဝဋ်ကြွေး ကို ခံတော်မူရ လေသည်။

၁၁-ကောဒသမ ဝိပါက်တော်

မေး။ အထွတ်ဆုံးဟု၊ သုံးလူ့မျက်မှန်။
ခါးတော်ကိုက်ခဲ၊ အသဲအသန်။
ဝေဒနာများ၊ ခံစားရုံဘန်။
ဘယ်အကြောင်း၊ ကံဟောင်းထုတ်လိုပြန်။ ။

ဖြေ။ လက်ဝှေသတ်ကောင်း၊ အလောင်းဖြစ်သော်။
ပြုင်ပဲ့ ဆိုင်ပဲ့၊ နှိုင်ပဲ့ အကျော်။
နှိုင်လျှင် ခါးရိုး၊ ရိုက်ချိုးမြေပေါ်။
အသတ်ကောင်း၊ ဇာတ်ဟောင်း ဝိပါက်တော်။

မေး။ မြတ်စွာဘုရားသည် တခါတရံ ခါးတော်မှ ကိုက်ခဲခြင်း ဝေဒနာကို ခံစားရသည်မှာအဘယ် ဝဋ်ကြွေးကြောင့် ပါနည်း။

ဖြေ။ ဘုရားလောင်းသည် လက်ဝှေ့ကျော် တယောက် ဖြစ်စဉ်က အခြား လက်ဝှေ့သမား တယောက် နှင့် ယှဉ်ပြိုင် သတ်ပုတ်သော အခါ အခြား လက်ဝှေ့ သည်ကို လက်ကို ဆဲ့၍ ကောင်းကင် မြှောက်တင်ပြီး ကျ အလာတွင် ခြေကို ကိုင်ကာ မြေပေါ်တွင် ရိုက်နှက်သဖြင့် ခါးရိုးတွေ ကြေမွ ခမန်း ဖြစ်သွားခဲ့သော ဝဋ်ကြွေးကြောင့် ယခု ဘုရား ဖြစ်တော် မူသော အခါ တရုံတခါ ခါးနာ ကိုက်ခဲခြင်၊ ဝေဒနာ ဝဋ်ကို ခံစားတော် မူရပါသည်။

ကောဒသမဝိပါက်တော်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ သုရားအလောင်းတော်သည် ဗာရာဏသီမင်း နေပြည်တော်တွင်းဌ် သူကြွယ်အမျိုးဌ် ဖြစ်လေသည်၊ ရုပ်ပုံသဏ္ဌာန် အားဖြင့် ပုကွနေသောကြောင့် "ဝါမန"ဟု ခေါ်တွင်၏၊ လူပုကွသော်လည်း ဆင်ပြောင် ငါးစီးအားကို ဆောင်နိုင်သောခွန်အားဗလ ရှိသောကြောင့် ခွန်အားကိုအားကိုး၍ လက်ဝှေ့ထိုးသတ်ခြင်းဌ် ဝါသနာပါရကား ပဲ့တိုင်းနိုင်သော လက်ဝှေ့ကျော်ကြီး ဖြစ်ခဲ့လေသည်။ ထိုအချိန်တွင် မလ္လတိုင်းဌ်လည်း ဘုရင်မင်းမြတ်က မြှောက်စားထားသော မလ္လက အမည်ရှိ လက်ဝှေ့ သမားကြီး

တယောက်ရှိလေသည်။ မလ္လတိုင်းတခွင်တွင် ပြိုင်ဆိုင်တိုင်း အနိုင်ရသောကြောင့် ပြိုင်ဘက်ကိုလိုက်၍ရှာရာ ဗာရာဏသီ ပြည်သို့ ရောက်လာလေ၏။

ထိုအခါ ဘုရားအလောင်း လက်ဝှေ့သမားက ငါ့မြို့ကို လာ၍ စွာတာတာလုပ်သော လူသရမ်းကို အစွမ်းပြပြီးနှိမ်မှ တော်မည်ဟု ကြုံစည်လျက်မလ္လကလက်ဝှေ့သမားကို ငါသတ်မည်ဟု ကြေငြာလိုက်လေ၏၊ ထိုအခါ မလ္လကလက်ဝှေ့က ဘုရားလောင်း ဝါမန (ငပုကွ) ကိုမြင်တော့သည်၊ အကောင်ငပုကွကို ငါ့လက်တဖက်နှင့်မျှ မသတ်လောက်ဘူး ပြိုင်ဝံ့လျှင် နေ့ရက်ကိုချိန်းလိုက်ဟု ကြိမ်းဝါးလိုက်၏၊ တိုင်းသူပြည်သား လူအများတို့ကလည်း လက်ဝှေ့ကျော်နှစ်ဦး၏ သတ်ပုံကို သွားရဲရဲ ကြည့်လိုကြသဖြင့် နေ့ရက် ချိန်းချက်၍ ဆိုင်ပေးကြကုန်၏။

လက်ဝှေ့ပုံကြီး အလယ်တွင် လက်ဝှေ့ကျော် နှစ်ဦးတို့ ဆိုင်မိကြသောအခါ မလ္လက၏ လက်သီးမရွယ်ခင် ဝါမနက မလ္လက၏လက်ကို ပြုံးလာနှဆွဲကိုင်ပြီး ကောင်းကင်သို့ မြှောက်ပစ်လိုက်ရာ ဂျင်မျှားလယ်သဲ့သို့ ကောင်းကင်မှ လယ်၍ ကျလာသောအခါ အလောင်းတော် လက်ဝှေ့သမားက ခြေကိုကိုင်ကာ မြေကြီးနှင့်ကိုက်၍ ရိုက်သောအခါ ခါးရိုးမျှား ကျိုးမတတ်ဖြစ်ပြီး မြေပေါ်မှာလဲကျ အရှုံးပေးသွားရ၏။

မြို့သူမြို့သား ပဲ့ကြည့်ပရိသတ်များက အုံးအုံးကြွက်ကြွက် တခဲနက် သြဘာပေးကြကုန်၏၊ လက်ဝှေ့ပဲ့ ပြီးသောအခါ ဘုရားလောင်း ဝါမန လက်ဝှေ့သမားက သနားတော်မူ သဖြင့် မိမိအိမ်သို့ခေါ်၍ ဆေးဝါးများကုသပေးရာ ပျောက်ကင်းသွားလေ၏၊ ဤဝဋ္ဋကြွေးကြောင့် ဖြစ်လေရာဘ၀ဝတိုင်းဌ ကိုယ်လက်ကိုက်ခဲခြင်း၊ ခါးနာခြင်း စသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို ခံခဲ့ရပြီးလျှင် အဆုံးဘ၀ ဘုရားဖြစ်တော်မူ သောအခါတွင် ခါးနာခြင်းဒုက္ခကို တခါတရံ ခံတော်မူရ လေသည်။ (မြတ်စွာဘုရားသည် တခါတရံ ခါးနာသော အခါ "တပည့်ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ကိုခေါ်၍ "ငါ့မှာ ခါးနာနေပြီ ဤနေ့မှစ၍ သင်တို့တရားဟောကြ လော့"ဟု မိန့်တော်မူကာ- ဘုရားရှင်၏သက်နှံးကို ဖြန့်ခင်း လျှက် ကျိန်းစက်တော် မူလေ၏၊ ကံဟောင်း, ဝဋ္ဋဟောင်း ကား ဘုရားရှင်အားသော်မှ လွှတ်ငြိမ်းခွင့်မပေးချေ)

၁၂- ဒွါဒသမဝိပါက်တော်

မေး။ ဆဒ္ဒန်ဆယ်စီး အားကြီးလျင်မြန်
ဝမ်းတော်သွန်ငြား ရှေအားမသန်
ခွေယိုင်ခဲ့လို့ မြန်းခဲ့နိုဗ္ဗာန်
ဖြေစေကြောင်း ကံဟောင်းသိသို့ရန်။
ဖြေ။ ရောဂါကုစား သမားဉာဏ်ကျယ်
ရှင်သူဌေးသား ဆေးဝါးကုတယ်

ခမပေးလို့ ဟိုရှေးဘုန်းကြွယ်
ဝမ်းလားဆေး တိုက်ကျွေးဝင့်ဟောင်းလယ်။

မေး။ ဆဒ္ဒန်ဆင် ဆယ်စီးအားကို ဆောင်နိုင်သော အားတော်ရှိသည့် ဘုရားရှင်သည် ဝမ်းတော်လား၍ အားနဲ့ခွေယိုင်ကာ ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းလျက် ရှေဇာတ်တော် သိမ်းရသည်မှာ အဘယ်ဝင့်ကြွေးကြောင့်ပါနည်း။

ဖြေ။ ဘုရားလောင်းသည် ဆေးဆရာဘဝ ဖြစ်စဉ်က သူ့ဌေးသား တဦးကို ဆေးကုရာ ရောဂါ ပျောက်သော်လည်း ဆေးဝါးခ မပေးလိုသဖြင့် ရောဂါ မပျောက်ပါဟု ဆိုသော သူ့ဌေးသား အား ဝမ်းလားဆေး တိုက်ကျွေး၍ အသက် သေသွားခဲ့သော ဝင့်ကြွေးကြောင့် ယခု ဖြစ်တော်မူသော အခါ၌ ဝမ်းတော်လား၍ ပရိနိဗ္ဗာန် ပြုရခြင်း ဖြစ်ပါသည်။

(ဒွါဒသမ ဝိပါက်တော် ဝတ္ထု)

ဘုရားအလောင်းသည် ရှေးအခါက သူကြွယ်မျိုးဌ ဖြစ်တော်မူရာ ငယ်စဉ်ကပင် ဆေးပညာကို ဝါသနာ ပါသဖြင့် ဆရာပေါင်း များစွာထံမှ နည်းနာခံ၍ ဆေးအတတ်ကို သင်ကြားတတ်မြောက်လေ၏။ ဆေးအတတ်ကို တတ်

မြောက်ပြီးနောက် ဝါသနာပါရင်းအတိုင်း မြို့ရွာအနှံ့ လှည့်လည်၍ လူနာများအား ဆေးကုသပေးလေ၏။ တနေ့သောအခါ သူဌေးသားတယောက်သည် ဆေးဆရာပေါင်းများစွာကုသ၍ မရသောရောဂါ စွဲကပ်လျက်ရှိရာ ဘုရားလောင်းဆေးဆရာထံ ချဉ်းကင်လျက် "ကျွန်ုပ်အား ကုသတော် မူပါ၊ ပျောက်ကင်းသောအခါ ဉာဏ်ပူဇော်ခ အမြောက်အမြားပေးပါမည်"ဟု ဆိုသဖြင့် ဘုရားအလောင်းဆေးဆရာကြီးက အားကြိုးမာန်တက် ဆေးများတိုက်ကျွေးလျက် ကုသတော်မူသဖြင့် ရောဂါ ပျောက်ကင်း သွားလေ၏။

သို့သော် ရောဂါပျောက်လျှင် ဉာဏ်ပူဇော်ခ ဆေးဝါးခ ပေးရမည်ကို မပေးလိုသော သူဌေးသားက ကောက်ကျစ်စဉ်းလဲသောစိတ်ထားဖြင့် "ကျွန်ုပ်ရောဂါ မပျောက်ပါ၊ ဆရာ့ဆေးများ အစွမ်းမရှိပါ"ဟု ဆိုလေ၏။ ထိုအခါ ဘုရားလောင်း ဆေးဆရာသည် "အတော် ကောက်ကျစ်စဉ်းလဲသော သူဌေးသားဖြစ်သည်၊ ရောဂါပျောက်ကင်းလျက် ဆေးဝါးခမပေးလိုသဖြင့် ရောဂါမပျောက်ဟု လိမ်ညာ၍ ပြောချေသည်၊ ဆေးဝါးခ မရတာက ကိစ္စမရှိ၊ ငါ့ဆေး အစွမ်းမထက်ဟု ဆိုတာက သာ၍ ဂုဏ်အသရေပျက်တော့သည်ဟု ကြံကာဝမ်းလားဆေးကို တိုက်ကျွေးလေ၏။ သူဌေးသားသည် ဘုရားလောင်းဆေးဆရာတိုက်

သော ဝမ်းလားဆေးကြောင့်ဝမ်းလား၍ သေဆုံး သွားလေသည်။

ဤဝဋ္ဋကြေးကြောင့် ငရဲ၌ ကြာရှည်စွာ ခံခဲ့ရပြီးနောက် အဆုံးဘဝ ဘုရားဖြစ်တော်မူသော အခါတွင် စုန္ဒအမည် ရှိသော ရှေပန်းထိမ်သည်၏သား ဆက်ကပ်သော ဝက်ပျို သားကို ဘုဉ်းပေးတော်မူသဖြင့် ဝမ်းတော်လားကာ ပရိနိဗ္ဗာန်ပြုသွားတော်မူရချေသည်။ ဤသို့လျှင် ဘုရားရှင် သည် လူနာသယ်အား ဆေးတိုက်၍ သတ်ခဲ့သော ဝဋ္ဋကြေး ကြောင့် ဝမ်းတော်လား၍ ပရိနိဗ္ဗာန် စံတော်မူခဲ့ရလေ သည်။ (ကံဟောင်း, ဝဋ္ဋဟောင်းသည် ဘုံလေးကထွတ် ထား မြတ်ဘုရားကိုသော်လည်း လွတ်ငြိမ်းခွင့် မပေး ချေ။)

အချုပ်အားဖြင့် ပြဆိုချက်

ဝိပါက်တော် ၁၂-ပါးကို ကာယကံကြောင့် ဖြစ်သော ဝိပါက်၊ ဝစီကံကြောင့် ဖြစ်သော ဝိပါက်၊ မနောကံကြောင့် ဖြစ်သော ဝိပါက်၊ သေရည်သေရက် သောက်စား မူးယစ် သောကြောင့် ဖြစ်သော ဝိပါက်,ဟု အချုပ်အားဖြင့် လေးမျိုး ခွဲခြားနိုင်သည်။

၁။ ပဋ္ဌမ,ဆဋ္ဌမ,သတ္တမ,အဋ္ဌမ,ကောဒသမနှင့် ဒွါဒသမ ဝိပါက်တော်များကို ကာယကံကြောင့် ဖြစ်သော ဝိပါက်။

၂။ ပထမ,ဒုတိယ,တတိယ,စတုတ္ထနှင့်ဒသမ ဝိပါက်တော်များကို ဝစီကံကြောင့် ဖြစ်သော ဝိပါက်။

၃။ နဝမ ဝိပါက်ကိုကား မနောကံကြောင့် ဖြစ်သော ဝိပါက်။

၄။ ဒုတိယ,တတိယနှင့် အဋ္ဌမ ဝိပါက်တော်တို့ကိုကား သေရည်သေရက် သောက်စား မူးယစ်သောကြောင့် ဖြစ်သော ဝိပါက်တော်များ,ဟု မှတ်ပါ။

တိုက်တွန်းချက်

ဝိပါက်တော် ၁၂-ပါး (ဝဋ္ဋတော်-၁၂)တွင် ပြဆိုခဲ့သည့် အတိုင်း မိမိတို့ ပြုခဲ့သော မကောင်းမှု အကုသိုလ်များသည် အချည်းနှီး အလဟာသ ဖြစ်မသွားဘဲ မိမိနောက်သို့ အရိပ်သဖွယ် လိုက်ပါနေပုံများကို စဉ်းစားဆင်ခြင်ကြလျက်—

သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ မပြစ်မှား သင့်သော မိန်းမ,ယောကျ်ားတို့၌ ဖြစ်မှား ကျူးလွန်ခြင်း၊ လိမ်လည် ကောက်ကျစ်ခြင်း၊ သေရည်သေရက် သောက်စား မူးယစ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြပြီးလျှင် မိမိသည် မတရားပြုလုပ်နိုင်သည့် အခွင့်အရေး အပေါ်ဝီးက နေရသည့် အခါမျိုး၌ တဖက်သားကို ဖိစီးနှိပ်စက် မတရား ပြုမူခြင်း၊ သူတပါးအား မနာလို ဝန်တိုခြင်း၊ ငြူစူ

စောင်းမြောင်းခြင်း စသည်တို့ကို ပြုမှုခြင်း မပြုကြဘဲ အားလုံးသော ပုဂ္ဂိုလ်,သတ္တဝါတို့ အပေါ်၌ ချစ်ခင်ခြင်း မေတ္တာ၊ သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ တို့ကို အမြဲဖြစ်ပွါးစေလျက် စိတ်ထားဖြူစင်စွာ ကျင့်သုံး နေထိုင်သွားပါလျှင် ဤလူ့ဘဝတွင်သာမက ဖြစ်လေရာ သံသရာ ဘဝအဆက်ဆက်တွင်လည်း ချမ်းချမ်းသာသာဖြင့် နေထိုင်သွားရမည် ဖြစ်ကြောင်းကို စိတ်ကောင်း စေတနာ ကောင်းဖြင့် တိုက်တွန်း သတိပေးအပ်ပါသည်။

(ဝိပါက်တော် ၁၂-ပါးတွင် ရှောင်ကြဉ်ဘွယ် လိုက်နာဘွယ် အတုယူဘွယ်တို့ များစွာ ပါဝင်သဖြင့် မိမိ ငယ်စဉ်ကပင် နှုတ်တက်အာဂုံ ရခဲ့သော လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ရှစ်လုံးဘွဲ့ ကဗျာများကို မူတည်ကာ အများနားလည်အောင် ရေးသားခြင်း ဖြစ်ပါသည်။)

ဝိပါက်တော် ၁၂-ပါး အကျဉ်းချုပ်
(ဝဋ်တော် ၁၂-ပါး)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အနောတတ္တ၊ အိုင်မချဉ်းတင်၊ ကျောက်ဖျားပြင်ဝယ်၊ များသယ်ဘောင်၊ ကိုယ်တော်တောင်မှ၊ မရှောင်,ရဟန် အပဒါန်မှာ၊ ထုတ်ပြန်ဘော်ဟော၊ ဒွါဒသောဟု၊ ပိလော

ဘိက၊ ကမ္မခေါ်တဲ့၊ ကံစုတ်ပဲ့ကို၊ ပြုခဲ့မိဘူး၊ သေသောက်ကြူးဘိ၊ မုနာဋ္ဌိသည်၊ သုရဘိတွင်၊ ပစ္စေရှင်ကို၊ ပြစ်တင်စွပ်စွဲ၊ ကဲ့ရဲ့ဆဲလို့၊ ငရဲကျပြီး၊ သုန္ဒရီမ၊ စွပ်စွဲရ၏။ ၁။

သဗ္ဗဘိဘူ၊ သဗ္ဗညူ၏၊ စင်ဖြူနန္ဒ၊ သာဝကကို၊ စွပ်ကျငရဲ၊ လူဖြစ်ဆဲလည်း၊ စွပ်စွဲများလှ၊ ကံသေသံကြောင့်၊ စိဉ္စမာဏဝီ၊ ရှက်ကွဲပြီတည်း။ ၂။

တောမှီပုဏ္ဏား၊ ငါးရာသားကို၊ သညာပညာ၊ ငါးဘိညာနှင့်၊ကြွလာသီမ၊ ရသေ့လှကို၊ ကာမဘောဂီ၊ ပြောမိပြီတည်း၊ ခိုမှီရာငါး၊ တပည့်သားလည်း၊ လူများကိုဆက်၊ ပြောသည်တွက်ကြောင့်၊ အရှက်ကွဲပြီ သုန္ဒရီပင်။ ၃။

ဘောဂီမက်ငြား၊ မိကွဲသားကို ချောက်ကြားချလတ်၊ ကျောက်ကြိတ်သတ်လို့၊ ဒေဝဒတ်ခြေမ၊ ကျောက်လှိမ့်ချ၍၊ ဒုက္ခကြီးမား။ ၄။

လမ်းမကြား၌၊ ကစားနေရာ၊ ပစ္စေကာကို၊ ကောက်ကာပစ်လတ်၊ ကျောက်စစ်တတ်ကြောင့်၊ ဒေဝဒတ်လေးတွေ၊ သတ်မည်စေ၏။ ၅။

ပစ္စေကာရှင်၊ ဆွမ်းခံဝင်တွင်၊ စီးဆင်နှင့်လိုက်၊ ဆင်စီးမိုက်တွင် စရိုက်လိမ္မာ၊ ဆင်နာဋ္ဌာသည်၊ ကြမ်းစွာလိုက်ရ။ ၆။

ပတ္တိကမင်း၊ လှံနှင့်ခွင်းလို့၊ ဆင်းရဲငရဲ၊ မြေခွဲခံရ။ ၇။

ကေဝဋ္ဌတွင်၊ သာကီဝင်တို့၊ များဖြင့်သတ်ညှစ်၊ သူငယ်ဖြစ်၍၊ မြင်လစ်ဝမ်းသာ၊ ခေါင်းတော်နာရ၊ သကျဟူဟူ၊ ဆွေတော်သူလည်း၊ ဝိဋဋူသတ်၊ ဆွေမျိုးပြတ်၏။ ၈။

ဖုဿဘုရား၊ တပည့်များကို၊ စားကြမုယော၊ ဆဲမိသောကြောင့်၊ မုယောကိုသာ၊ ဝေရဉ္ဇာ၌၊ တဝါစားလတ်။ ၉။

လက်ဝှေသတ်ငြား၊ လက်ဝှေသားကို၊ ခါးကျိုးအောင်ချ၊ ခါးနာရ၏။ ၁၀။

ဖြစ်ထသမား၊ သေငှေးသားကို၊ ဝမ်းလားအောင်ဆေး၊ လိမ်းတိုက်ပေးလို့၊ ဝမ်းသွေးသွန်ဘိ။ ၁၁။

ဇောတိပါလ၊ ဖြစ်စဉ်ကလည်း၊ ကဿပဘုန်းရှိ၊ စောမုနိကို၊ ဗောဓိဦးပြည်း၊ အဝေးကြီးဟု၊ ဘိစီးညှစ်ဖြစ်၊ ဝစီပြစ်ကြောင့်၊ ခြောက်နှစ်ဒုက္ကရ၊ ကျင့်လွဲရဟု၊ ဒွါဒသဓာ၊ ဝဋ္ဌတော်လာသည်၊ သူငါကြောက်ဖွယ်ကောင်းသတည်း။

(အကုသိုလ်ကံ၊ ပေးချိန်တန်က၊ သာမာန်သတ္တာ၊ မဆိုသာပေ၊ မုနာနန္ဒ၊ ဘီမ, မိကွဲ၊ ကျောက်ခဲဆင်နှင့်၊ လှံဖြင့်ဝမ်းပါး၊ မုယောခါး၊ သွေးလားဒုက္ကရာ ဝဋ္ဌတော်ဆဲ့နှစ်ဖြာ ဘုရားသော်မှ မလွတ်သာ။)

ဝိပါက်တော် ၁၂-ပါး ပြီး၏။

ပရိတ်ကြီးဝတ္ထုများ

မင်္ဂလသုတ်ဝတ္ထု

မင်္ဂလာကောလာဟလ

ဤသုံးဆယ့်ရှစ်ပါးသောမင်္ဂလာတရားတော်ကို မင်္ဂလာဟု မသိမီရှေးအခါက မင်္ဂလာဆိုတာဘာလဲဟု အမျိုးမျိုး အဖုံဖုံ ပြောဆိုကြံဆနေကြကုန်၏၊ ထိုမှတပါး ဇမ္ဗူဒီပ်ကျွန်းတွင် ထိုထိုမြို့တံခါး, လူမျိုးစုဝေးရာအရပ်, တရားသဘင် ကျင်းပရာဇရပ်,စသည်တို့၌ လူတို့စုဝေးကြလျက် ရာမဇာတ်တွင် ပါသော သီတာကို ခိုးယူခန်း စသည်တို့ကို ပြောဆိုကြကုန်၏၊ စကားတခုခုကို ပြောဆိုဆွေးနွေးကြလျှင် လေးလခန့်ကြာမှ အပြီးအဆုံးသို့ ရောက်၏ တနေ့တွင်ကား မင်္ဂလာဆိုတာ ဘာလဲ၊ မြင်ရတာမင်္ဂလာလား၊ သို့မဟုတ် ကြားရတာ မင်္ဂလာလား၊ သို့မဟုတ် မမြင်မကြားသော်လဲ တွေ့ထိခံစားမှဟာ မင်္ဂလာလားဟူ၍ မင်္ဂလာနှင့် ပတ်သက်သော စကား ဖြစ်ပေါ်ခဲ့လေသည်။

မင်္ဂလာအမျိုးမျိုး

မြင်တာကို မင်္ဂလာဟု ယူဆသော လူတယောက်က "မင်္ဂလာဆိုတာကို ကျွန်ုပ်သိသည် လောကဌ် မြင်တာကို မင်္ဂလာဟုဆိုသည် မင်္ဂလာဟု လူတို့သမုတ်သော ရုပ်အဆင်းကို

မြင်ရခြင်းသည် မဂ်လာမည်သည် ဥပမာ နံနက်စောစော အိပ်ရာမှထသောအခါ မိုးစွေဒုက် ပျံလွှားဒုက်, တိုကိုရင်း, ဝတ်စားပြင်ဆင် တန်းဆာဆင်ထားယော အမျိုးသမီး အမျိုးသား တိုကိုရင်း, ရေပြည့်အိုးကိုရင်း, ငါးကြင်းကိုရင်း, အာဇာနည်မြင်းကသော ရထားကိုရင်း, ဥသဘုန္ဒားကိုရင်း, တွေ့မြင်ရခြင်းသည် လောကလူတို့က မဂ်လာဟု သတ်မှတ်ထားသော အရာဝတ္ထုတို့ကို တွေ့မြင်ရခြင်းဖြစ်၍ ၎င်းသည် မဂ်လာဖြစ်သည်

ထို့ကြောင့် မဂ်လာဟူသည် မြင်အပ်သော အရာဝတ္ထု, မြင်ခြင်းကို မဂ်လာဟုဆိုလေသည်။ ထိုစကားကို အချို့က လက်ခံ၍ အချို့က လက်မခံကြပေ။ မြင်ခြင်း မြင်ရသော အရာဝတ္ထုကို မဂ်လာဆိုလျှင် ခွေးသေကောင်ပုပ် စသည်ကို မြင်ရခြင်းကိုကား မဂ်လာဟု ဆိုဦးမည်လော စသည်ဖြင့် လက်မခံကြဘဲ ငြင်းခုံခြင်းကို ပြုကြကုန်၏။

ထိုနောက် သုတမဂ်လာ ကြားရသော အရာဝတ္ထုကို မဂ်လာဟု ယူဆသူတဦးက ဤသို့ဆိုပြန်၏။ မျက်စိဆိုသည်မှာ စင်ကြယ်သည်ကို ဖြစ်စေ မစင်ကြယ်သည်ကိုဖြစ်စေ တင့်တယ်သည်ကိုဖြစ်စေ မတင့်တယ်သည်ကိုဖြစ်စေ စိတ်နှလုံး ချမ်းမြေ့သာယာ ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အရာဝတ္ထုအားလုံးကို မြင်ရသောကြောင့် မြင်ရသော အရာဝတ္ထုကို

မင်္ဂလာဟုဆိုသည်မှာ မဖြစ်နိုင် အမှန်မှာကား ကြားရတာ ကိုမှ မင်္ဂလာဟု ဆိုသင့်သည်။ ဥပမာဆိုရမူ- နံနက်စောစော အိပ်ရာမှထသောအခါ ကြီးပွါးသည်ပြည့်စုံသည် စိတ်ကောင်း ရှိသည် ကျက်သရေရှိသည် ယနေ့ ကောင်းသော နက္ခတ်နှင့် ယှဉ်သည် ယနေ့ ကောင်းသောနေ့ ဖြစ်သည် ၊စသည်ဖြင့် သာယာကောင်းမွန်သော အသံတို့ကို ကြားရခြင်းသည် မင်္ဂလာဖြစ်သည် ဤသည်ကိုပင် သုတမင်္ဂလာဟုဆိုကြပါသည်၊ ထိုသို့ဆိုသော သုတမင်္ဂလာ အယူရှိသူ၏ စကားကို အချို့က လက်ခံ၍ အချို့က လက်မခံကြကုန် လက်ခံသူများနှင့် လက်မခံသူတို့ ငြင်းခုံကြကုန်၏။

ထိုနောက် တဖန် တွေ့ထိ ခံစားရမှု ကိုမှ မင်္ဂလာဟု ယူဆသူ တဦးက ဤသို့ ဆိုပြန်၏၊ အချင်းတို့ ကြားရခြင်းကို မင်္ဂလာဟု ဆိုလျှင် ကောင်းတာကိုလည်း ကြားရသည် မကောင်းတာကိုလည်း ကြားရသည် နှစ်သက် သာယာဘွယ် ကိုလည်း ကြားရသည် မနှစ်သက်ဖွယ်မသာယာဖွယ်တို့ကိုလည်း ကြားရသည်အကယ်၍သာကြားရခြင်းကိုမင်္ဂလာဟုဆိုလျှင်မကောင်းသောအသံ,နှစ်သက်ဘွယ် မဟုတ်သောအသံကိုကြားရခြင်းတို့ကိုလည်းမင်္ဂလာဟုပင် ဆိုရချေတော့မည်၊ ထို့ကြောင့်ကြားရခြင်းကို မင်္ဂလာဟု ဆိုခြင်းသည် မမှန်ကန်ချေ၊ အမှန်စင်စစ် ကား အနံ့ အရသာတို့ကို တွေ့ထိ ခံစားရမှုသာ မင်္ဂလာ ဖြစ်သည်၊ဥပမာအားဖြင့် နံနက်စောစော အိပ်ရာမှ ထသောအခါ

သင်းပျံ့ကြွေးသော ပဒုမာကြာနံ့ကို ရှုရှိုက်နမ်းရှုတ်ရခြင်း, သာယာ နူးညံ့သော ဒန်ပူကို ခဲရခြင်း နူးညံ့သော မြေကို စမ်းသပ် ကိုင်တွယ်ရခြင်း, စိမ်းစိုသော ကောက်ပဲသီးနှံ, စိမ်းစိုသောအသီးအပွင့်တို့ကို သုံးသပ်ကိုင်တွယ်ရခြင်း နူးညံ့သော အဝတ်ကို ဝတ်ရခြင်း, နူးညံ့သော ဦးရစ် ခေါင်းပေါင်းကို ပေါင်းရခြင်း စသည်ဖြင့် သာယာသော အနံ့ကို နမ်းရှုရခြင်း, ကောင်းမွန်သော အရသာကို တွေ့ထိ ရခြင်း, နူးညံ့သော အတွေ့ကို တွေ့ထိရခြင်း တို့သည်သာ မင်္ဂလာ ဖြစ်သည်ဟု ပြောဆိုလေရာ သူ၏ စကားကိုလည်း အချို့က လက်ခံ၍ အချို့က လက်မခံ ကြသောကြောင့် လက်ခံသူများ လက်မခံ သူတို့ ငြင်းခုံကြ ကုန်၏။

ဤသို့ အားဖြင့် ဒိဋ္ဌကို မင်္ဂလာ,ဟု ယူဆသူ တို့ကလည်း သုတ, မုတကို မင်္ဂလာဟု ယူဆတို့အား ပြောလည်အောင် မဖြေရှင်း နိုင်ကြကုန်၊ ထိုနည်းတူစွာ သုတကို မင်္ဂလာဟု ယူဆသူ တို့ကလည်း ဒိဋ္ဌ, မုတတို့ကို မင်္ဂလာဟု ယူဆသူတို့အား ပြော လည်အောင် မဖြေရှင်း နိုင်ကြကုန်၊ ထိုအခါ ဇမ္ဗူဒီပ်တကျွန်း လုံးဌ အစု အစုဖွဲ့ကာ မင်္ဂလာ ဆုတာ ဘာလဟု မင်္ဂလာ အကြောင်းကို ကြံစည်ဆွေးနွေးကြကုန်၏။

လူတို့မှ ဂဆင့် ကိုယ်စောင့် နတ်များ, မြေ၌ တည်သော နတ်များ,ကောင်းကင်၌ တည်သောနတ်များ, စတုမဟာရာဇ် နတ်များ စသည်ဖြင့် အကနိဋ္ဌ ဗြဟ္မာပြည် တိုင်အောင် နတ်

ဗြဟ္မာတို့ပါ မကျန် မိမိတို့ နှစ်သက်ရာ အစုအစု ဖြစ်ကြကုန်လျက် မင်္ဂလာကို ကြံစည် ဆွေးနွေး ပြောကြားကြ ကုန်၏၊ ဤသို့ တသောင်းသော စကြဝဠာ၌ ရပ်တိုင်းရွာတိုင်း မြို့တိုင်း အိမ်တိုင်းတို့၌ မင်္ဂလာနှင့် ပတ်သက်သော စကားတို့ကို ပြောဆိုနေကြရာ တိကျသော အဆုံးအဖြတ် မရကြဘဲ ၂-နှစ်တိုင် အောင် ကြာမြင့်ခဲ့ လေသည်၊ အရိယာ သာဝကတို့မှ တပါးလူ နတ် ဗြဟ္မာ အားလုံးတို့ မှာပင် ဒိဋ္ဌ သုတ မုတ အားဖြင့် မိမိတို့ နှစ်သက် ရာကို စဉ်ယူကြရာ အုပ်စု ၃-စု ကွဲလျက် ရှိကြကုန်၏၊ ဤကဲ့သို့ မင်္ဂလာ ဟု ယထာဘူတ ကျအောင် မည်သူ တဦး တယောက်မျှ အဆုံးအဖြတ် မပေးနိုင်ကြ ကုန်ချေ။

ထိုသို့ လူ့ပြည် နတ်ပြည် တို့၌ မင်္ဂလာနှင့် ပတ်သက်၍ တိကျသော အဖြေမှန်ကို မရရှိကြဘဲ ၁၂-နှစ် လွန်မြောက်သော အခါတွင် တာဝတိံသာ နတ်ပြည်၌ နတ်သားတို့သည် စုဝေး၍ ဤသို့ ဆွေးနွေး တိုင်ပင်ကြ ကုန်၏၊ "အိမ်စု တခု၌ အိမ်ထောင်ဦးစီး ယောကျ်ားသည် အိမ်ယူအိမ်သား အားလုံး၏ အကြီးအကဲ အုပ်ချုပ်သူ ဖြစ်သကဲ့သို့ရင်း ရွာသူကြီးသည် ရွာသူရွာသား အားလုံးတို့၏ အကြီးအကဲ အုပ်ချုပ်သူ ဖြစ်သကဲ့သို့ရင်း, တိုင်းပြည် အုပ်ချုပ်မင်းလုပ်သူသည် တိုင်းသူပြည်သား လူအများ၏ အကြီးအကဲ အုပ်ချုပ်သူ ဖြစ်သကဲ့သို့ရင်း၊ ထိုနည်းတူစွာ သိကြားမင်းသည် ဘုန်းကံအားဖြင့်ရင်း၊ တန်ခိုးအားဖြင့်ရင်း၊ အစိုးရခြင်းအားဖြင့်ရင်း၊ ပညာ

အားဖြင့်၎င်း၊ ငါတို့ထက် မြင့်မြတ်ထူးချွန် ကဲလွန်ပိုမောက် အထွတ်အထိပ်သို့ ရောက်ချေ၏၊ စတုမဟာရာဇ် တာဝတိံသာ နတ်ရွာနှစ်ခု၏ အဓိပတိလည်း ဖြစ်သည်။

သို့ဖြစ်၍ ငါတို့သည် ငါတို့၏အရှင် သိကြားမင်းထံ ချဉ်းကပ်လျက် ဤမင်္ဂလာပြဿနာ၏အဖြေကို မေးမြန်းရမူကား ကောင်းလေစွ"ဟု တာဝတိံသာနတ်သားတို့ စည်းဝေးတိုင်ပင်ကြကုန်၏၊ ထိုသို့တိုင်ပင် စည်းဝေး ကြပြီးနောက် တာဝတိံသာနတ်တို့သည် သိကြားမင်းထံသို့ သွားကြကုန်လျက် ထိုခဏအားလျောက်ပတ်သော အဝတ်တန်ဆာတို့ဖြင့် ကျက်သရေရှိလှသော တကုဋ္ဌေခွဲမျှ ပမာဏရှိသော နတ်သမီး အပေါင်းခြံရံလျက် ပင်လယ်ကသစ်ပင်ရင်းရှိ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ တင့်တယ်စွာ ထိုင်နေသော နတ်တို့သနင်းသိကြားမင်းကို ရှိခိုးကြကုန်ပြီးလျှင် တင့်အပ်လျောက်ပတ်သောနေရာ၌ နေကြကုန်လျက် သိကြားမင်းအား ဤသို့လျောက်ထားကြကုန်၏။

"နတ်တို့ကိုအစိုးရတော်မူသော အရှင်သိကြားမင်း၊ ယခုအခါနတ်တို့ရွာတွင် မင်္ဂလာပြဿနာ ဖြစ်ပေါ်နေပါသည် အချို့က မျက်မြင်ဒိဋ္ဌကို မင်္ဂလာဟုဆိုကြပါသည်၊ အချို့ကမူ ကြားရခြင်းသုတကို မင်္ဂလာဟုဆိုကြပါသည်၊ အချို့ကလည်း တွေ့ထိခံစားမူမုတကို မင်္ဂလာဟုဆိုကြပါကုန်သည်၊ ယင်းပြဿနာကို ကျွန်ုပ်တို့နှင့်တကွ အခြား နတ်များအား

မဆုံးဖြတ်နိုင် ဖြစ်နေကြပါသည်၊ ကျွန်ုပ်တို့ တောင်းပန်ပါကုန်၏။ အရှင်သိကြားမင်းသည် ယင်းပြဿနာကို ဟုတ်တိုင်းမှန်စွာ ကျွန်ုပ်တို့အား ဖြေရှင်းပေးပါလော့ဟု သိကြားမင်းအား နတ်တို့က လျှောက်ထားတောင်းပန်လေ၏၊ နတ်များမေးမြန်းသောစကားကို သိကြားမင်းကြားသောအခါ သိကြားမင်းသည် ပကတိပင်ကိုယ်အားဖြင့်ပင် ပညာအမြင် အမြင်ရှိသူဖြစ်ရာ—

"အမောင်နတ်သားတို့ ယခုမင်္ဂလာပြဿနာဟာ အဘယ်အရပ်မှစ၍ ဖြစ်လာပါသလဲ"

ဟုမေးသောအခါ "အရှင်သိကြားမင်း ကျွန်ုပ်တို့သည် စတုမဟာရာဇ်နတ်တို့ထံမှ ကြားရပါကုန်သည်၊စတုမဟာရာဇ် နတ်တို့သည် ကောင်းကင်၌တည်သော နတ်တို့ထံမှ ကောင်းကင်၌တည်သော နတ်တို့သည် မြေ၌တည်သော ဘုမ္မစိုး နတ်များထံမှ မြေ၌တည်သော ဘုမ္မစိုးနတ်တို့သည် လူတို့၏ ကိုယ်စောင့်နတ်များ ထံမှ လူတို့၏ ကိုယ်စောင့်နတ်တို့သည် လည်း လူ့ပြည်လူ့ထံမှ ကြားကြရပါကုန်၍ ပြဿနာစတင် ဖြစ်ပေါ်လာသည်မှာကား လူ့ပြည်လောက လူ့ဌာနတွင် ဖြစ်ပါသည်ဟု နတ်တို့က လျှောက်တင်ကြကုန်၏။

ထိုအခါ သိကြားမင်းသည် နတ်တို့အား "ယခုအခါ မြတ်စွာဘုရားသခင်သည် အဘယ်အရပ်၌ သီတင်းသုံးနေပါ

သနည်း”ဟု မေးရာ “အရှင်သိကြားမင်း မြတ်စွာဘုရား သည် လူ့ပြည်၌ သီတင်းသုံး မွေ့လျော်နေတော်မူပါသည်” ဟု လျှောက်ထားသောအခါ “အမောင်နတ်သားတို့ ဤ မင်္ဂလာပြဿနာနှင့် ပတ်သက်၍ မြတ်စွာဘုရားအား တဝှံ ဘယေဘက်က မေးမြန်းလျှောက်ထား ဘူးပါသလားဟု ထပ်ဆင့်၍ မေးလေရာ၊ အရှင်သိကြားမင်း ဤပြဿနာနှင့် ပတ်သက်၍ မြတ်စွာဘုရားအား တဦးတယောက်မှ မေးမြန်း လျှောက်ထားခြင်း မရှိခဲ့ပါဟု နတ်တို့က သိကြားမင်းအား လျှောက်ထားသောအခါ သိကြားမင်းက—

“အမောင်နတ်သားတို့ သင်တို့သည် မီးပုံကြီးရှိလျက် မီးပုံ ကြီးကို ရှောင်ရှားစွန့်ပယ်ကာ ပိုးစုံးကြူးကို မီးမှတ် နေကုန် ဘိ၏၊ မင်္ဂလာနှင့်ပတ်သက်၍ အကြွင်းအကျန်မရှိ အလုံးစုံ ဟောကြားနိုင်သော ဘုရားရှင်ကို ကျော်လွန်၍ ငါ့အား လာရောက်မေးမြန်းကုန်ဘိ၏၊ အမောင်နတ်သားတို့ လာကြ ကုန်လော၊ ထိုမြတ်စွာဘုရားအား မေးမြန်းကြကုန်အုံ၊ ကျက်သရေ မင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အခြ စကားကို မှုချခြင်းမှ ကင်းသည် သောတည်း ဟု ဆိုကာ နတ်သား တယောက်ကို ဘုရားရှင်အား မေးမြန်း လျှောက်ထားရန် စေခိုင်းလိုက်လေ၏။

သိကြားမင်း စေခိုင်းလိုက်သော နတ်သားသည် ထိုခဏ အားလျှောက်ပတ်သောဝတ်စားတန်ဆာတို့ဖြင့်ဆင်ယင်လျက်

နတ်အပေါင်း ခြံရုံကာ လျှပ်စီးလက်သကဲ့သို့ တမဟုတ်ချင်း ဇေတဝန် ကျောင်းတော်သို့ သွားရ မြတ်စွာဘုရားအား ရှိခိုးလျက် သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်ကာ မင်္ဂလာနှင့် ပတ်သက်သော ပြဿနာကို မေးလိုသဖြင့် ဗဟုဒေဝါ မနုဿာ စ စသောဂါထာကိုရွတ်ဆိုလျှောက်ကြား လေသတည်း။

မင်္ဂလာဆိုသည်ကား မြင်ခြင်း (ဒိဋ္ဌ) ကိုလည်းခေါ်သည် မဟုတ် ကြားခြင်း (သုတ) ကိုလည်း မင်္ဂလာဟု မခေါ်ဝေါ် တွေ့ထိခံစားခြင်း (မုတ) ကိုလည်း မင်္ဂလာဟု မဆိုထိုက် အမှန်မှာကား (၁) လူမိုက်တို့ကို မမြင်ဝဲ မဆည်းကပ်ခြင်း (၂) ပညာရှိကို မြင်ဝဲဆည်းကပ်ခြင်း (၃) ပူဇော်ထိုက်သူကို ပူဇော်ခြင်း စသော မင်္ဂလာသုတ်လာ (၃၈)ဖြာသော တရားတို့ကိုသာ မင်္ဂလာဟု ခေါ်ရကြောင်း ဘုရားရှင်သည် ဟောကြားတော်မူပြီးသော အခါ ဒေသနာတော်၏ အဆုံး၌ ကုဋေတသိန်းမျှကုန်အော နတ်တို့သည် ရဟန္တာဖြစ်ကြကုန်၍ သောတာပန် သကဒါဂါမ် အနာဂါမ် အဖြစ်သို့ ရောက်ကုန်သော နတ်တို့ကား မရေ မတွက်နိုင်အောင် များပြားကုန်၏။

ထိုအခါ ဘုရားရှင်သည် နတ်တို့အား တရားဟောအပြီး နောက်တနေ့၌ အာနန္ဒာကိုခေါ်၍ "ချစ်သားအာနန္ဒာ အမျိုးအမည် မထင်ရှားသော နတ်သား တယောက်သည်

လွန်ခဲ့သောညက ငါဘုရားသို့ ချဉ်းကပ်၍ မင်္ဂလာပြဿနာကို မေးမြန်းလျှောက်ထား၏။ ငါဘုရားသည် ၃၀-ဖြာသော မင်္ဂလာတရားတို့ကို နတ်တို့အား ဟောကြားခဲ့၏။ ချစ်သား အာနန္ဒာ ၃၀-ဖြာသော မင်္ဂလာတို့ကို ငါဘုရားထံမှ သင်ယူ လော့၊ ''ထို့နောက် ရဟန်းတို့အား ပို့ချ သင်ကြားပေးလော့ ဟု ဘုရားရှင် မိန့်ကြားတော်မူသည့်အတိုင်း ရှင်အာနန္ဒာသည် ဘုရားသခင်ထံမှ နာယူမှတ်သားလျက် ရဟန်းတို့အား တဆင့် ဟောကြားလေ၏၊ ထို့သို့အားဖြင့် ဆရာအဆက်ဆက် ဆောင် ရွက်မှတ်သား သင်ကြားလာခဲ့ရာ ယခုတိုင်အောင် ၃၀-ဖြာ မင်္ဂလာတရားများ ဖြစ်ထွန်း တည်ရှိနေခြင်း ဖြစ်၏။

ရတနသုတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဝေသာလီပြည်၌ ငတ်မွတ်ခေါင်းပါးခြင်း ဘေးဖြစ်ပေါ်လာ၏။ ထိုဘေးအန္တရာယ်များ ကင်းပျောက်ရန်အတွက် လိစ္ဆဝီမင်းတို့သည် ရာဇဂြိုဟ်ပြည်သို့ သွားလျက် ဘုရားရှင်အား ဝေသာလီပြည်သို့ ပင့်ဆောင်လာကြကုန်၏။ ဤသို့ ပင့်ဆောင်လာသောအခါ ဘုရားရှင်သည် ငတ်မွတ်ခေါင်းပါးခြင်း ဘေးအန္တရာယ်များ ကင်းငြိမ်းရန်အတွက် ဤရတနသုတ်တော်ကို ဟောကြားတော်မူ လေသည်။

လိစ္ဆဝီ

ဗာရာဏသီမင်း၏ မိဖုရားကြီး ဝမ်း၌ ကိုယ်ဝန်တည်သည်ကို မိဖုရားကြီး သိသောအခါ မိဖုရားသည် ဗာရာဏသီမင်းအား အကြောင်းကြားရာ မင်းကြီးသည် ကိုယ်ဝန်၏ အစောင့်အရှောက်ကို ပေးထားလေ၏။ မိဖုရားကြီးသည် ကိုယ်ဝန်ရင့်သောအခါ မွေးဖွားခန်း (မွေးဖွားရာ အိမ်)သို့ ဝင်လေ၏။ ဘုန်းကံရှိသော သူတို့အား နံနက်မိုးသောက် ချိန်၌ မွေးဖွားရိုး ဓမ္မတာဖြစ်လေရာ မိဖုရားကြီးသည်လည်း ဘုန်းကံရှိသူတို့တွင် တဦးအပါအဝင် ဖြစ်ရကား နံနက်မိုးသောက် အချိန်၌ ချိပ်လွှာမိုးစွေပန်းနှင့် တူသော အသားတစ်, အသားစိုင်ကို မွေးဖွားလေ၏။

ထိုအခါ "အခြား မိဖုရားတို့သည် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိသည့် သားတို့ကို ဖွားမြင်၍ မိဖုရားခေါင်ကြီးကား သားတစ်,သားစိုင်ကို မွေးဖွား၏,ဟု မင်းကြီးသိလျှင် ငါ့အား ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြေားကြား ကြကုန်လိမ့်မည်"ဟု ကြံစည်လျှက် ထိုသို့ သူတပါးတို့ ကဲ့ရဲ့ ရှုတ်ချမည်ကို ကြောက်ရွံ့သောကြောင့် ယင်း အသားတစ်, အသားစိုင်ကို ခွက်တခု၌ ထည့်၍ ဖုံးအုပ်ပြီးလျှင် မင်း၏ တံဆိပ်ခပ်နှိပ်လျက် ဂင်္ဂါမြစ်ထဲသို့ မျှောလိုက်လေ၏။ လူတို့ လက်မှ စွန့်လွှတ် ရေမျှောလိုက်သော ခဏမှ စ၍ နတ်တို့က

စောင့်ရှောက်ကြကုန်၏။ ရွှေပြားတွင် ဟယ်ာပြဒါး အစစ်ဖြင့် "ဗာရာဏသီမင်း၏ မိဖုရားခေါင်ကြီးမှ မွေးဖွားသည်" ဟု ရေးဖွဲ့၍ ဖွဲ့ချည်ပေးလိုက်၏။ ထိုအခါ ထိုခွက်သည် လှိုင်းလေများ ပုတ်ခတ်သဖြင့် ဂင်္ဂါရေယဉ်ကျောဝယ် မျောနေလေ၏။

ထိုအချိန်၌ ရသေ့တပါးသည် နွားကျောင်းသားအမျိုးကို အမှီပြု၍ ဂင်္ဂါမြစ်ကမ်းနား၌ နေလေ၏။ ရသေ့သည် နံနက်စောစော ဂင်္ဂါမြစ်သို့ သက်ဆင်းသောအခါ ရေ၌ မျောပါလာသော ထိုခွက်ကို မြင်သဖြင့် ပို့သုကူ အမှတ်ဖြင့် ဆယ်ယူလျက် ကမ္ဗည်းအက္ခရာ ရေးသားထားသည်ကိုဌင်း၊ မင်း၏ တံဆိပ်ခပ်နှိပ်ထားသည်ကိုဌင်း တွေ့မြင်သဖြင့် ဖွင့်၍ ကြည့်သောအခါ အသားတစ်, အသားစိုင်ကို တွေ့ရလေ၏။ အသားတစ်, အသားစိုင်များကို တွေ့သောအခါ ရသေ့သည် "ကိုယ်ဝန်မွေးဖွားခြင်း ဖြစ်တန်ရာ၏။ သို့သော် မကောင်းသော အပုပ်နံ့ကား မရှိ" ဟု သိရကား ကျောင်းသင်္ဂမ်းသို့ ယူဆောင်လျက် သန့်ရှင်းစင်ကြယ်သော နေရာ၌ ထားလေ၏။

ထို့နောက် လခွဲလွန်မြောက်သောအခါ အသားတစ် အသားစိုင်နှစ်ခုဖြစ်လာ၏၊ ရသေ့သည် ထိုအခြင်းအရာကို မြင်၍ ကောင်းမွန်စွာထားလေ၏၊ ထို့နောက်လခွဲလွန်မြောက်

သောအခါ တခုတခုသောအသားတစ်မှ လက်ခြေဦးခေါင်း ဘို့ဖြစ်ရာ အဖုဝါးခုစီဖြစ်လာ၏။ ထို့နောက် တဖန် လခွဲလွန်မြောက်သောအခါ အသားတစ်တခုမှ ရှေ့အဆင်း နှင့် တူသော ယောကျ်ားကလေးနှင့် အသားတစ် တခုမှ မိန်းခလေးဖြစ်လာ၏။ ထိုသူယေ နှင်ဦးတို့အား ၀ါဒ ရသေ့သည် သားသမီးဟူသော ချစ်ခင်တွယ်တာမှုဖြစ်ပေါ်ရကား လက်ညှိုးမှ နို့ရေဖြစ်လာ၏၊ ထိုအခါမှစ၍ နို့ထမင်းကို ရ၏၊ ရသေ့သည် ဆွမ်းဘုဉ်းပေးပြီးနောက် နို့ရေကို သူယေ ဘို့၏ခံတွင်းဥ်သွန်းလောင်းထည့်ပေး၏၊ ထိုသူယေတို့၏ဝမ်းသို ဝင်သမျှသည် ပတ္တမြားခွက်ထဲသို ထည့်ထားသကဲ့သို့ထင်ရ၏၊ ဤသို အရေမရှိသောကြောင့် ၎င်းတို့အား လိစ္ဆဝီဟုခေါ် ၀ေါ်ကြကုန်၏။

၀ေသာလီ၀တ္ထု

ရသေ့သည် သူယေတို့ကို ကျေးမွေး စောင့်ရှောက်ထိန်း သိမ်းနေရသဖြင့် နေမြင့်မှ ဆွမ်းခံရှာသို့ကြ၏၊ နေမြင့်မှ ဆွမ်းခံရှာမှပြန်လာရ၏၊ ရသေ့၏ သူယေတို့၌ စောင့်ရှောက် ပြုစုရသော ကြောင့်ကြ ဗျာပါရကို နွားကျောင်းသား ရှာသားတို့သိသောအခါ "အရှင်ရသေ့ ရသေ့ရဟန်းတို့အား သူယေတို့ကို မွေးမြူရခြင်းမှာ ကြောင့်ကြဗျာပါရ မျှားလှ ပါ၏၊ တပည့်တော်တို့အားသူယေတို့ကိုပေးထားပါ၊ တပည့် တော်တို့ ကျေးမွေး စောင့်ရှောက်ပါကုန်အုံ့၊ အရှင်ဘုရား

တို့သည် မိမိတို့ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအလုပ်ကိုသာ စိတ်အေး ချမ်းသာစွာ ပြုလုပ်အားထုတ်တော်မူပါ"ဟု ရွာသားတို့က လျှောက်ထားလေလျှင် ရသေ့သည် ကောင်းပြီဟု ဝန်ခံ၏။ နွားကျောင်းသားရွာသားတို့သည် နှစ်ရက်မြောက်သောနေ့၌ လမ်းကိုညီညွတ်အောင်ပြုလုပ်ကြကုန်လျက် ပန်းတို့ကို ကြဲဖြန့် ပြီးလျှင် တမ်းခွန်ကုက္ကားတို့ကို စိုက်ထောင်ကာတူရိယာများ တီးမှုတ်ကြကုန်လျက် ရသေ့၏ကျောင်းသင်္ခမ်းသို့ လာကြ ကုန်၏။

ရသေ့သည် "ဒါယကာတို့ ဤသူငယ်တို့သည် ရှေးဘုန်း ရှေးကံ ရှိကြသူများဖြစ်ကြသောကြောင့် သင်တို့သည် မမေ့ မလျော့ ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက် ထိန်းသိမ်း ကြပါ၊ အရွယ်ရောက်သောအခါ သူတို့နှစ်ဦးအား ထိမ်းမြား လက်ထပ်ခြင်းကို ပြုပေးကြပါ၊ နွားနှီအရသာ ငါးမျိုးဖြင့် မင်းကြီးအားနှစ်သက်စေလျက် မြေအပြင်ကိုညီညွတ်အောင် ပြုလျက် မြို့ကို ဖန်ဆင်း တည်ထောင်ပေးကြပြီးလျှင် သူငယ် ယောကျ်ားကို အဘိသိက်သွန်းကြပါကုန်လော့"ဟု ဆိုကာ သူငယ်တို့အား ရွာသားတို့အား ပေးလိုက်ရာ ရွာသားတို့ လည်း ကောင်းပါပြီ အရှင်ရသေ့ကြီးဟု ဝန်ခံလျက်သူငယ် နှစ်ဦးတို့ကို ရွာသို့ခေါ်ဆောင်ကာ ကျွေးမွေးကြကုန်၏။

သူငယ်တို့သည် ကြီးပြင်းလာသောအခါ အခြားသူငယ် တို့နှင့်ကစားကြစဉ် ငြင်းခုံကြလျှင် အခြားနွားကျောင်းသား

သူငယ်တို့ကို လက်,ခြေတို့ဖြင့်ရိုက်နှက်ပုတ်ခတ်သဖြင့် အခြား သူငယ်များငိုကြကုန်၏၊ အဘယ့်ကြောင့် ငိုကြသနည်းဟု မိဘတို့ကဆိုသောအခါ "ဤမိဘမဲ့ရသေ့ကြီးကျေးမွေးထား သောသူငယ်တို့သည် ကျွန်ုပ်တို့ကိုရိုက်နှက်ပုတ်ခတ်ပါကုန်၏" ဟု ခလေးများကပြောလေလျှင် "ဤသူငယ်တို့သည် အခြား သူငယ်တို့ကိုရိုက်နှက်ပုတ်ခတ်ကုန်ရာ၏။ ဤသူငယ်တို့ကို မချီး မြှောက်ကြကုန်လင့် ဤသူငယ်တို့ကို ရှောင်ကြဉ် ပယ်ရှားကြ ကုန်လော့"ဟု နွားကျောင်းသားတို့၏ မိခင်တို့က ဆိုကြ ကုန်၏။

ထိုအခါမှစ၍ ယူဇနာတရာမျှပမာဏရှိသော ထိုအရပ်ကို ဝဇ္ဇီ(ကြဉ်ဖယ်ထားရာအရပ်)ဟု ခေါ်ဝေါ်ကြပါ ကုန်၏။ ထိုအခါ ယင်းအရပ်ကို နွားကျောင်းသားတို့သည် မင်းကြီး အားနှစ်သက်စေကာ မင်းကြီးထံမှ တောင်းယူကြပြီးလျှင် မြို့တည်ထောင်ကြကုန်လျက် ၁၆-နှစ်အရွယ်ရှိသော သူငယ် တို့ကိုအတိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏၊ထိုသူငယ်အား သူငယ်မနှင့် လက်ထပ် တိမ်းမြားပေးကြပြီးလျှင် "အခြား ပြင်ပမှသူငယ်မတို့ကို ဤအမျိုးယဲ့သို့ မဆောင်ယူ မပေးစား အပ်သည့်နည်းတူ ဤအမျိုးမှ သူငယ်မတို့ကိုလည်း အခြား ပြင်ပ ယောကျ်ားအား မပေးစား မတိမ်းမြားရ"ဟု ကတိက ဝတ်ပြုကြကုန်၏၊ထိုနှစ်ယောက်မှ ပထမအကြိမ်သို့းတယောက် သားတယောက်အားဖြင့် ၂-ယောက် ဤနည်းအတိုင်း ၁၆- ကြိမ်တိုင်အောင် ၂-ယောက်စီဖွားမြင်ကြကုန်၏။

ထိုအခါ အစဉ်သဖြင့် ကြီးပြင်းလာကြကုန်သော ထိုသူငယ်တို့အတွက် အာရမ်,ဥယျာဉ်နေရာဌာန၌ အခြံအရံတို့၏ ပြည့်စုံခြင်းကို ယူခြင်းငှာ မစွမ်းနိုင်ရကား ယင်းမြို့ကို တဂါဝုတ်ခြား တဂါဝုတ်ခြား တတိုင်း ၃-ထပ်ကာရံထားကြကုန်၏၊ ထိုသို့ တတိုင်းအသပ်ထပ် ကာရံခြင်းအားဖြင့် ပြန့်ပြောခြင်းကြောင့် ထိုအရပ်ကို ဝေသာလီဟု ခေါ်ဆိုလေသည်။

မြတ်စွာဘုရားအားပင့်လျှောက်ခြင်း

ဤဝေသာလီပြည်သည် မြတ်စွာဘုရား ပွင့်ထွန်းသောအခါတွင် ဝပြောသာယာရှိခဲ့၏၊ နောင် အချိန်တွင်ကား ဝေသာလီပြည်သည် ငတ်မွတ်ခေါင်းပါးအစာရှား၏၊ မိုးလေဝသမမှန်၊ ကောက်ပဲသီးနှံတို့ အပျက်အစီးများ၏၊ သို့ဖြစ်၍ ဆင်းရဲသူများ ရှေးဦးစွာ သေကြသောအခါ ထိုသေသူတို့ကို စွန့်ပစ်ကြကုန်၏၊ သေသောသူတို့၏ အပုပ်နှံ့ဖြင့် မြေဘုတ်ဘီလူး သူရဲသဘက်တို့ မြို့တွင်းသို့ဝင်ကြကုန်၏၊ ထို့ကြောင့် မြို့တွင်းရှိလူတို့ အများအပြား သေကြကုန်၏၊ များစွာသောလူကောင်ပုပ်အနှံ့ကြောင့် သတ္တဝါတို့အား မြွေဆိပ်ကဲ့သို့ ပြင်းထန်ယျင်မြန်သော လေရောဂါသည် ကျရောက်လာ၏။

ဤသို့ ဝေသာလီပြည်၌ ငတ်မွတ်ခေါင်းပါး အစာရှားခြင်းဘေး, ဘီလူး,သဘက်တို့ နှိပ်စက်ခြင်းဘေး ရောဂါထူ

ပြောခြင်းဘေးဟူသော ဘေးကြီးသုံးပါး ဖြစ်ပွားနိုပ်စက်ခြင်းကြောင့် သောလီ ပြည်သူပြည်သားတို့သည် မင်းကြီးထံ ချဉ်းကပ်လျက် "အရှင်မင်းကြီး ဤသောလီပြည်၌ ဝတ်မှတ်ခေါင်းပါးခြင်းဘေး, ဘိလူးသဘက်ဘေး, ရောဂါထူပြောများပြားခြင်းဟူသော ဘေးသုံးပါးတို့ ဖြစ်ပေါ်နေပါသည်၊ ဤအခါမှ ရှေးဖြစ်သော မင်းခုနစ်ဆက်တိုင်အောင် ဤကဲ့သို့သော ဘေးအန္တရာယ်မျိုး တခါမျှ မဖြစ်ခဲ့ဘူးပါ၊ ဤအဖြစ်မျိုးသည် တရားမစောင့် တရားကို မကျင့်သော မင်းဘို့၏လက်ထက်၌ ဖြစ်ရိုးရှိပါသည်ဟု လျှောက်ထားကြသောအခါ မင်းကြီးသည် လူအားလုံးတို့ မင်းယင်ပြင်စည်းဝေးခန်းမ၌ စုဝေးပြီးလျှင် "ငါ၏တရားမကျင့် တရားမဇောင့်မှုရှိလျှင် စုံစမ်းစစ်ဆေးကြပါကုန်"ဟု လူတို့အား အပ်နှံသဖြင့် လူအားလုံးတို့သည် မင်းကြီး၏ မတရားမှု,တရားမကျင့်မှုတို့ကို တစုံတရာစုံစမ်းကြရာ တစုံတရာမှ မတွေ့ကြပါချေ။

ယခုဖြစ်ပေါ်နေသော ဘေးအန္တရာယ်တို့သည် အရှင်မင်းမြတ် တရားမစောင့်သောကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်လျှင် ငါတို့သည် ဤဘေးရန်များကင်းငြိမ်းပပျောက်အောင် အသို့ပြုကြပါကုန်မည်နည်းဟု ကြံစည်ဆွေးနွေးကြကုန်၏။ ထိုအခါ အချို့သောသူတို့က ပုရဏကဿပစသော တိတ္ထိဆရာကြီး ၆-ယောက်ကို ရည်ညွှန်းလျက် "ဤဆရာ

ကြီးတို့ကိုပင့်ဖိတ်ရလျှင် ဆရာကြီးများရောက်သည်နှင့်တပြိုင်နက် ယခုဖြစ်ပေါ်နေသော ဘေးအန္တရာယ်များ ချက်ခြင်းကင်းငြိမ်း ပပျောက်သွားလိမ့်မည်ဟု အကြံပေးကြကုန်၏။

အချို့ကလည်း "လောက၌ မြတ်စွာဘုရား ထင်ရှားပွင့်ထွန်းနေပေသည်၊ ထိုမြတ်စွာဘုရားသည် အားလုံးသော သတ္တဝါတို့၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် တရားတော်ကိုဟောတော်မူလျက်ရှိသည်၊ ဘုန်းတန်ခိုးအာနုဘော်လည်း အလွန်တရား ကြီးမားတော်မူသည်၊ ထိုမြတ်စွာဘုရားသည် ဤအရပ်သို့ ကြွရောက်တော် မူလာသည်နှင့် တပြိုင်နက် ယခု ဖြစ်ပေါ်နေသော ဘေးအန္တရာယ်အားလုံး ကင်းငြိမ်းပပျောက် သွားပါလိမ့်မည်ဟု ပြောဆို ဆွေးနွေး အကြံပေးကြ ကုန်၏။

ဘုရားသခင်အား ပင့်ဖိတ်ရန် ဟူသော အကြံကို အားလုံးသဘောတူ လက်ခံကြ ပြီးနောက် "ယခုအခါ ဘုရားသခင်သည် အဘယ်အရပ်၌ သီတင်းသုံး နေထိုင်ပါသနည်း ငါတို့ ပင့်ဖိတ်လျှင် ကြွပါမည်လောဟု အချို့က ဆိုလေရာ" ဘုရားရှင်တို့ မည်သည် သတ္တဝါတို့အား လွန်စွာသနား ကြင်နာဘတ်ပါသည်။ အဘယ့်ကြောင့် မကြွတဲ ရှိပါအံ့နည်း၊ ထို ဘုရားသခင်သည် ရာဇပြိုဟ် ပြည်၌ နေတော် မူသည်၊ ဗိမ္ဗိသာရမင်းကြီးသည် အမြဲဆည်းကပ် ကိုးကွယ်လျက် ရှိသည်၊

ထိုဗိမ္ဗိသာရမင်းက ဘုရားရှင်အား ကြွရောက်ခွင့် ပေးပါမည် လောဟုလည်း အချို့က ဆိုကြပြန်၏၊ သို့ဖြစ်လျင် ဗိမ္ဗိသာရ မင်းကြီးအား ကျေနပ်အောင် ပြုလုပ်ပြီးမှ ပင့်ဆောင်ကြ ကုန်အံ့ဟု အညီအညွတ် သဘောတူကြကာ လိစ္ဆဝီ မင်း နှစ်ယောက် တို့ကို စစ်သည် ဗိုလ်ပါ များစွာ ခြံရံလျက် လက်ဆောင် ပစ္စည်း များစွာ တို့ကို ပေးလိုက် ပြီးလျှင် ဗိမ္ဗိသာရမင်းထံ စေလွှတ်ကြ ကုန်၏။

ထိုလိစ္ဆဝီ မင်းသားတို့သည် မင်းကြီးအား လက်ဆောင် ပဏ္ဏာများ ပေးအပ်ကြ ပြီးနောက် အကျိုး အဝကြောင်း လျှောက်တင် ပြီးလျှင် "အရှင် မင်းကြီး မြတ်စွာဘုရားကို ကျွန်ုပ်တို့၏ မြို့သို့ပို့လွှတ် စေပါလော" ဟု လျှောက်ထားကြ သောအခါ မင်းကြီးသည် မည်သို့မျှဝန်မခံဘဲ သင်တို့ဘာသာ ဘုရားရှင်အား လျှောက်ထား ပင့်ဆောင်ကြကုန်ဟု မိန့်တော်မူလိုက်၏။

ထိုအခါ လိစ္ဆဝီ မင်းတို့သည် ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုး ပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဘုရားတပည့် တော်များ၏ ဝေသာလီ ပြည်တွင် ဝတ်မွတ်ခေါင်းပါး အစာ ရှားခြင်း ဘေး, ဘီလူးသတက်တို့ နှိပ်စက်ခြင်းဘေး, ရောဂါ ထူပြော များပြားခြင်း ဟူသော ဘေးကြီး ၃-ပါး ဆိုက် ရောက် နေပါသည်၊ ဘုရားသခင်သည် ဝေသာလီ ပြည်သို့ ကြွရောက်တော်မူပါလျှင် ယင်းဘေးများကင်းငြိမ်းပပျောက်

လျက် တပည့်တော်များ ချမ်းသာရာ ရကြပါကုန်မည်''ဟု လျှောက်ကြ ကုန်၏။

လိစ္ဆဝီမင်းတို့ လျှောက်ထားသော စကားကို ကြားရ၍ ဘုရားရှင်သည် ဆင်ခြင် စဉ်းစားတော် မူလက်သော်''ဝေသာလီ ပြည်၌ ရတနာသုတ်တော်ကို ဟောကြားလျင် ယင်းအစောင့် အရှောက်သည် စကြဝဠာ ကုဋေတသိန်းတိုင်အောင် ပျံ့နှံ့လတံ့၊ ရတနာသုတ်ကို ဟောကြားပြီးသည့် အဆုံး၌ လည်း ရှစ်သောင်းလေးထောင် ကုန်သော သတ္တဝါတို့ သစ္စာသိမြင် ကျက်ဘမ်း ဝင်ကုန်လတံ့''ဟု သိရှိတော် မူရကား-ပင့်ဖိတ်ခြင်းကို လက်ခံတော် မူလေ၏။

ထိုအခါ ဗိမ္ဗိသာရ မင်းကြီးသည် ဘုရားသခင် ဝေသာလီပြည်သို့ ကြွရန် လက်ခံတော် မူသည်ကို ကြားသိ၍ ''မြတ်စွာဘုရား ဝေသာလီပြည် ကြွရန် လက်ခံတော် မူလိုက်ပြီ''ဟု မြို့တော်၌ ကြေးကြော်စေလျက် မြတ်စွာဘုရားထံ ချဉ်းကပ် ပြီးလျင် ဘုန်းတော် ကြီးသော မြတ်စွာဘုရား အရှင်ဘုရားသည် ဝေသာလီပြည် ကြွရန် လက်ခံတော် မူပါသလော''ဟု မေးမြန်း လျှောက်ထားရာ ဒကာတော်မင်းကြီး လက်ခံလိုက်သည် မှန်ပေ၏ ဟု ဘုရားရှင်က မိန့်ကြားတော် မူသော အခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရား သို့ဖြစ်လျှင် လမ်းများ ပြုပြင်စီမံခြင်း ပြီးစီးသည့် အထိ ဆိုင်းငံ့တော် မူပါဘုရားဟု မင်းကြီးက လျှောက်ထားလေ၏။

ထိုအခါ ဗိမ္မိသာရမင်းသည် ရာဇဂြိုဟ်ပြည်နှင့် ဂင်္ဂါမြစ်အကြား ၅-ယူဇနာရှိသော မြေအရပ်ကို မြေကြီးများ ညီညွတ်အောင်ပြုပြင်ပြီးလျှင် တယူဇနာ တယူဇနာ၌ ကျောင်းတဆောင်စီ ဆောက်လုပ်စေပြီးသောအခါ မြတ်စွာဘုရားအား ကြွရောက်တော်မူရန် ပန်ကြား လျှောက်ထား၏။ ဘုရားရှင်သည် ရဟန်းငါးရာခြံရုံလျက် ကြွရောက်တော်မူ၏။ ဗိမ္မိသာရမင်းကြီးသည် ငါးယူဇနာ ရှိသော လမ်းခရီးကို အဆင်းငါးမျိုးရှိသော ပန်းတိုဖြင့် ကဲ့ဖြန့်စေလျက် တံခွန်ကုက္ကား, ရေပြည့်အိုးနှင့် ၄က်ပျောပင် စသည်တို့ကို စိုက်ထောင်စေပြီးလျှင် ဘုရားရှင်အား ဂိုးဖြူတော်နှစ်လက်နှင့် ကျန်ရဟန်းငါးရာတို့အား တပါး တပါးလျှင် ထိုးဖြူတော် တလက်စီ ဆောင်းမိုးစေလျက် မိမိ၏ အခြေအရံပရိသတ်များနှင့်အတူ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ခြင်းကိုပြုပြီးမှ တကျောင်းတကျောင်း၌ တရက်စီဘုရားရှင်အား သီတင်းသုံးနေတော်မူစေပြီး ငါးရက်ဖြင့် ဂင်္ဂါမြစ်ကမ်းသို့ ဆိုက်ရောက်ပို့ဆောင်စေ၏။

ထိုဂင်္ဂါမြစ်ကမ်း၌ လှေကို တန်ဆာဆင်စေလျက် ဝေသာလီပြည်သူတို့အား "မြတ်စွာဘုရား ကြွတော်မူလာပြီ၊ လမ်းများပြုပြင် စီရင်ကြလျက် ဘုရားရှင်အား ကြိုဆိုခြင်းကို ပြုကြကုန်လော့"ဟု သတင်းပို့စေ၏၊ ထိုလိစ္ဆဝီမင်းတို့သည် ဗိမ္မိသာရမင်းထက် နှစ်ဆသာအောင် ပူဇော်ကုန်အုံ့ဟု ကြံကြ

ကုန်လျက် ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်အကြား ဒု-ယူဇနာရှိသော မြေအပြင်ကို ညီညွတ်အောင် ပြုစီရင်ကြပြီးနောက် ဘုရားရှင်အား ထီးဖြူတော်လေးလက်နှင့် ကျန်ရဟန်းငါးရာတို့အား တပါးလျှင် ထီးဖြူတော်နှစ်လက်စီ ဆောင်းမိုးစေလျက် ဌာဇော်ခြင်းကိုပြု၍ ဂင်္ဂါမြစ်သို့ လာရောက်ကြကုန်၏။

ထိုအခါ ဗိမ္ဗိသာရမင်းသည် လေ့နှစ်စင်းတို့ကို ဆက်စပ်ပြီးလျှင် မဏ္ဍပ်ပြုလုပ်လျက် ပန်းဆိုင်းစသည်တို့ဖြင့် တန်ဆာဆင်စေ၍ ယင်းမဏ္ဍပ်အလယ်၌ အလုံးစုံသောရတနာတို့ဖြင့်ပြီးဒသာ ဘုရားရှင်၏ ဒေါရာကို ခင်းကျင်းယား၏။ ဘုရားရှင်သည် ထိုနေ့ရာ၌ ထိုင်တော်မူ၏။ ရဟန်းငါးရာတို့သည်လည်း လေ့သို့တက်ကြလျက် ဘုရားရှင်အားခြံရံလျက် နေကြကုန်၏။ ဗိမ္ဗိသာရမင်းသည် ဘုရားရှင်နောက်တော်မှ လိုက်လျက် လည်မျှို ပမာဏ ရှိသော ရေသို့သက်ဆင်း၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရားပြန်လည်ကြွလာတော်မူသည်ထိုင်တော်၌ တပည့်တော်မျှား ဤနေ့ရာ၌ ခန့်ပါတော့" ဟု လျှောက်ကာခန့်ပြစ်ခဲ့၏။

ထိုအခါနှင့် စတုဒေဟာရာဇာနှတ်မျှားမှစ၍ အကန်ခြေတွေ့ပြည်ထိုင်းတောင်သော နှတ်ဗြတွေ့ အပေါင်းတို့က သောင်းသောင်းဖျဖျ ပူဇော်ကြကုန်ရှိသမျှက ဂင်္ဂါမြစ် ဧရာဝတ်၌ ခန့်ကြကုန်သော ကမ္ဗလ, အဿတရ စသော နဂါးမင်းကို

ကလည်း ဘုရားရှင်အား ပူဇော်ကြကုန်၏။ ဤသို့လျှင် ဘုရားရှင်သည် လူ,နှတ်,ဗြဟ္မာအပေါင်းတို့၏ ကြီးကျယ်စွာသော ပူဇော်ခြင်းကိုခံယူလျက် တယူဇနာမျှသော ခရီးကို ဂင်္ဂါမြစ်ကမ်းမှ ကြွရောက်လျက် ဝေသာလီပြည်သူတို့၏ နယ်စပ်ဒေသသို့ဆိုက်ရောက်တော်မူ၏။

ဝေသာလီပြည်သူတို့၏ နယ်စပ်ဒေသမှစ၍ လိစ္ဆဝီမင်းတို့သည် ဗိမ္ဗိသာရမင်းဂူဇော်သည်ထက် ၂-ဆမျှပို၍ ဂူဇော်ခြင်းကိုပြုကြလျက် လယ်မျှုပမာဏရှိသောရေသို့ သက်ဆင်းကာ ဘုရားရှင်အား ခရီးဦးကြိုဆိုကြကုန်၏။ ထိုခဏ၌ လျှပ်စီးမျှားလက်, မိုးရွာထစ်ချုန်းလျက် မိုးကြိုးရွာမည်ကဲ့သို့ ဆင်ထားပြီးမှ ဘုရားရှင်သည် ဂင်္ဂါမြစ်ကမ်းနားသို့ ပဋ္ဌမခြေချလိုက်သည်နှင့်တပြိုင်နက် ပေါက္ခရဝဿ မိုးကြိုးရွာသွန်းတော်မူသည်၊ ပေါက္ခရဝဿမိုးကား မိုးရေစိုစွတ်လိုသူကိုသာစိုရွှဲ မိုးရေမစိုစွတ်လိုသူအား အနည်းငယ်မျှမစိုပေ၊ အရပ်ဌာနအားလုံးတို့၌ ပုဆစ်ဒူးလောက် ပေါင်လောက် ခါးလောက် လယ်မျှုပမာဏလောက်သော ရေတို့သည် ဖြစ်လာလျက် အမှုကသရုက် အပုပ်အစပ် သူကောင်ပုပ် စသည်တို့သည် ရေ၌မျောပါလျက် ဂင်္ဂါမြစ်ထဲသို့ ကျဆင်းကုန်၏။ မြေအပြင်သည် သန့်ရှင်းစင်ကြယ်၏။

လိစ္ဆဝီမင်းတို့သည် တယူဇနာ တယူဇနာ အကြားဌ၌ ဆောက်လုပ်ထားအပ်သော ကျောင်းတို့၌ ဘုရားရှင်အား

တည်ဥစီ သီတင်းသုံးစေတော် မူလျက် အလှူကြီးတို့ကို ပေးလှူ၍ ဗိမ္ဗိသာရ မင်းထက် နှစ်ဆသာအောင် ပူဇော်ကြလျက် သုံးရက်ဖြင့် ဝေသာလီ ပြည်သို့ ရောက်စေတော်မူ၏၊ မြတ်စွာဘုရား ဝေသာလီ ပြည်သို့ ဆိုက်ရောက်တော် မူသော အခါ နတ်တို့သနင်း သိကြားမင်းသည် နတ်အပေါင်း ခြံရံလျက် ဘုရားရှင်ထံ ချဉ်းကပ်ရန် လာ၏၊ တန်ခိုးကြီးနတ်တို့ ရောက်လာသောအခါ ဘီလူးတို့သည် များသောအားဖြင့် အဝေးအရပ်သို့ ပြေးသွားကြ ကုန်၏။

မြတ်စွာဘုရားသည်မြို့တံခါး၌ ရပ်တော်မူလျက် အာနန္ဒာကို ဤသို့ မိန့်တော်မူ၏၊ ချစ်သားအာနန္ဒာ ရတနသုတ်ကို ငါဘုရားထံမှ သင်ယူ၍ လိစ္ဆဝီ မင်းသားတို့နှင့် အတူ မြို့ရိုးတံတိုင်း သုံးထပ်တို့၏ အကြား၌ လှည့်လည်လျက် ပရိတ်ရွတ်လောဟု မိန့်တော်မူ၏၊ အရှင် အာနန္ဒာသည်လည်း ဘုရားရှင် မိန့်တော်မူသည့် အတိုင်း ဘုရားရှင် အထံ၌ ရတနသုတ် ပရိတ်တော်ကို သင်ယူပြီးလျှင် ဘုရားရှင်၏ သပိတ်တော်နှင့် ရေကို ဆောင်ယူ၍ မြို့တံခါး၌ ရပ်တော်မူလျက်—

"ဘုရားဆုကိုတောင်းတော်မူသည်မှစ၍ဖြည့်ကျင့်တော် မူခဲ့သော ဘုရားရှင်၏ ပါရမီသုံးဆယ် စွန့်လွှတ် လှူဒါန်းတော်မူခဲ့သော စွန့်ခြင်းကြီး ငါးပါး စရိယ သုံးပါး အဆုံးစွန့်သော ဘဝ၌ ပဋိသန္ဓေ နေတော်မူခြင်း, ဖွါးတော်မူခြင်း,

တောထွက်တော် မူခြင်း, ဒုက္ကရ စရိယာ ကျင့်တော် မူခြင်း, ဗောဓိပင်နှင့် ရှေပလ္လင်တွင် မာရ်ငါးပါးကို အောင်မြင်တော် မူခြင်း, သဗ္ဗညုတညာဏ်ကို ထိုးထွင်း၍ သိတော်မူခြင်း, မွေ-စကြာတရား ဟောတော်မူခြင်း, လောကုတ္တရာ တရားကိုး ပါး၊ ဤအလုံးစုံသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင် အောက်မေ့တော် မူပြီးမှ မြို့တွင်းသို့ ဝင်လျက် မြို့ရိုး တံတိုင်း သုံးထပ်တို့၏ အကြားအကြား၌ ပရိတ်တော်ကို ရွတ်လျက် ဘုရားရှင်၏ သပိတ်တော်မှ ရေကိုယူ၍ တမြို့လုံး ကိုရေဖြင့် ပက်ဖျန်းလျက် လှည့်လည်တော် မူ၏"။

ရှင်အာနန္ဒာသည် ယာနိဓဘူတာနိ ဟူသော ဂါထာကို ရွတ်သည်မှ စ၍ အထက်သို့ ပက်ဖျန်းသော ရေပေါက်တို့ သည် ငွေဦးဆောက် ပန်းကဲ့သို့ ကောင်းကင်ခရီးဖြင့် သွား လျက် အနာရောဂါ ကျရောက်နေသူ တို့၏ အထက်၌ ကျ ရောက်ကုန်၏၊ ယင်းသို့သူနာတို့ အပေါ်သို့ ရေများကျသော ခဏ၌ပင် သူနာများတွင် စွဲကပ်နေသော ရောဂါများ ကင်း ငြိမ်းသဖြင့် သူနာတို့သည် နေရာမှ ထကြကုန်လျက် အရှင် အာနန္ဒာကို ခြံရံ၍ နေကြကုန်၏၊ ယံကိဉ္ဇိ ဟူသော ဂါထာကို ရွတ်သည်မှစ၍ အထက်သို့ ပက်ဖျန်းသော ရေပေါက်တို့သည် ဘီလူးတို့အထက်၌ ကျကုန်၏။

ယင်းသို့ ကျသည် ရှိသော် တန်ခိုးကြီးသောနတ်တို့ လာ ရောက်စဉ်က မပြေးဘဲ တံမြက်ချေး စွန့်ရာ အမှိုက်ပုံ အိမ်

နံရံတို့ကို မှီ၍ နေရစ်ခဲ့ကြသော ဘီလူးတို့သည် ပြင်းစွာ ကြောက်ရွံ့ကြ သဖြင့် မနေဝံ့ကြဟော့ဘဲ နီးရာမြို့တံခါးတို့မှ ထွက်သွားပြေးလွှား ကြကုန်၏။ ဘီလူးတို့သည် မျှားပြားလွှ သောကြောင့် မြို့ဝန်ခါးမှ ပြေးထွက်ခွင့် မရကြသော ဘီလူး တို့သည် မြို့ရိုးတံတိုင်းတို့ကိုချိုးဖျက် ဖေါက်ဖျက်ဆီးလျက် ထွက်ပြေးကြ ကုန်၏။

လိစ္ဆဝီမင်းတို့သည် မြို့လယ်တွင်ရှိသော မင်းကွန်းတဲနန်း ကို အလုံးစုံသော နှံသာ အဇမ္ဗူးအကြိုင်တို့ဖြင့် လိမ်းကျံလျက် ဆန်းကြယ်သော ပိမာန် မျက်နှာကျက်များ ပြုလုပ်ပြီးလျှင် မြတ်စွာဘုရား နေတော်မူရာကို ပြုလုပ် စိမ်လျက် မြတ်စွာ ဘုရားအား ယင်း မင်းကွန်း တဲနန်းသို့ ပင့်ဆောင်ကြ ကုန်၏၊ မြတ်စွာဘုရားသည် မင်းကွန်း တဲနန်းဌ ကြွရောက် သီတင်းသုံး နေတော် မူသောအခါ ရဟန်းအပေါင်း လိစ္ဆဝီမင်းအပေါင်း နှင့် လူမျှားအားလုံး တို့သည် မြတ်စွာဘုရားအား ခြံရံလျက် နေကြ ကုန်၏၊ နတ်တို့သနင်း သိကြားမင်းသည် စာတုံ့ မဟာရာဇ်တာဝတိ သာနတ်ပြည်နှစ်ရပ်မှ နတ်အမျှားနှင့်အတူ ဘုရားရှင်အား ဝန်းရံ ခစားလျက် အခြား နတ်ပြည်မှ နတ် အပေါင်းကလည်း မိမိတို့နှင့် သင့်လျော်ရာ အရပ်တို့၌ နေကြ ကာ ဘုရားရှင်အား ခြံရံဝပ်တွား နေကြကုန်၏။

ရှင်အာနန္ဒာသည် ဝေသာလီ တပြည်လုံးကို လှည့်လည် လျက် အဝေးမှ အရှောက် အရံအတားကို ပြုပြီးနောက်

အနာရောဂါ ပျောက်ကင်းကုန်သော သူတို့နှင့်အတူ လာ၍ သင့်လျော်ရာ၌ နေတော်မူ၏၊ ဤသို့လျှင် ရဟန်းအပေါင်း နှင့်တကွ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း စုံလင်သော ယင်း ပရိသတ်၌ ဘုရားရှင်သည် ရတနသုတ်ကို ဟောကြားတော်မူလေသည်၊ ဒေသနာတော်၏ အဆုံး၌ ရှစ်သောင်း လေး ထောင်သော သတ္တဝါတို့သည် မဂ်ဖိုလ် နိဗ္ဗာန်တို့ကို ရရှိကြကုန်၏၊ ဤနည်းအတူ ၇-ရက်ပတ်လုံး နေ့စဉ်မပြတ် ရတနသုတ်ကိုပင် ဟောတော်မူသဖြင့် ငတ်မွတ် ခေါင်းပါး အစာရှားခြင်းဘေး, ဘီလူး သဘက်ဘေး, အနာရောဂါ နှိပ်စက်ခြင်း ဟူသော ဘေးကြီး သုံးပါး ကင်းငြိမ်း ပပျောက် ပြီးလျှင် ထိုအခါမှ စ၍ ဂေသာလီ ပြည်သည် အလွန်သာယာ စည်ပင်ဝပြောလေ သတည်း။ ။

မေတ္တသုတ် ဝတ္ထု

ဟိမဝန္တာတောင် နဘေး၌ နေကြကုန်သော ရဟန်းတို့သည် နတ်တို့ ချောက်လှန့်သည်ကို ကြောက်ရွံ့ကြသဖြင့် မနေဝံ့ကြဘဲ မြတ်စွာဘုရားရှိရာ သာဝတ္ထိမြို့သို့ လာကြကုန်၏။ ထိုရဟန်းတို့အား ပရိတ်(အရံအတား)အလို့ငှါ ရင်း၊ ကမ္မဋ္ဌာန်း အလို့ငှါ ရင်း ဘုရားရှင်သည် ဤမေတ္တသုတ်ကို ဟောကြားတော်မူသည်။

အခါတပါးဌ ဘုရားရှင်သည် သာဝတ္ထိပြည်ဌ သီတင်းသုံးနေထိုင်တော်မူ၏။ ထိုအခါ အနယ်နယ် အရပ်ရပ်မှ ရဟန်းတို့သည် ဘုရားရှင်၏ အထံမှ ကမ္မဋ္ဌာန်းကို ယူ၍ ထိုထို အရပ်ဒေသတို့ဌ ဝါဆို နေထိုင်ကြရန် ဘုရားရှင်ထံ ချဉ်းကပ်ကြကုန်၏။ ထိုသို့ ချဉ်းကပ်ကြကုန်သော ရဟန်းတို့အား ယင်းတို့၏ စရိုက်ကို ကြည့်၍—

ရာဂ,စရိုက်များသူအား အသုဘကမ္မဋ္ဌာန်း။
ဒေါသ,စရိုက်များသူအား မေတ္တာ စသော ကမ္မဋ္ဌာန်း။
မောဟ,စရိုကများသူအား မရဏာသတိ ကမ္မဋ္ဌာန်း။
ဝိတက်,စရိုက်များသူအား အာနာပါန, ပဏ္ဍိ ကသိုဏ်း စသည်များ။
သဒ္ဓါ,စရိုက်များသူအား ဗုဒ္ဓါနုဿတိ စသော ကမ္မဋ္ဌာန်း။
ဗုဒ္ဓိ,စရိုက်ရှိသူအား စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း။

စသည်ဖြင့် ပုဂ္ဂိုလ်၏ အလိုဆန္ဒ အကျင့်သယကို ကြည့်၍ သင့်လျော်ရာ ကမ္မဋ္ဌာန်းတို့ကို ပေးတော်မူ၏။ ထိုအခါ ရဟန်း ငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကို ယူ၍ လျှောက်ပတ်သော ကျောင်းနှင့် ဆွမ်းခံရွာတို့ကို ရှာဖွေသောအခါ ဟိမဝန္တာနှင့် ယူဇနာ,တရာ ဝေးကွာသော

အိမ်ခြေ တထောင်ရှိ ရှာကြီး တရှာသို့ ရောက်ကြကုန်၏။ ထိုရှာသူ ရှာသားတို့သည် သဒ္ဓါတရား ရှိကြရုံသာမက ထိုကဲ့သို့သော အစဉ်အဖျား ရှာနေရာတို့၌ ရဟန်းတော်များကို ပူးတွေ့ရခဲ့သောကြောင့် ဝမ်းမြောက်,ဝမ်းသာ ဖြစ်ကြရကား ရဟန်းတော်တို့အား ဆွမ်းများ ကျွေးမွေး ပြီးလျှင်—

"အရှင်ဘုရားတို့ အရှင်ဘုရားတို့သည် ဤအရပ်၌ပင် ဝါတွင်း သုံးလ,ပတ်လုံး သီတင်းသုံး နေထိုင်တော်မူ ကြပါကုန် ဘုရား"

ဟု ပင့်ဖိတ် တောင်းပန်ကြကုန်လျက် ကမ္မဋ္ဌာန်းကျောင်း ငါးရာတို့ကို ဆောက်လုပ်လျက် ခတင်ညောင်စောင်း သောက်ရေ,သုံးရေ အိုးမှ အစ အလုံးစုံသော ပရိဘောဂတို့ကို စီမံပေးကြကုန်၏။ ရဟန်းတို့သည် အန္တရာယ် မရှိသဖြင့် လက်ခံလိုက်ပြီးနောက် ထိုတောအုပ်သို့ ဝင်၍ နေ့ရော,ည၌ပါ ကမ္မဋ္ဌာန်းတရားတို့ကို ကြိုးစား အားထုတ်ကြရာ ညဘက်တွင် အချင်းချင်း အချက်ပေးသော ခေါင်းလောင်းတို့ကို ထုစေလျက် သစ်ပင်ရင်းတို့သို့ ကပ်၍ နေကြကုန်၏။

သီလ,ရှိကုန်သော ရဟန်းတို့၏ တန်ခိုးကြောင့် သီလ, မရှိသော ရက္ခစိုးနတ်တို့သည် မိမိတို့ ဘုံဗိမာန်မှ ဆင်း၍ မိမိတို့ ခဲ့လေးများကို ချိပိုးကြလျက် ထိုထိုလွတ်ရာ ကျွတ်ရာသို့

လှည့်လည် သွားလာ နေကြရကုန်၏။ မင်းနှင့် မင်း၏ အမတ်တို့သည် ရွာငယ်များသို့ လှည့်လည် သွားလာသော အခါ ရွာသားတို့၏ အိမ်များသို့ ဝင်ရောက်လျှင် အိမ်ရှင် လူတို့သည် ထွက်ခွါ၍ အခြားနေရာများသို့ ရှောင်ရှား သွားနေရပြီး၊ ဘယ်တော့ မင်းနှင့် မင်းအမတ်တို့ ပြန်ကြပါ မည်နည်း,ဟု ကြည့်ရှုစောင့်မျှော်၍သာ နေရသကဲ့သို့ ထိုနည်း တူစွာ သီလရှိသော ရဟန်းတော်များ ရောက်လာသောအခါ ရှက္ခစိုးနတ်တို့သည် မိမိတို့ ဘုံဗိမာန် နေရာတို့မှ ဆင်း သက်လျက် ခလေးများကို ချီပိုးကာ အခြားနေရာတို့၌ လှည့်လည် သွားလာနေရရာ အရှင်မြတ်များ ဘယ်တော့ ပြန်ကြွကြပါမည်နည်း,ဟု အဝေးမှသာ ကြည့်နေကြရ ကုန်၏။

ထိုအခါ ရှက္ခစိုးနတ်များသည် ဤသို့ စုဝေးတိုင်ပင်ကြ ကုန်၏၊ "ပထမဝါဆိုသော ရဟန်းတို့သည် သုံးလပတ်လုံး နေကုန်လတံ့၊ ဤမျှသုံးလကြာအောင် ကလေးများပါချီပိုး လျက် အခြားမှာချည်း ရှောင်နေရသော ငါတို့ဒုက္ခကား မသေးငယ်၊ သို့ဖြစ်၍ ရဟန်းတော်များ မနေနိုင်အောင် ကြောက်လန့်ဘွယ်သော အာရုံတို့ကိုပြကြကုန်အံ့" ဟု တိုင်ပင် ကြပြီးလျှင် ညဉ့်အခါ ရဟန်းတော်များ တရားအား ထုတ် သောအခါ ရှိန်လွှင် ကြောက်စရာ ဘိလူးရုပ်အမျိုးမျိုး တို့ကို ဝန်ထင်း၍ ရဟန်းတော်များ ရှေ့၌ ရပ်ဘည်ကြ ကုန်၏။

ကြောက်ဖွယ်သောအသံတို့ကိုလည်း ပြုကြကုန်၏၊ ကြောက်စ ရာ အဆင်းအသံတို့ကို မြင်ရ ကြားရသော ရဟန်းတို့သည် ကြောက် ရွံ့တုန်လှုပ်ကြကုန်၏၊ တဖြေးဖြေး ရုပ်အဆင်းများ ညှိုးနွမ်း ကြုံလှိပြီး စိတ်တည်ကြည်မှုလည်း မရှိကြကုန်။ စိတ်မတည်ကြည် ကြောက်ရွံ့ တုန်လှုပ်နေသဖြင့် သတိများ လည်း ကင်းလွတ်လာကြကုန်၏။

ထိုအခါ မကောင်းသောအနံ့အာရုံတို့ကို ပြုကြပြန်ကုန်၏၊ မကောင်းသောအနံ့များကြောင့် ဦးနှောက်များ ပျက်စိးကာ ပြင်းထန်သောဦးခေါင်းဝေဒနာများဖြစ်လာကြကုန်၏၊ ထိုသို့ ဖြစ်နေကြ သော်လည်း ရဟန်းကော် အချင်းချင်းကား တယောက်နှင့်တယောက် ပြောကြားခြင်းမရှိကြပေ။

ထိုအခါ တနေ့သဉ် သံဃထေရ်ကြီးအား ဆည်းကပ်ရန် ရဟန်းအားလုံး အညီအညွှတ် စုဝေးမိကြသောအခါ သံဃ ထေရ်ကြီးက—

"ငါ့ရှင်တို့ ဤဟောအုပ်သို့ရောက်စက သင်တို့ ကိုယ်ခန္ဓာများဆူပြိုးဝပြောလျက် ဣန္ဒြေများလည်း ကြည်လင်သန့်ရှင်းလှ၏၊ ယခုမူကိုယ်ခန္ဓာများ ကြုံလှိ ညှိုးနွမ်းလျက် ဣန္ဒြေတို့သည်လည်း မကြည်မလင် ရှိကြကုန်သည်၊ ဤနေရာဌ် သင်တို့အား အသယ် သို့သော မလျော် မလျောက်ပတ်မှုများ ရှိကြပါ သနည်း" ဟု မေးမြန်းသောအခါ ရဟန်းတပါးက—

အရှင်ဘုရား တပည့်တော်သည် ညဘက်တွင် ဤကဲ့သို့သော ကြောက်လန့်ဘွယ် အဆင်း, အသံ, အနံ့တို့ကို မြင်ရ ကြားရ၍ နမ်းရှူနေရ ပါသည်၊ သို့ဖြစ်၍ တပည့်တော်၏ စိတ်များလည်း သမာဓိ တည်ကြည်မှုမရပါ"

ဟု စတင် လျှောက်သောအခါ ကျန်ရဟန်းများကလည်း ထိုနည်းတူစွာ မိမိတို့ မြင်ရကြားရ နမ်းရှူရသည်တို့ကို အသီး အသီးလျှောက်တင်ကြကုန်၏၊ သံဃထေရ်ကြီးက—

"ငါ့ရှင်တို့ မြတ်စွာဘုရားသည် ပထမဝါ-ဒုတိယ ဝါဟု ဝါနှစ်မျိုးကို ပညတ်ထားခဲ့သည်။ ဤကျောင်း နေရာသည် ငါတို့နှင့် သပ်ပါယမဖြစ်၊ ဘုရားရှင်ထံ သွား၍ အခြား သင့်လျော်လျောက်ပတ် ကောင်း မြတ်သောကျောင်းကို မေးမြန်းကြကုန်အံ့"

ဟု မိန့်တော်မူသောအခါ ရဟန်းအားလုံး သဘောတူကြ သဖြင့် အိပ်ရာနေရာတို့ကို သိုမှီး သိမ်းဆည်းကြကုန်လျက် သပိတ်သင်္ကန်းတို့ကို ယူဆောင်ကြကာ ရပ်ရှာက ဒါယကာ တို့အားမပန်ကြားဘဲ သာဝတ္ထိပြည် ဘုရားရှင်ထံ သွားကြ ကုန်၏။

ဘုရားရှင်သည် ထိုရဟန်းတို့ကိုမြင်သောအခါ "ရဟန်းတို့ ဝါတွင်း၌ ခရီးသွားလာလှည့်လည်ခြင်းမပြုရဟု ငါဘုရား

ပညတ်ထားသည်မဟုတ်ပါလော၊ အဘယ်ကြောင့်ဝါတွင်း၌ ခရီးလှည့်လည် သွားလာနေကြပါကုန်သနည်းဟု မိန့်တော်မူလေရာ ရဟန်းတော်များသည် အကြောင်း အလုံးစုံကို ဘုရားရှင်အား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ယင်းရဟန်းတော်များနှင့် သင့်လျော်မည့် အခြားကျောင်း နေရာကို ဉာဏ်တော်ဖြင့် ဆင်ခြင်လျက် ရှာဖွေတော်မူရာ ဇမ္ဗူဒီပ် တကျွန်းလုံး၌ ခတင် ညောင်စောင်း အင်းပျဉ် ခြေလေးဘက်ချလောက်ရုံမျှထိုရဟန်းတို့နှင့် သင့်လျော်သော နေရာကိုမတွေ့မြင်သောကြောင့်။

ရဟန်းတို့ သင်တို့အတွက် အခြား သင့်လျော်သော ကျောင်းနေရာမရှိ၊ ယခုသင်တို့ ထွက်လာခဲ့သော ကျောင်း မှာပင် နေကြပြီး အာသဝေါကုန်ခန်း ရဟန္တာဖြစ်ကြကုန် ရာသည်၊ ထိုကျောင်းကိုသာ အမှီပြု၍ နေကြကုန်လော့၊ အကယ်၍ နတ်များ ချောက်လှန့်သည်ကို ကျောက်ရုံကြ ပါလျှင် သင်တို့အား မကြောက်ဆေး ပေးလိုက်အုံ့၊ သင်တို့ သည် ဤမေတ္တာသုတ်ကို ရွတ်ဖတ် သရဇ္ဈာယ်ကြကုန်လော့။ ဤမေတ္တာသုတ် ပရိတ်တော်သည် သင်တို့အတွက် အရုံအတား ပရိတ်လည်းဖြစ်၍ အားထုတ်ပွါးများရန် ကမ္မဋ္ဌာန်းလည်း ဖြစ်လတံ့၊ ဟုမိန့်တော်မူကာ မေတ္တာသုတ်ကို ရွတ်ဆိုတော်မူ၏။

ရဟန်းတို့ ကရဏီယမတ္ထ ကုသလေန စသော မေတ္တသုတ်ကို တောအုပ်သို့ ဝင်သည်မှစ၍ ရှုတ်ဖတ် သရဇ္ဈာယ်ကြကာ ကျောင်းသို့ဝင်ကြကုန်ဟု မှာတော်မူပြီးလျှင်လိုက်၏။ ။

ထိုရဟန်းတို့သည် မြတ်စွာဘုရား မိန့်ကြားတော်မူသည့် အတိုင်း တောအုပ်သို့ ဝင်သည်မှစ၍ မေတ္တသုတ်ကို ရှုတ်ဖတ်လျက် ကြွသွားကြရာ မေတ္တသုတ်၏ တန်ခိုး အာနုဘော်ကြောင့် တောတွင်ရှိသော နတ်အပေါင်းတို့သည် မြတ်နိုးချစ်ခင် မေတ္တာသက်ဝင်ကြကုန်လျက် ရဟန်းငါးရာတို့ကို ခရီးဦးကို ပြုကြကုန်ပြီး သပိတ်သက်နှီး စသည်တို့ကိုလှမ်း၍ ယူကြကုန်၏၊ ထိုရဟန်းတို့အား အန္ဓရာယ် ကင်းစေရန် ထိုထိုအရပ်ဒေသတို့၌ အစောင့်အရှောက်ကိုလည်း ပြုစီရင်ကြကုန်၏၊ ထိုနတ်အပေါင်းတို့သည် ရဟန်းငါးရာတို့နှင့် ခင်မင်ရင်းနှီး ဆက်ဆံ ကြကုန်၏။ ။

ရဟန်းငါးရာတို့သည် ရှေးကကဲ့သို့ ကြောက်စရာ ကောင်းသော အဆင်း သဏ္ဌာန် အနံ့တို့ကို မမြင် မကြား မနံ့သာ၊ ကြောင်၏တည်ငြိမ်မှု ရှိကြလျက် ပိုဝေသနာ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြလေသော် ဤခန္ဓာကိုယ်၏ ပျက်စီးကွယ်သော သဘောသည်၊ ကြားမြင်ဖွယ် မကောင်းလျှင်းသော်လည်းရှိသော ကြောင့်၊ ဘုံကြီးနှင့် တူကြောင်းတို့ကို ကောင်းစွာ နှလုံးသွင်းကြကုန်၏။ ။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋ္ဌိ တိုက်၌ နေတော်မူလျက်ပင် ထိုရဟန်းတို့၏ နှလုံးသွင်းခြင်းကို သိတော်မူသောကြောင့် ယူဇနာတရာဝေးကွာသော်လည်း အနီးထံမှောက် မျက်စိအောက်တွင် နေတော်မူသကဲ့ဘို့ ရောင်ခြည်တော် ခြောက်သွယ်ကို တပြိုင်နက် လွှတ်တော်မူလျက် ကိုယ်တော်ကို ထင်ရှားစွာ ပြတော်မူပြီးလျင်—

"ရဟန်းတို့ ဤခန္ဓာကိုယ်ကို မြေအိုးနှင့် တူ၏ဟူ၍ ကောင်းစွာသိမြင်ကြပြီး၍ မိမိတို့၏ စိတ်ကို မြို့ကြီးကဲ့သို့ မြဲမြံခိုင်ခံ့စွာထားလျက် ဝိပဿနာပညာ, အရိယာမဂ်ပညာ, တည်းဟူသော လက်နက်ဖြင့် ကိလေသာမာရ်ကို ပုတ်ခတ်ချိုးဖျက် ထိုးနှက်တိုက်ခိုက် ကြကုန်ရာ၏၊ ရရှိပြီး အောင်မြင်ပြီးသော ဈာန်သမာပတ်ကိုလည်း ကောင်းစွာစောင့်ရှောက်ရာ၏၊ ကပ်ငြိတွယ်တာခြင်း မရှိကြကုန်ရာ"ဟု—

ဟောကြားတော် မူသောတရားအဆုံး၌ ငါးရာသော ရဟန်းတို့သည် မိမိတို့ နေမြဲအရပ်၌ နေလျက်ပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ အဖြစ်သို့ ရောက်ရှိကြကုန်၏၊ ရဟန်းငါးရာတို့သည် မေတ္တသုတ် ပရိတ်တော် တည်းဟူသော လက်နက်ကောင်းကို အမှီပြု၍ အန္တရာယ် ခပ်သိမ်းကင်းငြိမ်းကြပြီး ရဟန္တာ အဖြစ်သို့ ရောက်ကြကုန်၏၊ ဤမေတ္တသုတ် ပရိတ်တော် သည်ကား ဤသို့လျင် မေတ္တာဘာဝနာကို

ပွားစေခြင်းကိစ္စ ဘေးဥပဒ် အန္တရာယ် ရန်အသွယ်ကို စောင့်ရှောက်ခြင်း တားမြစ်ခြင်းကိစ္စ ဝိပဿနာ၏ အခြေခံ ဖြစ်သော ဝိပဿနာ ပါဒကစျာန်ကိစ္စ ဤကိစ္စသုံးပါးကို ကောင်းစွာ ပြည့်စုံစေနိုင်ပါသည်။

မေတ္တာပွားများသူအား နတ်တို့ချစ်ခင်ကြောင်း ဝိသာခဝတ္ထု

ပါဠိလိပုတ်ပြည်၌ ဝိသာခမည်သော သူကြွယ်တယောက် ရှိ၏။ ထိုသူကြွယ်သည် ပါဠိလိပုတ်ပြည်၌နေလျက် "သီဟိုဠ် ကျွန်းသည် ဧတေတိအပေါင်းဖြင့် တန်ဆာဆင်လျက်သက်နှိုး ရောင် တပြောင်ပြောင်တောက်ထွန်းပြီး မိမိတို့ အလိုရှိရာ၌ နေနေရေးစားရေး ပြည့်စုံပေါများလျက် ရာသီဥတု,ကျောင်း အိပ်ရာနေရာ ကျွန်းသူကျွန်းသားတို့၏ ယဉ်ကျေးစွာဆက်ဆံ မှု, တရားဒေသနာ နာကြားရန်အဆင်ပြေမှု စသော သပ္ပါ ယတို့နှင့် ပြည့်စုံလှသည်ဟု သီဟိုဠ်ကျွန်း၏ သတင်းစကားကို ကြားသိနေပေ၏။

ထိုသူကြွယ်သည် ယင်းသို့ အဖက်ဖက်မှ ပြည့်ဝစုံလင်သော သီဟိုဠ်ကျွန်းသို့ သွားလိုသဖြင့် မိမိ၏ စည်းဝိုင်ဥစ္စာတို့ကို သားမယားတို့အား အပ်နှင်းလျက် ဝေတကျပ်ကို ပုဆိုး

အစ္စန်ဌ ထုပ်ပြီးလျှင် အိမ်မှထွက်ခဲ့၍ သမုဒ္ဒရာမြစ်ကမ်းနားဌ လှေကိုစောင့်နေရာ တလမျှ အချိန်ကြာသွားသည်။ ထိုသူကြွယ်သည် ရောင်းရေးဝယ်ရေးဌ ကျွမ်းကျင်ပြီး ဖြစ်ရကား ထိုအရပ်ဌပင် အရောင်းအဝယ်ပြုလုပ်ရာ တလအတွင်းမှာပင် ငွေတထောင်လောက် စုဆောင်းမိလေ၏။ သူကြွယ်သည် မိမိရရှိသော ငွေတထောင်ကိုယူလျက် မဟာဝိဟာရကျောင်းတော်ကြီးသို့ သွားရောက်၍ ရဟန်းပြုပေးရန် တောင်းပန်၏။

ထိုသူကြွယ်အား ရဟန်းပြုပေးရန် သိမ်သို့ခေါ်ဆောင်သွားသောအခါ ပုဆိုးစွန်ဌ ထုပ်ထားသော ငွေတထောင်ထုပ်သည် မြေပေါ်သို့ ကျလာ၏။ ထိုအခါ ရဟန်းတော်များက ဒါယကာ ဤအထုပ်ကား ဘာအထုပ်ပါလဲဟု မေးကြရာ အရှင်ဘုရားတို့ ဤဒီအထုပ်ကား ဘဝည်ကောင်း၏ ငွေတထောင်ထုပ်ဖြစ်ပါသည်ဟု ဒါယကာ သူကြွယ်က လျှောက်ထားသောအခါ "သူကြွယ်ဒါယကာ ရဟန်းကြီးသည့်အခါမှစ၍ ဤအသပြာတထောင်ကို မည်သို့မျှ စီရင်သုံးခဲ့၍ ရမည်မဟုတ်ပေါသို့ဖြစ်၍ ဒါယကာ၏ ဤငွေလေးထောင်ကို ယခုပင် စီရင်ပါလော့"ဟု ရဟန်းဟော်များက ဆိုသော အခါ "ဝိသာခ၏ ရဟန်းခံပွဲသို့ လာရောက်သူတို့ လက်ချည်း သက်သက် မပြန်စေရ"ဟု နှလုံးပိုက်၍ ရဟန်းခံရာ သိမ်အပြင်ဌ ငွေများကို ကြဲဖြန့်လူဒါန်းလျက် ရဟန်းပြုသွားလေ၏။

ထိုသူကြွယ်ရဟန်းသည် ရဟန်းငါးဝါမျှ ဒွေမာတိကာ ဝိနည်းတို့ကို သင်အံလေ့ကျက်ပြီး မိမိနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းတို့ကို ကျင့်သုံး ပွါးများလျက် တကျောင်း တကျောင်းဌာ် လေးလမျှနေပြီးနောက် စိတ္တလတောင် ကျောင်းသို့သွားသောအခါ လမ်းဌာ် ခရီးနှစ်ခုကို တွေ့ရ၏။ ဤမှာဘက်က လမ်းသည် လမ်းမှန်လော ဟိုမှာ ဘက်က လမ်းသည် လမ်းမှန်လောဟု တွေးတော ကြုံစည်လျက် ရပ်တန့်နေလေ၏။ ထိုအခါ တောင်ဌာစောင့်နေသော နတ်သည် လက်ကိုဆွဲ၍ ဤသည်ကား လမ်းအမှန်ဖြစ်သည်ဟုပြလေ၏။ ထိုရဟန်းသည် စိတ္တလတောင် ကျောင်းဌာနေပြီးလျှင် လေးလမျှ နေပြီးနောက် နံနက်မိုးသောက် အလင်းရောက်သော အခါ အခြားတနေရာသို့ သွားအုံဟုကြုံစည်လျက် အိပ်နေလေ၏။

ထိုအခါ စကြုံဦး သပြေပင်ဌာ် စောင့်နေ သော သပြေပင်စောင့် နတ်သည် ဖောင်းတန်းပေါ်ဌာ် ထိုင်၍ ငိုကြွေးလေ၏။ ထိုမထေရ်က ဤအသံကား ဘာသံနည်း ဟု မေးသော အခါ "အရှင်ဘုရား တပည့်တော်သည် သပြေပင်စောင့်နတ် ဖြစ်ပါသည်"ဟု လျှောက် ထား သောအခါ အဘယ့်ကြောင့် သင် နတ်သားသည် ငိုကြွေးပါသနည်းဟု မေးမြန်းလျှင် အရှင်ဘုရား ကြွတော်မူ မည်ကိုသိသဖြင့် ငိုကြွေးပါသည်ဟု နတ်သားက လျှောက်

ထားရာ အမောင်နတ်သား ကျွန်ုပ် ဤအရပ်၌ နေသည့် အတွက် သင်နတ်သားတို့မှာ အဘယ်သို့ကျေးဇူးရှိပါသနည်း ဟု ရဟန်းကမေးသောအခါ "အရှင်ဘုရား အရှင်ဘုရားများ ဤအရပ်မှာရှိသဖြင့် နတ်များသည် အချင်းချင်း မေတ္တာ သက်ဝင် ချစ်ခင်ညီညွတ်စွာ ရှိပါသည်။ အရှင်ဘုရားများ ကြွသွားလျှင်ကား တယောက်နှင့်တယောက် မေတ္တာခေါင်း ပါး ငြင်းခုံခြင်းများကြပြီး ရန်ရှင်းကြမ်းတမ်းသောစကား တို့ကိုလည်း ပြောဆိုကြပါကုန်လတံ့" ဟုနတ်သားကလျှောက် ထားလေ၏။

မထေရ်သည် "ငါဤအရပ်၌ ရှိနေသဖြင့် သင်တို့ချမ်း ချမ်းသာသာနေကြရလျှင် ကောင်းလှပါသည်" ဟုမိန့်တော်မူ ကာ နောက်ထပ်လေးလမျှ ဆက်လက်နေလေ၏။ နောက် တဖန် လေးလစေ့၍ အခြားအရပ်သို့ သွားမည်ပြုသောအခါ တွင်လည်း ဤနည်းအတိုင်း ငိုကြွေး ပြန်သောကြောင့် မထေရ်သည် အခြား မည်သည့်အရပ်ကိုမျှ မသွားတော့ဘဲ ဤအရပ်၌ပင် ပရိနိဗ္ဗာန်စံသည်အထိ နေသွားတော်မူလေ သည်။

ဤဝတ္ထု၌ လမ်းနှစ်သွယ်သို့ အရောက်တွင် လက်ကိုဆွဲ၍ လမ်းမှန်ကိုပြခြင်း, မထေရ်ရဟန်းကြွမည်ဆိုသဖြင့် နတ်များ ငိုကြွေးကြခြင်းတို့မှာ နတ်များက ချစ်ခင်စောင့်ရှောက်ခြင်း

တို့ကြောင့်ဖြစ်ရာ ယင်းသို့နတ်များ ချစ်ခင်အောင် စောင့်ရှောက်မစကူညီအောင် နတ်များအပါအဝင် သတ္တဝါအားလုံးအပေါ်၌ မေတ္တာတရားကို ပွားများကြရပါမည် ဖြစ်ပါသည်။ ဤကား မေတ္တာတရား ပွားများခြင်းကြောင့် နတ်များချစ်ခင်ခြင်းကို ပြဆိုသောဝတ္ထုသာဓက ဖြစ်ပေသည်။

နတ်များစောင့်ရှောက်သော စူဠသိဝထေရ်ဝတ္ထု

သီဟိုဠ်ကျွန်းတွင် ဗြာဟ္မဏတိဿ ခိုးသူဘေးကြီး ဖြစ်သောအခါ စူဠသိဝမထေရ်သည် မဟာစေတီကို ဖူးမြင်အံ့ဟု ကြံရွယ်လျက်သွားသောအခါ မဟာဝိဟာရသို့ ဆိုက်ရောက်၏။ ထိုအခါ မဟာဝိဟာရသည် ရဟန်းတော်များ ဆိတ်သုဉ်းနေ၏။ စေတီယင်ပြင်၌ ကြက်ဆူပင်များ ပေါက်နေလျက် စေတီအား ချုံနွယ်ပိတ်ပေါင်းများ ဝန်းရံပိတ်ဆို့နေပြီး မှော်များဖြင့် ပြည့်နှက်နေ၏၊ စူဠသိဝထေရ်သည် သက်တော်ထင်ရှား ဘုရားရှင်အား ရှိသေညွှတ်တွားခြင်းကဲ့သို့ အရိုအသေပြုလျက် မဟာစေတီကို ရှိခိုးပြီးလျှင် အနောက်ဖက်အရပ်မှ ဇရပ်သို့ဝင်၍ ကြည့်သောအခါ "အော်ဤမျှလောက် လာဘ်လာဘအခြံအရံတွင် အထွတ်အထိပ်သို့ရောတ်သော ဘုရားရှင်၏ ဓာတ်တော်များ ကိန်းဝပ်ရာဌာန

သည်ပင်လျှင် ကိုးကွယ်ရာမဲ့ ဖြစ်နေပါတကား"ဟု ကြံစည်တွေးတောလျက် နေလေ၏။

ထိုအခါ မနီးမဝေးဌ်ရှိသော ရက္ခရိုးနတ်သည် ခရီးသွားယောက်ျားအသွင်ဖြင့် ဆန်တစလယ်ကိုဝင်း၊ ထန်းလျက်သကြားခဲကိုဝင်း ယူလျက် မထေရ်၏အထံသို့သွား၍ "အရှင်ဘုရား ဘယ်အရပ်သို့ကြွပါမည်နည်းဟုလျှောက်ရာ ဒါယကာ ငါသည် တောင်အရပ်သို့သွားမည်ဖြစ်ပါသည်ဟု မထေရ်က အမိန့်ရှိသောအခါ တပည့်တော်လည်း ထိုအရပ်သို့ပင်သွားမည်ဖြစ်ပါ၍ တပည့်တော်နှင့်အတူသွားကြပါအံ့ဟု လျှောက်လျှင် ဒါယကာ ငါသည်အားနည်းနေပါ၏ သင့်ကိုမှီအောင်လိုက်နိုင်ရန်မလွယ်ပါ သို့ဖြစ်၍ သင်ဒါယကာသည် မိမိဘာသာ ရှေကသွားပါဟု မထေရ်မိန့်ပြန်ရာ၊ တပည့်တော်လည်း အရှင်ဘုရား သွားနိုင်သလောက် ဖြေးဖြေး သွားပါမည်ဟု လျှောက်ထားပြီး မထေရ်၏ သပိတ်သင်္ကန်းတို့ကို ယူဆောင်လိုက်ပါလေ၏။ အနုရာဓမြို့၌ တိဿမည်သောရေကန်သို့ ရောက်သောအခါဌ်လည်း သပိတ်ဖြင့် ရေကိုဆောင်၍ ပေးလေ၏။ စူဠသိဝထေရ် သောက်လိုက်သည်နှင့် တပြိုင်နက်ခွန်အားပြည့်ဝလာ၏။ နတ်တို့သည် မြေကို ချုံးလျက် ဝေဏုမြစ်အနီး ကျောင်းဟောင်းကြီးတခုသို့ ရောက်၍ မထေရ်အတွက် နေရာဌာနတို့ကို စီမံလျက် မထေရ်အား ပြုစုလုပ်ကျွေး၏။

နောက်တနေ့၌ မထေရ်သည် မျက်နှာသစ် ခံတွင်းများ ဆေးကြောသော အခါ ယင်းခရီးသွား ယောကျ်ားသည် ယာဂုများကို ကျိုချက်၍ ကပ်၏။ ယာဂုဘုဉ်းပေးပြီးနောက် ဆွမ်းကပ်၏။ မထေရ်က ဒါယကာ သင့်အတွက် ချမ်းသာ ပါလေ့ဟု သပိတ်ကို လက်ဖြင့် ပိတ်လိုက်၏။ တပည့်တော်ကား ခရီးဆင်းဝေးသွားမည် မဟုတ်ပါဟု ခရီးသွား ယောကျ်ားသည် မထေရ်သပိတ်၌ ဆွမ်းများကို ထည့်ပေး လျက် မထေရ်အား ဆွမ်းဘုဉ်းပေးဆစတော်မူပြီးနောက် သပိတ်လက်နှီးများကို ယူဆောင်၍ ခရီးသွားရာဖြေမြောက် ချုံး လျက် ဇွဲရမြစ်အနီးသို့ ဆောင်ယူ၍ "အရှင်ဘုရား ဤနေရာ သည် အသီးအရက်ကိုသာ စားသောသူတို့၏ နေရာဌာန ဖြစ်ပါသည်၊ တပည့်တော်ရှေက သွားပါမည်ဟု ဆိုကာ မထေရ်အား ရှိခိုးပြီးလျင် မိမိဘုံဗိမာန်သို့ သွားလေ၏။ စူဠသိုဝ မထေရ်သည် ပြာဟွဏာတိသ ခိုးသူဘေးဖြစ်နေစဉ် အတွင်း အသီးအရက်စားသော လူတို့ကို အမှီပြု၍ နေ တော်မူ၏။

ဤဝတ္ထု၌ နတ်များက ခရီးသွား ယောကျ်ားယောင် ဆောင်လျက် လမ်းပြခေါ်ဆောင် သွားခြင်း, ဆွမ်းခံဘုယ် အာဟာရတို့ကို ဆက်ကပ်ခြင်း, နတ်တို့တန်ခိုးဂုဏ်ဖြင့် မြေကို ချုံ့ကာ လိုရာခရီးကို တခဏချင်းဖြင့် ရောက်စေခြင်း စသည်တို့မှာ နတ်တို့က စောင့်ရှောက်၍ နတ်တို့ မဝ ကုည်

ခြင်းများဖြစ်လေသည်။ ထိုသို့သော နတ်တို့၏ အကူအညီ အစောင့်အရှောက်ကို ခံယူရရန်အတွက် နတ်များမှ အစ အားလုံးသော သတ္တဝါတို့အား မေတ္တာတရား ပွားများရ ပါမည်။ ဤကား နတ်တို့ကို မေတ္တာပို့၍ နတ်တို့စောင့် ရှောက်သောဝတ္ထုဖြစ်ပေသည်။

မေတ္တာအစွမ်းကြောင့် ကျိုက်ကျိုက်ဆူသော ထောပတ်ပူ သည် အလွန်အေးမြသော ရေစင်အဖြစ် ရောက်ရခြင်း အကြောင်း

ဥတ္တရဥပါသိကာဝတ္ထု

ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးထံတွင် ပုဏ္ဏ မည်သော သူဆင်းရဲတယောက်သည် အခစားလုပ်ကိုင်လျက်ရှိ၏။ ပုဏ္ဏ တွင် ဥတ္တရမည်သောမယားနှင့် သမီးတယောက် ရှိ၏။ ထို အချိန်တွင် "ဂ္ဂ ရက်ပတ်လုံး နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပ မည်" ဟု ရာဇဂြိုဟ်မြို့၌ ကြေးကြော်သဖြင့် သုမနသူဌေးသည် စောစောလာသော ပုဏ္ဏကို ခေါ်၍ အမောင်ပုဏ္ဏ ငါ၏ အလုပ်အကျွေးတို့သည် နက္ခတ်ပွဲသဘင် နွဲ့ဆင်ပျော်ပါးကြ လိမ့်မည်၊ သင်သည် နက္ခတ်ပွဲသဘင်သွားမည်လား၊ သို့မဟုတ် အလုပ်လုပ်မည်လားဟု မေးရာ အရှင်သူဌေးမင်း နက္ခတ်ပွဲ

သဘင် ဆင်ယင်ကစား ပျော်ပါးခြင်းဟာ ဥစ္စာစည်းစိမ်ရှိသော သူတို့၏အလုပ်ဖြစ်ပါသည်၊ ကျွန်တော်၏ အိမ်ဦးကား နက်ဖြန်အတွက်ပင် ယာဂုကျိုရန်နှင့် ထမင်းချက်ရန်ပင် မရှိပါ၊ နက္ခတ်ပွဲဆင်နွဲခြင်းဖြင့် ဘာအကျိုးရှိမှာလဲ၊ နွားတို့ကို ရပါလျှင် လယ်ထွန်ရန် သွားပါအံ့ဟု သူငှေးကြီးအား ပြောသော အခါ သို့ဖြစ်လျှင် နွားတို့ကို ယူသွားချေဟု သူငှေးကြီးက ပြောသောကြောင့် အားကောင်းသော နွားနှင့် ထွန်ဘုံးတို့ကိုယူလျက် ဇနီးအား ရှင်မ မြို့တော်မှာ နက္ခတ်ပွဲလမ်းသဘင် ရှိတယ်၊ ငါတို့မှာတော့ ဆင်းရဲသားဖြစ်သဖြင့် အဖိုးအခရသော အလုပ်ကိုသာ လုပ်အံ့၊ ငါ့အတွက် ယနေ့ ၂ ယောက်စာသော အစားအစာရိက္ခာကို ချက်ပြုတ်၍ ထမင်းလာပို့လော့ဟုဆိုကာ လယ်ထဲသို့ ထွက်ခွာသွား၏။

ရှင်သာရိပုတ္တရာထေရ်သည် ၇-ရက်ပတ်လုံး နိရောဓသမာပတ်ကိုဝင်စားလျက် ထိုနေ့တွင်ထကာ ငါသည် ယနေ့အတယ်သူအား ကြွရောက်ချီးမြှင့်ရပါမည်နည်းဟု ကြည့်ရှုဆင်ခြင်တော်မူသောအခါ ပုဏ္ဏဆင်းရဲသားသည် ရှင်သာရိပုတ္တရာ၏ ဉာဏ်တော်ကွန်ရက်တွင်းသို့ဝင်ရောက်လာ၏၊ ထိုအခါ ဤပုဏ္ဏဆင်းရဲသားသည် သဒ္ဓါတရားရှိသူဖြစ်သလော၊ ငါ၏ အချီးအမြှောက်ကိုကော ခံယူနိုင်စွမ်းရှိပါမည်လောဟုထပ်လောင်းဆင်ခြင်ပြန်ရာ ပုဏ္ဏသူဆင်းရဲ၏ သဒ္ဓါတရားရှိပုံ, ချီးမြှောက်

ခြင်းကိုခံယူနိုင်ပုံ၊ ချီးမြှောက်သဖြင့် ကြီးကျယ်များပြားသော စည်းစိမ်ချမ်းသာတို့ကို ရရှိလာမည့်ပုံတို့ကို သိမြင်တော်မူ၍ သပိတ်သက်နန်းများကိုယူလျက် ပုဏ္ဏ လယ်ထွန်ရာသို့ ကြွသွား၍ ရေတွင်းနံခမ်း၌ ချုံကိုကြည့်လျက် ရပ်တောင်မူနေ၏။

ပုဏ္ဏသည် မထေရ်ကိုမြင်သောအခါ လယ်ထွန်ခြင်းကို ရပ်၍ ထိခြင်းငါးပါးဖြင့် မထေရ်အားရှိခိုးလျက် မထေရ်သည် ဒန်ပူကိုအလိုရှိဟန်တူသည်ဟုစိတ်ကူးလျက်မထေရ်အား ဒန်ပူကိုဆက်ကပ်၏၊ ထိုအခါ မထေရ်သည် ပုဏ္ဏအားသပိတ်နှင့်ရေစစ်ကို ထုတ်ပေးသောအခါ မထေရ်သည် ရေကိုအလိုရှိဟန်တူ၍ဟုနှလုံးသွင်းလျက် ရေကိုစစ်၍ဆက်ကပ်၏။

မထေရ်သည် "ဤပုဏ္ဏသည် သူတပါး၏ အိမ်ကလေးမှာနေရသည်၊ သူ၏အိမ်သို့ငါသွားလျှင် ယင်း၏ မယားသည်ငါ့ကို တွေ့လိမ့်မည်မဟုတ်ချေ၊ သူမယောကျ်ားထံကမင်းပို့လာလျှင် ဤလမ်းမှလာလိမ့်မည်"ဟု ဆင်ခြင်လျက် ပုဏ္ဏ၏ဇနီး ထမင်းပို့လာမည့်လမ်းသို့ ဦးတည်၍ ကြွသွားတော်မူလေ၏။

ပုဏ္ဏ၏မယားသည် မထေရ်ကိုမြင်၍ ကြံစည် စိတ်ကူးသည်မှာ "တခါတရံ လူဘွယ်ဝတ္ထု လက်၌ ရှိသော်လည်း

ထေရ်အရှင်ကိုမတွေ့ရ၊ တခါတရံ၌ကား ထေရ်အရှင်ကိုတွေ့ရ သော်လည်း လူဘွယ်ဝတ္ထုကလက်ထဲ၌မရှိ၊ ယခုမူကားလူဘွယ် ဝတ္ထုလည်းရှိ မထေရ်ကိုလည်းတွေ့ရ၏၊ ငါ့အား ချီးမြှောက် ခြင်းကို ပြုပါလတံ့ဟု စဉ်းစားလျက် ပုဏ္ဏ၏ မယားသည် လယ်ထွန်ခနသော ယောကျ်ားအတွက် ယူလာသောထမင်း ခွက်ကိုချကာမထေရ်ကိုရှိခိုးလျက် "အရှင်ဘုရားဤဆွမ်းသည် ကောင်းသည် ညံ့သည်ဟုစဉ်းစားတော်မမူဘဲ တပည့်တော်မ အား ချီးမြှောက်တော်မူပါဘုရား" ဟုလျှောက်ထားလေ၏။ မထေရ်သည် သပိတ်ကိုင်ဆောင်းပေး၍ လက်တဖက်ဖြင့်ခွက်ကို ကိုင်၍ လက်တဖက်ဖြင့် ခွက်မှဆွမ်းကိုလှူနေသော ပုဏ္ဏမယား အား တဝက်ခန့်လောင်းပြီးချိန်၌ တော်ပြီဟုလက်ဖြင့်သပိတ် ကို ပိတ်လိုက်၏။

ပုဏ္ဏမယားသည် အရှင်ဘုရား ဤဆွမ်းသည် တယောက် စာပါဘုရား၊ အရှင်ဘုရား၏တပည့် ကိုပုဏ္ဏအား ဤပစ္စုပ္ပန် ကောင်းစားရေးကို ချီးမြှောက်တော်မမူဘဲ နောင်တမလွန် ဘဝကောင်းစားရေးအတွက် ချီးမြှောက်တော်မူပါ၊ အားလုံး ကိုပင် အလှူခံတော်မူပါဘုရားဟု အားလုံးကို မထေရ်၏ သပိတ်၌ လောင်းလှူလျက် အရှင်ဘုရားများ သိမြင်သော တရားတော်များကို သိမြင်ရပါလို၏ဟု ဆုတောင်း လေ၏။ မထေရ်သည်လည်း တောင်းတဲ့ဆုအတိုင်း ပြည့်စုံစေဟုဆို၍ ရပ်လျက်ပင် အနုမောဒနာပြုလျက် ရေနှင့်နီးရာတနေရာ၌

ထိုင်၍ ဆွမ်းဘုဉ်းပေးတော်မူ၏။ ထိုပုဏ္ဏ၏မယားသည် အိမ်သို့ပြန်၍ထမင်းချက်၏၊ ပုဏ္ဏသည် ပျိုး ၅-တင်းကဲ့ချနိုင်လောက်သောလယ်များကိုထွန်ပြီးနောက် ဆာလောင်လွန်းလှသဖြင့် နွားများကိုဖြုတ်လျက် သစ်ပင်ရိပ်သို့ဝင်၍ လမ်းကိုကြည့်ကာ ထိုင်နေလေ၏။

ထိုအခါ ပုဏ္ဏ၏ မယားသည် ထမင်းအုပ်ကိုယူ၍ သွားသောအခါ သစ်ပင်အောက်၌ ထိုင်စောင့်နေသော ပုဏ္ဏကို မြင်၍ "ငါ၏ယောကျ်ားသည် ဆာလောင်သဖြင့် ငါ့ကို စောင့်မြော် ကြည့်ရှု နေသည်ထင်၏။ အကယ်၍ ကြာလေ ချေလားဟု ကြိမ်းမောင်းလျက် ငါ့ကိုရိုက်နှက်ပုတ်ခတ်လျှင် ငါလွှဲခဲ့သော ကုသိုလ်ကောင်းမှုများ အလကားအချည်းအနှီး ဖြစ်တော့မည်"ဟု ကြိုတင်ကြံဆလျက် "အရှင်ပုဏ္ဏ ယနေ့စိတ်ကိုကြည်လင်စွာထားပါ၊သို့မဟုတ်လျှင် ကျွန်မပြုခဲ့သော ကုသိုလ်ကောင်းမှုများ အလကားဖြစ်လိမ့်မည်၊ ကျွန်မသည် ယနေ့စောစောကပင် သင့်အတွက် ထမင်း လာပို့ပါသည်၊ လမ်းတွင် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကိုတွေ့၍ သင့်အတွက် ထမင်းဟင်းများကို ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးအား လှူလိုက်ပြီး အိမ်ကိုတဖန်ပြန်၍ ထမင်းချက်ပြီးမှ ယခုလာရပါသည်၊ သင်သည် စိတ်ကြည်လင်စွာ ထားပါဟု ပြောလေရာ ဘယ့်နှယ်ပြောတာလဲ ရှင်မရယ် ငါ့အတွက်ထမင်းကို အရှင်မြတ်အား လှူလိုက်တာ ကောင်းပါတယ်၊ ငါလဲဘဲ

မနက်စောစောက ဒန်ပူနှင့် မျက်နှာသစ်ရေတို့ကို အရှင်မြတ်ကြီးအား လှူလိုက်ရပါသည်ဟု ပြောကာ နေမြင့်မှ ထမင်းစားရသဖြင့် ထမင်းစားပြီးသောအခါ မိန်းမ၏ရင်ခွင်၌ပင် ခေါင်းစိုက်၍ အိပ်ပျော်သွားလေ၏။

ထိုအချိန်၌ ပုဏ္ဏနံနက်ခင်းက ထွန်ယက်ထားသော မြေကြီးခဲများသည် မဟာလှေကား ပန်းသဖွယ် ဝါဝင်းထိန်တောက်သော ရွှေများဖြစ်၍နေလေ၏၊ ပုဏ္ဏသည် အိပ်ရာမှနိုးရ၍ကြည့်လိုက်သောအခါ "ရှင်မရေ ငါမနက်ကထွန်ထားတဲ့ မြေကြီးခဲများဟာ ရွှေတွေ ဖြစ်နေပါပကော၊ ငါနေမြင့်မှ ထမင်းစားရပြီး အိပ်ပျော်သွားလို့ မျက်စိတွေများ ပြာဝေနေလို့လား" ဟု မယားအားပြောသောအခါ မယားကလည်း ဟုတ်ပါသည် ရွှေတွေဖြစ်နေပါသည်ဟု ပြောသဖြင့် ဇနီးမောင်နှံ ၂-ယောက်တို့သည် သွား၍ အတုံးတတုံးကိုယူ၍ ထွန်တုံးနှင့် ရိုက်ထုကြည့်သောအခါ-

ရွှေတွေဖြစ်နေသဖြင့် "ဒီခဲကြီးရာဘဲ၊ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးအားလှူလိုက်သောအလှူဟာ လက်ငင်းအကျိုးပေးပါကလား၊ ဒီလောက်များပြားသောရွှေတုံးကို တိုးတိုးတိတ်တိတ်ဖုံးထားလို့ မရတော်ချေ" ဟု ကြံစည်လျက် မယားယူလာခဲ့သောထမင်းအုပ်ထဲသို့ ရွှေများကိုထည့်လျက် မင်းနန်းတော်သို့သွား၍ မင်းကြီးအားရှိခိုးကာ "အရှင်မင်းကြီး

ယနေ့ ကျွန်တော်မျိုး လယ်ထွန်သော မြေခဲများမှ ရွှေတုံး ကြီးများဖြစ်နေပါသည်၊ ဤရွှေများကို ယခုယူဆောင်လာ ခဲ့ပါသည်" ဟု လျှောက်ထားလျက် သင့်နာမည်ဘယ်လိုခေါ် ပါသလဲဟု ဘုရင်ကြီးကမေးရာ ကျွန်တော်မျိုး အမည်ပုဏ္ဏ မည်ပါသည်ဟု လျှောက်တင်သောအခါ သင်ယနေ့နံနက်က ဘာလုပ်သေးသလဲဟု ဘုရင်ကြီးကမေးရာ ယနေ့ ကျွန်တော် မျိုးသည် ရှင်သာရိပုတ္တရာအား ဒန်ပူနှင့်မျက်နှာသစ်ရေများ ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်၊ ကျွန်တော်မျိုး၏ဇနီးသည် ကလည်း ကျွန်တော်မျိုးအတွက် ပို့လာသော ထမင်းကို မထေရ် မြတ်အား လှူဒါန်းခဲ့ပါသည်ဟု သံတော်ဦးတင် လေ၏။

ထိုစကားကိုကြား၍ မင်းကြီးသည် "အို—မှူးမတ်များတို့ ယနေ့ပင် ရှင်သာရိပုတ္တရာအား လှူသော အလှူ၏အကျိုးကို မြင်ရပြီ" ဟုဆိုလျက် "အမောင်ပုဏ္ဏ အသို့ပြုစေလိုပါသနည်း" ဟု ဘုရင်ကြီးကမေးသေအခါ လှည်းပေါင်း တထောင်တို့ကို စေလွှတ်၍ ရွှေတို့ကို ယူဆောင် ပါလော့ဟု ပုဏ္ဏက လျှောက်သဖြင့် မင်းကြီးသည် လှည်းများကိုလွှတ်လိုက်လေ ၏၊ မင်းချင်း ယောကျ်ားတို့သည် မင်းဥစ္စာတို့တည်းဟု ယူ ကုန်သောအခါ ကိုင်သမျှတို့သည် မြေကြီးခဲများဖြစ်ကုန်၏။ မင်းချင်းယောကျ်ားတို့သည် သွား၍ မင်းကြီးအားလျှောက် ထားသောအခါ သင်တို့သည်အဘယ်သို့ဆို၍ ယူကြပါသနည်း

ဟု မေးသောအခါ အရှင်မင်းကြီး၏ ဥစ္စာဟုပြောရ၍ ယူကြပါသည်ဟု လျှောက်ကြလျှင် ငါ့ဥစ္စာမဟုတ် ပုဏ္ဏ၏ဥစ္စာဟု ဆိုကာ ယူကြလော့ဟု ဘုရင်မင်းမြတ်က ပြောသည့်အတိုင်း ယူကြမှ ကိုင်ကိုင်သမျှသည် ရွှေမျှားဖြစ်ကုန်၍ အားလုံးကို မင်းယင်ပြင်၌ စုပုံထားကြကုန်၏၊ရွှေအပုံကြီးသည် အတောင် ရှစ်ဆယ်လောက် အမြင့်ရှိ လေ၏၊ မင်းကြီးသည် ပုဏ္ဏအား သူဌေးဘွဲ့ကို ပေးပြီးလျှင် အိမ်နေရာတို့ကို ပေးသဖြင့်အိမ်မျှား ဆောက်လုပ်ပြီး အိမ်တက်မင်္ဂလာ သူဌေးဘွဲ့ရခြင်း မင်္ဂလာ တို့ကို တပြိုင်တည်း ပြုလျက် ၇-ရက်လုံးလုံး ဘုရားအမှူး ရှိသော သံဃာတော်တို့ လှူဒါန်းကျွေးမွေးပြီးနောက် ဘုရား ရှင်ထံမှ တရားဟောတော်ကို နာယူရာ ပုဏ္ဏသူဌေးသည် ဇနီးသမီး တို့နှင့်တကွ သောတာပန် ဖြစ်လေ၏။

နောက်အခါတွင် ရာဇဂြိုဟ် သူဌေးသည် မိမိ၏သားကို ပုဏ္ဏသူဌေး၏ သမီးနှင့် ထိမ်းမြား လက်ထပ် ပေးလို၏၊ သို့သော် ရာဇဂြိုဟ် သူဌေး၏သားမှာ မိစ္ဆာဒိဋ္ဌိ အယူရှိသူ ဖြစ်ပြီး ပုဏ္ဏသူဌေး သမီးမှာ ရတနာ သုံးပါးကို ကြည်ညိုကိုင်းရှိုင်းသော တကယ်ဗုဒ္ဓသာသနာ အမျိုးသမီး ဖြစ်သောကြောင့် ပထမတွင် ပုဏ္ဏသူဌေးက ငြင်းပယ်သော်လည်း မိတ်ဆွေ အပေါင်းအသင်းတို့က ဝိုင်းဝန်း နားချသောကြောင့် နောက်ဆုံးတွင် ပေးစားလိုက်ရသည်၊ ပုဏ္ဏသူဌေး သမီးသည် လင့်အိမ်သို့ ရောက်ချိန်မှ စ၍ ရဟန်းတော် မျှားကိုလည်း မဖူး

မြင်ရ, အလှူအတန်းလည်း မပြုရ, တရားကိုလည်း မနာရဘဲ အိမ်ထဲတွင် နေရ၏၊ ဤသို့လျှင် ၂-လခွဲမျှ နေပြီးနောက် မိမိ၏ အလုပ်အကျွေး တယောက်ကို ခေါ်၍ ဝါကျွတ်ရန် ရက်ပေါင်း မည်မျှ လိုသေးသနည်းဟု မေးလျှင် ၁-လခွဲမျှ လိုပါသေးသည်ဟု အလုပ်အကျွေးက ပြောလေ၏။

ထိုအခါ ပုဏ္ဏသူဌေး သမီးသည် ဘခင်ထံ "အို ချစ်စွာ သောဘခင် သမီးတော်ကို ဤမျှ ကျဉ်းကြပ်သော နှောင်အိမ်ထဲသို့ အဘုယ်ကြောင့် ထည့်သွင်း ပိုဆောင် ပေးလိုက်ပါသနည်း သူတပါးအိမ်မှာ ကျွန် အစေခံအဖြစ် နေရတာကမှ ကောင်းပါလိမ့်ဦးမည်၊ ဤကဲ့သို့သော မိစ္ဆာဒိဋ္ဌိ အယူ ရှိသူ တို့၏အိမ်မှာ အလှူအတန်း ပေးကမ်း လှူဒါန်းခွင့် ကိုလည်း မရ ရဟန်းသံဃာတော် တို့ကိုလည်း ဖူးမြော်ခွင့် မရပါ"ဟု သတင်းစကား ရေးသား ပေးပို့လိုက်၏။

သမီးထံမှ သတင်းစကားကို ကြားရ၍ ဘခင်ပုဏ္ဏသူဌေး ကြီးမှာ မျှားစွာ စိတ်မချမ်းမသာ ဖြစ်ရကား သမီးထံ ၁-သောင်း ၅-ထောင်သော ငွေအသပြာတို့ကို ပေးပို့လိုက်ပြီး "ဤမြို့၌ သိရိမာ မည်သော ပြည့်တန်ဆာမ ရှိ၏၊ တနေ့ တထောင် ပေးရ၏၊ ဤငွေတို့ဖြင့် သိရိမာကို ခေါ်၍ သမီး၏ လင်ယောကျ်ားအား မွေ့လျော် ပျော်ပါး စေပါလော သမီးတော်ကားအလိုရှိသမျှ ကုသိုလ်ကောင်းမှုတို့ကိုပြုင

ဟု ဘခင်ကြီးက မှာလိုက်သည့် အတိုင်း ဥတ္တရာသည် သိရိမာကို ခေါ်၍ "အဆွေ သိရိမာ ဤအသပြာ တို့ကို ယူ၍ ၁၅-ရက်မျှ ကျွန်မ၏ယောကျ်ားကို ပြုစု လုပ်ကျွေးရစ်ပါ" ဟု ပြောသောဆခါ သိရိမာက လက်ခံ၏၊ ဥတ္တရာသည် သိရိမာကို ခေါ်လျက် မိမိလင်ယောကျ်ားထံ သွား၍ "အရှင် ၁၅-ရက်မျှ ကျွန်မ မိတ်ဆွေ သိရိမာသည် သင့်အား ပြုစု လုပ်ကျွေးပါလတံ့၊ ကျွန်မသည်ကား ၁၅-ရက်မျှ အလှူဒါန တို့ကို ပြု၍ တရားဓမ္မတို့ကို နာကြားလိုပါသည်ဟု မိမိလင်ထံ ခွင့်ပန်ပြောဆိုရာ သိရိမာ၏ လင်ယောကျ်ား ရာဇဂြိုဟ်သူဌေး သားသည် သိရိမာ၏ ရုပ်အဆင်း လှပသည်ကို မြင်သဖြင့် သဘောကျ လက်ခံလိုက်၏။

ဥတ္တရာသည် ဘုရားအမှူးရှိယော သံဃာတို့အား ပင့်ဖိတ်လျက် ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဤ ၁၅-ရက်မျှ အချိန်အတွင်း အခြားသို့ မကြွဘဲ တပည့်တော်မ၏ အိမ်ဦးသာ သံဃာတော်များနှင့် တကွ ဆွမ်းဘုဉ်းပေး ကြွတော်မူပါဟု လျှောက်ထားသည်ကို ဘုရားရှင်က လက်ခံတော် မူသဖြင့် ဥတ္တရာသည် အခြေအရံ တို့နှင့်အတူ မီးဖိုချောင်တွင် ချက်ပြုတ်ရေးတို့ကို စီမံဆောင်ရွက်လေ၏၊ နက်ဖြန်တွင် သီတင်းကျွတ်လပြည့်နေ့သို့ ရောက်တော့မည် ဖြစ်သဖြင့် သံဃာတော်များအား ဆွမ်းကပ်ရန် မျှော်တလုံးလုံးဖြင့် မမေ့နိုင် မပန်းနိုင် စိမ်လုပ်ကိုင်နေသော ဥတ္တရာကို လင်ဖြစ်သူ ရာဇဂြိုဟ်သူဌေး

သားက တွေ့မြင်ရာ အော် ဒီမိန်းမနှယ် မိမိမှာ ရှိတဲ့စည်းစိမ်ချမ်းသာ တွေကို ကိုယ့်ဘာသာ အေးအေးဆေးဆေး မခံစားဘဲ ဒီရဟန်းဦးပြည်းတွေကိုလုပ်ကျေးပြုစုနေဘိ၏ဟု ပြက်ရယ်ပြုလျက် ထွက်ခွါသွား၏။

ရာဇဂြိုဟ်သူဌေးသားသည် ဥတ္တရာကိုကြည့်၍ရယ်မောပြီး ထွက်သွားသည်ကို ၁၅-ရက်မျှ ဥတ္တရာကိုယ်စား လာရောက်ဖျော်ဖြေမှု ပြုစုရသော သိရိမာက မြင်သွားသဖြင့် ဒီသူဌေးသားဟာ ဥတ္တရာအပေါ် တပ်မက်ခြင်း ရှိသည်ကို မနာလိုသဖြင့် ဥတ္တရာအပေါ်ဝယ် တဖက်သတ် ရန်ငြိုးထားလေသည်၊ ယင်းသို့ ထားသောကြောင့် ပြာသာဒ်ထက်သို့ တက်လျက် စဖိုဆောင်သို့ဝင်ကာ မုံ့ကျော်ချက်ရာ ဌာန၌ကျိုက်ကျိုက်ဆူပွက်နေသော ထောပတ်ဆီကို ဇွန်းဖြင့်ယူ၍ ဥတ္တရာသို့ ရွှေရှုသွန်ပက်လေ၏။

ထိုအချိန်၌ ဥတ္တရာသည်ကား မိမိသို့ရွှေရှုလာသော သီရိမာကို မြင်ရာ "ငါ့မိတ်ဆွေမ သိရိမာသည် ငါ့အပေါ်မှာ ကျေးဇူးများလှပါသည်၊ သူ့ကျေးဇူးကား တန်ဘိုးမဖြတ်နိုင်ဖြစ်ပါ၏၊ ငါသည် သူ့ကိုမှီ၍ အလှူဒါနပြုရ, တရားနာခွင့်ကို ရပေသည်၊အကယ်၍ သူ့အပေါ်မှာ ငါသည်အမျက်ထွက်ခြင်းရှိပါလျှင် ဤထောပတ် ဆီသည် ပူလောင်ပါစေသတည်း၊ အကယ်၍ သူ့အပေါ်၌ အမျက်ထွက်ခြင်း မရှိ

ပါလျှင် မပူလောင်ပါစေသတည်းဟု မေတ္တာပို့သလေ၏။ ထိုခဏ၌ သိရိမာ သွန်းလောင်းလိုက်သော ကျိုက်ကျိုက်ဆူသည့် ထောပတ်ပူသည် သီတာရေစင်တမျှ အေးမြသွားလေ၏။

ဤသို့ သိရိမာက ပက်လိုက်သော ထောပတ်ဆီပူသည် သီတာရေစင်ပမာ အေးမြသွားသည်ကိုမြင်ကြသော ဥတ္တရာ၏ အစေခံ ကျွန်မများက "ငါတို့အရှင်သခင်မကို ဆီပူဖြင့် သွန်းလောင်းရမလား"ဟုဆိုကာ ဝိုင်းဝန်း ရိုက်နှက်ကြသဖြင့် သိရိမာသည် မြေ၌ လဲကျလေ၏။ ဥတ္တရာသည် ထိုသို့ ရိုက်နှက် ပုတ်ခတ်ခြင်း မပြုကြရန် မိမိ အစေခံတို့အား တားမြစ်ပါသော်လည်း မရတော့ပေ။ဥတ္တရာသည် သိရိမာအား ရိုက်နှက်သူများကို ဖယ်ရှားလျက် ဒဏ်ရာရရှိသွားသောသိရိမာအား ဆေးများ ထည့်ပေးလေ၏။

ထိုအခါ သိရိမာသည် "ဤ ဥတ္တရာသည် သူ့အပေါ် ထောပတ် ဆီပူလောင်းချသော ငါ့အပေါ်၌ အမျက်မထားဘဲအစေခံ ကျွန်မတို့က ရိုက်နှက်ပုတ်ခတ် သည်ကိုပင် မရိုက်ရန် တားမြစ် ပေသေးသည် ငါသည် သူ့အပေါ်၌ ပြစ်မှားမိခဲ့သည်ကို ဝန်ချတောင်းပန်ပေအုံ၊ ဝန်မချ မတောင်းပန်လျှင် ငါ့ဥကျောင်း ခုနစ်စိတ် ကွဲလတံ့"ဟုကြုံစည်အောက်မေ့လျက် ဥတ္တရာ၏ ခြေရင်း၌ ထိုင်ကာ "အရှင်မ ကျွန်မ၏ မိုက်မှား

မိသော အပြစ်ကို သည်းခံတော်မူပါ'' ဟုတောင်းပန်သော အခါ ဥတ္တရာက ''ငါမှာဘခင်ရှိသည်ငါ့ဘခင်ကခွင့်လွှတ်လျှင် ငါလည်း သည်းခံ ခွင့်လွှတ်မည်'' ဟု ပြောသောအခါ—

ကောင်းပါပြီ အရှင်မ၏ဖခင် ပုဏ္ဏသူဌေးကို ကျွန်မ တောင်းပန်ပါမည်ဟု သိရိမာက ဆိုလေလျှင် ပုဏ္ဏာသူဌေး သည် ငါ၏လောကီဖခင်ဖြစ်သည် ငါ၏လောကုတ္တရာဖခင် ရှိသေးသည်၊ ကိုဟာခင်က ခွင့်လွှတ်လျှင် ငါခွင့်လွှတ်သည်း ခံမည်ဟု ပြောပြန်သောကြောင့် သိရိမာက "အရှင်မ၏ လောကုတ္တရာဟာခင်ကား အဘယ်သူပါနည်းဟု'' မေးသော အခါ ငါ၏ လောကုတ္တရာဘခင်ကား သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဖြစ်သည်ဟု ဥတ္တရာကပြောလေ၏။ သိရိမာသည် ဘုရား သခင်နှင့် အကျမ်းဝင်မှု မရှိသောကြောင့် ဘုရားရှင်အား သည်းခံခွင့်လွှတ်ရန် တောင်းပန်ဘို့အတွက် ဥတ္တရာကစိစဉ် ပေးရ၏၊ နောက်ပြန်ဘုရား အမှုးရှိသော သံဃာတော်များ မိမိ၏အိမ်တွင် ဆွမ်းဘုဉ်းပေး ကြွတော်မူလာလိမ့်မည် ထို အခါတွင် လှူဘွယ်ဝတ္ထုများကို ယူ၍ ဘုရားရှင်အား ပူဇော်လှူဒါန်းပြီး ခွင့်လွှတ်ရန် တောင်းပန်လေဟု ဥတ္တရာက စိမ်ပေးသည့်အတိုင်း နောက်တနေ့ ဘုရားအမှုးရှိသော သံဃာတော်များ ဥတ္တရာအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော် မူသောအခါ သိရိမာသည် လှူဘွယ်ဝတ္ထုများဖြင့် လှူဒါန်း ပူဇော်ကန်တော့လေရာ ဘုရားရှင်လည်း လက်ခံတော်မူလျက်

တရားတော်ကိုဟောကြားရာ ဒေသနာအဆုံး၌ သိရိမာသည် သမျိုးသမီးငါးရာတို့နှင့်အတူ သောတာပန် ဖြစ်သွားလေ၏။

ဤဝတ္ထု၌ ရေးလိုရင်းမှာ မေတ္တာကြောင့် ကျိုက်ကျိုက်ပွက်၍ လောင်နေသော ဆိပူသည် သီတာရေစင်တမျှ အေးမြသွားသည်ဟူသော အချက်ပင် ဖြစ်ပါသည်၊ မည်သူကမည်သို့ပင် မိမိအပေါ် တရားပျက်၍ နှိပ်စက်ညှဉ်းပန်းသော်လည်း မိမိက အမျက်မထားဘဲ မေတ္တာပွားနိုင်လျှင် အကျိုးတရားများစွာ ဖြစ်ထွန်းနိုင်ပါသည်။ ထို့ကြောင့် သတ္တဝါအားလုံးတို့၌ မေတ္တာပွားကြပါရန် ဘိုက်တွန်းအပ်ပါသည်။

မေတ္တာအစွမ်းကြောင့် မြားလက်နက်သည် ထန်းရွက်ပမာ ဖြစ်သွားခြင်း ဓနု ဝတ္ထု

နွားမကြီးတကောင်သည် မိမိ၏ သားငယ် နွားကလေး အား နို့တိုက်နေ၏ ထိုအချိန်တွင် မုဆိုးတယောက်သည် နွားမကြီးကို မြားဖြင့်ပစ်အံ့ဟုချိန်ရွယ်လျက် မြားပင့်ပြစ်လေ၏ ယင်းမြားသည် နွားမကြီးသို့ ထိမှန်သောအခါ ထန်းရွက်ကဲ့သို့ ဖြစ်လျက် အသာကလေး လျှောချကျသွား၏၊ ဤဖြစ်ရပ်မှာလည်း မိခင်နွားမကြီး၏ သားငယ်အပေါ်၌ ထားသော မေတ္တာ၏ အစွမ်း အာနုဘော်ကြောင့် ဖြစ်၏။

ခန္ဓသုတ် ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတပါးကို အကြောင်းပြု၍ ဤသုတ်ကို ဟောတော်မူသည်၊ ရေချိုးအိမ်တံခါးအနီး၌ စုပုံထားသော ထင်းပုံမှ မြွေတကောင်သည် ထွက်လာ၍ ရဟန်း၏ခြေဖမိုးကို ကိုက်သောကြောင့် ရဟန်းသည် ထိုနေရာ၌ပင် ပျံလွန်တော်မူလေ၏၊ ထိုရဟန်းမြွေကိုက်၍ သေသည့်အကြောင်းသည် ကျောင်းတိုက်တခုလုံး ပျံ့နှံ့သွား၏၊ တရားစည်းဝေးရာအဆောက်အဦ၌ ရဟန်းတို့သည် "ရဟန်းတို့ ဤအမည်ရှိသော ရဟန်းသည် ရေချိုးအိမ်တံခါးအနီး ထင်းပုံမှ မြွေထွက်ကိုက်၍ ပျံလွန်တော်မူသွားလေရဲ"ဟု သတင်းစကားပြောကြားနေကြရာ ဘုရားရှင် ကြွလာတော်မူပြီး "ရဟန်းတို့ ယခု ငါဘုရားကြွလာတော်မူစဉ် သင်ရဟန်းတို့သည် အဘယ်စကားများကို ပြောဆိုဆွေးနွေး တိုင်ပင်နေကြပါသနည်း"ဟု မေးတော်မူသောအခါ ဤမည်သောစကားဖြင့် စည်းဝေးနေကြပါသည်လု လျှောက်ထားကြကုန်၏။

ထိုအခါဘုရားရှင်က ရဟန်းတို့ ဤရဟန်းသည် အကယ်၍ ဝိရူပက္ခ, ဧရာပထ, ဆဗျာပုတ္တ, ကဏ္ဍာဂေါတမဟု ဆိုအပ်သော မြွေမင်းကြီးလေးပါးတို့ကို အာရုံမျှော်မှန်း၍ မေတ္တာတရားပွားများပါလျှင် မြွေသည် ထိုရဟန်းကို မကိုက်ခဲရာ

ငါဘုရားမပွင့်မီက ရှေးပညာရှိရသေ့တို့သည် မြေမင်းကြီး လေးပါးတို့ကို မေတ္တာတရား ပွားများသောကြောင့် ယင်း မြေမင်းကြီးလေးပါးကို မှီခိုဖြစ်ပေါ်သော ဘေးဥပဒ် အန္တရာယ် အသွယ်သွယ်မှ ကင်းလွတ်ခဲ့ကြကုန်သည်ဟု မိန့်ဆို တော်မူကာ အတိတ်ကိုဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ကာသီတိုင်း ပုဏ္ဏားအမျိုး၌ ဖြစ်၍ အရွယ်ရောက်လတ်သော် ကာမဂုဏ်တို့ကို ပယ်စွန့် လျက် ရှုသေ့ရဟန်းပြုပြီးနောက် အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေကာ ဟိမဝန္တာတောင် ဂင်္ဂါမြစ်အနီး သခ်မ်းကျောင်း၌ စျာန်ကစားလျက် ရသေ့အပေါင်းခြံရံ၍ နေလေ၏၊ ထိုအ ချိန်ဂင်္ဂါမြစ်ကမ်းနား၌ အမျိုးမျိုးသောမြေတို့သည် ရသေ့ တို့အား အသက်အန္တရာယ်ကိုပြုသဖြင့် ရသေ့များစွာအသက် ဆုံးရှုံးကြကုန်၏။ ထိုအခါဘုရားလောင်းသည် ရသေ့အား လုံးကို အစည်းအဝေးခေါ်လျက် "အို ရသေ့တို့၊ သင်တို့ သည် မြေမင်းကြီးလေးမျိုးတို့၌ မေတ္တာတရား ပွားများကြ လျှင် သင်တို့ကို မြေမကိုက်ကုန်ရာ၊ ထို့ကြောင့်သင်တို့သည် ဤနေ့မှစ၍ မြေမင်းကြီးလေးပါးတို့၌ ဤသို့မေတ္တာကိုပွား များရမည်" ဟု ဝိရူပက္ခေဟိ မေမေတ္တာစသော ခန္ဓသုတ်ပရိတ် တော်ကိုဟောတော်မူသည်။

ဤခန္ဓသုတ်ပရိတ်သည် ဒိဗ္ဗမန္တန် နတ်မန္တန်ဖြစ်သည်၊ အဆိပ်ရှိသော သတ္တဝါအားလုံးနှင့် အခြေလေးချောင်း အခြေနှစ်ချောင်း အခြေမရှိသော သတ္တဝါအားလုံးတို့ အပေါ်မှာ မေတ္တာပွားများသောကြောင့် ယင်းသတ္တဝါအားလုံးတို့၏ နှောင့်ရှက်ဖျက်ဆီး ညှဉ်းပန်းနှိပ်စက်ခြင်းတို့မှ ကင်းဝေးနိုင်သော တန်ခိုးအစွမ်းရှိသည့် ပရိတ်တော် နတ်မန္တန်တော်ဖြစ်ပေသည်၊ ဤပရိတ်မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်လျှင် နှောင့်ယှက်ဖျက်ဆီးမည့် သတ္တဝါတို့၏ ဘေးရန်အသွယ်သွယ်တို့မှ ကင်းဝေးပြီး သတ္တဝါအားလုံးတို့က မေတ္တာသက်ဝင် ချစ်ခင်ကြပြီး ကူညီစောင့်ရှောက်ကြပါလိမ့်မည်၊ ယုံကြည်သော သဒ္ဓါတရားဖြင့် ရွတ်ပွားသရဇ္ဈာယ်တော်မူကြပါကုန်။

မောရသုတ် ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုစဉ် ဘုရားလောင်းသည် ဥဒေါင်းမျိုး၌ ပဋိသန္ဓေယူ၍ ဖွားမြင်သောအခါ ရွှေအဆင်းကဲ့သို့ ဝါဝင်းသောအဆင်းရှိ၏။ ဘုရားအလောင်း ရွှေဥဒေါင်းမင်းသည် မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် တောင်တန်းကြီးသုံးခုကို ကျော်လွန်လျက် လေးခုမြောက် တောင်တန်း ဖြစ်သည့်

ဒဏ္ဍကဟိရညတောင်၌ နေလေ၏။ ဘုရားအလောင်းသည် နံနက်မိုးလင်းလျှင် နေကိုကြည့်လျက် ဥဒေတယံ စသော ဗြဟ္မမန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် အစာရှာ ထွက်လေ၏။ ဥဒေတယံဂါထာကို ရွတ်ဆိုရှိ နေကို ရှိခိုးပြီးနောက် ယေ ဗြဟ္မဏာ ဟူသော ဂါထာကို ရွတ်လျက် ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်း ရှေဇာတ်တော် သိမ်းတော်မူကြသည့် ရှေးဘုရား ရှင်များနှင့် ထိုဘုရားရှင်တို့၏ ဂုဏ်တော်များကိုလည်း ရှိခိုး လေ၏။

ဤသို့လျှင် တနေ့ပတ်လုံး အစာရှာထွက်ပြီးနောက် ပြန် ရောက်လာသောအခါ နေဝင်သည်ကိုကြည့်၍ ဘုရားဂုဏ် တော်များကို ဆင်ခြင်လျက် မိမိနေရာကို အန္တရာယ်များ ကင်းဝေးစေရေးအတွက် ဗြဟ္မာမင်းတို့၏ မန္တန်သဖွယ် ဖြစ် သည့် အပေတယံ စသော ဂါထာကို ရွတ်ဆိုလေ၏။ ရှေ ဥဒေါင်းမင်းသည် ဗြဟ္မမန္တန်ဟု ဆိုအပ်သော ဤပရိတ် တော်ကို အခေါင့်အရှောက်အတွက် အရုံအတားသဖွယ် ပြုလုပ်၍ မိမိနေရာ၌နေ၍ နေ့ရောညဥ့်ပါ ယင်း ပရိတ်မန္တန် ကို ရွတ်ဆိုသရဇ္ဈာယ်သောကြောင့် ဥဒေါင်းမင်းအား ဘေး ဥပဒ်အန္တရာယ် အသွယ်သွယ်တို့နှင့်ဟက္ခ ကြောက်ရုံထိတ်လန့် ကြက်သီးမွေးညှင်း ထခြင်းမျှ မဖြစ်ခဲ့ပေ။

ထိုအခါ ဗာရာဏသီမြို့၏ မနီးမဝေးရှိ မုဆိုးရွာ၌နေ သော မုဆိုးတယောက်သည် ဟိမဝန္တာအရပ်၌ အစာရှာ

ဘွက်ပြီး ဒဏ္ဍကဟိရည် တောင်ထိပ်၌နေသော ဘုရား အလောင်း ရွှေဥဒေါင်းမင်းကို တွေ့သဖြင့် မိမိ၏သား မုဆိုး အား ပြောကြားလေ၏။ ထိုအချိန်တွင် တနေ့သောအခါ ဗာရာဏသီမင်း၏ မိပုရားကြီး ခေမာသည် အိပ်မက်ထဲ၌ ဘုရားအလောင်း ရွှေဥဒေါင်းမင်းက လာရေ့ ဘရား ဟောသည်ကို နာရသည့် အိပ်မက် မြင်မက်ကြောင်း ဗာရာ ဏသီ မင်းကြီးအား လျှောက်ထား၏။ ထို့နောက် မိပုရား ကြီးက "အရှင်မင်းမြတ် ရွှေအဆင်းရှိသော ဥဒေါင်း၏ တရားကို နာလိုပါသည်"ဟု လျှောက်ထားသောအခါ မင်း ကြီးက အမတ်တို့ကို မေးလေ၏။ အမတ်တို့က ပုဏ္ဏားတို့ သိလိမ့်မည်ဟုပြော၍ ပုဏ္ဏားတို့ကို မေးမြန်းရာ မုဆိုးပျား သိလိမ့်မည်ဟု ပြောသောကြောင့် ဘုရင်မင်းမြတ်သည် တနိုင်ငံလုံး၌ရှိကြသော မုဆိုးအားလုံးကို ဆင့်ခေါ်လျက် ရွှေအဆင်းရှိသော ဥဒေါင်းကို ရှာဖွေရန် အမိန့်ပေးသော အခါ—

မုဆိုးသား တယောက်သည် "အရှင်မင်းမြတ် ဒဏ္ဍကဟိ ရည တောင်၌ ရွှေအဆင်းရှိသော ဥဒေါင်းရှိသည်ဟု ကြား ရကြောင်း ဘုရင်မင်းမြတ်အား လျှောက်ထားလေသျင် အမောင်မုဆိုး ယင်း ရွှေဥဒေါင်းကို မသေဘဲ ဖမ်းဆီး၍ ခေါ်ဆောင် ယူငင်လှဲ့ပါလောဟု စေခိုင်းရာ ဘုရင့်အမိန့် အတိုင်း မုဆိုးသည် သွားရောက်လျက် ရွှေဥဒေါင်း အစာ

ရှာနေကျ စားကျက်၌ ကျော့ကွင်းကို ထောင်၏။ သို့သော် ရွှေဥဒေါင်းကို ဖမ်း၍ မမိ၊ ဤသို့ဖြင့် ၇-နှစ်တိုင်တိုင် ကျော့ကွင်းထောင်၍ ဖမ်းဆီးပါသော်လည်း ဖမ်းမမိဘဲ မုဆိုးသည် သေလွန်လေ၏။ ရွှေဥဒေါင်းကို လိုချင်ဆန္ဒပြင်းပြသော ဧခမာ မိဖုရားသည်လည်း အနိစ္စရောက်သွား၏။

ရွှေဥဒေါင်းကိုလိုချင်ဆန္ဒပြင်းပြပြီးမရသဖြင့် ငါ၏မိဖုရားကြီး အနိစ္စရောက်သွားရသည်ဟု ဒေါသအမျက် ချောင်းချောင်းထွက်နေသောဘုရင်မင်းတရားသည် "ဟိမဝန္တာတော ဒဏ္ဍကဟိရညတောင်၌ ရွှေအဆင်းရှိသော ဥဒေါင်းရှိသည်၊ ယင်းဥဒေါင်း၏ အသားကိုစားရသောသူသည် မအိုမသေဘဲ အသက်ရှည်စွာနေရ၏" ဟူသော ကမ္ဗည်းစာသားကိုရွှေပြား၌ ရေးထိုးစေ၍ ယင်းရွှေပြားကို သေတ္တာ၌ထည့်ထားလေ၏။ ထိုမင်းကွယ်လွန်သောအခါ နောက်ဆက်ခံသော မင်းသည် မင်းအဖြစ်သို့ ရောက်ပြီးနောက် ရွှေပြားကိုဖတ်ကြည့်သော အခါ "မအိုမသေဘဲ အသက်ရှည်စွာ နေရလတံ့" ဟု ကြံစည်လျက် အခြားမုဆိုးကို စေလွှတ်ဖမ်းခိုင်း၏၊ ယင်းမုဆိုးသည်လည်း ဘုရားလောင်းကို ဖမ်းယူခြင်းငှါ မတတ်နိုင်ဘဲ နောက်ဆုံး သေလွန်လေ၏။ ဤနည်းအားဖြင့်မင်း ၆-ဆက်တိုင်တိုင်ဖမ်းယူခြင်းငှါ မစွမ်းနိုင်ကြချေ။

ခုနစ်ဆက်မြောက်သောမင်းသည် မင်းပြုပြီးနောက် မုဆိုးကိုစေလွှတ်၏၊ မုဆိုးသည် ဒဏ္ဍကဟိရညတောင်သို့ သွား၍

ကျော့ကွင်းထောင်ရာ ဘုရားလောင်းဥဒေါင်းမင်းက ကျော့ကွင်းကိုမနင်းသည်ကို၎င်း၊ အစာရှာ ထွက်သောအခါ ဗြဟ္မမန္တန်ဟုဆိုအပ်သော ပရိတ်တော်အရံအတား အကာအကွယ်ကိုပြု၍လာသည်ကို၎င်း သိလေသောကြောင့် ပစ္စန္တရွာများသို့သွားရောက်ပြီး ဥဒေါင်းမတကောင်ကိုဖမ်းယူလျက်လက်ခုတ်တီးလျှင်ကစေ၍ လက်ဖျောက်တီးလျှင် တွန်ကျူး စေရန်သင်ကြားပေးထားကာ ဥဒေါင်းမကိုယူသွားပြီး ရွှေဥဒေါင်းမင်း ပရိတ်အရံအတားမန္တန်များမရွတ်ဖတ်မီ စောစောထ၍ ကျော့ကွင်း ထောင်ပြီးလျှင် ဥဒေါင်းမကို သာယာသောအသံဖြင့် တွန်ကျူးစေလေ၏။ ရွှေဥဒေါင်းမင်းသည် ဝိသဘာဂဖြစ်သော ဥဒေါင်းမအသံကိုကြားရသဖြင့် ကိလေသာဖြင့် ထိုးကျင့်ရကား ပရိတ်အရံအတား ဗြဟ္မမန္တန်တို့ကို ရွတ်ပွားရန်သတိမရတော့ဘဲ အစာရှာ ထွက်လာသောအခါ ကျော့ကွင်း၌ ဖမ်းမိလေတော့၏။ ထိုအခါ ရွှေဥဒေါင်းမင်းကို မုဆိုးသည် ဖမ်းယူပြီး ဗာရာဏသီမင်းကြီးထံဆက်သလေ၏။

ဗာရာဏသီမင်းသည် ရွှေဥဒေါင်းမင်း၏ ရုပ်အဆင်းလက္ခဏာကိုမြင်ရ၍ နှစ်သက်ဝမ်းမြောက်ရကား နေရာထိုင်ခင်းတို့ကျနစ္ဆာပြုလုပ်ပေး၏။ ဘုရားအလောင်း ရွှေဥဒေါင်းမင်းသည် ခင်းထားအပ်သောနေရာ၌ နေလျက် "အရှင်မင်းမြတ် အဘယ့်ကြောင့်အကျွန်ုပ်ကို ဖမ်းယူစေပါသနည်း" ဟု ဗာရာဏသီမင်းအား မေးသောအခါ "ရွှေဥဒေါင်းမင်း

သင့်အသားကို စားသောသူသည် မအို မသေဘဲ အသက်ရှည်စွာနေရ၏ဟု ကြားဘူးသဖြင့် ကျွန်ုပ်လည်းသင် ရှေ့ဦးဒေါင်း၏အသား့ကိုစားရလျှင် မအိုမသေဘဲ အသက်ရှည်စွာနေရမည်ဖြစ်သောကြောင့်သင့်ကိုဖမ်းယူခြင်းဖြစ်ပါသည်''ဟု မင်းကြီးက ပြောပြလေ၏။

ထားပါတော့ အရှင်မင်းကြီး ကျွန်ုပ်အသားကို စားရသောသူသည် မအိုမသေဘဲ အသက်ရှည်စွာနေရသည်ဆိုပါလျှင် ကျွန်ုပ်ကိုယ်တိုင်ကတော့ သေရမှာဘဲမဟုတ်ပါလားဟု ရှေ့ဦးဒေါင်းကပြောလေရာ ဟုတ်မှန်ပါတယ် ရှေ့ဦးဒေါင်းလဲ သေရမှာပါဘဲဟု မင်းကြီးက ပြောလေ၏။ အရှင်မင်းကြီး အကျွန်ုပ်ကိုယ်တိုင် သေရမည်ဖြစ်ပါလျက် ကျွန်ုပ်အသား စားသောသူသည် အဘယ့်ကြောင့် မသေဘဲရှိရပါအံ့နည်းဟု ရှေ့ဦးဒေါင်းက ပြောပြန်သောအခါ ရှေ့ဦးဒေါင်း သင်ကား ရှေအဆင်းရှိသည်၊ ထို့ကြောင့် သင့်အသား စားသောသူတို့သည် မအိုမသေဖြစ်ပါလတံ့ဟုမင်းကြီးကပြောပြန်လေရာ—

မြတ်သောမင်းကြီး ကျွန်ုပ်သည် အကြောင်းမဲ့သက်သက် ရှေအဆင်းရှိသည်မဟုတ်ပါ ရှေးအခါက ကျွန်ုပ်သည်ဤမြို့ဦးပင် စကြဝဠာမင်းဖြစ်၍ ကိုယ်တိုင် ငါးပါး သီလကို ဆောက်တည်ရုံသာမက စကြဝဠာတခုလုံးမှာ ရှိကြသော လူများ အားလုံးကိုလည်း ငါးပါးသီလကို လုံခြုံအောင်

ဆောက်တည်စေခဲ့ပါသည်။ကျွန်ုပ်သည် ထိုကောင်းမှုကြောင့် သေလွန်သောအခါ တာဝတိ်သာ နတ်ပြည်၌ ဖြစ်၍ ထိုမှ တပန် စုတေပြန်သော် အခြားအကုသိုလ် မကောင်းမှု တခုကြောင့် ဥဒေါင်းမျိုး၌ ဖြစ်ရသော်လည်း ရှေးဘဝက စောင့်ထိန်းခဲ့သော သီလတန်ခိုးကြောင့် ရှေ့အဆင်းရှိရခြင်း ဖြစ်ပါသည်,ဟု ရှေ့ဥဒေါင်းက ပြောကြားသောအခါ "သင်သည် စကြဝဇာတေးမင်း ဖြစ်ခဲ့ပြီး သီလကို စောင့်ထိန်းခဲ့သည်။ သီလတန်ခိုးကြောင့် ရှေ့အဆင်း ရှိရသည်,ဟု သင်ပြောသည်ကို ငါတို့ အသို့ ယုံကြည်နိုင်ပါအုံနည်း။ သင်ဥဒေါင်းမင်းမှာ သက်သေ တခုတရာ ပြသနိုင်ပါမည်လား"ဟု ဘုရင်ကြီးက ပြောပြန်ရာ မြတ်သော မင်းကြီး ကျွန်ုပ် သက်သေပြနိုင်ပါသည်။ ကျွန်ုပ်သည် စကြဝဇာတေးမင်း ဖြစ်စဉ်က ရတနာတို့ဖြင့် ပြီးသော ရထားထက်၌ နေ၍ ကောင်းကင်၌ လှည့်လည်ကျက်စား သွားလာခဲ့ပါသည်။ ကျွန်ုပ် ထိုစဉ်က လှည့်လည်ကျက်စား သွားလာခဲ့သော ရတနာ,ရထားသည် အရှင်မင်းကြီး၏ မင်္ဂလာရေကန်တော် အောက် မြေထဲ၌ နစ်မြုပ်နေပါသည်။ ယင်း ရတနာ ရထားကို မင်္ဂလာကန်တော်မှ ထုတ်ယူ ဖော်ဆောင်ပါလော့၊ ဤသည်ကား ကျွန်ုပ်၏ သက်သေဖြစ်ပါသည်,ဟု ဥဒေါင်းမင်းက ရဲဝံ့စွာ ပြောကြားလေ၏။

ဗာရာဏသီမင်းသည် ကောင်းပြီ,ဟု ဝန်ခံလျက် ရေကန်မှ ရေများကို ထုတ်ယူစေလျက် မြေအောက်မှ ရထားကို

တွေ့မြင် ထုတ်ယူသောအခါ မင်းကြီးနှင့်တကွ အားလုံး ဥဒေါင်းမင်း စကားကို ယုံကြည်ကြကုန်၏။ ထိုအခါ ဘုရားလောင်းသည် "မြတ်သော မင်းကြီး မသေသော နိဗ္ဗာန်မှ တပါး အခြားအလုံးစုံသော သင်္ခါရတရား ဟူသမျှမှာ မမြဲသော သဘောရှိကြပါသည် ဖြစ်ပြီးလျှင် ပျက်ခြင်း သဘောရှိပါသည်" ဟု မင်းကြီးအား တရားဟော၍ ငါးပါး သီလ၌ တည်စေလေ၏။ မင်းကြီးသည် ဘုရားလောင်း ရွှေဥဒေါင်းမင်းအား ကြီးကျယ်ခမ်းနားစွာ ပူဇော်သက္ကာရ ပြုလျက် မင်းစည်းစိမ်ကို အပ်နှင်း၏။ ဘုရားလောင်းသည် မင်းစည်းစိမ်ကို လက်မခံ၊ ဘုရင်မင်းမြတ်အား ပြန်လည် အပ်နှင်းပြီးလျှင် နှစ်ရက်,သုံးရက်မျှ နေပြီးနောက် မြတ်သော မင်းကြီး မမေ့မလျော့သော အပွမာဒတရားနှင့် ပြည့်စုံအောင် နေပါလော့,ဟု ဆုံးမ သြဝါဒ ပေးပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ ဒဏ္ဍကဟိရညတောင်သို့ ပြန်သွားလေ၏။ မင်းကြီးလည်း ဘုရားလောင်း ဆုံးမသြဝါဒ ပေးသည့်အတိုင်း ဒါန စသည်ကို ပြုပြီးနောက် ကံအားလျော်စွာ စုတေလေ၏။

ဤဝတ္ထုဌ် ရန်သူများ ခုနစ်,နှစ်တိုင်တိုင် ဖမ်းဆီး၍ မရအောင် လုံခြုံနေခြင်းမှာ ဤဗြဟ္မမန္တန်,ဟု ဆိုအပ်သော မောရပရိတ်၏ အစွမ်းသတ္တိကြောင့် ဖြစ်ပါသည်။ ဤမောရပရိတ်ကို နေ့-ည မပြတ် ရွတ်ဖတ်သရဇ္ဈာယ်လျှင် ရန်သူတို့

မကောင်းမကြံနိုင်ဘဲ မလိုမုန်းထား သူတို့၏ နှိပ်စက်ခြင်း ဘေးအမျိုးမျိုးမှ ကင်းဝေး နိုင်ပါသည်။ ထို့ကြောင့် ဗြဟ္မမန္တန်,ဟု ဆိုအပ်သော ဤပရိတ်တော် မန္တန်ကို နေ့-ညဉ် မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ရန် တိုက်တွန်းအပ်ပါသည်။

ဝဋ္ဌသုတ် ဝတ္ထု

တရံရောအခါ မြတ်စွာဘုရားသည် မဂဓတိုင်းတို့၌ ခရီး ဒေသစာရီ လှည့်လည်ကြွတော်မူသည် ရှိသော် မဂဓရွာငယ် တခု၌ ဆွမ်းခံလှည့်လည်ပြီးနောက် ဆွမ်းစားပြီး၍ ဆွမ်းခံ ရာမှ ပြန်ကြွလာလျက် ရဟန်းအပေါင်းခြံရံကာ လမ်းခရီးကို ကြွတော်မူလေ၏။ ထိုအချိန်၌ တောမီး လောင်လာ၏။ ဘုရားရှင်၏ ရှေ့ဘုက်၌ရင်း၊ နောက်ဖက်၌ရင်း ရဟန်းများ စွာ ရှိကြကုန်၏။ တောမီးသည် အလျှံတပြောင်ပြောင် တောက်လောင်ကာ အရှိန်ပြင်းစွာဖြင့် တောက်လောင် လာရာ အချို့ပုထုဇဉ်ရဟန်းတို့သည် ကြောက်လန့်ကြကုန် သဖြင့် မီးကြိုကိုပေးကြကုန်လော့၊ သို့မှသာ ဤမီးကြိုပေး ရာသို့ အခြားမီးများ ကူးစက်တောက်လောင် မလွှမ်းမိုး ခြင်းမဖြစ်လတံ့ဟု ဆိုကာ ပွတ်ခုံပွတ်ကျည်တို့ကို ယူဆောင် ကြကာ မီးမွေးကြကုန်၏။

အချို့သော ရဟန်းတို့ကလည်း "ငါ့ရှင်တို့ သင်တို့အသို့ပြုလုပ်ကြကုန်သနည်း၊ ကောင်းကင်၌ လဝန်းကြီးတည်ရှိနေသည်ကို မသိမမြင်သကဲ့သို့ရင်း ရောင်ခြည်တထောင်အလင်းဆောင်လျက် အရှေ့လောကဓာတ်မှ ထွက်ပေါ်လာသော နေမင်းကြီးကို မတွေ့မြင်ကြသကဲ့သို့ရင်း၊ သမုဒ္ဒရာကမ်းနားဌာ တည်ရှိလျက် သမုဒ္ဒရာရေအပြင်ကို မမြင်သကဲ့သို့ရင်း၊ မြင့်မိုရ်တောင်ကြီးကို အမှီပြုနေထိုင်ပါလျက် မြင့်မိုရ်တောင်ကြီးကို မမြင်သကဲ့သို့ရင်း၊ နတ်နှင့် တကွသော လောကဌ အမြတ်ဆုံးဖြစ်လျက် မိမိတို့နှင့်အတူ ကွလာနေသော သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားကို အောက်မေ့သတိရခြင်း မရှိကြဘဲ မီးကြိုကိုပေးကုန်အံ့ဟု သင်တို့ဆိုကုန်ကြ၏။

ဗုဒ္ဓ၏ ခွန်အားဗလ စုမ်းထာမ ဆိုသည်ကို မသိကြကုန်၊ လာကြလော့ ဘုရားရှင်ထံသွားကြကုန်အံ့ဟု အချို့ရဟန်းတို့က ဆိုကြကုန်၏။ ဘုရားရှင်၏ရှေ့နှင့်နောက်တွင် သွားနေကြကုန်သော ရဟန်းအားလုံးတို့သည် တပေါင်းတည်း စုဝေးကြလျက် ဘုရားရှင်ထံ သွားကြကုန်၏။ ဘုရားရှင်သည် ရဟန်းသံဃာများစွာ ခြံရံလျက် တခုသောအရပ်၌ ရပ်တည်နေတော်မူ၏။ ထိုအချိန်၌ တောမီးသည် အားလုံးသိမ်းကျုံး၍ လောင်တော့မည်ကဲ့သို့ အော်မြည်လျက် လောင်လာ၏။ ယင်းတောမီးသည် ဘုရားရှင်တည်ရှိရာ ဌာနသို့

ရောက်၍ အနီးပတ်ဝန်းကျင် ၁၆ ကောခန့် ရောက်သော အခါ ရေဌာခ္ယအပ်သော မီးကဲ့သို့ တစေါတည်း ပြိမ်းလေ၏။

ရဟန်းတို့သည် "အော် အုံ့ညြဘုယ် ကောင်းပါပေစု၊ ဘုရားရှင်တို့၏ ဂုဏ်တို့ကား အုံ့ဘွယ်ရှိပေစု၊ စေတနာမရှိ၊ အသက်မရှိသော ဤမီးသည် ဘုရားရှင်ရှိရာအရပ်ကို လောင်ကျွမ်းခြင်းငှါ မစွမ်းနိုင်ချေ၊ ရေဌာခ္ယအပ်သော မြက်မီးရှိးကဲ့သို့ တခဏချင်း ငြိမ်းလေ၏၊ ဘုရားရှင်တို့၏ အာနုဘော်ကား အုံ့ညြဘုယ်ခံကောင်းပါပေစု" ဟု ဘုရားရှင်၏ ဂုဏ်နှင့် ပတ်သက်၍ ပြောဆိုနေကြကုန်၏။ ဘုရားရှင်သည် ရဟန်းတို့၏ဝကားကိုကြား၍ "ရဟန်းတို့ ဤမီးသည် ညီမြေ အရပ်သို့ရောက်သော အခါ ယခုမှသာ ငြိမ်းသည်မဟုတ်၊ ဤသို့မီးငြိမ်းခြင်းသည် ငါဘုရား၏ ရှေးကပြုခဲ့သောသစ္စာ၏ အစွမ်းကြောင့်ဖြစ်၏။ ဤမြေဒေသ၌ တကမ္ဘာပတ်လုံး မီးမလောင်လတံ့၊ ဤနေရာသည် ကမ္ဘာတည်သမျှ အုံ့ဘွယ်အဖြစ်ဘည်ရှိမည့် နေရာဖြစ်၏ဟု မိန့်တော်မူလေ၏။

ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရား ထိုင်နေတော်မူရန် ဒုကူဋ္ဌသက်နန်းကြီး ၄ ထပ်ခေါက်လျက် ခင်းပေးတော်မူရာ ဘုရားရှင်သည် ယင်းအခင်းပေါ်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျှင် ရဟန်းအပေါင်းသည် ဘုရားရှင်အားဝန်းရံကာ

ရှိခိုးလျက်နေကြကုန်၏။ ထိုအခါ မြတ်စွာဘုရား ထိုအဖြစ်အပျက်ကို တပည့်တော်များ ယခုမျက်မြင်ဖြစ်၍ ထင်ရှားလှပါသည်၊ ရှေးက အကြောင်းကိုကား တပည့်တော်များ မသိကြပါ၊ သို့ဖြစ်၍ ရှေးကအကြောင်းကို တပည့်တော်များအား ဆင်ရှားအောင် ဟောကြားတော်မူပါဟု ရဟန်းတော်များက တောင်းပန် လျှောက်ထားရကား အတိတ်ကို ဆောင်တော်မူလေ၏။

လွန်လေပြီးသောအခါ မဂဓတိုင်းဌ မဂဓအရပ်၌ ဘုရားလောင်းသည် ငုံးအမျိုးဌ ပဋ္ဌိသန္ဓေယူကာ အမိဝမ်းမှ ဖွားမြင်၍ ဥမ္မပေါက်ထွက်သောအခါ ဘော့လုံးကြီးပမာလောက် ရှိသော ငုံးငယ်ဖြစ်လေ၏။ ထိုအခါ၌ ဘုရားလောင်းငုံးကို မိဘနှစ်ပါးတို့က အသိုက်၌ အိပ်နေစေ၍ နှုတ်သီးဖြင့် အစာရှာဖွေကျွေးမွေးကြကုန်၏။ ထိုငုံးသည် အတောင်ကို ဖြန့်၍ ကောင်းကင်သို့ ပျံနိုင်စွမ်းလည်းမရှိ ခြေကိုမြှောက်ကြ၍ ကုန်းပေါ်၌ သွားနိုင်စွမ်းလည်းမရှိချေ။ ထိုအရပ်ဒေသကို နှစ်စဉ်လိုလို တောမီးလောင်လေ့ရှိ၏။ ထိုတောမီးသည် ထိုအချိန်၌လည်း အသံမြည်ဟီးကာ ထိုနေရာ၌လောင်လာ၏။ ငှက်အပေါင်းတို့သည် မိမိ၏ အသိုက်တို့မှ ထွက်၍ သေဒဏ်သောဘေးမှ ကြောက်ကြသောကြောင့် ထွက်ပြေးကြကုန်၏။

ဘုရားလောင်းငုံး၏ မိဘနှစ်ပါးတို့သည်လည်း သေဒဏ်သောဘေးမှကြောက်သဖြင့် ဘုရားလောင်းငုံးကို ပစ်စွန့်ခွာ

ပစ်ထားခဲ့လျက် ပြေးသွားကြကုန်၏။ ဘုရားလောင်းသည် အသိုက်၌ အိပ်လျက်သာလျှင် လည်ကိုမော်၍ လောင်ကျွမ်းလာသော တောမီးကိုကြည့်လျက် "အကောင်တို့ကို ဖြန့်၍ ကောင်းကင်ခရီးဖြင့် သွားနိုင်သောစွမ်းအား အကယ်၍ ငါ့မှာရှိပြားအုံ ငါသည် အခြားအရပ်သို့ ပျံ၍သွားရာ၏။ ခြေတို့ကိုချိမ်ခြောက်၍ မြေအပြင်၌ သွားနိုင်သော စွမ်းအား ငါ့မှာအကယ်၍ရှိပြားအုံ၊ ငါသည် ခြေဖြင့်အခြားအရပ်သို့ သွားနိုင်ရာ၏၊ ငါ၏မိဘနှစ်ပါးတို့သည်လည်း သေဘေးကို ကြောက်၍ ငါ့တယောက်တည်း စွန့်ပစ်ထားခဲ့လျက် ကိုယ့်ကိုယ်ကိုကာကွယ်ရန်အတွက် လွှတ်ပြေးကြကုန်ပြီ၊ ယခုအခါ ငါ့မှာ ကိုးကွယ်အားထားစရာ မရှိပြစ်ချေပြီ၊ ယခုငါသည် ဘာလုပ်သင့်ပါသနည်းဟု တွေးမည်လေ၏။

ထိုအခါ ဘုရားလောင်းငုံးအား ဤသို့သော အတွေး အစည်ဖြစ်၏။ "ဤလောကဌ သိလ၏ ဂုဏ်ကျေးဇူးသည် ရှိ၏၊ သစ္စာတရား၏ ဂုဏ်ကျေးဇူးမည်သည်လည်း ထင်ရှားရှိ၏။ အတိတ်ဘဝ၌ ပါရမီတို့ကို ဖြည့်ကျင့်၍ ဗောဓိပင်၌ သစ္စာလေးပါးကို သိမြင်တော်မူပြီး သီလ, သမာဓိ, ပညာတို့နှင့် ပြည့်စုံတော်မူလျက် မှန်ကန်ခြင်း၊ သနားခြင်း၊ ကျင့်နာခြင်း၊ သည်းခံခြင်းတို့နှင့် ပြည့်စုံသော သတ္တဝါအားလုံးတို့အပေါ်၌ သားတော်ရာဟုလာနှင့်မခြား မေတ္တာပွားများ တော်မူသော သဗ္ဗညုဘုရားတို့မည်သ်ည်လည်း ရှိကြကုန်၏။

ထိုဘုရားရှင်များသည် ထိုးထွင်းရှိသိအပ်သော တရားတော်တို့၏ ဂုဏ်ကျေးဇူးမည်သည်လည်းလောကဌ်ရှိ၏၊ ငါ့မှာလည်း တခုသော သစ္စာတရားသည်ရှိ၏။ ထင်ရှားရှိသော တခုသော သဘာဝမှ တရားသည်လည်း ထင်ရှားရှိ၏။ ထို့ကြောင့် ရှေးလွန်လေပြီးသော ဘုရားရှင်တို့ကိုဦး၊ ထိုဘုရားရှင်များ ထိုးထွင်းရှိသိအပ်သော တရားတော်တို့ကိုဦး ဆင်ခြင်လျက် ငါ့ဌာထင်ရှားရှိသော သစ္စာသဘာဝတရားကို ယူ၍ သစ္စာဆိုခြင်းကိုပြုလျက် မိုးကိုရှောင်ကွင်းစေခြင်းဖြင့် ငါနှင့်တကွ ကျန်ဌက်အားလုံးတို့၏ ချမ်းသာမှုကိုပြုရန်သင့်၏ဟု ကြံစည်လေ၏။

ထို့နောက် ဘုရားလောင်းငုံးသည် ရှေးအတိတ်ဘဝ၌ ပရိနိဗ္ဗာန် ဝင်စံတော်မူကုန်ပြီးသော ဘုရားရှင်တို့၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ဆင်ခြင်လျက် မိမိ၌ထင်ရှားရှိနေသော သစ္စာသဘာဝတရားကို အာရုံပြု၍ ငါ့၌အတောင်တို့ရှိ၏။ သို့သော် ကောင်းကင်၌မပျံနိုင်၊ ငါ့မှာခြေများရှိကြ၏၊ သို့သော် မြေပြင်၌မသွားနိုင်၊ အမိအဘတို့သည် ငါ့တယောက်တည်းကို အသိုက်၌ထားခဲ့၍ စွန့်ခွါ ထွက်ပြေးသောအဖြစ် ဤအဖြစ်များသည် မှန်ကန်၍ သဘာဝအားဖြင့် ဖြစ်၏။ အို-တောမီး ဤမှန်ကန်သော စကားကြောင့် သင်တောမီးသည် ဤအရပ်မှ ရှောင်ကွင်းပါလော့ဟု အသိုက်ထဲ၌ အိပ်လျက်ပင် သစ္စာဆိုခြင်းကို ပြုလေ၏။

ဘုရားလောင်းငုံးသည် ယင်းသို့သစ္စာဆိုသည်နှင့် တပြိုင်နက် ၁၆-ဧကမျှ ပမာဏရှိသော အရပ်မှ တောမီးသည် ဆုတ်ခွါရှောင်ကွင်းလေ၏၊ ဆုတ်ခွါသည် ဆိုသော်လည်း လောင်ကျွမ်းလျက် အခြားနေရာသို့ ရောက်သွားခြင်းမတုတ် ရေထဲသို့ပစ်ချသော မီးရှူး, မီးခဲကဲ့သို့ လုံးဝငြိမ်းသွားလေ၏။

ထိုနေရာဌာနသည် တကမ္ဘာပတ်လုံး မီးမလောင်နိုင်သော ကမ္ဘာတည်သရွှေ အံ့ဘွယ်နေရာဖြစ်လေ၏။

ဤဝတ္ထုဌ် ငုံးမင်းသည် မိမိ၌ရှိသော အဖြစ်မှန်သဘာဝတို့ကိုပြ၍ သစ္စာဆိုသဖြင့် မီးမလောင်ခြင်းမှ လွှတ်ကွင်းသည်ကို ပြဆိုထား၏၊ ထို့ကြောင့် ဤပရိတ်ကိုရွတ်ဆိုလျှင် မီးလောင်ခြင်းဘေးမှလွှတ်ကင်း၏၊ အများကြား၌ မီးလောင်ခံရလျှင်လည်း မိမိရှိရာအိုးအိမ်ပစ္စည်းတို့ကို မီးမကူးဘဲရှောင်ကွင်းသွားတတ်၏၊ သို့ဖြစ်၍ ဤပရိတ်ကို နေ့ညဉ်မပြတ်ရွတ်ဖတ်သရဇ္ဈာယ်ရန် ရှေးလူကြီးသူမများ အထူးတိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရသောကြောင့်မီးဘေးအန္တရာယ်မှ ကင်းဝေးလိုသူတိုင်း ဤပရိတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ဓဇဂ္ဂသုတ် ဝတ္ထု

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းဌ ကန်းအောင်းမွေလျော် နေတော်မူစဉ် ရဟန်းတို့အား ခေါ်တော်မူ၍ ဘူတပုဗ္ဗံ စသော ဓဇဂ္ဂ သုတ်တော်ကို ဟောတော်မူ၏။

ချစ်သား ရဟန်းတို့ ရှေးဌ်ဖြစ်ဘူးသည်ကို ငါဘုရားဟောကြားတော်မူအံ့၊ တာဝတိံသာ နတ်များနှင့်အသုရာနတ်မင်းတို့ စစ်ခင်းကြသော အခါ နတ်တို့သနင်း သိကြားမင်းက တာဝတိံသာ နတ်တို့အား ဤသို့ မိန့်ကြား လေ၏။ အို တာဝတိံသာ နတ်များတို့ စစ်ပွဲကို ဝင်နွဲရန် စစ်မြေပြင်သို့ ရောက်နေကြကုန်သော သင်နတ်သားတို့အား ကြောက်ခြင်း ကိုယ်လက်ခက်ထရော် ရှိခြင်း ကြက်သီးမွေးညှင်းထခြင်းများ အကယ်၍ ဖြစ်ပါလျှင် ငါ၏ တံခွန် ဖျားကို ကြည့်ကြ ကုန်လော့၊ သင်တို့ရှေ့ဌ် စိုက်ထူ ထားသော သိကြားမင်း၏ အလံတော်ကို ကြည့်လိုက်ကြကုန်လော့၊ ဤသို့ငါ၏ တံခွန်ဖျား အလံတော်များကို ကြည့်ကြကုန်သော သင်တို့အား ကြောက်ခြင်း, ကိုယ်လက် ခက်ထရော် ရှိခြင်း, ကြက်သီးမွေးညှင်းထခြင်းများ ပျောက်ကွယ် သွားပါလတံ့။.

အကယ်၍ ငါသိကြားမင်း၏ တံခွန်ဖျား အလံတော်များကို မကြည့်ရှုနိုင်ပါလျှင် ပဇာပတိ နတ်မင်း, ဝရုဏ နတ်

မင်း, ဤသာန နတ်မင်း ဤနတ်မင်း သုံးယောက် တို့တွင် တယောက်ယောက်၏ တံခွန်များ အလံတော်များကို ကြည့်ရှုကြကုန်လော့ ထိုသို့ ကြည့်ရှုလျှင် သင် နတ်သား တို့အား ကြောက်ရွံ့ခြင်း, ကိုယ်လက် ခက်ထရော် ရှိခြင်း ကြက်သီး မွေးညှင်းထခြင်းတို့သည် ပျောက်ကင်းလတံ့၊ ဟူ၍ သိကြား မင်းက တာဝတိံသာ နတ်တို့အား အားပေးစကား မိန့်ကြား ပြောဆိုလေ၏။

ရဟန်းတို့ သိကြားမင်း ပြောသည့်အတိုင်း သိကြားမင်း ၏ တံခွန်များ, ပဇာပတိ နတ်မင်း, ဝရုဏ နတ်မင်းနှင့် ဤ သာန နတ်မင်းတို့၏ တံခွန်ဖျား အလံတော်များကို ကြည့်ရှုကုန်သော တာဝတိံသာ နတ်တို့အား ကြောက်ရွံ့ခြင်း, ကိုယ်လက် ခက်ထရော် ရှိခြင်း ကြက်သီးမွေးညှင်း ထခြင်း တို့သည်ပျောက်ကင်းလျှင်လည်း ပျောက်ကင်းရာ၏ မပျောက် ကင်းဘဲလည်း ဖြစ်ချင်ဖြစ်ရာ၏၊ အဘယ်ကြောင့် ဆိုသော် နတ်တို့အား အားပေးစကား ပြေားကြားသော သိကြား မင်း ကိုယ်တိုင်က ရာဂကင်းသူ ဒေါသကင်းသူ မောဟကင်း သူ မဟုတ်သောကြောင့် သူ့ကိုယ်တိုင်မှာပင် ကြောက်ရွံ့ ခြင်း, ကိုယ်လက် ခက်ထရော် ရှိခြင်း ကြက်သီး မွေးညှင်း ထခြင်းများ ရှိနေပြီး ထွက်ပြေးခြင်း ဖြစ်နိုင်သောကြောင့် ဖြစ်ပေသည်။

ရဟန်းတို့ ငါဘုရားသည် သင်တို့အား ဤသို့ မိန့်ကြား တော် မူလိုက်မည်၊ ရဟန်းယောကျား ရဟန်းမိန်းမ, လူ ယောကျား လူမိန်းမ မည်သူမဆို တောအရပ် သစ်ပင်ရင်း နှင့် ဆိတ်ကုပ်ရာ အရပ်များသို့ သွားရောက်ကြသော သင် တို့အား ဇကြာက်ရှိခြင်း ကိုယ်လက်ခက်ထရော်ရှိခြင်း ကြက် သီးမွေးညှင်း ထခြင်းများ ဖြစ်ပေါ် လာလျှင် ငါဘုရားကို သာ အောက်မေ့ သတိရ တမ်းတကြကုန်လော့ ငါဘုရား၏ အရဟံ စသော ဂုဏ်တော် ကိုးပါးကို အောက်မေ့ သတိရ တမ်းတကြကုန်လော့။ ယင်းကဲ့သို့ ငါဘုရားအား အောက်မေ့ သတိရ တမ်းတ,ပါလျှင် သင်တို့ အထက်ပါ ဘေးသုံးပါး ပျောက်ကင်းသွားပါလိမ့်မည်။

အကယ်၍ ငါဘုရားအား အောက်မေ့ သတိရခြင်း မရှိ ပါလျှင် ငါဘုရား ဟောကြားထားသော သွာကွာတ,စသော် တရားတော်၏ ဂုဏ်တော် ၆ ပါးကို အောက်မေ့ သတိရ တမ်းတကြကုန်လော့။ ယင်းသို့ တရားတော်၏ သွာကွာတ, စသော ဂုဏ်တော်များကို ဆင်ခြင်အောက်မေ့ သတိရပါ လျှင်လည်း သင်တို့အား အထက်ပါ ဘေးသုံးပါး ပျောက် ကင်း သွားပါလတံ့။ အကယ်၍ ငါဘုရားကိုလည်း သတိမရ တရားတော်ကိုလည်း သတိမရပါလျှင် ငါဘုရား ဟောကြား ထားသည့်အတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်နေကြသော သံဃာတော် အရှင်မြတ်များ၏ သုပ္ပဋိပန္နဲ,စသော ဂုဏ်တော်

များကို အောက်မေ့သတိရကြကုန်လော့။ ယင်းသို့ သံဃာတော် အရှင်မြတ်များ၏ ဂုဏ်တော်တို့ကို အောက်မေ့သတိရပါလျှင်လည်း သင်တို့အား အထက်ပါ ဘေးသုံးပါး ပျောက်ကင်း သွားပါလတံ့။

ဤကဲ့သို့ ဘုရား,တရား,သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကို အောက်မေ့သတိရလျှင် သင်တို့မှာ ဖြစ်ပေါ်လာသော အထက်ပါ ဘေးသုံးပါးသည် မပျောက်ကင်းဘဲ မရှိရာ မုချစင်စစ် ပျောက်ကင်းမည်သာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်တို့ဆရာ ငါဘုရားသည် ရာဂ,ဒေါသ, မောဟ အားလုံးကင်းငြိမ်းပြီးသူ ဖြစ်၍ ကြောက်ရွံ့ခြင်းစသည်တို့ လုံးဝ,မရှိတော့သဖြင့် ဘယ်တော့မှ ထွက်မပြေးခဲ့သော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ဖြစ်ပေသည်။

ဤကား ဓဇဂ္ဂပရိတ်တော်၏ အကြောင်းအရာဖြစ်၏။ ဤဓဇဂ္ဂသုတ်ပရိတ်တော်၏ တန်ခိုးအာနုဘော်သည် စကြဝဠာကုဋေတသောင်းအထိ ပျံ့နှံ့၍ တည်၏ ယင်းပရိတ်တော်၏ ဘန်ခိုးကြောင့် ဘီလူးဘေး,ခိုးသူဘေး ဝသော ဆင်းရဲဒုက္ခအမျိုးမျိုးမှ ကင်းလွတ်သော သူတို့ကား မရေမတွက်နိုင်အောင် များပြားလှပါ၏။ အခြားဒုက္ခအပေါင်းမှ လွတ်သည်ကို ထားဦးလော့။ ဤဓဇဂ္ဂသုတ်ကို ဆင်ခြင်သောကြောင့် ကောင်းကင်၌ သော်လည်း မြေအပြင်မှာကဲ့သို့ တည်ရာကို ရနိုင်ပေသည်။

ဓဇဂ္ဂပရိတ်ကြောင့် အသက်ဘေးမှ လွတ်သော သာမဏေ ဝတ္ထု

ဒီဃဝါပိစေတီ၌ အင်္ဂေလိမ်းကျုံခြင်း စသော လုပ်ငန်းများကို လုပ်ကိုင်နေသော သာမဏေတပါးသည် ခြေချောင်လျက် စေတီ၏ အထက်အမြင့်မှ စေတီဝမ်းပေါ်သို့ လိမ့်ကျ၏။ ထိုအချိန်တွင် အောက်၌ ရှိသော ရဟန်းတော်များက "ငါ့ရှင် သာမဏေ ဓဇဂ္ဂပရိတ်ကို ရွတ်ဖတ်ဆင်ခြင်လော့"ဟု ဆိုကြ၏။ သာမဏေသည် သေဘေးမှ ကြောက်သောကြောင့် "ဓဇဂ္ဂပရိတ်သည် ငါ့အား စောင့်ရှောက်ပါစေသတည်း"ဟု ဆို၏။ ထိုအခိုက်၌ပင် စေတီဝမ်းမှ အုတ် ၂-ချပ်တို့သည် ထွက်၍ စောင်းတန်းလျှောကား သဖွယ်ပြု၍ ရပ်တည်လာပြီး ကြိမ်နှယ် လျှခါးပေါ်သို့ ချကြကုန်၏။ သာမဏေသည် လျှခါး၌ ရပ်တည်မိသော အခါ အုတ်တို့သည် တည်မြဲတိုင်း နေရာတို့၌ ပြန်၍ တည်နေလေ၏။ သာမဏေသည် နောက်မှ တဖြေးဖြေး လျှောကျလာလျက် အသက်ဘေးမှ ချမ်းသာရ ရသွားလေ၏။

ဤကား ဓဇဂ္ဂပရိတ်ကြောင့် မြင့်ရာမှ ကျသော်လည်း အသက်မဇ်သ ဒဏ်ရာမရ ဒုက္ခမဖြစ်သည်ကို ပြဆိုသော ဝတ္ထုဖြစ်၏။ ဤပရိတ်တွင် ဘုရား,တရား,သံဃာ ရတနာသုံးပါး၏ ဂုဏ်ကို အောက်မေ့ ဆင်ခြင်ရန် ညွှန်ကြားထား၏။

ထို့ကြောင့် မိမိတို့၌ အရေးတစုံတရာ ကြုံသောအခါ ရှည်ရှည်လျားလျား ဤဓဇဂ္ဂသုတ်တော်ကြီးကို မရွတ်ဆို နိုင်လျှင် ဘုရား,တရား,သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်ကို အောက်မေ့ဆင်ခြင်ပါက မိမိတို့၌ ကျရောက်မည့် အန္တရာယ်များ လုံးဝ ပျောက်ကင်းနိုင်ပါသည်။ သို့ဖြစ်၍ ဘေးရန် အန္တရာယ်အမျိုးမျိုးတို့မှ ကင်းဝေးလိုသူတိုင်းသည် ဤဓဇဂ္ဂ သုတ်ကို နေ့ညဉ့်မပြတ် ရွတ်ဖတ်ကြပါ။ ရုတ်တရက် ရင်ဆိုင် ရသော အန္တရာယ်များနှင့် တွေ့ကြုံပါလျှင်လည်း ဤဓဇဂ္ဂ သုတ်က ညွှန်ကြားထားသည့်အတိုင်း ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါးနှင့် သံဃဂုဏ်တော် ကိုးပါးတို့ကို ရွတ်ပွါးဆင်ခြင်ကြပါရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။

အာဋာနာဋိယသုတ်ဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ္ဌတောင်၌ သီတင်းသုံး နေတော်မူသောအခါ နတ်ဘီလူးစစ်သည် ကုဋေတသိန်းရှိသော ဝေဿဝဏ်နတ်မင်း ဂန္ဓဗ္ဗစစ်သည် ကုဋေတသိန်းရှိသော ဓတရဋ္ဌနတ်မင်း၊ ကုမ္ဘဏ်စစ်သည် ကုဋေတသိန်းရှိသော ဝိရူဋ္ဌကနတ်မင်း၊ နဂါးစစ်သည်

ကုဋေတသိန်းရှိသော ဝိရူပက္ခနတ်မင်း ဤနတ်မင်းကြီး လေးယောက်တို့သည် မိမိတို့ နတ်စစ်သည် အခြေအရံတို့နှင့် အတူ သန်းခေါင်ယံအခါ၌ အလွန်နှစ်သက်ဖွယ် အဆင်းရှိသည်ဖြစ်၍ ဂိဇ္ဈကူဋ်တောင်လုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် တခုသောနေရာ၌ ထိုင်နေကုန်၏။

တခုသောနေရာ၌ ထိုင်နေပြီးသော ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏ "အရှင်ဘုရား မြတ်စွာဘုရားအား မကြည်ညိုကုန်သော နတ်ဘီလူးတို့သည် ရှိပါကုန်၏၊ အဘယ်ကြောင့်ဆိုသော် မြတ်စွာဘုရားသည် သူ့အသက်သတ်ခြင်း, မပေးသော ဥစ္စာကို ခိုးယူခြင်း, ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း, မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း, မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်း, တို့မှ ရှောင်ကြဉ်ခြင်းငှါ တရားကို ဟောတော်မူ၏၊ အရှင်ဘုရား ဘီလူးတို့သည် မှားသောအားဖြင့် အသက်သတ်ခြင်း, မပေးသောဥစ္စာကို ခိုးယူခြင်း, ကာမဂုဏ်တို့၌ မှားသော အားဖြင့် ကျင့်ခြင်း, မဟုတ်မမှန်သော စကားကို ပြောခြင်း မူးယစ် မေ့လျော့ကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ မရှောင်ကြဉ်ကြကုန်၊ ထိုနတ်ဘီလူးတို့သည် ထို တရားတော်ကို မနှစ်သက် မမြတ်နိုးကြပါ။

အရှင်ဘုရား မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော ရဟန်းယောကျား ရဟန်းမိန်းမ ဥပါသကာယောကျား ဥပါသကာမိန်းမတို့သည် အရှင်ဘုရား၏ သြဝါဒကို ခံယူကြလျက် တောတောင်သစ်ပင်ရင်း စသော ဆိတ်ငြိမ်ရာတောကျောင်းတို့၌ နေ၍ သူ့တော်ကောင်း တရားတို့ကို ပွားများ အားထုတ်ကြသောအခါ မြတ်စွာဘုရားကို မကြည်ညို မမြတ်နိုး မနှစ်သက်ကြသော နတ်ဘီလူးတို့သည် နှောင့်ယှက်ဖျက်ဆီး နှိပ်စက်ညှဉ်းပန်း ကြပါကုန်၏၊ ယင်းသို့ဘုရားရှင်၏ ပရိသတ် လေးပါးတို့အား နတ်ဘီလူးတို့ မနှိပ်စက်မညှင်းပန်း ဧခြင်းငှါ အာဌာနာဌိယ အမည်ရှိသော အရုံအတား အစောင့်အရှောက်ကို တပည့်သားတို့ သင်ကြားပေးတော်မူပါဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် ဝေဿဝဏ်နတ်မင်း လျှောက်ထားသောစကားကို ဆိတ်ဆိတ်နေတော်မူသဖြင့် လက်ခံတော်မူ၏၊ ထိုနောက် နတ်မင်းကြီး လေးယောက်တို့သည် ဘုရားရှင်အား ရှိခိုးပြီးလျှင် စတုမဟာရာဇ် နတ်ပြည်သို့ ပြန်ကြကုန်၏။

ထိုနေ့မိုးသောက် အလင်းရောက်သောအခါ ရဟန်းအပေါင်းတို့ကို ခေါ်တော်မူ၍ နတ်မင်းကြီး လေးယောက်တို့သည် အခြံအရံနှင့်တကွ လာရောက်ကြောင်း ဝေဿဝဏ်နတ်မင်းက လျှောက်ထားသည်ကို ဝန်ခံတော်မူလိုက်ကြောင်းနှင့် ယခုအခါ နတ်မင်းကြီး လေးယောက်တို့သည် ငါဘုရားအား

ရှိခိုးပြီး ပြန်သွားကြကြောင်းများကို ရဟန်းတို့အား အစုံအလင် မိန့်ကြားတော်မူပြီးလျှင် ငါ၏ချစ်သားရဟန်းများတို့ ယနေ့မှစ၍ ငါ၏တပည့်သား ပရိသတ် လေးပါးတို့အား ဆိုးဝါးယုတ်မာသော နတ်ဘီလူးများ မနှိပ်စက်မည့်ဉ်းဆဲ့ စေနိုင်ရန်အတွက် အာဋာနာဋိယ မည်သော အရံအတား အစောင့်အရှောက်ကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သား ရွတ်ပွါးကြကုန်လော့ဟု တိုက်တွန်းတော်မူကာ ဝိပဿိဿ စ နမတ္ထု စသော အာဋာနာဋိယ ပရိတ်တော်ကို ဟောကြားတော်မူသည်။

ထိုအခါ ရဟန်းတော်များသည် ဘုရားရှင် မိန့်ကြားတော်မူသည့်အတိုင်း အာဋာနာဋိယ,မည်သော အစောင့်အရှောက် အရံအတား ပရိတ်တရားကို မှတ်သားသင်ယူလျက် ရွတ်ဖတ်သရဇ္ဈာယ်ကြသောအခါ ယုတ်မာညစ်ညမ်း နတ်ဘီလူးကြမ်းများ၏ နှိပ်စက်ညှဉ်းပန်းခြင်း ဘေးဒဏ်မှ ကင်းလွတ်ကြကုန်၏။

အင်္ဂုလိမာလသုတ် ဝတ္ထု

အင်္ဂုလိမာလသည် ကောသလမင်း၏ ပုရောဟိတ်ပုဏ္ဏား၏မယား မန္တာနီပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေတည်၏။ ညဉ့်အခါ အင်္ဂုလိမာလအား မွေးဖွားသောခဏ၌ တမြို့လုံး၌ရှိ

သော လက်နက်တို့သည် တပြောင်ပြောင် တောက်လောင်ကုန်၏။ ကောသလမင်း၏ အိပ်ရာ၌ထား၊သော မဂ်လာသန်လျက်သည်လည်း တပြောင်ပြောင်တလက်လက် အရောင်ထွက်လေ၏။ ပုရောဟိတ်ပုဏ္ဏား၊သည် နက္ခတ်ကို ကြည့်သောအခါ စောရနက္ခတ် (သူခိုးနက္ခတ်) ဖြစ်သည်ဟုသိ၍ မင်းကြီး၊ထံသွား၊ကာ "ညက ချမ်း၊သာစွာ အိပ်ရပါသလော" ဟု မင်းကြီး၊အား လျှောက်ထား၊သောအခါ "ဆရာပုဏ္ဏား ညက အဘယ်မှာ ချမ်း၊သာစွာ အိပ်ရပါမည်နည်း၊ကျွန်ုပ်၏ မဂ်လာ သန်လျက်သည် တပြောင်ပြောင် တလက်လက် အရောင်ထွက်ပါ၏၊ အကျိုး၊အပြစ် အသို့ ဖြစ်ပွယ်ရှိပါသနည်း" ဟု မင်းကြီး၊ကပြော၊လရာ အရှင်မင်းကြီး ကြောက်ရွံ့စိုးရိမ်တော်မမူပါလင့်၊ ညက ကျွန်ုပ်အား သား၊ဌား၊မြင်ပါ၏၊ ထိုသား၏ အစွမ်း၊အာနုဘော်ကြောင့် ယင်းသို့ လက်နက်များ အလျှံတပြောင်ပြောင် တောက်လောင်ခြင်း ဖြစ်ပါသည်၊ အရှင်မင်းမြတ်၏ နန်းတော်မှာသာ မဟုတ်ပါ။ တမြို့လုံးမှာလည်း လက်နက်များ၊တို့သည် အရောင် တလက်လက် တပြောင်ပြောင် ထွက်ပါကုန်၏ ဟု ပုရောဟိတ်က လျှောက်တင်လေ၏။

ဤသို့ဖြစ်သည်အတွက် အသို့ဖြစ်နိုင်ပါသနည်း ပုဏ္ဏား ကြီး၊ဟု ဘုရင်မင်းမြတ်က မေးပြန်ရာ အရှင်မင်းမြတ်၊ခိုးသူ တယောက်တည်း၊သာ ဖြစ်ပါ၏ဟု လျှောက်ပြီး ဘုရင့် စိတ်

တော်ကို စုံစမ်းလိုသဖြင့် အရှင်မင်းမြတ် ထိုခိုးသူကို သတ်ကြကုန်လေဟု ဆက်လက်၍ လျှောက်ရာ ခိုးသူ တယောက်လောက်တော့ ဂရုစိုက်စရာ မလိုပါ၊ ကေ တထောင်လောက် ရှိသောလယ်၌ တခုသော သလေးစပါးနှံကဲ့သို့ ထိုသတို့သားကို ကျွေးမွေးကြပါကုန်လော့ဟု ဘုရင်မင်းမြတ်က မိန့်တော်မူလေသည်။ အိပ်ရာ၌ထားသော သန်လျက်, မြားကျည်တောင့်၌ထားသော မြား, ဝါဂွမ်းစု၌ထားသော ထန်းရွက်လိုးသော ထားငယ်တို့သည် တောက်ပကုန်လျက် တစုံတယောက်ကိုမျှ နှိပ်စက်ညှဉ်းဆဲခြင်းမရှိသောကြောင့် ထိုသူငယ်၏အမည်ကို အဟိုံသက (မညှဉ်းဆဲဘူး) ဟု အမည်ပေးကြကုန်၏။

ထိုအဟိုံသက်သည် တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်တပည့်အဖြစ်ဖြင့် ပညာသင်ယူရာ ဆရာ့ကျင့်ဝတ်ကို ပြည့်စုံစွာ ပြုလုပ်၍ နှစ်သက်ဖွယ်သော အကျင့်ရှိလျက် ချစ်ဖွယ်သောစကားကို ပြောဆိုလေ့ရှိသူ ဖြစ်လေသည်။ အဟိုံသကသည် ထိုသို့ဆရာ့ကျင့်ဝတ်ကို ကျေပြန်စွာ ပြုလုပ်သူဖြစ်သောကြောင့် ဆရာ၏ ချစ်ကျမ်းဝင်သော တပည့်ဖြစ်နေသဖြင့် ကြွင်းကျန်သောတပည့်များမှာ အပသာမန်တပည့်များဖြစ်ကြကုန်၏။ ထိုအခါ ကျန်တပည့်များက ကြမ်းတမ်းရက်စက်သော အကြံကိုတိုင်ပင်ကြလျက် ဆရာနှင့် အဟိုံသကအကြား စိတ်ဝမ်းကွဲစရာစကားကို ကြံဖန် ပြောဆို၍

ဖျက်ဆီးကုန်အံ့ဟု သုံးခုဖွဲ့ကာ ပဌမ အစုက "အဟိံသက သတ္တိသားသည် ဆရာ့ဇနီးနှင့် ဖြစ်မှားသည် ထင်ပါ၏ဟု ထင်ကြပါကုန်၏"ဟု ကုံးတိုက်ကြကုန်၏။

ဆရာသည် ယင်းတို့၏ စကားကို အယုံအကြည် မရှိသဖြင့် ယင်းတို့အား ချိမ်းချောက်လျက် "ဟယ် လူယုတ်မာတို့ သွားကြကုန်လော့၊ ငါ့သားနှင့်ငါ့အကြား ကုံးတိုက်စကား မပြောကြနှင့်"ဟု ပြောကာ ကြိမ်းမောင်း၍ လွှတ်လေ၏။ ထို့နောက် နောက်တစုကလည်း ဤအတိုင်းပြော၍ နောက်တစုကလည်း ဤအတိုင်းပင် ပြောပြန်သောကြောင့် ဆရာသည် အဟိံသကအပေါ်၌ ချစ်ငင်ခြင်း ပျက်ပြားလာကာ သူ့ကို သတ်အံ့ဟု ကြံလေ၏။ ထိုနောက်တဖန် ကြံပြန်သည်မှာ အကယ်၍ အဟိံသကအားသတ်လျှင် တက္ကသိုလ်ဆရာသည် မိမိတပည့်အား သတ်သည်ဟု မကောင်းသတင်း ကျော်စောခြင်းဖြစ်လတံ့၊ အတတ်ပညာကို ပြီးဆုံးအောင်သင်ပေးမည်၊ ယင်းအတွက် လူတထောင်ကိုသတ်ရမည်၊ လူတထောင်ကိုသတ်၍ လက်ညှိုးတထောင်ကို ယူခဲ့ရမည်ဟု ဆို၍ လူတထောင်ကိုသတ်လျှင် လူတထောင်အနက်မှ ဟယောက်ယောက်က သူ့အား သတ်လိမ့်မည်ဟု အကြံရပြန်သောကြောင့် အဟိံသကသတ္တိသားအားခေါ်၍ အမောင် အဟိံသက လူတထောင်ကိုသတ်၍ လက်ညှိုးတထောင်ကို ယူဆောင်လော့၊ ထိုသို့ပြုလုပ်လျှင် သင်၏ အတတ်ပညာ

သည် အပြီးအဆုံးသို့ရောက်လတံ့ဟု ဆရာက ပြောသော အခါ-

ဆရာကြီး ကျွန်ုပ်တို့သည် အဟိုံသက (သူတပါးကို မညှဉ်းဆဲသော) အမျိုး၌ မွေးဖွား သောကြောင့် သူတပါးတို့ကို သတ်ရန် မဖြစ်နိုင်ပါဟု ငြင်းပယ်သော်လည်း လက်ညှိုး တထောင်မှ မရလျှင် အတတ်ပညာသည် အပြီး အဆုံးသို့ ရောက်မည်မဟုတ်ဟု ဆရာက အတန်တန်ခိုင်းစေ ပြန်သဖြင့် အဟိုံသကသည် တောသို့ဝင်ကာ လူတို့ကို သတ်လေ၏။ လူတို့ကိုသတ်၍ အရေအတွက် အမှတ်အသား မပြု၊ လက်ညှိုးတို့ကို ဖြတ်၍ဖြတ်၍ ထား၏။ လက်ညှိုးတို့သည် ပျောက်ကုန်၏။ ထို့နောက်မှ သတ်ပြီး၍ရသော လက်ညှိုး တို့ကို ပန်းကုံးသဖွယ်ပြု၍ထား၏။ ထို့ကြောင့် အင်္ဂုလိမာလ (လက်ညှိုးပန်းကုံး) ဟူသော အမည်ကို ရလေ၏။

ထင်းခုတ်ရန် စသည်အတွက်ပင် တောသို့ သွားဝံ့သူမရှိ ချေ။ ညဉ့်အခါ ရွာသို့ဝင်၍ အိပ်နေသူတို့အား သတ်၍ တယောက်ချင်းတယောက်ချင်း ယူဆောင်လာ၏။ ရွာငယ်မှ လူများ စုဝေး၍ ရွာကြီးရှိရာသွားကြ၏။ထို့နောက် ရွာကြီး များမှ မြို့သို့ထွက်ပြေးသွားရောက် နေကြကုန်၏။ လူတို့ သည် သုံးယူဇနာလောက်ဝေးသော အရပ်မှလာကြ၍ အိမ် များကို စွန့်ပစ်ကြပြီးလျှင် ခလေးများကို ခေါ်ဆောင်

လျက် သာဝတ္ထိမြို့ကို စုံ၍ုံးသွားရောက်ကြပြီး မင်းယင်ပြင်၌ စည်းဝေးကြပြီးလျှင် "အရှင်မင်းကြီး၊ တိုင်းပြည် နိုင်ငံ အတွင်း၌ အဂုလိမာလ ခိုးသူကြီးသည် လူတွေကို လိုက်လံ သတ်ဖြတ်၍ နေပါသည်"ဟုဆိုကာ ငိုကြွေး မြည်တမ်းလျက် ဟစ်အော် ကြွေးကြော်ကြကုန်၏။

ပုရောဟိတ်ပုဏ္ဏားသည် ယင်း တိုင်းသူပြည်သားတို့ ဟစ်အော် ကြွေးကြော်သော အသံကိုကြားရာ ငါ၏သား ဖြစ်လတံ့ဟု သိသဖြင့် ပုဏ္ဏားမကြီးအား "ရှင်မ အဂုလိမာလ ဆိုတဲ့ ခိုးသူတယောက် ပေါ်နေတယ်၊ ထိုသူကား အခြားသူ မဟုတ်၊ ရှင်မရဲ့သား အဟိ သကပင်ဖြစ်တယ်၊ ယခု ဘုရင်မင်းမြတ်ဟာ ယင်း အဟိ သကကို ဖမ်းဆီးသတ်ဖြတ်ရန် ထွက်တော်မူလိမ့်မယ်၊ဘယ့်နှယ်လုပ်ကြမလဲ" ပြောသိုသော အခါ အရှင်ပုဏ္ဏားကြီး၊ သင်သွား၍ သားကို ခေါ်ယူခဲ့ပါ ဟု ပုဏ္ဏားမကြီးက ပြောလျှင် အရှင်မ ငါသွားခြင်းမှ ပြီးမည်ရဲပါဟု ပုဏ္ဏားကြီးကဆို၍ မသွားဘဲ နေလေ၏။ မိခင်၏ နှလုံးသားကား သားသမီးများအပေါ်၌ ချစ်ခင်ခြင်း ပြင်းပြ နူးညံ့လှရကား ဘုရင်မင်းမြတ် ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်း မပြုရအောင် ကျွန်ုပ်၏သားကို ကျွန်ုပ်ပင် သွားခေါ်မည်ဟု ပုဏ္ဏားမကြီးက ပြောဆိုလျက် ထွက်ခွာ သွားလေ၏။

ထိုနေ့တွင် မြတ်စွာဘုရားသည် နံနက်မိုးသောက် အလင်း ရောက်သောအခါ လောကကို ကြည့်ရှုဆင်ခြင် လတ်သော်-

အင်္ဂုလိမာလကို မြင်၍ "ယနေ့ ငါဘုရား အင်္ဂုလိမာလထံ သွားလျှင် တောထဲမှာပင် လေးပါဒမျှ ရှိသော ဂါထာကို ကြားနာရ၍ ရဟန်းပြု ပြီးလျှင် အဘိညာဉ် ၆-ပါးတို့ကို ရလတံ့၊ အကယ်၍ ငါဘုရား မသွားငြားအံ့၊ အင်္ဂုလိမာလ သည်မိခင်ကို သတ်မိ၍ ကြီးစွာသော မာတုဃာတကံ(မိခင်ကို သတ်သောကံ)ကိုလွန်ကျူးမိလတံ့၊ သို့ဖြစ်၍ အင်္ဂုလိမာလ ကို ချီးမြှောက် ကယ်တင်ပေအံ့ဟု ကြံစည်တော်မူလျက် ဆွမ်း စားပြီးနောက် တပါးတည်း အင်္ဂုလိမာလ ရှိရာသို့ ကြွတော်မူ-လေသည်။

အင်္ဂုလိမာလ ခိုးသူသည်လည်း နှစ်ရှည်လမျှား အစာ ကောင်းစွာ မစားရ, ကောင်းစွာ မအိပ်ရခြင်း တို့ကြောင့် စိတ်ထိခိုက် ငြီးငွေ့နေ၏၊ လူတို့ကိုဖမ်း၍ သတ်ခဲ့ရာ တထောင် ပြည့်ရန် တယောက်သာ လိုနေ၏၊ သို့ဖြစ်၍ ယနေ့ ရှေးဦး စွာ တွေ့သူကို သတ်၍ တထောင် ပြည့်လျှင် အတတ်ပညာ ရရှိရေးအတွက် ဆရာ့ထံပြန်အံ့၊ ထို့နောက် မိဘရပ်ထံ ပြန် ရအံ့ဟု ကြံလျက် တတောဝင် တတောထွက် လှည့်လည် သွားလာသောအခါ မိမိထံ ရှေ့ရှု ကြွလာသော ဘုရားရှင်ကို တွေ့၍ ဖမ်းယူ အံ့သောငှါ လိုက်လေ၏၊ ဘုရားရှင်သည် ရှေ့မှ မြေအပြင် ကွက်လပ်ကို ပြု၍ မိမိသည် အလယ်၌ ရပ် တည်၏၊ အင်္ဂုလိမာလသည် အဆုံး၌ ဖြင်၏။

အင်္ဂုလိမာလသည် ယခုအခါ ထိုသူကို အမှီလိုက်အံ့ဟု တအားကုန် ပြေးလိုက်၏၊ ဘုရားရှင်သည် မြေအပြင် ကွက်

လပ်၏ အဆုံးဌ ရောက်နေ၏၊ အဂုံလိမာလသည် အလယ်ဌ ရောက်နေပြန်၏၊ အဂုံလိမာလသည် မမြိမကမ်း လက်တလုမ်း မျှ ဖြစ်နေသောကြောင့် စိတ်တွင် မရိုးမရှ အားမလို အား မရ ဖြစ်ကာ ယခုအခါ ထိုသူကို အမှီလိုက်အံ့ဟု တအား ကုန်ပြေးလိုက်၏၊ ဘုရားရှင်သည်အဂုံလိမာလ၏ခြေရာခြေခြင်း, တဖက် ဆည်ကန်တို့ ခြားနေသည်ကို ပြုလုပ်ပြ၏၊ ဤသို့ လိုက်လေ ဝေးလေဖြင့် သုံးယူဇနာ ခရီးဝေး ရောက်သွား လေ၏၊ ထိုအခါတွင် အဂုံလိမာလသည် မောပန်းနေ၏၊ ခံတွင်းမှ တံထွေးများ ချောက်ခန်းဝ်ကို ကိုယ်မှ ချွေးများ ပေါပြိုင်ပြိုင် ကျနေ၏၊ ထိုအခါ အဂုံလိမာလသည် ဘုရား သခင်အား အံ့သြဘွယ် ရှိစွာဟု စိတ်အကြံ ဖြစ်လိုက်၏၊ ထို နောက်တဖန် သတ်အံ့ဟု နှလုံးပိုက်၍ "အို ရဟန်း ရပ်လော့ ရပ်လော့"ဟု ဆို၏။

ထိုအခါ ဘုရားရှင်က ငါသည် ရပ်နေသူ ဖြစ်၏၊ သင်သာ မရပ်မနား သွားနေသူ ဖြစ်သည်ဟု မိန့်လေ၏၊ ထိုအခါ "ဤရဟန်းသည် သွားနေလျက် ရပ်၏ ငါသည် ရပ်လျက် ရပ်သည် မမည်"ဟု ဤရဟန်းက ဆိုနေ၏၊ ဤ ရဟန်းအား မေးအံ့ဟု ကြံ၍ "အို ရဟန်း အဘယ်သူသည် ရပ်သည် မည် သနည်းအဘယ်သူသည်ရပ်သူမမည် သနည်း"ဟု မေးလေ၏။

ထိုအခါ မြတ်စွာဘုရားက "အဂုံလိမာလ ငါဘုရားသည် သတ္တဝါ တို့၌ ဒဏ်ထားခြင်းကို ပယ်၍ သနားခြင်း, သည်းခံ

ခြင်း, သတ္တဝါတို့အား မညှဉ်းဆဲ မသတ်ဖြတ်ခြင်း တသက်ပတ်လုံး အောက်မေ့ကျင့်ကြံ အားထုတ် အပ်သော သာရ-ဏီယ အကျင့်တို့၌ တည်၏၊ ထို့ကြောင့် ငါဘုရားသည် ရပ်သည် မည်၏၊ အဂုံလိမာလ သင်သည်ကား သတ္တဝါတို့၌ ဒဏ်ထားခြင်းကို ပြု၍ ဤမျှ မျှားပြား တထောင်သော သတ္တဝါတို့ကို သတ်လျက် သင်သည် သနားခြင်း, သည်းခံခြင်း, သူတပါးတို့အား မညှဉ်းဆဲခြင်း တသက်ပတ်လုံး အောက်မေ့ကျင့်ကြံ အားထုတ်အပ်သော သာရဏီယ အကျင့်တို့၌မတည်၊ ထို သင်သည်ကား ရပ်သည် မမည်ဟု မိန့်တော်မူလေ၏။

ထိုနောင်မှ ခိုးသူသည် ဤသူသည် ကြီးမြတ် ရဲရင့်သော စကားကို ဆို၏၊ မြတ်သောစကားကို ကြားဝါး၏၊ ဤစကားသည်ကား တပါးသူ၏ကြားဝါးသောစကားမဟုတ်၊ ဤစကားသည် မဟာမာယာ၏ သား သိဒ္ဓတ်မည်သောရဟန်းမင်း၏ ကြားဝါးသောစကားဖြစ်၏၊ အာသဝေါ ကုန်ခန်း၍ သန့်ရှင်းမှန်မြတ်သော မျက်စိ အမြင်ရှိသော မြတ်စွာဘုရားသည် ငါမကောင်းမှု ပြုလုပ်နေသည်ကိုမြင်၍ ငါ့အား ချီးမြှောက်ခြင်းကို ပြုအံ့သောငှာ ဤတောအုပ်သို့ ကြွလာခြင်းဖြစ်၏။ ဤသည်မကောင်းမှုကို ပယ်စွန့်တော့အံ့ဟု ကြံလျက် လက်နက်ငါးပါးတို့ကို စွန့်ပစ်လေ၏။

ထိုအခါမြတ်စွာဘုရားသည် လက္ခဏာလက်ကို ဆန့်တန်းတော်မူလျက် "ရဟန်းလာလော့၊ တရားတော်ကို ငါဘုရား

ကောင်းစွာဟောအပ်ပြီ၊ ဆင်းရဲခြင်း၏ကင်းရာ နိဗ္ဗာန်အလို့ငှာ မြတ်သောအကျင့်ကို ကျင့်လော့ဟု ဆိုတော်မူသည်နှင့်တပြိုင်နက် အဂ်ုလိမာလသည် တန်ခိုးအလျောက် ဖြစ်ပေါ်လာသော သပိတ်သက်နှင်းကိုရ၍ အဂ်ုလိမာလ၏ လူအသွင်ကွယ်ပျောက်လျက် ရဟန်းအသွင်သည် ထင်ရှားဖြစ်လာ၏။ မြတ်စွာဘုရားသည် အဂ်ုလိမာလကို နောက်တော်ကလိုက်ပါစေလျက် ဇေတာန်ကျောင်းတော်သို့ ကြွတော်မူ၏။

ထိုအခါ ပသေနဒီကောသလမင်းသည် မြင်းနှင့်သွားမှ ခိုးသူပြေးလျှင်လည်း လိုက်လွယ်မည်၊ ခိုးသူလိုက်လျှင်လည်း ပြေးလွယ်မည်ဟု သဘောထားလျက် အမတ်ငါးရာတို့နှင့် အတူမြင်းစီးပြီး စစ်သည်အပေါင်း ခြံရံကာ မြို့မှထွက်လတ်သော် ခိုးသူကိုဖမ်းရမည်လည်း စိုးရိမ်ကြောက်ရွံ့ ခပ်တွန့်တွန့်ဖြစ်သည်၊ ပြည်ကိုပြန်ရမည်လည်း ပြည်သူတို့ကဲ့ရဲမည်ကို ရှက်နိုးလှသည်။ မြတ်စွာဘုရားထံဝင်၍ ဖူးမြော်သောအခါ အကြောင်းကို လျှောက်ထားလျှင် သွားသင့်ကလည်း ဆိတ်ဆိတ်နေတော်မူလိမ့်မည်၊ မသွားသင့်ကလည်း ဘုရားရှင်တားမြစ်တော်မူလိမ့်မည်၊ ဘုရားသခင်မြင်တော်မူ၍ ပြန်လာရလျှင် ပြည်သူတို့ကဲ့ရဲ့ခြင်းမှ လွတ်ကင်းလိမ့်မည်ဟု ကြံကာ ဘုရားရှင်ထံဝင်၍ ရှိခိုးသည်ရှိသော်-

"တကာတော်မင်းကြီး နေမြင့်မှ အဘယ်အရပ်သို့သွားမည်နည်းဟု ဘုရားရှင်က မေးမြန်းတော် မူသော်- ဘုန်း

တော်ကြီးသောမြတ်စွာဘုရား တပည့်တော်သည်အဂုံလိမာလ ခိုးသူကြီးကို ဖမ်းဆီးရန်ထွက်လာပါသည်ဟု လျှောက်ထားသောအခါ" အဂုံလိမာလကား အခြားသူမဟုတ် ဤရဟန်းပင်ဖြစ်သည်ဟု မိန့်တော်မူလေသော် အမတ်ငါးရာနှင့်တကွ စစ်သည်ဗိုလ်ပါ အပေါင်းတို့သည် အဂုံလိမာလ ခိုးသူကြီးသည် သန်လျက်ကိုထန်း၍ ယခုပင်လိုက်တော့မည်ကဲ့သို့ ထင်မှတ်ကြလျက် အဆောတလျင် မြို့သို့ပြေးဝင်ကြကာ မြို့တခါးကိုပိတ်ကြကုန်ပြီး ဇေတဝန်ကျောင်းတော်တွင် အဂုံလိမာလ ခိုးသူကြီးရှိနှင့်၍ မင်းကြီးကိုဖမ်းရစ်လေပြီ၊ ငါတို့ကား ပြေးခဲ့ရလေပြီ ပြောဆိုကြလျက် လက်နက်စွဲကာ မြို့သို့တက်၍ နေကြလေကုန်၏။

မင်းကြီးလည်း ရာဇဏ္ဍနေ့ပျက်မည်စိုးသဖြင့် မပြေးမထကြောက်ရွံ့လှလျက် ဘုရားရှေ့တော်၌ ဆတ်ဆတ် တုန်နေသည်ကို ဘုရားရှင် မြင်တော်မူလျှင် တကာတော်မင်းကြီး မကြောက်ရွံ့ပါလင့်၊ အဂုံလိမာလသည် ငါဘုရားဆုံးမထား၍ ယဉ်ကျေးသိမ်မွေ့နေပေပြီဟု မိန့်တော်မူမှ ဘုရင်မင်းမှာ စိတ်သက်သာရာရပြီး ရှင်အဂုံလိမာလထံချဉ်းကပ်၍ ရိုသေစွာရှိခိုးလျက် မြို့သို့ဝင်လေ၏။

ရှင်အဂုံလိမာလသည် နောင်အခါ၌ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်၍ ရဟန္တာအဖြစ်သို့ရောက်လေ၏။ အဂုံလိမာလသည် ဆွမ်းခံကြွတော်မူသောအခါ လူတို့သည် မထေရ်အားမြင်သောအခါ ကြောက်ရွံ့ထွက်ပြေးကြကာ အချို့တို့

သည် အိမ်တံခါးကို ပိတ်ကြကုန်၏။ အချို့တို့သည် အဂ်ုလိ မာလဟူသော အသံကိုကြား၍ တောသို့ဝင်ပြေးကြကုန်၏။

မပြေးနိုင်သူတို့က ကျောခိုင်း၍ နေကြကုန်၏၊ အချို့ တို့သည် ခဲဖြင့်ပစ်သဖြင့် အဂ်ုလိမာလ၏ ကိုယ်ကို ထိမှန်၏၊ အချို့တို့သည် ဒုတ်-လှံတံတို့ဖြင့်ပစ်ခတ်၍ ရှင်အဂ်ုလိမာလ၏ ဦးခေါင်းကိုထိမှန်၏၊ သွေးသံရဲရဲ ယိုစီးကျ၏၊ မြတ်စွာဘုရား သည် ဒုတ်-လှံတန်တို့ဖြင့် အပစ်ခံရ၍ သွေးသံရဲရဲ ဖြစ်နေ သောအဂ်ုလိမာလကိုတွေ့၍ ချစ်သား အဂ်ုလိမာလ သင်ပြု ခဲ့သော မကောင်းမှုကံ၏အကျိုးပင် ယခုပင် အကျိုးပေးနေ ပြီ၊ သင်သည်းခံလော့ဟုမိန့်တော်မူ၏။ တနေ့တွင် ရှင်အဂ်ုလိ မာလသည် ဆွမ်းခံကြွတော်မူရာ မိးမဖွားနိုင်၍ ဆင်းရဲစွာ နာကျင်ခြင်းဝေဒနာကို အပြင်းအထန်ခံနေရသော အမျိုး သမီးတဦးကိုတွေ့သဖြင့် ဘုရားရှင်အား ပြန်လည် လျှောက် ထားသောအခါမြတ်စွာဘုရားသည် အဂ်ုလိမာလအားအဂ်ုလိ မာလပရိတ်ကိုသင်ပေး၏။ "ချစ်သား ဤပရိတ်ကိုသားမဖွား နိုင်သောမိန်းမ၏ အနီး၌ ရွတ်လော့" ဟု မိန့်တော်မူသဖြင့် အဂ်ုလိမာလလည်း ဘုရားရှင် မိန့်တော်မူသည့်အတိုင်း သား မဖွားနိုင်သောမိန်းမ၏ အနီးသို့သွား၍—

"ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော နာဘိဇာနာမိ သိဉ္စစ္စပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ"

အိုနှမ ငါသည် အရိယာဖြစ်သည်အခါမှစ၍ သူတပါး၏ အသက်ကိုမသတ်ဘူးပါ၊ ဤမှုန်သောစကားကြောင့် သင့်အား ချမ်းသာပါ၏စေ၊ သင့်ကိုယ်ဝန်အား ချမ်းသာစွာ မွေးဖွားပါစေဟူသော ပရိတ်တော်ကိုရွတ်ဆိုလေသည်။ ပရိတ်ရွတ်၍ သစ္စာဆိုပြီးသည်နှင့်တပြိုင်နက် ဓမကရိုဏ်ရေစစ်မှ ရေသည် လျှောကျလိမ့်သကဲ့သို့ အမိဝမ်းမှ သူငယ်သည် ချမ်းသာစွာ မွေးဖွားလာလေသည်၊ မိခင်ရော ကလေးပါ ကျန်းမာစွာ ရှိကြ၏။

ဤပရိတ်သည် မည်သည့်ဘေးရန် အန္တရာယ်မျိုးကိုမဆို မပျောက်ကင်း မကာကွယ်နိုင်ဟူ၍ မရှိသော ပရိတ်တော် ဖြစ်သည်။ ထို့ကြောင့် ဤပရိတ်ကိုမဟာပရိတ် (ကြီးကျယ်မြင့်မြတ်သောပရိတ်)တော်ဟူ၍ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်။ လူကိုသာမဟုတ် မီးမဖွားနိုင်သော တိရစ္ဆာန်များကိုလည်း ဤပရိတ်ကို ရွတ်ဖတ်ပေးနိုင်သည်၊ ခွန်အားဗလနည်းပါး၍ ပရိတ်ရွတ်ရာသို့မလာနိုင်လျှင် ပရိတ်ရွတ်သောနေရာကို ဆေးကျောသော ရေကိုယူ၍ မီးမဖွားနိုင်သောမိန်းမ၏ ခေါင်းပေါ်သို့သွန်းလောင်းလျှင် ကိုယ်ဝန်မှာအမြန်လွယ်ကူစွာ မီးဖွားနိုင်၏။ မီးမဖွားနိုင်သောရောဂါ သာမဟုတ် အခြား မည်သည့်ရောဂါကိုမဆို ဤပရိတ်ရေဖြင့် ဆွတ်ဖျန်းသောက်သုံးအသုံးချလျှင်ပျောက်ကင်းနိုင်ကြောင်း မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌ ပြဆိုထားပါသည်။ ထို့ကြောင့် မီးမဖွားနိုင်ခြင်းမှစ၍ မည်သည့်ရောဂါ အန္တရာယ်ကိုမဆို

ကာကွယ် စာင့်ရှောက်ရန်အတွက်အဂုံလိမာလပရိတ်တောဘုရားကို ခိုသေစ္ဓာ ရွတ်ဖတ်သရဇ္ဈာယ်သင့်လှပါသည်။

ဗောဇ္ဈင်သုတ်ဝတ္ထု

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂျိတ်နက်တိုအား အစာကျွေးရာဖြစ်သော ဇဝပုဏ္ဏ ကျောင်းဌာ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်ဂူ၌ အနာနှိပ်စက်ရကား ဆင်းရဲခြင်းသို့ ရောက်လျက် ပြင်းထန်စွာ မကျန်းမမာဖြစ်၍နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်၌ တပါးတည်း ကိန်းအောင်းတော်မူရာမှ ထတော်မူ၍ ရှင်မဟာကဿပ ထံသို့ ချဉ်းကပ်ပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်နေတော်မူပြီးသော် ရှင်မဟာကဿပအား ကဿပ သင့်အား ခံ့ကျန်းပါ၏လော၊ မျှတပါ၏လော၊ ဆင်းရဲဝေဒနာ တို့သည် ဆုတ်ယုတ်ပါ၏လော၊ မတိုးပွါးပဲ ရှိပါကုန်၏လော၊ ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်၏ဟု ထင်ပါ၏လော၊ တိုးပွါး၏ဟု မထင်ဘဲ ရှိပါ၏လောဟု မိန့်တော်မူ၏။ အရှင်ဘုရား အကျွန်ုပ်အား မခံ့ကျန်းပါ၊ မမျှတပါ၊ ဆင်းရဲဝေဒနာတို့သည် တိုးပွါးပါကုန်၏၊ မဆုတ်ယုတ်ပါကုန်ဟု လျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ကဿပအား ဗောဇ္ဈင်

၇-ပါးကို ဟောတော်မူ၏။ ဗောဇ္ဈင် ခုနစ်ပါးကို နာကြားရသည့်အဆုံး၌ ကဿပ၏ရောဂါဝေဒနာသည် ပျောက်ကင်းလေ၏။

ထိုမှတဖန် ရှင်ဓမ္မာဂ္ဂလာန် မကျန်းမမာ ဖြစ်သောအခါ၌လည်း ဘုရားရှင်သည် ဤဗောဇ္ဈင် ၇-ပါးကိုပင်ဟောကြားသဖြင့် ရှင်မောဂ္ဂလာန်သည် ရောဂါပျောက် ချမ်းသာခြင်းသို့ ရောက်ခဲ့၏။

ထိုနောက်တဖန် ဘုရားရှင်ကိုယ်တော်တိုင် မကျန်းမမာ ဖြစ်သောအခါ ဘုရားရှင်သည် အရှင်စုန္ဒမထေရ်ကို ခေါ်၍ ဗောဇ္ဈင် ၇ ပါး တရားတို့ကို ရွတ်ဖတ်ခိုင်း၍ နာယူရာ ဘုရားရှင်သည်လည်း အနာရောဂါမှ ထတော်မူ၏။

ဤဗောဇ္ဈင် ၃ မျိုးလုံး မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ လာရှိ၏။ ပရိတ်ကြီး ၁၁ သုတ်၌ လာသော ဗောဇ္ဈင်သုတ်ကား ဘုရားဟောတော်မူသော ယင်းဗောဇ္ဈင် ခုနှစ်ပါးကို ရှေးဆရာကြီးများ စီကုံးရေးသားထားသော ပရိတ်တော်များဖြစ်သည် အဓိပ္ပါယ်လည်း မထူးခြား၍ ဘုရားဟောနှင့် မခြား ကျေးဇူးများသော သုတ်ပင်ဖြစ်ပါသည်။ ဤသုတ်ကိုကား မကျန်းမာသူများအား ကျန်းမာလာအောင် ရွတ်ဖတ်ကြရိုး ထုံးစံရှိခဲ့ပါသည်။ မဟာဝဂ္ဂသံယုတ် ပါဠိတော်ရင်းခ၌လာသော ဗောဇ္ဈင်သုတ်ကိုဖြစ်စေ, ဤဗောဇ္ဈင်သုတ်ကို ဖြစ်စေ ရွတ်ဖတ်လျှင် များစွာ အကျိုးရှိသောကြောင့်

ဤ ပရိတ်ကိုလည်း နေ့ညဉ့် မခြား ရွတ်ပွါးသရဇ္ဇာယ်သင့်ပါသည်။

ပုဗ္ဗဏ္ဍသုတ် ဝတ္ထု

ရဟန်းတို့ နံနက်ခင်းဦ ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော နှုတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သောစိတ်ဖြင့်ကောင်းသော အကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသောနံနက်ခင်း ဖြစ်ပေ၏၊ ရဟန်းတို့ နေ့လည်၌ ကိုယ်နှုတ်စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသော နေ့ခင်းဖြစ်ပေ၏။ ရဟန်းတို့ ညချမ်းအခါ ကိုယ်နှုတ်စိတ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ကုန်သော သတ္တဝါတို့အား ကောင်းသောညချမ်းအခါ ဖြစ်ပေ၏။

ဤပရိတ်တော်ကား— အင်္ဂုတ္တိုရ်ပါဋိတော်တိကနိပါတ်လာ ပုဗ္ဗဏ္ဍသုတ်ကို အစွဲပြု၍ စီစဉ်ထားသောသုတ်ဖြစ်သည်။ ဤသုတ်နှင့်ပတ်သက်၍ အကြောင်းအရာ အတ္တုပ္ပတ်အထူး အထွေကား-မရှိ၊ သို့ရာတွင် ဤသုတ်၌ စီစဉ်ထားသော ဂါထာပါဋိတို့ကား များစွာတန်ခိုးထက်မြက်သော ပရိတ်တော်ဖြစ်ပါသည်။ ဘုရား တရား သံဃာနှင့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို ရှိခိုးပူဇော် အမျှဝေခြင်း နတ်အများတို့သည် ကျွန်ုပ်တို့အား စောင့်ရှောက်ပါရန်

နတ်တို့အား ပန်ကြားမေတ္တာရပ်ခံခြင်း ရတနာသုံးပါးတို့၏ မြင့်မြတ်ပုံ ရတနာသုံးပါးထက် ပိုလွန်ကောင်းမြတ်သော ရတနာဟူ၍ မရှိပုံကိုသစ္စာပြုခြင်း စသည်ဖြင့် ကောင်းမွန်သောအကြောင်းအရာတို့ကို ဖွဲ့နွဲ့သီကုံးထားသော ဂါထာမန္တန်တော်မျာကိုပြုခြင်းကြောင့် ပုဗ္ဗဏ္ဍသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သူတို့မှာ အမြဲမပြတ်ကောင်းမြတ်သော ကျက်သရေမင်္ဂလာ စည်းစိမ်အဖြာဖြာတို့ တနေ့တခြား ဒီရေအလားပမာ တိုးတက်ပြီး ကိုယ်စိတ်နှလုံး ရှင်ပြုံးချမ်းမြေ့ အမြဲပျော်မွေ့ကြလျက် အကြံအစည်အဝဝ အောင်မြင်ကြသောကြောင့် ဤပရိတ်ကိုလည်း နေ့ညမခြား ရွက်ပွားသင့်ပါသည်။

နိဂုံးဆုတောင်း

ဤကောင်းမှု ပေါင်းစုလို့ ဆုပန်ဆို၊
ပြည်ဝန်ဗွာန် သီဝံနန်း(ကို)၊ မြန်းရပါလို့။
ဘဝတိုင်းမှာလ၊ ပျံလှိုင်းလို့ ပြည့်လျှံပို့
အသိဉာဏ်ဆိုတာတော့ မောက်ဝေကြွား။
ဖြိုးတောက်စေ၊ ထိုးခြောက်တွေ ဝေဒနာတို့
သေအချာ မြေး(မှေး)ကာ, မခစေဘို့
အဝေရာ ဝေးကွာပလို့ရယ်၊ အေးမြစေသား။

ဘာသာရေးဝတ္ထု ပြီး၏။

အောက်ပါ သစ္စာမဏ္ဍိုင်စာပေ မှ
လက်ရွေးစဉ် စာအုပ်များကို ဖတ်ပါ
မုချ အကျိုးထူးပါလိမ့်မည်။

၁။ လမ်းညွှန်-ခေတ်မှီတရားဒေသနာပေါင်းချုပ်။
၂။ တရားဟောကွက် ပြောကွက်များ။
၃။ ခေတ်မှီ-မြန်မာဓမ္မပဒဝတ္ထုကြီး။
၄။ -ခေတ်မှီ-တေဒဂ်ဝတ္ထုတော်ကြီး။
၅။ သာဓုသုန္ဒရီ ယပ်လှဲတရားစာပေါင်းချုပ်။

ဆက်လက်ထွက်ပေါ်မည့် စာပေမွန်များ

လှူကြ,ကျင့်ကြ,မမေ့ကြနဲ့, တရားဟောကွက်မ
၂။ ခေတ်မှီ-ဇင်းမယ်ပဏ္ဏာသ ဝတ္ထုတော်ကြီး။

သစ္စာမဏ္ဍိုင်စာပေ

အမှတ် ၂-ရွှေတိဂုံဘုရားဈေး၊
ရန်ကုန်မြို့ပုံ